
www.burmeseclassic.com



BURMESE CLASSIC

# မဟူရာ (လှိုင်ကော်)

# ပြင်းသောအဆိပ် တိတ်တဆိတ်ကြွေ..

www.burmeseclassic.com

www.burmeseclassic.com

မင်းရဲ့ယုံကြည်အားကိုးတဲ့
အချစ်တစ်ခုပဲ
ငါ့ကိုပေးပါ ...။
မင်းအတွက် ငါပြန်ပေးမှာက
ငါ့ရဲ့အလုံးစုံသော
ရှင်သန်ရပ်တည်ခြင်းတွေပါပဲ ...။

ဘယ်လောက်ထိ ငါ့နှလုံးသား
ကြေမွသွားရယ်ဆိုတာ
ဒိုးယိုပေါက် ဖောက်ဝင်သွားတဲ့
မင်းရဲ့ လက်စားချေခြင်း
မြားတစ်စင်းရဲ့ ဒဏ်ရာကို
မတိမ်းရှောင်သာပဲ
လက်ခံပေးလိုက်ရတဲ့
ငါ့နှလုံးသားပဲ သိနေတာပါ ....။

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတစ်ယောက်၏

သရော်လှောင်ရယ်သည့်

ရယ်သံကို ....

စေ့စစ်လိုက်ရသည်ဆိုလျှင်ဖြင့်

ငါ၏ စာနတွေကို

အရေခွံဆုတ် ခွာပစ်လိုက်သည် ....။

BURMESE CLASSIC

လူတစ်ယောက်ကို

အနိုင်ယူဖို့ ကြိုးစားရင်

မှတ်ကျောက်အတင်ခံရနိုင်တဲ့

နည်းလမ်းမျိုးနဲ့ အနိုင်ယူမှ

သိက္ခာနဲ့ မာနကို

အညွန့်တလူလူ ဖြစ်စေနိုင်တာပါ . . . ။

www.burmeseclassic.com

www.burmeseclassic.com


ငါ့ ကိုယ်ခန္ဓာမှ
ဒဏ်ရာအနာတရဖြစ်ကာ
သွေးကျသည်ထက် ....
ငါ၏ မာနသွေးတို့
အကျခံရတာ ပိုဆိုးသည် ....။

ငါ၏ ရှင်သန်ရာအချစ်တွေကို
ရွှေလင်ပန်းလိုသဘောထားပြီး
မင်းရဲ့ အမုန်းတွေကို ...
တန်ဖိုးတရရနဲ့
နှလုံးသားရွှေလင်ပန်းမှာ
တစ်သက်တာ ထားသိုပါ့မယ် ....။

www.burmeseclassic.com

www.burmeseclassic.com

ခြေတစ်လှမ်း ....
နောက်ကို ငါဆုတ်လိုက်တယ် ....။
ဒါပေမယ့် ငါ့အချစ်က
နောက်ထပ်ခြေတစ်လှမ်း တိုးပြီး
မင်းကို ဆက်ချစ်နေတာပါပဲ ....။




www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်စာပေ

အမုန်းမြစ်တစ်စင်း
နာကြည်းခြင်းဖြင့်
စီးဆင်းနေစေခဲ့ ...။

မင်းအတွက် ငါပျိုးတဲ့ပန်း
အမုန်းပန်းခင်းတွေသာ
ဖြစ်တည်လာစေရင်း
ချစ်ပန်းခင်းတွေရယ်လို့
မင်းယုံကြည်စေဖို့ ကြိုးစားကာ
အမုန်းမာနရဲ့ ဖောင်ပေါ်မှာ
ပန်းလောင်စာ ငါဘိုက်ခဲ့ ...။

နူးညံ့ရမည့်ပန်းကို လောင်စာတိုက်
အေးမြရမည့်မြစ်ပေါ် လောင်စာတင်
စီးမျောစေချင်သည့် ကျွဲခရီး
အမှားကြီး မှားလေသမျှ
နောင်တဖြင့် ငါသိရတဲ့အခါ ...
လောင်မြိုက်ကာဆူ
ကျွဲအပူမာနတွေနဲ့
နောက်ကျခဲ့ချေပြီကောကွယ် ...။



ခြွေပါရစေတော့လေ
ကြွေပါရစေတော့လေ
ဘဝနှစ်ခုကြေမွ
ငြိမ်းမရသည့် ကျွဲအပူ
ရင်ကျွမ်းဆူပွက်
လေပွေရိုင်းရဲ့လက်တွေ
မာနာကို ခြွေကြွေပစ်စေရင်း
အထီးကျန်ခြင်းရဲ့ တောင်ထိပ်များမှာ
ပြင်းသောအဆိတ် တိတ်တဆိတ် ကြွေရသည် ...
ဩော် ...
ပြင်းသောအဆိပ် တိတ်တဆိတ် ကြွေရပြီ ...။

www.burmeseclassic.com

www.burmeseclassic.com







အခန်း [ ၁ ]

"တစ်ယူသန်အစွဲဆိုတာ မကောင်းဘူး သား .. စိတ်ကို ပြင်သင့်တာ ပြင်ပေးရတယ် .. ရွှေအိမ်သူ ဟာ အင်္ဂလိပ်စာအဓိကနဲ့ ကျောင်းပြီးထားသူတစ်ယောက် ဖြစ်တယ် .. သူ့မှာ ဖခင်ကြီးနဲ့အတူ ရွှေကြိုးကြာရတနာတိုက်ကို ဦးစီးလုပ်ကိုင်နေသူလည်း ဖြစ်တယ် .. ပန်းချီအရောင်းပြခန်းတစ်ခုကို သူ့ရဲ့ ရတနာတိုက်မှာ တွဲဖက်ပြီးထားတယ် .. ကိုယ်တိုင်လည်း ပန်းချီဆွဲတယ် .. သူ့စိတ်ကူးစိတ်သန်းနဲ့ ပြုလုပ်တဲ့ ဒီဇိုင်းဆန်းရတနာထည်တွေဟာ သူတို့ရဲ့ ပန်းထိမ်ခန်း အလုပ်ရုံက လုပ်သားတွေအများဆုံး လုပ်ပေးရတာတွေ ရှိတယ် .. အဲသလို ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ကို .. သားက .. အိမ်တွင်းအောင်းတဲ့ မိန်းမတစ်ယောက် ဖြစ်စေရမယ်ဆိုတာ .. မတရားရာ ရောက်မှာပေါ့ သားရယ်.. လူတစ်ယောက်ရဲ့ အရည်အချင်းတွေကို ရိုက်ချိုးပစ်ရာ ရောက်တော့မှာပေါ့ .. ရွှေအိမ်သူ ဟာ အလွန်လှပပြီး ထက်မြက်ထူးချွန်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်တယ်ဆိုတာလောက်ကိုတော့ .. သား သိထားရလိမ့်မယ် .. သူနဲ့လည်း တစ်ကြိမ်လောက်ဖြစ်ဖြစ် ဆုံကြည့်လိုက်ပါဦး .. ကိုထက်လူ ကလည်း .. သူ့သမီးနဲ့ လူငယ်ချင်း အရင်တွေ့ဆုံ ပြောဆိုအတဲခတ်ကြစေတာက ပိုသင့်မယ်လို့ ဖေဖေ့ကို ပြောထားတယ် သား.."



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ညစ်ညစ်ဖြင့် ဖေဖေ့ကို ကြည့်မိရပါ၏။ သားအဖနှစ်ယောက် စာကြည့်ခန်းမှာ စားပွဲကြီးတစ်လုံးခြားလျက် မျက်နှာချင်းဆိုင်ထိုင်နေကြခြင်း ..။ မနက်စာကော်ဖီပွဲပြီးတာနှင့် ဖေဖေ သူ့ကို စာကြည့်ခန်းထဲ တူတူခေါ်ဝင်လာခဲ့ကာ အိမ်ထောင်ရေးကိစ္စ စကားဦး ပြောလာခဲ့ခြင်းပါ။

ဖေဖေနှင့် သူ့အယူအဆက ဤနေရာမှာ လုံးဝ ခြားနားနေသည်။ ဖေဖေက သူ့အတွက် ထက်မြက်သော မိန်းကလေးတစ်ယောက်ကို ရွေးချယ်ပေးချင်သည်။ သူက အေးချမ်းသိမ်မွေ့သော မိန်းမတစ်ယောက်ကို ပိတောက်မြိုင်မှာ ရှင်သန် ပျော်တည်စေချင်သည်။ ပိတောက်မြိုင်သည် အိမ်ရှင်မတစ်ယောက်၏ အအုပ်အချုပ် အစီအမံအောက်မှာ အသားတကျ စည်းပင်စွာ ရှိနေတာမျိုးကို လိုချင်သည်။

"သားတို့မှာ ချမ်းသာတာလည်း ပြည့်စုံနေတာပဲ ဖေဖေ .. အခုက လိုအပ်နေတာက .. ဖေဖေ့ကို သမီးတစ်ယောက်လိုချစ်တဲ့ ချွေးမတစ်ယောက်ပဲ .. ပြီးတော့ ခင်ပွန်းသည်အပေါ်မှာ လှမ်းမိုးချင်တဲ့စိတ် ကင်းတဲ့ မိန်းမတစ်ယောက်ပါပဲ ဖေဖေ .. အခု ဖေဖေပြောတဲ့ ရွှေအိမ်သူ ဆိုတာက မနက်မိုးလင်းတာနဲ့ အလုပ်ကိစ္စ ဆောကပ်နေတဲ့ မိန်းမတစ်ယောက်ဖြစ်နေတာ သေချာနေတယ် ဖေဖေ .. အချိန်ဖဲ့ပေးစရာ အလွန်ရှားပါးခက်ခဲနေတဲ့ မိန်းမတစ်ယောက် ဖြစ်နေမှာ သိသိကြီးနဲ့ .. သား သူ့ကို လက်မထပ်နိုင်ဘူး ဖေဖေ .. သား လိုချင်တာက အိမ်မှုကိစ္စတွေနဲ့ အိမ်မှာ ပျော်နေတဲ့ မိန်းမတစ်ယောက်ပါပဲ .. မေမေ မရှိတော့တဲ့နောက်မှာ ပိတောက်မြိုင်ဟာ ခြောက်သွေ့နေတာပါ ဖေဖေ .. သား ငါးနှစ်သားအရွယ်ကတည်းက မေမေ ဆုံးခဲ့တာပါ .. သားကိုချစ်တဲ့စိတ် တင်းတည်းနဲ့ ဖေဖေဟာ နောက်အိမ်ထောင်မပြုဘဲ နေခဲ့တာကို သား မေ့လိုက်ရမလား ဖေဖေ .. မိထွေးနဲ့ မနေစေချင်တဲ့ ဖေဖေ့အချစ်တွေကို သား မေ့ပစ်ရမလား .. သား ရှင်းရှင်းပြောရမယ်ဆိုရင် သား လက်ထ





လိုက်တဲ့ မိန်းကလေးဟာ ဖေဖေ့ကို အလွန်တရာမှ ရိုသေတဲ့ .. ဂရုစိုက်တဲ့ .. ချစ်တဲ့သူ ဖြစ်နေရမယ် ဖေဖေ ..

သူ ဆက်တိုက်ပြောတော့ ဖေဖေ အေးချမ်းစွာ ပြုံး၍ ကြည့်လာပါ၏။ ဖေဖေ့ စရိုက်က အေးချမ်းသည်။ စိတ်ရှည်သည်။ သူက ခေါင်းမာသည်။ စိတ်မြန်သည်။ မှန်သည်ဟု ယုံကြည် ဆုံးဖြတ်ထားမှုတစ်ခုကို.. ဆန့်ကျင်သော အပြောင်းအလဲတစ်ခုအဖြစ်သို့ သူ လုံးဝ အဖြစ်မခံနိုင်..။ အပြောင်းလဲခံလိုက်ခြင်းသည် မူလရှိနှင့်ခဲ့သော သူ့အဆုံးအဖြတ်သည် လွဲမှားချွတ်ချော်မှုတစ်ခုခု ရှိနေ၍ဟု သဘော သက်ရောက်သွားသည်။ သတိုးနေခ ဆိုသူ၏ အဆုံးအဖြတ်တစ်ခုသည် အသေအချာ မှန်ကန်သည်ဟု ရွေးချယ်ဆုံးဖြတ်ရာ ဖြစ်ရမည်။ ထိုအဆုံးအဖြတ်သည်လည်း အပြောင်းအလဲ မရှိစေရ ..။

ဤသည်က .. သူ့ငယ်ကျင့် ..၊ အရွယ်ရလာလေ .. ထိုငယ်ကျင့်သည် ပို၍ တောင့်တင်း ခိုင်မာလာလေ ..။

"မဟုတ်သေးဘူး သား .. မိုးထက်နေ ဟိုတယ်အတွက် ပန်းချီကားတွေ-ဖေဖေကိုယ်တိုင် အဲဒီ ရွှေကြိုးကြာ ပန်းချီအရောင်းခန်းဆောင်မှာ သွားဝယ်ရာက .. ရွှေအိမ်သူ ကို မြင်ဖူးလာခဲ့တာ .. လုပ်ငန်းမှာ အလွန်ထက်မြက်တယ် သား .. မိုးထက်နေဟိုတယ်ရဲ့ ပိုင်ရှင် ဦးခိုင်ပြည့် ကိုယ်တိုင် ပန်းချီကားတွေ ရွေးချယ်တယ် .. လာဝယ်တယ်ဆိုတာ သူ့ကို ယန်ထမ်းက သတင်းပို့တယ် .. သူ ချက်ချင်း ရောက်လာတယ် သား .. မိုးထက်နေလို နာမည်ထင်ရှားတဲ့ ဟိုတယ်ကြီးတစ်ခုက သူ့ပန်းချီကားတွေကို လာဝယ်တဲ့အတွက် ဂုဏ်ယူတယ် .. နောက်နောင်လည်း ဆက်ဆံခြင်းတွေ အရှည်ဖြစ်စေဖို့အတွက် ပန်းချီကားလက်ဆောင်လည်း ပေးတယ် .. ပန်းချီကားများစွာ ဝယ်တဲ့အတွက် .. မူလနှုန်းထားကိုတော့ လျှော့ပေးတာမျိုး မလုပ်ဘူး .. ဒါပေမယ့် .. ပန်းချီကားလေးချပ် လက်ဆောင်ပေးတယ် .. အဲသလို .. အလုပ်မှာ .. သူ့ပန်းချီကားနှုန်းထား



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ချက်အပေါ်မှာ တန်ဖိုးထားသလို .. မေတ္တာဖြင့်ပေးသော လက်ဆောင်ဆိုတဲ့မှုနဲ့ သူ့ပန်းချီကားကို ပေးပြန်တယ် .. ဒါ .. အလုပ်အပေါ်မှာထားတဲ့ စည်းပဲ .. အဲသလိုရှိတာကို ဖေဖေ သဘောကျသွားတာ သား.. များများဝယ်လို့ ပန်းချီကားချပ်တွေအပေါ်မှာ ဈေးနှုန်း လျှော့ရောင်းပေးတယ်ဆိုတဲ့ဟာမျိုးက.. ကိုယ့်အနုပညာကို .. ကိုယ် တန်ဖိုးချသလို ဖြစ်သွားမှာလေ .. ခု ဥစ္စာက .. များများဝယ်တဲ့သူအပေါ်မှာ .. သူ့အနုပညာကို မြတ်နိုးသူအဖြစ် .. ပန်းချီကားလက်ဆောင်ပေးတဲ့ သဘောမျိုး ဖြစ်နေတယ် ..''

သွားပြီ ..၊ ဖေဖေကတော့ဖြင့် .. စီးပွားရေးဘက်တွင် အလွန်လာဘ်မြင်သည့် မိန်းမတစ်ယောက်၏ ကျွမ်းကျင်လွန်းနေသော လှည့်ဖြားမှုတစ်ခုအောက်မှာ မြုပ်သွားပြီ ..။

''အဲဒါမှ .. သူ့ပန်းချီကားတွေ ဖေဖေ ထပ်ဝယ်မှာပေါ့ ဖေဖေ ရဲ့ ..ဝယ်တဲ့အခါမှာလည်း သူက ဈေးလျှော့ရောင်းစရာ မလိုတော့ဘူးလေ.. အရောင်းမထွက်ဘဲ အနေကြာနေတဲ့ ပန်းချီကားလက်ရာ ခပ်ညံ့ညံ့တွေကို လက်ဆောင်ပေးတယ်ဆိုတာမျိုး လုပ်ရတော့မှာပေါ့ ဖေဖေ ..၊ ဩော် .. ဩော် .. ဟိုတယ်ကြီးရဲ့ အဝင်ခန်းဆောင်ကျယ်ကြီးရဲ့ နံရံတွေမှာ .. အိပ်ခန်းဆောင်တွေမှာ ချိတ်ထားတဲ့ .. ရွှေကြိုးကြာ ဆိုတဲ့ ပန်းချီဆရာ လက်မှတ်ထိုးထားတဲ့ ပန်းချီကားတွေအားလုံးဟာ .. အဲဒီ ရွှေအိမ်သူ ဆိုတဲ့ မိန်းမရဲ့လက်ရာတွေကိုး .. သူ့ပန်းချီဆရာ လက်မှတ်က ရွှေကြိုးကြာ ဆိုတာတော့ သား သတိထားမိပါရဲ့ ..''

''အေး .. အဲဒီ ရွှေကြိုးကြာဆိုတာ အဲဒီ ရွှေအိမ်သူ ပဲ .. သား .. သူ့ကို တွေ့ကြည့်ပါဦး .. ဖေဖေနဲ့ ရွှေအိမ်သူ တို့ရဲ့ ဆက်ဆံရေးဟာ တစ်နှစ်နား ကပ်လာပြီ .. သူ့ဖေဖေ ကိုထက်လူ နဲ့လည်း ခင်မင်ခဲ့ပြီ.. အဲဒီလို တွေ့ဖန် ဆုံဖန် များလာတော့.. ရွှေအိမ်သူ ဟာ သားလိုပဲ အမိမဲ့သူလေး ဖြစ်တာလည်း သိရတယ် .. ရွှေအိမ်သူ ဆယ့်ငါးနှစ်သမီးမှာ





သူ့အမေ ဆုံးပါးရှာတယ် သား .. ကိုထက်လူ ကိုလည်း ဖေဖေ့ မိုးထက်နေဟိုတယ်ကို အလည်ခေါ်လာဖူးတယ် .. ဖေဖေ့မိတ်ဆွေတွေ ဝင်ထွက်သွားလာနေကျဆိုတော့လည်း ကိုထက်လူ ရောက်လာတာကို သား သတိမထားမိခဲ့ဘူးလေ .. ဖေဖေတို့ရဲ့ ဒီ ပိတောက်မြိုင်ကိုလည်း သား ခရီးထွက်နေချိန်တုန်းက ကိုထက်လူ ကို အလည်ခေါ်လာခဲ့ဖူးသလို.. ကိုထက်လူ ရဲ့ မြရတနာစံအိမ်ကိုလည်း ဖေဖေ့ကို အလည်ခေါ်သွားဖူးတယ် .. အဲသလိုရှိကြရင်းက .. ဖေဖေကပဲ .. သားရေးသမီးရေးကိစ္စ ပြောခဲ့တာပါ ..''

''ဖေဖေ သားကို အရင်တိုင်ပင်ဖို့ ကောင်းတယ် ဖေဖေ .. ဘာလို့ စကားလွန်လိုက်ရတာလဲ .. သူ့ကို သား လူချင်းမဆုံချင်သေးဘူး ဖေဖေ.. သူနဲ့ စကားပြောကြည့်ချင်တာပဲ ရှိတယ် .. ဖုန်းနဲ့ ဆက်သွယ်ပြောကြည့်တာ အရင်ဆုံး လုပ်သင့်တယ် ဖေဖေ .. သူနဲ့ ပြောကြည့် ဆိုကြည့်ရင်.. သူ့စရိုက်ကို သိသင့်သလောက်တော့ သိလာရမှာပါ .. ဒါကလည်း .. ဖေဖေ့ကို မျက်နှာမပျက်စေချင်လို့ .. သား .. သူနဲ့ စကားပြောကြည့်မယ် ဆိုတာမျိုးကို ရွေးချယ်လိုက်ရတာပါ.. အဲဒီနည်းပဲ ရှိတော့ဘယ် ဖေဖေ.. သချာနေတာ တစ်ခုကတော့ .. သူနဲ့ သား .. နီးစပ်ဖို့ ခဲယဉ်းတယ် ဖေဖေ.. သူက.. သူ့အလုပ်ကို ထားရစ်ခဲ့မယ့် မိန်းမတစ်ယောက် မဟုတ်ဘူး .. သားကလည်း .. သူ့အလုပ်တွေကို ပစ်ထားခဲ့ပြီး ပိတောက်မြိုင်မှာ အိမ်ရှင်မတစ်ယောက်အဖြစ် ရောက်လာမှ .. လက်ခံနိုင်မှာ ..''

ဤတစ်ကြိမ်မှာတော့ ဖေဖေ မျက်နှာမကောင်း ..၊ စိတ်ပင်ပန်းသည့်အရိပ်တွေ သိသိသာသာကြီး မျက်နှာထက်မှာ ဖြစ်တည်၏။

''လာမယ့် စနေနေ့မှာ မိုးထက်နေဟိုတယ်ရဲ့ မွေးနေ့မင်္ဂလာခန်းဆောင်မှာ .. ဖေဖေ့မွေးနေ့ပွဲကို တက်ရောက်သူအဖြစ် ကိုထက်လူ နဲ့ ရွှေအိမ်သူ ကို ဖိတ်ဖို့ ဖေဖေ စီစဉ်ထားတယ် သား .. ဖေဖေ့မွေးနေ့ဖြစ်တဲ့တွက် အဲဒီပွဲမှာ သားလည်း ရှိနေရမှာပဲလေ .. ရွှေအိမ်သူ ဘက်က



www.burmeseclassic.com

www.burmeseclassic.com



လည်း သားကို တကန်တက လာတွေ့တာမျိုး ဖြစ်မနေသလို .. သားကလည်း တကူးတက သွားတွေ့တာမျိုးလည်း ဖြစ်မနေတဲ့အတွက် .. လူငယ်ချင်းကို မိတ်ဆက်ပေးတဲ့အခါ .. တွေ့ကြ ပြောကြ ဆိုကြတဲ့အခါမှာ .. ပိုအဆင်ပြေမယ်လို့ ဖေဖေရော .. ကိုထက်လူ ရော .. သဘောပိုက်ကြတယ် ..၊ ခုကျတော့ .. သားက .. လူချင်းမတွေ့ချင်ဘူးဆိုတာ လုပ်နေပြီ .. ရွှေအိမ်သူ ဆိုတာ ဂုဏ်သိက္ခာကြီးတဲ့ မိန်းကလေးဆိုတာလေးလောက်တော့ သား တန်ဖိုးထားပြီး တွေးပေးသင့်တယ် .. ခုလို အချိုးတွေ သား ချိုးနေတာကိုများ ဟိုဘက်က သိသွားရင် .. ခံပြင်းကြမှာကွယ့် ..၊ ခု ကိစ္စက .. ကိုထက်လူ နဲ့ ဖေဖေတို့နှစ်ယောက်တည်းပဲ ပြောဆိုမိကြတာပဲ ရှိသေးတာ .. ရွှေအိမ်သူ လည်း ဘာမှ သိထားတာ မရှိသေးဘူး .. ဒါပေမယ့် .. ဒီနေ့လောက်တော့ .. ကိုထက်လူ ကလည်း သူ့သမီးကို .. သတိုးနေခ ဆိုတဲ့ ကောင်လေးတစ်ယောက်နဲ့ နေရာချပေးချင်တဲ့အကြောင်းတွေ ပြောပြထားနှင့်မယ်လို့တော့ ဖေဖေ့ကို အသိပေးထားတယ် .. မနေ့ကပဲ ဖေဖေနဲ့ ကိုထက်လူ တို့ ဟိုတယ်မှာ ဆုံဖြစ်ကြတယ် သား .. ကလေးတွေ နေရာချချင်တဲ့ကိစ္စ .. အဲသလို မိုးထက်နေမှာပဲ ဖေဖေ့ မွေးနေ့မှာ .. ကလေးတွေကို ဘယ်လိုဆုံပေးမယ်ဆိုတာက အစ .. ပြောဆို တိုင်ပင်ကြရတာ ..

သူ ပို၍ စိတ်ညစ်လာသည်။ နေရင်း ထိုင်ရင်း လာမည့် စနေနေ့မှာ ထို ရွှေအိမ်သူ ဆိုသည့် မိန်းကလေးတစ်ယောက်ကို တွေ့ရချေဦးတော့မည်။ သူ့အမြင်မှာတော့ ရုပ်ရည်ခပ်ချောချောလည်း ရှိနေမည် .. ပြီးတော့ .. အလုပ်အကိုင် ဂုဏ်တွေ နှင့်မောက်နေအောင် ရင်မှာ ထည့်ထားရင်း ခပ်မော့မော့ လမ်းလျှောက်တတ်ချေမည့် လုပ်ငန်းရှင်သူဌေးမ ပေါက်စဟန်ရှိနေမည့် မိန်းမတစ်ယောက်ကိုပဲ ကြိုတင်မြင်ထားမိရသည်ပါပဲ။ စိတ်လည်း ပျက်သည်။ စိတ်လည်း ညစ်သည်။ ပြီးတော့ စိတ်လည်း လေးသည်။





သေချာနေသော အဖြေတစ်ခုကို သူ ရထားပြီးနေပြီကိုးလေ။ ဘယ်လိုမှ ထိုမိန်းမနှင့် သူ အဆင်ပြေစရာ မရှိ။ အောင်မြင်ထင်ပေါ်နေသော စီးပွားရေးလုပ်ငန်းကြီးတစ်ခုကို အမွေထံမှာ ချန်ရစ်ခဲ့ကာ လက်ထပ်လိုက်ရသည့် လူတစ်ယောက်၏ အိမ်ကြီးတစ်အိမ်မှာ ထိုမိန်းမသည် နေပျော်မည့်သူတစ်ယောက် မဖြစ်လာနိုင် ..၊ ထိုသို့ မဖြစ်နိုင်သော မိန်းမတစ်ယောက်ကိုလည်း သူက လက်မထပ်နိုင် ..၊ အဖြေက ရပြီးနေသည့်ကိစ္စ .. လူချင်းတွေ့တာမျိုးအထိ အရောက်မခံသင့် ..။ ပို၍ မျက်နှာပျက်ရောပဲ ရှိသည်။

"အဲဒီမွေးနေ့ မတိုင်ခင်မှာပဲ .. သူနဲ့ သား ဖုန်းနဲ့ စကားပြောကြည့်မှ ဖြစ်လိမ့်မယ် ဖေဖေ .. လူချင်းဆုံမိပြီးမှ .. စကားတွေ ဘာတွေပြောကြည့်ကြပြီးမှ ငြင်းစကား ပြောကြရတာထက် .. ဒီအတိုင်း လူချင်းမတွေ့ ဘာမတွေ့ဘဲ အသံချင်းပဲ ဆုံဖြစ်ကြတာ ပိုကောင်းမယ် ထင်တယ် ဖေဖေ ..၊ သူ့များ သားသမီးကို .. ငြင်းရမယ့် စကားဆိုတာက သိပ်တော့ ကောင်းလှဘူး ဖေဖေ .. တစ်ဖက်ကလည်း ခပ်ထယ်ထယ်နေတဲ့ အဝန်းအဝိုင်းပဲလေ .. ဒါပေမယ့် .. အားနာလို့ .. ငြင်းမကောင်းလို့ .. ခေါင်းညိတ် လက်ခံပေးလိုက်ရတယ်ဆိုတဲ့ အထဲမှာ အိမ်ထောင်ရေးဆိုတာ ပါသင့်တာတော့ အသေအချာပါပဲ ဖေဖေ ..

သူ ပြောကာ စိတ်ရှုပ်ထွေးနေရင်း ပြတင်းအနီးမှာ သွားရပ်နေမိပြန်သည်။ ဖေဖေလည်း စိတ်မောနေတာ သိသာနေသည်။

"အင်း .."

အသံရှည်ကြီးဆွဲ၍ ဖေဖေ တစ်ချက် ညည်းတွားသံ ပွင့်ကျလာ၏။ ဆိုကျတော့လည်း ဖေဖေ့ကို စိတ်ဆင်းရဲအောင် လုပ်မိသည့် လက်တွေ့အခြေအနေအတွက် သူလည်း အနေခက်သည်။ ဒါပေမယ့် .. သူတစ်ခါမှ မမြင်ဖူးသော မိန်းမတစ်ယောက်ကို မမြင်ဖူးသေးသော အခြေအနေတဲ့အထဲ ထားသင့်နေတာကိုလည်း သူ့အဆုံးအဖြတ် မပြင်နိုင်ဘဲ ရှိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖွေထံ သူ ပြန်လျှောက်လာမိကာ စောစောက နေရာမှာ သူ ပြန်ထိုင်သည်။ သားအဖနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြရင်း အတန်မျှ ကြာသွားရကာ .. ငြိမ်သက်ခြင်းကပဲ နေရာယူထားပါသည့် အဖြစ် ..။

"ဖေဖွေကို စိတ်ချမ်းသာစေချင်တယ်ဆိုရင် .. အခု ဖေဖေ စီစဉ်တဲ့ ကိစ္စကို သား ခေါင်းညိတ်လိုက်ရုံပဲဆိုတာ သား သိနေပါတယ် ဖေဖေ.. ဒါပေမယ့် .. သား မျှော်လင့်ထားတဲ့ အိမ်ထောင်ရေးတော့ ဖြစ်မလာနိုင်တဲ့ဘက်က ရာနိုင်နှုန်း ပိုများနေတာ ဖေဖေလည်း လက်တွေ့ကျကျ တွေးကြည့်ပေးပါ ဖေဖေ .. ရွှေအိမ်သူ ဟာ .. သူ့လုပ်ငန်းတွေကို စွန့်ပစ်နိုင်တဲ့ မိန်းကလေးတစ်ယောက် ဘယ်လိုမှ မဖြစ်နိုင်တာ သေချာနေမှန်း ဖေဖေ သိနေမှာပါ .."

ဖေဖေ ခေါင်းယမ်းသည်။ ကုလားထိုင်ကျောမှီကို ပစ်မှီလိုက်ကာ ဖက်ကို နောက်လှန်၍ မျက်စိစုံမှိတ်ထားသည်။ နောင်တရိပ်သည် ဖေဖွေမျက်နှာထက်မှာ ထင်၏။ ဟန်ပန် ချုံးချုံးကျနေတာနှင့် သိသာ၏။ နောက်တော့ ဖေဖေ ကိုယ်ကို ပြန်မတ်သည်။ ဆုံးဖြတ်လိုက်ပုံဖြင့် သူ့ကို ကြည့်သည်။ ဤတစ်ကြိမ်မှာတော့ ပြတ်သားရိပ်သည် ဖေဖွေ မျက်နှာထက်မှာ ထင်၏။

"ဖေဖေ မှားသွားတယ် သား .. ကိုယ့်သားကို .. ထက်မြက်တဲ့ အဖိုးတန် မိန်းကလေးတစ်ယောက်နဲ့ စိတ်တိုင်းကျ နေရာချပေးနိုင်လိမ့်မယ်လို့ အဖေတစ်ယောက်အနေနဲ့ .. အဖွေဇောနဲ့ .. ထင်တစ်လုံး ထားမိတာ ဖေဖွေဘက်က အမှားပဲ .. နေဦး .. ဖေဖွေစကား မဆုံးသေးဘူး.. ဖေဖေ ဆက်ပြောမယ် .."

ဖေဖေ စိတ်မကောင်းဖြစ်နေတာ ..၊ ထိခိုက်ခံစားနေတာ တွေ့နေရတာမို့ ဖြေရှင်းစကားကို အလောတကောပြောဖို့ သူ ကြိုးစားပေမယ့် မအောင်မြင် ..၊





ဖေဖေ လက်ကာသည်။

"အပ်ကြောင်းထပ်နေပြီ သား .. သားလိုချင်တဲ့ မိန်းကလေးရဲ့ အရည်အချင်းတွေကို သား ပြောနေတော့ .. အခု လောလောဆယ်မှာပဲ ဖေဖေ ကြားနေရတာ အပ်ကြောင်းထပ်နေပြီ .. အခု ရှင်းပြလာရင်လည်း အဲဒီစကားတွေပဲ သားရဲ့ ပါးစပ်ထဲက ထပ်ပြီး ထွက်ကျလာကြဦးမှာပဲ.. ဒီတော့ .. ဖေဖေ ပြောမယ် .. ဒီလောက်ထိ ခေါင်းမာနေတဲ့ သားကို ဖေဖေ ဖွတ်မပြောတော့ဘူး .. သား .. သူနဲ့ စကားပြောကြည့်ချင်တယ် ဆိုတာကို ဖေဖေ လက်ခံပေးလိုက်မယ် .. သူနဲ့ ဖုန်းချင်း စကားပြောခွင့်ရအောင် .. ဖေဖေ ကိုထက်လူ ကို ခွင့်ပန်ပေးမယ် .. ဟုတ်ပြီလား .."

ဟု ဖေဖေ မျက်နှာတည်နေရင်း ပြောသည်။ သားဖြစ်သူအပေါ်လည်း ဤတစ်ကြိမ်မှာတော့ စိတ်ပျက်လက်ပျက်ကြီးဖြစ်နေတာ သိသာနေသည်။ ဤသို့ ဖေဖေ တစ်ခါဖူးမျှ သူ့အပေါ်မှာ မဖြစ်ခဲ့စဖူး။ ဒါ .. ဝထမဆုံးသော သူ ရင်ဆိုင်လိုက်ရသည့် အတွေ့အကြုံအသစ်ကြီးတစ်ခု ဖြစ်နေသည်။

သားတစ်ယောက်အပေါ်မှာ စိတ်ပျက်လက်ပျက် ဖြစ်သွားရသည် အထိ ဖေဖွေကို ရင်မှာ ပေါက်ဖွားစေသည့်မိန်းမသည် ရွှေအိမ်သူ ပဲ ဖြစ်လေသည်။ သူ ရုတ်ခနဲ မုန်းတီးစိတ် ဝင်လာမိရသည်က ရွှေအိမ်သူ ဆိုသည့် မိန်းမတစ်ယောက် ဖြစ်နေပြန်ပါ၏။

"ဖေဖေက .. ဖေဖွေကို မချစ်တဲ့ .. မရိုသေတဲ့ .. စိတ်ဆင်းရဲအောင် လုပ်မယ့် မိန်းကလေးတစ်ယောက်ကို .. ချွေးမအဖြစ် ရွေးချယ်ပါ့မလား ဆိုတာလေးလောက်တောင် .. သား တွေးပေးဖော်မရတာကိုတော့ ထူးပြီးတော့ မအံ့သြချင်တော့ဘူး သား .. ဘာလို့လဲဆိုတော့ .. သားမှာ အတ္တတွေ များနေတာကိုး .. သား လက်ထပ်ရတဲ့ မိန်းမတစ်ယောက် ဟာ .. သားရဲ့ အိမ်မှာ တစ်နေကုန်နေရမယ် .. သားကို ပြုစု ဂရုစိုက်ရမယ် .. သားရဲ့ အအုပ်အချုပ် အစီအမံအောက်မှာ နေရမယ် .. သားရဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆုံးအဖြတ်ကို ဘာတစ်ခွန်းမှ မငြင်းဆန်ပဲ ခေါင်းညိတ် နာခံပေးတဲ့ မိန်းမတစ်ယောက်လည်း ဖြစ်နေရမယ် .. အဲဒါတွေဟာ ဘာလဲဆိုတော့.. သားဟာ .. သား လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ရဲ့ ထူးချွန်မှုတွေ အောက်ကို ရောက်သွားမှာ လန့်နေလို့ပဲ ..၊ ငါသာ အတော် .. ငါသာ ထူးချွန်သူ .. ငါသာ ဦးစီးဦးရွက်သူ .. ငါသာ ရှေ့မှသွားရမယ့်သူ .. ငါ့နောက်က လိုက်သူသာ ရှိရမယ် .. ငါ့မယားဆိုတာ ငါ့သြဇာခံ ဖြစ်ရမယ် .. အဲသလို သားရဲ့ အတွင်းစိတ်ထဲမှာ ရှိနေတာ .. အဲသလိုပဲ .. မေမေ မြင်တယ် ..၊ တော်ပြီ သား .. ထပ်မရှင်းနဲ့ .. မေမေ့အတွက်ပါ ဆိုတာ မပြောစမ်းပါနဲ့ .. မေမေ ရွေးချယ်တဲ့ မေမေ့ ချွေးမလောင်းလေးဟာ .. မေမေ့ကို ရိုသေချစ်ခင်တဲ့ ချွေးမ ဖြစ်မယ်ဆိုတာ မေမေက သိထားပြီးသား .. စိတ်ပူတယ်ဆိုတာမျိုး သား ပြောမလာနဲ့ .. အခု .. သား စိတ်ပူနေတာက သားရဲ့ နောက်မှာ မနေပဲ သားရဲ့ ရှေ့ကို ရောက်နေမယ့် မိန်းမတစ်ယောက် ဖြစ်နေမှာကို စိုးရိမ်နေတာလို့ပဲ အမှန်အတိုင်း ဝန်ခံရဲလိုက်စမ်းပါ ..''

မေမေ မပြောစဖူး ပြတ်ပြတ်သားသားကြီး သူ့အပေါ် ဝေဖန်ထောက်ပြလာတော့ သူ ငိုင်ခနဲ တစ်ချက် ဖြစ်သွားရပါပြီ။ မေမေ ပြောသလိုများ သူ အတ္တကြီးနေခြင်းများလား ..၊ သူ့အတွင်းစိတ် .. ငုတ်နေသည့်စိတ်တွေသည် အတ္တကဲနေသော စိတ်တွေ ဖြစ်နေချေသလား ..။ သူ ခေါင်းမတ်ခနဲ ဖြစ်သွားကာ ...

''မဟုတ်ဘူး မေမေ .. သား အဲသလို မဟုတ်ဘူး .. သား လိုချင်တာက ..''

သူ ရှင်းပြမည် လုပ်ပေမယ့် မေမေ ခေါင်းခါသည်..၊ လက်ကာသည်။

''စောစောက သား ပြောပြလို့ မေမေ အထပ်ထပ် ကြားခဲ့ရပြီးပြီ.. နားထဲပြည့်နေပြီ သား .. ကဲ .. ကဲ .. မေမေ .. ကိုထက်လူ ဆီ ဖုန်းဆက်လိုက်ဦးမယ် .. သားက .. လူငယ်ချင်းဆုံရမှာ မျက်နှာထားရ ခက်ခဲ





အားနာနေလို့ .. စကားလေး ပြောပါရစေ .. စကားချင်း အရင်ဆုံပါရစေ လို့ ပြောလာတယ်ဆိုတာမျိုး .. တစ်ဖက်သား ကြားကောင်းအောင်.. မေမေ ပြောရတော့မှာပေါ့လေ .. သားကို .. ကိုထက်လူ လည်း .. မေမေ့ဆီ လာရင်း .. အကဲခတ်ခဲ့ပြီးတာ ကြာလှပြီ .. မေမေက ရွှေအိမ်သူကို အကဲခတ်သလို .. ကိုထက်လူ ကလည်း .. သားနဲ့ လေးငါးကြိမ် ဆုံဖူးလိုက်ပါတယ် .. အမှတ်မထင်ပုံမျိုး ဖြစ်အောင် မေမေ စီစဉ်တာမို့..၊ သားကတော့ သိကို မသိလိုက်ရတာလေ .. သား ဟိုတယ်ကို ရောက်လာတာ .. ဝန်ထမ်းတွေနဲ့ ဆက်ဆံတာ .. အဲဒါကို ဟိုတယ်အဝင်ခန်းဆောင်မှာ အေးအေးလူလူ သတင်းစာဖတ်နေတဲ့သူတစ်ယောက်ပုံမျိုးနဲ့ ကိုထက်လူ အကဲခတ်ခဲ့ပြီးပြီ .. သူက သားကို တည်ငြိမ်ရင့်ကျက်သူလို့ မြင်တယ် ..၊ တကယ်က .. သားက ဘဝမြင့် ခေါင်းမာပြီး အတ္တကြီးနေတာ သူ မသိရှာဘူး ..''

မေမေ ဤတစ်ကြိမ်မှာတော့ သူ့ကို တော်တော်ကြီး ကြည့်မရ ဖြစ်နေတာ သိသာနေသည်ပါပဲ။ အခန်းတွင်းမှ မေမေ ထွက်သွားချိန်ထိ နေရာမှာ သူ ငြိမ်၍ ထိုင်ကျန်ခဲ့ရသည်။

ပိတောက်မြိုင် မှာ အိမ်ရှင်မတစ်ယောက်၏ ပုံရိပ်လေးတွေ အေးချမ်းစွာ ဖြစ်တည်စေချင်ပါသည့် သူ့ဆန္ဒအောကို မေမေက အတ္တဟု မြင်သည်တဲ့လား ..။

ရင်ထဲမှာ ကြေကွဲချင်၏။ ဒါပေမယ့် .. သူကိုယ်တိုင်လည်း ဤတစ်ကြိမ်မှာ တွေဝေချင်လာသည်။ မေမေ အရိပ်တကြည့်ကြည့်ဖြင့် ချစ်ရပါသည့် သားတစ်ယောက်အဖြစ် မေမေ့ မျက်စိရှေ့မှာ ကြီးလာရခြင်းသည် .. မေမေ့ နှလုံးသားရှေ့မှာ ကြီးလာရခြင်းပဲ ဖြစ်လျက် ..၊ မေမေသည် သား၏ နှလုံးသားကို ကြည့်တတ်သူလည်း ဖြစ်နေကာ .. ထိုအကြည့်ခံ နှလုံးသားသည် သားဖြစ်သူ၏ နှလုံးသားပဲ ဖြစ်နေတာမို့.. သူ မေမေ့စကားတွေကို အလေးအနက် တွေးယူနေမိရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် .. အတ္တကြီးနေခြင်းများလား ..။

ဖေဖေသည် သားတစ်ယောက်အပေါ် အတ္တကြီးသူအဖြစ် သုံးသပ်လိုက်ခြင်းသည် မမှားယွင်းနိုင်ဟု ဆိုလျှင် ..။

သူသည် .. အတ္တကြီးသူတစ်ယောက် ဖြစ်နေရပါလိမ့်မည် ..။ ဟင့်အင်း ..။ မဟုတ် ..။

သူသည် .. အတ္တကြောင့် ဆုံးဖြတ်ခြင်း မဟုတ် ..။

ပိတောက်မြိုင် အတွက် ဆုံးဖြတ်ခြင်း ..။ ဖေဖေ့အတွက် ဆုံးဖြတ်ခြင်း ..။ ခေါင်းမာကျင့်ဖြင့် .. သူသည် .. သူသာ အမှန်ဟု .. နောက်ဆုံးမှာတော့ အဖြေထုတ်ယူလိုက်မိပြန်သည့် သတိုးနေခ ဖြစ်သွားရပြန်သည်ပါပဲ ..။



## အခန်း [၂]

"သမီးဟာ ဖေဖေ့ အချစ်ရဆုံးပါကွယ် .. မိတဆိုး သမီးလေးအဖြစ် သနားချစ်လည်း ချစ်ရပြန်သေးတယ် .. ဖေဖေဟာ သမီးတစ်ယောက်ဆို တစ်ယောက် အလွန်ထက်မြက်တဲ့ သမီးတစ်ယောက်ရဲ့အဖေ ဖြစ်ရတဲ့အတွက်လည်း အမြဲ ကြည်နူးနေရတာပါ .. ဒါပေမယ့် .. သမီးကညာ ရွယ်ရောက်လာ .. ချိန်ခါမလင့်ပါစေနှင့်ဆိုတာလို .. အိမ်ထောင်ရက်သား ချပေးသင့်ပြီမို့ အဲဒီသူငယ်လေးနဲ့ နေရာချပေးဖို့ ဖေဖေ ဆုံးဖြတ်မိတာပါ သမီး .. သတိုးနေခ နဲ့ ပတ်သက်ပြီး သူ့ကို လူကိုလည်း မြင်ဖူးအောင် တစေ့တစောင်း ဖေဖေ ကြည့်ခဲ့သလို .. သူနဲ့ပတ်သက်ပြီး ဖေဖေ စုံစမ်းခဲ့တယ် .. ကိုမိုးပြည့် မသိအောင် ဖေဖေ့နည်း ဖေဖေ့ဟန်နဲ့လည်း ဒီသူငယ်လေးနဲ့ ပတ်သက်ပြီး ဖေဖေ လေ့လာတယ် .. စုံစမ်းတယ် .. ဖေဖေဟာ အပေါင်းအသင်း အသိမိတ်ဆွေ ကျယ်ပြန့်တဲ့သူဆိုတာ သမီး သိတာပါပဲ .."

ဖေဖေ ပြောနေသမျှ ရွှေအိမ်သူ နားထောင်နေရပေမယ့် ရင်ထဲမှာ ခွန်းကျပ်နေတာပဲ ရှိနေသည်။ ဘယ်တုန်းကမှ မမြင်ဖူးသော လူတစ်ယောက်နှင့် မကြာမတင်သော ရက်အတွင်းမှာ မွေးနေ့တစ်ခုကို အကြောင်းပြု၍ တွေ့ရမည်တဲ့ ..။


ရွှေသမင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ရွှေအိမ်သူ လက်ထပ်ရမည့် သူလည်း ဖြစ်နေသည်တဲ့ ..၊ လူငယ်ချင်း စကားစမြည် ပြောကြည့် .. အကဲခတ်..၊ နောက်ထပ်လည်း အကဲခတ်သည့်ကာလတစ်ခုကို ဖေဖေ ပေးပါ့မည်တဲ့ ..။ လူငယ်ချင်း မိတ်ဆွေရင်းချာဖြစ်လာအောင် ထိုနေ့မှာ စတင်၍ မိတ်ဆက်ပေးမည်တဲ့လေ ..။

ထိုမှသည် ဆက်၍ .. မိတ်ဆွေအဖြစ် ရှိကြရင်းမှ .. တစ်ယောက်ကိုတစ်ယောက် အကဲခတ်ပါတဲ့ ..။ ဖေဖေကတော့ ထိုသို့သော အခွင့်အရေးကို ပေးပါ၏။ ဒါပေမယ့် .. ရွှေအိမ်သူ အတွက်က အိမ်ထောင်ရေးဆိုတာ စိတ်ဝင်စားရမည့် အကြောင်းကိစ္စတစ်ခုအဖြစ် လောလောဆယ်မှာ ရှိမလာနိုင်သေးတာ ခက်နေသည်။

လုပ်ငန်းကိုင်ငန်းကိစ္စတွေပဲ ရွှေအိမ်သူ မှာ ဖောဝင်နေရချိန်ပဲ ဖြစ်နေသည်။ ပြီးတော့ .. အိမ်ထောင်ရှင်မတစ်ယောက်၏ တာဝန်ကို မကျေနိုင်ပါပဲနှင့်တော့ အိမ်ထောင်မပြုသင့်ဟု ရွှေအိမ်သူ မှတ်ယူထားသည်လေ ..။

"ရွှေအိမ် က .. ပန်းချီဆွဲတဲ့ကိစ္စ .. ရတနာထည်ဒီဇိုင်းကိစ္စ .. ပန်းထိမ်ရုံကို ကြည့်ရ ထိန်းရတဲ့ကိစ္စ .. ရွှေကြိုးကြာရတနာတိုက်မှာ ရုံးထိုင်တဲ့ကိစ္စ .. အရောင်းကောင်တာတွေ အားလုံးကို အမြဲဂရုစိုက်ရတဲ့ ကိစ္စတွေနဲ့ .. အမြဲ အလုပ်များနေရတဲ့သူပါ ဖေဖေ .. ဒီလုပ်ငန်းတွေဟာ.. ဖေဖေ့ မျိုးရိုးစဉ်ဆက် လုပ်ကိုင်လာတဲ့ ရတနာတိုက်ကြီးကို ဆက်ထိန်းရတာလည်း ပါနေသလို .. သမီး ဝါသနာကြီးရာ ပန်းချီ အရောင်းပြခန်းကိစ္စတစ်ခုပါ တိုးလာတာလည်း ရှိနေတယ် .. သမီးမှာက ပန်းချီလည်း ဆွဲရပြန်သေးတယ် .. ဒီလောက် များပြားတဲ့ လုပ်ငန်းကိုင်ငန်းတွေထဲက မိန်းမတစ်ယောက်ဟာ .. အိမ်ထောင်ရေးကို အချိန်ဖဲ့ ပေးစရာ မကျန်နိုင်ဘူးလို့ ရွှေအိမ် နားလည်ထားတယ် ဖေဖေ .. ရွှေအိမ်လက်တွဲရမယ့်သူဟာ အတော်ကြီးကို နားလည် စိတ်ရှည်ပေးနိုင်တဲ့သူ





ဖြစ်ရမှာပေါ့ .. ရွှေအိမ့် မိဘမျိုးရိုးစဉ်ဆက် လုပ်ကိုင်ရာလုပ်ငန်းကို လက်တွဲဖေးကူ တိုးတက်စေတဲ့သူ ဖြစ်ဖို့ လိုပါတယ် ဖေဖေ .."

ရွှေအိမ်သူ ပြောတော့ ဖေဖေ ပြုံး၍ ကြည့်သည်။ သမီး၏ ဆံစလေးကို သပ်ပေးသည်။

"ဒါကြောင့် .. လေ့လာပါလို့ ဖေဖေ အခွင့်အရေးပေးတာပေါ့ သမီးရယ် .. ဖေဖေ့ သမီးကို ကြည့်လိုက်ရင် .. အမြဲ ကိုယ့်ကိုယ်ကိုယ် စိတ်ချယုံကြည်မှုအပြည့်နဲ့ တိုးတက်အောင်မြင်နေတဲ့ ရွှေအိမ်သူ အဖြစ် ရှိနေတာ ဖေဖေ ဂုဏ်ယူပါတယ် .. ဖေဖေ့ လက်ငုတ်သက်ရင်း လုပ်ငန်းတွေအားလုံးအတွက်လည်း ဖေဖေ သမီးလက်ထဲ အပ်ရဲခဲ့တာပဲ .. ဒါပေမယ့် .. မိန်းကလေးဆိုတာ .. လက်တွဲဖော်ဆိုတာ သိုတယ် သမီး.. ဘယ်လောက် ထက်မြက် ချမ်းသာစေ .. ခင်ပွန်းသည်ရဲ့ အရိပ်ကိုတော့ လိုအပ်တယ် .. ခင်ပွန်းသည်ဆိုက လုံခြုံအေးမြတဲ့အရိပ်ကိုတော့ လိုအပ်တယ် သမီး .."

ဖေဖေ ပြောနေတော့ ရွှေအိမ်သူ သက်ပြင်း ရှိုက်မိရပါ၏။ ဤနေ့ မနက်မှာကျတော့မှ ဖေဖေ ဤအိမ်ထောင်ရေးကိစ္စကို ရွှေအိမ့် အခန်းမှာ လာပြောခြင်း ..၊ မနက်စာ ကော်ဖီပွဲအပြီးမှာ ဖေဖေ ရွှေအိမ့် အခန်းသို့ တိုင် တူတူလိုက်တက်လာခဲ့ကာ သတိုးနေခ ဆိုသည့် သူတစ်ယောက်နှင့် ပတ်သက်၍ ပြောလည်း ပြောပြသည်။ ပြောပြသမျှထဲမှာ အရည်အချင်း ပြည့်ဝသူတစ်ယောက်ဆိုတာတွေက အတိအကျ ပါလာနေခဲ့သည်ပါပဲ။

ထိုသို့ ထက်မြက်သောသူတစ်ယောက် ဖြစ်တာကိုတော့ ရွှေအိမ်သူ နှစ်ခြိုက်ပါသည်။ ရွှေအိမ့် လက်တွဲဖော်သည် ပျော့ညံ့ညံ့လူတစ်ယောက်တော့ မဖြစ်စေချင် ..၊ တည်ငြိမ်ရင့်ကျက်သူတစ်ယောက် ဖြစ်ရမည်။ ဒါက အရေးကြီးသည်လေ ..။

ရွှေအိမ့် နောက်က အလိုက်သင့် စီးပွားရေးနောက်ကို လိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာမျိုးကို မလိုချင် ..၊ ရွှေအိမ်သူ ရှေ့မှ ဦးဆောင် ထက်မြက်သူ ဖြစ်စေချင်သည်။ ဒါမှ ရွှေကြိုးကြာရတနာတိုက်သည် ပို၍ တိုးတက်လာရမည်ပေါ့။ မြရတနာစံအိမ်သည်လည်း ပို၍ တိုးတက် ခန့်ထည်လာရမည်ပေါ့ ..။

ဒါပေမယ့် .. ရွှေအိမ့် ဘက်က ချို့ယွင်းနိုင်တာက များနေသည်။ အိမ်မှုကိစ္စတွေကို ရွှေအိမ် လုပ်ဖို့ အချိန်မရှိ ..၊ အိမ်တံမြက်လှည်း .. ထမင်းချက်နေချိန်ထက် ရတနာထည်ဒီဇိုင်းတစ်ခုကို ရွှေအိမ်ဆွဲနေရဖို့က ပို၍ အရေးကြီးသည်။ ပန်းချီကားတစ်ချပ် ဆွဲဖို့က အရေးကြီးသည်။

ထမင်းဟင်းချက်နေဖို့ .. ပန်းအိုးလေးတွေ အလှပြင်နေဖို့ .. အိမ်ခန်းဆီးတွေ လဲလှယ်နေဖို့ .. ရွှေအိမ့် မှာ အချိန်မရှိ ..၊ မလုပ်ချင်တာမဟုတ် ..။ လုပ်ဖို့ အချိန် ဆင်းရဲခြင်းပဲ ဖြစ်နေသည်။ ဒါကြောင့်လည်း အိမ်မှာ ထမင်းချက် ဒေါ်ကြီးစာနု နှင့် ကူဖော်လောင်ဖက် ထူးထူး ရှိနေရပါ၏။

"သတိုးနေခ ကလည်း သမီးလိုပဲ အမြဲ အလုပ်များနေတဲ့သူတစ်ယောက် ဖြစ်နေတာချင်း တူနေပြန်တယ် .. သူဟာ အင်ဂျင်နီယာတစ်ယောက်လည်း ဖြစ်တယ် .. မိုးထက်နေဟိုတယ်ကြီးကိုလည်း ဦးဆောင်စီမံ ထိန်းချုပ်နိုင်နေသူလည်း ဖြစ်တယ် .. မိုးထက်နေ အပန်းဖြေဥယျာဉ်နဲ့ ကလေးကစားကွင်းတစ်ခုဟာ ပန်းမျိုးနဲ့ ပန်းပင်တွေ ရောင်းတဲ့ဥယျာဉ်ဆိုင်တန်းကြီးတစ်ခုနဲ့ တွဲဖက်ပြီး လုပ်ကိုင်ဖြစ်ဖို့ဟာ သူ့ရဲ့ စိတ်ကူးစိတ်သန်းကနေ အကောင်အထည်ဖော်ခဲ့တာတွေ ဖြစ်နေတယ် .. ဒါကြောင့် .. သမီးနဲ့ သတိုးနေခ တို့မှာ တူညီတဲ့ အရည်အချင်းတွေ ရှိနေကြတယ် .. အလွန်လှပတဲ့ အိမ်ထောင်တစ်ခုအတွက် ရှိနေကြတဲ့ အိမ်ထောင်ဖက်တွေ ဖြစ်နေတယ်လို့ .. ဖေဖေရော ကိုမိုးပြည့် ရော .. မှတ်ယူ ယုံကြည်ကြတယ် သမီး .. ကိုမိုးပြည့် ဆိုတာက သမီးနဲ့ အရင်းသိကျွမ်း ရင်းနှီးခဲ့ရတဲ့သူပါ .. ဘယ်လောက်ထိ စိတ်ထား အေးချမ်း





ပြည့်ဝတယ်ဆိုတာ သမီး ပိုသိနိုင်ပါတယ် .. သူဟာ သမီးကို သမီးလေးတစ်ယောက်လို ချစ်နေတဲ့သူ ဖြစ်နေတယ် သမီး .. သင်း မိတ်ဆက်ပေးလို့ ကိုမိုးပြည့် နဲ့ ဖေဖေတို့ ရွှေကြိုးကြာမှာ စတင် သိကျွမ်းခဲ့ကြရာက.. နောက်ပိုင်းမှာတော့ .. ဖေဖေတို့ မကြာမကြာ တွေ့ဖြစ်ကြရအောင်လည်း ကိုမိုးပြည့် ဘက်က သူ့ဟိုတယ်ကို ဖိတ်ခေါ်ပြီး ကျွေးမွေးဧည့်ဝတ်ပြုတာတို့ .. သမီးရဲ့လက်ရာ ပန်းချီကားတွေ ချိတ်ထားရာနေရာတွေကို လိုက်ပြတာတို့တွေ လုပ်ရင်း .. ဖေဖေနဲ့ ပိုရင်းနှီးအောင်သူ ကြိုးစားခဲ့တာပါ .. အဲသလို ကြိုးစားရတာဟာ .. သမီးလေးကိုသူ ချစ်လို့ပါပဲတဲ့လေ .. သူ့သားရဲ့ အိမ်ထောင်ဖက်အဖြစ် ရည်မှန်းရာမှာ .. သမီးလေးကို သူ့သမီးလေးလို ချစ်လို့ဆိုတာ အဓိက ပါပါတယ်တဲ့ .. သူ့သားအတွက် .. အလွန်အားကိုးရမယ့် .. စိတ်ချရမယ့် .. ဘဝကြင်ဖော်ကို သူ ရွေးချယ်ခွင့် ရချင်ပါတယ်လို့ ကိုမိုးပြည့် ပြောလာချိန်ဟာ .. ဖေဖေနဲ့ အတော်ကြီး တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးလာကြပြီးတဲ့ အချိန်မှာပေါ့ .."

ဖေဖေ ပြောသမျှ ရွှေအိမ်သူ ငြိမ်သက် နားထောင်နေရင်းမှ ပို၍ စိတ်လေးလာသည်။ ဖေဖေ ပြောသည့်အတိုင်းဆိုလျှင်ဖြင့် သတိုးနေခဆိုသူသည် အလွန်တရာကိုမှ အလုပ်များနေမည့် လူတစ်ယောက် ဖြစ်နေသည်။ ရွှေအိမ် ကလည်း အလုပ်တွေထဲမှာ နစ်မြုပ်နေရသည့်သူ ဖြစ်နေသည်။

ရွှေအိမ် မျှော်လင့်ထားသလို ရွှေကြိုးကြာကို ဦးဆောင်လုပ်ကိုင်တိုးတက်စေဖို့အတွက် အချိန်ပုံပေးနိုင်သည့်သူ တစ်ယောက်အဖြစ် သတိုးနေခ ရုပ်တည်လာနိုင်စရာကို မရှိ ..။

ထိုစဉ်ခိုက် ဖေဖေ့ ဟန်းဖုန်းလေး မြည်လာတာမို့ ရွှေအိမ် နှင့် စကားဖြတ်ကာ ဖေဖေ ပြတင်းအနီးမှာ သွားရပ်ပြီး ဖုန်းဟူးပါ၏။

"ဟုတ်ကဲ့ ကိုမိုးပြည့် .. သမီးလည်း ရှိနေတယ် . ခဏ နော်.."



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ပြောတာတွေကို ဖေဖေ ငြိမ်သက် နားထောင်ပြီးချိန်မှာ ကြည်ကြည်ဖြူဖြူပင် ဖေဖေ ပြန်ပြောနေတာတွေကို ကြားနေရသည်။ အန်ကယ်မိုး ထံမှ လာသည့်ဖုန်းဆိုတာတော့ လောလောဆယ်မှာ ရွှေအိမ် သိနေရပြီးနေပြီ။

အန်ကယ် ဘာတွေများ ပြောနေသည် မသိ ..၊ ဖေဖေ ကတော့ ဖုန်းကမ်းပေးလာပြီ ..၊ သဘောက အန်ကယ် တစ်ခုခု ရွှေအိမ့် ကို ပြောဖို့ရှိနေသည် ဆိုသည့်သဘော ..။

လောလောဆယ်မှာ ပူပူနွေးနွေး သိထားရတာ တစ်ခုရှိနေသည်။ ရွှေအိမ့် ကို ချွေးမတော်ချင်နေသည့် အန်ကယ်မိုး ..၊ ခုလို သိထားပြီးစ အချိန်လေးအတွင်းမှာ အန်ကယ့်ကို ဖုန်းပြောဖို့ နည်းနည်းတော့ အနေခက်သည်။

ဘယ်လောက်ပဲ ထက်မြက်သည်ရှိစေ..၊ မိန်းမသားဆိုသည့် အရင်းခံ အတွင်းစိတ်သည် ရွှေအိမ့် ထံမှာ ရှိနေသည်မို့ .. ရှက်ခြင်းနှင့် အနေခက်ခြင်းကတော့ ရင်မှာဖြစ်တည်၏။ ဒါပေမယ့် .. ငြင်း၍ မသင့်..။ တစ်ဖက်က လူကြီးတစ်ယောက်က ဆက်ခြင်း ..။ ဖေဖေ့ထံမှာလည်း ခွင့်ပန်ပြောခဲ့ပြီးပြီ ..၊ ဖေဖေကလည်း လက်ခံပြီးပြီ ..။

ချွေးမလောင်းလျာအဖြစ် ရွှေအိမ့် ကို မျှော်လင့်နေသည့် အန်ကယ်မိုး ကို မျက်နှာပူပူဖြင့် ရွှေအိမ်သူ ဖုန်းထူးလိုက်ရသည်ပါပဲ။

"ဟုတ်ကဲ့ပါ အန်ကယ် .."

"ကိုယ် .. သတိုးနေခ ပါ .. ရွှေအိမ်သူ နဲ့ စကားနည်းနည်းပြောကြည့်ပါရစေလို့ ဖေဖေ့ကို ကိုယ် ပြောတာမို့ .. ဖေဖေက .. သူ့ဟန်းဖုန်းနဲ့ ဦးထက်လူ ကို ဖုန်းဆက်ခွင့်တောင်းတာပါ .. ကိုယ်တို့ နည်းနည်းလောက် စကားပြောကြည့်ကြရအောင်လား မရွှေအိမ်သူ .. တစ်ယောက်နဲ့ တစ်ယောက် လူချင်းဆုံ .. မျက်နှာချင်းဆိုင်ပြီး အိမ်ထောင်ရေးကိစ္စ ဆွေးနွေး အကဲခတ်ကြတာထက် .. အရင်ဆုံး .. တစ်ယောက်နဲ့တစ်





ယောက် ဘယ်လိုအတွင်းစိတ် ရှိနေကြတယ်ဆိုတာ.. စကားချင်းဖလှယ်လိုက်ကြရင် ပိုကောင်းမယ်လို့ ကိုယ် ထင်တယ်လေ .."

ရွှေအိမ်သူ ကြာကြာပင် အံ့သြမှင်တက်ချိန် မရလိုက်ပါ။ ပထမဆုံး .. သတိုးနေခ ဆိုသူ ဖြစ်နေတာကြီး ကြုံလိုက်ရတော့ ဟင် .. ခနဲ အသံလေး ပွင့်ကျလိုက်နိုင်တာပဲ ရှိလိုက်ရသည်။ တစ်ဖက်က ဆက်တိုက် ပြောနေတော့ ဘာမှကို ဝင်လည်း မပြောလိုက်နိုင် ..၊ အံ့သြတာတွေလည်း ကြာရှည်ခွင့် မရှိလိုက်နိုင်ပဲ .. အတော်ကြီးကို ဘဝမြင့်နေသည့် လူတစ်ယောက်၏ သြဇာသံ ပါနေသည့်စကားသံတွေကို ဆက်တိုက်ကြားလိုက်ရသည်က ရွှေအိမ်သူ ပါ။

ဖေဖေ့ကို ရွှေအိမ်သူ ကြည့်မိရပါ၏။ သတိုးနေခ မှ စကားလေးပြောကြည့်ချင်ပါသည်ဆိုတာ အန်ကယ်မိုး မှ ဖေဖေ့ကို ခွင့်ပန်ခဲ့တာတွေလည်း ခုတော့ ရွှေအိမ် သိနေရပြီ ..၊ ဖေဖေကတော့ အေးချမ်းစွာ ပြုံး၍ ခေါင်းညိတ်ပြနေပါ၏။

ပြောလိုက်ပါ သမီးရယ် .. ဆိုသည့်သဘော ..၊

ဖေဖေသည် စိတ်ရှည် အေးချမ်းသောသူတစ်ယောက်ပီပီ ခုလည်း အန်ကယ်မိုး ၏ ခွင့်ပန်မှုကို သဘောတူမှု .. ခွင့်ပြုပေးလိုက်တာပဲ ဖြစ်ချေမည်။

ဒါပေမယ့် .. ခုလို .. အတော်ကြီး လေသံတွေ တည်လွန်းနေသည့် လူတစ်ယောက်၏ ဆက်ဆံမှုမျိုးကို ရွှေအိမ်သူ လက်ခံလိုက်ရချေလိမ့်မည်ဟုတော့ ဖေဖေ မျှော်လင့်ထားမှာ မဟုတ် ..။

ရွှေအိမ်သူ ကိုယ်ကို မတ်လိုက်သည်။ ဖျတ်ခနဲ ထရပ်လိုက်မိပြီ..။

"ဟုတ်ကဲ့ .. ပြောပါ .."

ရွှေအိမ်သူ ပဲလေ ..၊ လူတစ်ယောက်က ရွှေအိမ့် ကို ခုလို ခပ်တည်တည် လေအချိုးဖြင့် ပြောလာတာမျိုးကို ငြိမ်ကုပ်ကုပ်လေးဖြင့် နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပေးမည့် မိန်းမတစ်ယောက် မဟုတ်တာကိုတော့ မကြာမတင်မှာ ထို သတိုးနေခ ဆိုသည့် လူတစ်ယောက် သိစေရမည်။ ဖေဖေ့ကို အခန်းထဲ ချန်ပစ်ခဲ့ကာ ရွှေအိမ်သူ လသာဆောင်ဘက်ကို ထွက်လာမိရပြီ..။

ဒါမှ .. တစ်ဖက်လေကြောအပြတ်မှာ ရွှေအိမ် ကလည်း ပြောသင့်တာ ပြောချလိုက်နိုင်မည်တည့် ..၊ ဖေဖေ့ ရှေ့မှာဆိုလျှင်ဖြင့် ပြောရတာ လွတ်လပ်မည် မဟုတ် ..။ လောလောဆယ် ကြားရသည့် လေသံလေကြောကတော့ ရွှေအိမ် နှင့် အဆင်ချောမည့် နိမိတ်လက္ခဏာ မရှိ..။

ဖေဖေကတော့ လွတ်လွတ်လပ်လပ် ပြောစေဆိုသည့် သဘောဖြင့် ဘာမှမသိပဲ .. မရိပ်မိပဲ ပြုံး၍ ကျန်ခဲ့ပါ၏။ လသာဆောင် လက်ရန်းပေါ်ကို လက်ကို ဖေးတင်ထားမိရင်းမှ ရွှေအိမ်သူ အံ့ခဲထားမိပြီ ..။

ပျော့ပျောင်းညင်သာ မရှိသည့် လေသံအချိုးတစ်ခုဖြင့်ပင် ထိုလူတစ်ယောက်၏ အတွင်းစိတ်ကို အတန်မျှ ရိပ်မိလာစေနိုင်သည်တည့်။ ကြာကြာ နားထောင်ရလေလေ ..၊ ထိုလူသည် မာနခပ်ကြီးကြီး၊ ဘဝင်ခပ်မြင့်မြင့်ဖြင့် ကိုယ့်ကိုယ်ကိုယ် တော်တော်ကြီး အထင်တကြီးနိုင်နေသည့် လူညံ့တစ်ယောက် ဖြစ်နေတာကို ပို၍ ပို၍ သိလာနေရလိမ့်မည်ဟုတော့ ရွှေအိမ်သူ တွေးဆထားမိရပြီးနေပြီ။

ဒါပေမယ့် .. ထိုလူ ပြောလာမည့်စကားတွေကို ဟန့်တား ဖြတ်ချလိုက်ဖို့ ရွှေအိမ် စိတ်မကူး ..၊ ကြာကြာအချိန်ပေး၍ နားထောင်ဖို့ လိုနေသည်ဟုပင် ဆုံးဖြတ်ထားမိရ၏။ ဒါမှ .. ထိုလူ့စိတ်ကို ပို၍ သိနိုင်မည်လေ ..။

"မင်း .. ငါ့အကြောင်း ဘာသိချင်သလဲ .. မေးပါ .. ငါ ပြောပြနိုင်ပါတယ် .. မင်း သိချင်တာတွေ အားလုံး ငါ အရင်ဖြေပါ့မယ် .. ပြီးရင် .. ငါ့ဘက်က ပြောသင့်တာကိုလည်း ပြောပါ့မယ် .."

"ကျွန်မဘက်က ဖုန်းဆက်တာ မဟုတ်ပါဘူး ကိုသတိုးနေခ .. ရှင် ပြောချင်တာကိုပဲ ပြောပါ .. ကျွန်မ အရင် နားထောင်ပါ့မယ် .."





တည်ငြိမ်စွာ ရွှေအိမ်သူ ပြောလိုက်တော့ တစ်ဖက်မှ ခပ်သဲ့သဲ့ ရယ်သံ ပေါ်လာသည်။ ရင်းနှီးချင်စရာ မကောင်းသည့် ရယ်သံမျိုး ..၊ မခံချိ မခံသာဖြင့် မသက်မသာ ရယ်သည့်အသံမျိုး ဖြစ်နေသည်။

အံ့မယ် ..၊ ထိုလူက .. ရွှေအိမ် ခုလို ပြန်ဖြေတာကိုပင် မခံချင်ဖြစ်နေသည်တဲ့လား ..။

"ကောင်းပြီလေ .. ငါကတော့ ငါ့ဘက်က ဖြေသင့်တာတွေ ဖြေပေးဖို့ အသင့်ပြင်ထားပြီး မင်းဆီက မေးလာမယ့် မေးခွန်းတွေကို အရင်စောင့်ဆိုင်းပေးတဲ့သဘောနဲ့ မေးတာပါ .. ငါကလည်း အမှန်အတိုင်းပြောရရင် .. ကိုယ့်အကြောင်း .. သိပ်ပြီးတော့ သူများကို ပြောပြချင်တဲ့ လူတစ်ယောက်တော့ မဟုတ်တာ အမှန်ပဲ မရွှေအိမ်သည် .."

"ကျွန်မနာမည် ရွှေအိမ်သူ ပါ .. ကိုသတိုးနေခ .."

ကိုယ်နှင့် တစ်နေ့မှာ လက်ထပ်ပေးဖို့အထိ ဖခင်ဘက်မှ ရည်မှန်းထားသည့် မိန်းမတစ်ယောက်၏အမည်ကိုပင် မှားယွင်း၍ အမှတ်တမဲ့ လေသံနိုင်လွန်းစွာ ပြောလာတော့လည်း ရွှေအိမ်သူ ဖြတ်၍ ပြောလိုက်မိရပါပြီ။ ရယ်သံ ထပ်ကြားရသည်။

"ဆောရီး .. ကိုယ် .. မင်း နာမည်ကို ရွှေအိမ်သူ ဆိုတာ အထပ်ထပ် ကျက်ပြီးမှ ပြောမိ ဆိုမိတာပါ .. ဒါပေမယ့် .. ရွှေအိမ်စည် ဖြစ်သွားတယ် .. ဆောရီး .. မင်းကတော့ ငါ့နာမည်ကို မမှားမယွင်း ပြောနိုင်နေသားပဲ .."

ရွှေအိမ် စိတ်ပျက်လက်ပျက် ဖြစ်လာပြီ ..၊ စကားနိုင်လုဖို့အတွက် အချိန်တွေ ဖြုန်းနေသည့် လူတစ်ယောက်နှင့် ဖုန်းပြောနေရတာလောက် စိတ်ကုန်ဖို့ ကောင်းတာ မရှိ ..။

"ကဲ .. ဒါဆိုရင်ဖြင့် .. ကိုယ့်သဘောထားကိုတော့ ဖေဖေ့ကို ပြောပြခဲ့ပြီးပြီ .. ကိုယ်က ငါးနှစ်သားအရွယ်ကတည်းက အမေ့ရဲ့ အရိပ်ကို ဆုံးရှုံးခဲ့ရတာ .. ပိတောက်မြိုင်အိမ်ကြီးဟာ အိမ်ရှင်မ မရှိဘဲ ရပ်



www.burmeseclassic.com

www.burmeseclassic.com



တည်နေခဲ့ရတာ ကြာခဲ့ပြီ .. ဒါကြောင့် .. ကိုယ် လက်ထပ်ရတဲ့ မိန်းမဟာ.. စီးပွားရေးထဲမှာ နစ်မွန်းနေတာထက်.. ပိတောက်မြိုင်မှာ အိမ်ရှင်မ တစ်ယောက်အဖြစ် ရှိနေဖို့ ပိုလိုအပ်နေတယ်လေ .. သတိုးနေခ ဟာ ကိုယ့်မယားကို ရှာကျွေးနိုင်တဲ့ အရည်အချင်းနဲ့ ချမ်းသာမှုတွေ .. လုပ်ငန်းတွေ ရှိနေပြီးပြီ .. မယားလုပ်သူက စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်နေဖို့ မလိုအပ်ဘူး .. အိမ်မှာ အိမ်ရှင်မအဖြစ်ပဲ ရှိနေဖို့ လိုအပ်တယ်လို့ ကိုယ် ခံယူတယ် .. အဲဒါ .. ကိုယ့်သဘောထားပါပဲ .."

ရွှေအိမ်သူ ပြုံးသည်။ အောက်ခြေ တော်တော်လွတ်နေသည့် ချမ်းသာဂုဏ်၊ ပညာဂုဏ်မောက်နေသည့် လူတစ်ယောက်ကို မမြင်ဖူးလိုက်ရတာပဲ ကံကောင်းလေစွဟု မှတ်ယူလိုက်ရသည်ပါပဲ။

"ကျွန်မကလည်း .. ကျွန်မရဲ့အလုပ်တွေကို မပစ်ပယ်နိုင်တဲ့ ရွှေအိမ်သူ ဖြစ်နေပါတယ် ကိုသတိုးနေခ .."

ဟု ရွှေအိမ်သူ တည်တည်ငြိမ်ငြိမ်ပဲ ပြောလိုက်မိရပါ၏။

"ဒါကြောင့် .."

ရွှေအိမ်သူ အပြတ်ပြောချဖို့ စကားစလိုက်ချိန်မှာပင် ...

"နေဦး .. သတိုးနေခ ကို ဘယ်မိန်းမကမှ ငြင်းလိုက်လို့ ကျန်ခဲ့ရတယ်ဆိုတာ ဘဝမှာ အက္ခရာထင်ကျန် မခံနိုင်ဘူး ရွှေအိမ်သူ .. မင်း မပြောခင် ငါ ပြောမယ် .. ငါ .. မင်းကို လက်မထပ်နိုင်ပါဘူး .."

ပြောပြီးတာနှင့် ဖုန်းကို စက်ပိတ်လိုက်တာ ခံလိုက်ရသည်က ရွှေအိမ်သူ ပါ ..၊ ဘာမှကို ပြောလိုက်ခွင့် မရ ..။ ရင်ထဲမှာ ခံပြင်းသည်။ မိန်းမသား၏ မာနအရှိန်သည် ကောင်းကင်ယံသို့တိုင် လေတံခွန် လွှင့်သည့်နှယ် လူးလိမ့်ထိုးတက်၏။ ရင်ကို ခတ်၏။

"လက်မထပ်နိုင်တာကို .. သူက ပြောလို့ .. ငါက ကျန်ခဲ့ရတယ်ဆိုတာမျိုး ဖြစ်စေသတဲ့လား .. ဟင် .. ရွှေအိမ်သူ ကို အဲသလို သူပြောရသတဲ့လား .. အလွန် အတ္တကြီးတဲ့သူ .. ဘဝင်မြင့်တဲ့သူ .. အနိုင်ရချင်





တဲ့ သူပါလား .. ငါက .. သူ့ကို ရှုံးတယ်လို့ .. သူက သတ်မှတ်ချင်တာ .. သူ့ကို ငါက ငြင်းတာ မဟုတ်ဘဲ .. သူက ငြင်းတာဆိုတာမျိုး ဖြစ်ချင်တဲ့သူ .. သိပ်ရိုင်းတဲ့သူ .."

ရင်ထဲမှာ စကားလုံးတွေ ဒင်းကြမ်းခဲပြည့်နေသည်၊ အံခဲထားရရင်းမှ ရွှေအိမ်သူ ဖေဖေ့ထံ လျှောက်လာမိရပါ၏။ ဖေဖေ့လက်ထဲ ဖုန်းကို ထည့်သည်။

ဖြူနုနု မျက်နှာတစ်ပြင်လုံး ရဲနေသည့် ခံပြင်းသွေးတွေ မောက်လျှံ ဖိတ်စင်နေသည့် သမီး၏ မျက်နှာကို ဖေဖေ စိုးရိမ်စိတ်ဖြင့် ကြည့်လာပါ၏။

"ဖေဖေ အလွန် ချီးမွမ်းခန်းဖွင့်တဲ့ လူက .. သူဖြစ်ချင်တာတွေ ပြောပါတယ် .. အဓိကကတော့ .. ရွှေအိမ် ဟာ အလုပ်တွေအားလုံးကို စွန့်လွှတ်ပြီး သူ့အိမ်မှာ သူ့မိန်းမတစ်ယောက်အဖြစ် နေရဖို့ပဲ ဖြစ်တယ် ဖေဖေ .. အဲဒါ ရွှေအိမ် မလိုက်လျောနိုင်ဘူးဆိုတာ သိလိုက်ချိန်မှာ .. ရွှေအိမ့် ကို သူလက်မထပ်နိုင်ဘူးလို့ သူ့ဘက်က အရင်ဆုံး ပြောလည်း ပြောတယ် .. ရွှေအိမ် ဘာကိုမှ မပြောလိုက်နိုင်ချိန်မှာပဲ သူ့ဘက်က ဖုန်းကို စက်ပါပိတ်ပစ်လိုက်ပါတယ် ဖေဖေ ..၊ ဖေဖေ အလွန်တန်ဖိုးထားတဲ့ ဖေဖေ့သားမက်လောင်းအဖြစ် ရည်ရွယ်ထားတဲ့လူက .. တကန်တက ဖုန်းဆက်ပြီး ရွှေအိမ့် ကို လက်မထပ်နိုင်ဘူးဆိုတာ .. ဟောဒီ မိနစ်ပိုင်းလေးအတွင်းမှာပဲ ပြောပစ်ခဲ့ပါတယ် ဖေဖေ .. ရွှေအိမ် က နားထောင်ခဲ့ရပါတယ် .."

အသံ မတုန်စေရ ..၊ မျက်ရည် မကျစေရ ..၊ ခံပြင်းမျက်ရည် ကျသည်ပဲရှိစေ ..။ မျက်ရည်ကျပေးလိုက်ရတာကတော့ အတူတူပဲ ဖြစ်နေတာမို့ ..၊ ဝမ်းနည်းမျက်ရည် .. ခံပြင်းမျက်ရည်ဆိုတာ ခြားနားနေသည် ဆိုစေဦး .. မျက်ရည်ဆိုတာချင်း တူတာမို့ အရှောထွေးပစ် မခံနိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိမ်သူ ၏ မျက်နှာလေးကတော့ သွေးတွေ ပေါက်ထွက်လာတော့မတတ် ရဲတက်လာနေသည့်အဖြစ် ..။

"ဟာ!... ဒီကိစ္စ .. ကိုမိုးပြည့် ကို .. ဖေဖေ ပြောရလိမ့်မယ် .. ဖေဖေက ထင်မိတာ တစ်မျိုးဖြစ်နေတာ .. သတိုးနေခ ခမျာ .. လူချင်းတွေ့ရမှာ နည်းနည်း အနေခက်နေလို့ .. ဆိုပြီး တွေးပေးမိတာ .. ခုကျတော့ .. ဖေဖေ့သမီးကို .. စိတ်ထိခိုက် ခံပြင်းအောင် အပြောခံဖို့ ဖြစ်နေပြီ .."

"ရွှေအိမ် စိတ်မထိခိုက်ပါဘူး ဖေဖေ .. အဲသလိုလူနဲ့ လက်မထပ်ရတာကို ဘာမှ စိတ်ထိခိုက်စရာ မရှိပါဘူး .. ခံပြင်းတာကတော့ အမှန်ပါပဲ .."

ရွှေအိမ် ချက်ချင်း ဝင်ပြောမိသည်။

ဟုတ်သည် ..။ ဖေဖေ့ စကားထဲမှာ ရွှေအိမ် စိတ်ထိခိုက်သည်ဆိုတာ ပါသွားသည်ကိုးလေ ..။

ဖေဖေ တက်တစ်ချက်ခတ်ကာ ရွှေအိမ့် အခန်းထဲမှ ထွက်သွားပါ၏။ ရွှေအိမ် ရပ်နေသည်က မှန်တင်ခုံနှင့် မလှမ်းမလင့် နေရာမှာ ဖြစ်နေသည်။ အမှတ်မထင် အကြည့်က မှန်ထက်မှာ တစ်ချက်ရောက်၏။

နက်မှောင်သော ကျောလယ်ရှိ ဆံပင်ထူထူတွေကို ခပ်မြင့်မြင့် နောက်ဘက်မှာ ဖဲကြိုးဖြင့် ချည်ထားပါသည့် ရွှေအိမ်သူ၏ ပုံရိပ် ..။ ပျောင်းနွဲ့သော ဆံပင်တွေကို နောက်လှန်၍ ဖြီးထားကာ အလှအပ ပြင်ဆင်သည့်ကိစ္စ .. ဘာမှကို စိတ်မဝင်စားသည့် မိန်းမသားတစ်ယောက်၏ ပုံရိပ် ..။

မျက်နှာထက်မှာ အသားအရေ အေးမြအောင် သနပ်ခါးရေကျဲလေးပဲ လူးဘာ ရှိတာမို့ .. ရွှေအိမ်သူ ၏ အလှတရားသည် အကျအပ့ မပါသော အလှတရားတွေပဲ ဖြစ်ပါ၏။





မျက်ခုံး ထူထူနက်နက်လေးနှင့် မျက်ဝန်းနက်နက် ..။ မျက်တောင်ညကော့ကော့သည် ရှည်လွန်းနေတာမို့ ထင်းခနဲ ရှိ၏ ။ ကကြီးပုံနှုတ်ခမ်းအိအိလေးသည် သဘာဝအသွေးဖြင့် ပန်းနုရောင် ဆမ်းနေသည်။ ကိုယ်ဟန် ပျောင်းနွဲ့ကြော့ရှင်းနေသည့် ပုံရိပ် ..။

ဤတစ်ကြိမ်မှာတော့ မျက်တောင်မခတ် မှန်ထဲက ပုံရိပ်ကိုပြတ်ကြည့်ပစ်ရင်းမှ မခံချင့်ဇောဖြင့် အံကြိတ်မိရပါ၏ ၊ နှုတ်ခမ်း၏အလှုပ်အရှေ့ကြောင့် ပါးပြင်ထက်မှာ ပါးချိုင့်က ရုတ်ခနဲ ပေါ်လာသည်။ ပြုံးလိုက်လျှင်လည်း ပါးချိုင့်လေး ပေါ်သည်။ အတန်ငယ် နှုတ်ခမ်းလေး လှုပ်လိုက်လျှင် .. ပါးချိုင့်လေးက ခွက်လွန်းတာမို့ ပေါ်လာရတတ်ခဲ့ ..။

"ငါဟာ .. အလွန်ချောတဲ့ ရွှေအိမ်သူ .. မပြင်မဆင်ဘဲနဲ့ လှတဲ့ ရွှေအိမ်သူ ဆိုတာ .. အမှန်တရားပဲ ..။ ငါ့မှာ ပညာရှိတယ် .. ဥစ္စာဓနရှိတယ် .. လုပ်ငန်းကြီး ရှိတယ် .. အရည်အချင်း ရှိတယ် .. အဲသလို ရွှေအိမ်သူ ကို အဲဒီအရည်အချင်းတွေအားလုံး စွန့်ပစ် ဖယ်ရှားပစ်ရမယ့် မိန်းမတစ်ယောက်အဖြစ် ပြောင်းလဲနိုင်းတဲ့ လူတစ်ယောက် .. ငါ့အလှတရားတွေ သူ့ရှေ့မှောက်မှာ ရှိနေစေရင်း .. သူ ခိုင်းရာ နေရာအတိုင်း နေစေရမယ်လို့ .. သတ်မှတ်ချင်တဲ့ လူတစ်ယောက်ရဲ့ .. အနိုင်ယူမှုတွေကို .. ငါ ကြားခဲ့ရတာ .. သူက .. သူက .. ငါ့ကို ငြင်းတယ်လို့ ပြောတာ ငါက ခံခဲ့ရတာ .. ဒါပေမယ့် .. သူက .. ငါ့ငြင်းဆန်မှုကို .. မျက်နှာကြီး ရှေ့တည့်တည့်မှာ ထားပြီး .. ငါ ပြောတာ .. ကြားစေရမယ် .. ရင်တွေ ကွဲကျေနေရင်း ဆိုပါတော့ .."

ခံပြင်းခြင်းသည် ပြင်းသောအဆိပ်နှယ် ရင်ထဲထိတိုင် နက်ရှိုင်းစွာ စူးနစ်ဖြစ်တည်၏။

ထိုအဆိပ်သည် အမုန်းတရားအဖြစ်လည်း သက်ရောက်၏။ ခုခံခြင်း ခါးသီးခြင်းကိုလည်း ဖြစ်တည်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့အတွက် .. ဒီနေ့မှာ ရှင် ပြောခဲ့တဲ့ စကားတွေအတွက် - ရှင် ပေးဆပ်ရလိမ့်မယ် ကိုသတိုးနေခ .. အဲဒီနေ့ဟာ .. ရှင် .. ရင်ကြေ တဲ့နေ့ပဲ .. အရက်သည်းရတဲ့နေ့ပဲ .. ရှင့် မာနတွေ တစ်စစ ကျိုးကျေပြီး ရှင့်ရင်ထဲက ခုန်ထွက်ရမယ့်နေ့ပဲ ..၊ အဲဒီနေ့မှာ .. ရှင့်ရှေ့မှာ ကျွန်မ ရပ်နေလိမ့်မယ် ကိုသတိုးနေခ .. အဲဒီ ရှင့် ခံစားချက်တွေကို .. ကျွန်မ ကျေကျေနပ်နပ်ကြီး ပြုံးပြီး ကြည့်နေရလိမ့်မယ် .. အလွန်ထက်မြက်တဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲကို .. ပြင်းသောအဆိပ် ဖြစ်လာအောင် - လုပ်ခဲ့တဲ့ ရှင် .. အလွန်ပြင်းထန်တဲ့ ပေးဆပ်မှုတစ်ခုကို .. မလွှဲမသွေ ကျွန်မကို ပေးဆပ်ရလိမ့်မယ် ကိုသတိုးနေခ .."

အံခဲ၍ ရွှေအိမ်သူ ငေးစိုက်ကြည့်နေမိသည်က စူးရှလက်တောက် နေသော မျက်ဝန်းလေးတွေဖြင့် ပြတ်သားစွာ ရင်ထဲမှ သစ္စာတိုင်သည် နှယ် ရှိနေစေပါသည့် မိန်းမသားတစ်ယောက်၏ ပုံရိပ် ..။ မှန်ထဲ၌ ထင်နေသော ပုံရိပ် ..။ ထိုပုံရိပ်သည် ရွှေအိမ်သူ ပဲ ဖြစ်နေသည်။

စူးနစ်နေအောင် လူတစ်ယောက်ကို မုန်းခြင်းမက မုန်းနေသည့် မျက်ဝန်းတွေကို .. ဘယ်တုန်းကမှ .. ရွှေအိမ်သူ .. ကိုယ့်မျက်ဝန်းပေါ် ဆီမှာ မဖြစ်တည်စေခဲ့စဖူး .. မမြင်ခဲ့ရဖူး ..။ ခု .. ကိုယ့်မျက်ဝန်းတွေ မှန်ထက်မှာ ပြန်မြင်နေရတာကိုက ထူးခြားသော အပြောင်းအလဲကြီး တစ်ခု ..၊ ကြီးမားသော ပြောင်းလဲမှုကြီးတစ်ခု ဖြစ်နေသည်။

အမုန်းမျက်ဝန်းဆိုတာ .. ဤသို့ပါလားလေ .. ဟု .. ကိုယ့် မျက်ဝန်းကို .. ခုမှ .. ကိုယ် ပြန်၍ ဖတ်မိခြင်း ..၊ စတင်၍ မြင်မိ လေခြင်းပါ တကား ..။





အခန်း [၃]

စိတ်ကုန်ခန်းခြင်းနှင့် စိတ်ပျက်ခြင်းတို့၏ အငွေ့အသက်တွေ စွန်း ဆင်းနေသည့် ဖေဖေ့မျက်နှာကို သူ တတ်နိုင်သမျှ အကြည့်ချင်း မဆုံ မိစေရအောင် ကြိုးစားယူနေမိရပါ၏။

"ငါ့ကို ကြည့်စမ်း သတိုးနေခ .."

ဖေဖေ့ထံမှ ပြတ်သားသောစကား ပွင့်ကျလာချိန်မှာတော့ သူ မတတ်နိုင်တော့ပြီ ..၊ ဖေဖေ့ကို ကြည့်လိုက်ရသည်ပါပဲ။ သူ့လက်ထဲမှာ ခုထိ ဖေဖေ့လက်ကိုင်ဖုန်း ရှိနေဆဲ .. စက်ပိတ်ထားသည့် ဖုန်း ..။

"ကြိုးဖုန်းကို ဆက်လာတဲ့ ကိုထက်လူ ကို ဖေဖေ တောင်းပန် စရာစကား ရှိကို မရှိနိုင်တော့တာပါလို့ အရက်တကွဲကြီး ခခယယ ပြောခဲ့ ရပြီးပြီ .. မင်းက ပြောချင်တာပြောပြီး ဖုန်းပါ ပိတ်ထားလိုက်ပေ ယံ့.. ကိုထက်လူ က .. ငါ့ရဲ့ ပိတောက်မြိုင်အိမ်က ကြိုးဖုန်းနံပါတ် သည်း သိထားတယ်ဆိုတာ မင်း မေ့ထားလို့ မရဘူး သတိုးနေခ .. ခု.. မင်း ပြုမူ ဆက်ဆံပုံ မဟုတ်လို့ ငါ့မှာ မျက်နှာပျက်ရပြီ .. မိတ်ပျက်ရ ပြီ -"

မတတ်နိုင် ..၊ ဖေဖေ့ကို သူ ဤတစ်ကြိမ်မှာ အပြစ်ကင်းခဲ့နေ သည့် သတိုးနေခ အဖြစ်ပဲ ရင်ဆိုင်ရဖို့ လိုသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က အပြစ်လုပ်သည်ဟု နေပေးလိုက်လျှင် ..၊ သူ မှားနေသည်ဟု ဝန်ခံလိုက်ရာ ရောက်မည်ပေါ့။ သတိုးနေခ ဆိုတာ ဘာလုပ်လုပ် မမှား ..၊ လုပ်သင့်တာကို လုပ်သည့် သတိုးနေခ ဆိုတာ ရင်ထဲမှာ နိုင်မာနေသည်။

သားအဖချင်း ရွှေအိမ်သူ ဆိုသည့် မိန်းမတစ်ယောက်ကြောင့် မပြေမလည် ဖြစ်ရသည်ဆိုတာမျိုး မဖြစ်စေချင်၍သာ စောစောက ဖေဖေ့ဒေါသမျက်နှာကို အကြည့်ချင်း မဆုံမိနိုင်အောင် ကြိုးစားခြင်းပါ။ ဖြစ်နိုင်လျှင် သွေးဆူနေပြီဖြစ်သည့် ဖေဖေနှင့် လောလောဆယ်မှာ ရွှေအိမ်သူကိစ္စ မပြောဘဲ ထားလိုက်ချင်တာမို့ ဖေဖေ့မျက်နှာ ..၊ ဖေဖေ့အကြည့်နှင့် မဆုံမိနိုင်အောင် ကြိုးစားမိခြင်းပါ။ ဒါပေမယ့် ဖေဖေက လက်မခံ .. ချက်ချင်း လက်ငင်းပင် မဆိုင်းမတွကြီး ထိုကိစ္စကို သားအဖနှစ်ယောက် မျက်နှာချင်းဆုံ၍ ပြောနေပြီ ..။

"ဖေဖေ ထင်ထားတာက .. ကိုယ့်ဘက်က မဖြစ်နိုင်ဘူးဆိုတာမျိုးတွေ တစ်ဖက်နဲ့တစ်ဖက် ပြောရင်းဆိုရင်း အဖြေထွက်လာရင်တောင်မှ ချိုသောစကားနဲ့ ပြောလိမ့်မယ်လို့ သားအပေါ်မှာ ဖေဖေ ထင်ခဲ့မိတယ် အဲဒါဟာ လွဲမှားသော အထင်ကြီးမှုကြီးတစ်ခုအဖြစ် အခု သိနေရပြီ သားကို မတိုင်ပင်မိပဲ ရွှေအိမ်သူ ကို ချွေးမအဖြစ် ဖေဖေ မျှော်လင့်စကားကမ်းမိခဲ့တာကိုက .. ဖေဖေ့ဘက်က အမှားကြီးတစ်ခု ဖြစ်နေတယ် ရွှေအိမ်သူ လို ထက်မြက်ချောမွေ့တဲ့ မိန်းကလေးကို သား ငြင်းမယ်လို့လည်း ဖေဖေ မထင်မိခဲ့သလို .. အဖေ ရွေးချယ်ပေးတဲ့ မိန်းကလေးတစ်ယောက်ကို .. မငြင်းရဘူးလို့ ထင်မိခဲ့တာကိုက ကြီးမားသော နောက်ထပ် အမှားကြီးတစ်ခု ဖြစ်နေခဲ့တယ်လေ .."

ဖေဖေ ပြောနေသမျှ လောလောဆယ်မှာ သူ ငြိမ်၍ နားထောင်နေသည်။ အားလုံး စကားကုန်အောင် ဖေဖေပြောပြီးတော့မှ သူ့ဘက်က ဖြေရှင်းစကားကို ဆက်မည်ဟု ဆုံးဖြတ်ထားမိသည်တည့် ..။





"ချောချောငံငံ ပြေပြေပြစ်ပြစ် ပြောလည်း စကား .. ရိုင်းရိုင်းပျပျနဲ့ မောက်မောက်မာမာနိုင်အောင် ပြောတဲ့စကားလည်း စကားပဲ .. စကားချင်းတူတူမှာ တစ်ဖက်လူ နားဝင်လက်ခံအောင် ပြေပြေပြစ်ပြစ်ပြောခြင်းဟာ ဂုဏ်နိမ့်ကျတယ်လို့များ မင်း ထင်နေသလား သတိုးနေခ ..၊ တစ်ဖက်က .. ပီတောက်မြိုင်မှာ အိမ်ရှင်မတစ်ယောက်အဖြစ် အချိန်ပြည့် ရှိမနေနိုင်ဘူးဆိုတဲ့စကားကို တုံ့ပြန်လာရင်လည်း .. မင်း .. ပြောသင့်တာက .. မိတ်ဆွေများအဖြစ် ဆက်ရှိချင်တာတို့ .. လုပ်ငန်းကိုင်ငန်းချင်း ပတ်သက် ကူညီကြမယ်ဆိုတာတို့ .. ပြောသင့်တာပေါ့ ..၊ အဲသလို ပါးပါးနပ်နပ် ပြောလိုက်ရင် .. ဘာများ မင်းဘက်က.. မာနတွေ ပွဲပါသွားမှာမို့လို့လည်း သတိုးနေခ .."

"သားမှ အဲသလို သူနဲ့ မိတ်ဆွေမှ မဖြစ်ချင်တာပဲ ဖေဖေ .. သူ့လုပ်ငန်းတွေနဲ့မှ မပတ်သတ်ချင်တာပဲဗျာ .. ဘာလို့ .. ညာနေရမှာလဲ.. လိမ်ညာခြင်းဟာ ဆိုးတယ် ဖေဖေ .. အထူးသဖြင့် မိန်းကလေးတစ်ယောက်ကို ယောကျ်ားတစ်ယောက်က ညာတယ်ဆိုတာ ပိုပြီးတော့ ကောင်း မဖြစ်သင့်တဲ့အချက်ပါ ..၊ ရိုးသားတာ ကောင်းပါတယ် ဖေဖေ.. သူ့ကို သား လက်မထပ်နိုင်တာကို လက်မထပ်နိုင်ဘူးလို့ ပြောပြ အသိပေးတာဟာ ရိုးသားခြင်းပါပဲ .. ရိုင်းပျခြင်း မဟုတ်ပါဘူး ..၊ သူကလည်း တော်တော်မာနကြီးတဲ့ ဘဝင်ခပ်မြင့်မြင့်ထဲက ကောင်မလေးတစ်ယောက်ဆိုတာ လူကို မမြင်ရခင်ကတည်းက .. အသံနဲ့ပဲ သား သိနေနိုင်ခဲ့ပါတယ် ဖေဖေ .. သူ့လေသံကိုလည်း သား မကြိုက်ဘူး .. ဒီလိုလေသံမျိုး ရင်ဘတ်ထဲမှာ သိုလှောင်ထားတဲ့ မိန်းမတစ်ယောက်နဲ့ သား တစ်သက်လုံး မနေနိုင်ဘူး ဖေဖေ .. သူက .. သူ လက်ထပ်ထားရတဲ့ ယောကျ်ားတစ်ယောက်နဲ့ မာနချင်းပြိုင်ရတဲ့ မိန်းမမျိုး ဖြစ်နေတယ်လို့ သူ့လေသံနဲ့ပဲ သား တစ်ထစ်ချ သိထားနိုင်ခဲ့ပြီးပြီ .. အဲသလို မိန်းမမျိုးကို လက်ထပ်မိတဲ့ ယောကျ်ားဟာ အပေါင်းအသင်းတွေရှေ့မှာ အရှက်



www.burmeseclassic.com

www.burmeseclassic.com



တကွဲ ဖြစ်ရမှာပါ ဖေဖေ .. သူက .. သူ့ယောကျ်ားရဲ့ အပေါင်းအသင်းတွေ ရှေ့မှာတောင် အလျှော့ပေးမှာ မဟုတ်တဲ့ ခေါင်းခပ်မာမာ မိန်းမတစ်ယောက်ပဲ .."

"ဩော် .. ဩော် .. မင်းက သိပ်ပြီးတော့ လူယဉ်ကျေး .. ကိုယ်ယူရမယ့် မိန်းမတစ်ယောက်ကို အိမ်ထဲအောင်းနိုင်းထားပြီး မင်းကို ခြေဆုပ်လက်နယ် ပြုစုရုံသက်သက်အဖြစ် အသက်ရှင်ပေးစေချင်တဲ့ လူ့အဖိုးတန် .. အင်မတန် ညှိညှိနှိုင်းနှိုင်း နေတတ်တဲ့ ခေါင်းမမာတတ်တဲ့ လူ့သဘောကောင်းကြီးတစ်ယောက် ဆိုပါတော့ .. အေး .. တစ်ယောက်နဲ့ တစ်ယောက် လူချင်း မျက်နှာချင်းဆိုင်ဆုံပြီး ခုလို အဖြစ်မျိုးတွေ မဖြစ်ခဲ့တာ ဖေဖေ ကံကောင်းနေသေးတယ်လို့တော့ ဝန်ခံပါရဲ့ .. မင်းက .. နေရာရွေးတဲ့ကောင်မျိုးမှ မဟုတ်တာပဲ ..၊ အေး .. ဖေဖေ ထပ်ပြောမယ် .. မင်းကို .. ဘာမှ မပြောဆိုမိပဲ .. ရွှေအိမ်သူလေး နဲ့ မင်းကို နေရာချပေးချင်တဲ့ ဇော .. အဲဒီစိတ်ဇောတစ်ခုနဲ့ စကားလွန်မိခဲ့တာ .. အမှားကြီး မှားခဲ့ခြင်းပါပဲ .. ဒီနေ့ကစပြီး မင်းရဲ့ အိမ်ထောင်ရေးကိစ္စ.. ငါ ဘာမှ ဝင်မပါဘူး .. မင်း နှစ်လိုမြတ်နိုးသူနဲ့ မင်း လက်ထပ်ပါ .. မထက်မမြက်နဲ့ ငတုံးငအ .. ထုံတုံတုံ .. အူတူတူ .. မိန်းမမျိုးကို မင်းရှာဖွေလက်ထပ်ပြီး .. မင်းရဲ့ ပိတောက်မြိုင်အိမ်ကြီးမှာ .. မင်းရဲ့ ဖိနပ်ကို အိမ်ဝက စောင့်ပြီး ချွတ် .. ရေပူရေချမ်း ကမ်းလှမ်းပြီး .. မင်းရဲ့ ခြေဖဝါးအောက်မှာ ကျေးကျွန်တစ်ယောက်လို နေမယ့်မိန်းမမျိုး .. မင်း ရှာဖွေယူပါ .. ငါ့ကို တစ်ချက်မှ တိုင်ပင်ဖို့ မကြိုးစားနဲ့ .. အဆုံးအစွန်ပြောမယ် .. မင်း ကျေနပ်လို့ အစေအပါးကိုပဲ ယူလာလာ .. ငါ .. ဝင်မပါဘူး ..၊ မင်း အိမ်ထောင်ကျတဲ့နေ့ .. ငါလည်း .. တခြားတစ်အိမ်ပြောင်းနေမယ့်နေ့ပဲ ဆိုတာ စွဲစွဲ မှတ်ထား .."

တဖြည်းဖြည်းဖြင့် ဖေဖေ့ဘက်က နာကြည်းစကားတွေ ကြေကြေကွဲကွဲ နေရာယူလာနေပြီမို့ သူ လန့်လာရပါ၏။





ထိုသို့သော အဖြစ်အပျက်မျိုးကို သားအဖနှစ်ယောက်ကြားမှာ ဤအိမ်ထောင်ရေးကိစ္စတစ်ခုကြောင့် ပြတ်သားနာကျင်စွာ ဖြစ်ပေါ်လာမည်ဟုတော့ သူ မထင်ထားမိ ..။

"ဖေဖေ နှစ်သက် လက်ခံနိုင်တဲ့ ချွေးမကို မင်းက ငြင်းတယ် .. ခင်းကြိုက်တဲ့ မိန်းမမျိုး မင်းဘာသာ မင်း ဆုံးဖြတ်ပြီး လက်ထပ်ပါ .. ငါ့ကို မတိုင်ပင်နဲ့ .. အတိုင်ပင်လည်း မခံဘူး .. မင်းရဲ့ အိမ်ထောင်ရေးကောင်းရင်လည်း မင်း ကံ .. မကောင်းရင်လည်း မင်း ခံပဲ ..၊ ဒီမှာ သတိုးနေခ .. ရွှေအိမ်သူ နဲ့ ငါ့မိတ်ဆွေ ကိုယက်လူ ကို ငါ ရှက်တယ်ကွ .. ငါဟာ ကိုယ့်သားကို ကိုယ်မနိုင်တဲ့ကောင် .. ကိုယ့်သားကို ပိုင်တယ်လို့ ထင်နေတဲ့ကောင် .. သင့်တော်လှချေရဲ့လို့ ငါ ရွေးချယ်မိတဲ့ ငါ့ချွေးမလောင်းလေးရှေ့မှာ .. ငါ့မျက်နှာ မပြရဲအောင် ဖြစ်ခဲ့ရတာ တစ်ခုတည်းနဲ့ မပြီးသွားဘူးကွ .. အဆုံးမသတ်သွားဘူး .. မင်း လက်ထပ်လာတဲ့ မိန်းမကို ငါက ချွေးမအဖြစ် ကြည်ဖြူလက်ခံပြီး ပိတောက်မြိုင်မှာ အတူတူ နေနေတဲ့ မိုးပြည့် ဆိုတာအထိ မင်းက ခရီးဆက်ဖို့လုပ်ဦးမှာ .. အဲဒါကို .. ငါ .. သူတို့ရှေ့မှာ အရှက်မရှိတဲ့မျက်ခွက်ကြီးနဲ့ အသက်ရှင်ပြနေမယ်လို့များ မင်း ထင်နေသလား ..၊ မင်းနဲ့ သီးခြားနေနေတဲ့ မိုးပြည့် အဖြစ်ပဲ အသက်ရှင်ပြမယ်ကွ .. မင်း ကျပ်ကျပ် .. အဲဒီအချက်ကိုတော့ သိထားပါ .. ဒါ .. ငါ့ဘက်က ပြတ်သားစွာ ဆုံးဖြတ်အသိပေးခြင်းပဲ .. သတိုးနေခ ..၊ အဲဒီစကားကို ဖျောင်းဖျနားချပြီး ပျောက်ကွယ်သွားစေဖို့အတွက် မင်း ဘယ်တော့မှ ကြိုးစားလို့ မရနိုင်ဘူးဆိုတာ မြဲမြဲမှတ်ထားပါ .. ဒါပဲ .."

ဖေဖေ ပြတ်သားစွာ ပြောကာ ချာခနဲ လှည့်လိုက်တော့ သူ ငြိမ်သက်စွာ ငိုင်၍ ကျန်ခဲ့ပါ၏။ ဖေဖေ့စကားတွေသည် လတ်တလောသွေးဆူနေချိန်မှာ ပြောလည့်စကားမျိုး မဆန် ..၊ အတည်နိုင်နေသည်..။ အဆုံးအဖြတ်နိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားမှာ ငြင်းဆန်ခွင့်ဆိုတာ မရှိရတော့ဘူးလား ဖေဖေ .. သားနဲ့ တစ်ဘဝလုံး လက်တွဲရမယ့် မိန်းမတစ်ယောက်ဟာ စရိုက်ချင်း ညှိယူလို့မရအောင် တင်းမာနေကြရင် .. သား ငြင်းဆန်ခွင့် မရှိရတော့ဘူးလား .. သူ ငြင်းတာကို စောင့်နားထောင်ပေးရမှာလား .. သားဟာ မိန်းမတစ်ယောက်ရဲ့ ငြင်းဆန်တာကို ငြိမ်သက်စွာ တစ်ခွန်းတစ်ပါဒမှ မပြောပဲ ခေါင်းငုံ့ခံလိုက်ရတဲ့အထိတော့ အဖြစ်မခံနိုင်ဘူး ဖေဖေ .. သားဟာ ဘယ်တုန်းကမှ မိန်းမတစ်ယောက်ဆီက အချစ်ကို တောင်းခံခဲ့ဖူးတာ မရှိခဲ့ဖူးဘူး ..၊ ကိုယ့် ရပ်တည်ချက်နဲ့ကိုယ် ခုထိ ရှိနေတဲ့လူတစ်ယောက်ပါ .. ဒါကြောင့် .. သူ့ဆီက ငြင်းဆန်မှု စကားတစ်ခွန်းကို ကြားရလုလု ဖြစ်ချိန်မှာ .. သူ့ထက်အရင် လက်ဦးအောင် ပြောခဲ့တာက.. သူ့ကို လက်မထပ်နိုင်ဘူးဆိုတဲ့ စကားပါ ဖေဖေ .. ဒါဟာ .. သားဘက်က မာနကို အချိုးမခံနိုင်တဲ့အတွက်ပါ ..၊ ယောကျာ်းတစ်ယောက်ဟာ သူ့ရဲ့ ယောကျာ်းမာနကို ကာကွယ်ပိုင်ခွင့် ရှိပါတယ် ဖေဖေ .. ဒါကို.. သူက သူ့အဖေကို တိုင်တိုင်တောတော လုပ်တဲ့အတွက် .. သူ့အဖေက ခုလို ဖေဖေ့ကို ချက်ချင်း စိတ်ဆိုးမာန်ဆိုးနဲ့ ဖုန်းဆက် တိုင်နိုင်တာပေါ့ .."

တံခါးဝမှာ ရောက်နေပြီဖြစ်သည့် ဖေဖေ့ကို သူ မခံချင့်ဇောဖြင့် ပြောမိခြင်း ..၊ မခံချင့်ဇောဆိုတာက ဖေဖေ့အပေါ်မှာ ဖြစ်တည်တာ မဟုတ် ..၊ ဟိုသားအဖပေါ်မှာ ဖြစ်တည်ခြင်း ..။

ဖေဖေ ချာခနဲ ပြန်လှည့်လာသည်။ သူ့ရှေ့မှာ ရပ်သည်။ မျက်တောင်မခတ် စိုက်ကြည့်ကာ သူ့ကို နားရင်း တစ်ချက် တီးထည့်လာတော့ သူ မယုံနိုင်ပဲ ဖြစ်ကုန်ရပါပြီ ..။ ဘယ်တုန်းကမှ ဖေဖေ ခုလို လက်မပါစဖူး ..၊ ရင်ထဲမှာ ရုတ်ခနဲ ကြေကွဲစိတ် ဖြစ်၏။ ဖေဖေ့ကို စိတ်မနာပါ ..၊ စိတ်ဆိုးလွန်း၍ ခံပြင်းဒေါသဖြင့် သူ့ကို ရိုက်ခြင်းဆိုတာလည်း သိပါသည်။





ဒါပေမယ့် .. ထိုသားအဖ စံနက်ကြောင့် ခုလို အရိုက်ခံရတာကိုတော့ ကြေကွဲသည်။ ပြီးတော့ .. ရွှေအိမ်သူ အပေါ် ပို၍ ပြင်းထန်သော အမုန်းတွေ ဖြစ်တည်လာချေသည်တည့် ..။

ယောကျာ်းတစ်ယောက်၏ ရင်ထဲမှာ စူးရှနစ်ဝင်သည့်ဆူးသည် မိန်းမတစ်ယောက်အပေါ် မျက်သည့် အမျက်တစ်ခု ဖြစ်တတ်ချေသည်ကောဟု သူ့ကို နားလည်တတ်အောင် သင်ပေးလိုက်သူသည်လည်း ရွှေအိမ်သူ ပဲ ဖြစ်ချေ၏။

"သြော် .. မင်းက .. မင်းရဲ့မာနကို ကာကွယ်ခွင့်ရှိတယ် .. ဟုတ်လား .. ဒါကြောင့် ရွှေအိမ်သူ မငြင်းခင် မင်းက အရင် လက်ဦးအောင် သူ့ကို လက်မထပ်နိုင်ပါဘူးလို့ ပြောလိုက်တယ် .. ဟုတ်လား ..၊ မင်းကွာ .. ငါ့ကို တော်တော် အရှက်ခွဲတဲ့ သားပဲ .. ဒီလောက်ထိ မင်း အတ္တကြီးရသတဲ့လား .. မာနဆိုတာ ယောကျာ်းတွေမှာပဲ ရှိတာ မဟုတ်ဘူးကွ .. မိန်းမမှာလည်း ရှိတာပဲ .. ယောကျာ်းရင့်မကြီးတစ်ယောက်လုံးဖြစ်ပြီး မိန်းကလေးတစ်ယောက်ကို .. မာနတံခွန်ထူပြတဲ့ မင်း .. ရှက်ရမှန်းတောင် မသိတာ .. ငါ .. အံ့ဩတယ် .. ဒီမှာ .. ရွှေအိမ်သူ ကို .. စကားကမ်းတာက .. မင်းရဲ့ အဖေရင်း ခေါက်ခေါက်ကြီးကွ .. သူတို့ဘက်က ကမ်းလှမ်းခဲ့တာ မဟုတ်ဘူးဆိုတာလေးလောက်တောင် မင်း မစဉ်းစားပေးနိုင်လောက်အောင် အရည်အချင်း .. အဆင်အခြင် ကင်းတာ .. ငါ .. ရှက်လို့ မဆုံးဘူး .."

"ဒါက .. သူတို့ဘက်ကို စကားကမ်းအောင် .. ဖေဖေ့အပေါ်မှာ ကြိုးစားခဲ့တာလည်း ဖြစ်နိုင်တာပဲ ဖေဖေ .. သူတို့ ချမ်းသာတာကို အခါကထားပြီးတော့ .. သူတို့ဟာ ဒီလိုတော့ဖြင့် ကြိုးစားကြမှာ မဟုတ်လောက်ဘူးလို့ အထင်မကြီးလိုက်ပါနဲ့ ဖေဖေ .. ချမ်းသာတဲ့သူတွေဟာ ချမ်းသာတဲ့နေရာကိုပဲ ထပ်ပြီး ခြေလှမ်းတိုးချင်ကြတာပ ..၊ ဒါကြောင့်.. ချမ်းသာတဲ့ ဖေဖေ့ကို ယောက္ခမတော်ခွင့်ရအောင် ပန်း ကြားကာအစ..



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ပေးခဲ့တာ မဟုတ်ဘူးလို့ .. ဖေဖေ .. ရဲရဲကြီး ယုံကြည်ပေး လိုက်နိုင်မလား ..''

ရွှေအိမ်သူ အပေါ် မှန်းတီးနေသည့် သူ့ကို အတ္တ ပို၍ ကြီးလာစေခြင်းများ ဖြစ်ကုန်ပြီလား ဟု စကားလွန်အောင် ပြောမိပြီးမှ သူ တစ်ချက် ငြိမ်ကျသွားသည်။ ဖေဖေ့ကို သူပြောမိသည့် ထိုစကားတွေအတွက် ဖေဖေ ဘာများ တုံ့ပြန်လာမည် မသိ ...။

''အတောမသတ်နိုင်တဲ့ မာနနဲ့ အတ္တတွေကြားထဲက စကားတွေကို ဖေဖေ ပြန်ပြီး တည့်မတ်မပေးချင်တော့ဘူး သား .. အလွန် ရင့်ကျက်တည်ငြိမ်သူ တစ်ယောက်လို့ မင်းအပေါ်မှာ အထင်တကြီးရှိခဲ့တဲ့ တိုထက်လူ ကို အပြစ်တင်တဲ့သူဟာ ဖေဖေကိုယ်တိုင်ပဲ ဖြစ်နေပြီ .. သူမို့ .. မင်းလိုကောင်ကို ရင့်ကျက်တည်ငြိမ်သူလို့ ထင်ရက်တယ်ကွာ.. မင်းဟာ မင်း တတ်မြောက်ထားတဲ့ ပညာအရည်အချင်း .. မင်း နေထိုင်နေရတဲ့ ချမ်းသာခြင်း .. မင်း လုပ်ကိုင်နေတဲ့ လုပ်ငန်းကိုင်ငန်းတွေကြားထဲမှာ အတော်ကြီး ဘဝင်မြင့် အောက်ခြေလွတ်နေတဲ့ သတိုးနေခဆိုတာ အဖေရင်းဖြစ်တဲ့ ငါတောင်မှ ဒီနေ့မှ တိတိကျကျ .. မင်းရဲ့ပုံရိပ်ကို ဖမ်းနိုင်ခဲ့တာပါပဲလေ ..၊ ကိုထက်လူ ကိုလည်း ဖေဖေ အပြစ်တင်တယ် .. ဖေဖေ့ကိုယ်ကိုလည်း ဖေဖေ အပြစ်တင်တယ် .. လူဆိုတာ .. ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရကောင်းမှန်း သိလာရင် အဲဒါကို ဝန်ခံလိုက်ရတာပါပဲ .. မင်းကတော့ .. မင်းကိုယ်မင်း ဘယ်တော့မှ အပြစ်တင်မယ့်ကောင် မဟုတ်ပါဘူး ..''

စိတ်လက်ကုန်ခန်းခြင်းနှင့် စိတ်ပျက်ခြင်းတို့ဖြင့် ဖေဖေ ပြောနေသမျှကို သူ ကြားနေရပြီ ..၊ တခြားလူက အထင်တသေးဖြစ်တာထက် ဖေဖေ့ အထင်သေးခြင်းကို ခံရလေခြင်းဟု ရင်ထဲမှာ ကြေကွဲသည်။ ဤသည့်အဖြစ်ကို ဖြစ်တည်စေသည်က ရွှေအိမ်သူ ၏ အရိပ်မကင်း..၊ အကြောင်းရင်းခံ မကင်း ...။ ရွှေအိမ်သူ က ထိုသို့ဖြစ်စေဟု တမင်ဖန်တီး





ခြင်း မဟုတ်ပါဟု ကိုယ်လွတ်ရုန်း၍ မရနိုင် ..၊ ဘာကြောင့်ဆို .. ဖေဖေ့ထံ သူ့မကောင်းကြောင်းတွေကို အပြစ်တတင်ဖြင့် ပြောစေဖို့အတွက် ရွှေအိမ်သူ သည် ဖခင်၏ ပါးစပ်ကို ငှား၍ ဖေဖေ့ထံ သတင်းပို့ခဲ့သည် မဟုတ်ပါလား ...။

''မိန်းမတစ်ယောက်မှာ မာနရှိတယ်ဆိုရင် .. သူ့ကို ငြင်းတဲ့လူတစ်ယောက်ကို အပတ်သက်မခံဘဲ ကင်းနိုင်သမျှ ကင်းအောင် နေပြတဲ့နည်းလမ်းကို ကျင့်သုံးမှာပေါ့ ဖေဖေ .. ခုလို .. သူ့ကြောင့် သား အဆူခံရအောင် ဘယ်လုပ်ပါတော့မလဲ .. သားထက် သာတဲ့သူတစ်ယောက်ကို သူ လက်ထပ်ပြမယ်လို့ ရင်ထဲမှာ ကြုံးဝါးနေတာမျိုးပဲ သူ လုပ်နေမိမှာပေါ့ .. သူ့ကို ဘာကြောင့် လက်မထပ်နိုင်ဘူးဆိုတာ သဘောပေါက်အောင် သား ရှင်းပြခဲ့တာပဲလေ .. အကြောင်းမဲ့ ငြင်းတာမှ မဟုတ်တာ ..''

''မင်း ပြောတဲ့ စကားထဲက တစ်ခုကိုတော့ ဖေဖေ ထောက်ခံသကွယ် .. မင်းထက်သာတဲ့ လူတစ်ယောက်ကို လက်ထပ်ပြမယ်လို့ ကြုံးဝါးနေရမှာဆိုတဲ့ စကားကို မင်း စောစောက ပြောခဲ့တယ်လေ.. ဟုတ်တာပေါ့ သတိုးနေခ .. မင်းလို အတ္တကြီးပြီး တစ်ကိုယ်ကောင်းဆန်လွန်းတဲ့လူထက် .. ဘယ်သူမဆို .. မင်းထက်သာတဲ့လူချည်း ဖြစ်နေမှာကိုးကွ .. မင်း စိတ်ဓာတ်အရ .. မင်းရဲ့ တစ်ကိုယ်ကောင်းစိတ်အရ .. ယောကျ်ားတွေအားလုံးထက် .. မင်းဟာ အမြဲ တစ်ထစ် အောက်တန်းကျနေတဲ့သူ ဖြစ်နေတာကိုး .. ကဲ .. ဒီစကား [illegible] မယ်.. မင်းနဲ့ဆက် ပြောနေရင် .. ငါ့စိတ်တွေ [illegible]''

စကားဖြတ်မည် ..၊ လူချင်းလည်း [illegible] ရှိနေတာက ပိုကောင်းသည်ဆိုသည့်သဘော ဖေဖေ ပြောလာပြီ ..။

''ဖေဖေကတော့ .. အခုပဲ တစ်နေရာကို [illegible] ရလိမ့်မယ် .. ကိုထက်လူ ကို သွားတွေ့ရမယ် .. တောင်းပန်ရမယ် .. [illegible] .. ဖေဖေရဲ့



www.burmeseclassic.com

www.burmeseclassic.com



မလွဲမသွေ လုပ်ကို လုပ်ရမယ့် ဝတ္တရား ဖြစ်တယ် .. မင်းကတော့ တောင်းပန်မှာလည်း မဟုတ်တာမို့ ခေါ်လည်း မသွားချင်သလို .. မင်း တောင်းပန်ချင်ပါတယ်ဆိုရင်တောင်မှ .. ခုလို လောလောလတ်လတ် အချိန်ကြီးမှာ မင်းရဲ့မျက်နှာကို သူတို့သားအဖရဲ့ရှေ့မှာ ရှိမနေရဲလောက် အောင် ငါ အားနာနေရတာမို့ ခေါ်လည်း မသွားချင်ပါဘူးကွာ .."

သူကလည်း တောင်းပန်မည့် သတိုးနေခ မဟုတ်ချေတာပဲလေ..၊ မသွားရသည့်အတွက် ဝမ်းနည်းစရာ မရှိ ..။ ဒါပေမယ့် ဖေဖေသည် သူ့ကြောင့် ထိုသားအဖရှေ့မှာ သိမ်ငယ်တောင်းပန်ရမည် ဆိုတာကိုတော့ ရင်ထဲမကောင်း ..။

"သွားဖို့ မလိုပါဘူး ဖေဖေ .. တချို့ဆိုရင် .. စေ့စပ်ပြီးကြချိန် .. လက်ထပ်ပြီးကြချိန်မှာတောင် .. လမ်းခွဲကုန်ကြတာ ရှိကြတာပဲ .. တချို့ ဆို .. စေ့စပ်ခါနီး .. လက်ထပ်ခါနီး သဘောထားချင်း မတိုက်ဆိုင်ကြ လို့ .. ပွဲပျက်ကုန်ကြရတာ ရှိကြ ကြုံကြတာပဲ ဖေဖေ .. ခု ဥစ္စာက .. ဘာဆိုဘာမှ တရားဝင် စေ့စပ်ထားတာမှ မရှိတာ .."

"မင်း ပြောတာတွေက .. လူတစ်ယောက်ရဲ့ တန်ဖိုးနဲ့ သိက္ခာကို စော်ကားရာရောက်နေပြီ သတိုးနေခ .. အကောင်းဆုံးကတော့ .. ငါတို့ သားအဖနှစ်ယောက် တစ်နေရာစီ တစ်လလောက်ဖြစ်ဖြစ် .. မတွေ့ဘဲ ရှိနေကြရင် ပိုကောင်းမယ် ထင်တယ် ..၊ မင်း .. လှိုင်ခမ်းမော်က မိုးထက်နေဟိုတယ်ကို တစ်ချက် သွားကြီးကြပ်လိုက်ပါလား .. ဟိုမှာ က .. မန်နေဂျာ ဦးကြည်လင် ပဲ တာဝန်နေယူနေရတာ .."

တကယ်က လှိုင်ခမ်းမော်ရှိ မိုးထက်နေဟိုတယ်သို့ ဖေဖေ သွားဖို့ ရှိနေခြင်းပါ ..။ ဖော်ရိန်နာတွေ အဝင်များနေတာမို့ ကားသစ် သုံးစီး လည်း ထပ်ပို့မည်။ ဖေဖေလည်း ဟိုတယ်သို့ တစ်ချက်ထပ်၍ သွား ကြည့်မည်ဟု တလောတုန်းကပဲ ပြောသည်။ ခုကျတော့ .. သူ့ကို လွှတ်ပြီ ..။





လောလောဆယ်အချိန်မှာ ဖေဖေသည် သူ့ကို တစ်နေရာမှာပဲ ရှိနေစေ့ချင်၍ဆိုတာ သိနေရတာမို့ ...

"ဟုတ်ကဲ့ .. ဒီညနေ သား သွားလိုက်ပါ့မယ် ဖေဖေ .."

ဟု ဖြေမိရပါပြီတည်း ..။

သားအဖနှစ်ယောက်ကြားမှာ ဖြစ်တည်သော သဘောထား မတူ ညီမှုနှင့် စိမ်းကားမှုဆိုတာက ခုမှ စ၍ ဖြစ်တည်မှုးခြင်း ..။

ဤသည်ကလည်း .. ရွှေအိမ်သူ ကြောင့် ..၊

အလွန် ချမ်းသာလျက် ..၊ လုပ်ငန်းကိုင်ငန်းများမှာ အလွန်အောင် မြင်ကာ .. အလွန်လည်း ဘဝင်မြင့်မြင့်နှင့် မာနကြီးသော မိန်းမတစ် ယောက်ကြောင့် ခုလို သားအဖနှစ်ယောက်ကြားမှာ စိတ်ခုချမ်းမြေ့စရာ တွေ ကြုံကြိုက်ရခြင်း ..။

"သဘောထားခြင်း ညှိလို့မရကြတဲ့ နှစ်ယောက်ဟာ .. ကင်းကင်း ရှင်းရှင်းနဲ့ မပတ်သက်ကြတာဟာ အကောင်းဆုံးပဲဆိုတာ .. တစ်နေ့မှာ ဖေဖေ လက်ခံလာမှာပါ ဖေဖေ ..၊ ရွှေအိမ်သူ ဟာ သားနဲ့ ဘယ်လိုမှ.. ဘုတူနေလို့မရတဲ့ သူတစ်ယောက် ဖြစ်နေတယ် .. သားနဲ့ ရွှေအိမ်သူ တို့ဟာ တူညီသော အရည်အချင်းနဲ့ ထက်မြက်ခြင်းတွေ ရှိနေကြသလို.. အလုပ်ကို မစွန့်လွှတ်နိုင်အောင် .. တွယ်တာတဲ့ စိတ်ခံ့င်းလည်း တူကြ ပါတယ် ဖေဖေ .. မာနကြီးတယ်လို့ သားကို ဖေဖေ ပြောသလို .. ရွှေအိမ်သူ မှာလည်း မာနတရားတွေ ရင်ထဲမှာ သိမ်းဆတ်ထားတာမို့.. ဘုညီခြင်းတွေ များနေကြတဲ့သူနှစ်ယောက်ဟာ .. ပေါင်းစည်းလို့ မရနိုင် ခြင်းဆိုတဲ့ အရာကို .. ဖြစ်တည်စေခဲ့တာပါ ဖေဖေ .. ဖေဖေ့ကို စိတ် ဆိနိုက်အောင် လုပ်ခဲ့တယ်လို့ လောလောဆယ်မှာ သားအပေါ်မှာ ဖေဖေ ဆုံးဖြတ်ပေမယ့် .. ရွှေအိမ်သူ ကို ငြင်းခဲ့ခြင်းဟာ .. နှစ်ယောက်စလုံးကို ချောက်ကမ်းပါးထိပ်တစ်ခုမှာ ရပ်တန့်လိုက်စေခြင်းနဲ့ တူတူပဲဆိုတာ ဆဖေ တစ်နေ့မှာ လက်ခံလာမှာပါ .. အဲဒီတစ်နေ့ကို .. သား .. ပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရလိမ့်မယ်လို့လည်း ယုံကြည်ပါတယ် ဖေဖေ .. နှစ်ယောက်စလုံး ချောက်ထဲ မကျတာဟာ .. နှစ်ယောက်စလုံးရဲ့ဘဝကို ရှင်သန်စေတာ.. ကယ်တင်တာ ဖြစ်ပါတယ် ဖေဖေ ..''

သူ ပြောကာ ဖေဖေ့ကို လက်အုပ်ချီ၍ တောင်းပန်မိရပါ၏။ ဖေဖေ့ကို စိတ်ဆင်းရဲအောင် လုပ်မိသည့် သားတစ်ယောက်၏ ကန်တော့တောင်းပန်မှု ...၊

ဖေဖေ ငိုင်နေပါ၏။ အခန်းသည် လုံးဝ ဆိတ်ငြိမ်ကျသွားပါချေသည်တည့် ..။

စိတ်မချမ်းမြေ့ဖွယ် အိမ်ထောင်တစ်ခုကို မျက်စိမှိတ်၍ ထူထောင်လိုက်ပါလျှင် သူရော ရွှေအိမ်သူ ရော ချောက်ကြီးထဲ ကျသွားတာထက် ဆိုးချေဦးမည်။

ခု ညစ္စာက.. ချောက်ကမ်းပါးထိပ်မှာ ရပ်တန့်အောင် .. သူ ဆုံးဖြတ်ခဲ့ခြင်းပေမို့ ..၊ သူ .. မမှား ..။

သတိုးနေခ ဆိုသူ၏ အဆုံးအဖြတ်သည် အမြဲ မှန်ကန်နေသည်ဆိုတာ သူ့ကိုယ်သူ ယုံကြည်သည်။





## အခန်း (၄)

လှိုင်ခမ်းမော်သည် မနက် နေနှင့်အတူ လင်းလဲ့ တောက်ပနေပြီ။ မိုးထက်နေဟိုတယ်၏ အပေါ်ဆုံးထပ်ရှိ သူ့အခန်းဆီမှ လသာဆောင်မှာရပ်ရင်း တစ်ဖက်ခြံကြီးကို နမြောစိတ်ဖြင့် သူ ငေးကြည့်နေမိရသဲ..။ ကတ္တရာခင်း လမ်းသွယ်လေးတစ်ခုသာ ခြားသော ဗစ်တိုးရီးယားအမည်ရှိ အိမ်ကြီးသည် တစ်ချိန်က လူချမ်းသာတို့ နေထိုင်ခဲ့ရာ အိမ်ကြီးတစ်အိမ်၏ အတိတ်ခရီးကို ယခုတိုင် သက်သေထူနေနိုင်ဆဲ ..။

အနီရောင်အုတ်တို့သည် ဟောင်းအိုသောအဆင်းဖြင့် ရှိနေကြပေမယ့် .. ထုထည်ကြီးကြီး၊ အမိုးမြင့်မြင့်ကြီးတွေဖြင့် ရှေးစံအိမ်ကြီး တစ်ခုနှယ် ရှိ၏။ နှစ်ထပ်အဆောက်အအုံဆိုပေမယ့် လက်ရာက အနောက်တိုင်းသို့ နွယ်သည်။ မော်တီကိုကြီးမှာက တိုင်လုံးကြီးတွေ တုတ်ခိုင်ခိုင်ဖြင့် ရှိနေကြကာ ဗိသုကာလက်ရာ အမွှမ်းအသတို့ဖြင့် လှပနေ၏။

အနောက်တိုင်းသား မိုင်းတွင်းသူဌေးကြီးတစ်ဦး ပိုင်ဆိုင်ခဲ့ရာ အိမ်ကြီးသည် .. လူချမ်းသာ ဒေါ်မယ်လှ ဆိုသည့် အပျိုသမီးကြီးတစ်ယောက်ကို ရောင်းချခဲ့ရာမှ ..၊ ထို ဒေါ်မယ်လှ သည် ဘွားမယ်လှ အရွယ်သို့တိုင်အောင် ဗစ်တိုးရီးယား၏ အရှင်သခင်အဖြစ် ရပ်တည်နေခဲ့ပါ၏။

www.burmeseclassic.com



"ဗစ်တိုးရီးယားကို ငါ ဝယ်ချင်ပေမယ့် ဖေဖေက ခြံစည်းရိုးက အနောက်ဘက်ကို တော်တော်လေးကို ချွန်ပြီး စောင်းပြီး ခတ်ထားတာမို့ ခြံပိုင်းဟာ လေးဘက်လေးတန် ဖြောင့်တန်းနေတာမျိုး မဟုတ်ဘဲ စောင်းရွေ့ရွေ့ဖြစ်နေတာမို့ နိုက်တတ်တယ်ဆိုပြီးတော့ မဝယ်ဘဲ နေခဲ့တာ .. နှ .. ဖေဖေ့ အယူသီးမှုတစ်ခုကြောင့် .. ငါ အဲဒီခြံကြီးနဲ့ အိမ်ကြီးကို လက်လွှတ်လိုက်ရပြီ .. ဘယ်သူများ ဝယ်သွားပါလိမ့် .. ဘွားမယ်လှလည်း အိမ်နဲ့ ခြံကြီးကို ရောင်းပြီး ထွက်သွားလိုက်ပြီထင်ပါရဲ့ .. ကြည့်စမ်း .. ကားကြီးတွေနဲ့ သယ်လာလိုက်တဲ့ပစ္စည်းတွေ .. တစ်အိမ်လုံး အပြင်အဆင် ပြောင်းကုန်တော့မယ်ဆိုတာ သေချာနေလေရဲ့ .."

ဘွားမယ်လှ ဆိုတာက အပျိုကြီး ..၊ ငယ်ကတည်းက တူတူနေခဲ့သူ အိမ်ဖော်အမျိုးသမီးကြီးနှင့် ဗစ်တိုးရီးယားမှာ နေတဲ့သူ ..၊ မိုးထက်နေ ဟိုတယ်ကြီး ဤမြေကွက်ကျယ်ကြီးမှာ ဆောက်သည်ဆိုကတည်းက.. ဘွားမယ်လှ မှ ဖေဖေ့ကို ကိုယ်တိုင် လာတွေ့ဖူးသည်။ ဗစ်တိုးရီးယားကို ဝယ်လိုပါက ဝယ်ပါဟု စကားကမ်းသည်။ ရန်ကုန်မှာ ပြောင်းနေတော့မည်ဟု ဆိုသည်။

ရန်ကုန်ကျတော့ ဆေးဝါးကုသတာကအစ ပို၍ အဆင်ပြေသည်ဟု ဆိုသည်။ လှူတန်တာ လှူ .. ချန်တာချန်ပြီး လက်ကျန် ဘဝခရီးကို ရန်ကုန်မှာပဲ ကုန်ဆုံးစေချင်သည်ဟု ပြောခဲ့သည်။ ဒါပေမယ့် .. ဖေဖေက ခြံစည်းရိုးကြီး ဖြောင့်တန်းမနေဘဲ စောင်းရွေ့ရွေ့ဖြင့် နောက်ကျောဘက်မှာ အတန်မှ ကျဉ်းစောင်းနေတာကို မကြိုက်တာမို့ မဝယ်ခဲ့ ..။

နှ .. မိုးထက်နေဟိုတယ်ကြီးလည်း ဆောက်ပြီးခဲ့ပြီ..၊ ဟိုတယ်ကြီး သက်ဝင်လှုပ်ရှားခဲ့တာပင် သုံးနှစ်ကျော်ခဲ့ပြီ ..။

လှိုင်ခမ်းမော်ရှိ မိုးထက်နေသို့ ရောက်တိုင်း ဗစ်တိုးရီးယားကို မိုးထက်နေ၏ တိုးချဲ့ဖြစ်တည်ရာ ဟိုတယ်ဆောင်ကြီးတစ်ခုအဖြစ် သူ ဖြစ်ချင်နေခဲ့သည်ပါပ ..။





"လမ်းသွယ်လေးတစ်ခု ခြားထားပေမယ့် .. အဲဒီ ဗစ်တိုးရီးယားကို .. ရှေးလက်ရာတွေ ပိုပြီး ကြွတက်လာအောင် .. ရှန်းကြွ ထင်းရှင်းနေအောင် ဆေးသစ်တွေ သုတ်လိုက်ရင်.. ပေါ်တီကိုကြီးတွေရဲ့ လက်ရာအလှ .. ပြတင်းပေါက်ဘောင်တွေဘေးမှာ အမွှမ်းအပြောက်တွေ အလှဆင်ထားတဲ့ အုတ်ဗိသုကာလက်ရာအလှတွေ ပိုပြီး ထင်ရှားလာမှာ ..၊ မှန်ပြတင်းတွေကလည်း ရှေး ရောင်စုံမှန်ကွက်ပြတင်းတွေ .. မီးခိုးခေါင်းတိုင်ကြီးနဲ့ .. ဒီ ဗစ်တိုးရီးယားရဲ့ဧည့်ခန်းက မီးလင်းဖိုကြီးဟာ ဘယ်လောက်လှနေသလဲ ..၊ ရှေးအင်္ဂလိပ်ကားတွေထဲက ရဲတိုက်ကြီးတစ်ခု.. စံနန်းအိမ်ကြီးတစ်ခုဆီက မီးလင်းဖိုကြီးကို ဘောင်ခတ် အမွှမ်းအလှဆင်ထားတဲ့ အင်္ဂတေလက်ရာတွေနဲ့ အလွန် ခန့်ထယ်နေတဲ့ .. အဲဒီအိမ်ကြီးကို .. ငါ .. ဘွားမယ်လှ ဆီ တမင် အကြိမ်များစွာ အလည်သွားကြည့် အကဲခတ်ခဲ့တုန်းက တွေ့ခဲ့တာပဲ ..၊ အဲဒါကြောင့်လည်း .. ငါ .. အဲဒီ ဗစ်တိုးရီးယားကို .. ခရီးသွားတွေ စိတ်ဝင်တစားနဲ့ တည်းခိုချင်အောင် ရှေးလက်ရာ အဆောက်အအုံကြီးတစ်ခုအဖြစ်နဲ့ ဆွဲဆောင်နိုင်မယ်ဆိုတာ သိလို့ .. ဝယ်ချင်တာ .. အခုတော့ .. တခြားလူ ပိုင်သွားပြီ ထင်ပါရဲ့ .. လွန်ခဲ့တဲ့ လေးရက်လောက်အထိတော့ ခြံဝင်းတံခါးအုတ်တိုင်ကြီးမှာ အိမ်ခြံမြေ ရောင်းမည်လို့ ချိတ်ထားတဲ့ ဆိုင်းဘုတ်လေး ရှိနေခဲ့သေးတယ် ..၊ အဲဒီ ဆိုင်းဘုတ်လေး မရှိတော့တာကို ငါ သတိထားမိခဲ့ပေမယ့် .. ငါထင်တာက .. ဘွားမယ်လှ စိတ်ပြောင်းသွားပြီတော့.. မရောင်းတော့ဘူးဆိုပြီး ဆိုင်းဘုတ်ငယ်လေးကို ပြန်ဖြုတ်လိုက်တယ်လို့ ထင်မိခဲ့တာ .. အခုတော့ .. သေချာပါပြီ .. လွန်ခဲ့တဲ့ လေးရက်ကတည်းက အဲဒီအိမ်ကြီး သူများလက်ထဲ ရောက်သွားပြီပေါ့.."

နှမြောစိတ်သည် အတောမသတ် ..၊ ပန်းခြံတွေ၊ ရေပန်းတွေ၊ ဘားပါကင်ထိုးရန် နေရာတွေ၊ လှပသော မြက်ခင်းစိမ်းပြန့်ပြန့်တွေ၊



www.burmeseclassic.com

www.burmeseclassic.com



လှပသော ရွှေရောင်ဂိတ်တံခါးတွေဖြင့် သူ ပြင်ဆင်လိုက်လျှင် ဗစ်တိုးရီးယားသည် အလွန်လှပသော ဆွဲဆောင်မှုအပြည့်ရှိသည့် မိုးထက်နေ ဟိုတယ် အဆောက်အအုံတစ်ခုအဖြစ် ရပ်တည်သွားချေမည်တည် ..။ ခုကျတော့ ထိုအိပ်မက်သည် ကျန်ရစ်ခဲ့ပြီ ..။

"ဗစ်တိုးရီးယား တစ်အိမ်လုံးကို ဆေးသစ်တွေ သုတ်မယ်.. အခန်းတွေ ပြင်ဆင်ဖွဲ့မယ် .. ပထမအိမ်ရှင်ကြီး မစ္စတာဂျွန်မိုက်ကယ် ရဲ့ပုံတူပန်းချီကားကြီး ဘွားမယ်လု ကို ပိုင်ရှင်က အမှတ်တရ ပေးထားခဲ့တာမို့ .. ဘွားမယ်လု ကလည်း အိမ်ကြီးရဲ့ နံရံမှာ မူလချိတ်ထားရာအတိုင်း ရှိနေစေခဲ့တာမို့ .. နိုင်ငံခြား မိုင်းသူဌေးတစ်ယောက်ရဲ့ အိမ်ကြီးအဖြစ် ရှိခဲ့တာတွေကို .. အဲဒီ ပုံတူပန်းချီကားကလည်း ပြောပြနေမှာပဲ.. အဲဒီအချက်ဟာလည်း နိုင်ငံခြား ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့အချက် ဖြစ်နေတယ် .. ငါဟာ .. တစ်ချိန်က အနောက်နိုင်ငံသား မိုင်းတွင်း သူဌေးကြီးတစ်ယောက်ရဲ့အိမ်ကြီးကို .. ပိုင်ဆိုင်တဲ့ မြန်မာဟိုတယ် သူဌေးလေးတစ်ယောက်အဖြစ် နေပြချင်တာ .. ခုတော့ .. ငါ့စိတ်ကူးတိုင်းဟာ အမှုန်အစက်လေးလောက်တောင် ကျန်မနေနိုင်ခဲ့တော့တဲ့ အဖြစ်ကိုပဲ ရင်ဆိုင်လိုက်ရပြီ .."

ခုထိ ရင်ထဲမှာ နှမြောမဆုံး ..၊

"အိမ်အိုကြီးဆိုပြီး ဖျက်ပစ်လိုက်ရင်တော့ သွားပါပြီ .. အိမ်သစ်ကြီး ပြန်ဆောက်လိုက်မလား မသိပါဘူး .."

ဗစ်တိုးရီးယားကို ဖြိုပစ်လိုက်မှာလည်း သူ စိုးရိမ်နေသည်။ နံရံကြီးတွေကိုက ထုထည်ကြီးကြီးနှင့် ရှိနေသည့် ဗစ်တိုးရီးယား ..၊

"အို .. ဘာပဲဖြစ်ဖြစ် .. ငါ ရအောင် ပြန်ဝယ်မယ် .. ပြန်ဝယ်မယ် ငါ ဖေဖေ့ကို ရအောင် ပြောယူမယ် .. ဒီဗစ်တိုးရီးယားကို ပြန်ဝယ်ဖို့-

သူ ဆုံးဖြတ်လိုက်ကာ စိတ်နောက်ကိုယ်ပါ အောက်ထပ်သို့ ခါတ်လှေကားဖြင့် ဆင်းလာမိရပြီ ..။ ရင်ထဲမှာ မအီမချင့် ခံစားနေရတာ





ဆိုးနေသည်။

"ဒီလောက်ထိ အချိန်တွေ ငါ့လက်ထဲမှာ ရှိနေခဲ့ဖူပါရက်ကယ်နဲ့ .. ဗစ်တိုးရီးယားကို လက်လွှတ် ဆုံးရှုံးခဲ့လိုက်ရတာ ကြီးမားတဲ့ ဆုံးရှုံးမှုပဲ .. ငါတို့ရဲ့ မိုးထက်နေ ဒီမှာရှိတာ သုံးနှစ်ကျော်ပြီ..၊ ဒီလောက်ထိ ဘွားမယ်လု ဟာ ဆက်ပြီး ဗစ်တိုးရီးယား ရဲ့ အရှင်သခင်အဖြစ် ပြောင်းမလဲ ရှိနေခဲ့တာပဲ .. တော်တော်တန်တန်လူတွေ မဝယ်နိုင်တဲ့ ဈေးအမြင့်နဲ့ ဘွားမယ်လု ဈေးခေါ်တာမို့လည်း မဝယ်ပြဲကြတာမို့ .. ငါကလည်း .. ဒီ ဗစ်တိုးရီးယားအိမ်ကြီး သူများလက်ထဲ မရောက်လောက်ပါဘူးလေလို့ ပေါ့မိတာ ..၊ ခု .. သွားပြီ .. သူများလက်ထဲ ရောက်သွားပြီ .."

ခုထိ မချိတင်ကဲ သူ ဖြစ်နေရဆဲ ..၊ နေမထိထိုင်မသာ ဖြစ်နေရဆဲ ..။ ထို ခံစားချက်သည် ရင်ထဲမှ ပျောက်သွားစရာကို မရှိ ..။ ကြာလေ ဆိုးလေ ဖြစ်တော့မည်။

"အဲဒီ အိမ်ရှင်အသစ်နဲ့ ငါ ရင်းနှီးအောင် ကြိုးစားယူရလိမ့်မယ်.. သူ့ဆီက ဗစ်တိုးရီးယားကို ပြန်ဝယ်နိုင်ဖို့ဆိုတာက .. သူနဲ့ ရင်းနှီးမှ ဖြစ်မှာ .. ဗစ်တိုးရီးယားကို ဘွားမယ်လု ခေါ်တဲ့ အမြင့်ဈေးနဲ့ ဝယ်နိုင်တဲ့သူပေမို့ .. သူဟာ အတော်ကြီး ချမ်းသာတဲ့သူဆိုတာကတော့ သေချာနေပြီ ..၊ လူချမ်းသာတစ်ယောက်ဟာ သူ သဘောကျလို့ ဝယ်ထားတဲ့ အိမ်ကြီးကို ပြန်ရောင်းဖို့ဆိုတာကတော့ စိတ်ကူးမရှိသလောက် ဖြစ်မှာပဲ .. ဒါပေမယ့် .. သူ မျှော်လင့်မထားလောက်တဲ့ အမြတ်အစွန်းမျိုးနဲ့ ဆိုရင်တော့ ရောင်းချင် ရောင်းလိမ့်မပေါ့ .."

သူ့အိပ်မက်ကို ပြန်၍ အတည်ဖြစ်လာနိုင်အောင် ကြိုးစားချင်နေသည့် သတိုးနေခ အဖြစ် တန့်ဆည်မရသော ဇောသည် ဝင်ကို မွှေနေသည်။

"စောစောကတည်းက .. ဘွားမယ်လု ရဲ့ ခေါ်ဈေးနဲ့ ငါတို့ဘက်



www.burmeseclassic.com

www.burmeseclassic.com



က ဝယ်ခဲ့တယ်ဆိုရင် .. ခုလို .. နောက်ထပ် အမြတ်အစွန်းတွေ ထပ်ပေးပြီး သူများဆီက ဝယ်ဖို့ကို ဖြစ်မလာနိုင်တော့ဘူး .."

ယုံကျုံးမရစိတ်ဖြင့် သူ ဆက်တိုက်တွေးကာ ဟိုတယ်ဝင်းအတွင်းမှ သူ ထွက်လာမိရပါပြီ ..။ ခြေလှမ်းသည် မြန်ဆန်လျက် ..၊ ဖွင့်ထားသော ဗစ်တိုးရီးယားများ၏ ခြံဝင်းတံခါးဆီမှ ခြံတွင်းကို ပိုင်စိုးစွာ ဝင်လာမိရပြီ ..။ ဘယ်သူ့ကို တွေ့တွေ့ .. သူ့မှာ ပြောစရာစကားကတော့ အဆင်သင့် ရှိနေပြီ ..၊ တွေးထားခဲ့ပြီးပြီ ..။

ဒါပေမယ့် .. ခုထိ ဘယ်သူ့ကိုမှ မတွေ့ရသေး ..၊ စောစောက ပစ္စည်းတွေ သယ်လာသည့် ကားကြီးတွေကလည်း ပစ္စည်းတွေ အိမ်ထဲပို့ကြ ..၊ ချကြပြီးတာနှင့် ထွက်သွားပြီ ..၊ ခြံသည် ငြိမ်နေ၏။ ပန်းပင်ကျိုးတိုးကျဲတဲသာရှိသည့် ဥယျာဉ်ဟောင်းသည် မြက်တွေနှင့် ရောထွေးနေသည်။ ခြံသည် နိုင်နင်းအောင် ရှင်းမထားနိုင်သည့် ပေါင်းမြက်ဟူသော ခြံကြီး ဖြစ်နေ၏။

တစ်ချိန်က အလှဆင်ရာ ရေကန်တစ်ခုသည် ခြံဝင်း၏ အလည်မကျတကျမှာ မည်းညစ်ညစ် အုတ်ဘောင်တို့ ကာရံလျက် ညစ်ထေးထေး ရေကန်တစ်ခုအဖြစ် ရှိနေဆဲ ..။ ရေပန်းတို့ ဖြာမကျနိုင်တော့သည့် ရေပန်းပျက်တစ်ခုက ကန်လယ်မှာ ရေသူမပုံ ကွန်ကရစ်အရုပ်ကြီးတစ်ခုအဖြစ် ရှိနေမြဲ ..။

ခြံဝင်းတံခါးဆီမှ အိမ်ကြီး၏ပေါ်တီကိုထိ ခင်းထားသော ကွန်ကရစ်တုံးခင်း လမ်းသည်လည်း တချို့ ပျက်နေပြီ ..၊ ဘွားမယ်လှ ခမျာ ခြံကြီးကို စတင် ပိုင်ဆိုင်ခဲ့စဉ်တုန်းက ပုံစံမျိုးဖြစ်အောင် မထိန်းသိမ်းနိုင်တော့ပြီမို့ ခုလိုပုံစံမျိုး ဖြစ်နေတာ ကြာခဲ့ပြီ ..။ အဲသက်အရွယ် ရလာသည့် အမျိုးသမီးအိုတစ်ယောက်သည် မည်သို့နှယ် ဤခြံကျယ်ကြီးကို အကျအနခံ၍ ထိန်းထားနိုင်ပါ့မည်တဲ့လဲလေ ..။

ထိုစဉ်ခိုက် မိန်းကလေးတစ်ယောက် အိမ်ကြီးမှ ထွက်လာပါ၏





အသားအရည်ကိုက ဝင်းလဲ့ဖြူဥနေသည့် ကောင်မလေး ..၊ ဆံပင်လေးနှစ်ဖက် ကျစ်ထားသည်။ လက်လေးတွေက ယုန်ဖြူလေးတစ်ကောင်ကို ပွေ့ပိုက်ထား၏။ ယုန်စာအဖြစ် ကန်စွန်းစည်းလေးတစ်ခုကလည်း ပါလာသည်။ သူ့ကို မြင်တော့ ကောင်မလေး အိမ်တွင်းဘက် ပြန်ဝင်ယောင် ဖြစ်၏။ သူ ကမန်းကတမ်း လက်ကာ၍ ..

"ဘွားမယ်လှ ရှိလား .."

ဟု မေးလိုက်မိပါပြီ။ ဟုတ်သည်လေ ..၊ ဘယ်သူ့ကို တွေ့တွေ့ အရင်ဆုံး အမြန်ဆုံး မေးရမည်။ ထိုမေးခွန်းသည် ဘွားမယ်လှ ထံ လာသည့် လူတစ်ယောက်၏ ရပ်တည်မှုကို ပြသည့်မေးခွန်း ဖြစ်ရမည်။ ဗစ်တိုးရီးယားသည် တစ်ပါးသူတစ်ယောက်၏လက်ဝယ် သက်ရောက်သွားပြီဆိုတာကို သိနေသည့် သတိုးနေခ ဟု ဤအိမ်ကြီးမှ ဘယ်သူကမှ ထင်မြင်စေရ ..။

"ဘယ်သူလဲ မိဟသ်ာ .."

တံခါးမကြီးဆီမှ ထွက်လာရင်း မေးလာပါသည့် အသံ ..၊ သူ ကြည့်လိုက်မိစဉ်ခိုက် အရမ်းကို ခပ်ထည်ထည်ကြီး နေတတ်ပုံရပါသည့် မျက်နှာထား တင်းလွန်းနေပါသော အမျိုးသမီးတစ်ယောက် ..၊ ဆံပင်ကို လည်ကုပ်ပေါ်အောင် တိုကောက်ထားသည်။ အိမ်နေရင်းပင် ဖိုးသည် ဂါဝန်ရှည်လှလှလေးကို ဝတ်ထားပါ၏။ စိန်ဆွဲသီးလေးပါသော ဆွဲကြိုးသည် ရှည်တုတ်တုတ်နိုင်နေသည်။ လက်မှာ ရွှေလက်ကောက်တွေ ဆင့်စီ၍ ဝတ်ထားသည့် ထိုအမျိုးသမီးသည်လည်း ဖြူဖြူချောချော ဖြစ်နေပါသည့်အဖြစ် ..၊ ဒါပေမယ့် မျက်ဝန်းအကြည့်ကလည်း ခပ်မာမာ နိုင်သည်။ မျက်နှာထားလည်း တည်လွန်းသည်။ ချမ်းသာဂုဏ်အတော်ကြီးမည့်ရုပ် ဖြစ်နေသည်။

"ဟို .. ဟို .. ဘွားမယ်လှ ကို လာမေးတာပါ မမပြည့် .."

ယုန်လေးကို ပွေ့ထားရင်း တရိုတသေလေး ပြန်ဖြေသည် ဟသ်ာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် ကောင်မလေး ..။ အမည်လေးက ဆန်းသည်။ ပြီးတော့ .. သိမ်ငယ်သိုးဖျော့သည့် အကြည့်လေးတွေက သူ့ထံသို့ တစ်ချက်ရောက်၏။ ဘွားမယ်လှ ကို လာမေးသည့်သူ ဆိုသည့်အကြည့် ..။ မျက်တောင်ရှည်ရှည်လေးတွေက ထူကော့ကော့ဖြင့် ထင်းခနဲ ရှိသည်။ ပါးပြင်ထက်မှာ အကြောအမျှင်နုနုတို့ ရီးရိပ်ထင်နေလောက်အောင် အသားအရည်ကဲ နုးညံ့ ဝင်းစင်၏။

ဤရုပ်ရည်အဆင်းလေးဖြင့် တစ်ပါးသူ၏အိမ်မှာ အစေအပါး လာဖြစ်ရသည်တဲ့လားဟု ရင်ထဲမှာ ပထမဆုံး သနားစိတ်သည် မိန်းမသားတစ်ယောက်ထံမှာ ဖြစ်တည်လာချေသည်တည့် ..။

သူ အလွန်မုန်းသည့် မာနမျက်ဝန်းမျိုးကို ထိုမိန်းကလေးမှာ မရှိ .. ပြီးတော့ အဘယ်မျှထိ ထို ပြည့်ပြည့် ဆိုသည့် အမျိုးသမီးမှ ဟသ်ာ အပေါ်မှာ တည်တည်တင်းတင်း ဆက်ဆံသည် မသိ .. ကောင်မလေး၏အကြည့်က လန့်ရှိန်လေးပင် ပါနေသည်တကား ..။

ဒါကို .. ယုန်ဖြူလေး ပိုက်ပြီး တရိုတသေ အိမ်ကြီးရှင်ကို ... သည့် ကောင်မလေး၏ မျက်နှာနှင့် မျက်ဝန်းလေးတွေမှာ သူ တွေ့ခဲ့သည်ပဲလေ ..။

"ဟုတ်ကဲ့ .. ဘွားမယ်လှ ကို လာတွေ့တာပါ ခင်ဗျာ .. ကျွန်တော် သတိုးနေခ ပါ.. မိုးထက်နေဟိုတယ်ဟာ ကျွန်တော့် ဟိုတယ်ပါ ခင်ဗျာ..။ ဒီက ဘွားမယ်လှ နဲ့ နီးနီးကပ်ကပ် အဆောက်အဆုံတွေမှာ နေကြတာဆိုတော့ ရင်းနှီးကြပါတယ် .."

သူ ကမန်းကတမ်း မိတ်ဖွဲ့ရသည်က ပြည့်ပြည့် ဆိုသည့် အမည် လောက်ပဲ လောလောဆယ်မှာ သူ သိထားရပါသေးသည့် အမျိုးသမီး ပါ။ ရုပ်ရည်ချောသည်ဆိုပေမယ့် အပြင်အဆင် အခြယ်အမှုန်းတွေ အကူအပံ့တွေက အများကြီး ဖေးကူဖြည့်ပေးထားသည့် အလှမျိုး သူ ထင်သည်။





အထူးသဖြင့် မျက်ဝန်းအကြည့်သည် အလွန် အပေါ်စီးနိုင်သည့် အကြည့်မျိုး ..။

ထိုသို့သော မိန်းမတစ်ယောက်သည် .. မိုးထက်နေဟိုတယ် ပိုင်ရှင် .. သတိုးနေခ ဆိုသည့် အမည်ကို ကြားလိုက်သည်နှင့် ချက်ချင်း အရမ်းကို နှစ်လိုဖော်ရွေသည့် အပြုံးတစ်ခုကို ဖြစ်တည်လာစေနိုင်ချေ သည်တကား ..။

"ဩော် .. ဟုတ်လား .. ဧည့်ခန်းမှာ ခဏထိုင်ပါလား ကိုသတိုးနေခ ..။ ဟဲ့ .. ဟသ်ာ .. ရွှေလွန်း ကို သူ့အိမ်လေးထဲ ခဏပြန်ထား လိုက် .. လက်ကို သေချာ ဆေး .. ဒီက အစ်ကိုအတွက် အအေးယူလာခဲ့ ..။ လာပါ .. အစ်ကို .. ထိုင်ပါ .."

ချက်ချင်း တရင်းတချာဟန်လေးဖြင့် ခေါ်လည်း ခေါ် ..။ ဟသ်ာကိုလည်း အအေးယူခိုင်းနှင့် လိုက်လိုက်လှဲလှဲ ဆက်ဆံလာပါသည့် အမျိုးသမီးကို သူ ပြုံး၍ ကြည့်လိုက်ရသည်ပါပဲ။ ခေါင်းလည်း ညိတ်ရပါ၏။ သူ .. ဇစ်တိုးရီးယားသို့ လာသည်ကိုက ဤသို့ အိမ်ကြီးရှင်နှင့် ရင်းနှီးမှု ရချင်၍ပဲလေ ..။ ဘွားမယ်လှ မရှိတော့တာ သူ သိနေပြီးပြီပဲ။ အိမ်ကြီးကို ရောင်းပြီးပြီဆိုမှတော့ ဘယ်ရှိနိုင်တော့မည်တဲ့လဲလေ ..။

ခု .. သူ ဖြစ်ချင်သည့်ဆန္ဒတစ်ခုကတော့ စတင်၍ အောင်အောင် မြင်မြင်ပဲ ဖြစ်လာပြီ။

"ကျွန်မ ခင်ပြည့်စုံသာ ပါ .. ပြည့်စုံသာ ခုလို ဒီနေ့မှာ ဒီအိမ်ကြီးကို ရောက်လာချိန်မှာ .. လမ်းသွယ်လေးတစ်ခုပဲ ခြားထားတဲ့ မိုးထက်နေ ဟိုတယ်ကြီးကို သတိမထားမိဘဲကို မနေနိုင်ခဲ့တာပ .. တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့မှာပဲ အစ်ကိုကလည်း ဘွားမယ်လှ ကို လာမေးရင်း ပြည့်စုံသာ နဲ့ လာဆုံဖြစ်ရတယ်နော် .. ပြည့်စုံသာ ဝမ်းသာလိုက်တာ အစ်ကိုရယ် .. ဘာပဲဖြစ်ဖြစ် .. ခုလို .. အစ်ကိုနဲ့ သိရတော့ .. တစ်နေ့ အကူအညီလို အပ်လာတယ်ဆိုရင် .. လူသစ်ဖြစ်တဲ့ ပြည့်စုံသာ...ကိုး



www.burmeseclassic.com

www.burmeseclassic.com



လို့ ရတာပေါ့..''

လက်သည်း ခြေသည်းတွေကအစ အပွင့်တွေ ကျောက်လေးတွေဖြင့် အလှဆင်ထားပါသည့် ခင်ပြည့်စုံသာ ..၊ အိမ်စီးဖိနပ်နုနု ပန်းရောင်လေးကို စီးထားပါသည့် ပြည့်စုံသာ ၏ ဟန်ပန်က သူ မျှော်လင့်ထားသည်ထက်ပင် ပို၍ တရင်းတချာ သူ့ကို ဆက်ဆံလာတာ ကြုံနေရပြန်၏။ အရည်ကောင်းတစ်ပွင့်ပန် စိန်နားကပ်သည် အပွင့်ခပ်ကြီးကြီး ဖြစ်နေကာ လက်စွပ်သည်လည်း အပွင့်ကြီး စိန်လက်စွပ်ပဲ ဖြစ်နေသည်။

ဧည့်ခန်းသို့ရောက်တော့ နေသားတကျ မရှိသေးသည့် နေရာတစ်ခုအဖြစ် စတင် သူ မြင်လိုက်ရသည်ပါပဲ။ ပစ္စည်းအတော်တော်များများမှာ ဧည့်ခန်းထောင့်မှာ စုပေးစုပုံ ဖြစ်နေသည်။ ဒါပေမယ့် ဧည့်ခန်းမှာ မရှိမဖြစ် ရှိရပါသည့် ဆိုဖာဆက်တီအသစ်ကြီးတစ်စုံကတော့ ဧည့်ခန်းမှာ နေရာယူထားတာ ရှိပြီးနေပြီတည့် ..။ ဒါပေမယ့် ဆိုဖာဖုံးအစွပ်တွေ၊ ဆိုဖာကျောမှီ ဇာအလှတွေတော့ ရှိမနေနိုင်သေး ..။

''ထိုင်ပါ အစ်ကို .. အားနာစရာတော့ ကောင်းနေပါတယ် အစ်ကိုရယ် .. ပစ္စည်းတွေအားလုံး နေသားတကျ မဖြစ်နိုင်သေးတော့ အမြင်ရှုပ်နေတဲ့အခန်းထဲမှာပဲ ဧည့်ဝတ်ပြုရသလို ဖြစ်နေလို့ပါ .. တစ်ချို့ ပစ္စည်းတွေလည်း ထမင်းစားဆောင်မှာ တစ်ပုံတစ်စု .. မီးဖိုခန်းထဲမှာလည်း စုပုံနေတာတွေနဲ့ ရှိနေသေးတာ ..''

''ကိုယ် တစ်ခု ကူညီနိုင်ပါတယ် မခင်ပြည့်စုံသာ .. ဟိုတယ်က ဝန်ထမ်းကောင်လေးတွေ လွှတ်ပေးပါ့မယ် .. သူတို့ကို ဘယ်ပစ္စည်းတွေ ဘယ်မှာ ထားမယ်ဆိုတာလောက်ပဲ မခင်ပြည့်စုံသာ က ပြပေးပါ .. ဟိုတယ်မှာ ဝန်ထမ်းလူငယ်လေးတွေ အများကြီး ရှိပါတယ် .. လူအင်အားများတာမို့ သိပ်အချိန်မကြာပဲ အားလုံးပစ္စည်းတွေ သူ့နေရာနဲ့ သူ နေရာတကျ ရှိသွားနိုင်မှာပါ ..''

သူ တည်တည်ငြိမ်ငြိမ် ပြောသည်။





သူ့ဘက်က ဘာအခွင့်အရေးကိုမှ လက်လွှတ်မခံနိုင် ..၊ ခုလို .. ဘစ်ဖက်က အကူအညီလိုအပ်နေတာမျိုး ရှိနေချိန်မှာ သူ ကူညီပေးလိုက်ခြင်းသည် ဗစ်တိုးရီးယားနှင့် မိုးထက်နေ တို့ကြားမှာ ပို၍ ရင်းနှီးခင်မင်သွားစေနိုင်ချေလိမ့်မည်သာ ..။

''အားနာစရာကောင်းပါတယ် အစ်ကိုရယ် .. နေပါစေ .. ပြည့်စုံသာ ရဲ့ အလုပ်သမားတွေ ခဏ အပြင်မှာ အမောလည်း ဖြေ .. ဝမ်းလည်း ပြည့် ဆိုသလို .. အစား သွားစားနေကြတာပါ အစ်ကို .. လာကတည်းကိုက်.. အလုပ်သမားကအစ .. အားလုံး ခေါ်လာရတာပါ .. ကားကြီးတွေကလည်း ပြည့်စုံသာ တို့ရဲ့ ကားတွေဆိုတော့ .. အချိန်တွေ ဒီမှာကြာနေလို့လည်း ဘာမှမဖြစ်ပါဘူး အစ်ကို .. အကုန်အကျ ပိုမကုန်ပါဘူး .. ဒါပေမယ့် .. ခုလို .. အစ်ကို့ဘက်က ကူညီပေးမယ်လို့ ပြောလာတာကို အလွန် ကျေးဇူးတင်ပါတယ် အစ်ကို .. ပြည့်စုံသာ တို့က ဒီမှာ ရှော့ပင်းတစ်ခု တည်ဆောက်ဖို့ပါ ..''

ပြောနေသမျှ နားထောင်နေရင်း စိတ်ထဲက တစ်ချက်လေး၏။ ဗစ်တိုးရီးယားကို မက်မောလောက်သော ငွေကြေးအမြင့်ဈေးဖြင့် ပုံအော၍ ပြန်ဝယ်နိုင်ဖို့ ကြိုးစားမည်ဆိုသည့် မျှော်လင့်ချက်သည် လက်တွေ့မှာ ဖြစ်လာနိုင်ပါ့မည်လား ..။

ရှော့ပင်းမောလ်လို ကုန်တိုက်တစ်ခုကို တည်ဆောက်လုပ်ကိုင်ညီ့သူတစ်ယောက်သည် ငွေကြေး မချမ်းသာဘဲ ဖြစ်တည်နိုင်စေသည်မှ မဟုတ်ချေသည်ပဲ ..။ ချမ်းသာသည်ဆိုရာမှာ အတော်ကြီးကို ချမ်းသာနေမှ ဖြစ်နိုင်သည့်ကိစ္စပေမို့ ..။ ဗစ်တိုးရီးယားကို ပြန်၍ သူ့ကို ရောင်းပေးရလောက်အောင် ငွေကြေး မက်မောနေစရာကို မလိုသည့် ခင်ပြည့်စုံသာ ဖြစ်နေချေတာကို သိနေရပြီကိုးလေ ..။

''ဆင်းလ်ဗားရေးဗားလို့ အမည်ပေးဖို့ စိတ်ကူးထားတဲ့ ရှော့ပင်းမောလ်ကို ဒီ လှိုင်ခမ်းမော်မြို့မှာ ဆောက်ဖို့ဆိုတာက .. ဒီမြို့မှာ မကြာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်မှာ နယ်ခေါ်ကုန်သွယ်ရေးစခန်းလည်း ဖွင့်ဖို့ ရှိနေတော့ ရှောပ်ပင်းစင်တာတစ်ခု ဒီမှာ ဖွင့်ရင် သင့်တော်မှာလေ ..''

သူ ရင်ထဲ မကောင်း ..၊ ဤ ဗစ်တိုးရီးယားခြံထဲမှာများ ဆင်းလ်ဗားရေးဗား အမည်ရှိ ငွေမြစ် ရှောပ်ပင်းစင်တာ ဖွင့်ချေမည်လား မသိ။ မြင်ကွင်းကလည်း လှသည်လေ ..၊ တစ်ဖက်မှာက ကြာပန်းတွေ ပွင့်ဝေနေသော ကန်ရေပြင်ကျယ်တစ်ခုက ရှိနေသေးသည်။

''သွားပြီ .. ငါ့ မျှော်လင့်ချက်တွေ ရပ်ဆိုင်းကုန်ရတော့မယ် ထင်ပါရဲ့ ..''

သူ့စိတ်ထဲမှ မောင်းနှင်ထုတ်၍ မရနိုင်လောက်အောင် ဖြစ်နေရသည်က ဗစ်တိုးရီးယားကို ပိုင်ဆိုင်လိုစိတ်တွေပဲ ဖြစ်နေသည်။ ခုမှ ခက်ပြီ ..၊ ကိုယ် မက်မောလွန်းသော ဗစ်တိုးရီးယားကို သူများလက်ထဲ ရောက်နေတာ မနက်တိုင်း .. စတင်၍ မြင်ရမည်။

အို .. ဘယ်အချိန်ကြည့်ကြည့် .. မြင်နေရမည့် မိုးထက်နေဟိုတယ်ဆီမှ သူ .. ငေးကြည့် ကြေကွဲဖြစ်ရတော့မည်တဲ့လားလေ ..။

''ဆေးလ်ဗားရေးဗားကို ဘယ်မှာဆောက်မှာလဲ မခင်ပြည့်စုံသာ..''

''နေရာ ရှာရဦးမယ် အစ်ကို .. ဗစ်တိုးရီးယားမှာကတော့ လူပဲနေမှာလေ .. မြင်ကွင်းကလည်း လှတယ် မဟုတ်လား .. အစက - ဆေးလ်ဗားရေးဗားအတွက် မြေနေရာ လာရှာတာ .. ဒီရောက်တော့ - ဗစ်တိုးရီးယားကို ရောင်းမည်ဆိုတဲ့ ဆိုင်းဘုတ်လေး ခြံဝမှာ တွေ့တာနဲ့ ဝင်မေးဖြစ် .. ဝယ်လည်း ဝယ်ဖြစ်သွားတာပါ .. အိမ်ကြီးက ရှေးလက်ရာတွေနဲ့ သိပ်လှတာဆိုတော့ .. ခင်ပြည့်စုံသာ ချက်ချင်း ဝယ်ဖြစ်သွားရတာပါ ..''

ခင်ပြည့်စုံသာ ပြောနေချိန်မှာ ဟာသံာ အခန်းထဲ ဝင်လာပါ၏။ ဒူးလေးထောက်၍ တရိုတသေလေး လင်ပန်းကို ကိုင်ကာ ဝင်လာခြင်း။ ဧည့်သည်ကို ဧည့်ဝတ်ပြုဖို့ လာလျှင် ထိုသို့ ဒူးလေးထောက်၍ ဧည့်ခန်း





ထဲ ဝင်လာရမည်ဟုများ စည်းကမ်းသပ်ထားသည်လား မသိ ..။ ကောင်မလေးမှာ ကျေးကျွန်ဆိုသည့် သိမ်ငယ်စွာ ဝင်လာပုံလေးဖြင့် ရှိနေရချေသမျှ မြင်ရတော့ ရင်ထဲ စတင် ဖြစ်တည်ခံစားလာရသည်က အအေးခွက်ကို ယူပင်မသောက်ရက်သည့် ခံစားချက်ပဲ ဖြစ်လေသည်။

ခင်ပြည့်စုံသာ ကတော့ ထိုမြင်ကွင်းမျိုးကို နေသားတကျ ခေါက်ရိုးကျိုး မြင်ထားပုံ အချိုးမျိုးဖြင့်သာ ဘာမျှ အမြင်မဆန်းသည့်နှယ် အေးအေးဆေးဆေးပင် စကားပြောမပျက်ပဲ သူနှင့်အတူ ရှိနေခြင်းပါ။

''သေချာချ ဟာသံာ .. ဟိုတစ်ခါတုန်းကလို ဧည့်သည်ရှေ့မှာ ပန်းကန်လွတ်ကျ ဗိုက်စဉ်စေတာမျိုး မဖြစ်စေနဲ့ .. လက်ဘိုက မမြဲဘူး .. သေချာ ထား ..၊ ဟော .. ကြည့်စမ်း .. သဘောသီးဖျော်ရည်က နို့ဖောက်မွှေထားတာ နည်းနေတယ် .. ပြန်ယူ သွား.. နွားနို့ ထပ်ထည့် .. ဗလင်ဒါနဲ့ ထပ်မွှေ .. နှစ်ခွက်လုံး ပြန်ယူသွားစမ်း ဟာသံာ .. ငါ့နယ်နော် .. စိတ်ညစ်ပါရဲ့ .. ညည်းဟာလေ .. တစ်ခါတည်းနဲ့ အဆင်ချောအောင် မလုပ်ကိုင်တတ်တော့ဘူးလား .. ပြန်ယူသွား .. ပြန်ယူသွား ..''

အသံတင်းတင်းဖြင့် ငေါက်ဆတ်ဆတ်ပြောတော့ သူ ကြားထဲက မနေတတ် မထိုင်တတ် ဖြစ်လာသည်။ ဗစ်တိုးရီးယားမှ လူတွေနှင့် ရင်းနှီးဖို့ ကြိုးစားမည်ဆိုသည့် သူ့စိတ်ကူးတွေထဲမှာ ခုလို မိန်းကလေးတစ်ယောက်ကို သူ့ရှေ့မှာ ဆူတာ ငေါက်တာတွေ ဖြစ်လာမည့်ကိစ္စတွေ မပါခဲ့ ..၊ မတွေးခဲ့ ..။

ခုကျတော့ ဟာသံာ ဆိုသည့် မျက်နှာလေး အစဉ်ညှိုးဖျော့နေသည့် ကလေးမလေးကို သဟောက်သဟာမ်း လုပ်နေတာတွေ့ ငုတ်တုတ် ငြိမ်ကြည့်နေရသလို ဖြစ်နေပြီ ..၊ သူ မနေတတ်။ သူ့အတွက် ဧည့်ဝတ်ပြုရာကို ယူလာတာမို့ အဆူအငေါက်ခံရတာမျိုး ဖြစ်နေသည်ကိုးလေ ..။

''နေပါစေ .. နေပါစေ .. ကျွန်တော် နို့လည်း သိပ် မစ်ပျစ် မကြိုက်လှပါဘူး ..''



www.burmeseclassic.com

www.burmeseclassic.com



သူ ကမန်းကတမ်း လက်ကာ၍ တားတာမို့ ဟသ်ာ ခမျာ စားပွဲပေါ် တင်လုလု ဖန်ခွက်ကို ခင်ပြည့်စုံသာ ပြောသလို ပြန်သယ်မည်ပြုနေရာမှ ..။ ပြန်၍ စားပွဲပေါ် တင်မလို လုပ်ရှာသည်။

"သြော် .. ဟုတ် .. ဇည့်သည်ကတော့ အဲသလိုပဲ ပြောမှာပေါ့ ဟသ်ာရဲ့ .. အားနာနေမှာကိုး ..၊ ညည်းက အဲဒါ အကင်းမပါးဘဲ .. တကယ့်ကို အဲဒီ နို့နည်းနည်းနဲ့ သဘော်သီးဖျော်ရည်ကို ထားရစ်ခဲ့မလို့လား .. ညည်း ထုံအအ .. အူကြောင်ကြောင် ဖြစ်လွန်းတာကို ငါ စိတ်ညစ်ရပေါင်းလည်း များလှပြီ .. ငါ ပြောသလို နို့ သွားဖြည့်ခဲ့ .."

ခင်ပြည့်စုံသာ မျက်နှာကြီး မှုန်တင်းလာရင်း စိတ်ပျက်ပျက်ပုံဖြင့် ပြောလည်း ပြော .. လွှတ်ခနဲ စိတ်နောက်ကိုယ်ပါပုံဖြင့် ခေါင်းခေါက်ထည့်လိုက်တာကို သူ မြင်တော့ ပို၍ နေရကျပ်လာရပြန်၏။ ကောင်မလေးခမျာ ခေါင်းလေးပင် မပွတ်ရဲ ..၊ မျက်ရည်လေး လည်တက်လာနေရင်း အအေးခွက်ကို လင်ပန်းထဲ ပြန်ထည့်သည်။

လက်တစ်ဖက်က လင်ပန်းကို ကိုင်ထားလျက် ..၊ တစ်ဖက်က အအေးဖန်ခွက် ရှည်မျောမျောလေးကို ကိုင်၍ တင်ရတာမို့ ဘာဖြစ်လိုက်သည် မသိ ..။ ပထမအရင် တစ်ဖန်ခွက် ချတုန်းကတော့ ဘာမှမဖြစ်..။ ဒုတိယဖန်ခွက်ကို လင်ပန်းလေးပေါ် အတင်မှာ လက်ချော်သွားပုံဖြင့် ကြမ်းပေါ်ကျလည်း ကျ ..၊ ဖျော်ရည်တွေလည်း ပြန့်ကြဲ ..။ ဖန်ခွက်လည်း ကွဲနှင့် ဖြစ်ကုန်သည်။

သူ ရုတ်ခနဲ ထိုင်ချလိုက်မိကာ အလိုလို လုပ်မိသည်က ဖန်ခွက်ကွဲအစအနတွေကို လင်ပန်းထဲ ကောက်ထည့်ပေးလိုက်မိခြင်းပဲ ဖြစ်လေသည်။ ကောင်မလေး၏ လက်လေးတွေ တုန်နေသည်။ အလန့်လန့်ပုံလေးဖြင့် မော့ခနဲ ကြည့်သည်က သူ့ကို မဟုတ် ..၊ အိမ်ကြီးရှင် ခင်ပြည့်စုံသာ ၏ မျက်နှာလေးကိုပဲ ဖြစ်နေသည်။ အာရုံထဲမှာ ခင်ပြည့်စုံသာကို လန့်နေတာ တစ်ခုပဲ အုပ်စီးထားသည့်နှယ် ရှိနေ၏။





"ဟော .. ဧည့်သည်က လုပ်ကိုင် ကူနေရပြီ .. အားနာစရာတွေ ဖြစ်ကုန်ပါပြီ ဟသ်ာ ရယ် .. ညည်းဟာလေ .. ဘယ်ဟာန်းကမှ အချိုးကို မပြေတာ ခက်တယ် .. အဲဒါ ငါ စိတ်အပျက်ဆုံးပဲ .. ညည်းကိုတော့ ပြန်ပို့လိုက်တာပဲ ကောင်းမယ် ထင်တယ် .. ညည်းအမေအိုကြီး ဆေးဖိုးဝါးခ လိုနေသမျှ ညည်းလခနဲ့ အသက်ဆက်နေရသလို ဖြစ်နေလို့ .. ငါ .. ထောက်ထားပြီး ဒီအထိ သည်းခံပေးနေတာနော် .. ကဲ .. ကဲ .. အဝတ်စ သွားယူ .. ဖျော်ရည်တွေ သုတ် .. အစ်ကို့လက်တွေလည်း ညည်း ဖန်ခွဲစတွေ ကောက်ပေးရ ဘာရနဲ့ .. ဖန်ကွဲစမှာ ကပ်နေတဲ့ ဖျော်ရည်တွေ လူးကုန် ပေကုန်ရပြီ ..၊ ဟဲ့ .. ရေဇလုံလေး ယူလာခဲ့ .. လက်ဆေးရအောင်.. လက်သုတ်ပဝါလည်း မမေ့စေနဲ့.. ခုလည်း ကြည့်.. ဖျော်ရည် ယူလာတယ် .. လက်သုတ်ပဝါ ပါမလာဘူး .. အစကတည်းကိုက .. ထောင့်မစေ့ဘူး .. ဘာလုပ်လုပ် နောက်တစ်ခါ ပြန်ယူရတာတွေပဲ ဖြစ်နေတာ ခက်တယ် .."

ခင်ပြည့်စုံသာ ၏ ဗူးရှုရှုအသံအောက်မှာ ဟသ်ာ ခမျာ မျက်ရည်ကျနေရင်း ငြိမ်ခံနေသည်။ တစ်ခွန်းမျှ ပြန်မပြောရဲရှာ ..၊ လက်လေးတွေ တုန်နေရင်း ဖန်ခွဲစတွေ ကောက်နေရာမှ တစ်ချက် သွေးတွေ ရဲခနဲ လက်ခလယ်နေရာမှာ ဖြစ်လာတော့ သူ ရင်ထဲကို မကောင်းနိုင်တော့..၊ ခင်ပြည့်စုံသာ လည်း မြင်သည်ပါပဲ ..၊ ဒါပေမယ့် .. တစ်ချက်လေးသာမျှ လက်ကို ရေဆေးဖို့ ..၊ ဆေးထည့် ပတ်တီးစည်းဖို့ ပြောလာတာ မရှိ ..။

မျက်မှောင် ပိုကုတ်လာကာ ...

"နမောနမဲ့ နိုင်ကို နိုင်လွန်းတာပါလား ဟသ်ာ ရယ် .. ကဲ .. ပြီးအောင် အားလုံးသိမ်း .. နောက်တော့မှ ညည်း ဖန်ရှရာကို ဆေးထည့် .. အစ်ကို .. ခဏနော် .. ခင်ပြည့်စုံသာ ပဲ ကိုယ်တိုင် ဖျော်ရည် လုပ်လာပါ့မယ် ..၊ ခုလို .. ခင်ပြည့်စုံသာ တို့ဆီကို စရောက်တဲ့နေ့ ..



www.burmeseclassic.com

www.burmeseclassic.com



အသိ စဖြစ်ရတဲ့နေ့မှာ .. ဟံသာ ကြောင့် စိတ်အနှောင့်အယှက် အစ်ကို ဖြစ်ရတဲ့အတွက် ပြည့်စုံသာ အားနာပါတယ် အစ်ကို .."

ဟု ပြောကာ ထရပ်တော့ သူ လက်ကာ၍ ...

"နေပါစေ မခင်ပြည့်စုံသာ .. မသောက်တော့ပါဘူး ခင်ဗျာ .. နောက်တော့မှပဲ .. လာတဲ့အခါ .. စားပါ့ သောက်ပါ့မယ် .. မိုးထက်နေကိုလည်း မခင်ပြည့်စုံသာ လာလည်ပါ .. ဒါ .. ကျွန်တော့်ရဲ့လိပ်စာနဲ့ ဖုန်းနံပါတ်ကတ်လေးပါ .. ဖုန်းသာ ဆက်လိုက်ပါ .. မခင်ပြည့်စုံသာကို မိုးထက်နေမှာ ကျွန်တော်ကိုယ်တိုင် စောင့်ပါ့မယ် .."

သူ ပြောကာ သူ့ သားရေအိတ်ပြားလေးကို အိတ်ကပ်မှ ထုတ်ကာ လိပ်စာကဒ်လေးကို ထုတ်ပေးလိုက်ပါ၏။

"လိပ်စာကတော့ ရန်ကုန်က ပိတောက်မြိုင် လိပ်စာပါ .. ဖုန်းနံပါတ်ကတော့ .. ကျွန်တော့် ဟန်းဖုန်းနံပါတ်ပါ .."

ဟုလည်း ပြောကာ ထရပ်လိုက်ရရင်းမှ သနားစိတ်ဖြင့် ဟံသာကို တစ်ချက် ကြည့်မိသည်။ ကောင်မလေးခမျာ ဖန်စတွေအားလုံး ပြီးအောင် ကောက်နေသည်။ လက်ခလယ်မှာ သွေးတွေက မနည်း ..၊ စက်စက်ပေါက်ပေါက် ကျနေသည်အထိ ဖြစ်နေတာ မြင်တော့ ရင်ထဲကို မကောင်းနိုင် ..။ ဖြစ်နိုင်မည်ဆိုလျှင် ကောင်မလေး၏ ဒဏ်ရာကို သူ ဆေးထည့် ပတ်တီးစည်းပေးလိုက်ချင်သည်။

ခက်သည်က သူတစ်ပါး၏ အစေအပါးဖြစ်နေတော့ ဝင်ပါ၍ မကောင်း ..။

"နောက်ကို လာလည်ပါ အစ်ကို .. ဒီနေ့မှာ ဧည့်ဝတ်မကျေဘဲ ဖြစ်ကုန်ရတဲ့အတွက် ပြည့်စုံသာ တောင်းပန်ပါတယ် ..၊ အစ်ကို့ကို - ခြံတံခါးအထိ ပြည့်စုံသာ လိုက်ပို့ပေးပါ့မယ် .. ဒီနေ့မှာ ဖြစ်ခဲ့တဲ့ ဧည့်ဝတ်မကျေမှုကို အစ်ကို့ရင်ထဲမှာ စိတ်ထဲ မမျက်ဘူးဆိုရင် .. နောက်ထပ် လာလည်ပေးပါ အစ်ကိုရယ် .. နောက်ကို .. မိဟံသာ နဲ့ ဘာမှကို





ဧည့်ဝတ်ပြုစရာကိစ္စ မခိုင်းတော့ဘဲ ပြည့်စုံသာ ကိုယ်တိုင် လုပ်ပေးပါ့မယ် .."

သူ လျှောက်ရာဘေးမှာ ပါလာရင်း တတွတ်တွတ် တောင်းပန်နေပါသည့် ခင်ပြည့်စုံသာ ကို ကြည့်ကာ ...

"မတော်တဆဖြစ်တဲ့ကိစ္စမှာ .. ဟံသာ ရဲ့ လက်လေးတွေပဲ ထိခိုက်ဒဏ်ရာ ရသွားရတာပါဗျာ .. ကျွန်တော် ဘာမှ စိတ်မျက်စရာ မရှိပါဘူး .. ခုလို ဟံသာ ခံစားရတာ မြင်တော့ .. စိတ်ထဲ သနားမိတာပါပဲ .. သူက ကြောက်တတ်ပုံရတယ် မခင်ပြည့်စုံသာ .. ကြောက်ရင်းနဲ့ပြီး လွတ်ကျတာတွေ ဖြစ်ကုန်ပုံရတယ် ဗျ .."

ဟု ပြောလိုက်ချင်သည်။ ဒါပေမယ့် မပြောဖြစ် ..၊ ခုမှ စတွေ့သည့်နေ့ .. သူများအိမ်က ဟံသာ ကိစ္စ .. သူ ဝင်ပါ၍ မကောင်း ..။ ပြုံး၍ ခေါင်းယမ်းပြရုံပဲ သူ လုပ်လိုက်ရကာ ...

"ကျွန်တော် .. လာပါ့မယ် မခင်ပြည့်စုံသာ .. မိုးထက်နေကိုလည်း လာစေချင်ပါတယ် ခင်ဗျာ .."

ခုထိ သူ့ရင်ထဲမှာ စွဲကပ်နေသည့် ဇစ်တိုးရိုးယားကို ပြန်ဝယ်လိုသောသည် နောက်မဆုတ်ချင်ဘဲ ဖြစ်နေဆဲပေမို့ .. ခင်ပြည့်စုံသာ နှင့် ရင်းနှီးမှု ပိုလာလေလေ .. ပြန်ဝယ်ယူနိုင်ခွင့် သူ့မှာ ပိုရလာလေလေဟု သိနေရသည်လေ။

ဒါကြောင့်လည်း ဇစ်တိုးရိုးယားသို့ .. လာပါ့မည်ဟု ကတိပေးခြင်း ..၊ ထိုကတိသည်လည်း တည်ကို တည်မည်သာ ..။

ခြံဝရောက်သည်အထိ ခင်ပြည့်စုံသာ လိုက်ပို့သည်။ ခြံဝမှာ ရပ်၍ သူ တစ်ချက် အိမ်ကြီးဘက်ကို ကြည့်မိရပါ၏။ ကောင်မလေးခမျာ အိမ်ကြီးထဲမှာ ခုထိ အနာကို ဆေးထည့်နိုင်ဦးမှာ မဟုတ် ..၊ ဘာကြောင့်ဆို .. ဖျော်ရည်တွေ ဖိတ်စဉ် စွန်းထင်းနေသော ကြမ်းပြင်ကို အရင်ဆုံး အဝတ်ဖြင့် ပွတ်သုတ်သန့်စင်ရမည်ဟု ခင်ပြည့်စုံသာ က ခိုင်းထားတာ



www.burmeseclassic.com

www.burmeseclassic.com



မို့ .. ခု လောက်ဆို .. သွေးစက်လက်ဖြင့် ရှိနေသော လက်ချောင်းလေးကို ကြမ်းတိုက်သန့်စင်သည့်အလုပ်တွေ ခိုင်းနေရချေမည်သာ။ ရင်ထဲမှာ ပို၍ သနားစိတ် ဖြစ်လာရပြန်၏။ သူ့ဘဝမှာ .. ဟသ်ာ ဆိုသည့် ကောင်မလေးသည် .. သနားစရာပုံရိပ်လေးတွေဖြင့် စတင်၍ တိုးဝင်လာခြင်းပေပဲဟု သူ့ဘာသာသူလည်း သတိထားမိလာရပြန်ပါသတည်း။

ဖြစ်နိုင်မည်ဆိုလျှင် ကောင်မလေးကို မိုးထက်နေဟိုတယ်မှာ အလုပ်တစ်ခု ပေးထားလိုက်ချင်သည်။ ဒါမှ ...မာကျောကျော ခင်ပြည့်စုံသာ ၏ အဆူအငေါက်တွေ၏ဒဏ် လွတ်ချေမည်တည့် ...။ ဒါပေမယ့်.. ဗစ်တိုးရီးယားမှ ဟသ်ာ ကို သူက မိုးထက်နေသို့ ခေါ်ထားလိုက်လျှင်.. သူများ အစေအပါးကို ခေါ်ထုတ်သွားသလို ဖြစ်ကုန်မှာမို့ .. ခင်ပြည့်စုံသာ သူ့အပေါ် အမြင်ကြည်မှာ မဟုတ် ...။ စိတ်မျက်မှာလည်း သေချာသည်။

ဒါဆို .. သူ .. ဗစ်တိုးရီးယားကို ပြန်ဝယ်ခွင့်လည်း ရတော့မှာ မဟုတ် ..၊ သူ့အတွက် အရေးကြီးသည်က ဗစ်တိုးရီးယားကို ပိုင်ဆိုင်ဖို့ပဲ ဖြစ်ချေသည် .. ဟု စိတ်ကို ကြပ်ကြပ် သတိပြန်ပေးနေရသည်အထိ ဟသ်ာ အပေါ် သနားသည့်စိတ်က အတော်ကြီး သူ့အပေါ် လွှမ်းမိုးနေချေသည်တကား။





ဖြင်းသော အဆိပ်
မြားထိပ်ဖူးမှာ ဆွတ်လူး
ပစ်လွှတ်ဖူးသော ကာလ
တစ်ခါဆိုမှ တစ်ခါ
မင်းအတွက်သာ ဖြစ်ရလိမ့် ...။

ခံပြင်းခြင်းမှာ အရင်းခံ
မာနကို ဆန့်တက်သည့် ကျိုအဆိပ်
မုန်းတီးခြင်း၏ ထိပ်ဖျား
စိတ်စွမ်းအားဖြင့် ရောက်ခဲ့ရ ...
မင်းရဲ့ ဘဝတစ်ခုလုံး
ကြေမွ ပျက်ပြုန်းအောင် ရိုက်ချိုး
ပိုင်းပိုင်းစစ ကျိုးကျေစေသူဟာ
ငါသာလျှင် ဖြစ်ရလိမ့် ...။

မင်းဘဝမှာလေ ....
နှလုံးသား သေနေတဲ့လူ
မျက်ရည်မြှုဖြူထက်မှာ
သွေးစက်စက်ကျရင်း
အဆိပ်ဖြင်းဖြင်းရဲ့ဒဏ်
လူးလဲအောင် ခံစားလျက်
ငါ့အတွက် ဆပ်ရမည့်အကြွေး
မင်းအသက် မသေသေးသရွေ့
တမြေ့မြေ့ အရှက်သည်းစွာ
(ငါ့အား ...)
ပေးဆပ်ကာ နေရလိမ့် ...။
ဩော် ...
ပေးဆပ်ကာ နေရလိမ့် ...။





www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅)

"ရွှေအိမ် ရယ် .. တကယ့်ကို ခုထိ ဖျော်ရည်တွေ ဆက်သုတ်နေတာကိုး .. ဖယ် .. ဖယ် .. ထူးထူး လုပ်မယ် .."

ထူးထူး က ရွှေအိမ် ထက် နှစ်နှစ်လောက် ကြီးသည်။ ငယ်ကတည်းက တူတူနေခဲ့ကြတာမို့ အိမ်ဖော်ဆိုတာထက် ညီအစ်မဆန်သော ဆက်ဆံရေး ရှိခဲ့ကြတာမို့ .. ဇစ်တိုးရီးယား စည့်ခန်းကြမ်းပြင်ထက်မှာ ဒူးလေးထောက်၍ ဖျော်ရည်ပျစ်ပျစ်တွေကို သုတ်နေပါသည့် ရွှေအိမ့် ဘေးမှာ ထူးထူး ထိုင်လိုက်ကာ မျက်နှာပျက်ပျက်ဖြင့် ပြောလည်း ပြော ..၊ ရွှေအိမ်သူ ၏ လက်ထဲမှ အဝတ်စကို ယူလည်း ယူနှင့်ဖြစ်လိုက်ရသည် ပါပဲ ..။

ထူးထူး ဆိုတာက မြရတနာစံအိမ်ရှိ ဒရိုင်ဘာ လေးလေးစံ ၏ တူမဖြစ်ကာ .. မိဘမဲ့ ထူးထူး ကို လေးလေးစံ မှ ရွှေအိမ်သူ အတွက်လည်း အဖော်ရ ..၊ ဒေါ်ကြီးစာန အတွက်လည်း ကူဖော်လောင် ဖက်ရအောင် ..။ ထူးထူး လည်း လုံလုံခြုံခြုံ ရှိရအောင် .. တူတူခေါ်ထားခွင့်ပြုပါဟု ဦးထက်လူ ထံမှာ ခွင့်တောင်းခဲ့ရာမှ .. ထူးထူး ခြောက်နှစ်သမီးအရွယ်ကတည်းက မြရတနာသို့ ရောက်ခဲ့ရပါသည့်အဖြစ် ..၊ အခု ထူးထူး နှစ်ဆယ့်သုံးနှစ်အရွယ် ရောက်ပြီ ..။





ဆယ်တန်းဖြေပေမယ့် မအောင်နိုင်လွန်းတာနှင့် ပညာသင်သည့်ကိစ္စ တန့်သွားရပေမယ့် .. မြရတနာမှာတော့ တူမ သားချင်းတစ်ယောက်ပမာ ဆက်နေဖြစ်နေရသည်ပါပဲ။ ပြီးတော့ အသက်လေးအတန်မျှ ထောက်လာပြီဖြစ်သည့် ဥယျာဉ်မှူး ဘဘညို နှင့် ထမင်းချက်ဒေါ်ကြီးစာန တို့အတွက်ကလည်း ထူးထူး ဆိုတာက မရှိမဖြစ်။ ဥယျာဉ်မှာလည်း ထူးထူး လိုက်၍ လုပ်ကိုင်ကူသည်။ အိမ်မှုကိစ္စဆိုဘာကတော့ဖြင့် ဒေါ်ကြီးစာန မှ တစ်ချိန် လုံးဝလက်လွှဲထားရသည်အထိ အချက်အပြုတ် ကျွမ်းကျင်နေသည်တည့်။

ခုကျတော့ ဘဘညို နှင့် ဒေါ်ကြီးစာန ဆိုတာက ဇစ်တိုးရီးယားမှာ သူဌေးလင်မယား လာဖြစ်နေရလျက် ..၊ ထူးထူး ကလည်း ခင်ပြည့်စုံသာ ဆိုသည့် သူဌေးမလေး ဖြစ်နေရာ ..၊ ဖူးဖူးဥဥလေး ရှိပါသည့် ရွှေအိမ်သူ ကဖြင့် အစေအပါး ဟသ်ာ ဖြစ်နေရချေသည့်ဘကား။ ဤသည်ကလည်း .. ရွှေအိမ်သူ ၏ အစီအစဉ်တွေချည်း ဖြစ်နေသည်။

"အဲဒီလူ – ခြံပြင် မထွက်သေးပဲ .. တစ်ခုခု အကြောင်းပြုပြီး ပြန်လှည့်ဝင်လာမှာကို စိုးရိမ်လို့ အိမ်သူ ခုလို ဆက်ပြီး ဖျော်ရည်တွေ သုတ်နေတာပါ ထူးထူး .."

ရွှေအိမ်သူ ၏ မျက်ဝန်းတွေ လက်တောက်နေသည်၊ စောစောက ထူးထူး မြင်ခဲ့ရသည့် ဟသ်ာ ဆိုသည့် ကောင်မလေးတစ်ယောက်၏ မျက်နှာမျိုး မဟုတ်တော့ပြီ ..။ ဟသ်ာ ဆိုတာက မျက်နှာလေးညှိုးဖျော့ ငယ်နေသော ..၊ ခုဂျတော့ ဟသ်ာ ဆိုသည့် အမည် သစ်တစ်ခုကို ခံ ယူလျက် အနှိမ်ခံအိမ်ဖော်အဖြစ် နေရာယူထားပါသည့် ရွှေအိမ်သူ ၏ မျက်နှာထက်မှာ နာကြည်းသော ခံစားချက်ပြင်းပြင်းတွေ၏ ပုံရိပ်တွေအဖြစ် လက်တောက်စူးရသည့် မျက်ဝန်းတွေဖြင့် ...။

မျက်နှာလေးကလည်း တင်းနေသည် ..၊ မာကျောနေသည်။

ထူးထူး သက်ပြင်းရှိုက်ကာ ရွှေအိမ်သူ ကို ဆွဲထူရ .. နောက်ဘက်

www.burmeseclassic.com



က ထမင်းစားဆောင်ရှိ ဘောစင်မှာ ရေစက်ကိုဖွင့်ကာ ရွှေအိမ်သူ ၏ လက်ကို စင်အောင် ဆေးကြောပေးရ ..၊ ဖန်ခွက်ကွဲရှဒဏ်ရာကို ဆေး ထည့်ရ ..။ ဆေးပလတ်စတာလေး ကပ်ပေးရနှင့် ရှိသွားရသည်ပါပဲ..

"ဖန်ခွက်မှန်စ ရှတဲ့ ဒဏ်ရာကလည်း နက်တယ် ရွှေအိမ်လေး ရယ် .. ရင်ထဲ မကောင်းလိုက်တာ .. အကယ်၍ ဒီလို ဒဏ်ရာကို ရ ဖြစ်မယ်လို့ ရွှေအိမ် စိတ်ကူးရမိတယ်ဆိုရင်တောင်မှ တော်တော်တ တန်လောက်ပဲ ရှုပါစေလားဟယ် .. ခု ကြည့်စမ်း .. ဒဏ်ရာက နက် တယ် .. ဖန်စကို လက်ချောင်းလေးတဲ နှစ်ဝင်အောင် တမင်ဖိပစ်တာ မဟုတ်လား .. ထူးထူး မှာဖြင့် .. ရွှေအိမ် ပြောထားသလို .. သင်ထား သလို .. လေ့ကျင့်ပေးထားသလို .. လိုက်လိုက်လုပ်ပေးနေရပေမယ့် သူဋ္ဌေးမလေး ခင်ပြည့်စုံသာ ဆိုတာကြီး လုပ်ရတာ ရင်ထဲ မလုံလိုက် တာကွယ် .. ခင်ပြည့်စုံသာ ရဲ့ မိဘသူဋ္ဌေးတွေ လုပ်ပေးရမယ့် ဘဘ နဲ့ ဒေါ်ကြီးစာန တို့မှာဖြင့် .. ဝတ်ကောင်းစားလှတွေ ဝတ် .. ရွှေ ဘာတွေ .. စိန်တွေဘာတွေနဲ့ ရှိနေရသမျှ .. အောက်ထပ်တောင် ဆင် မလာရဲဘဲ ငြိမ်နေကြတာ သိရဲ့လား .."

ဘဘသို လည်း သူဋ္ဌေးကြီး ဦးမျိုးသက် ဖြစ် ..၊ ဒေါ်ကြီးစာ လည်း သူဋ္ဌေးကတော် ဒေါ်ခင်ထား ဖြစ်နှင့် အားလုံးကို ဇာတ်ကြော ဖန်တီးသူသည် ရွှေအိမ်သူ ပဲ ဖြစ်လေသည်။

အထူးသဖြင့် သတိုးနေခ ဆိုသူနှင့် တစ်နည်းနည်း ဆုံဖြစ်ကြ ရှိလာခဲ့လျှင် ခင်ပြည့်စုံသာ ဆိုတာ အိမ်ဖော် ဟသာ အပေါ်မှာ အရမ်း ရက်စက်နိုင်းစေတတ်သူအဖြစ် နေပြဖို့ ရွှေအိမ်သူ အမိကထား၍ ထားသည်လေ ..။

တကယ့်ကိုပင် တိုက်ဆိုင်စွာ ဤနေ့မှာ သတိုးနေခ သည် ဆို ဆိုက်မြိုက်ဖြိုက် ဗစ်တိုးရီးယားသို့ ကိုယ့်စရိတ်နှင့်ကိုယ် ရောက် လာပါ၏။





"အရင် နှစ်ရက်လောက်ကတည်းက သတိုးနေခ ဆိုတာကို ထူး ထူး မြင်ဖူးအောင် .. ဟိုတယ်နဲ့ မလှမ်းမကမ်းမှာ ကားကို မှန်ချထား ပြီး .. ထူးထူး ကိုလည်း သေချာမှတ်မိအောင် ကြည့်ခိုင်းခဲ့တာ မဟုတ် လား .. မိုးထက်နေဟိုတယ်ကနေပြီး မာစီးဒီးကားနက် ကြီး ကိုယ်တိုင် မောင်းထွက်လာတတ်တဲ့ သတိုးနေခ ဆိုတာကို .. တစ်ရက်ပြီးတစ်ရက် နှစ်ရက်လောက်ကို စောင့်ကြည့်ခဲ့ပြီးမှ .. ဗစ်တိုးရီးယားကို ပြောင်းလာ ကြရတာ .. ဒါပေမယ့် .. ဒီနေ့မှာ တကယ့်ကို အဲဒီလူ ရောက်လာလိမ့် မယ်လို့တော့ မမျှော်လင့်ထားမိဘူး ရွှေအိမ် ရယ် .. ခု .. သူ ရောက်လာ တော့ ထူးထူး မှာဖြင့် ရွှေအိမ့် အပေါ် မာရေကျောရေတွေ ပြောရဆိုရ နဲ့ လုပ်ပြခဲ့ရပြီ ..၊ ဖြစ်နိုင်ရင်တော့ အဲဒါတွေ မလုပ်ချင်ပါဘူး ရွှေအိမ်.. သူချမ်းသာလို့ ညာရတာက တစ်မျိုး .. ရွှေအိမ့် အပေါ် အရမ်းကို တင် ဘင်စီးစီး လုပ်ပြရတာ တစ်မျိုး .. အဆိုးဆုံးက ရွှေအိမ့် ကို လုပ်ပြနေရ တဲ့ကိစ္စပဲ .. နိုင်ထက်စီးနင်း လုပ်ရလေလေ .. ရင်ထဲ ထိလေလေပဲ ရွှေအိမ် ရယ် .. အဲဒါကို ဆက်ပြီး မလုပ်ရက်နိုင်တော့ပါဘူး .. ရင်ထဲ ထိခိုက်လွန်းလို့ပါ .."

ထူးထူး မျက်ရည်ကျလာရင်း ပြောတော့ ရွှေအိမ်သူ သက်ပြင်း ချိုက်သည်။

ထူးထူး ကို မျက်ရည်သုတ်ပေးသည်။ ပြုံး၍ ကြည့်သည်။ ရွှေအိမ့် ကို ချစ်လွန်းသည့်စိတ်ဖြင့် ထူးထူး မှာ ရင်ထဲ ထိခိုက်နေရတာ သိနေရ သည်မို့ ...

"တကယ်က .. အဲဒီလူရှေ့မှာ ရွှေအိမ့် ကို ထူးထူး ရက်စက်ပြလေ လေ .. သူက ရွှေအိမ့် ကို သနားလေလေ ဖြစ်မှာပေါ့ ထူးထူး ရယ် .. အဲဒါကို .. ရွှေအိမ် အရင်ဆုံး သူ့ဆီက ပိုင်ဆိုင်ချင်တာ ..၊ ထူးထူး လုပ်ချင်တဲ့ အဲဒီ ရက်စက်တဲ့ အမူအရာတွေကို .. အကြာကြီးလည်း လုပ်ရမှာ မဟုတ်ပါဘူး ထူးထူး ရယ် .. အချိန်အတိုင်းအတာ တစ်ခုထိပဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးရမှာပေါ့ .. ထူးထူး က ဟသ်ာ ကို ရက်စက်ပြလေလေ .. ရွှေအိမ့် ကို ကူညီပေးလေလေပဲ ဖြစ်နေတယ်ဆိုတာကို မမေ့လိုက်နဲ့နော် .. ကဲ .. ရွှေအိမ် အပေါ်ထပ်မှာ ခဏနားမယ် .. အလုပ်သမားတွေ ထမင်းဆိုင်မှာ ထမင်းဝယ်စားပြီး ပြန်ရောက်လာကြတဲ့အခါ .. အားလုံး လိုအပ်တာတွေ ခင်းကျင်းနိုင်းထားလိုက်ပါ .. ရွှေအိမ့် အတွက် ကော်ဖီ ပူပူလေး တစ်ခွက်လောက် ဖျော်ပေးပါလား ဟင် .. ရွှေအိမ် ကိုယ်တိုင် မဖျော်ဖြစ်တာက .. စိတ်ပင်ပန်းလွန်းလို့ပါ ..''

မြရတနာမှာ ရွှေအိမ် ဆိုတာက ကော်ဖီသောက်ချင်လည်း ကိုယ်တိုင် ဖျော်သောက်တတ်သူပါ။ ခုကျတော့ .. ရင်ထဲ မောနေတာမို့ ဖျော်ပင် ဖျော်ချင်စိတ် မရှိဘဲ ဖြစ်နေသည်။ လူတစ်ယောက်ရှေ့မှာ အသနားခံ ဟသ်ာ အဖြစ် ရှိရအောင် ကြိုးစားသရုပ်ဆောင်ခဲ့ရခြင်းသည် လွယ်တော့ မလွယ် ..၊ ဒါပေမယ့် .. ခံပြင်းသောစိတ်နှင့် မာနတို့ဖြင့် ရွှေအိမ်သူ သည် မိဟသ်ာ တော့ ဖြစ်ခဲ့ရပြီ ..။ မိဟသ်ာ အဖြစ် အ အပြင် သရုပ်ဆောင်ရခြင်း၏အဆုံးမှာ သတိုးနေခ ဗစ်တိုးရီးယား ပြန်သွားလိုက်ချိန်ကျတော့မှ ပန်းဟိုက်စွာ ကျန်ခဲ့ရခြင်းဖြင့် ရှိခဲ့ရခြင်းပါ

ရွှေအိမ်သူ အပေါ်ထပ်သို့ တက်ခဲ့သည်။ ရွှေအိမ့် အခန်းသည် မိုးထက်နေဟိုတယ်ကြီး ရှိရာဘက်ခြမ်းမှာ မရှိစေရ ..၊ ရောက်ကြ ဘက်မှာ ရှိနေစေရသည်။ မိုးထက်နေဟိုတယ်ကြီးဆီမှ လှမ်းလင့်ကြည့် လျှင် ရွှေအိမ်သူ ၏ အခန်းပြတင်းလေးတွေကို မမြင်စေရ ..၊ ဒါပေမယ့် မိုးထက်နေဟိုတယ်ကြီးကို စောင့်ကြည့်နိုင်မည့် ပြတင်းပေါက်ကဖြ စာကြည့်ခန်းတစ်ခန်း၏ ပြတင်းပေါက်ကြီးအဖြစ် မိုးထက်နေဟိုတ ဘက်ကို မျက်နှာမူ၍ ရှိနေစေရပါလိမ့်မည်။

ထို ပြတင်းအနီးမှာ ရပ်၍ မိုးထက်နေဟိုတယ်ဆီမှ သူဌေးလေ သတိုးနေခ ကို တိတ်ဆိတ်စွာ စောင့်ကြည့်နေသည့်သူသည်လည်း ရွှေ အိမ်သူ ပဲ ဖြစ်နေပါလိမ့်မည်။





ခင်းကျင်းရခြင်း မရှိသေးသော ခုတင်အိုကြီးတစ်လုံးကို ရွှေအိမ်သူ ငေးစိုက်ကြည့်နေမိရပါ၏။

ဤအခန်းသည် ဘွားမယ်လှ မှ ဗစ်တိုးရီးယားသို့ ရောက်လာမည့် ဧည့်သည်တွေအတွက် ထားပါသည့်အခန်းဟု သိခဲ့ရသည်။ ဤသည်က လည်း အိမ်ကြီးကို ဝယ်ပြီးချိန်မှာ စိတ်လိုလက်ရဖြင့် တစ်ခန်းဝင် တစ်ခန်းထွက် ဘွားမယ်လှ လိုက်၍ ရှင်းပြခဲ့၍ပါ။ ဘွားမယ်လှ ၏ စာကြည့်ခန်းသည်လည်း စာအုပ်များနှင့်အတူ ဗစ်တိုးရီးယားမှာ ကျန် ရစ်ခဲ့ပါ၏။ ဘွားမယ်လှ က ထိုငီရိုကြီးများထဲမှ စာအုပ်များသည် သက်ကြားအိုတစ်ယောက်ထံမှာ ရှိနေခြင်းထက် ရွှေအိမ်သူ လို ငယ်ရွယ် ထက်မြက်သော မိန်းကလေးတစ်ယောက်ထံမှာ ကျန်ရစ်ခဲ့ခြင်းက ပို၍ သင့်တော်မည်ဟု ပြောခဲ့သည်တည့် ..။

ပြတင်းအနီးမှာ ရွှေအိမ်သူ သွားရပ်မိပြန်သည်၊ ပြာလွင့်သော ကောင်းကင်ပြင်ထက်မှာ ဝန်းဝန်းဖားဖား ရှိသော ကြာရွက်တို့သည် စိမ်းမြမြ ဖြင့် တပြန့်တလျား ရှိ၏။ ပြီးတော့ .. ကြာပန်းတွေလည်း ပွင့်နေကြ သည်။ မြင်ကွင်းသည် လှပအေးမြစေမည့် မြင်ကွင်း ..၊ ဒါပေမယ့် .. ရွှေအိမ့် ရင်သည် မအေးမြနိုင်ဘဲ ဖြစ်နေသည်။ ခံပြင်းခြင်းသည် မာန တရားကို မြင့်သည်ထက် မြင့်စေလျက် ..။ ထိုမာနသည် ခံပြင်းခြင်းနှင့် အတူ မွေးယှက်ကာ ကလဲ့စားဆိုသည့် အရာတစ်ခုကို ဖောတင်ဖြစ်နေ စေသည်မို့ .. ရင်သည် လောင်မြိုက်ပန်းဟိုက်နေတာအမှန် ..၊ နာကြည်း ဘေးမှတ်ခြင်းသည် မတန့်နေဘဲ တုံ့ပြန်ရက်စက်လိုခြင်းဆိုသည့်ဖောကို ဖြစ်တည်စေခြင်းသည် ရင်ကို ပန်းဟိုက်စေတတ်ကာ ရွှေအိမ် ကိုယ် တိုင်ကိုယ်ကျ ခုမှ ခံစားပေးနေရခြင်းပါ ..။

''ဘယ်လောက်ပဲ ရင်ကို ပင်ပန်း လောင်မြိုက်ပါစေ .. အဲဒါကို ပါ ကြံ့ကြံ့ခိုင်ခိုင် ခံနိုင်အောင် ကြိုးစားယူနိုင်ပါတယ် .. အဲဒီ သတိုးနေခ ရဲ့ မိန်းမသားတစ်ယောက်အပေါ် မာနကို ရိုက်ချိုးခဲ့တဲ့ နိုင်ထက်စီးနင်း



www.burmeseclassic.com

ဆန်ခွဲကို .. ငါ ငြိမ်သက်ခံယူရင်း တိတ်တဆိတ်ကျန်ရစ်ခဲ့ရတဲ့ ဘဝမျိုးကိုတော့ ငါ့ဘဝမှာ အဖြစ်မခံနိုင်ဘူး ..၊ ငါ့ကို ငြင်းဆန်ခဲ့တဲ့ လူတစ်ယောက်ကို ငါက သူ့မျက်နှာ စေ့စေ့ကြည့်ပြီး ပြန်ငြင်းဆန်ပြတဲ့အခါမှာ .. သူ့မာနတွေလည်း ကျိုးကျေခဲ .. ကျန်ခဲ့ရမှာပဲလေ ..၊ သူက .. ရွှေအိမ်သူ ဆိုတာ .. သူပြောသမျှကို ခေါင်းငုံ့ခံပြီး အရှုံးခံ ကျန်ခဲ့မယ့် မိန်းမတစ်ယောက်လို့ ခပ်ပေါ့ပေါ့ ထင်ထားခဲ့တာကိုက မှားတာပဲ ..''

အံကြိတ်လိုက်မိသည်က ကျိုခနဲ သွားချင်း ကြိတ်မိသည်အထိပါ။

''ငါကိုယ်တိုင်ကလည်း အိမ်ထောင်ရေးကိစ္စတွေကို စိတ်မဝင်စားနိုင်တဲ့ ရွှေအိမ်သူ ဖြစ်နေတာပါပဲ .. သူ လက်မထပ်လို့ ဝမ်းနည်း ကျန်စရာ မရှိပါဘူး .. ဒါပေမယ့် .. ငါ့မာန .. ပြီးတော့ .. မိန်းမသားတစ်ယောက်ရဲ့တန်ဖိုးကို ချိုးချေတဲ့ အတ္တခပ်ကြီးကြီးလူတစ်ယောက်ကိုတော့ အရှုံးမပေးနိုင်တဲ့ ရွှေအိမ်သူ ပဲ ဖြစ်နေရမယ်လေ ..''

စိတ်သည် တစ်ဆန့်တလျား ပြေးနေဆဲ ..၊ ကျန်ခဲ့ရာ ရက်များဆီသို့လည်း ရောက်သည်။ လက်ရှိအချိန်ကိုလည်း ပြန်လှည့်လာတတ်သည်။ အတွေးသည် ခေါက်တုံ့ခေါက်တင် ရှေ့နောက်ပြန် ပြေးနေသည့်အဖြစ် ..။

သတိုးနေခ ဆိုတာ လှိုင်ခမ်းမော်မြို့ရှိ မိုးထက်နေဟိုတယ်သို့ သွားမည်ဆိုတာတွေ ရွှေအိမ်သူ သိခဲ့ရသည်က အန်ကယ် ဦးမိုးပြည့် မှ ဖေဖေ့ကို ကိုယ်တိုင်လာ၍ တောင်းပန်ခဲ့သည့် စကားထဲမှာ ပါလာသည့်အတွက်ပါ။ သားမိုက်ကြောင့် ဖခင်တစ်ယောက်အနေဖြင့် မျက်နှာပျက်ရပါကြောင်းကိုလည်း တောင်းပန်ခဲ့သည်တဲ့ ..၊ မျက်စိရှေ့မှာမြင်နေရလျှင် ဒေါသဖြစ်ရလွန်းသည်မို့ .. မျက်စိကွယ်ရာ ရောက်နေဖို့အတွက် လှိုင်ခမ်းမော်ရှိ မိုးထက်နေသို့ သွားခိုင်းလိုက်သည်တဲ့ ..။ ထိုသို့ ဖေဖေ့ကို အန်ကယ်ဦးမိုးပြည့် မှ ပြောခဲ့လေသမျှ .. ဖေဖေကလည်း ရွှေအိမ့် ကို ပြန်ပြောပြသည်လေ ..၊





ဤသည်က လွန်ခဲ့သည့် နှစ်ဆယ့်လေးရက်က ဖြစ်ခဲ့သည့် အဖြစ်များ ..။ အန်ကယ်ဦးမိုးပြည့် မှ ရွှေအိမ့် ကို ကိုယ်တိုင် တောင်းပန်ချင်ပေမယ့် ရွှေအိမ့် ကို မကြည့်ရဲ .. မပြောဝံ့ဖြင့် အားနာရလွန်းသည်မို့ မတွေ့တော့ပါဟု ဖေဖေ့ကို ပြောခဲ့ချေသမျှလည်း ဖေဖေ ပြန်ပြောပြ၍ ရွှေအိမ် သိခဲ့ရသည်ပါပဲ ..။

''အန်ကယ့်ကို ငါ မမုန်းပါဘူး .. သူ့ခမျာ .. သနားစရာပါ .. သားလုပ်သူ အသုံးမကျတဲ့ဒဏ်ကို အဖေက ခံရတာ .. အန်ကယ်ဟာ ဘကယ့်ကို စိတ်ရင်းကောင်းတဲ့သူဆိုတာ ငါ သိနေတာပဲ .. စိတ်ထားလည်း အေးချမ်းတဲ့သူပါ .. ဒီလောက် စိတ်ထားအေးချမ်းပြည့်ဝတဲ့ လူတစ်ယောက်မှာ ဒီလောက်ထိ အတ္တကြီးတဲ့ သားတစ်ယောက် ရှိနေတာကိုက .. အံ့သြစရာပဲ ..''

ရွှေအိမ် ဆက်၍ တွေးနေမိရဆဲပါ ..၊ လွန်ခဲ့သော နှစ်ဆယ့်လေးရက်က ဖြစ်ခဲ့သော ထိုအဖြစ်၏နောက်မှာ .. ရွှေအိမ် ခရီးခဏထွက်လိုပါသည်ဟု ဖေဖေ့ထံ ခွင့်ပန်ကာ ကိုယ်တိုင် ကားမောင်း၍ တစ်ယောက်တည်း ခရီးထွက်ခဲ့စဉ်တုန်းက ဖေဖေ မတားခဲ့ပါ ..။ စိတ်ရှုပ်ထွေးနေချိန်မှာ ခရီးထွက်လိုက်ခြင်းသည် ရွှေအိမ့် အတွက် ဦးနှောက်တွေကို ဆေးကြောကြည်လင်စေနိုင်လိမ့်မည်ဟု ဖေဖေ ထင်ခဲ့သည်လေ..။

ဒါပေမယ့် .. ရွှေအိမ် ရောက်ခဲ့သည်က လှိုင်ခမ်းမော် ဖြစ်နေသည်။ နဒီ ဆိုသည့်ဟိုတယ်မှာ ရွှေအိမ် တည်းခိုသည်၊ ရွှေအိမ် စီးလာသည့် ပရာဒိုကားကို ဟိုတယ်မှာ ချန်ခဲ့ကာ .. ဟိုတယ်ရှိ စင်းလုံးငှားလှေ့န်းတစ်စီးကို ကိုယ်တိုင်မောင်း၍ မိုးထက်နေဟိုတယ်၏ မျက်နှာစာလမ်းမကြီး၏တစ်ဖက် သစ်ပင်ရိပ်အောက်မှာ ကားကို ထိုးရပ်ကာ မှန်အပြည့်တင်၍ အဲကွန်းဖွင့်ပြီး နေခဲ့သည်ကိုက .. ရွှေအိမ် စောင့်ကြည့်ရသည့် လူတစ်ယောက်ကြောင့်ပဲ ဖြစ်ပါ၏။ ထိုသူသည် သတိုးနေခ ဆိုသည့် လူတစ်ယောက်ပဲ ဖြစ်ကာ .. ဘယ်တုန်းကမှ မမြင်ဖူးခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



သတိုးနေခ ဆိုတာကို မြင်ဖူးအောင် စောင့်ကြည့်ဖို့အတွက် အချိန်တွေကို ရင်းနှီးခဲ့ရသည်။

ရွှေအိမ်သူ ၏ အလုပ်တွေအားလုံးကို မေ့ထားခဲ့ရသည်။ ချန်ထားခဲ့ရသည်။ သုံးရက်ဆက်တိုက်မျှ ထိုသို့ ရွှေအိမ် ကြည့်ခဲ့ခြင်းပါ။ တစ်နေ့မှာ ငှားစီးသည့် စလွန်းသည် နောက်တစ်နေ့မှာ အခြားတစ်စီးအဖြစ် ပြောင်းသွားခဲ့ရကာ .. ရပ်နားစောင့်ကြည့်ရာ သစ်ရိပ်သည်လည်း ပုံသေ မဖြစ်နေဘဲ .. ဤသစ်ရိပ်မှာ တစ်နေ့ ..၊ အခြားသစ်ရိပ်မှာ တစ်နေ့ .. ရှိနေစေခြင်း ..။ နေ့တိုင်း သေချာစောင့်ကြည့်တာမို့ .. မနက်မှာ ထရက်ဆွတ်ဖြူလေးဝတ်ကာ ဟိုတယ်မှ ကျန်းမာရေးသဘော ခပ်မှန်မှန် ပြေးထွက်လာသည့် လူပုံချောတစ်ယောက်ကို စတင်၍ ရွှေအိမ်သူ မြင်မြင်နေခဲ့ရာမှ .. ဟိုတယ်ရှေ့ ကတ္တရာလမ်းအတိုင်း ဗစ်တိုးရီးယားအိမ်ရှေ့ကို ဖြတ် ..၊ တစ်ဖက် ကန်ပတ်လမ်းဘက်ကို ခပ်မှန်မှန် ပြေးတတ်ပါလေသည့် ထိုလူသည် သတိုးနေခ ပဲ ဖြစ်သည်ရမည်ဟု ရွှေအိမ်သူ မှတ်ယူခဲ့ပါ၏။

မိနစ်လေးဆယ်လောက်ကြာလျှင် ကန်ဘက်လမ်းကွေ့ဆီမှ သတိုးနေခ ၏ပုံရိပ် ပြန်ပေါ်လာသည်။ ခပ်မှန်မှန် ပြန်ပြေးလာကာ ကတ္တရာလမ်းမကြီးပေါ် ပြန်ရောက် ..၊ ဟိုတယ်ဘက်ကို ပြေးလာ .. ဟိုတယ်ခြံဝင်းတွင်းသို့ ပြန်ဝင်သွားစမြဲ ..။

နေ့လယ်ဘက်ဆို ထိုသူသည် မာစီးဒီးကားကြီးဖြင့် အပြင်ထွက်တတ်သည်။ ကိုယ်တိုင်မောင်း၍ ထွက်ခြင်း ..၊ ကားကို မှန်ချ၍ မောင်းသွားသည့် ထိုသူသည် မနက်စောစော ခပ်မှန်မှန်ပြေးသည့်လူပဲ ဖြစ်နေသည်။ ထိုမြင်ကွင်းကို အပင်ပန်းခံ၍ သုံးရက်မျှ နေ့လယ်သို့ဝိုင်အောင် မနက်တိုင်း နဒီဟိုတယ်မှ ထွက်၍ စောင့်ကြည့်ခဲ့ပြီးသည့်နောက်မှာ ထိုလူပုံချောတစ်ယောက်သည် သတိုးနေခ ပဲ ဖြစ်ချေသည်ဟု အတည်ပြုလိုက်နိုင်ခဲ့ပါ၏။





"ငါ ရန်ကုန်ကို ပြန်ခဲ့တယ် .. ထူးထူး ကို သူဌေးမလေး ခင်ပြည့်စုံသာ အဖြစ် လွှေကျင့်ပေးခဲ့တယ် .. ဘဘညို နဲ့ ဒေါ်ကြီးစာန တို့ကိုလည်း သူဌေးကြီးတွေအဖြစ် ငါက ဂရုတစိုက်နဲ့ လေ့ကျင့် သင်ပေးခဲ့တယ်.."

ရွှေအိမ်သူ ရုပ်ရှင်ဒါရိုက်တာနှင့် ထုတ်လုပ်သူလိုင်းသို့ပင် ကူးတော့မည်လားဟု ဖေဖေ တအံ့တသြဖြင့် ဖွင့်ဟ မေးယူရသည်အထိ ဖြစ်ခဲ့ရသည်ပဲလေ ..။

"ရွှေအိမ် .. အိမ်ကြီးတစ်လုံးကို ဝယ်ဖို့အတွက် ရွှေအိမ် ဝတ်ထားတဲ့ စိန်ဆွဲသီး .. စိန်လက်ကောက်နဲ့ စိန်နားကပ်ကို ဓရန်အဖြစ် ပေးခဲ့တာ ရှိတယ် ဖေဖေ .. ကျန်တဲ့ငွေကို ဒီလအတွင်း ပေးချေမယ်လို့လည်း အဲဒီ စရန်ပေးချေထားတဲ့စာချုပ်မှာ ပါတာမို့ .. ဒီလထဲမှာပဲ ရွှေအိမ် ခရီးထွက်ဖို့ ရှိပါတယ် ဖေဖေ .. ငွေအကျေချေဖို့အတွက် လိုအပ်တဲ့ငွေကို ဘဏ်ကပဲ ထုတ်ယူပါ့မယ် .. ရွှေအိမ် ဘဏ်စာအုပ်နဲ့ အဲဒီဘဏ်ခွဲရှိတဲ့ အဲဒီမြို့မှာ ထုတ်ယူပါ့မယ် ဖေဖေ .. ရွှေအိမ် ဒီတစ်ခေါက် ခရီးထွက်တဲ့အခါ.. ထူးထူး နဲ့ ဘဘညို ရော .. ဒေါ်ကြီးစာန ကိုရော ခေါ်သွားပါရစေ .. ဖေဖေ့ စားရေးသောက်ရေးအတွက် .. လေးလေးစံ ပဲ ဒီရက်ပိုင်းအတွင်းမှာ လုပ်ကိုင်ပေးပါလိမ့်မယ် ဖေဖေ .. လေးလေးစံကလည်း ကားမောင်းတယ်ဆိုပေမယ့် ဒီမှာက သူ့တူမ ထူးထူး နဲ့ ဒေါ်ကြီးစာန ကို မီးဖိုထဲ ချက်ပြုတ် လုပ်ကိုင်ကူခဲ့တာမို့ .. ချက်ပြုတ်တတ်နေပြီပဲလေ .. သိပ်ကြာမှာ မဟုတ်ပါဘူး ဖေဖေ .. ရွှေအိမ် ပြန်လာမှာပါ .. လောလောဆယ် .. ရွှေအိမ် စိတ်ပင်ပန်းလွန်းနေတာမို့ .. ခဏတော့ ခရီးလည်းထွက် .. ရွှေအိမ် လိုချင်တဲ့ အဲဒီအိမ်ကြီးကိုလည်း ဝယ်.. အဲဒီမှာလည်း ခဏနေပါရစေ ဖေဖေ .."

ဟုသာ ရွှေအိမ် ပြောခဲ့ပါ၏။ ဖေဖေ ကတော့ ရွှေအိမ် ကို စိတ်ပြေရာ ခရီးတစ်ခုအဖြစ် ထွက်သည်ပဲဟု နားလည်ပေးရှာသည်။ တစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



နှ အိမ်ဝယ်ချင်သည်ဆိုတော့လည်း သမီး စိတ်ထဲ လိုချင်သည့်အိမ် ဝယ်ပါစေ .. ဟု ခွင့်ပြုသည်ပါပဲ။

ဘယ်လောက်နှင့် ဝယ်မည်လဲဆိုသည့် တန်ဖိုးမေးတာမျိုးပင် မလုပ်ရှာပါ ..၊ တကယ်က .. ရွှေအိမ့် ရင်ထဲမှာ ဆွဲထားသည့် အစီအစဉ် .. စိတ်ကူးများကို .. ဖေဖေ မသိရှာပါ။ ရွှေအိမ် ကလည်း မပြောခဲ့ပါ ..။

တကယ်လည်း ရွှေအိမ် ရန်ကုန်မှ ခရီးထွက်ခဲ့ရာမှာ ဘဘညို နှင့် ဒေါ်ကြီးစာန ..၊ ထူးထူး တို့လည်း ပါလာကြသည်။ နဒီဟိုတယ်မှာပဲ တည်းသည်။ ပြီးတော့မှ ဇစ်တိုးရီးယားသို့ ရွှေအိမ် သွားကာ ဘွားမယ်လှ နှင့် ဆက်တွေ့သည်။ ဘွားမယ်လှ ထံမှာ စရန်အဖြစ် ပေးထားခဲ့သော စိန်ထည်တန်ဖိုးများသည်ပင် တန်ဖိုး မနည်းလှ ..။

"ခြံဝအုတ်တိုင်မှာ အိမ်ခြံရောင်းမည်ဆိုတဲ့ ဆိုင်းဘုတ်လေး ပထမတစ်ခေါက်လာတုန်းက ငါ တွေ့တာမို့ မိုးထက်နေဟိုတယ်နဲ့ အနီးဆုံးနေရာမှာ ငါ နေခွင့်ရဖို့အတွက် ကံကြမ္မာက ငါ့ဘက်မှာ ရပ်တည်ပေးပါလားလို့ တွေးမိပြီး အိမ်ကြီးအတွက် စရန်ပေးရတဲ့အခါ ပျော်ခဲ့လိုက်ရတာ .. တရားဝင်စာချုပ်စာတမ်းတွေနဲ့ ငွေအကျေချေပြီး အခုလို ငါ ဝယ်ခဲ့တဲ့ နောက်မှာ ဘွားမယ်လှ ခမျာ .. ဝမ်းသာရှာတယ် .. ဘွားမယ်လှ ရန်ကုန်ပြန်ဖို့ကိစ္စ ..၊ ဟိုမှာ ခဏနားခိုနေဖို့ကိစ္စ .. ဟိုတယ်တစ်ခုမှာ နားနေပြီးမှ ဝယ်မယ့်အိမ်မြေနေရာကအစ .. သွားလာဖို့ကိစ္စအထိ .. ကူညီပေးဖို့ .. ငါ့အသိ အိမ်ခြံမြေအကျိုးဆောင် မမနှင်းဆီကို ငါ ဖုန်းဆက် ပြောထားခဲ့တာမို့ .. မနေ့ညနေကမှ စင်းလုံးငှားစလွန်းတစ်စီးနဲ့ ရန်ကုန်ကို ဘွားမယ်လှ တို့ ထွက်သွားကြတာ .."

အတွေးသည် မတန့်နားနိုင် ..၊ မနေ့ညအထိ ရွှေအိမ်သူ တို့ကတော့ နဒီဟိုတယ်မှာပဲ ရှိနေခဲ့သည်လေ ..။ ဤမနက်ကျတော့မှ ဇစ်တိုးရီးယားသို့ ကားဖြင့် ထွက်လာကြခြင်းပါ။ ဤနေ့မှာ ကမ္ဘာမြေ အိမ်အလှဆင်လုပ်ငန်း လုပ်ပါသည့် မမသူဇာ မှ လွှတ်လိုက်မည့် ကား





တွေနှင့် အလုပ်သမားတွေ ရောက်လာကြမည်ဟု လွှမ်းခဲ့သည့် တစ်ရက်ကပဲ မမသူဇာ ဖုန်းဖြင့် ရွှေအိမ့် ကို ပြောလာသည်ကိုးလေ ..။

အိမ်အလှဆင်ဖို့အတွက် လိုအပ်မည့်ပစ္စည်းတွေ အားလုံးသည်လည်း တစ်ပါတည်း ပါလာမည်တဲ့ ..။ အဆုံးစွန် ကြမ်းခင်းကော်ဇောကြီးမှသည် အိမ်သုတ်ဆေး အဆုံး .. အားလုံးသည် အလုပ်သမားတွေနှင့် အတူပါလာမည် ..။

ခု .. ရောက်လည်း ရောက်လာကြပြီ။ မကြာမီ ထမင်းစားပြီး ပြန်လာကြမည့် အလုပ်သမားတွေ ရောက်လာကြချေတော့မည်သာ ..။

ထိုအခါ .. ဇစ်တိုးရီးယား သည် ပို၍ လှုပ်ရှား သက်ဝင်လာချေလိမ့်မည် ..။

မကြာမတင်သော ရက်အတွင်းမှာ ဇစ်တိုးရီးယား သည် ဆေးရောင်အသစ် ..၊ အခင်းအကျင်းအသစ်တို့ဖြင့် .. တည်ငြိမ်သွားပါချေလိမ့်မည်တည့် ..။

အလွန်ချမ်းသာသော ခင်ပြည့်စုံသာ ၏ ပိုင်ဆိုင်မှု အိမ်ကြီးတစ်လုံးအဖြစ် .. သတိုးနေခ မှ ယုံကြည်ထားစေမည့် ဇစ်တိုးရီးယား အဖြစ် ရပ်တည်ရပေလိမ့်မည် ..။

ပြီးတော့ .. အလွန်တရာကိုမှ အနိမ့်ခံရပါသည့် မိဘသာ ဆိုသည့် မိန်းကလေးတစ်ယောက်သည်လည်း ထိုဇစ်တိုးရီးယားအိမ်ကြီးမှာ ညှိုးမျော့သိမ်ငယ်စွာ သနားစရာဘဝအဖြစ် ရှိနေချေသည်ဟုလည်း ထိုသတိုးနေခ သည် .. ယုံကြည်နေရပေလိမ့်ဦးတော့မည် တကား ..။

"ထက်မြက်တဲ့ မိန်းမတစ်ယောက် .. အသိအကျွမ်း ကျယ်ပြန့်တဲ့ မိန်းမတစ်ယောက်ဟာ .. ဘယ်လောက်ထိ .. ရှင့်ဆက် ပိုညဏ်ပြေးတယ်ဆိုတာ .. မကြာမတင်မှာ ရှင် ကောင်းကောင်းကြီး သိသွားရပါလိမ့်မယ် ကိုသတိုးနေခ .."

အံ့ခဲထားရင်းမှ မျက်ဝန်းသည် လက်လက်တောက်၏။



www.burmeseclassic.com

www.burmeseclassic.com



လက်သီးဆုပ်သည် ဆုပ်ဆုပ်ခဲခဲ ရှိလွန်းနေတာမို့ လက်ဖဝါးတွေပင် ရှုံးနှစ်ကုန်သည်ဟု ထင်ရလောက်အောင် လက်သည်းလေးတွေက နစ်ဝင်သည်။

ခြံဝင်းအတွင်းမှာ လူသူသံတို့ ရှိလာကြပြီ။ အလုပ်သမားတွေ ရောက် လာကြချေပြီတည့် ..။

သြော် .. မကြာမတင်မီမှာပင် ဗစ်တိုးရီးယားသည် .. ပြောင်းလဲမှုတစ်ခု၏အစကို စတင်ပါချေတော့မည်။ ထိုအပြောင်းအလဲ ဆိုသည့် အရာထဲမှာ ဗစ်တိုးရီးယား တစ်ခုသာ ရှိရချေမည် မဟုတ် ..၊ သတိုးနေခဆိုသူ၏ ကံကြမ္မာသည်လည်း မကြာမတင်မှာပင် အပြောင်းအလဲတစ်ခု၏အစကို နှင်းဖြတ်ရပါချေလိမ့်မည် ..။

ထိုသို့ ဖြစ်တည်စေမည့် သူသည်လည်း .. ရွှေအိမ်သူ ပဲ ဖြစ်ချေမည်..၊ ဖြစ်ရပါချေလိမ့်မည် တကား ...။





အခန်း [၆]

မြင်ကွင်းကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေရင်း ဗစ်တိုးရီးယားသည် ကြီးမားသော ဖမ်းစားမှုတစ်ခုအဖြစ် ရင်ကို နိုင်စက်ချေ၏။

ဆယ်ရက်အတွင်းမှာ ဗစ်တိုးရီးယားသည် အရာရာ ပြောင်းလဲသွားခဲ့ပြီ။ ရှေးဟောင်း အနောက်တိုင်းစံအိမ်ကြီးတစ်ခုမှာ ရှိသော ဗစ်တိုးရီးယားသည် နီညိုရောင်ဆေးသစ်ဖြင့် မော်ကြွားနေသည့် အဖြစ် ..။ အစကတည်းက ပြတင်းပေါက်တိုင်းမှာ ပြတင်းပေါက်၏ အောက်ခြေဘက်မှာ ပန်းအလှစိုက်ရာအဖြစ် အုတ်အင်္ဂတေပုံစံချ ကနုတ်ထားပြီး ဘောင်ခွေ၍ ရှိနေပါသည့် နေရာတွေမှာ သစ်ခွပန်းရောင်စုံ တချို့ ..၊ နှင်းဆီပန်း ရောင်စုံတစ်ချို့ ..၊ ပြီးတော့ .. အပြာရောင် အခြောက်လပန်းဆုပ်ခဲခဲ တချို့တို့ဖြင့် ပန်းအိုးတွေ ထည့်ထားတာမို့ .. ပြတင်းပေါက်တိုင်း၏အောက် ပြတင်းပေါင်အောက်ဘက်ဆီမှာ ပန်းပင်တို့ ဝေနေကြသည့်အဖြစ် ..။

ဤသည်ကိုက .. မြင်ကွင်းကို ထူးဆန်းသော ဆွဲဆောင်မှုတစ်ခုအဖြစ် ညှို့ငင် ဖြစ်တည်စေနိုင်သည်တည့် ..။

ဤသည်က အိမ်ကြီး၏ ပြတင်းပေါက်တိုင်းမှာ ရှိနေသည့် ပန်းပင်တို့ ဝေနေရာ မြင်ကွင်း ..။



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားမဂ္ဂဇင်းတွေမှာ တွေ့ရတဲ့ အိမ်လှလှတွေရဲ့ မြင်ကွင်းမျိုး ပါလား ..၊ ခင်ပြည့်စုံသာ ဟာ စိတ်ကူးစိတ်သန်းတော့ အတော်ကောင်း တာပဲ .. ပန်းတွေက နေပူပူမှာ တစ်နေကုန် လန်းနေကြတာဆိုတော့ ပန်းတုတွေများလား မသိဘူး ..၊ တစ်နေ့ တစ်နေ့လည်း ပန်းတွေကို ပြောင်းပြောင်းပြီး အဲဒီ ပြတင်းပန်းဆောင်တွေမှာ ထည့်ထည့်ထားတာ တော့ .. အစစ်တွေလည်း ဖြစ်နိုင်တာပဲ ..၊ ကြည့်စမ်း .. ခြံဘစ်ခုလုံး လည်း ရှင်းသွားပြီ .. ပေါင်းမြက်ချုံပေါက်လေးတွေ မရှိတော့ဘူး .. မြက်ခင်းတစ်ခုကို အလိပ်လိုက် ဝယ်ဖြန့် ရေဖျန်းထားတာမို့ စိမ်းမြ မြက်ခင်းတစ်ခုလည်း ရှိသွားပြီ .. ပန်းအိုးတွေ .. ရွက်စိမ်းပင်အိုးတွေ ရွက်လှပင်အိုးတွေကလည်း သူနေရာနဲ့သူ ရှိနေကြရင်း .. ဥယျာဉ်တစ် လည်း ဖြစ်သွားပြီ ..၊ အဲဒါကြောင့် ပြောတာ .. ငါ ဝယ်ချင်တဲ့ အချိ တုန်းက ဖေဖေ သဘောတူလိုက်ရင် .. ဒီအိမ်ကြီးနဲ့ ဒီခြံကြီးဟာ ငါ့ပို ဖြစ်နေပြီ .. ဒီလို အလှအပ ပြင်ဆင် ဖန်တီးတဲ့သူဟာလည်း ငါဖြစ်ခ ပြီ ..၊ အခုတော့ .. သူများပိုင်တဲ့ အိမ်ကြီးနဲ့ ခြံကြီးရဲ့အလှကို .. နှမြော တသသနဲ့ ငေးကြည့်နေရတဲ့ သတိုးနေခ ဖြစ်နေရပါလား .."

သတိုးနေခ ဆိုတာက .. လိုချင်တာ ပိုင်ဆိုင်ကို ပိုင်ဆိုင်ရမှ အ အအိပ် ဖြောင့်သည့်လူမျိုး ..၊ ခုကျတော့ .. နေမထိထိုင်မသာကြီး ဖြစ် ရတာ ဆိုးနေသည်။

"ငါ ညံ့တာ .. ငါ ညံ့တာ .. ဖေဖေ တားရင်လည်း .. ရအော ငါ ဝယ်ပစ်ရမှာ .. ဝယ်ပြီးပြီဆိုရင်လည်း ဖေဖေ .. မကြိုက်ဘူးပဲထာ စိတ်လျှော့ပေးလိုက်ရမှာပါပဲ .. ငါကိုက .. ဒီလောက်မြင့်တဲ့ ဈေးနဲ့ဒေ ဒီမြို့က ဘယ်သူက ဝယ်မှာလဲလို့ အထင်တသေးနဲ့ အချိန်တွေကို အ ရှုံးခံလိုက်မိတာ .. ခု .. ငါ .. ဗစ်တိုးရီးယားကို .. လက်လွှတ်ရသူအ စုတ်တသပ်သပ်နဲ့ .. ကျန်ခဲ့ရတာပါလား .."

ဗစ်တိုးရီးယား ဓောကပ်နေသည့်အထဲမှာ သူ့အတွေးထဲ ဝင်





လာသည်က ဟသ်ာ ..၊ ကောင်မလေးလည်း သက်သာမှာ မဟုတ် ..။ ခင်ပြည့်စုံသာ ၏ လက်ညှိုးထိုး နိုင်းနေသမျှကို ခါးချိအောင် မနားတမ်း လုပ်ကိုင်နေရရှာချေပြီယင့် ..။ အိမ်အပြင်ဘက် ခြံထဲ မြင်ကွင်းကတော့ ယောကျ်ားအလုပ်သမားတွေမှ တောက်လျှောက် သေသေသပ်သပ် လုပ် ကြ ရှင်းကြနှင့် ရှိကြတာမို့ ဟသ်ာ ကို မမြင်ခဲ့ရ ..။ ကောင်မလေး မှော အိမ်ကြီးထဲမှာ သိမ်ငယ်သိုးဖျော့စွာ မနားစတမ်း လုပ်ကိုင်နေရ ချေမည်ထင့် ..။

"အရေးထဲ ဒီကောင်မလေးကလည်း တစ်မှောင့် .. ငါ့ခေါင်းထဲ ရောက်ရောက်လာတာ ဆိုးတယ် .. ဗစ်တိုးရီးယားကို လက်လွှတ်နေရ လို့ ရင်ထဲမောနေရတဲ့ကြားထဲမှာ .. ဒီကောင်မလေးကို သနားနေတဲ့ စိတ်ကလည်း ငါ့ရင်ထဲထိ ရောက်ရောက်လာနေပြန်ရော .. အဲဒါက လည်း အဆန်းပဲ .. ငါ ဘယ်တုန်းကမှ .. မိန်းကလေးတစ်ယောက်နဲ့ တွေ့သက်ပြီး ခုလို မခံစားခဲ့ဖူးပါဘူး .."

တကယ်လည်း သူ့ကိုယ်သူ ဆန်းနေသည် ..၊ အံ့ဩနေသည် ..။ ညှိုမျှ ဗစ်တိုးရီးယားဓောာ ကပ်နေချိန်ကြီးထဲမှာပင် ဟသ်ာ သည် သူ့ အာရုံထဲမှာ မပြတ်အောင် တိုးတိုးဝင်လာတတ်နေသည်ကါးလေ ..။

"အို .. သူက .. ဗစ်တိုးရီးယားမှာ အစေအပါးအဖြစ် ရှိနေတာ ဆိုတော့လည်း .. ဗစ်တိုးရီးယားအကြောင်း ခေါင်းထဲက မထွက်တဲ့ ငါ့မှာ .. အဲဒီ ဟသ်ာ ဆိုတဲ့ ကောင်မလေးကို သနားစိတ်ကလည်း ရှိ နေတာဆိုတော့ .. တွဲတွဲပြီး ဗစ်တိုးရီးယား နဲ့ ဟသ်ာ .. အဲသလို သတိ ရနေတာပဲ ဖြစ်မှာပါ .. အဲဒါ .. သဘာဝပဲ .."

သူ့ဘာသာသူ အဖြေထုတ်နေမိပြန်သည်။ ဗစ်တိုးရီးယားသို့ သူ ဘယ်ရက်ထိ ထပ်မရောက်ဖြစ်သေး ..၊ တစ်ဖက်က အလုပ်ရှုပ်နေသည် လေ ..။ အလည်အပတ်သွားဖို့ ကောင်းသည့်အချိန်မျိုး မဟုတ် ..၊ ပြီး တော့ .. အလကားနေ့ရင်း သွားသွားနေလျှင်လည်း တစ်ဖက်က အရို



www.burmeseclassic.com

www.burmeseclassic.com



အသေ တန်လာနိုင်သည်။ တန်ဖိုးမထားဘဲ အထင်တသေး ဖြစ်လာနိုင်သည်။ ခင်ပြည့်စုံသာ ဆိုတာက ကိုယ့်ကိုယ်ကိုယ်ပဲ အထင်တကြီး ရှိနေသည့် မိန်းကလေးမျိုး ဖြစ်နေသည်။သူ့ကို လောလောဆယ်မှာ ဟိုတယ်သူဌေးလေး သတိုးနေခ ဟု အထင်တကြီးအဖြစ် ငွေချမ်းသာကို ကြည့်ကာ နေရာထားနိုင်သည် ဆိုပေမယ့် .. သူ့ဘက်က မကြာမကြာ ဗစ်တိုးရီးယားသို့ သွားသွားနေလျှင်လည်း သူဌေးငပေါအဖြစ် နေရာရောက်သွားနိုင်သည်လေ ..။

"သူက .. ငါ့ကို စမြင်တန်းက သိပ်အထင်ကြီးရှိတဲ့ပုံမှ မဟုတ်တာ.. ခပ်နိမ့်နိမ့်အကြည့်တောင် ရှိနေသေးသလိုပဲ .. မိုးထက်နေဟိုတယ်ပိုင်ရှင် သတိုးနေခ ဆိုတာ သိမှ အချိုးပြောင်းသွားတာပဲလေ.. သူ ဖုန်းဆက်လာတဲ့အထိတော့ ငါ နည်းနည်း စောင့်နေသင့်တယ် .."

သတိုးနေခ ဆိုသူသည် သာမန်လူတစ်ယောက် မဟုတ် ..၊ မာနခပ်ကြီးကြီးလူတစ်ယောက်ဖြစ်နေတာ အမှန်။ ဆယ်ရက်လုံးလုံး တစ်ချက်မျှ ဖုန်းလေးဆက်လာတာမျိုး ရှိမလာသည့် ခင်ပြည့်စုံသာ သည် သူ့ကို လောလောဆယ်မှာ မေ့များနေသွားပြီလား မသိ ..။ အမေ့ခံလူတစ်ယောက်အဖြစ် ရှိနေရတာကိုလည်း သူ့ရင်ထဲမှာ မခံချင် ..၊ မခံရှိ မခံသာ ဖြစ်ရခြင်းဆိုသည့် ခံစားချက်ကို ခုမှ ထဲထဲဝင်ဝင် သိသိလာနေရပြန်သည်။

"သူက ချမ်းသာတယ် .. ရုပ်အဆင်းရှိတယ်ဆိုပြီး ခပ်ထယ်ထယ်တော့ နေတတ်တဲ့ ခင်ပြည့်စုံသာ ပါပဲ .. ဟသ်ာ လိုများ ချောရင် .. ဘယ်လောက် အောက်ခြေလွတ်နေမယ် မသိဘူး .."

ဟသ်ာ ..၊ ဘာပဲ တွေးတွေး ..။ ဟသ်ာ ကတော့ တွဲ၍ ပါလာနေသည်ကော .. ဟု စတင်၍ ဝန်ခံလာမိရပြန်သည်။ အတော်လေးကို ထူထဲရှည်လျားလျက် ကော့ညွတ်နေသည့် မျက်တောင်လေးတွေကို အလွန် ရှားပါးသော ရခဲသည့် အလှတရားတစ်ခုအဖြစ် ဟသ်ာ ပိုင်ဆိုင်





ထားရသည်ပဲလေ ..။ မျက်သားပြာပြာမှာ အကြောမျှင် မထင် ..။ မျက်နှာက်ဝန်းသည်လည်း နက်မှောင် အရည်လဲ့နေ၏။ နှာတံလေးလည်း ပေါ်င်းတန်းနေသည်။

ခင်ပြည့်စုံသာ ငေါက်နေချိန်မှာ လန့်လန့်ဖြင့် ငိုချင်စိတ်လည်း ရှိနေပုံရပါသည့် ဟသ်ာ ..၊ နှုတ်ခမ်းလေးကို ဖေးကိုက်၍ မနည်းထိန်းရင်း မျက်ရည်တွေ ကြမ်းပေါ်မှာ ရှိနေသမျှ သုတ်နေရချိန်မှာ ..၊ နှုတ်ခမ်းလေး ဖေးကိုက်၍ ရှိုက်ချင်သမျှကို ထိန်းနေချိန်လေးမှာ သူ မြင်ခဲ့ရသည်က ခွက်ခနဲ ပေါ်လာပါသည့် ပါးချိုင့်လေးတစ်ခုံ ဖြစ်နေပါ၏။ ငိုချင်တာကို ထိန်းနေချိန်လေးမှာပင် ပါးချိုင့်လေးက နှုတ်ခမ်းအလှုပ်လေးမှာ ပေါ်လာတာ ဖြစ်နေသည်။ ရယ်များ ရယ်မောလိုက် လျှင်အဘယ်မျှ ပါးချိုင့်လေးသည် လန်းသစ်လှပစွာ မျက်နှာထက်မှာ ဖြစ်တည်လာချေမည် မသိ ..။

"ရုပ်ရည်လေး သနားကမားလေးနဲ့ .. အစေအပါး ဖြစ်ရရှာတယ်.. နုနုနယ်နယ်လေး အလိုလို ဖြစ်နေတာကလည်း .. သူ့ဘဝကံပေပဲ .. အစေအပါးသာ ဖြစ်ရတာ .. ရုပ်ကြမ်း .. အသားအရည်ကြမ်းနေတာမျိုး ဖြစ်မနေဘူး .. ဘဝအကျိုးပေးပဲလေ .. လက်လေးတွေ နုနေတာ .."

သူ ဆက်တွေးမိပြန်သည်။ ဆက်၍ တွေးသည်က လက်အနာ..၊ အနာများ ရင်းလာမည်လား မသိ ..။

"ငါ .. စိတ်ပူတတ်နေပါလား .. ဟသ်ာ အတွက် .."

သူ ဝန်ခံမိပြန်သည်။ တစ်ယောက်တည်း ပြတင်းအနီးမှာ ရပ်နေရင်း ဗစ်ဝိုးရီးယားကို ငေးကြည့် ..၊ နှမြော ..။ ပြီးတော့ ဟသ်ာအကြောင်း ဆက်တွေးနှင့် ဖြစ်နေတာ ဆယ်ရက်ကျော်လာပြီ ..။ ဒါဆိုတော့ သူ .. ဟန်ဆယ်၍ .. ငြင်းမဖြစ် ..၊ ဝန်မခံဘဲ မနေနိုင်အောင် ကိုယ့်ရင်ကို ကိုယ် ပြန်မြင်ရမလို ဖြစ်ကုန်ရပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ခိုက် သူ့ဟန်းဖုန်းလေး မြည်လာတာမို့ ခင်ပြည့်စုံ ထံကများ လားဟူသော မျှော်လင့်စိတ်ဖြင့် ...

"ဟုတ်ကဲ့ .. ကျွန်တော် သတိုးနေခ ပါ ခင်ဗျာ .."

ဟု ထူးလိုက်ရပါ၏။ ခင်ပြည့်စုံသာ ၏ ဖုန်းနံပါတ်ကို သူ မသိ.. သူကလည်း မတောင်း ..။ ခင်ပြည့်စုံသာ ကလည်း မပေး ..။ သူက စ၍ ဖုန်းမဆက်ချင်တာမို့လည်း ခင်ပြည့်စုံသာ ၏ ဖုန်းနံပါတ်ကို သူ မတောင်းခြင်းပါ။ သတိုးနေခ ဆိုတာက တကန်တက ခင်ပြည့်စုံသာ ကို ဖုန်းဆက်သည်ဆိုတာမျိုးအထိတော့ သူ အဖြစ်မခံချင် ..။ ခင်ပြည့်စုံ သာ ထံမှ ဖုန်းအခေါ်ကို မျှော်ရသည်ကလည်း ဗစ်တိုးရီးယားနှင့်ပတ် သက်နေ၍ပါ ..။ မပတ်သက်လျှင်ဖြင့် ခင်ပြည့်စုံသာ လို ဂုဏ်မောက် သည့်မိန်းမတစ်ယောက်ကို ဆက်ဆံစရာအကြောင်း မရှိ ..။

ခက်နေသည်က .. ခင်ပြည့်စုံသာ သည် ဗစ်တိုးရီးယား၏ပိုင်ရှင် ဖြစ်နေတာမို့ ..၊ သူ .. အဆင်တပြေရှိနေဖို့ လိုသည်လေ ..။

"ခင်ပြည့်စုံသာ ပါ အစ်ကို .. ဒီနေ့မှာတော့ဖြင့် အစ်ကို့ကို တကာန် တက ဖိတ်ပြီး မနက်စာ ဖရိုက်ဖက်(စ်) တူတူ စားချင်လို့ပါ .. အစ်ကို လာပါလား ဟင် .. အစ်ကိုနဲ့ ပြည့်စုံသာ တို့က .. ပြည့်စုံသာ ဗစ်တိုး ရီးယားကို စရောက်တဲ့နေ့မှာပဲ တွေ့ခဲ့ရတာရယ် .. အစ်ကိုက ဘာအကူ အညီလိုလို ပေးပါမယ်လို့ စိတ်ရင်းကောင်းနဲ့ ပြောခဲ့တာတွေရယ် ကြောင့်.. အစ်ကို့ကို .. ပြည့်စုံသာ ခင်မင်မိပါတယ် အစ်ကို .. အဲဒီနေ့ က .. အစ်ကို့ကို ဘာမှလည်း ဧည့်ဝတ်မကျေနိုင်ခဲ့တာကိုလည်း စိတ်ထဲ မကောင်းတာနဲ့ .. ဒီနေ့တော့ မနက်စာ တူတူစားဖို့ ဖိတ်တာပါ .. အိမ်လည်း အားလုံး နေသားတကျ ဖြစ်ပြီဆိုတော့ .. အစ်ကိုနဲ့ ပြည့်စုံသာ တို့ အေးအေးဆေးဆေး .. ပတ်ဝန်းကျင်မှာကလည်း ပန်းသည်တွေ မရှုပ် ထွေးနေတော့ပဲ .. စကားပြောကြလို့ ရတာပေါ့ အစ်ကို .."

ဟု ပြောလာတော့ သူ ဗစ်တိုးရီးယားသို့ သွားခွင့်တစ်ခု ရပြီဆို





တာ သိရင်း ရင်ထဲမှာ အားတက်သွားရသည်ပါပဲ။ ခင်ပြည့်စုံသာ က သူ့ကို ခင်မင်သည်ဆို၍လည်း ဗစ်တိုးရီးယားကို တစ်နေ့မှာ သူ ဝယ်ခွင့် ရနိုင်ဖို့အတွက် ပို၍ ရင်းနှီးအောင် ကြိုးစားယူရမည့်ကိစ္စကလည်း ရှိ နေသေးသည်လေ ..။

"ကိုယ် .. ဆယ်မိနစ်အတွင်း လာခဲ့ပါမယ် .. ကိုယ် မနက်တိုင်း ခပ်မှန်မှန် ပြေးနေကျဆိုတော့ .. ခု .. ပြန်ရောက်တာ မကြာသေးပါဘူး.. ချွေးတွေနဲ့ဆိုတော့ ရေချိုးဖို့ လိုနေလို့ပါ .. ဆယ်မိနစ်ဆိုရင်တော့ဖြင့် ကိုယ်ရောက် လာလောက်ပါပြီ .."

"ဟုတ်ကဲ့ပါ အစ်ကို .. ပြည့်စုံသာ စောင့်နေပါမယ် .. ခြံဝကို ဗဟာဒုရ် လွှတ်ထားလိုက်ပါမယ် .. အစ်ကို ရောက်လာတဲ့အခါ ခြံတံခါး ဖွင့်ပေးနိုင်အောင်ပေါ့ .."

ဟု ပြောကာ ဖုန်းချသွားတာမို့ သူလည်း ဖုန်းလေးပိတ်၍ ရေ ပြေးချိုးရသည်ပါပဲ။ စပို့ရှပ်လက်တို အဖြူ၊ ပုဆိုးအပြာကွက်စိပ်လေး ဖြင့် အရမ်း ဟိတ်ဟန်မထုတ်သော သတိုးနေခ အဖြစ် ရှိစေရပါ၏။ ဘာကြောင့်ဆို .. ဤနေ့မှာ ခင်ပြည့်စုံသာ တစ်ယောက်တည်း မဟုတ်ဘဲ မိဘတွေနှင့်ပါ တွေ့နိုင်သည်လေ ..။

လူကြီးမျက်စိဆိုတာ သိပ်ဟန်ကြီးပန်ကြီးနိုင်အောင် ဝတ်စားထား သော လူတစ်ယောက်ကို မျက်စိတွေ့ချင်မှ တွေ့နိုင်မည်လေ ..၊ ဒါပေ မယ့် ဝတ်နေကျ လက်စွပ်သည် ပတ္တမြားကို စိန်ပွင့်ရံသော တန်ဖိုးကြီး သက်စွပ်တစ်ကွင်းအဖြစ်တော့ ဝတ်ထားမိပြီးသား ဖြစ်နေရပါ၏။

ဗစ်တိုးရီးယားသို့ လမ်းလျှောက်၍ လာခဲ့သည်ပါပဲ။ ခြံတံခါးဝ မှာ ဗဟာဒုရ် ကို တွေ့လိုက်ရတော့ ရင်ထဲ မကောင်း ..၊

ကောင်မလေး ခမျာ ခြံတံခါးမှာ ခြေစုံလေးရပ်၍ မိုးသက်နေဘက် မှ သူ ရောက်လာမည့်လမ်းဘက်ကို လည်လေးဆန့်၍ မျှော်စောင့်နေရှာ သည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်ကလည်း တရုတ်ချည်ထည် ပွင့်ရိုက်လေး ဖြစ်နေသည်။ အရောင်က ခပ်လွင့်လွင့် ..။

"ဒီလောက်ချမ်းသာတဲ့ ဉစ္စာ .. ကောင်မလေးကို အဝတ်အစားတွေ ဒီလောက်ဟောင်းနေအောင် ဝတ်ခိုင်းတာတော့ မဟုတ်သေးပါဘူး .. ခင်ပြည့်စုံသာ ဟာ အကြင်နာ တော်တော်မဲ့တာပဲ .."

ဗစ်တိုးရီးယားခေတ် ခြံတံခါးဝပဲ ရောက်ရုံရှိသေးသည်။ ဟသ်ာ ကို မြင်တာနှင့် ခင်ပြည့်စုံသာ ကို အပြစ်တင်စိတ်က သူများခြံထဲ မရောက်မီမှာပင် ရင်မှာ အုံကျင်းဖွဲ့၏။ ခင်ပြည့်စုံသာ ကို စိတ်ထဲ ဘဝင်မကျ..။

"အဲသလို တစ်ကိုယ်ကောင်းဆန်တဲ့ မိန်းမတစ်ယောက်နဲ့ .. လက်ဖက်ရည် တူတူသောက်ရမယ့်ကိစ္စဟာ တော်တော် စိတ်ပျက်ဖို့ကောင်းနေတာ အမှန်ပဲ .."

ဟသ်ာ အပေါ် မတူတန်ကြီး ဆက်ဆံတာ ..။ အညာတာကင်းတာ မြင်ခဲ့ရတာမို့ .. ခင်ပြည့်စုံသာ ကို သူ စိတ်ထဲ မတွေ့ ..။ ဟသ်ာ ဘက်ကချည်း သူ တွေးပေးနေမိသည့်အဖြစ် ..။

ခုလည်း ဟသ်ာ ၏ ဖန်ခွက်ကွဲရှထားရာ ဒဏ်ရာကို ကြည့်မိသည်။ ဟန်းနီးပလတ်လေး ကပ်ထားဆဲ ..။

"ဒဏ်ရာက .. နက်သလား .."

လွှတ်ခနဲ သူ မေးလာတော့ ဟသ်ာ မော့ကြည့်သည်။ ခုလို သတိတရ မေးလာတာက တွေ့တွေ့ချင်း ဖြစ်နေတာမို့ ဟသ်ာ ရင်ထဲ ကြည်နူးရာပုံ ရပါ၏။ ဂရုစိုက်သူတစ်ယောက်နှင့် ကြုံတောင် ကြုံခဲ့တွေ့ရပုံလေးဖြင့် ဝမ်းသာဝမ်းနည်းလေးလည်း ဖြစ်နေရှာတာ သိသာနေသည်။ သူ မေးတာကို ခေါင်းလေးညိတ်ပြကာ ခြံတံခါးသော့ကို ခပ်မြန်မြန် ဖွင့်နေပါ၏။

"ဖြည်းဖြည်း လုပ်ပါ ဟသ်ာ .."

သော့ဖွင့် ..။ ခြံတံခါးပတ္တာမြောက်မြီးကြီးကို အဆွဲမှာ လက်လေး





သုပ် ထိကုန်မှာ စိုးရိမ်လျက် သူ တားရပြန်သည်။ ခြံတံခါးရွက်ကြီးကို ခပ်သုတ်သုတ် ဖွင့်ပေးနေရာမှလည်း ဟသ်ာ ခမျာ အိမ်ကြီးဘက်ကို ဘကြောင့်ကြကြပုံလေးဖြင့် လန့်လန့်ထိတ်ထိတ်လေး ကြည့်ရှာသည်။

"ဘာလဲ .. မင်းရဲ့ မမပြည့် က .. ငါ ရောက်လာရင် .. မြန်မြန် တံခါးဖွင့်ဆိုပြီး မှာထားလို့လား .. ဒီလောက်ကြီးလည်း အရေးမကြီးပါနဲ့ကွ .."

ဟု သူ ပြောတော့ ဟသ်ာ ခေါင်းလေးငုံ့ ရပ်နေသည်။ သူ ခြံထဲရောက်တော့ ခြံတံခါးကို ပြန်ပိတ် ..။ သော့ ပြန်ခတ်သည်။ သူ အိမ်ဘက် မလျှောက်သေးဘဲ ရပ်နေတော့ ဟသ်ာ နောက်ဘက်သို့ ဆုတ်၍ လက်ကလေးပိုက်ကာ ခပ်ရို့ရို့ ရပ်နေရှာပါ၏။ သူ့ကို ကျော်၍ အိမ်ဘက်ကိုလည်း မပြန်ရဲ ..။ သူနှင့် တူတူလည်း မလျှောက်ရဲပုံလေး ဖြစ်နေတာ သိသာလွန်းနေသည်။

"လာလေ .. ဘာရပ်နေတာလဲ .. တူတူသွားကြတာပေါ့ .."

သူ .. ဟသ်ာ နှင့် တူတူလျှောက်လာရင်း စကားစမြည်းလေး ပြောကြည့်ချင်သည်။ အနည်းဆုံး ဟသ်ာ နှင့် ပတ်သက်တာလေးတွေ သိချင်သည်။ ဘယ်ဇာတိလဲ ဆိုတာလေးလောက်ပဲဖြစ်ဖြစ် .. စကားပြောရင်း မေးခွန်းလေးတွေ ထည့်မေးကြည့်ချင်သည်လေ။ ဤကောင်မလေးကို .. သူ သနားသည်။

ဒါပေမယ့် .. ဟသ်ာ ခမျာ သူနှင့်တူတူ မလျှောက်ရဲ ..။ အိမ်ကြီးဘက်ကို ကြည့်၍ ခေါင်းလေးခါပြသည်။ ခင်ပြည့်စုံသာ သဘောမတွေ့ဖြစ်လျှင် .. ဆိုသည့် ထိတ်လန့်ရှိန်လေးသည် ဟသ်ာ ၏ မျက်ဝန်းလေးတွေမှာ မျက်ရည်တွေအဖြစ် ဝိုင်းစုတက်လာသည်အထိပါ ..။

"ဘာလဲ .. ကိုယ်နဲ့တူတူ .. မသွားရဘူး .. စကားမပြောရဘူးလို့ ပြောထားလို့လား .. မင်းရဲ့ မမပြည့် က .."

ဟု ရုတ်ခနဲ သူ မေးလိုက်သံက နည်းနည်းတော့ မချင့်ချောင



www.burmeseclassic.com

www.burmeseclassic.com



ပါသွားသည်။ လေသံကလည်း မာသည်။ ဟသ်ာ လန့်ပံလေးဖြင့် သူ့ကို မော့ကြည့်ကာ ခေါင်း သွက်သွက်ယမ်းပြရှာပါ၏။

"မမပြည့် ကို .. အဲသလို .. သွား .. မမေးပါနဲ့ ကိုကြီးရယ် .. မမပြည့် က .. ဟသ်ာ ကိုကြီးကို တိုင်ပြောတယ် .. ထင် .. ပါ့ .. မယ်.."

မျက်ရည်ကျလာရင်း အိမ်ကြီးဘက်ကို တကြည့်ကြည့်ဖြင့် ဟသ်ာ ပြောနေရှာပုံလေးက အသံလေးတွေ တုန်ခါနေရင်းဖြင့်ပါ။ လက်ချောင်းလေးတွေ တုန်ယင်လာသည်အထိ ခင်ပြည့်စုံသာ ကို လန့်နေတာလည်း သိသာနေသည်။

အကြည့်သည် .. အိမ်ကြီးဘက်ကိုပဲ တရောက်တည်း ရောက်နေရှာပါ၏။ ဆံပင်နှစ်ဖက် ကျစ်လေးဖြင့် ကလေးလေးနှယ် အရမ်းကို အပြစ်ကင်းစင်သော ဟသ်ာ ..၊ အရာရာကို ကြောက်နေရှာသည့် ကလေးမ ..။ ခုလည်း .. နှိပ်စက်သူအထဲမှာ သူလည်း ပါကုန်ရပြီ။

သူ့ကို လာစောင့်ရ၍ ..၊ သူက ဟိုမေးသည်မေး .. မေး၍ .. သူနှင့် တူတူသွားလျှင် အဆူခံရမှာစိုး၍ ..။ ထိုစိတ်တွေဖြင့် .. ဟသ်ာ ခမျာ .. အစကတည်းက ခင်ပြည့်စုံသာ ၏ အဆူအငေါက်တွေဖြင့် နစ်နေရသည့်ကြားထဲ .. သူ့ကိစ္စပါ တိုး၍.. စိတ်ပင်ပန်းရချေသည်တကား ..။

"လာတောင် မလာရက်တော့ဘူး ဟသ်ာ .. ကိုယ် လာမယ်ဆိုရင် .. မလာမချင်း မင်းမှာ ခြံတံခါးရှေ့မှာ ရပ်ပြီး သော့လေး တကိုင်ကိုင်နဲ့ ငါ့အလာကို မျှော်နေရတာက အလုပ်တစ်ခု ..၊ လာတော့လည်း .. ငါနဲ့ ကင်းအောင်နေဖို့ ဟိုက မှာထားတာဆိုတော့ .. ငါက မေးရင် မဖြေ အခက် .. ဖြေအခက် .. အတူမသွား အခက် .. သွား အခက်နဲ့ ဖြစ်ရတယ်ကွာ .. မင်း .. ဝဋ်ကြီးလိုက်တာ ဟသ်ာ ရာ .."

သူ ရင်ထဲရှိရာအတိုင်း ပြောတော့ ဟသ်ာ ခေါင်းလေး ငုံ့ချသည်။ မျက်ရည်က တပေါက်ပေါက် ကျချေ၏။ လက်ကလေးပိုက်ထားတာမို့





မျက်ရည်စက်တွေ စက်စက်ပေါက်ပေါက် လက်ဖမိုးဖြူဖြူလေးထက်မှာ တင်နေကြတာ သူ မြင်တော့ ရင်ထဲ ပိုထိသည်။ ဖြစ်နိုင်လျှင် ကောင်မလေးကို မျက်ရည်လေး သုတ်ပေးလိုက်ချင်သည်။ ဒါပေမယ့် .. သုတ်ပေး၍ မရ ..၊ မဖြစ် ..။

ခြေလှမ်းကြဲကြီးဖြင့် သူ့အိမ်ကြီးဘက်ကို လျှောက်တော့ မလှမ်းမကမ်းလေးဆီမှ ရှိ့ရှိ့ကုပ်ကုပ်လေး ဟသ်ာ လျှောက်လာရှာပါ၏။ အိမ်ကြီး၏ အဝင်တံခါးရွက်ကြီး ပိတ်ထားတာမို့ သူ ရပ်၍ ဟသ်ာကို လှည့်ကြည့်သည်။

ခပ်ဝေးဝေးလှမ်းလှမ်းဆီမှ လာနေသည့် ဟသ်ာ ..၊ ခုကျတော့ သည်း အပြေးတစ်ပိုင်းမျှ ခပ်လောလောလေး လျှောက်လာကာ တံခါးရွက်ကို ဖွင့်ပေးရှာပါ၏။ ပန်းကနုတ်ထွင်း ကျွန်းသားတံခါးရွက်ကြီးသည် အရောင်တင်ထားတာမို့ ဆေးရနံ့ မပျောက်သေး ..။

တံခါးရွက်ကို ကိုင်ကာ ရပ်နေတာမို့ ဟသ်ာ ကို သူ တစ်ချက်ကြည့်ကာ အိမ်ကြီးထဲ ဝင်လိုက်ချိန်မှာ တံခါးရွက်ကို ပြန်ပိတ်သည်က ဟသ်ာ ပါ ..။ မနက် နေထိုးနေ၍များ တံခါးမကြီးကို ပိတ်ထားတာများလား မသိ။ တံခါးရွက်ကြီး ဖွင့်သွားတော့ နေရောင်က အရှိန်နှင့် ထိုးသည်။ တံခါးရွက်ကို ပြန်ပိတ်လိုက်တော့ သူ ငုံ့ကြည့်မိရပါ၏။

ကောင်မလေး တူတူ လိုက်ဝင်မလာ ..၊ အပြင်မှာ ကျန်ရစ်ခဲ့သည်ကောလေ ..။ ကြည့်ရတာ .. နောက်ဘက်တံခါးဆီမှပဲ ဟသ်ာ အိမ်ထဲဝင်ရှာမည့်ထင် ..။

ညောင်ခန်းဆီ ပန်းကနုတ်ထွင်း ကတ္တီပါထိုင်ခုံခင်းတွေဖြင့် ရှိနေပါသည့် တောက်ပသစ်လွင်နေသော ထိုင်ခုံကြီးဆီမှာ ဖုန်းပြောနေပါသည့် ခင်ပြည့်စုံသာ ခပ်သွက်သွက်လေး လျှောက်လာသည်။

"လာပါ အစ်ကို .. တကယ်က ပြည့်စုံသာ ပေါ်တီကိုမှာ ရပ်စောင့်နေဖို့ပါ .. ဒါပေမယ့် .. ဖုန်းလာတာနဲ့ ဖုန်းပြောနေရလို့ပါ အစ်ကို ..



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောနေတော့လည်း တံခါးမကြီးကနေ ရူးနေတာနဲ့ ဟှသ်ာ ကို ပိတ်ထားနိုင်းလိုက်ရတာပါ .. ဖုန်းကလည်း အစ်ကိုရယ် .. စကားဖြတ်လို့ကို မရဘဲ ဟိုဘက်က ပြောနေတာ .. စီးပွားရေးကိစ္စဆိုတော့လည်း- အလိုက်သင့် ဆက်ပြောပေးနေရတာပါ အစ်ကို .. ဖုန်းပြောပြီးတာနဲ့ ပေါ်တီကိုအောက်မှာ ခင်ပြည့်စုံသာ သွားစောင့်နေဖို့ပါ .. အားနာလိုက်တာ အစ်ကိုရယ် .. တကယ်က .. ပြည့်စုံသာ က အပြင်မှာ ရပ်စောင့်နေရမှာ .."

ကြားဖြတ်ဝင်ပြော၍ မရနိုင်လောက်အောင်ပဲ ဆက်တိုက်ပြောလည်း ပြော ..၊ ဘူ့ရှေ့မှာလည်း ရပ်လာသည်က ခင်ပြည့်စုံသာ ပါ ..။ သူ အလိုက်သင့် ပြုံးပြရသည်ပါပဲ။ အိမ်ကြီး၏ ဧည့်ခန်းကိုလည်း ဝေ့၍ကြည့်မိသည်။ ပန်းကနုတ်တွေ ဖော်ထားသော ကျွန်းမျက်နှာကြက်သည်လည်း ကျွန်းရောင်ဆေးသုတ်ထားတာမို့ သစ်လွင်တောက်ပနေသည်။ ဧည့်ခန်း၏ နံရံတွေမှာ ကြာဖူးကြာပွင့်သေးသေးလေးတွေ ရောင်စုံပွင့်ဖူးနေသည့် အပြာရင့်အခံမှာ အနီရောင် နှင်းဆီပွင့်တွေဖြင့် ပုံဖော်ယက်ထားပါသည့် ကော်ဇောကြီးတွေ ခန်းလုံးပြည့်မျှ ခင်းထားပါသည့်အဖြစ် ..။ မျက်နှာကြက်ရှိ မီးပန်းဆိုင်းကြီးတွေက မနည်းလှ ..။ အားလုံးက တစ်တန်းမှာ သုံးခု ..။ လေးတန်း ..။ မီးပန်းဆိုင်းကြီးတွေက ဖိတ်လှဲလှဲဖြင့် ဆယ့်နှစ်ခုမျှပင် ရှိနေပါ၏။ အိမ်၏ နံရံမှာ ပန်းချီကားတွေ ချိတ်ထားသည်။ လှပသော ရှုခင်းပန်းချီကားများ ..။ ဒါပေမယ့် .. ပန်းချီကားတွေက နံရံသုံးဘက်မှာ ရှိနေကြကာ .. တစ်ဖက်နံရံမှာကျတော့- ပုံတူပန်းချီကားကြီးတစ်ချပ် တိုးနေသည်။ ပထမရှိသော ပန်းချီကားကြီးလည်း ရှိနေသည်ပါပဲ။ မစ္စတာဂျွန်မိုက်ကယ် ၏ ပုံ ..၊ နောက်ထပ်ရှိနေသည်က .. စိန်တွေ ညွတ်နေအောင် ဝတ်ထားကာ ပိုကြိုးကြီးချိတ်နှင့် ပိုးသားနုနုဝါဝါလေးမှာ ခြုံပဝါဇာနုနုကို မဟာဆန်ဆန် ခြုံရုံထားကာ နန်းဆန်ဆန်ရပ်နေပါသည့် ခင်ပြည့်စုံသာ ၏ ပုံတူပန်းချီကား ..။





"အခု .. ပြည့်စုံသာ ပိုင်ပြီမို့ .. ပြည့်စုံသာ ရဲ့ ပုံတူပန်းချီကို ဧည့်ခန်းမှာ ချိတ်ထားတာပါ အစ်ကို .. ဒီအိမ်ကြီးက အစဉ်အလာရှိနေတယ်လေ .. မစ္စတာဂျွန်မိုက်ကယ် က ဒီအိမ်ကြီးကို ပထမဆုံး ပိုင်ခဲ့တဲ့သူ.. အဲဒါကို မပျက်မယွင်းပဲ အဲဒီ ပန်းချီကားကို ဘွားမယ်လှ ချိတ်ထားခဲ့တယ် .. ဖြုတ်မပစ်ခဲ့တာမို့ .. အခု .. ပြည့်စုံသာ ပိုင်တော့လည်း .. ပြည့်စုံသာ ရဲ့ ပုံတူပန်းချီကို .. ဒီဧည့်ခန်းမှာ ရှိနေစေရမှာပေါ့ အစ်ကို.. ဘွားမယ်လှ ရဲ့ ပုံတူတောင် ဆွဲချင်တာ .. ဘွားမယ်လှ က .. သူ့ပုံတူချိတ်ပါနဲ့လို့ တောင်းပန်လို့ လက်လျှော့လိုက်ရတာပါ အစ်ကို .."

ကတ္တီပါဖုံး ကျွန်းထိုင်ခုံကြီးတွေရှိရာဆီသို့ ခေါ်လာရင်း ခင်ပြည့်စုံသာ ပြုံး၍ ပြောပြနေခြင်းပါ။ ဧည့်ခန်းသည် ပန်းရနံ့ကို့ ဝေနေ၏။

အဖြူရောင် နှင်းဆီပွင့်တွေက ခရမ်းပြာ ကြွေပန်းအိုးကြီးမှာ အပွင့်တွေ ဝေနေအောင် အပွင့်လှိုင်လှိုင် ရနံ့ကြိုင်ကြိုင်ဖြင့် ရှိနေကြပါသည့်အဖြစ် ..။

"ကြမ်းပါကေးခင်းတွေလည်း အားလုံးသန့်ရှင်းရေး လုပ် .. ကြမ်းခင်းသုတ် ဆေးသစ်သုတ်ထားရတာမို့ .. ဆေးနံ့တော့ မကင်းသေးဘူး အစ်ကို .. ကော်ဇောကြီးတွေတော့ အပေါ်က ထပ်ခင်းထားတာပေါ့ အစ်ကိုရယ် .. အိမ်ကြီးက .. မျက်နှာကြက်ကအစ .. အားလုံး ဆေးသစ်တွေ သုတ်ရတာဆိုတော့ .. နည်းနည်းတော့ အနံ့တွေ ကျန်နေသေးတာပေါ့ အစ်ကိုရယ် .. ပြတင်းတွေ ဖွင့်ထားတာမို့ .. အနံ့တွေ အိမ်ထဲမှာ လုံးထွေး မွှန်နေတာမျိုးတော့ မရှိပါဘူး .."

အိမ်နေရင်းပင် ပိုးထည်အပြာရောင် ပန်းပွင့်ထိုး ထက်အောက်ဝတ်စုံလေးဖြင့် ရှိနေကာ စိန်တစ်ဆင်စာဆိုတာကို အသားကျ ဝတ်ထားပါသည့် ခင်ပြည့်စုံသာ ၏ ဟန်ကဖြင့် .. အိမ်ကြီးကို စိတ်တိုင်းကျ အလှဆင်ရသည့် ကြည်နူးမှုတွေဖြင့် ရွှင်လန်းနေသည်ပါပဲ။

"မကြာပါဘူး ခင်ပြည့်စုံသာ .. မင်း ပန်းချီကားကြီးနဲ့ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ခွာ ငါ့ပုံတူပန်းချီကြီး ချိတ်ရမှာပေါ့ .. ဒီအိမ်ကြီးကို ပိုင်တဲ့ပိုင်ရှင်အသစ်ရဲ့ ပုံတူ ပန်းချီကားကြီးအဖြစ်နဲ့ ဆိုပါတော့ ..”

ကျိတ်၍ ရင်ထဲမှာ လက်ရန်းတန်း၍ ကြုံးဝါးနေမိရခြင်းပါ။

“ပန်းထိုးတာက မိဟံသာ လေ .. သူက .. အလှအပပြင်တာ ဝါသနာပါတယ် .. ပန်းခြံစိုက်မယ် .. အိမ်မှာ ပန်းအလှထိုးမယ် .. အိမ်ကို သန့်ရှင်းရေးလုပ်မယ် .. ပြတင်းတွေမှာ အပြင်ဘက်က တွေ့နေရတဲ့ ပန်းအလှစိုက်ဇဘောင်နေရာလေးတွေမှာ .. အစစ်လို့ ထင်ရတဲ့ ပန်းအတုလေးတွေကို သေချာ အိုးလေးတွေနဲ့ ထည့်တဲ့စိတ်ကူးကလည်း မိဟံသာ ပဲ အစ်ကို .. ပန်းအိုးလေးတွေ မလဲအောင် ကျောက်စရစ်ခဲလေးတွေနဲ့ ထိန်းပြီး ပန်းတုတွေ တစ်နေ့တစ်မျိုး .. အိုးလေးတွေမှာ ထည့် .. ပန်းဘောင်တွေမှာ ထိန်းကွင်းတွေထဲ ပန်းအိုးတွေကို ထည့် .. အဲသလို သူ လုပ်တာလေ .. အဲဒါတွေကိုတော့ အားကိုးရတယ် အစ်ကို .. လူကသာ လျှပ်ပျာပျာ .. ဖြစ်တဲ့အခါ ဖြစ် .. ထုံတုံတုံ .. ဖြစ်တဲ့အခါဖြစ်နဲ့ .. အတော်လေး ကသောက်ကရက်နိုင်တဲ့ ကောင်မလေး ဖြစ်ပေမယ့် .. အဲသလို .. အလှအပပြင်ဆင်တာကတော့ .. သူ့ကို အားကိုးရတယ် သိလား .. ဒီနေ့ တပ်ထားတဲ့ ပိုးခန်းဆီးအပြာနုရောင်တွေကို သူပဲ တပ်တာ .. သုံးရက်တစ်ကြိမ် သူမို့ မပျင်းမရိ ခန်းဆီးတွေလဲ နိုင်တယ် အစ်ကို .. ပြီးရင် လဲလိုက်တဲ့ ဥစ္စာတွေ သူ လျှော်မယ်၊ မီးပူတိုက်မယ် .. ပရုတ်လုံး နိုင်နိုင်ရှိတဲ့ ဗီရိုကြီးထဲ ထည့်မယ် .. အဲဒါတွေက ရန်ကုန်အိမ်မှာလည်း သူ လုပ်တာပဲ .. ရန်ကုန်က ပုန်းညက်မြိုင်အိမ်ကြီးမှာလေ ..”

ဟု ပြောလာတော့ သူ ကြည်နူးစွာ ဝေ၍ ကြည့်မိသည်က .. ပန်းအိုးလည်း ဖြစ်နေသည်။ ခန်းဆီးတွေလည်း ဖြစ်နေသည်။ ထို ပန်းလေးတွေသည် ဟံသာ ၏ လက်လေးတွေဖြင့် ထိတွေ့ရာ ..။ အလှဆင်ရာ ဖြစ်ကြလျက် ..၊ ထို ခန်းဆီးတွေသည်လည်း ဟံသာ ၏ ရွေးချယ်တပ်ဆင်ရာ ခန်းဆီးတွေ ဖြစ်ကြချေသည်တကား ...။





ထိုစဉ်ခိုက် အပေါ်ထပ်ဆီမှ အသားညိုညို တုတ်ခုတ်ခိုင်ခိုင်နှင့် အဘတစ်ယောက် ..၊ ပြီးတော့ အသားဖြူဖြူ တုတ်ခဲခဲနှင့် ဆံပင်ထူထူ နက်နက်ကြီးကို ရွှေဘီးကြီးဖြင့် ဘီးကျော့ပတ်ထားပါသည့် ဒေါ်ကြီး တစ်ယောက် ဆင်းလာကြသည်မို့ ..။

“ဟော .. ဖေဖေနဲ့ မေမေ ဆင်းလာကြပြီ .. အစ်ကို့ကို .. ပြည့်စုံသာ မိတ်ဆက်ပေးရဦးမယ် .. ဒါ .. ပြည့်စုံသာ ရဲ့ ဖေဖေနဲ့ မေမေပါ.. ဦးမျိုးသက် နဲ့ ဒေါ်ခင်ထား ပါ အစ်ကို .. ဖေဖေနဲ့ မေမေ .. ဒါက ကိုသတိုးနေခ ပါ .. ဟိုနေ့က ပြည့်စုံသာ ပြောပြတဲ့သူပေါ့ .. ဒိုးထက်နေဟိုတယ်ပိုင်ရှင် ဆိုတာလေ .. အဲဒီနေ့က .. ဖေဖေနဲ့ မေမေ ခရီးပန်းလို့ အပေါ်ထပ်မှာ နားနေကြတာမို့ အစ်ကိုနဲ့ မိတ်ဆက်မပေးလိုက်ရတာ .. အခုလည်း ဖေဖေနဲ့ မေမေ တို့က .. ဘုရားသွားကြမလို့လေ .. ဘရိတ်ဖတ်(စ်)က ဖေဖေတို့ စားပြီးကြပြီ .. ပြည့်စုံသာ ပဲ ကျန်တာ .. အစ်ကို့ကို စောင့်နေတာလေ ..”

ဟုပြောတော့ သူ ဖျတ်ခနဲ သတိရမိပြန်သည်က ဟံသာ ..၊ ဟံသာ လည်း ဘာမှ စားဖြစ်ဦးမှာ မဟုတ် ..၊ ခင်ပြည့်စုံသာ မစားသောက်ရသေးမီမှာ ဟံသာ စားခွင့်ရှိမှာလည်း မဟုတ် ..။

“အေးအေးဆေးဆေး သမီးနဲ့တူတူ စားသောက်ကြ .. ပြောကြဆိုကြပါကွယ် .. ဦးကတော့ .. ဘုရားသွားမှာမို့ပါ .. အသက်ရလာတော့လည်း ဘုရားကျောင်းကန်ပဲ မြဲနေချင်တော့တယ်လေ ..”

ဟု သူ့ကို ဦးမျိုးသက် မှ ပြောလာတော့ ပြုံး၍သာ တရိုတသေပဲ ခေါင်းညိတ်ပြရပါ၏။ ဦးမျိုးသက် ပေါ်တီကိုအောက်မှာ ရပ်ထားသည့် ကားမှာ ကားမောင်းသူနေရာ၌ ဝင်ထိုင်ချိန်မှာ ဒေါ်ခင်ထား က ဘေးမှ ထိုင်သည်။

အားလုံးကဖြင့် အေးအေးချမ်းချမ်းနိုင်လွန်းနေကြတာ အမှန် ..၊ ခင်ပြည့်စုံသာ လို မာနမျက်နှာ မဟုတ် ..။



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာ ကားနောက်ခန်းသို့ တံခါးဖွင့်ကာ လက်ဆွဲခြင်းနှစ်ခြင်း ထည့်သည်။ ဧည့်ခန်းကို ဖြတ်မလာရှာ ..၊ အိမ်ကြီး၏ နောက်ဘက်မှ ပတ်၍ ပေါ်တီကိုအောက်သို့ အပိတ်ယက်ထားသည့် ကြိမ်ခြင်း နှစ်ခြင်း ဖြင့် ရောက်လာခြင်းပါ။ ပေါ်တီကိုအောက်ဆီ ခင်ပြည့်စုံသာ မိဘတွေ ကို လိုက်ပို့တာမို့ သူလည်း ဘေးမှ လိုက်လာရခြင်းပါ။ ဟသ်ာ သူ့ကို လုံးဝ မကြည့် ..၊ ကြည့်ရဲပုံ မပေါ် ..။ သူ့ကို ရင်းနှီးအောင် မနေရဟုများ ခင်ပြည့်စုံသာ စည်းကမ်းချထားသည်လား မသိ ..။ ဟသ်ာ မကြည့်ဘဲ ရှိလေလေ .. ဟသ်ာ ၏ မျက်နက်ဝန်းလေးတွေ၏ အကြည့်နုနုလေးတွေ ကို သူ ခံချင်လေ ဖြစ်လာနေကြတာကို သူ့ဘာသာသူလည်း အံ့သြနေ သည်။

ဟုတ်သည် ..၊ အကြည့်နုနုလေးတွေ .. အကြည့်ထဲမှာ ကြမ်းတမ်း မာကျောတာ မရှိ ..၊ မာန မရှိ ..။ ညှိုးဖျော့သိမ်ငယ်တာတွေပဲ ရှိနေ သည်။ ယုန်ငယ်လေး၏ စိုးကြောက်သော မျက်ဝန်းလေးတွေ၏ ခံစား ချက်မျိုး..၊ ထိုကောင်မလေး၏ မျက်ဝန်းနက်လေးတွေမှာလည်း ရှိနေ ကြသည်တည့် ..။

ဦးမျိုးသက် နှင့် ဒေါ်ခင်ထား တို့ လက်ပြကာ ကားထွက်သွား တော့ သူ အိမ်ထဲသို့ ခင်ပြည့်စုံသာ နှင့် ပြန်ဝင်လာရပြန်သည်။ ရင်ထဲ ရှုပ်ထွေးလာသည်။ ကြည်နူးစရာကို မရှိ ..၊ စိတ်ထဲမှာ ဤနေရာမှ ပြန်သွားချင်တာပဲ ရှိနေသည်။ ဒါပေမယ့် .. မဖြစ် ..၊ သူ နေကို နေ မည်လေ ..။

ခင်ပြည့်စုံသာ ၏ အဆုံးအဖြတ်တစ်ခုသည် ဤအိမ်ကြီးမှာ အတည်ဖြစ်လောက်အောင် သြဇာသက်ရောက်မှုရှိတာကို သူ သိလာနေ ရသည်။ အဖေနှင့် အမေက ရိုးရိုးကြီးတွေ ဖြစ်နေကြ၏။

အကယ်၍ .. ဗစ်တိုးရီးယားကို ရောင်းမည်ဟု ခင်ပြည့်စုံသာ က ဆုံးဖြတ်လျှင်လည်း ဦးမျိုးသက် နှင့် ဒေါ်ခင်ထား တို့က ကန့်ကွက်မည်





ပေါ် ..။ သမီး အဆုံးအဖြတ်က အဓိကဖြစ်နေသည်ဟု လတ်တလော လေးမှာပင် နားလည်လာနေရပါ၏။

"မိဟသ်ာ က ဘာမဆို .. လေးလေးဖင့်ဖင့်ရယ် .. ခုလည်း ကြည့်.. သက်ဖက်ရည်ပွဲပြင်တဲ့ကိစ္စ .. ခုထိ အပြီးမသတ်နိုင်သေးဘူး .. အစ်ကို ဘာနေပြီ ထင်ပါရဲ့ .."

အပြစ်တင်သံက သွယ်သွယ်ဝိုက်ဝိုက် မရှိ။ မျက်ဝန်းအကြည့် သည်လည်း ထမင်းစားခန်းဘက်ကို ရောက်၏။ ခင်ပြည့်စုံသာ အတွက် ဟသ်ာ ဆိုတာ စိတ်တိုင်းမကျချင်စရာတွေချည်း ဖြစ်နေပုံ ရသည်။ နု သည်း ဟသ်ာ ခမျာ အန်ကယ် ဦးမျိုးသက် နှင့် အန်တီ ဒေါ်ခင်ထား တို့အတွက် ကားနောက်ခန်းမှာ ဆွဲခြင်းသွားထားပေးရ ဘာရနှင့် ရှိခဲ့ သည်ပဲလေ ..။ ဘယ်နှယ်လုပ်၍ ချက်ချင်းလက်ငင်းကြီး လက်ဖက် ရည်ပွဲက အသင့်ပြင်ပြီးသား ဖြစ်နိုင်ပါ့မည်တဲ့လဲ ..။

သူကတော့ဖြင့် ဟသ်ာ နှင့်ပတ်သက်၍ သနားစိတ်တွေချည်း ရင်ထဲမှာ လာလာဖြစ်နေရ ..။ ဟသ်ာ ဘက်က ဝင်ဝင်တွေးပေးနေရဖြင့် ရှိနေရပြီ ..။

"သူ့ကို ငါ စတွေ့တာကိုက .. အရမ်းကို အပြစ်ကင်းစင်ပြီး ချစ်စရာကောင်းတဲ့ ယုန်ဖြူလေးကို ပိုက်ထားတဲ့ပုံလေးနဲ့ တွေ့ရတာ.. ယုန်လေးကလည်း အပြစ်ကင်းတယ် .. သူကလည်း အပြစ်ကင်းတယ်.. ဖြူဖြူဥဥလေး ဖြစ်နေတာလည်း သူနဲ့ ယုန်လေးက တူတူပဲ .."

အတွေးသည် ဘေးမှာ ရှိနေသည့် ခင်ပြည့်စုံသာ ဆီမှာ မရှိ ..၊ မြင်ရသည့် ဟသ်ာ ထံမှာပဲ ဖြစ်နေသည်။

"ခဏလေး ထိုင်ပါ အစ်ကို .. ပြည့်စုံသာ သွား[illegible]သို့လိုက်ပါဦး မယ် .."

စိတ်မရှည်သည့်နှယ် ထမင်းစားခန်းဘက်ဆီသို့ သွားမည့် ခင် ပြည့်စုံသာ ကို သူ လက်ကာ၍ ..



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မခင်ပြည့်စုံသာ .. ကျွန်တော် မဆာပါဘူး .. ဟသ်ာ လည်း လုပ်ကိုင်နေမှာပေါ့ .. သူ အဆင်သင့်ဖြစ်တဲ့အခါ လာခေါ်မှာပ ဗျာ .. အန်ကယ်နဲ့ အန်တီတို့အတွက်လည်း သူ့ခမျာ လုပ်ကိုင်ပေးနေ ရတာတွေ ရှိနေခဲ့မှာမို့ .. လက်ဖက်ရည်ပွဲက ခုမှ သူ ပြင်နိုင်ပါလိမ့်မယ် လေ .. လက်ဖက်ရည်ပွဲဆိုတာကလည်း ပူပူလေးမှ ကောင်းတာကိုး လက်ဖက်ရည် အေးကုန်တာမျိုး ဖြစ်လို့မကောင်းဘူး မဟုတ်လား .."

ခေါင်းထဲ ဖြေပြေရာစကားတွေ ခင်ပြည့်စုံသာ ကို ပြောဖို့ ချက် ချင်း ကောက်ဖြစ်လာရသည်ကလည်း ဟသ်ာ ကို ကာကာကွယ်ကွယ် လေး လုပ်ပေးနေချင်ဇောဖြင့်ပါ။ သူ့ရှေ့မှာ ဟသ်ာ အဆူခံရတာကို မဖြစ်စေချင် ..၊ သူ မကြားရက် ...။ ပြီးတော့ .. လူရွယ်တစ်ယောက် ရှေ့မှာ အဆူခံရသည်ဆိုလျှင် ဟသ်ာလေး ခမျာ .. ရှက်ရှာမည်ပေါ့။

"ဘာတဲ့ .. ဟသ်ာလေး .. ဟုတ်လား .. မင်း သူ့ကို သနားတာ တော့ ငါ .. အပြစ်မပြောပါဘူး သတိုးနေခ .. ဒါပေမယ့် .. မင်းက သူ့ကို ဟသ်ာလေး ဆိုတဲ့ အခေါ်လေးတောင် ရင်ထဲ ဖြစ်လာနေ သလား .. ဖေဖေ ပြောထားတယ် နော် .. အရှဲ့တိုက်ပြီး ပြောထားတဲ့ စကား ရှိတယ် ..၊ အစေအပါးကိုပဲ ရှာယူယူ .. ဆိုတဲ့စကား .. အဲသလို မျိုး ငါ အပြစ်ခံဇာ့ မဖြစ်ဘူး .. ငါ စိတ်ဝင်စားတဲ့ မိန်းကလေးဟာ ပညာ အထိုက်လျောက် တတ်ရမယ် .. လိမ္မာယဉ်ကျေးပြီး ပိတော မြိုင်ကို ထိန်းသိမ်းဖို့ စိတ်ဝင်စားနေတဲ့ အိမ်ထောင်ရှင်မ .. ဧနီးအလိမ္မာ မျိုး ဖြစ်နေရမယ် ..၊ ဟသ်ာ လို .. သူများအိမ်က အစေအပါးအဆင့် တော့ မဖြစ်ရဘူး .. ဖေဖေကလည်း အဲသလို ချွေးမမျိုးကိုတော့ လက် မှာလည်း မဟုတ်ဘူး .. ဖေဖေက အရှမ်းကို ချမ်းသာပြီး အလုပ်ထဲမှာ ထူးချွန်ထက်မြက်နေတဲ့ ရွှေအိမ်သူ လို မိန်းကလေးမျိုးကို ချွေးမတော် ချင်တာ .. ဟသ်ာ လို မိန်းကလေးမျိုးကို စိတ်ကူးထဲတောင် ထည့်ထား တာ မဟုတ်ဘူး .. မင်းက .. ဘာကိစ္စနဲ့ ဟသ်ာ ကို ဒီလောက်ထိ





ပေးပြီး တွေးမဆုံး .. သနားမဆုံး ဖြစ်နေရတာလဲ .. ဒီမှာ ရုပ် .. ခံစားချက်တွေအားလုံး .. ရုပ်ပစ်မှ ဖြစ်လိမ့်မယ်ဆိုတာ ကြုပ်ကြုပ် ထားစမ်းပါ .."

ပြတ်ပြတ်သားသားကြီး သူ သတိပေးနေရသည်က သနလုံးသား ဖြစ်နေသည်။

ဆိုစဉ်ခိုက် ထမင်းစားခန်း၏ တံခါးခန်းဆီးလေးကို မှုမှုလေးကိုင် ၍ ဟသ်ာ ဧည့်ခန်းကို ကူးလာသည်။ တရိုတသေလေး ခင်ပြည့်စုံ ရှေ့မှာ လက်ကလေးပိုက်၍ ရပ်ကာ ...

"လက်ဖက်ရည်ပွဲ အသင့်ဖြစ်ပါပြီ မမပြည့် .."

ဟု ပြောလာတော့ သူ ဟသ်ာ ကို ကြာကြာ မကြည့်မိအောင် ထားနေရပြန်သည်။ ဒါပေမယ့် ခက်နေသည်က မျက်ခုံး ထူနက် လေးအောက်မှာ မျက်တောင်ထူထူရှည်ရှည် ကော့ကော့လေးတွေ မဝံ့မရဲလေး ခင်ပြည့်စုံသာ ကို ကြည့်ကာ ကြည့်ကာဖြင့် အကြောက် ရင်ထဲမှာ အမြဲထည့်ထားရပုံ ပေါ်နေပါသည့် ကောင်မလေးကို သနားစိတ်ဖျောက်၍ မရနိုင်ဘဲ ဖြစ်နေသည်။

"ဒါဆို .. ငါနဲ့ အစ်ကို အေးအေးဆေးဆေး စားသောက်ကြမယ်.. ရှိနေဖို့ မလိုဘူး .. ရွှေလွန်းကို အစာကျွေးလိုက်ဦး .. ခြံထဲ လွတ်သွား မဖြစ်စေနဲ့ .. ရွှေလွန်းက ပုန်းညက်မြိုင်မှာ ကြီးလာရတာ .. ပစ်တိုး သွားဆိုတာက နေရာသစ် .. သူ့အတွက် ဘယ်နေရာမှာ အန္တရာယ် ရှိတယ်ဆိုတာ နားလည်တာ မဟုတ်ဘူး .. ငါတို့လည်း ဒီနား ကျင်မှာ ခွေးတွေ မွေးထားတဲ့အိမ်တွေ ရှိနေမလားဆိုတာ မသိဘူး.. လွန်း လွတ်သွားပြီး ခွေးရှိတဲ့ ခြံထဲ ရောက်သွားရင် .. ဒုက္ခတွေမှာ.."

"ဟုတ်ကဲ့ပါ မမပြည့် .."

တရိုတသေလေးပြောကာ ကောင်မလေး ထမင်းစားခန်းဘက်ကို ဝင်သွားသည်။ ဒါပေမယ့် ရင်ထဲမှာ တမ်းတမ်းတတ တွေးကာ



www.burmeseclassic.com

www.burmeseclassic.com



သည့်စိတ်က ဖြစ်တည် ကျန်ခဲ့ရပြန်၏။ သူနှင့် ခင်ပြည့်စုံသာ တို့ ... သောက်နေကြချိန်မှာ ဟသ်ာ ကို ရှိစေချင်သည်ဖော ...၊ ခုကျ... ကောင်မလေး ရှိနေတော့မှာ မဟုတ် ...။

"မဟုတ်သေးပါဘူး .. ခင်ပြည့်စုံသာ နဲ့ နှစ်ယောက်တည်း ငါ... တူတူစားသောက်နေရမှာတဲ့လား .. ယောကျ်ားပျိုတစ်ယောက်နဲ့ တူ... ခင်ပြည့်စုံသာ ဟာ အနေမခက်ဘဲ .. စားသောက်တတ်နေသတဲ့လား..

သူ တွေးကာ ခင်ပြည့်စုံသာ ကို စိတ်ပျက်မိလာပြန်သည်။ ဒါ... မယ့် မတတ်နိုင် ...၊ ရောက်လာသည်ကိုက .. ဘရိတ်ဖတ်(စ်) စား... ကိစ္စ ...၊ စားမှ ဖြစ်ချေမည်မို့ ခင်ပြည့်စုံသာ နှင့် တူတူ ထမင်းစားသော... ထဲသို့ လိုက်ခဲ့ရသည်ပါပဲ ...။

ဒါပေမယ့် .. စိတ်က လက်ဖက်ရည်ပွဲမှာလည်း မရှိ ...။ ခင်ပြည့်... သာ ကိုလည်း စိတ်ထဲမတွေ့ ...၊ သူ့စိတ်တွေက ဟသ်ာ ဆီသို့ တကော... ကောက် ရောက်နေတာ ဆိုးနေသည်။

"ဟသ်ာ က နေးတုံ့နေးတုံ့ ရှိပေမယ့် .. ခိုင်းတာကိုတော့ လ... တတ်ပါတယ် .. ဒီနေ့ အာလူးကတ္တလိတ်ရယ် .. ကောက်ညှင်းပေါ... နဲ့ ငါးကြော်ရယ် .. ကြက်ဥမြုဆွမ်ရယ် .. လက်ဖက်ခြောက် သေ... နှပ်ထားတာတွေရယ် .. အားလုံး .. သူ လုပ်တာပါပဲ .. ဖျော်သော... တာကတော့ ကိုယ့်စိတ်ကြိုက် ဖျော်သောက်လို့ရအောင် .. သကြား... နို့ပူပူကအစ .. သူ လုပ်ပေးထားတယ်လေ ...၊ ခက်တာက .. ထုံထို... ထိုင်းဖြစ်တဲ့ကိစ္စပဲ အစ်ကိုရဲ့ .. တစ်ခုလောက် စိတ်ထဲမတွေ့လို့ အ... ကြည့် .. သူက .. လက်ထဲက ဖန်ခွက်ပဲဖြစ်ဖြစ် လွတ်ကျပြီ .. ကွဲပြ... အလွန် အကွဲအရှများတဲ့ကောင်မလေး အစ်ကိုရဲ့ .. သူ့လခ တစ်ဝက်... လောက်ကတော့ ဖန်ခွက်ကွဲ .. ပန်းအိုးကွဲ .. ပန်းကန်ကွဲ .. အဲဒါ... ပြန်ပြန်ပြီး ခင်ပြည့်စုံသာ မှာ ဝယ်ဝယ်ဖြည့်ရတာ .. သူ့လခထဲ... မဖြတ်ရက်လို့သာ မဖြတ်တာ အစ်ကိုရဲ့ .. တကယ်လို့ ဖြတ်ရင်ဖြ...





...ာက သူ့အမေအိုဆီကို သူ့လခ တစ်ဝက်လောက်ပဲ ပို့ဖြစ်ရမှာ ...ာ .."

ခင်ပြည့်စုံသာ ပြောကာ လက်ဖက်ရည်ပွဲမှာ ထိုင်သည်။ အားလုံး ...မပျောက်သေးသည့် အစားအစာတွေချည်း ဖြစ်နေ၏။

"လက်ဖက်ရည်ကိုတော့ .. ကိုယ်ပဲ ဖျော်ပါ့မယ် .."

ဟု ပြောကာ သူ့အတွက် လက်ဖက်ရည်ကို သူ့ဘာသာပဲ ဖျော် ...က်မိရပါ၏။ ခင်ပြည့်စုံသာ ဖျော်ပေးတာကို သူ မသောက်ချင်ပဲဖြစ် ...သည်။ သကြားက ဘယ်လောက် ...၊ နို့က ဘယ်လောက်ဆိုတာတွေ ...က ပြောရမည်။ ခင်ပြည့်စုံသာ က ဖျော်ပေးရမည်။ ထိုသို့ သူ မလုပ် ...င် ...၊ ပြောနေရတာထက် သူကိုယ်တိုင်ပဲ ဖျော်သောက်လိုက်ရတာ ...ာင်းမည်လေ ...။

"အံမယ် .. အစ်ကိုက .. လက်ဖက်ရည်တော့ အသားတကျ ဖျော် ...တ်သားပဲ .. ပြည့်စုံသာ က .. အဲသလို အစ်ကို ဖျော်တတ်လိမ့်မယ် ...ာင် မထင်ဘူး အစ်ကို .. လူချမ်းသာတွေက သူများကိုပဲ ခိုင်းတတ် ...ကိုး .."

ပြုံး၍ ခင်ပြည့်စုံသာ ပြောခိုက် သူ တုံ့ပြန်ပြုံးလိုက်ကာ ..

"မခင်ပြည့်စုံသာ အတွက် ဒီပုံအတိုင်းပဲ လက်ဖက်ရည်တစ်ခွက် ...က်လို့ ဖြစ်မယ်ဆိုရင်တော့ .. ကိုယ် ထပ်ဖျော်ပေးနိုင်ပါတယ်.."

ဟု အလိုက်တသင့် ပြောမိရသည်။ ဒါမှ .. ခင်ပြည့်စုံသာ သူ့ကို ...င်တကြီး ပိုရှိမည်။ စိတ်ထဲ ခင်မင်လိမ့်မည်။ ထိုအခါ .. ဤသို့သော ...မ်းမှုတွေကို သူ .. မကြာမကြာ ကြုံးစားယူရာမှ .. ဘစ်နေ့မှာ.. ...တိုးရီးယားကို သူ ဝယ်ချင်တာတွေ စကားကြုံ၍ ပြောသလိုမျိုး ...ဖြစ်နိုင်လိမ့်မည် ...။

"ဘွားမယ်လု ဆီက ဒီ ဗစ်တိုးရီးယားကို ဝယ်ချင်တာ ပြောမယ့် ...ဲမှာ .. ခင်ပြည့်စုံသာ က ဝယ်ဖြစ်သွားတာဗျ .."



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် စကားမျိုးကို သူ မကြားမတင်သော အနာဂတ်ရက် တစ်ရက်ရက်မှာ ပြောခွင့်ရပါလိမ့်မည်တည့် ..။

"အို .. မဟုတ်တာ အစ်ကိုရယ် .. အစ်ကို့ကို ပြည့်စုံသာ က ဖိတ်ပြီး .. လက်ဖက်ရည်ဖျော်ခိုင်းသလို ဖြစ်ကုန်မှာပေါ့ .. ဒါပေမယ့် အစ်ကို့လက်ရာကို သောက်ကြည့်ချင်တာတော့ အမှန်ပဲ အစ်ကို.. ဟင်း ဟင်း .."

ခပ်တိုးတိုးလေး ရယ်ကာ ပြောလာတော့လည်း သူ ပြုံး၍ လက်ဖက်ရည်တစ်ခွက် ထပ်ဖျော်လိုက်ရသည်ပါပဲ ..။ ဖျော်ပြီး ခင်ပြည့်စုံသာ ရှေ့ ချပေးတော့ သောက်ကြည့်သည်ကိုက .. ကြည်နူးပြုံး ဖြစ်ဖြစ်နေပြန်သည်။ ဇစ်တိုးရီးယားကို ပိုင်ဆိုင်ခွင့်ရဖို့အတွက် .. သူသည် မိန်းတစ်ယောက်အတွက် လက်ဖက်ရည်တစ်ခွက် ဖျော်ပေးလိုက်ရပြီတည့် ..ဤအတွက်တော့ ရင်ထဲမှာ ခံစားရသည်က သူ့မာနကို ထိသည်ဆိုသည့် ခံစားချက် ဖြစ်နေပြန်သည်။

မတတ်နိုင် ..၊ ဇစ်တိုးရီးယားအတွက် ဤမျှသော ဖဲ့ပေးလိုက်သည့် မာနအတွက် ရင်ကို အနာကျင်ခံလိုက်ရချေမည်သာတည့် ..။

"မမပြည့် .."

အခန်းထဲ မဝံ့မရဲလေး ဝင်လာကာ မျက်ရည်ဝဲနေရင်း ဟသ်ာ ခေါ်လာတာမို့ နှစ်ယောက်စလုံး၏ အကြည့်က အသံလာရာသို့ ရောက်သည်။

ဟသ်ာ ၏ အကြည့်လေးတွေက အရမ်းကို ယိတ်လန့်နေသည့် အကြည့်တွေ ဖြစ်နေသည်။ ခင်ပြည့်စုံသာ ကို တစ်ခုခု ပြောပြဖို့ မနည်းကြိုးစားနေရသည့်နယ် နှုတ်ခမ်းလေးတွေ ဆတ်ဆတ်တုန်နေတာလည်း သူ မြင်နေရသည်။

"ဟို .. ဟို .. ရွှေလွန်း ကို အစာကျွေးနေတုန်း .. တစ်ချက်ရှိန်း ရင်ခွင်ထဲက ထွက်သွားတာ .. အဲဒါ .. လိုက်ခေါ်လည်း မရဘူး ..





ပြည့် .. ပန်းခြံထဲရောက် .. ပန်းအိုးတွေ ကွယ်သွားရင်းက .. ပျောက်သွားတယ် .. ခြံပြင်ရောက်သွားပြီလား မသိဘူး မမပြည့် .."

အသံလေးတွေ တုန်ခါနေသည်။ လက်လေးတွေ ပိုက်ထားပေမယ့် ထက်မောင်း လက်ဖျံလေးတွေ တုန်နေကြတာကို မင်္ဂနီနိုင်ရှာ .. မျက်ရည်တွေလည်း ကျလာနေပြီ ..။

"ဟင်!... ရွှေလွန်း ပျောက်နေပြီ .. ဟုတ်လား .. ညည်းကို ငါ သေချာမှာထားရက်နဲ့ မိဟသ်ာ ရယ် .. ဟင် .. ခု .. ကောင်းသေးရဲ့လား .."

လက်ဖက်ရည်ပွဲကို မေ့ကျသွားသည်မှ ..၊ ဧည့်သည်အဖြစ် သူရှိနေသည်ဆိုတာကိုပင် ရောထွေးမေ့ပစ်လိုက်သည့်နယ် ဖြစ်ကုန်ရလျက် ခြေလှမ်းကြဲဖြင့် ဟသ်ာ ထံ ရောက်သွားသည်က ခင်ပြည့်စုံသာ ပါ ..။ မျက်နှာလေး ရဲတက်နေကာ ဒေါသဖြင့် စိုက်ကြည့်နေသည်ကလည်း ဒေါမာန်ပါနေသည်။

ခင်ပြည့်စုံသာ ၏လက်က ဟသ်ာ ၏ခေါင်းကို အရှိန်နှင့် နောက်စွေကို တွန်းသည်။ ခေါင်းလေး ငိုက်ခနဲ ရှေ့သို့ ကျသွားချိန်မှာ ဟသ်ာ က ငိုနေပြီ။ မော့ကို မကြည့်ရဲရှာ ..၊ လက်ကလေးပိုက်ရင်း ငြိမ်ခံနေသည်ပါပဲ။

အုန်းခနဲပါအောင် ကျောပြင်ကို ခင်ပြည့်စုံသာ ထုလိုက်တော့လည်း ကိုက်၍ ငြိမ်ခံသည်။ နောက်ထပ်ကျောကို ဆက်ကိုင် အုန်းအုန်းပါအောင် ထုနေသမျှ ငြိမ်သက်ခံနေတော့ သူ့မှာ မနေနိုင် ..။

"ပြန်တွေ့မှာပါ ဗျာ .. ပြန်တွေ့မှာပါ ဗျာ .."

ဟု မျက်စိမျက်နှာပျက်ရင်း သူ ဝင်တားမိရပါပြီတည်း။

ထိုအခါမှ ခင်ပြည့်စုံသာ သူရှိနေတာ သတိပြန်ဝင်ဟန်ပုံဖြင့် ကိုယ်ကို တန့်သည်။ ခေါင်းလေးငုံ့၍ ငိုတာတစ်ခုပဲ ရှိနေပါသည့် ဟသ်ာကို မျက်တောင်မခတ် စိုက်ကြည့်နေသည်ကလည်း ဒေါသမပြေသေး



www.burmeseclassic.com

www.burmeseclassic.com



သည့်နှယ် ရှိနေဆဲ ..။ သူ .. မြင်ကွင်းကို မကြည့်ရက် ..၊ တစ်ယောက်က အရမ်းကို မာကျောနေသည်။ တစ်ယောက်က အရမ်းကို ညှိုးဖျော့ကြောက်လန့်နေသည်။ ဟသ်ာ ၏ ညှိုးငယ်ငယ်တန်လေးက ခင်ပြည့်စုံသာ ၏ ဒေါသအငွေ့တွေထဲ စုန်းစုန်းနစ်ပျောက်လုမတတ် ရောက်နေသည့်နှယ် ရှိနေ၏။

ကူမည့်သူ မရှိ ..၊ ကယ်မည့်သူ မရှိ ..။ အနီးအပါးမှာ ဆွေမျိုးသားချင်း မရှိ ..။ သူတစ်ပါးအိမ်မှာ အစေအပါးအဖြစ် ရောက်နေရလျက်ဆူသံမျှ ရိုက်သံမျှ ငုံ့ခံနေရရှာသည်ကော .. ဟု သူ ရင်ထဲ မကောင်းနိုင် ..။

“ပြောလိုက်ရင် မျက်ရည်ဝဲက်လက်နဲ့ လုပ်နေတာပဲ .. ငါကဆိုးသလို ဖြစ်လို့ ..၊ ကဲ .. ဘာရပ်နေတာလဲ .. ရွှေလွန်း ကို သွားရှာ ခြံထဲလည်း ရှာ .. ခြံပြင်လည်း ထွက်ရှာ .. လမ်းပေါ်လည်း ထွက်ရှာ သိရဲ့လား .. ရွှေလွန်း ကို ပြန်မတွေ့လို့ကတော့ .. ညည်း အိမ်ထဲမဝင်နဲ့ .. လမ်းပြင်နဲ့ ခြံထဲ တစ်လှည့်စီ အထပ်ထပ်ရှာ .. နေပူလည်း နေထဲ နေ .. ဒီနေ့ .. မနက်စာလည်း ဘာမှ စားမယ် စိတ်မကူးနဲ့ ရွှေလွန်း မတွေ့လို့ကတော့ .. ညည်း အငတ်ပဲ .. သိရဲ့လား ..၊ ကဲ သွား .. မျက်ရည်သုတ် .. ကျက်သရေကို မရှိဘူး ..”

ဟု ငေါက်တော့ ပြောသမျှ နာခံရှာသည်ပါပဲ။ မျက်ရည်သုတ်သည်။ အခန်းထဲမှ သိမ်သိမ်ငယ်ငယ်လေး ထွက်သွားသည်က အရမ်းကို ကြောက်နေသည့် ဟန်လေးဖြင့်ပါ ..။

သူ .. ရင်ထဲမကောင်း ..။ ကောင်မလေး ဘာမှ မစားရသေး ..

“အစ်ကို .. အစားအသောက်ပျက်ပြီ ထင်ပါရဲ့ .. စားပါ အစ်ကိုဆာရောပေါ့ ..”

ဟု ပြောကာ လက်ဖက်ရည်ပွဲ ပြန်ထိုင်သည်က ခင်ပြည့်စုံသာပါ။ သူ စိတ်မပါ ..၊ ဒါပေမယ့် .. စားရသောက်ရသည်။





တကယ်က .. စားကောင်းသောက်ကောင်းရမည့်ကိစ္စ ၊ ဘာလေးယူစားစား .. အစပ်အဟပ် မှန်နေသည်။ စားကောင်းနေသည်။ ဒါပေမယ့် .. သူ စား မဝင် ..။ အကြည့်သည် .. ဧည့်ခန်း ဂက်ဆီသို့ ရောက်၏။ ပြတင်းဆီမှတစ်ဆင့် လှမ်းမြင်နေရသည့် ခြံဂက်ဆီသို့လည်း ရောက်၏။

ကောင်မလေး ဘယ်မှာများ ရှိနေမည် မသိ ..၊ ရွှေလွန်း ကို တွေ့ပုံမရသေး ..။ လိုက်ရှာနေရင်းလည်း အဘယ်မျှ ခင်ပြည့်စုံသာ ၏ အဆူအငေါက်တွေ ခံရမှာကို လန့်နေမည် မသိ ..။ ရွှေလွန်း ပျောက်သွားလျှင် ကောင်မလေး သက်သာမည် မဟုတ် ..၊ သူ ရင်ထဲ ပူနေသည်။ ရွှေလွန်း ကို တွေ့ပါစေဟု ဆုတောင်းနေသည့် သတိုးဒေဝ လည်း ဖြစ်နေပြီ ..။

မနက်နေသည် တဖြည်းဖြည်း အချိန်ပြောင်းလာသည်နှင့်အမျှ..၊ အရှိန် တိုးသည့်ဘက်ကို ကူးနေပြီ ..။

နေရှိန်အောက်မှာ ရောက်နေရသည့်နှယ် .. ရင်သည် အပူဟပ်ခံရသည့်နှယ် ရှိချေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ။ ၇ ။

"ခုလို .. တကန့်တက .. မနက်စာ ဖိတ်ကျွေးတဲ့အတွက် ကျေး
တင်ပါတယ် မခင်ပြည့်စုံသာ .. အဲဒီအတွက် .. ကိုယ် ပြန်ကူညီ
တယ် .. ရွှေလွန်း ကို အလွန်ချစ်တဲ့ မခင်ပြည့်စုံသာ အတွက် .. ကူညီ
ရစေ .. ရွှေလွန်း ကို ကူညီရှာဖွေပေးချင်ပါတယ် .. မြန်မြန်ပြန်တွေ့
ခင်ပြည့်စုံသာ လည်း စိတ်မြန်မြန်အေးရတာပေါ့ဗျာ .."

စားသောက်ပြီးချိန်မှာ သူ အချိန်မဆိုင်းပဲ ပြောမိသည့်စကား
တကယ်က .. ဟသ်ာ ကို သူ ကူညီချင်သည်လေ။ ဒါပေမယ့် ရင်ထဲ
ရာအတိုင်း ခင်ပြည့်စုံသာ ကို ဖွင့်ပြော၍မှ မဖြစ်ချေတာမို့ .. ခင်ပြည့်
သာ ဘက်က ကျေနပ်စေမည့် စကားမျိုးကို ရွေးချယ်၍ သူ ပြောရ
ပါ ..။ ခုလို .. ခင်ပြည့်စုံသာ အပေါ် အလေးအနက်ထား၍ ပြောသ
စကားမျိုး ဖြစ်နေစေတော့လည်း ပြုံး၍ ကြည့်လာတာကို အရင်
သူ ဝင်ဆိုင် ကြုံရပါ၏။

မိန်းမပျိုတစ်ယောက်၏ ကြည်နူးကြည့်တစ်ခုကို သူ မလုံမလဲ
ခံလိုက်ရသည်ကိုက မရိုးသားမှုတစ်ခု၏ နောက်ကွယ်ဆီမှာ ရှိနေသ
ယောင်းနေခြ အဖြစ် ရှိနေရင်းဖြင့်ပါ။ ဟုတ်သည်လေ ..၊ သူ မရိုးသား
ခင်ပြည့်စုံသာ ၏ ရွှေလွန်း ဆိုတာထက် .. နေပူထဲမှာ မျက်ရည်





လက်ဖြင့် ရွှေလွန်း ရှာပုံတော်ဖွင့်နေမည့် ဟသ်ာ အတွက် သူ သနားနေ
ရသည့်အကြောင်း သူ ဥယျာဉ်ထဲ ဆင်းဖို့ ကြိုးစားနေခြင်းဆိုတာ သူ့
ကိုယ်သူ သိနေရသည်ပဲလေ ..။

"ပြည့်စုံသာ ကို အရမ်းတန်ဖိုးထား နေရာပေးပြီး ကူညီပေးတဲ့
အစ်ကို့ကို .. ပြည့်စုံသာ ကျေးဇူးတင်ပါတယ် အစ်ကို .. အစ်ကို တစ်
ယောက်တည်း မရှာပါနဲ့ .. ပြည့်စုံသာ လည်း ရှာပါ့မယ် .. ဒါပေမယ့်..
နေရှိန်ရလာပြီ အစ်ကိုရဲ့ .. ထီးတော့ ယူမှ ဖြစ်မှာ .."

ခရမ်းလွန်ရောင်ခြည်ဆိုတာတွေကလည်း ထင်ရှား ကြော်ကြား
လူသိများသည့်အထဲမှာ နေရာယူထားပြီးနေတာမို့ ..၊ ခင်ပြည့်စုံသာ
နေရောင်ခြည် တိုက်ရိုက်အထိခံရမှာ လန့်နေတာ သိသာနေပါ၏။
သူနှင့်တူတူ စည့်ခန်းသို့ ခင်ပြည့်စုံသာ ထွက်လာပြီး တစ်ဖက်ခန်းသို့
ဝင်သွားပါ၏။ ပြန်ထွက်လာတော့ လှပသည့် ဇာနားလေးတွေပါသော
ပန်းရောင်ထီးတစ်လက် ပါလာသည်။ ပြီးတော့ .. အနားဒိုင်းကြီးပါသည့်
မြက်ဦးထုပ်ကြီး တစ်လုံးလည်း ပါလာပါ၏။

ဦးထုပ်ကို သူ့ကို ကမ်းပေးသည်။ အလိုက်သင့် ယူလိုက်ရသည်ပါ
ပဲ။ ဟသ်ာ က အပြင်မှာ နေရောင်အောက်မှာ အဆောင်းမပါပဲ ရွှေလွန်း
ကို ရှာနေရတာ အချိန်မနည်းတော့ပြီ ..။ ခုမှ အပြင်ထွက်မည့်ဟန်
ပြင်ဆဲ လူနှစ်ယောက်ဆီမှာကျတော့ ထီးတွေ ဦးထုပ်တွေ လက်ထဲ
ရောက်နေပြီ ..။ မတရားသည်ပဲဟု စတင်၍ သူ မကျေမနပ်ဖြစ်ရသည်
က ခင်ပြည့်စုံသာ ကိုပဲ ဦးတည်၏။

ပေါ်တီကိုအောက်မှ ထွက်တာနှင့် ထီးကို ဖွင့်ဆောင်းသည်က
ခင်ပြည့်စုံသာ ဖြစ်ကာ ဦးထုပ်ကြီး ဆောင်းထားရသည်က သူပဲ ဖြစ်နေ
တာမို့ ဟသ်ာ ရှေ့မှာ ဦးထုပ်ကြီး တကားကားဖြင့် ရှိရမှာ ရင်ထဲ မသို
မလဲ ဖြစ်ရပြန်သည်။ ရှက်သည်ပေါ့ ..၊ ဘယ်နှယ့် .. သူ့ထက် များစွာ
ငယ်သည့် ဟသ်ာ က နေပူထဲ ခွေးတလုံးလုံးဖြင့် ရွှေလွန်း ကို ရှာနေချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ သူက ဦးထုပ်အနားကြီး တဖားဖားဖြင့် ရှိနေသည့်ဥစ္စာကို ဆောင်းထားရမည်တဲ့လား။ သူရော ခင်ပြည့်စုံသာ ရော ဥယျာဉ်ဘက် လျှောက်လာကြချိန်မှာ စပယ်ရုံကြားမှာ ကိုယ်လေး ငုံ့ကိုင်း၍ ...

"ရွှေလွန်း ရေ .. ရွှေလွန်း ရေ .."

ဟု ခေါ်နေသံ ..၊ ရှာနေသည့် ဟန်သံ ..၊ မြင်လိုက်ရချိန်မှာ ကောင်မလေး၏ ပါးလေးတွေ ရဲနေသည်။ ချွေးတွေကလည်း မျက်နှာထက်မှာ နဖူးစပ်နှင့် နှာထင်ဆီမှ စီးကျနေကြတာ မြင်ရပါ၏။ လက်ထဲမှာလည်း ကန်စွန်းရွက်စည်းလေး ကိုင်ထားကာ ရွှေလွန်း ကို အစာလေးဖြင့် မျှားခေါ်ဖို့ ကြိုးစားနေပါသည့် ဟန်သံ ..၊ ခုထိ .. ရွှေလွန်း ကို ရှာမတွေ့နိုင်ရှာ ..။ ခင်ပြည့်စုံသာ မှ ...

"ခုထိ .. အသံချိုလေးနဲ့ ရွှေလွန်း ကို တခေါ်ခေါ် လုပ်နေရုံ .. ကန်စွန်းရွက်လေး ကိုင်ထားရုံနဲ့ ပြီးမလား .. ခြံပြင်ထွက် ရှာ ..၊ ခုထိ မတွေ့ပုံထောက်တော့ .. ရွှေလွန်းလေး အပြင်ရောက်ပြီ ထင်ပါရဲ့ ..၊ ငါ့နှယ်နော် .. ထုလိုက်ရ .. စိတ်ထဲ ဆာသလောက်သာ ထုရ ထောင်းရရင် ညည်း မေ့လဲသွားရလိမ့်မယ် သိရဲ့လား ..၊ ငါ့မှာ မနက်စာ စားသာ စားနေရတာ .. စိတ်ထဲကို မဖြောင့်ဘူး သိရဲ့လား .. အစ်ကို့ကို ဖိတ်ကျွေးတဲ့ ဒီမနက်စာပွဲမှာမျိုးကျမှ ညည်း ပေါ့ဆရသလား ဟဲ့ .. ခု .. ရွှေလွန်း ပျောက်တယ်ဆိုတဲ့နေ့က .. ဒီနေ့ ဖြစ်နေတော့ .. အစ်ကို့မှာလည်း အစား မဖြောင့်ရှာဘူး သိရဲ့လား .. ခု ကြည့်စမ်း .. နေပူထဲ အစ်ကိုလည်း မနေနိုင်ဘဲ လိုက်ရှာကူနေရပြီ ..၊ ညည်းဟာလေ .. နမော်နမဲ့ အလွန်နိုင်တဲ့ ဟန်သံ ဖြစ်နေတယ် .. မျက်စိထဲ မတွေ့လိုက်တာဟယ် .. သွား .. အပြင်ထွက် ရှာ .. ငါ ခြံထဲ ရှာမယ် .."

ဆက်တိုက်ကြီး ဆူငေါက်နေတော့လည်း မျက်ရည်လေး တလည်လည်ဖြင့် ဟန်သံ မော့ပင်မကြည့်ဝံ့ရှာပဲ ငြိမ်ခံနေသည်ပါပဲ။ အပြင်ထွက်ရှာ .. ဟု ပြောတာမို့ မျက်ရည်လေး တလည်လည် .. မျက်နှာလေး





ငယ်ငယ်ဖြင့် ခြံပြင်ထွက်သွားတော့ သူ ရပ်ငေးကျန်ခဲ့ရပါ၏။ သတိရလာသည်က အတန်ကြာတော့မှ ခင်ပြည့်စုံသာ ဖြစ်ရပြန်သည်။ ကြည့်လိုက်တော့ ထီးတဆောင်းဆောင်းဖြင့် ပန်းအိုးတွေကြားထဲ သွားလာရင်း ရှာလိုက် ..။ စံပယ်ရုံကို နောက်တစ်ကျော့ ထပ်ရှာလိုက်ဖြင့် ရှိနေတာ မြင်ရပါ၏။ စံပယ်ရုံက အုံကျင်းကောင်းသည်။ ဘွားမယ်လှ ရှိစဉ်ကတည်းက ယိုစံပယ်ရုံသည် မြက်တောတွေကြားထဲမှာ ရှင်သန်နေခဲ့လျက် ..၊ ခုကျတော့လည်း ပေါင်းမြက်တို့ ရှင်းလင်းကုန်သည်မို့ ထင်းခနဲ နေအောင် စံပယ်သုံးရုံသည် စိမ်းမြမြရွက်တို့ စေ့သိပ် အုံကောင်းစွာ ရှိနေကြသည်ပါပဲ ..။ သူ သိနေသည်။ သေချာတာကတော့ ရွှေလွန်းသည် ခြံထဲမှာ ရှိမနေနိုင်တော့ပြီဟု ..၊ ကောင်မလေး ခြံနောက်ဘက် .. ခြံရှေ့ဘက် .. တစ်ခြံလုံး မကျန်အောင် ရှာပြီးလောက်ပါပြီ ..။ တွေ့မည်ဆိုရင် တွေ့လောက်ပြီ ..။

"ကိုယ် .. ခြံပြင် ထွက်ရှာလိုက်မယ်လေ .."

"အံမယ်လေး အစ်ကိုရယ် .. မနက်စာလေး တစ်ဆုပ်တစ်ဖွဲ့လေး ဖိတ်ကျွေးပြီး .. နေပူထဲ ရွှေလွန်း အရှာခိုင်းသလို ဖြစ်ကုန်ပါ့မယ် .. လုပ်ပါနဲ့ အစ်ကိုရယ် .. ဟိုတယ်သူဌေးက လမ်းပေါ်ထွက်ပြီး ယုန်ပျောက် ရှာရတယ်လို့ .. ကဲပါ.. အိမ်ထဲ ပြန်ဝင်ကြစို့ အစ်ကို .. ရွှေလွန်းကို .. တွေ့အောင် ရှာရမှာက ဟန်သံ ပါ .."

အားနာပုံလေးဖြင့် ခင်ပြည့်စုံသာ အိမ်ထဲ ပြန်ဝင်ဖို့ ပြင်နေတော့ သူ ပြုံး၍ ...

"ခုပဲ ခြံထဲ ဆင်းရှာရုံရှိသေးတာပါဗျာ .. နည်းနည်းတော့ ရှာကြည့်ပါရစေဦး .. တွေ့တယ်ဆိုရင်လည်း ကောင်မလေးကို သွားပြန်ခေါ်လာလို့ ရတာပေါ့ .. သူ့မှာလည်း နေပူကျဲတဲထဲမှာ ရှာနေရရှာတာ .. ဒီမှာက ရွှေလွန်း ကို ပြန်တွေ့တယ်ဆိုရင်တောင် .. သူက ဒါမှာမှ မလာတော့ဘူးလေ .. ဟိုမှာ ဆက်ရှာနေမှာ ..၊ နေပူထဲ ပိုကြာလေ့ခံမှာပေါ့ မခင်

www.burmeseclassic.com



ပြည့်စုံသာ ရယ် .. သူတစ်ယောက်တည်း ရှာနေတာထက် .. တစ်ယောက် ပိုရှာပေးနေတယ်ဆိုရင် .. အတွေ့ ပိုမြန်တာပေါ့ ..''

သူ့ရင်ထဲ ရှိနေတာကို ကြာရှည် မဖုံးကွယ်ထားချင်တော့ပါ။ ကောင်မလေးကို နေပူထဲ ကြာကြာ မရှိစေချင်သည့်စိတ်ကို ဤတစ်ကြိမ်မှာတော့ ဖွင့်ပြောလိုက်သည်ပါပဲ။ သူ ခြံထဲ ဆက်ရှာနေတော့လည်း ခင်ပြည့်စုံသာ လည်း အိမ်ထဲ ပြန်မဝင်ဖြစ်တော့ ..၊ ထီးဆောင်းရင်း ရွှေလွန်း ကို တခေါ်ခေါ်ဖြင့် လိုက်ရှာသည်ပါပဲ။ ဆယ့်ငါးမိနစ်ကျော်လာပြီ .. မတွေ့ ..၊ သေချာပြီ ..။ ရွှေလွန်း ဤခြံထဲမှာ ရှိကို မရှိတော့ပြီ။ ခြံပြင် ထွက်သွားလောက်ပြီ ..။

မျက်နှာထက်မှ ချွေးကို လက်ကိုင်ပဝါလေးဖြင့် ခင်ပြည့်စုံသာ သုတ်ကာ ...

''အိမ်ထဲ ပြန်ဝင်မှ ဖြစ်မယ် အစ်ကို .. နေရှိန်တက်လာနေပြီ .. ချွေးတွေ အရမ်းထွက်လာတယ် အစ်ကိုရဲ့ .. လာပါ အစ်ကို .. အစ်ကိုက စည့်သည်ပါ .. ဧည့်သည်က ခြံထဲက မထွက်ဘဲ ရှိနေရင် အိမ်ထဲကို ခင်ပြည့်စုံသာ လည်း ပြန်ဝင်လို့ ဖြစ်တော့မှာ မဟုတ်ဘူး .. လာပါ အစ်ကို .. ပြည့်စုံသာ ပူလှပြီ .. မခံနိုင်တော့ဘူး ဒီအပူရှိန်ကို ..''

ဟု တပြောတည်း ပြောခေါ်နေတော့လည်း သူ ခေါင်းမာ၍ မကောင်းတော့ပြီမို့ အိမ်ထဲ ပြန်ဝင်ခဲ့ရသည်ပါပဲ။ ဒါပေမယ့် အကြည့်သည် ခြံတံခါးဝဘက်ဆီသို့ တလှည့်လှည့်ရောက်၏။ ယုန်ဖြူလေး ပိုက်၍ ကောင်မလေး ပြန်ဝင်လာပြီလားဆိုသည့်ဇောဖြင့် ကြည့်မိခြင်း ..။ ပြီးတော့ .. ပြန်တွေ့စေချင်လှပြီကောလေ ..။ ကောင်မလေးကို .. နေပူအောက်ထဲမှာ ယုန်ပျောက်ရှာနေတာ ရပ်တန့်လိုက်စေချင်ပြီ ..။ ဤသို့ဖြစ်ဖို့ဆိုတာက ပြန်တွေ့မှ ဖြစ်မည်လေ ..။ ဒါပေမယ့် .. သူ့ဆုတောင်း မပြည့်သေး ..၊ ကောင်မလေး ပြန်ရောက်မလာနိုင်ရှာ ..။

''နလောက်ဆို .. သူ့ခမျာ .. လမ်းဘေးဝဲယာ .. ယုန်ပျောက်ရှာ





နေမှာ .. နေက ပူကပူသနဲ့ .. မျှားရင်တော့ ဒုက္ခပဲ .. သူ့ကို အရေးအရာထားပြီး ဘယ်သူက ဆန်ပြုတ်ဝို့ ဘာတို့ တိုက်နေမှာလဲ .. အိပ်ရာထဲ ကွေးနေရုံဆိုတဲ့ အခွင့်အရေးတောင်မှ ကံကောင်းမှ ရမှာ .. ခင်ပြည့်စုံသာ ရဲ့ ပုံအချိုးက .. ဟသ်ာ အပေါ် ညှာညှာတာတာ ရှိမယ့်ပုံကို မပေါ်ဘူး ..''

ဟသ်ာ ကို သနားလေလေ ..၊ အပူတွေ များလာရလေလေ ..။ မျှားမှာကိုလည်း ပူပူပင်ပင် ဖြစ်တတ်လာနေသည်။ မျှားမျှား မျှားလျှင် ပြုစုမည့်သူ မရှိဘဲ အိပ်ရာထဲ ခွေနေရမှာမျိုးကိုလည်း တွေး၍ သနားတတ်နေသည်။ ထို့ထက်ဆိုးသည်က .. မျှားနေတာကို အနားမပေးဘဲ ဆက်၍ အိမ်ကိစ္စတွေ ခင်ပြည့်စုံသာ က မညှာမထောက် ခိုင်းနေနိုင်သည်ဆိုသည့် အတွေးကလည်း မကျန်အောင် တစ်ဆက်တည်း ပါလာနေတာမို့ ဟသ်ာ အတွက် သနားတာတွေ ..၊ ပူပန်တာတွေဖြင့် ရှိနေရပြန်၏။ ဤသည်ကလည်း သူ့အတွက် ထူးဆန်းနေသည် မိန်းကလေးတစ်ယောက်အပေါ် သနားစိတ်ဖြင့် တကောက်ကောက်မျှ စာနာနေစိတ်တွေ မတန့်နားနိုင်ပဲ ရှိနေရပါသည့် သတိုးနေခ ဆိုတာက ခုမှတောင်၍ ဖြစ်တည်လာရသည်ကိုးလေ ..၊ ပူပန်တတ်နေသည်။ သနားတတ်နေသည်။ စိတ်ထဲမှာ သတိတရဖြင့် ရှိနေတတ်ခဲ့ပြာလည်း ဤကောင်မလေးနှင့် စဆုံ ကြုံပြီးသည့်နောက်မှာကတည်းက .. သူ့ရင်မှာ အမျှင်ဖွဲ့၍ တတန်းတန်းပါနေသည့်အဖြစ် ..၊ ထိုအရာကို သံယောဇဉ် ချည်မျှင်တန်းဟု ခေါ်ချေသည်လား ..။ သူသည် .. သူသည် .. ကောင်မလေးတစ်ယောက်ကို သံယောဇဉ် ဖြစ်နေတတ်ပြီတဲ့လား ..။

အိမ်ထဲရောက်တော့ ခင်ပြည့်စုံသာ ပန်ကာ ဖွင့်သည်။ သဘာဝလေတွေ ဝင်ရောက်နိုင်ဖို့ ပြတင်းပေါက်ကိုင်းကို ဖွင့်ထားတာမို့ .. လေအေးစက်ကိုတော့ ခင်ပြည့်စုံသာ မဖွင့် ..။ လေအေးစက်ဖွင့်သည်ဆိုလျှင်ဖြင့် ပြတင်းတံခါးတွေ အားလုံး ပိတ်ရသည်ကိုးလေ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆေးသစ်သုတ်ထားတာမို့ ဆေးနံ့က သိပ်မစင်သေးလို့ အဲကွန်း မဖွင့်သေးဘဲ ထားရတာပါ အစ်ကို .. ပြတင်းတွေအားလုံး ဖွင့်ထားရ တယ်လေ .."

ဆိုဖာထက်မှာ ထိုင်ရင်း သူ့ကို လေအေးစက် မဖွင့်သည့်ကိစ္စ ဖြေရှင်းသလိုလေး ပြောတော့ သူ ပြုံးပြရပြန်သည်။ လေအေးစက် မဖွင့် တာ ဖွင့်တာ .. ဒါက အရေးမကြီး ..။ သူ့အတွက် အရေးတကြီးဖြစ် နေသည်က ကောင်မလေး ယုန်ပြန်တွေ့ပြီး ပြန်ရောက်လာဖို့ပဲ ဖြစ်နေ သည်။

"သူ့ခမျာ .. နေပူထဲလည်း ရှိနေရတယ် .. အေးအေးသက်သာ ဘယ်မှာ ရှိမှာတဲ့လဲ .. ဒီကြားထဲ အပူသောကနဲ့ ရှိရသေးတာ .. ယုန်က ပျောက်နေတာကိုး .. အဲဒီ အပူက တစ်ခု ..၊ ပြီးတော့ .. ခင်ပြည့်စုံသာ ဆူမှာ ရိုက်မှာကို ကြောက်နေရတဲ့ဈောက တစ်ခု .. အဲဒီဟာတွေနဲ့ သူ့ခမျာ .. နေပူကျဲတဲထဲမှာ ရှိနေရမှာ .. ပြီးတော့ .. အပျိုအရွယ်လေး.. တစ်ယောက်ထဲ ဟိုရှာ သည်ရှာနဲ့ ရှိနေရင် .. သူများတွေကလည်း ရှုစမ်းကြည့်ကြမှာပဲ .. သူ .. ရှက်မှာပေါ့ .."

အတွေးသည် တစ်လျှောက်လုံး ပါလာနေသည်။ တိုးလာနေသည် အကြည့်က ခင်ပြည့်စုံသာ ၏ ပုံတူပန်းချီကားကြီးဆီသို့ ရောက်၏။

"ပုံကိုက .. မဟာဆီ မဟာသွေးဖြစ်နေတာကျလို့ .. ဟန်ကြီးပန် ကြီး တော်တော်နိုင်တဲ့ သူ့စရိုက်တွေအားလုံး အဲဒီပန်းချီကားထဲက ခုန် ပေါက်ဝင်နေကြတဲ့အတိုင်းပဲ .. တော်တော် မောက်မာပြီး အညာအတာ မရှိတဲ့ မိန်းမ .. သွေးကြီးမွေးကြီး တော်တော်နိုင်တဲ့ မိန်းမ .."

စိတ်ထဲ စေတနာပျက်ကုန်ရသမျှ ရင်ထဲမှ ပြောနေမိသည့် စကား လုံးတိုင်းသည် ခင်ပြည့်စုံသာ အပေါ် အညှာအထောက်မရှိ ဝေဖန်နေ သည့် စကားတွေချည်း ဖြစ်နေသည်။ ခင်ပြည့်စုံသာ ထမင်းစားဆောင် ဘက်သို့ ဝင်သွားချိန်မှာ သူကဖြင့် အိမ်တံခါးမကြီးဆီသို့ လျှောက်ခဲ့ကာ





ခြံဝကို လည်တဆန့်ဆန့် မျှော်နေသည့် သတိုးနေခ ဖြစ်နေရပြန်၏။ ဟိုတယ်ကိစ္စလည်း အရေးတကြီးပင် သူ့အတွက် ဖြစ်မနေ ..၊ ဟိုတယ် ပြန်ဖို့လည်း စိတ်မကူး ..။ ဤနေ့မနက်မှာ ပြုလုပ်မည့် ဝန်ထမ်းအစည်း အဝေးလည်း ပျက်ပြီ။ အစည်းအဝေးတက်ဖို့ သူ့မှာ လောလောဆယ် စိတ်မပါ ..။ အစည်းအဝေးခန်းမှာ စားပွဲထိပ်နေရာ၌ ထိုင်ရင်း အလုပ် ကိစ္စတွေကို ဦးဆောင်လုပ်ကိုင်နေသည့် သတိုးနေခ အဖြစ် ရှိမနေဘဲ ဟင်္သာ အတွက် တွေးနေသည့် သတိုးနေခ ပဲ ဖြစ်နေမှာကို သူ့ကိုယ်သူ လည်း သိနေသည်။

ဗစ်တိုးရီးယားမှ အိမ်ဖော်ကောင်မလေးတစ်ယောက်၏ ယုန် ပျောက် ရှာပုံတော်ကိစ္စတစ်ခုသည် မိုးထက်နေဟိုတယ်၏ အလုပ်ကိစ္စ အစည်းအဝေးတစ်ခုကို ပျက်သွားစေနိုင်လောက်အောင် အရေးလာကြီး နေတာကိုလည်း သူ နားမလည်နိုင်ပဲ ဖြစ်နေသည်။ သူ့ကိုယ်သူ နားမ လည်နိုင်တော့ခြင်း ..။

"အစည်းအဝေးမှာ ထိုင်နေရင်း .. ဟင်္သာလေး ရွှေဥဒန်း ကို မတွေ့ သေးဘူးလား .. နေပူထဲ ရှာနေတုန်းပဲလား .. အပူရှပ်ပြီး မူးတော့မှာ ပဲ .. ဆိုတာတွေ တွေးပူရင်း .. ရှိနေတာထက် .. ဒီကောင်မလေး .. ယုန်လေးနဲ့အတူ ပြန်ရောက်လာပြီဆိုတာလောက်ကိုတော့ သိပြီးမှ မိုးထက်နေကို ပြန်သွားရတာက ပိုပြီး ရင်ကို သက်သာရာ ရစေမှာလေ.. ဟိုမှာ .. သူ့အတွက် တွေးရ .. ပူပင်ရ .. သနားရနဲ့ အငြိမ်သဲ မဖြောင့် ဘဲ ရှိနေမယ့်အတူတူ .. အဖြေတစ်ခုခုကို သိပြီးမှ ဗစ်တိုးရီးယားက ပြန်တာ အကောင်းဆုံးပါပဲ .."

ဟု သူ တွေးနေမိပြန်၏။ ထိုစဉ်နိုက် အအေးခွက်လေး သူ့ကို ကမ်းလာသည်က ခင်ပြည့်စုံသာ ပါ။ ရင်ထဲ ပူနေတာမို့ မငြင်းဘဲ ချက်ချင်း ယူသောက်မိသည်တည့်..။ ခြံဝဘက်ကို သူ ကြည့်နေတော့ ခင်ပြည့်စုံသာ ကလည်း လိုက်ကြည့်ရင်းမှ ..



www.burmeseclassic.com

www.burmeseclassic.com



"ပြည့်စုံသာ ရဲ့ ရွှေလွန်းလေး ပြန်တွေ့စေချင်လောက်အောင် ဒီလောက်အထိ .. စိတ်ပူနေတာ မြင်ရတော့ .. ပြည့်စုံသာ အပေါ်မှာ အစ်ကို ဘယ်လောက်ထိ စေတနာထားတယ်ဆိုတာ သိရတော့တာပါ အစ်ကိုရယ် .. ရွှေလွန်းလေး ပျောက်သွားရင် ပြည့်စုံသာ စိတ် အရမ်းထိ နိုက်မှာ အစ်ကို သိပေးရင်း .. ပြည့်စုံသာ စိတ်ချမ်းသာစေဖို့ဆိုတာက ရွှေလွန်းလေး ပြန်တွေ့မှ ဖြစ်မယ်ဆိုပြီး .. ခြံဝဘက်ကို ကြောင့်ကြစိတ် တွေနဲ့ မျှော်နေတာ မြင်ရလေလေ .. အဲဒီ လျှပ်ပျာပျာ မိဟသ်ာ ကို ဒေါသဖြစ်ရလေလေပါ ..၊ သူ ပေါ့တီပေါ့ဆလုပ်လွန်းလို့ စိတ်ပျက်နေ တာလည်း ကြာပြီ အစ်ကိုရဲ့ .. ခုတစ်ခါတော့ .. သည်းမခံချင်ဘူး ဖြစ်လာရပြီ .. သူ ပျာကလပ်လုပ်လို့ ရွှေလွန်း ပျောက်နေရပြီ .. ရွှေလွန်း ကို ပြန်မတွေ့မှာ စိုးရိမ်နေရတဲ့ အစ်ကို့ကို တွေ့ရလေလေ .. အဲသလို စိတ်ပူအောင်လုပ်တဲ့ မိဟသ်ာ ကို ဒေါသဖြစ်ရလေလေပါ .."

ဟု ပြောနေတော့ သူ စိတ်ထဲ မောလာရသည်။ သူက ဟသ်ာ အတွက် ပူနေခြင်း ..၊ ခက်သည်က ခင်ပြည့်စုံသာ ၏ အထင်ကဖြင့် တစ်မျိုး ဖြစ်နေသည်။ ခင်ပြည့်စုံသာ မှ ရွှေလွန်း အတွက် စိတ်ပူနေတာ ကို သူက သနားနေသည်ဟုပင် အိမ်ကြီးရှင်မမက ထင်တင်လုံးရှိနေ သည်တည့် ..။

"သူ့ကို ငါက အရမ်းဂရုစိုက်နေတယ်လို့ ထင်နေတာတွေဟာ မမှန်ဘူးလို့ ငါက ဖွင့်ပြောပြလို့မှ မဖြစ်တာ .. သူ့စိတ်ကူးနဲ့ သူ အူးမြူး ပြီး ရှူးနေပေ့စေ .."

စေတနာပျက်ပျက်ဖြင့် စိတ်ထဲမှ မဲ့ကာ ရွဲ့ကာဖြင့် အတင်းတုတ် တတ်နေသည်ကလည်း သူပဲ ဖြစ်နေပြန်၏။ သူတစ်ပါးကို အတင်း အဖျင်းပြောတာလောက် သူ မုန်းတာ မရှိ ..၊ ခုကျတော့ သူက စိတ်ထဲ ခင်ပြည့်စုံသာ ကို အတင်းတုတ်သည့် သတိုးနေခ ဖြစ်နေပြန်ပြီ။ ဟသ်ာ သည် .. သူ့ကို များစွာသော ပြောင်းလဲခြင်းတွေကို ဖြစ်ပေါ်လာစေနိုင်





မ်းလောက်အောင် လွှမ်းမိုးလာနေသည်ဟု စတင်၍ ဝန်ခံစပြုလာနေ ပြီကောလေ ..။

"အဲဒီခံစားချက်တွေ အားလုံးကို ဒီနေရာမှာပဲ ငါ ဖြတ်တောက် ချန်ရစ်ခဲ့ရလိမ့်မယ် .. ဟုတ်တယ် .. အဲဒါ အရေးကြီးတယ် .. ဒီကောင် လေးကို ကြာလေ .. ငါ သနားလာရလေ .. သူ့အကြောင်း ပိုတွေးနေ တတ်ရလေ ဖြစ်နေတာတွေဟာ .. ငါ့အတွက် အန္တရာယ်များတယ်..၊ နှလုံးသားထဲကို .. အဝင်ခံလို့ မဖြစ်နိုင်တဲ့ ကောင်မလေးတစ်ယောက် ကို .. ငါက .. မေ့မရလောက်အောင် သူ့အကြောင်းတွေ တွေးပေးနေ တယ်ဆိုရင် .. ငါ ခက်လိမ့်မယ် .. ဖေဖေ ငါ့ကို အရွဲ့တိုက်ပြီး ဒေါသ ကြီးနဲ့ ပြောခဲ့တဲ့စကားဟာ နိမိတ်ဖတ်သလိုများ ဖြစ်နေပြီလား ..၊ ငါ့ကို အစေအပါးနဲ့ပဲ ယူယူ .. မတားဘူးလို့ ဖေဖေ စိတ်နာနာနဲ့ ပြော ခဲ့တာ ဘာကြာသေးလို့လဲ .. အခု .. ငါ .. တကယ်ပဲ အစေအပါးတစ် ယောက်အတွက် .. ယောက်ယက်ခတ်အောင် .. စိတ်ပူနေတတ်တဲ့ လူတစ်ယောက်လုံးလုံး ဖြစ်နေပါပေါ့လား .."

သူ စိတ်ကို နာနာ ဖိထိန်းနေရသည်။ အကောင်းဆုံးကတော့ စော စောက သိနေ ဝန်ခံခဲ့ပါသည့် သံယောဇဉ်ဆိုတာကြီးကိုသည်း ချန်ရစ် ခဲ့ရမည် ..၊ မိုးထက်နေသို့ ပြန်ရမည်။

ဗစ်တိုးရီးယားမှ ယုန်တစ်ကောင်ပျောက်နေခြင်းနှင့် အိမ်ဖော် ကောင်မလေးက နေပူထဲ လိုက်ရှာနေခြင်းသည် သာမန် ဖြစ်ရိုးဖြစ်စဉ် တစ်ခုအဖြစ်ပဲ မှတ်ယူထားသင့်သည်။ ကိုယ့်အိုး ကိုယ့်အိမ်က ကိစ္စ လည်း မဟုတ် ..၊ သူများအိမ်မှာ ဖြစ်နေသည့်ကိစ္စ ..။ ကိုယ်က .. မိုး တိုးမတ်တတ်ဖြင့် တံခါးဝမှာ တရပ်ရပ် တမျှော်မျှော်ဖြင့် ဟသ်ာ နှင့် ယုန်ကိစ္စကို နေရာပေးနေစရာကို မလို ..။

"ကိုယ် .. ပြန်လိုက်ပါဦးမယ် မခင်ပြည့်စုံသာ .. ရွှေလွန်းကို ပြန်တွေ့တယ်ဆိုတာတော့ .. ဖုန်းဆက်ပြောလာနိုင်ရင်ဖြင့် ပြောပေးပါ..



www.burmeseclassic.com

www.burmeseclassic.com



ယုန်ကလေး သနားပါတယ်ဗျာ .."

ဟုတော့ ပြောမိနေပြန်သေးသည်။ နောက်ဆံတငင်ငင်ဖြေသည် ရင်မှာ ကျန်နေဆဲ ..၊ ထိုစဉ်နိုက် ခြံတွင်းသို့ ကားတစ်စီး ဝင်လာသည်။ အန်ကယ် ဦးမျိုးသက် ၏ကား ..၊

"ဖေဖေနဲ့ မေမေ ပြန်လာပြီ .. ရွှေလွန်း ပျောက်တာသိရင် ဟသ်ာ ကို စိတ်တိုကြတော့မှာပါပဲ .."

ဟု ခင်ပြည့်စုံသာ ပြောသည်။ စောစောက သူပြောသည့် စကားထဲမှာ ယုန်ကလေး သနားပါတယ်ဆိုသည့် နေရာမှာ ဟသ်ာ လည်း သနား သည့်အထဲ ပါနေတာကို သူသိနေရင်း သူ့ရင်ကို သူ ထိတ်လန့်စ ပြုလာ နေသည်။

မဖြစ် ..၊ ဇစ်တိုးရီးယားကို ပြန်ဝယ်လိုဇောပြင့် သူ .. ရင်းနှီး ကြိုးစားယူသည့် ဤအဖြစ်ထဲမှာ အိမ်ရှင်နှင့် ရင်းနှီးဖို့ပဲ ပါသည်။ ခု တော့ ဟသ်ာ က သူ့ရင်ထဲ တိုးတိုးဖွေ့ဖွေ့ .. ပိုင်စိုးပိုင်နင်း နေရာယူလာ နေကြပြီ ..။ ခင်ပြည့်စုံသာ ၏ မိဘတွေ ပြန်လာကြပြီမို့ .. ချက်ချင်း သူ ပြန်သွားလျှင်လည်း မကောင်းပြန်။ လူမှုရေး ညှိဖျှင်းရာ ရောက်မည် ရှိင်းရာ ကျမည်မို့ .. သူ ပြုံး၍ ပေါ်တီကိုမှာ ရပ်လိုက်ရပါ၏။ ကား ရပ်တော့ သူ ငေးခနဲ ရှိသွားရပါပြီ။ ဟသ်ာ ပါတကား ..၊ ယုန်ဖြူလေး ကို ပွေ့ပိုက်၍ ကားနောက်ခန်းမှ ဆင်းလာပါလေသော ဟသ်ာ - ရင်ထဲ အေးချမ်းသွားရသည်။ ကောင်မလေး ယုန်ပြန်တွေ့ချေပြီကော လေ ..။ စိတ်လည်း အေးချမ်းရသည်။ ပျော်လည်း ပျော်သွားရသည် ကောင်မလေး နေပူထဲမှာ ရှိမနေရတော့ပြီကော .. ဆိုတာတစ်ခု လိုက်ရရုံမျှဖြင့် ဘာကြောင့် သူ ဤမျှအထိ ပျော်သွားရသည်ဆိုတာ အဖြေတစ်ခုကို ရိုးသားစွာ ချမပြရဲဘဲ ဖြစ်နေပြန်သည်။

"ဟသ်ာ လို အလှအဆင့်က ကောင်မလေးတစ်ယောက်ကို ငါ ဒီလောက်ထိ နေရာပေးစရာကို မလိုတာ .."





ဟု သူ့ရင်ထဲက ရိုးသားစွာ ချပြခွင့်ပြုရမည့် လမ်းကြောင်းကို သူပဲ ပြန်၍ ပိတ်ပင်နေသည့်အဖြစ် ..။

ဒါပေမယ့် .. သူ့အကြည့်က ကောင်မလေးဆီမှာပဲ ရှိနေသည်။ ါးပြင်လေးတွေ ရဲတွတ်နေ၏။ မျက်နှာလေး နီမြန်းနေသည်။ နေရှိန် ဆိထားသည့် အသားဖြူဥဥလေးတွေသည် ရဲသည့်ဘက်ကို ရောက်နေ သည့်အဖြစ် ..၊ ကားနောက်ခန်းမှ ဆင်းလာစဉ်မှာလည်း ရွှေလွန်း ကို တယုတယပွေ့ထားသည်။ ရွှေလွန်း ခေါင်းလေးကို ဟသ်ာ ၏ မေးဖျား လေးမှာရှိနေလောက်အောင် ထွေးပိုက်ထားပုံလေးက ချုန်ချစ်ကြင်ကြင် နိုင်၏။ နူးနူးညံ့ညံ့ ရှိ၏။

"ဒီကောင်မလေး စိတ်ရင်းကောင်းတာတော့ အမှန်ပဲ .. ရွှေလွန်း ပျောက်လို့ လိုက်ရှာရတာ .. ဒုက္ခပေးတဲ့ ယုန်ဆိုပြီး စိတ်ဆိုးပုံလည်း ရဘူး ..၊ ပြန်တွေ့ရလို့ ခမျာ ပျော်နေတာ .. ယုန်လေး ဘေးမသီ ရန် ခ .. ပြန်တွေ့ရလို့ ဝမ်းသာနေတာလည်း သိသာနေတယ် .. အေးလေ.. သူပဲ ယုန်စာကျွေးနေရတာပဲလေ .. ရွှေလွန်း ကို သံယောဇဉ် ရှိရှာမှာ ပေါ့ .."

ဟု တွေးမိပြန်သည်။ ဒုက္ခပဲ .. ဟု ရင်ခတ်၍ ညည်းမိပြန်သည်။ ဘာတဲ့ ..၊ စောစောက တွေးမိခဲ့သည့်အတွေး ..။ ကောင်မလေးနှင့် တ်သက်၍ ခံစားချက်တွေအားလုံးကို ဖြတ်ချ ချန်ရစ်ပစ်ရမည်တဲ့ ..၊ ခု .. သူ့ခံစားချက်တွေက .. ကောင်မလေး ရင်ထဲမှာ ခံစားနေမည့် ယုန်ဖြူလေးအပေါ် ထားသည့် သံယောဇဉ်တွေကိုပင် ငဲ့ကွက်၍ ခံစား ားလည်ပေးတတ်နေသူအဖြစ် နယ်ကျယ်နေပြန်ပြီကောလေ ..။ သူ့ ရင်ထဲက ခံစားချက်တွေကိုလည်း ချန်မပစ်နိုင်ပဲ အရှည်ဆက်နေသည်။ ကောင်မလေး၏ ရင်ထဲက ခံစားချက်တွေကိုပင် နယ်ကျော်၍ ပိုဘက် ားကာ တွေးပေးတာတွေ .. နားလည်ပေးတာတွေပင် ရှိနေပြန်သေး သည်တည့် ..။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေလွန်းလေး ကို ပွေ့ပြီး ဟသ်ာ အိမ်ဘက်ကို ပြန်နေတာ .. အဲဒါ .. ဖေဖေ ကားရပ်ပြီး ကားပေါ်တက်ခိုင်းရတာ .. နေပူကြီးထဲ သမီးရယ် .. ကလေးကို ခမောက်လေး ဘာလေး ဆောင်းသွားခိုင်းတာ မဟုတ်ဘူး .. ရေကန်ဘက်က ကန်ပတ်လမ်းဘေးက အလှစိုက်ပန်း အောက်မှာ ရွှေလွန်း ကို ရှာတွေ့ခဲ့တာတဲ့ .. အဲဒါ .. ခများ .. ပြန်လာ တာ .. ချွေးတွေကို နစ်လို့ .. ဟသ်ာလေး ဟာ သမီးကို အမြဲ ရှိသေနား တဲ့ ကလေးပါကွယ် .. နောက်ကို .. ခိုင်းတယ်ဆိုရင်တောင်မှ .. ခုလို နေပူကြီးထဲ အဆောင်းမပါ ဘာမပါနဲ့ မလွှတ်နဲ့ သမီးရယ် .. သူလည်း လူပါပဲ .. အသက်ကြီးတဲ့ အမေအတွက် .. ဖေဖေတို့ဆီမှာ အလုပ် လုပ်ရှာတာပါ .."

အန်ကယ် ဦးမျိုးသက် မှာ သူ့ကို ရှေ့ထား၍ပင် သမီးကို ဆုံးမ ပြောလာချေသည်မို့ ..။ သူ ရင်ထဲ ဝမ်းသာသွားရသည်။ ဘာပဲ ဖြစ် အန်ကယ်ဦးမျိုးသက် နှင့် အန်တီဒေါ်ခင်ထား တို့ကတော့ ဟသ် အတွက် တွေးပေးဖော် ရကြသည်ကိုးလေ ..။

ဟသ်ာ ကို သူ ကြည့်မိသည်။ ယုန်ကလေးကို ပိုက်၍ ခေါင်း ငုံ့ကာ ငြိမ်ရပ်နေသည်မှ မျက်လွှာလေးချ၍ပါ။ ခုထိ .. ခင်ပြည့်စုံ ကို မကြည့်ရဲသေးဘဲ ရှိနေဆဲ ..။

နွမ်းနွမ်းပါးပါး ကောင်မလေးတစ်ယောက်၏ ဘဝတစ်ခုသ လူချမ်းသာတို့အလယ်မှာ အားငယ်သိမ်ငယ်စွာ ရှိနေရသည့် ဘဝ အသားတကျ ဖြတ်သန်းနေရတတ်သည်ကော .. ဟု သူ ဆက်၍ တွေး ပြန်ပါ၏။

"အို .. သူတို့လို လူမျိုးတွေကို .. နေပူထဲ နေရတာများ အ လုပ်လို့ ဖေဖေရယ် .. ကဲ .. မိဟသ်ာ .. အဲဒါ .. ညည်းကို သင်ခန်း ပေးတာပဲ ..၊ ပေါ့ဆရင် .. ညည်းခံရမှာပဲ .. ကြည့်လိုက်ရင် .. မျက် ငယ်လေးနဲ့ .. မျက်ရည်လေးတလည်လည်နဲ့ နေနေတာချည်းပဲ ..





လူမြင်ရင် သနားစရာလေးကို ဖြစ်လို့ .. ညည်းကို ပြောတဲ့လူက အဆိုး.. ညည်းက အကောင်း ..၊ အဲဒါ .. ညည်း လက်ကိုင်ထားတဲ့ အကျင့် .. လည်း ကြည့် .. ငါ ပြောတဲ့ဥစ္စာ .. ငါ့ကို မကြည့်ရဲသလိုမျိုး အိုက်တင် လုပ်ပြနေတာ ငါ မသိဘူးများ မှတ်လား .. ညည့်သည်ရှေ့မှာနော် မိဟသ်ာ .. မျက်ရည်လည်ပြမနေနဲ့ .. သွား .. အိမ်နောက်ခန်းက ညည်း အခန်းမှာ ခဏနား .. ချက်ချင်း ရေအေးမသောက်နဲ့ .. အပူရှပ်ရင် .. ငါက အဆိုးဖြစ်ဦးမှာ .. ငါ့ကြောင့် ညည်း ဖျားရတယ် ဖြစ်မှာလေ.."

ဟု ငေါက်တော့ ကောင်မလေး ခေါင်းငုံ့ချ နားထောင်နေရာမှ မျက်ရည်တွေ ဗိုးဗိုးပေါက်ပေါက် ကျလာတာ မြင်တော့ သူ ရင်ထဲ မကောင်းနိုင်တော့ပြီ ..။ မျက်ရည်စက်သည် သူ့ရင်ကို လာစင်သည့်နှယ် ရှိ၏။

ဟသ်ာ အိမ်နောက်ဖေးဘက်မှ ပတ်၍ အခန်းသို့ ပြန်သွားရာ သည်။ သူ .. လိုက်၍ မကြည့်ရက် ..၊ သနားစိတ်သည် .. တားဆီးနိုင် ခြင်း မရှိစွာ .. လာ၍ .. ပိုင်စိုးနေစေသည်တကား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၈ ]

"အစ်ကို့ကို အားနာလိုက်တာ အစ်ကိုရယ် .. ပထမဆုံး အစ်ကို ဗစ်တိုးရီးယားကို ရောက်လာတဲ့နေ့ကလည်း မိဟာသ်ာ ဖျော်ရည်တွေ ဖိတ်ပစ် .. ဖန်ခွက်ကွဲပစ်အောင် နှမော်နှမဲ့လုပ်ခဲ့တာမို့ အစ်ကို့မှာ စိတ်ရှုပ်ထွေးပြီး ပြန်သွားခဲ့ရတယ် .. ဒီနေ့ကျတော့လည်း တကူးတက ဒီကို ရောက်ခဲ့ရတာက .. မနက်စာလေး တူတူစားသောက်ဖြစ်အောင် ပြည့်စုံသာ မရမက ဖိတ်လို့ ရောက်လာရတာပါ.. အစ်ကို့မှာ ဟိုတယ်အလုပ်တွေနဲ့ အမြဲ အလုပ်များနေမှာ ပြည့်စုံသာ သိပါတယ် .. အဲသလို ဖိတ်လို့ အစ်ကို ရောက်လာချိန်မျိုးမှာမှ မိဟာသ်ာ ပေါ့တိပေါ့လျော့နဲ့ ရွှေလွန်းလွတ်အောင် လုပ်ပြန်တာမို့ .. အစ်ကို့ကို စိတ်ရှုပ်အောင် လုပ်တဲ့ကိစ္စပဲ ဖြစ်ကုန်ရပြန်တာပါပဲ .. ဘယ်လိုလုပ်ပြီး စားလို့ သောက်လို့ ဝင်ပါတော့မလဲ .. အိမ်ရှင်ကို အားနာလို့သာ အစ်ကို မပြောဘဲနေပေမယ့် လက်ဖက်ရည်ပွဲမှာ အစ်ကို စိတ်ဖြောင့်လက်ဖြောင့် မရှိပဲ ဖြစ်ခဲ့ရတာ ပြည့်စုံသာ သိတာပေါ့ အစ်ကို .. ရွှေလွန်း ပျောက်သွားမှာ စိတ်ပူရ - ပြည့်စုံသာ အရမ်း စိတ်ထိခိုက်သွားမှာကို စိတ်ပူရနဲ့ အစ်ကို ဖြစ်နေတာ .."





သူ စိတ်ညစ်နေသည်။ တကယ်က သူ စိတ်ပူနေသည်က ဟာသ်ာ အတွက်ဆိုတာ သိလျှင် ခင်ပြည့်စုံသာ ခံပြင်းပေလိမ့်မည်။ လောလောဆယ်တော့ သူ ပြန်ဖို့ပဲ ရှိတော့တာမို့ ...

"ဘာပဲဖြစ်ဖြစ် .. ရွှေလွန်း ကို ပြန်တွေ့ပြီဆိုတော့လည်း စိတ်အေးရတာပေါ့ မခင်ပြည့်စုံသာ .. ကိုယ်လည်း .. ပြန်လိုက်ပါဦးမယ် .. မနက်ဖြန် ဟိုတယ်ကို မခင်ပြည့်စုံသာ တို့ မိသားတစ်စုလုံးကို မနက်စာနဲ့ ညှော်ဝတ်ပြုပါရစေ .. အားလုံးကို ခေါ်ပါရစေ .. ကိုယ် လာခေါ်ပါ့မယ် .. ကားနဲ့ လာခေါ်မှာပါ .. လမ်းလျှောက်လို့ရတဲ့ ခရီးလေးပေမယ့် .. အန်ကယ်နဲ့ အန်တီတို့လည်း ပါတာမို့ .. နေရိုန်ဆိုတာက .. အပြန်မှာ မိနိုင်တာမို့ .. ကားနဲ့ပဲ ကြို .. ကားနဲ့ပဲ ပြန်ပို့ချင်တာပါ.. မနက်စာ စားပြီးရင် .. ဟိုတယ်ကို လိုက်ပြမှာတွေ ဘာတွေနဲ့ဆိုတော့.. ဗစ်တိုးရီးယားကို ပြန်တဲ့အခါ အန်ကယ်နဲ့ အန်တီတို့လို အသက်အရွယ်ရလာတဲ့သူတွေက နေရိုန်ပြင်းထဲမှာ လမ်းလျှောက်ပြန်တာမျိုး မဖြစ်သင့်ဘူးလေ .. ပြီးတော့ .. လူကြီးတွေကို ဖိတ်တာမို့ .. တလေးတစား လည်း ရှိဖို့ လိုတယ်လေ .. ဒါကြောင့် .. မနက်ဖြန် မနက် ဘယ်အချိန်လောက် ကိုယ် ကားနဲ့ လာခေါ်လို့ရမလဲ .. လူကြီးသူကြီးတွေ ဖြစ်တဲ့ အန်ကယ်နဲ့ အန်တီတို့ အိပ်ရာထချိန် .. သူတို့ မနက်စာစားဖို့ ရွေးချယ်တဲ့အချိန် ဖြစ်သင့်တယ်လေ .."

သူ ပြောနေချိန်မှာပင် ဗစ်တိုးရီးယား ၏ အနောက်ဘက်အခန်းဆီမှ တစ်ခုခုကို တွန်းတိုက်ပြိုလဲသံမျိုး ထွက်လာတာမို့ သူ ဟန်ဆယ်၍ မရ ..။

ဟာသ်ာ တစ်ခုခုများဖြစ်ပြီဟု ပူပန်စိတ်က အလိုလို သိနေသည့် စိတ် တစ်ခုဖြင့်ပင် အသံလာရာဆီသို့ ဘယ်သူ့ ဘယ်သူ့ကိုမှ သူ ခွင့်မပန်နေတာမျိုးပင် လုပ်မနေတော့ပဲ ခြေလှမ်းကျဲကျဲ သုတ်သုတ်ဖြင့် သွားလိုက်မိရပါပြီတည်း ..။

www.burmeseclassic.com



ရွှေလွန်းကို ဟသာ်ာ အရှာထွက်ရသည် ဆိုကတည်းက ခေါင်းထဲ ခြောက်တမ်း တိုးဝင်နေသည်က ဘာမျှ ဟသာ်ာ မစားရသေးဆိုသည့် အသိ ..။ ဝမ်းထဲမှာ အစာမရှိ ..၊ ဦးကြားထဲ နေပူကျဲတဲကြီးမှာ စိတ်သောကတွေဖြင့် ရွှေလွန်းကို အရှာထွက်ရသေးသည်။ ကောင်မလေးက ပျောင်းနွဲ့နွဲ့လေး ..၊ ခံနိုင်ရည် ရှိမှာ မဟုတ် ..။

ထမင်းစားခန်းဆောင်ထဲ သူ စိတ်ဇောဆောင်ရာအတိုင်း ခြေလှမ်းတွေ မြန်ဆန်လွန်းစွာ ဝင်လာချိန်မှာ တွေ့လိုက်ရသည်က ကြမ်းပေါ်မှာ ခွေခွေလေး လဲနေသည့် ဟသာ်ာ ..၊ မလှမ်းမကမ်းမှာ ကုလားထိုင်တစ်လုံးသည်လည်း လဲကျနေ၏။

ကြည့်ရတာ ကောင်မလေး မိုက်ခနဲဖြစ်ချိန်မှာ ဆွဲမိဆွဲရာ ဆွဲထိန်းနိုင်ဖို့တော့ ကြိုးစားခဲ့သေးဟန် တူသည်။

သူ .. ကောင်မလေးဘေးမှာ ထိုင်လိုက်မိလျက် ဆွဲယူ ပွေ့ထူဖို့ကျတော့လည်း ခက် ..၊ မထူမပွေ့ဖြင့် သည်တိုင်းကြီး ငုတ်တုတ်ထိုင်ကြည့်နေဖို့ကျတော့လည်း ခက် ..။ စိတ်သောကတွေ ထူထပ်နေသည့် ခံစားချက်တွေဖြင့် ရှိနေရင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရသည်ပါပဲ..။

''ဟဲ့ .. ဟသာ်ာ .. အရေးထဲနော် .. ဧည့်သည်ကို နောက်ထပ် အပူတွေ ကပ်ပေးပြန်ပြီ .. ငါ့နှယ်နော် .. သူ့ခေါ်ထားရတာ .. အပူထုပ်ကြီး ခေါင်းပေါ် ရွက်ထားရသလိုပါလား ..''

နောက်က ကပ်ပါလာသည့် ခင်ပြည့်စုံသာ ညည်းညည်းညူညူဖြင့် ဟသာ်ာ ကို ပွေ့ထူသည်။

သူ ရင်ထဲ မျက်ခနဲ ဖြစ်ရသည်က ခင်ပြည့်စုံသာ ကိုပါ။ လူတစ်ယောက် သတိလက်လွတ်ဖြစ်နေတာကိုပင် သနားဖော် မရ။ အပြစ်တွေချည်း တင်နေသည့် မိန်းမ ..။ တော်တော် အညာအတာ ကင်းသည့် မိန်းမ ..။

ဤမျှ ယုတ်သည့် ညံ့သည့် စိတ်တွေကို တစ်ကိုယ်လုံးအနံ့ မွေးမြ





ူင်သန်နေသည့် ခင်ပြည့်စုံသာ သည် ဤမျှ ချမ်းသာနေဖို့ပင် မကောင်း။ သူများအိမ်မှာ အစေအပါးအဖြစ် လူဖြစ်ဖို့ကောင်းသည်၊

ဒါမှ .. သူတစ်ပါးအိမ်မှာ နေရသည့်ဘဝကို စာနာ သိပေးဖော်ရသည်သာတည့် ..၊ သူသည် နေရင်းနေရင်းဖြင့်ပင် ဟသာ်ာ ဘက်မှ ရပ်တည်ပေးနေသည့်သူ ..။ ဟသာ်ာ ဘက်က မခံချိမခံသာဖြစ်နေသည့်သူတစ်ယောက် ဖြစ်ခြင်းမက ဖြစ်လာနေရပါသည့်အဖြစ် ..။

''အင်း .. မူးတယ် .. မူးတယ် ..''

ဆူဟယ် ပူဟယ် ညည်းညူဟယ်ဖြင့် မကျေမချမ်း အပြစ်ဖို့ စကားတွေ နင်းနင်းခတ်ခတ် ပြောနေသည့် ခင်ပြည့်စုံသာ ၏ ရင်ခွင်ထဲမှာ ခေါင်းလေးမှီထားသည့် ဟသာ်ာ ..။ အားကိုးရာအဖြစ် ခင်ပြည့်စုံသာ ကိုသာ ပြောပြရှာချေသည်ကောလေ ..။

သို့ ရင်ထဲမကောင်းနိုင် ..၊ သနားစိတ်သည် ရင်မှာ တားဆီးမရဖြစ်တည်၏။ အရမ်းကို ဖြူစင်သည့် မျက်နှာလေး ..၊ မူးခဝေဝေဖြစ်နေရင်း မော့ပြောနေတာလေးကိုက သနားစဖွယ် ဖြစ်နေသည်။

သူ .. ကမန်းကတမ်း ထသည်။ ရေခဲသေတ္တာတွင်းမှ ရေပုလင်းကို ယူလိုက်မိသည့်အဖြစ် ..၊ လတ်တလောမှာ သူသည် ဧည့်သည်တစ်ယောက်ဖြစ်နေသည်ဆိုတာကို သတိမရနိုင် ..။

အရေးကြီးသည်က ရင်ထဲမှာ ဘာအစာမှ မရှိသည့် ဟသာ်ာ ..၊ အနည်းဆုံး ရေအေးတစ်ခွက်လောက်ကိုတော့ဖြင့် အမြန်ဆုံး သောက်စေချင်သည်လေ ..။ ထမင်းစား စားပွဲထက်ဆီမှ ဖန်ခွက်ကို ယူကာ သူကိုယ်တိုင် လောင်းထည့်သည်။ ခင်ပြည့်စုံသာ ၏ ရင်ခွင်ထဲမှာ ခုထိ ခေါင်းလေးမှီထားဆဲ ဟသာ်ာ ၏ နှုတ်ခမ်းမှာ ဖန်ခွက်ကို ဘေ့ [illegible]

''သောက်လိုက်ဦးနော် ညီမလေး ဟသာ်ာ .. ဖြည်းဖြည်းသောက် ..''

သူ့ နှုတ်ဖျားဆီသို့ အလိုလို သက်ဝင်စီးမျောလာပါသည့် [illegible]သာ



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သော စကား ..၊ အကြည့်သည်လည်း နူးညံ့၏။ ကြင်ကြင်နာနာ ရှိ၏။ စာစာနာနာ ရှိ၏။

ခုလို .. ကောင်မလေးကို ရေအေးလေးတစ်ခွက်မျှ သက်သာရာ တစ်ခုအတွက် သူ လုပ်ပေးလိုက်ရသည့်အတွက်လည်း ရင်ထဲမှာ ကြည် နူး၏။ ဟန်မဆောင်နိုင်စွမ်းပင် ဟသ်ာ သည်လည်း ရေသောက်ရှာသည် ပါပဲ။

ဤမနက်မှာ ပထမဆုံး ဟသ်ာ သောက်လိုက်ရပါသည့် ရေတစ် ခွက်သည် သူ တိုက်သည့် ရေတစ်ခွက် ဖြစ်နေသည်။ မိန်းကလေးတစ် ယောက်ကို သူကိုယ်တိုင် ရေတိုက်ရခြင်းသည်လည်း သူ့ဘဝမှာ ပထ ဆုံးသော အဖြစ်တစ်ခု ..၊ သူ့စိတ်တွေ အရမ်းကို နူးညံ့နေကြတာက် လည်း သူ သတိမထားဘဲ နေ၍ မရနိုင်ပြန် ..။

"တစ်ခုခုတော့ .. သူ့ကို ကျွေးသင့်တယ်ထင်တယ် မခင်ပြည့် သာ .. မနက်ကတည်းက ဘာမှ မစားရသေးဘူး မဟုတ်လား .."

သူ ဖွင့်ပြောယူရသည်အထိ ခင်ပြည့်စုံသာ ၏ ဥပေက္ခာတရား သည် ဟသ်ာ အပေါ်မှာ ရက်ရက်စက်စက် ရှိနေကြတာလည်းအမှန် တကယ်ဆို သူ ခုလို ပြောဖို့မလိုပဲ အလိုလိုပင် ခင်ပြည့်စုံသာ သည် ဟသ်ာ ကို တစ်ခုခုတော့ ယူလာပြီး ခွံ့ကျွေးတာလေးလောက်တော့ လုပ်ပေးဖို့ ကောင်းသည်ပဲလေ ..။

အန်ကယ်နှင့် အန်တီကလည်း စောစောကတည်းက သမီး ဖျောင်းဖျပြောပြသမျှ အရာမထင်တော့လည်း အနားယူဖို့ အိမ်အပေါ် ထပ်သို့ တက်သွားကြကာ .. ဟသ်ာ ကလည်း နောက်ဘက်အခန်း ဝင် ..၊ သူနှင့် ခင်ပြည့်စုံသာ တို့ပဲ ပေါ်တီကိုအောက်မှာ ကျန်ခဲ့ကြရတာ မို့ .. ခုလို ..ဟသ်ာ မူးလဲသွားချိန်မှာ အန်ကယ်နှင့် အန်တီက အပေါ် ထပ်မှာ ရှိနေကြတာ ဘာမျှ မသိလိုက်နိုင်ကြပဲ ဖြစ်နေကြသည်။

အကယ်၍ အန်ကယ်နှင့် အန်တီတို့ ရှိနေကြမည်ဆိုလျှင်ဖြင့်





လောက်ဆို ဟသ်ာ ကို တစ်ခုခုတော့ ကျွေးမွေးကြရေမည်သာ ..။ အရမ်းကို အကြင်အနာ ကင်းသော ခင်ပြည့်စုံသာ ၏ စရိုက်ကို သူ မြင်ရလေလေ ..၊ ဟသ်ာလေး ကို သနားရလေလေပါ။

တစ်နေ့တစ်နေ့ .. ဟသ်ာ ခမျာ ခင်ပြည့်စုံသာ ၏ စိတ်ခတ် ကျောကျောအောက်မှာ အဘယ်မျှထိ ညှိုးဖျော့သိမ်ငယ်စွာ နေရရှာ သည် မသိ ..။ ခုလို .. ဧည့်သည်ရှေ့မှာပင် မညှာမတာ ဆက်ဆံသည် ဆိုလျှင်ဖြင့် .. ဘေးသူစိမ်း မရှိချိန်ဆိုလျှင် အထိန်းအကွပ် မရှိစွာ စိတ်စေရာအတိုင်း ကြမ်းကြမ်းတမ်းတမ်း ပြောဟယ် .. ဆိုဟယ် .. ဆရိုက်ဟယ်နှင့် လုပ်နေမည်သာတည့် ..။

"ညည်း .. ထိုင်နိုင်ပြီလား .."

ခပ်မာမာ မေးတော့ ဟသ်ာ ကြိုးစား၍ ကိုယ့်ဘာသာကိုယ် ထိုင် နိုင်ဖို့ ကြိုးစားသေးသည်။ ဒါပေမယ့် .. မရ ..၊ မဟန်နိုင်သလိုလေး ကိုယ်လေး ပြန်ငိုက်လာသည်။ ခင်ပြည့်စုံသာ ၏ ရင်ခွင်မှာ ပြန်မှီကျ သွားသည်ပါပဲ ..။

"ဟဲ့ .. ငါ့ .. ရွှေလွှန်း ရော .."

အရေးထဲ လူကိစ္စက အရေးမကြီးပဲ ယုန်ကိစ္စက အရေးပါနေပြန် သည်က ခင်ပြည့်စုံသာ ပါတကား ..။ ကြာလေ .. သူ စိတ်ပျက်လာရ သည်ပါ။

"သူ့အိမ်လေးထဲ ထည့်ပြီးပါပြီ .. ထည့်နေတုန်းကကတည်းက ရင် ဘတ် လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဟသ်ာ ဖြစ်နေတာပါ .. ပြီးမှ .. ဒီနားရောက် တော့မှ တစ်ချက် မိုက်ခနဲ ဖြစ်သွားတာပါ မမပြည့် .."

ဘရိုတသေလေး ဖြေနေသည့် ဟသ်ာ ကို သူ မျက်တောင်မခတ် စိုက်ကြည့်မိရသည်။ အားကိုးရာဆိုတာ တကယ်တမ်းကျတော့ မရှိသ လောက် ဖြစ်နေရသည်ကောလေ ..။ ကောင်မလေးကို ဟိုတယ်မှာ အခန်းလေးတစ်ခုလောက် ပေးကာ ခေါ်ထားလိုက်ချင်သည့်ပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး အမြဲတမ်း အဆုခ်ဘဝကတော့ ကင်းလွတ်ရချေမည်သာ..။ ဟိုတယ်မှ ဝန်ထမ်းအတွက် စီစဉ်ပေးသော အစားအသောက်လည်း ပုံမှန် မနက်၊ နေ့လယ် နှင့် ညစာအတွက် အာဟာရဖြစ်အောင် စားရရှာချေမည်သာတည့် ..။

"ကဲ .. ကဲ .. ညည်းအတွက် ငါ ဝယ်ပေးထားတဲ့ မုန့်ကြွပ်ပုံး- ဘယ်မှာ ထားသလဲ .. ညည်းအခန်းမှာ ငါ သွားယူရမှာ .."

သူ ရင်ထဲ ပို၍ မကောင်း ..၊ ခုလိုအချိန်မျိုးမှာပင် မူးဝေဝေဖြစ်နေဆဲ ဟင်္သာ ကို မုန့်ကောင်းလေးတစ်ချပ်လောက်ပင် ယူကျွေးဖော် မရ လောက်အောင် အဆင့်ခွဲလွန်းနေသည့် ခင်ပြည့်စုံသာ ကို သူ အထင်သေး စိတ်ပင် ဖြစ်လာနေရပြီ ..။

"ခုတင်ခေါင်းရင်းမှာပါ မမပြည့် .."

ဟု ဖြေသံသည် တိုးဖွဖွ ..၊

"အစ်ကို .. သူ့ကို ခဏထိန်းထားပေးပါဦး .. သူ စားဖို့ မုန့်သွားယူမလို့ .. ခက်တော့တာပါပဲ .. ဖေဖေနဲ့ မေမေကလည်း အပေါ်ထပ်ကကို ဆင်းမလာတော့ဘူး .."

ညည်းညည်းညူညူ ပြောကာ သူ့ရင်ခွင်ထဲ ဟင်္သာ ကို ကလေးလေး ပြောင်း၍ ပေးသလို ပွေ့ငင် ပို့ပေးလိုက်ကာ စိတ်မော်လက်မော ပုံကြီးဖြင့် နောက်ဘက်အခန်းဆီသို့ သွားလိုက်သည်က ခင်ပြည့်စုံသာပါ။

သူ့မှာလည်း သူ့ရင်ခွင် ဖွေ့ခနဲ ခေါင်းလေး တိုးဝင်စေခဲ့ပါသည့် ခင်ပြည့်စုံသာ ၏ ခပ်ဆောင့်ဆောင့်ပုံစံကို စိတ်ညစ်ရ ..၊ ဟင်္သာ ၏ ခေါင်းလေးကို လက်ဖြင့် ဖေးထိန်းရနှင့် ကျန်ခဲ့ရပါ၏။

မျက်ဝန်းလေး မှိတ်ချကာ တစ်ချက် ငြိမ်ကျသွားပါသည့် ဟင်္သာ ကို သူ ငုံ့မိုးကြည့်ကာ ...

"သိပ်မူးနေသလား ဟင် .."





ဟု တိုးဖွဖွ မေးမိသည်။ ဟင်္သာ ခေါင်းလေး ညိတ်ပြရှာသည်ပါပဲ ..။ ခင်ပြည့်စုံသာ ကို ခုလိုအချိန်မှာလည်း ကြောက်နေရဆဲ ဖြစ်ကာ.. မူးသည့်ဝေဒနာထက် ကြောက်သည့်စိတ်က ပိုဆိုးနေတာလည်း သိသာနေသည်ပါပဲ ..။

မျက်တောင်လေး တခ်တ်ခတ်ဖြင့် မျက်စိဝေနေတာကို ကြည်လင်လာနိုးဖြင့် ကြိုးစားနေတာ ..၊ အတွင်းဘက်အခန်းဝါးခါးကို အားနာကြည့်ဖြင့် ကြည့်နေတာ ..။ ထိုအကြည့်တွေထဲမှာ အားငယ် ကြောက်ရွံ့ခြင်းတွေ၏အရိပ်တွေ ပြည့်သိပ်နေကြတာ ..။ အားလုံးကို သူ မြင်နေရသည်။

"မမပြည့် ကို .. နိုင်းသလို .. ဖြစ်ကုန်ပါပြီ .."

ဟု တိုးဖွဖွ ညည်းသံလေးက ခပ်သဲ့သဲ့မျှ ပွင့်ကျလာရှာသည်ပါပဲ။ ကြာလိုက် .. မုန့်ပုံးအဟောင်းတစ်ခုလုံးကို ကိုင်၍ ခင်ပြည့်စုံသာ ရောက်လာသည်။

သြော် .. မုန့်ကြွပ်ပုံးဆိုသည်က .. မုန့်ကျွတ်အထုပ်ကို ဖောက်ထည့်ထားရာ ပုံးဟောင်းအိုအိုလေးတစ်လုံးကို ပြောခြင်းပါတကား ..။ မုန့်ကြွပ်ကို ပုံးလိုက်ဝယ်ပေးထားသည်ဟု ထင်မိတာပင် မှားနေသေးသည့်အဖြစ် ..။

မုန့်ပုံးအဖုံးကို အသံမြည်အောင်ဖွင့်၍ မုန့်ကြွပ်တစ်ချပ်ကို ထုတ်သည်။ မုန့်ကြွပ်က ခပ်ပါးပါးနှင့် ခပ်ကျစ်ကျစ်နိုင်နေသည်။ အနည်းငယ်ပင် တူးနေသယောင် ရှိနေ၏။ အတော်လေးကို ဈေးပေါသည့် မုန့်ကြွပ်တစ်မျိုး ဖြစ်ရသည်။ မုန့်ကြွပ်အကောင်းစား မဟုတ်။

သူ .. စိတ်ထဲ ပို၍ မကောင်းနိုင်တော့ပြီကောလေ ..၊ မုန့်ကြွပ်ကို လှတ်ခမ်းမှာ ခင်ပြည့်စုံသာ တေ့ပေးတော့ ဟင်္သာ ကြိုးစား၍ ကိုက်သည်။

ကျွတ်ခနဲ အသံမြည်၏။ ဝါးစားနေတော့လည်း အမောကြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာ သိသာနေသည်။ နဂိုက မှုးနေသည့်သူတစ်ယောက် မုန့်အမာကြီးကို မနည်းဝါးစားနေရရင်းမှ နင်သလို ဖြစ်ကန်ကာ ချောင်းဆိုးလာတော့ သူ ကမန်းကတမ်း ရေခွက်ကို ယူကာ တိုက်ရသည်ပါပဲ ..။

"နွားနို့လေးတစ်ခွက်လောက် တိုက်ရမှာ .. မုန့် နူးနူးညံ့ညံ့လေး ကျွေးရမှာ .. တကယ်ကွာ .. အရမ်းကို စိတ်ဓာတ်မကောင်းတဲ့ ခင်ပြည့်စုံသာ ပါလား .."

ဟု တွေးကာ သူ အထင်တသေး ဖြစ်ရသည်ပါပဲ ..။

"ဟဲ့ .. ဟသာလေး ဘာဖြစ်တာလဲ .. ငါနှယ် နော် .. အပေါ်ထပ်မှာ တစ်ချက်ကြာသွားတယ် .. ပေး .. ပေး .. အန်တီ ပွေ့ထားမယ် .. ဟသာလေး .. မှုးနေတာလား .. ဟုတ်လား ကလေး .."

အန်တီ ဒေါ်ခင်ထား ခုမှ ရောက်လာကာ .. မြင်တော့လည်း ပျာပျာသလဲ ဖြစ်ရှာသည်ပါပဲ။ သူ့ရင်ခွင်ထဲမှ ဟသာ ကို ပွေ့ယူသည်။ သူ့လက်ထဲမှ ရေဖန်ခွက် ..၊ ခင်ပြည့်စုံသာ ၏ လက်ထဲမှ မုန့်ကြွပ်မာမာ ကျစ်ကျစ်ကို ကြည့်ကာ ...

"ဟဲ့ .. သမီးရယ် .. ကလေးကို .. ဒီလိုအချိန်မှာ နွားနို့လေး တိုက်ပါလား .. အဆာလွန်ပြီး လေရိုက်တာ .. မှုးတာ ..၊ ဒီလောက်ဖြစ် နေတာကို မုန့်ကြွပ်ကြီး အခြောက်လိုက် ဝါးခိုင်းရသလားကွယ် .. နွားနို့ ယူလာ .. ပေါင်မုန့် ယူလာ .. မြန်မြန်လုပ် .."

ဟု ပြောတော့ သူ အတန်မျှ စိတ်သက်သာရာရလာသည်။ ခင်ပြည့်စုံသာ ထိုအခါမှ နွားနို့ တစ်ဖန်ခွက် ..၊ ပေါင်မုန့်ပန်းကန်နှင့် ရောက်လာသည်ပါပဲ။ အန်တီဒေါ်ခင်ထား မှ နွားနို့ဖန်ခွက်ကို လက်ဖြင့် ထိကြည့်ကာ ...

"နွေးနွေးလေးပဲ ဟသာ .. မပူဘူး .. သောက်လိုက် .. အပူကြီး မဟုတ်တော့ မှုတ်သောက်စရာ မလိုဘူးပေါ့ကွယ် .. ရော့ .. သောက်-

ဟု ပြောလာတော့ ဟသာ သောက်ရှာသည်ပါပဲ။





နွားနို့မှာ ပေါင်မုန့်အချပ်ကို ဆွတ်နှစ်၍ ကျွေးတော့လည်း စားသည်ပါပဲ။ ကလေးလေးလို စားနေပုံလေးက ဆာလောင်နေတာလေး သိသာနေသည့်အဖြစ် ..။

သူ .. ဤ ဗစ်တိုးရီးယားမှ ထွက်ခွာသည့်အချိန်မှာ သူ့ရင်ထဲ တစ်ပါတည်း ရှုးနစ်နက်ရှိုင်းစွာ ပါသွားမည့်အရာသည် ဟသာ ကို သနားသည့်စိတ် ..၊ ထားပင် မထားခဲ့ချင်ရက်သည့်စိတ်တွေ ဖြစ်နေကြမှာ သေချာနေသည်တည့် ..။

ဆံနွယ်လေးတွေ နဖူးစပ်မှာ စိမ်းဖန့်စွာ ရှိနေကြလျက် .. ဆံကျစ်လေး နှစ်ဖက် ကျစ်ထားကာ .. အရမ်းကို အဆောင်အယောင်း ကင်းရှာသည့် အနိမ့်ခံ ကောင်မလေးတစ်ယောက်၏ သနားစရာ ပုံရိပ်လေးသည်လည်း သူ့ရင်ထဲမှ ပျောက်၍ ရနိုင်မှာ မဟုတ်တော့တာကိုလည်း ခံလိုက်မိရပါပြီ ..။

သူ .. ဤကောင်မလေးကို သံယောဇဉ်ဖြစ်နေရခြေပြီတကား ..။



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ကိုဖွဲ့

ချစ်လှွန်းတဲ့ ခင် ...။

သူ့သဏ္ဍာန် သူ့အဆင်း

ရွှေအဆင်းနဲ့ အစဉ်သာ

ရင်တွင်းမှ ဘယ်မခွာ

လွှမ်းမိုးပါတဲ့ ခင် ...။

သနားရာ စိတ်အစဉ်နဲ့

မြတ်နိုးရာ ကမ္ဘာကိုဖွဲ့

မောင့်ရဲ့ သံသရာအဝန်းမှာ

ချစ်လှွန်းပါတဲ့ ခင် ...။

ဪ ...

ချစ်လှွန်းပါတဲ့ ခင် ...။







အခန်း [ ၉ ]

ခြံဝင်းတံခါး လာဖွင့်သူသည် ဟသ်ာ ဖြစ်မနေ ..။ ခင်ပြည့်စုံသာ ...ယ်တိုင် ဖြစ်နေတာမို့ ကောင်မလေး ဖျားချေပြီလား ဟု စတင်၍ ...ဆဲ ပူပန်၏။ ကားကို ပေါ်တီကိုအောက်မှာ ရပ်လိုက်ချိန်မှ ခပ်သုတ် ...တ် လျှောက်လာသည့် ခင်ပြည့်စုံသာ ကို စောင့်ဖို့ သူ အံ့ဖြတ်လိုက် ...တာ .. ဟိုဟိုသည်သည်လည်း ကြည့်မိသည်။ ကောင်မလေးများ ...က်လာမည်လားဟု ...။

"အစ်ကိုရယ် .. အားနာလိုက်တာ .. မိုးထက်နေကို သွားဖို့အတွက် ...ကို လာကြိုမှာစိုးလို့ .. အစ်ကို့ကို ဖုန်းလှမ်းဆက်မလို့ဥစ္စာ .. မမိ ...ဘူး ဖြစ်သွားရတယ် အစ်ကို .. အခုလေးတင်ပဲ ဖုန်းဝင်လာတယ် ...ကိုရယ် .. ဟသ်ာ ရဲ့အမေ ဆုံးသွားပြီဆိုတာ ဟသ်ာ ရဲ့ ဘကြီးက ...ဆက်ပြီး ပြောလာတယ် အစ်ကို .. အရေးအကြောင်းရှိလို့ ဖုန်းဆက် ...ပြည့်စုံသာ ရဲ့ ဟန်းဖုန်းနံပါတ်လေး ဟသ်ာ ရဲ့ အမေနဲ့ ဘကြီးကို ...သားတာလေ .."

ဘေးမှာ ရပ်လာရင်း မျက်နှာပျက်လျက် ခင်ပြည့်စုံသာ ပြောပြ ...မှာ သူ့ရင်ထဲ မကောင်း ..။ ဟသ်ာလေး အရမ်းကို စိတ်ထိခိုက်နေမှာ ...ဘာ သိနေရရင်း ရင်ထဲမှာ သနားနေမိရသည်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာ ၏အေားမှာ သူ ရှိနေလိုက်ချင်သည်။ ဖျောင်းဖျအားပေး
နေသည်။ မျက်ရည်တွေ ကျနေတာကိုလည်း ကြည့်ရက်နိုင်စွမ်း သူ
မှာ မရှိတာကိုလည်း သိနေသည်။ ဒါပေမယ့် .. မကြည့်ရက်သည့်စိ
ဖြင့်ပင် ဟသ်ာလေး ကို ကြည့်လည်း ကြည့်ရ .. မျက်ရည်လည်း သု
ပေးရန်နှင့် သူ ရှိနေချင်ပြန်သည်။ အရမ်းကို အားငယ်နေမည့် ကလေး
အရမ်းကို ထိခိုက် ခံစားနေရရှာမည့် မိန်းကလေး ..။ ဘေးမှာ သားချ
ရယ်လို့လည်း မရှိ ..။ အိမ်ဖော်တစ်ယောက်၏မိခင် ဆုံးရှုံးရသည့်အ
တစ်ခုသည် ခင်ပြည့်စုံသာ အတွက်တော့ အရမ်းကြီး အရေးတယူ
စရာ ဟုတ်မနေတာကိုတော့ မြင်ရုံဖြင့် သိနေရသည်ပါပဲ။ မျက်နှာပ
နေသည်ဆိုပေမယ့် .. ကြေကွဲရိပ် ရှိမနေ ..။ ဧည့်ခန်းသို့ ရောက်တေ
လည်း ငိုင်၍ ထိုင်နေကြသည့် အန်ကယ်ဦးမျိုးသက် နှင့် အန်တီ ဒေါ်
ထား ကို သူ တွေ့ရသည်။

"ဒီနေ့ပဲ ဆုံးတာတဲ့လား.. ဟသ်ာ .. ဟိုကိုလိုက်သွားမှာပေါ့

သူ မေးမိစဉ်မှာ ခင်ပြည့်စုံသာ သက်ပြင်းရှိုက်၍ ဆိုဖာထက်
ထိုင်သည်။ သူလည်း အန်ကယ်ဦးမျိုးသက် ၏ ဘေးဘက်တစ်ခုံ
မှာ ထိုင်လိုက်ရသည်ပါပဲ။ တကယ်က .. ဤနေ့ မနက်စာကို မိုးထ
နေမှာ သူ ခေါ်၍ ဧည့်ဝတ်ပြုမည်ဆိုရာမှာ .. ဟသ်ာလေး ကိုလ
ခေါ်ဖို့ သူ ပြောမည်ဟု ဆုံးဖြတ်ခဲ့ခြင်းပါ။ စားကောင်းသောက်ကေ
လေးတွေကို ဟသ်ာ ဇစ်တိုးရီးယားမှာ မစားရတာကို မနေ့က မုန့်
အညှာစားကြီးပဲ ကျွေးတာတစ်ခု မြင်ရုံဖြင့် သူ သိခဲ့ရပြီမို့ .. မိုးထက်
မှာ စားကောင်းသောက်ကောင်းလေးတွေ အာဟာရဖြစ်အောင်
မနက်မှာတော့ စားဖြစ်စေမည်ဟု အားခဲထားခဲ့ရပေမယ့် ..။ ဇစ်တ
ယားသို့ သူ ရောက်လာရချိန်မှာ အပူသတင်းပဲ ကြားလိုက်ရပါသ
အဖြစ် ..။

"ဟသ်ာ ရဲ့ အမေက အသက်လည်း ရပြီ .. အသက်ကြီးမှ သ





တစ်ယောက်ပဲ ထွန်းကားခဲ့တာတဲ့လေ .. အမေက လွန်ခဲ့တဲ့ ရှစ်နှစ်
လောက်က ဆုံးတာ .. အမေမုဆိုးမကြီးက သမီးနဲ့အတူ သူ့အစ်ကိုအိမ်
မှာ သွားနေရတယ် .. ဟသ်ာ ရဲ့ အဖေရှိစဉ်က အိမ်ငှ လေးရောင်းပြီး
ယောက်မရဲ့အိမ်ဆိုင်ထဲ ငွေထုပ်လေး ထည့်ပေးလိုက်တာ .. ယောက်မ
က သူ့အိမ် တင်ကျွေးထားရတယ်ဆိုတာမျိုးပြောပြီး .. နောက်ပိုင်းမှာ
အဲဒီငွေကို ပြန်မပေးတော့တဲ့အပြင် .. သူ့အိမ်မှာ နေ သာ ဖြူစုလွန်း
သာတာမို့ .. အိမ်ဖော်ပွဲစားကနေတစ်ဆင့် .. ပြည့်စုံသာ ဆီကို ဟသ်ာ
ရောက်လာရတာလေ .. ရသမျှ လခအားလုံး ရွာက အမေဆီ ပို့တာ
သူ ရောက်ကတည်းကပါပဲ .. လေးနှစ်ထဲ ရောက်ပြီပေါ့ .. ရွာက ဘကြီး
မိန်းမကလည်း အဲသလို ပိုက်ဆံလေးဘာလေး ဟသ်ာ ရဲ့ အမေက
သမီး လစာထဲက ဖဲ့ပေးမှ မျက်နှာသာတယ် ဆိုပဲ .."

သူ ရင်ထဲ ပို၍ ထိခိုက်လာရပါ၏။ ခုလည်း ဟသ်ာလေး ခမျာ..
အိမ်ကြီး၏ အခန်းထောင့် တစ်နေရာလေးမှာ ညှိုးဖွေ့စွာ ငိုနေရှာပြီ
ဆင့် ..။ ရင်တွေလည်း ကြေနေလောက်ပြီ ..၊ အမေဆုံးသည်ဟု ကြား
ရချိန်မှာ အမေ့ရုပ်ကလာပ်လေးသော်မှ ပွေ့ပိုက်၍ ငိုခွင့် ကံကြမ္မာက
ပေး ..။ သမီးက တစ်နေရာ ..။ အမေက တစ်နေရာ ..။ ရင်ထု၍ ငို
နေစေဦး .. ဘေးမှာ ဖျောင်းဖျပေးဖော် မရှိ ..။ ဆင်းရဲသည့် မိန်းကလေး
တစ်ယောက်အတွက် .. ခြေရာသင်းပင်း ကင်းလုချေသည်တကား ..။

"အဲဒါ .. လွန်ခဲ့တဲ့ နှစ်ပတ်က ဖျားတာပဲတဲ့ .. ဆုံးခါနီးမှာ မှာ
ခဲ့သတဲ့၊ သူ ကတိမ်းကပါးဖြစ်သွားရင်ဖြင့် သမီးကို မခေါ်ပါနဲ့တဲ့ ..
ရက်လည်ပြီးမှ အကြောင်းကြားပါတဲ့ .. သူ့သမီး ရွာကို လိုက်လာရင်
အလုပ်ရှင်က အိမ်ဖော် တစ်ရက်မရှိရင်တောင် မဖြစ်တဲ့ အိမ်မျိုးဆိုရင်
ပွဲစားကနေတစ်ဆင့် တခြားတစ်ယောက် ခေါ်သွားမှာ ခေါ်လိုက်မှာ
စိုးလို့ပါတဲ့ .. ရွာမှာ သူမရှိတော့ရင် သမီးလေး ရွာမှာ သောင်တင်နေမှာ
.. အလုပ်မရှိ အကိုင်မရှိနဲ့ ဖြစ်နေမှာစိုးလို့ပါလို့ ဖြစ်သူကို



www.burmeseclassic.com

www.burmeseclassic.com



မှာတာမို့ .. မှာသလို အားလုံးလုပ်ပြီးမှ .. ခုလို .. ဟသ်ာ ဆီကို သိ
အောင် အကြောင်းကြားတာပါလို့ ဟသ်ာ ရဲ့ ဘကြီးက ပြောတယ် -
သူ့လေသံကလည်း သူ့တူမ သူ့အိမ်ကို ရောက်လာမှာ မလိုလားပုံပါပဲ -
ခင်ပြည့်စုံသာ တို့ဆီမှာပဲ အလုပ်ဆက်လုပ်နေတာ ပိုကောင်းပါတယ်
လို့ ပြောလာတယ်လေ ..''

ကြည့်ရတာ ဘကြီးကလည်း မယားစကား မလွန်ဆန်နိုင်သည့်
သူ ဖြစ်ရမည်။ ဟသ်ာ ရွာပြန်ရောက်မှာ ..၊ ပြီးတော့ အလုပ်ပြုတ်သွား
မှာ ..။ ရွာမှာ သောင်တင်နေမှာကို စိုးရိမ်နေတာလည်း သူ နားလည်န
ရပြီ။ အထီးကျန်လှချေသည်ကောလေ ..၊ အားကိုးရာ ပျောက်လှချေ
သည်ကော .. ဟု ဟသ်ာ အတွက် ရင်ထဲမှာ သနားစိတ် ဖြစ်ရပြန်သည်

''အဲဒါ အစ်ကိုရယ် .. ဖုန်းလာတဲ့ကိစ္စ .. မီးဖိုဆောင်ထဲမှာ အဲဒ
အချိန်ရှိနေတဲ့ ဟသ်ာ ကို ဧည့်ခန်းခေါ်ပြီး .. အားလုံး ပြောပြလိုက်
တယ်.. ရွာကို မပြန်လာစေချင်တာတွေလည်း ပြောပြလိုက်ရတယ် -
သူ့အမေလည်း ရက်လည်ဆွမ်းတောင် ကျွေးပြီးပြီဆိုတော့ .. မသွားနဲ့
တော့လို့ ပြောပြလိုက်ရတယ်လေ .. အဲဒီတော့လည်း ငိုပြီး .. အိမ်နောက်
ဘက် ဝင်သွားတာပါပဲ .. ခက်ပါတယ် အစ်ကိုရယ် .. ပြည့်စုံသာ
အိမ်ဖော်ခေါ်ထားတာ လူတစ်ယောက်ကို သူ့တစ်သက်လုံးအတွက်
တာဝန်ယူဖို့ ခေါ်ထားတာမှ မဟုတ်တာ .. ခု .. ဟသ်ာ ရဲ့ဘကြီး
လေသံက .. ဟသ်ာ ကို တစ်သက်လုံး အိမ်ဖော်အဖြစ် ခိုင်းထားရမလို
ဖြစ်နေတယ်.. တာဝန်ယူပေးရမလို ဖြစ်နေတာ အစ်ကိုရဲ့ .. အဲဒါ -
ဝန်ထုပ်ဝန်ပိုး လာတင်ပေးသလို ဖြစ်မနေဘူးလား ..''

အရေးထဲ လူတစ်ယောက် အပူလုံးဆို့နေချိန်မှာ ခင်ပြည့်စုံသာ
က တွက်တွက်ချက်ချက်ဖြင့် ဟသ်ာ ကို တာဝန်မယူချင်တော့ပုံဖြင့်
ပြောလာသမျှ သူ ကြားနေရပါ၏။

''သြော် .. သမီးကလည်း .. ဒီအချိန် ဒီစကားပြောဖို့ မကောင်းပါ





ဘူး.. တစ်ဖက်သားခမျာ .. အမေဆုံးရှာတာပါကွယ် .. အမေ အလောင်း
တောင် မြင်လိုက်ရတာ မဟုတ်ဘူး .. ဟိုက လိုက်မလာအောင် အားလုံး
စီမံသမျှ ငြိမ်ပြီး ခံရရှာတာ စာနာပါဦးဟယ် .. ဒီကလေးတစ်ယောက်
ကို တာဝန်ယူရလို့ ဘယ်လောက် ဝန်ထုပ်ဝန်ပိုးဖြစ်နေမှာမို့လို့လဲ ..
ပြီးတော့ .. ကိုယ့်မှာက ချမ်းတောင့်ချမ်းသာရှိနေတဲ့ဥစ္စာ .. သူ့လခ
လောက် ပေးရတာ .. ငွေပေးရတယ်လို့တောင် မထင်ရပါဘူး သမီး
ရယ် .. သူရတဲ့ လခနဲ့ .. သူ လုပ်ပေးတာတွေက ပိုများပါတယ် သမီး
ရယ် ..''

အန်တီ ဒေါ်ခင်ထား ဝင်ပြောလာတော့ ခင်ပြည့်စုံသာ ခေါင်းခါ
သည်။

''အမေက လခလောက်ပဲ မြင်တာကိုး .. သူ့ ကျုန်းမာရေး ..
အိမ်ထောင်ရေး .. အားလုံး .. ပြည့်စုံသာ တို့ လက်ထဲ သူ့ဘကြီးက
ပုံအပ်ထားတာ အမေ .. ဒီကြားထဲ တော်ကြာနေ ဖုန်းဆက်ပြီး ငွေလိုလို့
ကူပါဦးဆိုပြီး ဟသ်ာ ဆီက ငွေစုထားတာလေးတွေ လှမ်းလှမ်းတောင်း
တာ တွေကြုံမှာ မလွဲဘူး သိရဲ့လား .. ဟသ်ာ ရဲ့ဘကြီးက မယားခိုင်း
သမျှ အားလုံး လိုက်လုပ်တဲ့သူမျိုး .. အဲဒါကြောင့် ပြောတာ .. ဟသ်ာ
ကိစ္စ .. ပေါ့ပေါ့တွေးလို့ မရဘူး အမေ .. ဟသ်ာ ကို အကောင်းဆုံး
လုပ်ပေးသင့်တာကတော့ .. အိမ်ထောင်ချပေးလိုက်တာပဲ ဖြစ်သင့်တယ်
အမေရဲ့ .. သမီးတို့ ရန်ကုန်က မုန်းညက်မြိုင်မှာ ကျန်ခဲ့တဲ့ ကိုတူး နဲ့
နေရာချပေးလိုက်ရင် မကောင်းဘူးလား .. ကိုတူး က ဟသ်ာ ကို ဘယ်
ငြင်းလိမ့်မလဲ ..''

''ဟဲ့ .. အံမယ်လေးလေ .. အဲဒီကလေးနှစ်ယောက်အမေ မုဆိုးဖို
အသက်ကြီးကြီးဥစ္စာနဲ့ ဟသ်ာလေး ကိုတော့ မပေးစားနိုင်ပေါင်အေ
ရယ် .. မလုပ်ပါနဲ့ ..''

အန်တီ ဒေါ်ခင်ထား အလန့်တကြား ပြောချိန်မှာ သူ့ရင်ထဲ မှိုက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဟသ်ာ ကို ရက်ရက်စက်စက် ကလေးနှစ်ယောက်အမေ မုဆိုးဖို ဒရိုင်ဘာကြီးတစ်ယောက်နှင့် နေရာချပေးမည်ဟု ခင်ပြည့်စုံသာ မို့ ပြောရက်သည်။ ဤတစ်ကြိမ်မှာတော့ ပြည့်စုံသာ ကို လည်း ရွံသွားရပါပြီ ..၊ ဟသ်ာလေး ကိုလည်း သနားမဆုံး ..။ အမေက ဆုံးထားသည်။ အရေးထဲမှာ မတန်မရာ လူတစ်ယောက်နှင့် ပေးစားတာကိုလည်း ခံရဦးမည်တဲ့လား။ မတရားလွန်းချေပြီကောဟု တွေးမိရာမှ ဟသ်ာလေး ကို ဒုက္ခသုက္ခထဲ ဤအတိုင်း ချန်ထားခဲ့ရမှာ ..၊ မျက်ကွယ်ပြုပစ်ရမှာ..၊ ဥပေက္ခာထားလိုက်ရမှာ မလုပ်ရက်နိုင်ပဲ ရင်ထဲ ပြည့်ပြည့်သိပ်သိပ် တိုးပင်လာသည်က ဟသ်ာ ကို ပစ်မထား .. ဆိုသည့်ဇော ဖြစ်လာရပါ၏။

"ဟသ်ာ ကို ဖွင့်ပြောရမှာပေါ့ အမေ .. ကိုတူး နဲ့ လက်မထပ်နိုင်ဘူးဆိုရင်လည်း ရွာပြန်ခိုင်းရမှာပဲ .. သူ့တူမနဲ့ သူ့ဘကြီး .. တူတူနေကြတာပဲ ကောင်းတယ်.. ရွာရောက်တော့လည်း.. ဟသ်ာ အတွက် ကောင်းကွက်ရှိလို့လား အမေ .. သူ့လို နေစရာအိမ်ငယ်လေးတစ်လုံးတောင် မရှိတော့ပဲ ဘကြီးအိမ်မှာ နိုကပ်နေရတဲ့ ဟသ်ာ ကို .. ဘယ် သူကြွယ်သားက လက်ထပ်မှာမို့လို့လဲ .. လုပ်လာတာကလည်း အိမ်ဖော် .. ဘာဂုဏ်မှ တင်စရာမရှိတဲ့ ဟသ်ာ .. ရွာမှာလည်း ဘကြီးမိန်းမနဲ့ ကြာကြာနေလို့ ဖြစ်မှာ မဟုတ်တာ .. ဘကြီးမိန်းမကလည်း ဟသ်ာ ကို ကြာကြာတင်ကျွေးမှာမှ မဟုတ်တာပဲလေ .. ယောက်ျားပေးစားလိုက်မှာပဲ .. ထင်းခုတ်သမားနဲ့ ညားမလား .. မုဆိုးဖို ရွာသူဌေးတစ်ယောက်နဲ့ဆိုရင်တော့ နေရထိုင်ရ အရိပ်ထဲရှိဦးမယ် .. လယ်သူရင်းငှားတို့ .. ထင်းခုတ်သမားတို့ .. ဘာတို့နဲ့ ညားရင် တစ်သက်လုံး လူ့ရုပ်တောင် ပေါ်မှာမဟုတ်ဘူး.. ဒါကြောင့်.. ကိုတူး နဲ့ ပေးစားမယ်လို့ ပြောတာပါ အမေ.."

သူ့ ရင်ထဲ ထိတ်လန့်လာသည်။ နလုံးသားတွေ ဆုပ်ချေခံနေရသည်သို့ ရှိချေတော့လေ။ သူ တိတိပပ သိလာရပြီဟည်း။ ဟသ်ာလေး သူ့ အစ်မနှင့် လက်ထပ်ပေးလိုက်တော့ကို သူ့ရင်သည် မခံနိုင် .. ဟုတ်





သည် .. မခံနိုင် ..၊ ကြေကွဲနေသည် .. တုန်လှုပ်နေသည်။ သနားရုံတစ်ခုသာ မဟုတ်သည့် သံယောဇဉ်တစ်ခုသည် ရင်ကို ခိုင်မြဲစွာ တုပ်နှောင်ထားပြီးခဲ့တာ သူ ခုမှ သိသိလာနေရချေသည်တကား ..။

"အိမ်မှာ နည်းနည်းလေး ဆူလိုက်ရင် .. လန့်ပြီး ဟိုဟာလွှတ်ကျ .. ဒီဟာ ဖိတ်ကျ .. အဲသလို နမော်နမဲ့နိုင်တဲ့ ဟသ်ာ ကို .. သမီး မကြိုက်လှဘူး အမေ .. အစတုန်းကတော့ .. သူ့အမေကို ဆေးဖိုးဝါး .. စားသောက်နိုင်ဖို့အတွက် အလုပ်လာလုပ်တာပဲဆိုပြီး ထောက်ထားနေရတာ .. အလုပ်ဖြုတ်လိုက်ရင် .. ရွာက အမေကြီး ဆင်းရဲဒုက္ခကြုံမှာလေ .. ခုတော့ .. သူ့အမေလည်း ရှိတော့တာမဟုတ်ဘူး .. သူ့ကံနဲ့သူ .. ရှိတာ ကောင်းမယ်ထင်တယ် အမေ .. သမီးကတော့ လူတစ်ယောက်ကို တာဝန်ယူရတာမျိုး မကြိုက်လှဘူး အမေ .. ဘာလကြာလာတဲ့အခါ .. ကိုယ့်အပေါ် ဝန်ပိနေတာကြီး ပိုပို သိလာနေရမှာ .."

လုံးဝ ပြတ်သားနေသည်က ခင်ပြည့်စုံသာ ဖြစ်နေသည်။ ဟသ်ာသည် လောလောဆယ်မှာ ခင်ပြည့်စုံသာ အတွက် စိတ်အနှောင့်အယှက်ပေးရာတစ်ခု ဖြစ်နေပြီ။ လိုလိုလားလား ထားချင်စိတ် မရှိတာလည်း သိနေရပြီ ..။ သူ .. ရင်ထဲ မကောင်းနိုင် ..၊

"စကားကို ဆင်ဆင်ခြင်ခြင် ပြောပါ သမီးရယ် .. ဒေါ်သေးတာပေါ့ .. ဟသ်ာလေး ခြံထဲဆင်းသွားလို့ .. တစ်နေရာမှာ ငိုနေရှာပြီ .. သမီးက ပြောနေတဲ့ စကားတွေ ကြားများ ကြားရရင်ဖြင့် .. ရင်ထဲဆို့ကြေနေသမျှ .. အပူဆောင့်ပြီး .. အသက်ပါ ပါသွားပါ့မယ် သမီးရယ် .. မိန်းမသားချင်း စာနာပါ သမီး .."

ငြိမ်နားထောင်၍ မရနိုင်တော့သည့်နယ် အန်ကယ်ဦးမျိုးသက်ချက်နာပျက်ပျက်ဖြင့် ဝင်ပြောလာတော့ သူနေရာမှာ ရှိမနေချင်။ သားအမိ သားအဖတွေကြားထဲ နေရထိုင်ရကြ ကျပ်လာသည်လေ ..။ ခင်ပြည့်စုံသာ က ဟသ်ာ ကို မုဆိုးဖိုကြီးတစ်ယောက်နှင့် လက်ထပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ချင်နေသည်။ အန်ကယ်တို့ကလည်း လက်မခံချင်ကြ ..။ နေရင်းနေရ တစ်ဖက်နှင့် တစ်ဖက် အလျှော့ပေးမှာ မဟုတ်သည့် အနေအထားမျ ဖြစ်လာနေပြီ။ ဘေးတစိမ်းတစ်ယောက်အနေဖြင့် ညှပ်နေရာမှာ ရှိနေရ အနေခက် အထိုင်ခက် ဖြစ်ရသည်လေ ..။

ခြံထဲ ခဏသွားနေလိုက်ချင်ပြီ ..၊ ပြီးတော့ .. ဟသ်ာလေး လည ခြံထဲမှာ ရှိနေသည်ဟု စောစောကပဲ အန်ကယ် ပြောခဲ့သည် မဟုတ် လား ..။ အနည်းဆုံး ဟသ်ာ ကို ဖျောင်းဖျစကားလေးတွေ သူ ပြောလို ချင်သည်။

အိမ်အဝင်တံခါးကိုဖွင့်၍ ထွက်လာတော့ တစ်ဖက်နံရံထောင့်လေ မှာ ခြေစုံရပ်ရင်း မျက်ရည်ကျ ငြိမ်နေသည့် ဟသ်ာ ကို သူ မထင်မမှ ရင်ဆိုင်ကြုံလိုက်ရသည်ပါပဲ။ ဒါဆို .. စောစောက ခင်ပြည့်စုံသာ ပြေ သမျှတွေ ..၊ စီမံနေဟာတွေ ဟသ်ာလေး ကြားပြီးချေပြီပေါ့။ သူ့ကိုပြ တော့ တစ်ချက် ဟသ်ာ မော့ငေးကြည့်နေသေးသည်။ နောက်တော လည်း မျက်ရည်တွေ ပြိုကျလာရင်းမှ ခပ်မြန်မြန်လေး အိမ်နောက်ဘ ကို ပြေးသွားတာမို့ သူ မနေသာ။ နောက်လျှောက် လိုက်သွားမိရသည ပါပဲ။ လောလောဆယ်မှာ ကူကယ်ရာ ပျောက်နေသည့် ဟသ်ာ အားငယ်သိုးသိမ်ရာ ခံစားချက်တွေကို သူ့ မျက်ကွယ်ပြုမထားရက်နိုင် အမေက ဆုံးထားသည်။ အရေးထဲမှာ အိမ်ထောင်ချပေးမှာက လာပြ နေသည်။

"ဆင်းရဲတယ်ဆိုပြီး.. သက်သက် .. အဲသလို ခင်ပြည့်စုံသာ မ မနာ စီမံရက်တာ .. လူစိတ်ကို မရှိဘူး .. သိပ်အောက်တန်းကျတာပဲ–

ရင်ထဲမှာ နာနာကြည်းကြည်း တွေးမိသည်ကလည်း ခင်ပြည့်စုံသ ၏ စိတ်ဓာတ်ကိုပဲ ဖြစ်ပါ၏။ အထင်လည်း သေးနေရသည်ပါပဲ –

ခြံနောက်ဘက်ရှိ အရိပ်မြိုင်သည့် ပိတောက်ပင်ကြီးအောက် ဟသ်ာ ထိုင်နေသည်။ ပင်စည်ကို မှီ၍ ထိုင်နေပုံလေးက အရုပ်ကြိုးပြ





နိုင်နေ၏။ မျက်နှာထက်မှာ လက်ဖဝါးလေးတွေ အုပ်မိုးသားရင်း ငိုနေ ရာသမျှ မြင်ကွင်းကို သူ ငြိမ်သက် ရပ်ငေးကြည့်နေမိရသည်ပါပဲ။ ဘကယ့် အားကိုးရာ ပျောက်နေသည်ကောလေ ..။ ဘယ်သူ့ ဘယ်သူမှ မရှိသည့် ကလေးမ ..၊ ခံစားတတ်သည့် နှလုံးသားဆိုတာ ဟသ်ာ မှာ လည်း ရှိတတ်သည်ဟု ဘာကြောင့်များ ခင်ပြည့်စုံသာ မတွေးပေးရက်ပါ သလဲ ..။

သူ .. ဟသ်ာ ၏ ရှေ့မှာ ရပ်လိုက်မိသည်။ ထိထိနိုက်နိုက်လည်း ငုံမိုး၍ ကြည့်မိသည်။ အလိုလို သူ့လက်တွေက ဟသ်ာ ၏ ဆံစလေးကို သပ်ပေးမိလျက်သား ဖြစ်သွားရပါပြီ။ ဟသ်ာ မော့ကြည့်လာပါ၏။ မျက်ဝန်းမှာ မျက်ရည်တွေ အဆက်မပြတ် စီးကျနေသည်။ မျက်တောင် လေးတွေမှာ မျက်ရည်တို့ စိုလူးနေ၏။ ပါးပြင်ထက်မှာ မျက်ရည်တွ နစ်နေသည်။ ဆောက်တည်ရာ ပျောက်လောက်အောင် အလူးအလဲ ခံစားနေရသည့် ဝေဒနာမျက်နှာ နုနုလေး ..၊

သူ ညင်ညင်သာသာပင် ဒူးတစ်ဖက်ထောင် တစ်ဖက်ချပုံဖြင့် ဟသ်ာ ရှေ့မှာ ထိုင်လိုက်မိရပါ၏။

"ဟသ်ာ .. ဟသ်ာ .. အဲဒီ ဦးတူး ကို .. ယူရမှာပါပဲ .. ယူရတော့ မှာပါပဲ .. ဟသ်ာ ရွာပြန်ရင် .. ကြီးဒေါ်က .. လက်ခံမှာ မဟုတ်ဘူး .. ဟသ်ာ ကို ကာကွယ်ပေးမယ့် အမေကလည်း ဆုံးပြီ .. မမပြည့် ပြော သလိုပဲ .. လူတစ်ယောက်ယောက်နဲ့ .. ဟသ်ာ ကို ပေးစားလိုက်ကြမှာ.. ရွာကို ဟသ်ာ ပြန်သွားရင်လည်း အိမ်ထောင်ချပေးတာ ခံရမှာပါပဲ .. ဒီမှာ ရှိနေရင်လည်း အိမ်ထောင်ချပေးတာ ခံရမှာပါပဲ .. ဟသ်ာ ဘဝက တော့ မထူးတော့ပါဘူး .. အမေရေ .. အမေ့နောက်ကို ဟသ်ာ တူတူ လိုက်ချင်လိုက်တာ အမေရယ် .. ဟသ်ာ သေရင် ကောင်းမှာ .."

အရာရာကို စိတ်လျှော့ထားသည့်နှယ် .. ပြောနေရင်းမှ ဟသ်ာ ဘမ်းတရင်း ငိုချလိုက်တော့ သူ့ ရင်ထဲ ပို၍ ထိခိုက်လာရသည်။ ဟသ်ာ



www.burmeseclassic.com

www.burmeseclassic.com



၏ ရင်ထဲမှ ဆို့နစ်ကြေကွဲမှုတွေသည် သူ့ရင်ထဲသို့တိုင် အလုံးအရင်းနှင့် တိုးဝင် ဖြစ်တည်လာကြရသည့်နှယ် ရှိ၏။

"မငိုနဲ့လေ .. ကိုယ် ပြောစရာရှိတယ် .. နားထောင်နော် .. ဒီအချိန်မှာ ဒီစကားကို .. မပြောသင့်ဘူးလို့ သဘောထားရင်လည်း ရသလို .. ပြောသင့်တယ်လို့လည်း ပြောလို့ရပြန်တယ် ဟသ်ာ .. ဘာလို့လဲဆိုတော့ အမေဆုံးတာ လောလောလတ်လတ် သိထားရတဲ့ သမီးတစ်ယောက်ဟာ .. အိမ်ထောင်ရေးစကားကို မကြားသင့်တာ အမှန် ဖြစ်ပေမယ့် .. ခင်ပြည့်စုံသာ က ဟသ်ာ ကို နေရာချပေးမှာတွေကလည်း ဖြစ်လာနေပြန်တာမို့ .. ကိုယ် .. ပြောသင့်နေပြန်တယ် ဟသ်ာ .. ကိုယ့်ကို ကြည့်စမ်း ဟသ်ာ .. ကိုယ်လည်း ဒီအချိန်မှာ ကိုယ့်နှလုံးသားကို ကိုယ် ပြန်မြင်နေရပြီဖြစ်တဲ့ သတိုးနေခ ဖြစ်နေရပြီ .. ခုလောက်ထိ မတန်တဆ သိမ်းကျုံးခံစားနေရတဲ့ ဟသ်ာ ကို .. ကိုယ် .. ဒီအတိုင်း ချန်မထားခဲ့ရက်နိုင်ဘူး .. ဝေဒနာတွေ မနိုင်ရင်ကန် ခံစားနေရတဲ့ ဟသ်ာ ကို အထီးကျန် ဟသ်ာ အဖြစ် ရှိမနေစေရစ်နိုင်ဘူး .. ကိုယ် .. မင်းကို .. လက်ထပ်ပါရစေ ဟသ်ာ .. မင်းရဲ့ ဘဝကို .. လုံလုံခြုံခြုံ .. အေးအေးမြမြနဲ့ တာဝန်ယူမယ့် သတိုးနေခ အဖြစ် .. ကိုယ် အသက်ရှင်နေသမျှ ရှိနေစေရမယ်လို့.. သစ္စာတိုင်ပါတယ်ကွယ်.. အဲဒီ ဦးတူး ဆိုတာကိုလည်း လက်မထပ်ရဘူး ... ရွာကိုလည်း မပြန်ရဘူး .. ကိုယ် .. မနက်ဖြန် .. ဒီကိုလာမယ်.. ဟသ်ာ ကို လက်ထပ်ခွင့် .. အန်ကယ်နဲ့ အန်တီ့ဆီမှာ .. ကိုယ် ခွင့်ပန်မယ်.. ပြီးရင်.. တရားရုံးတက်ပြီး ., ဟသ်ာ ကို လက်ထပ်မယ်..၊ ဟသ်ာ ရွေးချယ်ပေးတဲ့နေ့မှာ ဆိုပါတော့ .. ပြီးရင် .. မိုးထက်နေဟိုတယ်မှာ.. မင်္ဂလာဧည့်ခံပွဲလည်း ကျင်းပမယ် .. ယုံပါ ဟသ်ာ .. ကိုယ် .. မင်းကို.. မြတ်နိုးနေတဲ့ သတိုးနေခ ဖြစ်နေပါတယ် .. ချစ်နေတဲ့သူ ဖြစ်နေပါတယ် .. ယုံပေးပါ ဟသ်ာ .."

သူ လေးလေးနက်နက် ပြောချိန်မှာ ဟသ်ာ မယုံနိုင်သလို မော့၍





တော်ကြာ ကြည့်နေသည်။ နောက်တော့ ကိုယ်လေး နောက်သို့ယို့သွားပင်စည်နှင့် ပို၍ ကပ်သွားရင်းမှ ..

"မမပြည့် က .. မမပြည့် က .. သူ့ကို .. သူ့ကို .. ကိုကြီးက .. .. နေ .. တယ် .. လို့ .. ထင် .. နေ .. တာ .. အဲသလို .. ပြောတယ်.."

ဟု လန့်လန့်ဖျပ်ဖျပ်လေး ပြောတော့ သူ မျက်မှောင်ကုတ်ကာ...

"ဟာ!... ဘယ့်နှယ် ချစ်ရမှာတဲ့လဲ .. မဟုတ်တာ .. ဘယ်တုန်းက .. အဲသလို .. သူ့အပေါ် ကိုယ် စိတ်မကူးဖူးဘူး .. ဒီကိုလာတာက.. နေ့မှာ သူ့ဆီက .. ဗစ်တိုးရီးယားကို ပြန်ဝယ်ဖို့ လာတာ ..၊ ဟသ်ာ တွေ့ကတည်းက သနားမိတာ .. အရှမ်းကို ဖြူစင်တဲ့ ဟသ်ာ ကို တန်ဖိုးလည်း ထားမိတယ် .. ကိုယ်က .. အဲသလို ဖြူစင်တာကို တန်ဖိုးထားတယ် ဟသ်ာ .. ခင်ပြည့်စုံသာ ဟာ စိတ်ထားမာကျောတယ်ဆိုတာ ကြာလေ ပိုသိလာရလေပါ ..၊ ခု ကြည့်လေ .. ဟသ်ာ မှာ ဒီလောက်ပင်သောကတွေနဲ့ လောင်မြိုက်ချိန်ကြီးမှာ .. သူမို့ အဲဒီ ဦးတူး ဆိုတဲ့ လေးနှစ်ယောက်အဖေ မုဆိုးဖိုကြီးနဲ့ ပေးစားဖို့ ကြံစည်ရက်တယ်.. ကောင်းပါဘူးကွာ .."

ဟု သူ မျက်နှာပျက်ပျက်ဖြင့် ပြောတော့ ဟသ်ာ ခေါင်းခါသည်။ မျက်ရည်တွေ ပိုကျလာသည်။ လက်ဖမိုးလေးဖြင့် မျက်ရည်ကို နိုင်နိုင် သုတ်နေရင်းမှ ...

"မကြံကောင်း မစည်ရာ ကိုကြီးရယ် .. ဟသ်ာ နဲ့ ကိုကြီး မတန်ပါဘူး .. ဟသ်ာ က အဆေအပါးပါ .. ကိုကြီးက အရှမ်းချမ်းသာတဲ့သူပါ .. ဟသ်ာ ကို သနားရုံသက်သက်နဲ့ဖြင့် .. ကူချင်ဇောနဲ့ .. လက်မထပ်ချင်ပါနဲ့ ကိုကြီးရယ် .. ကိုကြီး ဂုဏ်သိမ်ငယ်ပါ့မယ် .. သူ ကဲ့ရဲ့စရာကြုံပါ့မယ် .. ပြန်ပါ ကိုကြီးရယ် .. ဟသ်ာ လို ဆင်းရဲသား .. အားကိုးရာ ပျောက်နေတဲ့သူကို သနားစိတ်နဲ့ လက်မထပ်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး .. နောင်များကျတော့မှ .. နောင်တဖြစ်ရပါမယ် .. ကိုကြ တစ်သက်လုံး လူကဲ့ရဲ့စရာကို ရင်မှာ ပိုက်ထားရမှာပါ .. ဟသ်ာ အစကတည်းက ဘာမှ မရှိတဲ့ ဟသ်ာ ပါ .. ကိုကြီးက .. ပြည့်စုံချမ်းသ နေတဲ့သူပါ .. ဂုဏ်အင်အား မြင့်မားတဲ့သူပါ .. ပြန်ပါ ကိုကြီးရယ်..

ဟသ်ာ လက်အုပ်လေးချီကာ ငိုပြောတော့ သူ ရင်ထဲ ပိုခံစားလ ရသည်။ အရမ်းကို ဖြူစင် မွန်မြတ်ချေသည်ကောလေ ..၊ သူ့ လက်ထပ်ဖို့ရာ မတူမတန်သည့်နေရာလေးမှာ ရှိနေရသည့်နှယ် ညှိုးသိ စွာ ပြောနေလေလေ ..၊ သူ့ အသနားပိုရလေ ..၊ မြတ်နိုးရလေ ဖြစ်ေ သည်ပါပဲ ..။

နနုဥဥလေးဖြင့် ချောမွေ့လွန်းပါသည့် ဟသ်ာ ..၊ ကံကြမ္မာ မလှ .. အရှုပ်နှင့်မမျှ လူးလဲနေအောင် ကံစေရာအတိုင်း ခေါင်းငုံ့ ပေးတော့မည့်နှယ် ရှိနေသည်ကိုလည်း သူ .. မကြည့်ရက် ..။ ဟသ် ၏ ဆံစလေးကို သူ ဖွဖွညင်ညင် သပ်ပေးမိသည်။

''ကိုယ် .. ကိုယ့်အသက်ကို တိုင်တည်ပြီး သစ္စာဆိုတယ် ဟသ်ာ ယုံပါ .. မင်းကို ကိုယ် ချစ်မြတ်နိုးလို့ .. သနားလို့ .. သံယောဇဉ်ရှိလို့ လက်ထပ်မှာပါ .. လက်ထပ်ချင်တာပါ .. လက်ခံပေးပါ ဟသ်ာ ရယ် ကိုယ့်ဘဝဟာ ဟသ်ာ ပြောသလိုပဲ .. ဂုဏ်ဓနရှိတယ် .. ချမ်းသာခြင် ရှိတယ် .. အချစ်ပဲ လိုတာပါ ဟသ်ာ .. ကိုယ့်ကို သစ္စာရှိရှိနဲ့ .. တမြတ် တနိုးထားမယ့် အချစ်ပဲ လိုတာပါ .. ကိုယ့်ရဲ့ ပိတောက်မြိုင်အိမ်ကြီး အတွက် .. အလွန်လိမ္မာရေးခြားရှိတဲ့ အိမ်ရှင်မတစ်ယောက် လိုတာပါ ကိုယ့်ဘဝကို .. ကောင်းတူဆိုးဘက် တူတူလက်တွဲရင်ဆိုင်မယ့် .. ဇနီး လိုတာပါ .. ကိုယ်ကလည်း ချစ်တဲ့သူ ဖြစ်နေသလို .. ကိုယ့်ကိုလည်း ချစ်တဲ့သူ .. ဖြစ်ဖို့တစ်ခုပဲ လိုတာပါ ဟသ်ာ ..၊ ကိုယ့်ကို ကြည့်စမ်း ဟသ်ာ .. ကိုယ့်မျက်လုံးတွေကို ကြည့် .. မင်းကို မွန်မွန်မြတ်မြတ်ချစ်တဲ့ ကိုယ့်အချစ်တွေ .. မင်းအပေါ် သနားစိတ်နဲ့ မျှဝေနားလည်ပေးတဲ့ စိတ်





တွေ .. အားလုံးကို .. မင်း မြင်ရမှာပါ ဟသ်ာ ..၊ ယုံပါ .. ကိုယ့်သိက္ခာ .. ကိုယ့်အသက်ကို ရင်းပြီး သစ္စာဆိုတဲ့ ကိုယ့်စကားတွေ ကို .. အကြွင်း မဲ့ယုံကြည်ပေးပါ ဟသ်ာ ..''

သူ ပြောကာ လက်သူကြွယ်မှာ ဝတ်ထားပါသည့် ပတ္တမြားစိန်ရံ လက်စွပ်ကို ချွတ်ကာ ဟသ်ာ ၏ လက်ခလည်လေးမှာ ဝတ်ပေးတော့ ဆောင်နေသည်။ နောက်ဆုံး သူ့လည်ပင်းမှ ဆွဲကြိုးကို ချွတ်ကာ .. လက်စွပ်လေးကို ကြိုးကုံးမှာ လျှိုသွင်းသည်။ ပြီးတော့ .. ဟသ်ာ ၏ လည်တိုင်လေးမှာ ဆွဲပေးလိုက်မိရပါပြီ ..။

ဟသ်ာ ခေါင်းခါနေတော့ မျက်နှာလေးကို ဖွဖွညင်ညင် ဖေးမော့ လိုက်မိရပါ၏။

''ကိုယ် .. ခုလိုမှ .. ဖွင့်မပြောရင်လည်း .. ဟသ်ာ ကို .. အဲဒီ ဦးတူး ဆိုတဲ့ လူကြီးလက်ထဲ အရောက်ခံလိုက်ရတော့မှာလေ .. အဲဒီ အဖြစ်ကို .. ကိုယ် .. အဖြစ်မခံနိုင်ဘူး ဟသ်ာ .. ဒါကြောင့် .. ဒီလို .. စိတ်ထိခိုက် ခံစားနေရတဲ့ ဟသ်ာ ကို ဒီအချိန်ကြီးမှာ .. ကိုယ် လက်ထပ် ခွင့်ပန်လိုက်ရတာပါပဲ .. ကိုယ့်ရင်ထဲမှာ ဟောဒီက ရွှေဟသ်ာလေး ကကယ့်ကို ရောက်နေတယ်ဆိုတာ ယုံနော် .. မျက်ရည်တွေ ကိုယ် သုတ်ပေးမယ် .. ဟုတ်လား ..''

သူ ပြောကာ မျက်ရည်သုတ်ပေးတော့လည်း ကလေးလိုပဲ ငြိမ်၍ ဟသ်ာ ခံပါ၏။ သူ့ကိုလည်း မော့၍ အကဲခတ်သလို အတန်ကြာကြည့် ရသည်။

''တ .. ကယ် .. လား ဟင် .. ဒီ .. အဖြစ်ဟာ .. တကယ်လား .. ဟင် ..''

ဟု မော့မေးပုံလေးကိုက သနားစရာ ကြင်နေသည်၊ မယုံရဲနိုင်ရှာ သမျှ အားငယ်ပါးငယ်လေး စိုးထိတ်စွာ မော့မေးလာပုံလေးကိုက အရမ်းကို အပြစ်ကင်းစင်နေသည်။ သနားစရာ ဖြစ်နေသည်။ သူ ..



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ အသနားပိုလာရ ..။ အချစ်တိုးလာရရင်းမှ ဆံစလေးကိုသ သပ်ပေးမိရပါ၏။ နဖူးလေးပင် မနမ်းရက် ..၊ စိတ်ထိခိုက်နေရှာသည် ကော .. ဆိုသည့် ခံစားချက်တစ်ခုသည် .. ဟင်္သာ ကို နဖူးလေး မနမ်းစေရက်နိုင်အောင် အဲသနားပို၍ ဖြစ်နေစေသည်တည့် ..။

လက်လေးကိုတော့ သူ ဖွဖွညင်ညင် ထွေးဆုပ်ထားမိရသည် ပဲ ..။ ညင်ညင်သာသာလေးလည်း လက်ဖမိုးနုနုလေးကို နမ်းမိသည် တကယ့် တော်ဝင်မင်းသမီးလေးတစ်ပါးကို နမ်းသည့်နယ် ခံစားရ ၏။ ဟုတ်သည် ..၊ သူ့နှလုံးသားကို ပိုင်စိုးပါလေသော တော်ဝင်မင်းသ လေး ..။ လက်ဖမိုးလေးသည် ဖူးဖူးနုနုဖြင့် အကြောမျှင်တို့ စိမ်းပြ မြင်ရလောက်အောင် ဖွေးဥလွှန်းနေသည်ပါပဲ ..။ ပါးပြင်လေးသည် လည်း ထို့နယ်ပင် ရှိ၏။ ပါးပြင်နုနုထက်မှာ အကြောမျှင်တို့ စိမ်းပြ မြင်ရသည်လည်း ရှိ၏။ ပန်းနုနု ထင်နေသည်လည်း ရှိ၏။ အရှမ်း နုဖန့်နေသည့် ပါးပြင်လေး ..၊ ကနုကမာအသွေးနယ်ပင် အကြောမျှင် ရီးရိပ်ထင်သည်။ ပန်းနုရိပ် ဆင်သည်။ စိမ်းမြမြ ထင်သည်တည့် ..

"တစ်ယောက်တည်း ဖြစ်နေတယ်လို့ ဘယ်တော့မှ မတွေး ဟင်္သာ .. ကိုယ် ရှိနေတယ်ဆိုတာ အမြဲ ရင်ထဲမှာထား .. ကိုယ် လက်ထပ်ပြီးတဲ့အခါ .. ဟင်္သာ ရဲ့ မေမေအတွက် .. ကောင်းမှုကုသိုလ် တူတူ ပြုကြမယ် .. ရွာကိုလည်း တူတူသွားကြမယ် ... ဟင်္သာ မေမေ အတွက် အမှတ်တရအုတ်ဂူလေးတစ်လုံး .. အဲဒီ မြုပ်နှံရာနေ လေးမှာ လုပ်ကြမယ် .. ဟင်္သာ ဘယ်လို အလှူအတန်းမျိုး လုပ် သလဲ .. ပြော .. အားလုံး ကိုယ် လုပ်ပေးမယ် .. ဟုတ်ပလား ..၊ အဲ အချိန်ကစပြီး ဟင်္သာ သေချာ ရင်ထဲမှာ ယုံကြည်ထားရမှာက .. ဟင်္ အတွက် .. ဘဝတစ်ခုလုံးမှာ .. အားကိုးရမယ့် .. သတိုးနေခ ဆို ရှိနေတယ်ဆိုတာပါပဲ ..၊ အဲဒီ ယုံကြည်မှုဟာ .. ရှည်လျားနေရ ဟင်္သာ .. ဘယ်လောက်ထိလည်းဆိုတော့ .. ကိုယ့်တစ်သက် .. ဟင်္





ရဲ့ တစ်သက် ဖြစ်နေရလိမ့်မယ် .. အဲဒါကို .. သက်ဆုံးတိုင်မျှ .. ရှည်လျားသော ယုံကြည်မှုလို့ .. ခေါ်တယ် ဟင်္သာ .. မင်း .. ကိုယ့်ကို တစ်ခုပဲ ပေးပါ ..၊ မင်းရဲ့ အချစ် .. ယုံကြည်အားကိုးသော အချစ် .. အဲဒါပဲ ကိုယ် လိုချင်တယ် ဟင်္သာ .. ဒါဆို .. ကိုယ့်ဘဝ ပြည့်စုံပါပြီ.. မင်းအတွက် ကိုယ် ပြန်ပေးမှာက .. ကိုယ့်အချစ် .. ကိုယ့်ဘဝ .. မင်း အတွက် ပေးအပ်မည့် လုံခြုံအေးချမ်းမှု .. အို .. ကိုယ့်ရဲ့ အလုံးစုံသော ရှင်သန်ရပ်တည်ခြင်းတွေ အားလုံးဟာ .. ဟင်္သာ အတွက်ပဲဆိုတာ .. သိထားပါ ကလေးရယ် .. အရှမ်းကို ဖြူစင်တဲ့ ဟင်္သာ ရယ် .. မင်း အတွက်ပါပဲ.."

သူ လေးလေးနက်နက် ပြောကာ ဟင်္သာ ၏ ဆံစလေးတွေကို သပ်ပေးမိပြန်သည်။ ကျလာနေသည့် မျက်ရည်စက်လေးတွေကို သုတ် ပေးနေမိပြန်သည်။ ဟင်္သာ ၏ တွယ်ရာမဲ့ .. ကြေကြေကွဲကွဲ ခံစားနေ ရပါသည့် ဝေဒနာတွေ စွန်းထင်နေပါလေသော မျက်နှာနုနုလေးကို ညင်ညင်သာသာ .. သူ့ရင်မှာ ဖေးအပ်ထားမိရပါချေ၏ ..။

ဟင်္သာ ၏ ရှိုက်သံသဲ့သဲ့လေးကိုတော့ သူ ကြားနေရဆဲပါ ..။



www.burmeseclassic.com

www.burmeseclassic.com



မင်းဘဝမှာလေ ...

နှလုံးသား သေနေတဲ့လူ

မျက်ရည်ဖြိုဖြိုထက်မှာ

သွေးစက်စက်ကျရင်း

အဆိပ်ပြင်းပြင်းရဲ့ ဒဏ်

လူးလဲအောင် ခံစားလျက်

ငါ့အတွက် ဆပ်ရမည့်အကြွေး

မင်း အသက်မသေသေးသရွေ့

တမြေ့မြေ့ အရှက်သည်းစွာ

(ငါ့အား ...)

ပေးဆပ်ကာ နေရလိမ့် ...။

သြော် ...

ပေးဆပ်ကာ နေရလိမ့် ...။





## အခန်း [၁၀]

မှန်ထက်မှာ ထင်နေသော ပုံရိပ်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်ရင်းမှ မျက်ဝန်းတွေ လက်တောက်လွှန်းနေသည့် မျက်နှာလေးတစ်ခုတာကို ကျေကျေနပ်နပ်ကြီး ခံစားလိုက်ရသည်ပါပဲ ...။

"ဒီနေ့ကို ငါ စောင့်နေတာ .. အခု .. မကြာမတင်မှာ ငါ ပိုင်ဆိုင်ရတော့မယ် .. သူ့ ဟိုတယ်ကနေပြီး ထွက်လာတာကို ငါ .. စာကြည့်ခန်းက စောင့်ကြည့်နေခဲ့တာပဲလေ .."

ဟုတ်သည် ...၊ စာကြည့်ခန်း၏ ပြတင်းဆီမှ တိတ်ဆိတ်စွာ စောင့်ငေးရပ်ကြည့်နေသည့်အချိန်တွေသည် ဤမနက်ဦးကသည်းက ဖြစ်ပါ၏။

အဖြူရောင် စပို့ရှပ်အင်္ကျီ ...၊ ပုဆိုးနီညိုရောင်လေးဖြင့် သတိုးနေခတယ်၏ ဝင်းတံခါးကို ဖြတ်ကျော်၍ လမ်းမဘက်ကို လျှောက်လာတာကိုလည်း အရသာခံ၍ တစိမ့်စိမ့်ပြုံး၍ ကြည့်ခဲ့သည်ပါလေ ...။

ခု .. ရွှေအိမ့် အခန်းထဲကို ပြန်ရောက်လာပြီ ...၊ မှန်ထက်မှာ ထင်နေသည့် ပုံရိပ်ကိုလည်း ကျေနပ်အားရ ကြည့်နေမိရပြီ။ အဘယ်မှာ ...ဦးသော်မှု ကျန်နေလို့လဲလေ ...။



www.burmeseclassic.com

ဘာဆိုဘာမျှ ဟသ်ာ ၏ ကြွင်းကျန်သောဟန်တွေ မရှိ ..။ မျက်နှ လေးလည်း မဖြစ်နေ ..။ မာနမျက်ဝန်းတွေဖြင့် လက်တောက်နေသည် ရွှေအိမ်သူ ဖြစ်နေရပြီ။ ဆံပင်ကို ခပ်မြင့်မြင့်ချည်ထားသည်။ အပြာ ရောင် ပိုးသားလက်ရှည်အင်္ကျီလေးမှာ အလှဆင်ကျောက်လေးတွေဖြ သဇင်ခက်နှယ် ထိုးထားပါ၏။ နှင်းဆီပွင့် ဖြူဖြူတွေနှယ် ထိုးထား သည့် ပုလဲလုံးငယ်လေးတွေက ထဘီမှာ မောက်ကြွားနေပါသည် အဖြစ် ..။

စိန်လည်ဆွဲနှင့် စိန်လက်ကောက်သည် အသားတကျကြီးရှိနေကာ အရမ်းကို ချမ်းသာသည့် အလွှာတစ်ခု၏ သင်္ကေတတစ်ခုအဖြစ် ဝတ် ဆင်ထားလျက်သား ရှိနေကာ .. စိန်လက်ကောက်တွေ ဘယ်လက်မှ လေးကွင်းမျှ ဆင့်စီ၍ ဝတ်ထားလျက် ..။ စိန်စီလက်ပတ်ရွှေကြိုးဖြင့် ရွှေနာရီလေးက ညာလက်မှာ တဖိတ်လဲ့လဲ့ ရှိနေသည်။

အပွင့်ကြီး စိန်နားကပ်သည် စိန်သေးလေးတွေဖြင့် ကြာပွင့် ရံထားရာ၏ အလယ်မှာ ရှိနေတာမို့ .. မြင်နေရသည်ကိုက .. မဟာဆ နေသည်။ နန်းဆန်နေသည်။ အပွင့်ကြီး စိန်လက်စွပ်ကို လက်တစ်ဖ မှာ တစ်ကွင်းစီ လက်သူကြွယ်၌ ဝတ်ထားကာ .. သုံးတန်းသွား စိ လက်စွပ်ကလည်း လက်ခလယ်မှာ ရှိချေ၏။

ဆံကျစ်လေးနှစ်ဖက် ကျစ်ထားကာ အဝတ်နွမ်းနွမ်းဖတ်ဖတ်လေ တွေကို ဝတ်ထားရာ ဟသ်ာ ဆိုတာ မရှိတော့ပြီ ..။ ရွှေအိမ်သူ ဆိုသည် ထက်မြက်သော မိန်းမတစ်ယောက်သည် ဗစ်တိုးရီးယား၏ အရှင်သခ အဖြစ် ဤနေ့မှာ ရပ်တည်နေချေပြီတည့် ..။

တရုတ်ပွင့်ရိုက် အင်္ကျီလေးတွေချုပ်ကာ ဟောင်းနွမ်း အရော လွင့်အောင် အထပ်ထပ် အကြိမ်ကြိမ် လျှော်ပစ်သည်မှ ဆပ်ပြာရည် အကြာကြီး စိတ်ထားတာတွေဘာတွေပင် လုပ်ခဲ့ပြီးမှ လျှော်တာမို့ .. အဝတ်တွေက သစ်လွင်လွင် မရှိခဲ့ရ ..။





ဤသည်က .. ရွှေအိမ်သူ ၏အစီအစဉ်တွေပဲ ဖြစ်ခဲ့ရသည်ပါပဲ..။

"ရှင်ဟာ ထက်မြက်တဲ့ ယောကျ်ားတစ်ယောက်အဖြစ် .. ကျွန်မ မှာ မာနတလှူလှူနဲ့ ရပ်နေခွင့် မရှိဘူးဆိုတာ မကြာခင် သိရတော့မှာ ကိုသတိုးနေခ .. ထက်မြက်တဲ့ မိန်းမတစ်ယောက်ရဲ့ မာနကို ရှင် တွက်လွန်းခဲ့တာကိုး .."

ဗစ်တိုးရီးယားမှာ အစေအပါးအဖြစ် မိဟသ်ာ ဆိုသည့် ကောင်မ လေးတစ်ယောက်၏ သနားစဖွယ်ဟန်လေးတွေကို သတိုးနေခ မြင် တွေ့ရမည် ..၊ သနားစေရမည် ..။

သတိုးနေခ ရောက်လာလျှင် .. ဘယ်နေ့ ရောက်လာလာ ..။ ဘယ် ဟသ်ာ ကို အသုံးအတာမရှိ နေပြရမည်ဆိုတာကအခ မမထူး ကို င်ပေးခဲ့တာက အားလုံး အသားတကျ ရှိနေသည်ပဲလေ ..။

"ယုန်လေး လွတ်တယ်ဆိုတာ ဖြစ်အောင် ငါ တမင်လုပ်ခဲ့တာ.. ကို ဘရိတ်ဖတ်(စ်) စားဖို့ မမထူး ကို ဖုန်းနဲ့ ဖိတ်နိုင်းတယ် .. သူ ရင် ဘာတွေ ဆက်လုပ်ရမယ်ဆိုတာ .. ဘဘညို နဲ့ ဒေါ်ကြီးစာန လည်း ငါ သင်ပေးလိုက်တယ် .. ဒါကြောင့် .. ဘဘညို က ခင်ပြည့်စုံ ရဲ့အဖေ ဦးမျိုးသက် အဖြစ် .. ဘုရားကို ကားမောင်းထွက်သွားဖို့ နေတဲ့သူ .. ဒေါ်ကြီးစာန က ဘေးက လိုက်သွားမယ့် ဒေါ်ခင်ထား အဖြစ် ရှိရရင်း .. ငါက .. ရွှေလွှန်း ကို ထည့်ထားတဲ့ င်းလေး ကား နောက်ခန်းမှာ သွားထားခဲ့တာပဲလေ .. ရွှေလွှန်း ပျောက်သွားပြီ .. ဆိုတာ ငါ ဟန်ကောင်းကောင်းနဲ့ သရုပ်ဆောင်လိုက်သမျှ .. သူ .. အရည်ပျော်ကျပြီး ...ငါ့ကို သနားနေလိုက်တာလေ .. နေပူထဲ ရွှေလွှန်း ကို သွားရှာရတဲ့ ဟသ်ာ ဆိုတာမျိုး အချိုးဖမ်းပြီး .. ဘဘညို တို့ကို ငါ စောင့်နိုင်းထားတဲ့ .. ဟိုဘက်ကလမ်းထောင့်ကို .. သွား .. အကြာ ကြီး ကားထဲမှာနေ .. ဗစ်တိုးရီးယားကို ပြန်တော့မယ်ဆိုခါမှ .. နေပူထဲ ဘမင် ဟိုလျှောက်သည်လျှောက်လုပ်ပြီး မျက်နှာလေး နီလာအောင် ..

www.burmeseclassic.com



ရွှေးတွေ ထွက်နေအောင် ငါ လုပ်ခဲ့တာပဲ .. ပြီးတော့ .. ဗစ်တိုးရီးယားကို ကားနဲ့ ပြန်ပါလာတဲ့ ဟသ်ာ အဖြစ် ငါ ပြန်ရောက်ခဲ့ရတာပဲလေ- သူက .. ငါ့ကို သနားနေတာမှ သိသာနေသမို .. သူ့မျက်လုံးတွေ မြင်ရုံနဲ့ သိနေရစေတာပါပဲ .."

ကျေနပ်လိုက်သည်မှလေ ..၊ ခု တွေး .. ခု ပျော်လိုက်ရ ..။ ကျေနပ်လိုက်ရ ..။ အနိုင်ရလိုက်သူတစ်ယောက်၏ ခံစားချက်သည် နှလုံးအိမ်ဆီသို့ တွန်းပို့နေသည့်အဖြစ် ..။

မေ့လဲ ဟန်ဆောင်ခဲ့စဉ်ကလည်း အဘယ်မျှထိ သတိုးနေခ ပူပန်သလဲ ဖြစ်ခဲ့ပါသလဲ ..။ ပြန်လာလျှင် မေ့လဲဟန် ဆောင်မည်။ မမထူးက မညှာမတာ ဘယ်လိုပြော ..၊ ဘယ်လို မုန့်ကို ကျွေး ..၊ ရေပင် မတိုက်ပဲ ဘယ်လိုနေ.. ဆိုတာကအစ ထိုနေ့မနက်ကတည်းက သေချာ ရွှေအိမ်သူ သင်ပေးသမျှ အားလုံးက လိုက်မှတ်ကြရသည်ပါပဲ ..။

ဘယ်အချိန်ကျတော့မှ ဒေါ်ကြီးစာန အောက်ထပ်ပြန်ဆင်းလာမည်ဆိုတာတွေပါ သင်ပေးထားတာမို့ .. အားလုံး အသားတကျ ဖြစ်တည်ခဲ့ရသည်ချည်း ..။

ခုလည်း .. ဟသ်ာ ၏အမေ ဆုံးသည့်ဇာတ်ကို ခင်းနိုင်ခဲ့ရသည်က မနေ့က ဖြစ်ခဲ့ပြီ ..။ သတိုးနေခ က .. ထိုနေ့မှာ ဟိုတယ်မှာ မနက်စာ အားလုံးကို ကျွေးဖို့ လာခေါ်မည်ဆိုသည်ကိုးလေ ..။ အချိန် သိပ်မဆိုင်းချင်။ မဆိုင်းနိုင် ..။ အမြန်ဆုံး အားလုံးကို အောင်နိုင်ခြင်းတွေဖြင့် ရွှေအိမ်သူ အဆုံးသတ်လိုက်ချင်နေတာမို့.. အခွင့်အရေးက သတိုးနေခဘက်မှ ခင်းလာချိန်မှာ အားလုံး ဆက်တိုက်.. မမထူး ကို ဘယ်လိုနေ- ဘယ်လိုပြော .. ဆိုတာတွေ မနေ့မနက်မှာလည်း သင်ပေး ..။

အရင်ညကလည်း သင်ပေးနှင့် ပိပိရိရိဖြစ်အောင် လုပ်နိုင်ခဲ့တာမို့- သတိုးနေခ ဆိုသည့်လူ ..၊ ရွှေအိမ်သူ ရှိရာ ပိတောက်ပင်အောက်သို့ ရောက်လာခဲ့ရသည် မဟုတ်ပါလား ..။





"ဘဘညို နဲ့ ဒေါ်ကြီးစာန တို့ကလည်း မမထူး နားမှာ မနေ့နက်က ဧည့်ခန်းမှာ ရှိနေရင်း .. ဝင်ဝင်ပြောပေးတာတွေက ငါ ခိုင်းသလို အားလုံး ဖြစ်ခဲ့ရတာမို့ .. သူက .. တကယ့်ကိုပဲ .. ငါ့အမေအိုကြီးဆုံးပြီး မကြာခင် အိမ်ထောင်ချခဲ့ရတော့မယ့် တောသူမ ဲဟသ်ာ ဆိုတာကို သနားစိတ်နဲ့.. ရောက်ချလာရတော့တာပါလား..၊ ငါ .. ငါကလည်း.. တကယ့်ကို .. အမိမဲ့သမီးအဖြစ် အစကတည်းက ရှိနေတာဆိုတော့.. အမေ့ကို လွမ်းတလိုက်တဲ့ စိတ်တစ်ခု ရင်းလိုက်တာနဲ့ .. မျက်ရည်က ပြိုကျလာနိုင်တာလေ .."

ရွှေအိမ်သူ တစ်ချက် ငိုင်ခနဲ ဖြစ်သည်။ မေမေ ဤအဖြစ်တွေ သိလျှင် ဘာတွေများ ပြောချေမည်မသိ။ ခုလို .. အသားတကျ ဗယားချ၍ လုပ်တာကို မေမေ နှစ်သက်နိုင်ပါမည်လား ..၊ ဖေဖေ သိလျှင်တော့ ဘာများ ဆူချေမည်လား မသိ ..၊ လောလောဆယ်မှာတော့ ဖေဖေသည်လည်း ရွှေအိမ့် အကြံတွေကို မသိသေး ..။

ဘဘညို နှင့် ဒေါ်ကြီးစာန တို့ခမျာလည်း သူဌေး ဦးမျိုးသက်နှင့် သူဌေးကတော် ဒေါ်ခင်ထား လုပ်ဆို၍သာ လုပ်ပေးနေကြရသည်။ ရွှေအိမ်သူ ၏ ဦးတည်ရာပန်းတိုင်သည် ဘာဆိုတာ မသိကြရှာ ..၊ မမထူး ခမျာမှာလည်း ရွှေအိမ် ခိုင်းသမျှ လိုက်လုပ်ပေးရှာသည်ပါပဲ..။

ဤသည်ကလည်း .. ရွှေအိမ့် ကိုဆို .. အစကတည်းက .. ရွှေအိမ် ဘာဖြစ်ချင်ချင် .. အမြဲ အလိုလိုက်၍ လုပ်ပေးနေကျ ဖြစ်ပါသည့် ဘဘညို နှင့် ဒေါ်ကြီးစာန ..၊ မမထူး တို့၏ အသားကျ ခေါက်ရိုးကျိုးနေပြီဖြစ်သည့်စိတ်ကြောင့်ပါ ..။ ဒါပေမယ့် .. ခုလို .. ရွှေအိမ် လုပ်ခဲ့ခြင်း.. လုပ်ရခြင်းတွေသည်.. အကြောင်းမဲ့သက်သက်ကြောင့် မဟုတ် ဆိုတာလောက်ကိုတော့ သဘောပေါက်ထားကြသည်ပါပဲ ..၊

သတိုးနေခ နှင့် ရွှေအိမ်သူ တို့၏ ပိတောက်မြိုင်နှင့် မြရတနာပ အိမ်ကြီးဆီမှ ခံပြင်းဖွယ်အဖြစ်တွေကိုတော့ မသိကြရှာ ..။



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိမ် ကလည်း မပြောပြပါ ..၊ ရွှေအိမ့် ကို လက်မထပ်နိုင်ပါ လူတစ်ယောက်က ပြောထွက်သည့်ကိစ္စ .. ဘယ့်နှယ်လုပ်၍ အသိ နိုင်ပါ့မည်တဲ့လဲလေ ..။ ရွှေအိမ့် မာနကို တိုက်ရိုက် ချိုးဖွဲ့ပစ်သ လူတစ်ယောက်အကြောင်းကို ရွှေအိမ် ဘယ်သူ့ဘယ်သူကိုမှ မပြေ သည့်နှယ် .. ဖေဖေကလည်း မပြောပြခဲ့သည်မို့ .. သတိုးနေခ ဘာကြောင့် ခုလို .. ဟသ်ာ အဖြစ် နေပြနေတာကို တိတိပပတော့ ဘဘညို ရော .. ဒေါ်ကြီးစာန နှင့် မမထူး တို့ရော .. မသိနိုင်ကြသေ ဖြစ်နေကြဆဲ..။

ကြီးမားသော အကြောင်းကြီးတစ်ခုကို အရင်းခံ၍ ခုလို .. လုပ် ခြင်းဆိုတာလောက်ကိုတော့ သဘောပေါက်ထားကြကာ .. ရွှေ စိတ်ချမ်းသာ ကျေနပ်အောင် အားလုံး လိုက်လုပ်ပေးကြရသည် ဘဘညို တို့ သုံးယောက်ပါတည့် ..။

ထွက်ဟဲ့ဆို၍သာ ဓာတ်ထွက် ကကြရလျက်..၊ ဘာဓာတ် နေကြရမှန်း မသိသည့်သူတွေ ဖြစ်ကုန်ကြရသည်ကလည်း မ တို့တစ်တွေပါတည့် ..။

ထိုစဉ်ခိုက် ခြံတံခါးဆီမှ လူခေါ်ခေါင်းလောင်း နှိပ်လိုက်သံ လာတာမို့ ရွှေအိမ် ခပ်မဲ့မဲ့ ပြုံးသည်။ မကြာမီမှာ .. ဆပ်ရမည့်အ တွေကို ရွှေအိမ့် ခြေရင်းမှာ ရင်နှင့် ရင်းကာ ပုံအော၍ ချပေးရ ဆပ် ရတော့မည့်သူတစ်ယောက်သည် ဗစ်တိုးရီးယား၏ ခြံဝင်းတံခါး ကိုယ့်ခြေလှမ်းနှင့်ကိုယ် ရောက်လာချေပြီတကား ..။

ဤနေ့မှာတော့ မမထူး ကိုယ်တိုင်ပဲ လှပသော အဝတ်အစား ဖြင့် ဗစ်တိုးရီးယား၏အရှင်သခင် ခင်ပြည့်စုံသာ အဖြစ် သွား၍ တံ ဖွင့်ပေးလိမ့်မည်။ မမထူး တံခါးသွားဖွင့်ပေးဖို့လည်း ရွှေအိမ် မှာ သည်လေ ..။

"ဗစ်တိုးရီးယား ရဲ့ အရှင်သခင် ခင်ပြည့်စုံသာ ဆိုတာကိုလည်





ဒီနေ့မှာ .. ခြံတံခါးဝမှာ ရပ်ရင်း နောက်ဆုံးကြည့်ရခြင်းပါပဲ ကိုသတိုးနေခ .."

အံခဲထားရင်း ရွှေအိမ်သူ တွေးသည်။ ခြေလှမ်းမှန်မှန်ဖြင့် အခန်းတွင်းမှ ထွက်သည်။ အပေါ်ထပ်ဆီမှ အောက်ထပ်သို့ ဆင်းသည့်လှေကားထိပ်နှင့် မလှမ်းလင့်မှာ ရှိသော ထောင့်ချိုးကွေ့နေရာမှာ ရွှေအိမ် ငြိမ်သက်စွာ ရပ်လိုက်ရပါပြီ။ မကြာမီ သတိုးနေခ ဧည့်ခန်းသို့ ရောက်လာပေလိမ့်မည်။ ဘာတွေ ပြောဆိုမည်ဆိုတာကို တိတ်တဆိတ် နားထောင်နေသည့် ရွှေအိမ်သူ ၏ စောင့်မျှော်ရာအချိန်လေးသည်လည်း မကြာခလင့်မီမှာ ရောက်ရှိလာပေတော့မည်။

ထောင့်ချိုးနေရာလေးမှာ ရွှေအိမ်သူ ကိုယ်လေးကွယ်၍ ရပ်နေဆဲ ..၊

"ထိုင်ပါ အစ်ကို .."

"အန်ကယ်နဲ့ အန်တီလည်း ဒီမှာ ရှိနေကြတာကိုး .."

ရွှေအိမ် အသာလေး ခေါင်းလေးပြူ၍ ချောင်းကြည့်မိရပါ၏။ သတိုးနေခ ၏ မျက်နှာက ချိုသာ ကြည်စင်နေသည်၊ ဘဘညို နှင့် ဒေါ်ကြီးစာန တို့ကို ဤနေ့မနက်မှာ ဧည့်ခန်းမှာ အဆင်သင့် ထိုင်နေကြဖို့ ရွှေအိမ် မှာထားတာကို သတိုးနေခ မှ မသိချေသည်ပဲလေ ..။

ခုလို .. သတင်းစာဖတ်ရင်း ရှိနေသည့် ဘဘညို နှင့် တရားစာအုပ်ဖတ်နေသည့် ဒေါ်ကြီးစာန တို့ကို ဦးမျိုးသက် နှင့် ဒေါ်ခင်ထား အဖြစ် တရိုတသေထား၍ သတိုးနေခ ပြောနေတာ မြင်ရသည်။ သေချာကြည့်လျှင် ဘဘညို နည်းနည်းနေရခက်နေတာ ရွှေအိမ် သိနေသည်။ ဟန်ကြီးပန်ကြီးနှင့် သူ့ဌေးလုပ်နေရသည်ကိုးလေ ..။

"ဟသ်ာ ရော .."

ရောက်တာနှင့် ချက်ချင်းကြီး မေးလာတာ ကြားလိုက်ရတော့လည်း ထောင့်ကွယ်လေးဆီမှ ခိုး၍ ကြည့်နေမိသည့်အကြည့်သည် ဝေ



www.burmeseclassic.com

www.burmeseclassic.com



ချက်တော့ ငေးခနဲ ဖြစ်၏။ ခုလိုကျတော့လည်း မာနတွေ တထော
ထောင်ဖြင့် မောက်ကြွားပါသည့် သတိုးနေခ ဆိုတာ ဖြစ်မနေပဲ .. မျ
နှာသည် အေးချမ်းကြည်စင်နေချသည်တကား ..။

ဟသ်ာ ဆိုသည့် ကောင်မလေးတစ်ယောက်ကို လက်ထပ်ရဲသည
အထိ ချစ်မြတ်နိုးနေသည့် သတိုးနေခ ဖြစ်နေသည်။ ချစ်ခြင်းတွေဖြ
သိမ်မွေ့သော ..၊ အရာရာကို ပြတ်သားစွာ ဆုံးဖြတ်ပြီးနေသည့် လူတ
ယောက်၏ မျက်နှာမျိုးလည်း ဖြစ်နေသည်။

ရိုးသားခြင်း ..၊ ဟုတ်သည် .. ရိုးသားဖြူစင်ခြင်းတွေကို လော
လောဆယ်မှာ သတိုးနေခ ၏ မျက်နှာထက်မှာ မြင်နေရပါ၏။ ဟ
ဆောင်ခြင်း၏ အငွေ့အသက်တွေ ကင်းနေသည့် လူတစ်ယောက် -
ချမ်းသာမာနတွေ ပျောက်ကွယ်နေသည့် လူတစ်ယောက် ..။ ဂုဏ်
မောက်နေသည့် ခေါင်းမာမာလူတစ်ယောက် ဖြစ်မနေခြင်းသည် -
သတိုးနေခ အသစ်တစ်ယောက်ကို တွေ့နေရသည့်နှယ် ရှိ၏။

ထိုသူသည် တစ်ချိန်က ရွှေအိမ်သူ ကို မာနတွေတလူလူတက်ရင်း
မညှာမထောက် ငြင်းပြရဲခဲ့သည့် လူတစ်ယောက်ဆိုတာ မယုံနိုင်အောင်
အရမ်းကို ပြောင်းလဲနေပြီ။ နူးညံ့သိမ်မွေ့သော နက်ရှိုင်းခိုင်ကြည်သော
ချစ်ခြင်းတွေဖြင့် နူးညံ့နေသော မျက်နှာတစ်ခု ဖြစ်နေသည်။

"မိဟသ်ာ အပေါ်ထပ်မှာ ရှိနေလေရဲ့ .."

အေးစက်စက်လေသံဖြင့် မမထူး ဖြေသည်။ ရွှေအိမ်သူ နောက်သို့
ကိုယ်လေး အမြန်ရှိလိုက်ရပါပြီ။ သတိုးနေခ အပေါ်ထပ်ဆီသို့ တ
ချက်လောက်တော့ မော့ခနဲ ကြည့်လာချေမည်သာ ..။ ရွှေအိမ်သူ ခေါင်း
လေး ပြူချောင်းနေတာ မြင်၍ မဖြစ် ..။

"ကျွန်တော် .. အန်ကယ်နဲ့ အန်တီကိုရော .. ဒီက မခင်ပြည့်စုံသာ
ကိုရော .. ခွင့်ပန်ပါရစေ .. မနေ့က .. မခင်ပြည့်စုံသာ က ပြောတယ်
လေ .. ဟသ်ာ ကို တာဝန်ယူရမှာ တာဝန်ကြီးတယ်ဆိုတာမျိုး .. လူ





တစ်ယောက်နဲ့ နေရာချပေးမယ်ဆိုတာတွေ .. အဲဒါ .. ကျွန်တော် ..
တစ်ခု .. ခွင့်ပန်ချင်ပါတယ် .. ကျွန်တော် .. ဟသ်ာ ကို လက်ထပ်ပါရ
စေ .. ဟသ်ာ ဟာ ကျွန်တော့်အရိပ်မှာ လုံခြုံအေးချမ်းစွာ နေရပါစေ့မယ်
ဆိုတာ ကတိသစ္စာ ပေးပါတယ် .. တရားရုံးမှာ လက်ထပ်ပါ့မယ် ..
ဒိုးထက်နေဟိုတယ်မှာလည်း မင်္ဂလာပွဲကို မင်္ဂလာခန်းဆောင်ကြီးမှာ
ကျင်းပပါ့မယ် .. အန်ကယ်နဲ့ အန်တီဟာ ဟသ်ာ ရဲ့ မိဘများလို ဖြစ်နေ
သလို .. မခင်ပြည့်စုံသာ ကလည်း အစ်မလိုဖြစ်နေတာမို့ .. ကျွန်တော်
ခွင့်ပန်ရတာပါ .."

ဟု ပြောလာတော့ အားလုံး မျက်နှာတွေ အမ်းခနဲ ဖြစ်ကုန်ကြတာ
ကို နောက်တစ်ကျော့ ခေါင်းလေးပြူ၍ ချောင်းကြည့်နေပါသည့်
ရွှေအိမ်သူ မြင်လိုက်ရပါပြီ။ ဤနေ့မှာ သတိုးနေခ မှ ဟသ်ာ ကို
လက်ထပ်ခွင့် လာတောင်းလိမ့်မည်ဆိုတာကိုတော့ ဘယ်သူ့ဘယ်သူကို
မှ ရွှေအိမ် မပြောပြခဲ့ ..၊ မသိစေခဲ့ ..။

သတိုးနေခ ရောက်လာလျှင်သာ မမထူး က ခြံဝင်းဘုံခါး သွားဖွင့်
ပေးဖို့ ..၊ ဘဘနှင့် ဒေါ်ကြီးတို့က ဧည့်ခန်းမှာ ရှိနေဖို့ .. ဒါတွေကိုပဲ
မှာထားခဲ့ခြင်းပါ ..။ ခုလို .. မထင်မှတ်သည့် စကားကို သတိုးနေခ
ဆီမှ ကြားလိုက်ရတော့ မှင်တက်ငြိမ်ကျသွားကြခြင်းသည် ဘယ်သူကမှ
သင်ပေးထားစရာ မလိုဘဲ .. ဇာတ်တိုက်ထားစရာ မလိုဘဲ သေသေ
သပ်သပ်ကြီး လက်တွေ့မှာ ဖြစ်သွားတာမို့ .. ရွှေအိမ်သူ ရင်ထဲ ကျေနပ်
သွားရပါပြီ ..။

ရွှေအိမ်သူ အသက်ကို ပြင်းပြင်းရှူသည်။ မကြာမဘင်မှာ သတိုး
နေခ သည် မာကျောနာကြည်းစွာ စိမ်းသောအကြည့်တွေဖြင့် ကြည့်ရင်း
ပြောချလာချေတော့မည့် မိန်းမတစ်ယောက်ဆီမှ စကားသံတွေကို
ရင်ဆိုင်တိုးရပေတော့မည် တကား ..။

ရွှေအိမ်သူ အပေါ်ထပ်ဆီမှ ဆင်းလာရပါပြီ ..၊



www.burmeseclassic.com

www.burmeseclassic.com



မမထူး နှင့် ဘဘညို တို့အားလုံး လှေကားဘက်ကို မော့ကြည့် လာကြတာမို့ သတိုးနေခ လည်း လိုက်ကြည့်လာသည်။ ရွှေအိမ့် မြင်တော့ မယုံနိုင်သလို ခပ်ငေးငေး ကြည့်နေ၏။ နားမလည်နိုင်သ လည်း ဖြစ်နေသည်။ ရုတ်တရက် မြင်လိုက်ရသည့် မြင်ကွင်းကို အမှ မြင်နေရသည်ဟု မယုံနိုင်သည့်နှယ်လည်း ဖြစ်နေသည်။

ရွှေအိမ်သူ ကတော့ လှေကားလက်ရန်းကို လက်တင်၍ ကိုယ် မတ်ကာ ဟန်ထယ်သော မိန်းမသားတစ်ယောက်အဖြစ် မဟာဆန်ဆ ကြီး ဆင်းချလာခြင်း ...။ သူကလည်း မျက်တောင်မခတ် ကြည့်နေဆဲ

"ဟာသာ .."

သူ့နှုတ်ဆီမှ ရုတ်ခနဲ ပွင့်ကျလာသံက တအံ့တသြဆန်နေသည် မျက်တောင်မခတ် စိုက်ငေးကြည့်နေရာမှ .. ချက်ချင်း မမထူး နှ ဘဘညို တို့ကိုပါ တစ်ယောက်ချင်း လိုက်ကြည့်နေမိသမျှကိုလည် ရွှေအိမ် အရသာခံ၍ တစိမ့်စိမ့် ကြည့်ရင်း လှေကားဆီမှ ဆင်းလာ ရဆဲ ...။

ရွှေအိမ်သူ တောက်လျှောက် သွားလိုက်သည်က ညှော်ခန်းနံရံ ပိုးသားအဖြူစဖြင့် ဖုံးအုပ်ထားသော ပန်းချီကားကြီးရှိရာသို့ပါ ...။ ဥ ပန်းချီကားကို မနေ့ညကမှ ချိတ်ထားခြင်း ...၊ ပိုးဖြူစဖြင့် အုပ်ဖုံးထာ ခြင်းပါတည့် ...။

သူကလည်း တကောက်ကောက်မျှ ရွှေအိမ် ၏ လှုပ်ရှားမှုတိုင်း လိုက်ကြည့်နေသည်။ ဘာကို နားလည်ပေးရမှန်း မသိအောင် စိတ် တွေးနေသည့် ခံစားချက်တွေက သူ့မျက်နှာထက်မှာ စွန်းထင်းထင်

ရွှေအိမ် ၏ ပျောင်းနွဲ့နူးညံ့သော လက်ချောင်းလေးတွေက ပန် ကားကို အုပ်မိုးထားရာမှာ ထိန်းသည့်ကြိုးမျှင် ပိုးကြိုးကို ဆွဲလိုက်သော ပိတ်ဖြူစသည် လျှောခနဲ ကြိုးအတိုင်း ပါလာကာ ရွှေအိမ် ၏ လ ဝယ် သက်ဆင်းချေ၏။





ပန်းချီကားထဲမှာ ရွှေအိမ် သည် ယခု ဝတ်ဆင်ထားသော အဝတ် အဆင်အသွေး အပြင်အဆင်အတိုင်း .. မဟာဆန်ဆန် .. နန်းဆန်ကျော့ စင်စွာ ရှိနေ၏။ အထူးသဖြင့် မာနတို့ဖြင့် လက်တောက်နေသော မျက် ဝန်းများသည်လည်း တစ်ထပ်တည်း ဖြစ်နေသည်။

သူ .. ခြေလှမ်းကြဲကြီးဖြင့် ရွှေအိမ့် ထံ လျှောက်လာကာ ...

"ဒါ .. ဒါ .. ဘာတွေလဲ ဟသာ .. ဟင် .. ဘာတွေလဲ .."

ဟု မေးတော့ နှုတ်ခမ်းလေးတွေ လှပစွာ ပြုံးလိုက်ရင်းမှ ပန်းချီ ကားကြီးကို မော့ကြည့်ပြလိုက်သည်က ရွှေအိမ်သူ ပါ ...။

"ဒီပန်းချီကားကြီးကို .. ကြိုတင်ပြီး ဆွဲထားတာပါ ကိုသတိုး နေခ .. ဒီ ဗစ်တိုးရီးယားကို မရောက်သေးခင် .. အို .. ရန်ကုန်က အိမ်ကြီးမှာကတည်းက .. ဆွဲခဲ့တာပေါ့ ...၊ ကျွန်မကိုယ်တိုင် ဆွဲခဲ့တာ လေ .. ဒီအဝတ်အစားတွေနဲ့ မာတ်ပုံအရင်ရိုက် .. အဲဒီပုံတူကို ဆွဲခဲ့တာ လေ .."

ဟု တည်ငြိမ်စွာ ပြောချကာ မလွတ်တမ်း မော့၍ စိုက်ကြည့်မိရ သည်က ရွှေအိမ် ပါ။ မလွတ်စေရ ...၊ အံ့သြမှုတွေ ...၊ နားမလည်နိုင် ခြင်းတွေ ...။ မယုံကြည်တတ်တော့ခြင်းတွေဖြင့် ခံစားရသမျှတွေ ဖြတ် စီးသွားနေကြမည့် သတိုးနေခ ဆိုသူတစ်ယောက်၏ မျက်နှာထက်မှာ ဖြစ်တည်လာမည့် အရိပ်များကို တစ်ခုမှ မလွတ်စေရ ...။ အောင်နိုင်သော ခံစားချက်တွေဖြင့် တစိမ့်စိမ့် အရသာခံ၍ တစ်သက်တာအတွက်လည်း ရင်မှာ သိမ်းထားနိုင်ဖို့အတွက် ကြည့်ကို ကြည့်နေရချေမည့်တည် ...။

"မာနကို ထိတဲ့လူတစ်ယောက်ရဲ့ ရင်ထဲက [illegible]တဲ့ အဆိပ် ဟာ အလွန်ပြင်းထန်တယ် ကိုသတိုးနေခ .. အလွန် [illegible] အဲဒီ လူတစ်ယောက်ရဲ့ဘဝကို ကြွေမွ ပျက်ပြုန်းအောင် အပိုင်းပိုင်းအစစ ရိုက်ချိုးပစ်နိုင်လောက်အောင် ကြီးမားတဲ့အင်အားကို ဖြစ်တည်စေတာ ကလည်း အဲဒီ ပြင်းတဲ့အဆိပ်ကြောင့်ပါပဲ .. အဲဒီအဆိပ်ကို မြားထိပ်ဖူး



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆွတ်လူးပြီး ပစ်လွှတ်ဖို့ ဆုံးဖြတ်တာဟာလည်း ကျွန်မဘဝမှာ တစ်ခါဆိုမှ တစ်ခါပဲ ဖြစ်ခဲ့ဖူးတာပါ .. အဲဒီ မြားဆိပ်သင့်ရမယ့်လူဟာ ရှင်ပါပဲ သတိုးနေခ .."

"မင်း!... မင်း .. ဘာပြောနေတာလဲ ဟသာ .. ဘာကြောင့် ခုလို မင်း လုပ်ရတာလဲ .."

သူ နားမလည်နိုင် ..၊ မိန်းမတစ်ယောက်၏ အကွက်ကျကျ စနစ်တကျ ဖန်တီးသော ဇာတ်တစ်ခုမှာ ကနေရသည်ဆိုတာ လောလောဆယ်မှာ နားလည်ပေးလိုက်ရမှာ ခက်ခဲလွန်းနေသည့် ခံစားချက်တွေ စွန်းထင်းနေသော မျက်နှာကို အရသာခံ၍ မလွတ်စတမ်း ကြည့်နေသည်က ရွှေအိမ်သူ ပါ ..။

"ကျွန်မ .. ဒီပန်းချီကားကြီးကို ချိတ်တဲ့အခါမှာ .. အစက ရှိနေတဲ့ .. ခင်ပြည့်စုံသာ ဆိုတဲ့ သူတစ်ယောက်ရဲ့ ပုံတူပန်းချီကားကြီးကို ဖြုတ်ပြီးတော့မှ ချိတ်တာပါ .. ဘာလို့လဲဆိုတော့ .. ဒီ ဗစ်တိုးရီးယားကို တကယ်ပိုင်ဆိုင်တဲ့သူတစ်ယောက်ရဲ့ ပန်းချီကားဟာ ဒီနေရာမှာ ရှိနေတာကို .. ဒီနေ့မှာ .. ရှင် မြင်ဖို့အတွက် ဆိုပါတော့ ..၊ ကျွန်မ ရှင့်ကို လက်မထပ်နိုင်ပါဘူးလို့ ပြောလည်း ပြောလိုက်ချင်တာကို အဲဒီလို ရှင့်ရှေ့မှာ ရပ်ပြီး ရှင့်မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောတဲ့ မိန်းမဟာ .. ဒီဗစ်တိုးရီးယားကို ပိုင်ဆိုင်တဲ့ .. ရွှေအိမ်သူ .. ဆိုတာကိုပါ တစ်ပါတည်း သိလိုက်စေချင်ပါတယ် .."

ဟု ဆက်တိုက်ပြောချလိုက်စဉ်မှာ သူ့မျက်နှာထက်တွင် အံ့သြရိုးထင်၏။ နားမလည်နိုင်သေးပဲ ဖြစ်နေဆဲ အကြည့်တွေဖြင့် ရွှေအိမ်သူကို တစ်ချက် ငေးစိုက်ကြည့်နေသည်။

အလှပဆုံးသော အပြုံးတစ်ခုကို လတ်လတ်ဆတ်ဆတ် ပြုံးပြလိုက်သည်က ရွှေအိမ်သူ ..။ ဟုတ်သည် ..၊ ဤအပြုံးသည် အောင်နိုင်သူတစ်ယောက်၏ အပြုံးအဖြစ် ရွှေအိမ်သူ ၏ရင်မှာ လက်ဆတ်စွာ တစ်





သက်လုံးရှိနေရမည့်နှယ် ..။ အရက်သည်း ကြေကွဲသော ခံစားချက်တွေကို အပ်နှင်းစေသည့် အပြုံးတစ်ခု၏ ပုံရိပ်အဖြစ်လည်း သတိုးနေခ၏ ရင်မှာ လက်ဆတ်လွန်းစွာ အမြဲရှိနေစေရမည့်အပြုံး ..။

"ရှင် .. တစ်ခါက .. ကျွန်မကို လက်မထပ်နိုင်ဘူးလို့ ငြင်းခဲ့တယ်လေ .. ရွှေအိမ်သူ ကို ရှင် ငြင်းခဲ့ပေမယ့် .. အခု .. ရှင်ဟာ .. ရွှေအိမ်သူကို လက်ထပ်ခွင့်ရဖို့ ခယယ ခွင့်ပန်နေတဲ့ သတိုးနေခ ဖြစ်ခဲ့ရပြီးပြီ.. ဟသာ ဟာ ရွှေအိမ်သူ ဖြစ်နေတယ်လေ .. ရှင့်ကို ငြင်းလိုက်တဲ့သူဟာလည်း ရွှေအိမ်သူ ဖြစ်နေတယ်ဆိုတာ ရှင့်တစ်သက်လုံးမှာ ဝန်မခံဘဲနေရလောက်အောင် လက်တွေ့ကျကျ ဒီနေ့မှာဖြစ်ခဲ့ပြီ .. ရှင့်ကို ကျွန်မ လက်ရတ်စက်စက်နိုင်ခဲ့တာ .. အောင်နိုင်ခဲ့တာ .. ရှင် ပုံပျက်ပန်းပျက် ရှုံးနိမ့်ခဲ့ရတာ .. ဒါဟာ .. ရှင် .. ကျွန်မရဲ့ မာနကို စော်ကားမော်ကား လုပ်ခဲ့လို့ပဲ သတိုးနေခ ..၊ ဒီအဖြစ်တွေကို ရှင် ဘယ်တော့မှ မမေ့နိုင်တော့မှာ မဟုတ်ဘူး .. ရှင့်မျက်ရည်ဖြူဖြူထက်မှာ သွေးစက်စက်ကျအောင်း ကျွန်မကို အရှုံးပေးနေရမယ့်ဘဝကို ရှင် တစ်သက်လုံး ရင်ဆိုင်ရမှာ .. နလုံးသားသေနေတဲ့ လူတစ်ယောက်အဖြစ် ရှင် အသက်ရှင်နေရလိမ့်မယ် .. ကျွန်မဆီက တုံ့ပြန်လိုက်တဲ့ အဆိပ်ပြင်းပြင်းရဲ့ ဒဏ်ကို ကြေလဲနေအောင် ရှင် ခံစားနေရလိမ့်မယ် .. ရှင့်အသက် မသေသေးသရွေ့မှာ .. တမြေ့မြေ့ အရက်သည်းနေတဲ့ သတိုးနေခ အဖြစ် .. ကျွန်မကို ရှင် .. ကြွေးဆပ်နေရလိမ့်မယ် ...ကျွန်မရဲ့ မာနကို ချိုးဖျံတဲ့အတွက်.. ကျွန်မ မာနတွေ ရိုက်ချိုး ကျိုးကျေရင်း ပြန်ပေးဆပ်ရမယ့်အကြွေးလေ .."

ဆက်တိုက်ပြောနေချိန်မှာ ရွှေအိမ်သူ ၏ မျက်ဝန်းတွေ ဖိတ်ဖိတ်လက်နေသည်။ မျက်ဝန်းတွေထဲမှာ ခါးသီးသော နာကြည်းမုန်းတီးခြင်းတွေ နေရာယူထားကြသည်။ အမုန်းတရားတွေ စွန်းထင်းနေသည့် မျက်နှာသည် နီမြန်းမြန်းဖြင့် ရင်တွင်းခံစားချက်၏ ပြင်းထန်မှုကို ဖော်ပြနေသည့်နှယ် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ် တစ်ချက် နောက်ဆုတ်သွားသည်။ ခေါင်းယမ်းနေသည် ..။

"မယုံဘူး .. မယုံနိုင်ဘူး .. ဒီလောက်ဖြူစင်အေးချမ်းတဲ့ ဟသာ်ာ .. ငါ့ရင်ထဲက ဟသ်ာ .. သူ ဖြစ်နေတယ်ဆိုတာ .. ငါ မယုံနိုင်ဘူး ဖြစ်နေတယ် ..၊ ငါ သိတဲ့ မိန်းကလေးဟာ .. ဟသ်ာ .. သူ .. သူ မဟုတ်ဘူး .."

ရွှေအိမ့် ကို ကြည့်ရင်း သူ့နှုတ်မှ တောက်လျှောက်ပြောနေချိန်မှာ ရွှေအိမ် စတင်၍ လှောင်ရယ် ရယ်ပြီ ..၊ ရယ်မောသံသည် ချိုသာမှု မရှိ ..။ မျက်နှာထက်မှာ အမုန်းရိပ်ပဲ ပြည့်နေသည်။

"ထက်မြက်တဲ့ မိန်းမတစ်ယောက်ကို.. ရှင် ဘယ်တော့မှ .. မာနကို သွားမထိလိုက်စမ်းပါနဲ့ ကိုသတိုးနေခ .. အခု .. ရှင် သိရပြီလေ - ထက်မြက်တဲ့ မိန်းမတစ်ယောက်ရဲ့ တုံ့ပြန်အနိုင်ယူမှုဟာ ဘယ်လောက်ထိ ရူးရောက် ပြင်းထန်တယ်ဆိုတာ ရှင် ရင်နဲ့ ရင်းပြီး ကောင်းကောင်း သိသွားရပြီ မဟုတ်လား .. ဒီနေ့ဟာ .. ကျွန်မရဲ့ .. နေ့ .. ကျွန်မ တစ်ယောက်တည်းအတွက် .. လောကကြီးက .. လက်ဆောင်ပေးတဲ့နေ့ - ရှင် .. ရှုံးတဲ့နေ့ပဲ ကိုသတိုးနေခ .."

ဟု ပြောကာ ရွှေအိမ်သူ အပေါ်ထပ်သို့ တက်သည်။ လှေကားထစ်တွေကို နင်းတက်သွားရင်း ရင်ထဲမှာ ပျော်နေသည်။ အောင်နိုင်သူတစ်ယောက်ဖြစ်ဖို့အတွက် .. ပထမဆုံး .. လက်ခံပေးခဲ့ရသည့် မာန၏ အရှုံးတစ်ခုသည် လုံးဝ ပျောက်ကွယ်သွားပြီ .. ဟု .. ကျေကျေနပ်နပ်ကြီး ခံစားဖြစ်၏။

လှေကားထိပ်ရောက်တော့မှ တစ်ချက် ကိုယ်ကို ချာခနဲ ပြန်လှည့်ကာ မေးကို မော့၍ မျက်တောင်ကိုစင်းကာ ငုံ့၍ ကြည့်ပစ်သည်က သတိုးနေခ ကိုပါ ..။ ခုထိ ဧည့်ခန်းမှာ ငြိမ်၍ တွေတွေကြီး ရပ်နေသည် သတိုးနေခ ..။





ရွှေအိမ့် ကို မော့၍ ကြည့်နေသည်။ နောက်တော့ .. နေရာမှ ချာခနဲ လှည့်၍ ခြေလှမ်းကြဲကြီးဖြင့် အရှက်သည်းစွာ ထွက်သွားတာကို မျက်တောင်မခတ် ကြည့်နေရင်းမှ တိုးသဲ့စွာ ရွှေအိမ်သူ ရယ်မောလိုက်မိပါသတည်း ..။

ရင်ထဲမှာ ကျိတ်ခဲ မာကျောစွာ တင်းခံနေသည့် .. နာကျင် .. ကြည်းသော ခံစားချက်တွေ အတန်မျှ ပြေလာသည့်နှယ် ခံစား ဖြစ်သွားရသည်တည့် ..။

ခြံတံခါးမကြီးကို ပိတ်ထားတာမို့ မမထူး တံခါးဖွင့်ပေးဖို့ နောက်လိုက်သွားသည်။ မမထူး ၏ အင်္ကျီအိတ်ကပ်အတွင်းမှာ စာအိတ်လေး တစ်အိတ်သည် ကဗျာစာရွက်ခေါက်လေးတစ်ခုကို သိမ်းဆည်းထားရင်း ပါသွားချေသည်တကား ..။

ထိုကဗျာပါ စာအိတ်လေးကို မကြာမတင်မီမှာ သတိုးနေခ ထံသို့ မမထူး ပေးအပ်လိုက်ပါလိမ့်မည် ..။ နောက်တစ်ကြိမ် .. တိုးညှင်းစွာ ရွှေအိမ်သူ ကျေကျေနပ်နပ် ရယ်လိုက်မိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြင်းသော အဆိပ်
မြားထိပ်ဖူးမှာ ဆွတ်လူး
ပစ်လွှတ်ဖူးသော ကာလ
တစ်ခါဆိုမှ တစ်ခါ
မင်းအတွက်သာ ဖြစ်လိမ့် ...။

ခံပြင်းခြင်းမှ အရင်းခံ
မာနကို ဆန်တက်သည့် ဤအဆိပ်
မုန်းတီးခြင်း၏ ထိပ်များ
စိတ်ဓွမ်းအားဖြင့် ရောက်ခဲ့ရ ...
မင်းရဲ့ဘဝတစ်ခုလုံး
ကြေမွပျက်ပြုန်းအောင် ရိုက်ချိုး
ပိုင်းပိုင်းစစ ကျိုးကျေစေသူဟာ
ငါသာလျှင် ဖြစ်ရလိမ့် ...။

မင်းဘဝမှာလေ ...
နှလုံးသားသေနေတဲ့လူ
မျက်ရည်ဖြိုးဖြိုးထက်မှာ
သွေးစက်စက်ကျရင်း
အဆိပ်ပြင်းပြင်းရဲ့ဒဏ်
လူးလဲအောင် ခံစားလျက်
ငါ့အတွက် ဆပ်ရမည့်အကြွေး
မင်းအသက် မသေသေးသရွေ့
တမြေ့မြေ့အရှက်သည်းစွာ
(ငါ့အား ...)
ပေးဆပ်ကာ နေရလိမ့် ...။
သြော် ..._
ပေးဆပ်ကာ နေရလိမ့် ...။





အခန်း ( ၁၁ )

အစော်ကားခံရခြင်းက အနိုင်းမဲ့ဖြစ်နေတာကို သိနေရစိတ်ဖြင့် ငိုင်သည် ဆတ်ဆတ်ခါ၏။ အရှက်သည်းခြင်းက အနိပ်ခက်ဆုံးသော အရာအဖြစ် တစ်ကိုယ်လုံးအနှံ့ စီးပျံ့၏။

"ကျွန်မ ထူးထူး ပါ .. အိမ်ထဲမှာ ရှိတာက ဘဘညို နဲ့ ဒေါ်ကြီးစာနု ပါ.. ထူးထူး က ဒေါ်ကြီးစာနု အတွက် ကူဖော်လောင်ဖက် လုပ်ပေးရသူပါ .. ဘဘညို က ဥယျာဉ်မှူးပါ .. ဒေါ်ကြီးစာနု က ထမင်းချက်ပါ .. ရွှေအိမ် ရဲ့ မြရတနာအိမ်ကြီးက အလုပ်သမားတွေပါ .. ဒါက .. ရွှေအိမ် ပေးလိုက်တာပါ .."

ဟု ဗစ်ကိုးရိုးယား ၏ ခြံဝင်းတံခါးသော့ကို ဖွင့်ကာ သူ့လက်ထဲ ထည့်ပေးရင်း ပြောခဲ့ပါလေသော ထူးထူး ၏ စကား ..၊ ခုထိ နားထဲက မထွက် ..။

မိုးထက်နေရှိ အခန်းထဲ ပြန်ရောက်ချိန်ထိ ဆောက်တည်ရာမဲ့စွာ ငိုင်ထဲပါလာသည်က အရှက်သည်းခြင်းနှင့် နာကြည်းခြင်းတို့က ထိပ်တန်းက ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်!... ငါ့ကို .. ခင်ပြည့်စုံသာလေး ဘာလေးနဲ့ .. သူ့ရွှေ သမီး .. လူချမ်းသာစတိုင်နဲ့ ထူးထူး လုပ်ခဲ့သမျှတွေဟာ .. ရွှေအိမ်သ ရဲ့ စံနက်ပဲ .. သူ ခိုင်းတာ .. ဟိုက ဦးမျိုးသက် နဲ့ ဒေါ်ခင်ထ ဆိုတာကလည်း မြရတနာက အိမ်ဖော် .. ဥယျာဉ်မှူးတွေ .. ကြည့်စမ်း ငါ့ကို အရူးဝိုင်းလုပ်တာ ငါ ခံခဲ့ရတာ .. ဘယ်လောက် ရှက်ဖို့ကောင်း သလဲ .. ခင်ပြည့်စုံသာ ရဲ့ မိဘတွေလို့ ငါက တကယ် ထင်ထားခဲ့တာ အဲဒါတွေအားလုံးကို ဖန်တီးတဲ့ မင်းသမီးက .. ရွှေအိမ်သူ ပဲ .. သူ ငါ့ကို ... ကြည့်ကြည့်ပြီး ရင်ထဲက ဘယ်လောက်ထိ အဲဒီကတည်းက လှောင်ရယ် ရယ်နေမလဲ မသိဘူး.. ငါ့မှာ .. သူ့ကို ဟာသာ ဆိုပြီး သနာ နေလိုက်ရတာ .. ရက်စက်တယ် .. ငါ့ကို ရက်စက်တယ် ..၊ ငါက သူ့ကို လက်မထပ်နိုင်ဘူးလို့ ငြင်းခဲ့တာတစ်ခုပဲ ရှိတယ် .. ခု .. သူ လက်စားချေမှုက .. အဲဒီ သူ့အိမ်အလုပ်သမားတွေရှေ့မှာ .. ရုပ်ရှင်တစ် က ဇာတ်အိမ်တစ်ခုလို အရသာတခံခံနဲ့ အနိုင်ပိုင်းပြတာ .. အနိုင်ပိုင်း တာ ..၊ ပြီးတော့ .. အဲဒီလူတွေနဲ့ ငါ့ကို အရူးလုပ်ခဲ့သေးတာ .. ငါ ငါ .. ဘာမှ ပြန်မပြောနိုင်ခဲ့ဘဲ .. ဒီအတိုင်း ပြန်ခဲ့ရတယ် .. အဲဒ အရှုံးလား .. အရှုံးလား .."

ကျိုခနဲနေအောင် အံခဲထားမိရာမှ မျက်ဝန်းတွေမှာ ခက်ထန် တွေ ဝင်လာပြီ ..။ ရင်သည် အရိုင်းဘက်ဆီသို့ ကူးနေပြီဖြစ်သော ခံ ချက်တွေကို လွှတ်ထားပေးလိုက်ပြီ ဖြစ်သော ရင် ..၊

"မင်း မှားနေပြီ ရွှေအိမ်သူ .. မင်းက .. ထက်မြက်တဲ့ မိန်းမတ ယောက်ရဲ့ မာနကို သွားမထိလိုက်ပါနဲ့တဲ့ .. မင်းကို ငါ ပြောမယ် ထက်မြက်တဲ့ ယောကျာ်းတစ်ယောက်ကိုလည်း မင်း ခုလို အရှက်ခွဲ နည်းနဲ့ အနိုင်ယူပြခဲ့တာဟာ .. ကြီးမားတဲ့ စိန်ခေါ်မှုကြီးတစ်ခု ဖြစ် ပြီဆိုတာ နောင်တတွေနဲ့ တစ်နေ့ သိရလိမ့်မယ် ရွှေအိမ်သူ .. မင်း ကျားတစ်ကောင်ရဲ့ မာန်ဖီနေတဲ့ မျက်လုံးနဲ့ ငါ့ကို ကြည့်ချိန်မှာ .. တ နဂါးလို မင်းကို ပြာကျအောင် လုပ်ပစ်နိုင်တဲ့ .. သတ္တိနေခ ဖြစ်နေ တယ်ဆိုတာ .. တစ်နေ့ မင်း မျက်ရည်စက်လက်နဲ့ သိကို သိရလိမ့်မယ် ရွှေအိမ်သူ .."





သူ ဆက်တိုက်တွေးကာ လက်သီးကို ကျစ်နေအောင် ဆုပ်ထား မိပြီ ..။

ကလဲ့စား ..၊ ဟုတ်သည် .. ကလဲ့စား ..။

ကလဲ့စားဆိုသည့်အရာသည် မိန်းမသားတို့သာ လုပ်ပိုင်ခွင့်ရှိသော သီးခြားအရာ မဟုတ် ..။ ယောကျာ်းတို့မှာလည်း လုပ်ပိုင်ခွင့် ရှိသည်၊ အစော်ကားခံရသူ၏ ကလဲ့စားသည် .. အဘယ်မျှထိ .. ပြင်းထန်သည် ဆိုတာ ရွှေအိမ်သူ သိကို သိစေရမည်။ ပြင်းသောအဆိပ်သည် မာနဆီမှ ဖြစ်တည်လာရသည်တဲ့ ..။ ကလဲ့စားဆိုသည့် အဆိပ်သည်လည်း မာနကို ထိပါးခံရသူ၏ ရင်ထဲမှာ ဖြစ်တည်တတ်သည်ပါပဲ ..။

ထူးထူး ပေးခဲ့ပါလေသော စာအိတ်လေးကို ဖွင့်လိုက်မိရပြီ ..။ အလွန်တရာကိုမှ မုန်းခြင်းမက မုန်းတီးနေရပြီဖြစ်သည့် မိန်းမတစ် ယောက်၏ ပေးခိုင်းလိုက်သော စာအိတ်ဆိုတာ သိနေသည်၊ ဒါပေ မယ့် .. ထိုစာအိတ်ထဲမှာ ပါလာသည့် စာတစ်ရွက်ထဲတွင် တင်နေသည့် အက္ခရာတွေကို သူ ဖတ်ကို ဖတ်တတ်ရမည်။ ဘာတွေ ရေးထားသည် ဆိုတာ သိကို သိရမည်။ မဖတ်ဘဲ ဆွဲဆုတ်ပစ်လိုက်ခြင်းသည် ထိုမိန်းမ ၏ အရည်အသွေးတွေကို ထိတ်လန့်ကြောက်ရွံ့ရာ ရောက်သည်..၊ သတ္တိ နေခ ဆိုတာက .. လူကြောက်တစ်ယောက် မဟုတ် ..၊ မလွယ်တကူ အရှုံးပေးလိုက်တတ်သူတစ်ယောက် မဟုတ် ..။ တမင်တကာ အကွက် ချ၍ စနစ်တကျ သူ့အပေါ် အရှက်တကွဲဖြစ်အောင် အနိုင်ပိုင်းပြဖို့ ကြိုးစားခဲ့ပါသည့် ရွှေအိမ်သူ သည် .. တစ်နေ့မှာ .. သတ္တိနေခ ၏ ရက်ရက်စက်စက် .. တုံ့ပြန်ပေးလိုက်ပါသည့် ကလဲ့စားအောက်မှာ ခေါင်းငြုပ် ငိုကြွေးရသည့် ရွှေအိမ်သူ ဖြစ်စေရမည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ဖြန့်လျက်သား ရှိလာရပြီဖြစ်သည့် စာရွက် ...၊ ဩ
ကဗျာတစ်ပုဒ်ပေကိုးလေ ..။ ကဗျာကို သူ ငြိမ်သက်စွာ ဖတ်သည်
တစ်ကြိမ် ...၊ နှစ်ကြိမ် ...၊ သုံးကြိမ် .. အကြိမ်ကြိမ် ဖတ်သည်။ နော
တော့ ခါးသီးသည့် အပြုံးတစ်ခုက ဖြစ်တည်၏။

"မင်းက .. ငါ့ကို အဆိပ်ဆွတ်လူးထားတဲ့ မြားနဲ့ ငါ့ကို ပစ်မယ်
ဟုတ်လား .. ရွှေအိမ်သူ .. ငါ့ဘဝကို ကြွေမှုပျက်ပြုန်းအောင် ပိုင်းပို
စစ ကျိုးကျေအောင် လုပ်နိုင်လိမ့်မယ်လို့ ထင်နေသလား .. မင်းရဲ့မ
ကို ချိုးချေခဲ့တဲ့သူအဖြစ် ငါက .. ငါ့တစ်သက်လုံးမှာ .. မင်းရဲ့ ပြင်း
အဆိပ်ဒဏ်ကို လူးလဲနေအောင် ခံစားရင်း .. တမြေ့မြေ့နဲ့ မင်း
အကြွေးဆပ်နေရမယ်တဲ့လား .. မင်း မှားနေပြီ ရွှေအိမ်သူ .. မင်းဟ
မင်းကိုယ်မင်း တော်တော် အထင်ကြီးနေတာကိုး .. ဒီနေ့အတွက်
မင်း .. ငါ့ကို ကြွေးပြန်ဆပ်ရလိမ့်မယ်ဆိုတာကို စိတ်ကူးထဲ ထည့်မထာ
တာကိုက .. မင်း မှားနေတာ ...၊ ငါဟာ .. သတိုးနေခ ဖြစ်တယ်
ရွှေအိမ်သူ .. မင်းက နဂါးရဲ့ထိပ်ကို ပုတ်ဖို့ ကြိုးစားတာပဲ .."

သူ ကဗျာစာရွက်ကို သေသေသပ်သပ် ပြန်ခေါက်သည်။ သူ
အပေါ် အဘယ်မျှထိ ခါးသီးစွာ တူးတူးခါးခါး မုန်းတီးနေသည်ဆိုတ
ရွှေအိမ်သူ ၏ ကဗျာထဲမှ စာလုံးတိုင်းက ကြွေးကြော်ထားကြသည်
တည့် ...။

စာရွက်ခေါက်ကို စာအိတ်ထဲ ပြန်ထည့်စဉ်မှာ ရင်ထဲ တိုးဝင်လ
သည်က ဟသ်ာ ...၊ ဆံပင်နှစ်ဖက်ကျစ်လေးနှင့် နွမ်းဖတ်ဖတ် အဝ
လေးတွေကို ဝတ်ဆင်ထားကာမျှဖြင့်ပင် အရမ်းကို ချစ်ဖို့ကောင်း
သည့် ဟသ်ာ ...။ ညှိုးဖျော့ဖျော့ မျက်ဝန်းလေးတွေသည် သိမ်ငယ်
အားငယ်ခြင်းတွေ၏ စီးမျောရာနေရာတစ်ခု ဖြစ်နေသည်။ အရမ်း
ဖြူစင်သည့် မျက်နှာလေးဖြင့် ရှိပါသည့် မိန်းကလေး၏ သနားစ
ပုံရိပ် ...။





ထိုပုံရိပ်လေးသည် အံ့ဩဖို့ကောင်းလောက်အောင်ပဲ ခုထိ သူ့ရင်ထဲ
မှာ ရှိနေတာကို သူ သိနေသည်။ တကယ်က .. ဟသ်ာ သည် ရွှေအိမ်သူ
ဖြစ်နေသည်ဆိုတာ အခု သိနေရပြီ ...။ ဒါပေမယ့် .. ဟသ်ာ သည်
သူ့ရင်ထဲမှာ ရှိနေဆဲ ...၊ ပျောက်ကွယ်မသွားနိုင်ဘဲ ဖြစ်နေတာကိုက
ဆန်းလှန်းနေသည်။

"ငါ့ဘဝမှာ .. ငါ့ဘဝမှာ .. မိန်းကလေးတစ်ယောက်ကို ချစ်တယ်
ဆိုတာ ခုမှ ဖြစ်ခဲ့ရတာ .. သူ့ကို ငါ သနားတယ် .. ကူညီချင်တယ် ..
ယောဇဉ်လည်း ဖြစ်ရတယ် ...၊ သူ့ကို လက်ထပ်ဖို့အထိ ငါ ဆုံးဖြတ်
ရတာကိုက .. သူ့ကို ချစ်လွန်းလို့ပဲ .. ဒါပေမယ့် .. ဒါပေမယ့် ..
ဟသ်ာ က .. ရွှေအိမ်သူ ဆိုတဲ့ မိန်းမရိုင်းတစ်ယောက်ရဲ့ အစေခိုင်းခံ
ကိုယ်ပွားတစ်ခု ဖြစ်နေပြန်တယ် .. ဟုတ်တယ် .. ကိုယ်ပွားတစ်ခု ..
ရွှေအိမ်သူ လို မဟုတ်ပဲ တင်းမာခါးသီးတဲ့ မာနအဆိပ်တွေ ကင်းနေတဲ့
သနားစရာ ဟသ်ာ ဟာ .. ကိုယ်ပွားတစ်ခုပဲ .. သူက အပြစ်ကင်းတယ်..
သားတယ် .."

သူ .. နှမြောနေမိရသည်။ ဟသ်ာ ၏ ဘဝလေးကို နှမြောနေမိရ
သည်။ သူချစ်သော ဟသ်ာ သည် .. ခုထိ သူ့ရင်ထဲမှာ ရှိနေလျက် ...၊
နာကြည်းမုန်းတီးသော ရွှေအိမ်သူ သည်လည်း သူ့ရင်ထဲမှာ ရှိနေ
သည်။

ဤနေ့မှာ .. ဟသ်ာ ကို သူပေးဖို့ အိတ်ကပ်ထဲမှာ ထည့်ခဲ့ပါသည့်
ကဗျာစာရွက်လေးကို ထိခိုက်နာကျင်နေသော စိတ်ဖြင့် အိတ်ကပ်ထဲမှ
ထုတ်လိုက်မိရပါ၏။

ဟသ်ာ ကို တွေ့လျှင် ကဗျာလေးကို ပေးမည် ...၊ ဖတ်ခိုင်းမည်...။
ဒီမရဲဖြင့် အားငယ်ညှိုးဖျော့စွာ အိမ်ဖော်တစ်ယောက်အဖြစ် အလိုလို
ယ်သူ့ရှေ့မဆို .. နာခံပေးလိုက်ဖို့ .. ရှိနေရပါသည့် ဟသ်ာ ...။ သူ့လို
ချမ်းသာ၏ လှမ်းလင့်လာသည့် လက်ကို တုံ့ပြန်လက်ကမ်းရမှာ



www.burmeseclassic.com

www.burmeseclassic.com



မဝံ့မရဲ ဖြစ်ရပါသည့် ကောင်မလေး ..။ သူ့ရင်ထဲက အချစ်တွေ
နားလည် ယုံကြည်ဖို့အတွက် ကဗျာလေးကို ပေးမည်ဟု ဆုံးဖြတ်
သမျှ ..၊ ခုကျတော့ .. သူ့ထံမှာပဲ ကဗျာလေးသည် ရှိနေရပြီကောလေ
နှလုံးသားကို ရင်း၍ ရေးရပါလေသော ကဗျာ ..၊ ပေးရချေမ
မိန်းကလေးထံ ပေးခွင့်မရ ..၊ ကြေကွဲစွာ ရင်မှာ ပြန်သိမ်းရပါသ
ကဗျာ ..၊ ကဗျာလေးကို သူ စာရွက်လေး ဖြန့်ဖတ်မိလိုက်ရပါပြီ။
လက်တို့ ဆတ်ဆတ်ခါချေ၏။ ဩော် .. ရိုးသားစွာ .. အချစ်ကို ရင်
ရင်း၍ ရေးခဲ့ရပါလေသော ကဗျာလေး ..။ ကမ်းပေးရမည့်သူ
လက်ထဲမှာသာ ကြေကွဲစွာ ကျန်နေရချေသည်တည့် ..။ လှမ်းလင့်
မည့် လက်နှင့် ထာဝရ .. ဝေးရချေပြီဖြစ်သည့် ကဗျာလေးပါတကား
ဟသ်ာ ကို ဘယ်တော့မှ ရှင်သန်ကျန်ခွင့် မရှိအောင် ပြန်သိ
လိုက်သည်က ရွှေအိမ်သူ ..၊ ဟုတ်သည် ရွှေအိမ်သူ ..၊ သူ့ရင်ထဲ
ကောင်မလေးကို .. အပြီးသတ် .. ထာဝရ .. ဘယ်နေရာမှာမှ .. ပုံ
လေး ရှိမလာအောင် အဆုံးသတ်လိုက်သူသည် ဟသ်ာ ကို ဖန်တီးသ
ရွှေအိမ်သူ ဖြစ်ပါ၏။

ရွှေအိမ်သူ အတွက် ဟသ်ာ ဆိုတာ ရှိနေဖို့ မလိုတော့သည်
လေ ..၊ ဒါပေမယ့် .. သူ့ရင်ထဲမှာ ဟသ်ာ ရှိနေသည်။ သူချစ်သော
ကောင်မလေး ရှိနေသည်။ ဘာကြောင့်ဆို .. ဟသ်ာ ကို ချစ်သည့်အ
သည် .. ရင်ထဲမှ ထွက်ခွာမသွားနိုင်အောင် တည်မြဲနေ၍ ...။

"ဘာတွေလဲ .. ငါ မသိနိုင်ပဲ ဖြစ်နေတယ် .. ရွှေအိမ်သူ
ကလဲ့စားချေဖို့အတွက် .. ငါ့ရင်ထဲမှာ မုန်တိုင်းလို အင်အားကြီးမား
ချိန်မှာ ငါဟာ .. ဟသ်ာ ကို မမေ့နိုင်တဲ့ သတိုးနေခ ဖြစ်နေတယ်
ဟသ်ာ ကို ချစ်နေတဲ့ သတိုးနေခ ဖြစ်နေတယ် .. ငါ့အတွက် .. ငါ့နှ
သားထဲက ဟသ်ာ .. ရွှေအိမ်သူ နဲ့ သီးခြားဖြစ်နေတယ် .. သီးခြား
နေတယ် .."





ကဗျာစာရွက်လေးကို ကြေကြေကွဲကွဲ ငုံ့မိုး ငေးစိုက်ကြည့်နေရင်း
ရင်ထဲမှာ ကြေကွဲခြင်းတွေက ဆစ်ဆစ်ပါအောင် ပြင်းထန်နေ၏။ သူ့
နှလုံးသားတို့ တစ်စစီ ဖွဲ့ကြွေနေသည်သို့ ရှိ၏။ အဘယ်မျှထိ မျက်ရည်
တွေဝေနေသည့် မျက်ဝန်းနက်နက်လေးတွေပါလဲ ..။ မျက်တောင်ရှည်
လျားလျား ထူပိတ်ပိတ်လေးတွေ၏ ကော့ရရော့ မျက်တောင်ဖျားမှာ
ခိုသီးနေသည့် မျက်ရည်ဥလေးတွေကို သူ မမေ့မရ ..။ ယုန်ဖြူလေးကို
ပွေ့ထားသော နူးညံ့အားငယ်သည့် ဟသ်ာ သည် သူ့ရင်ထဲမှာ ခုထိ
သိမ်မွေ့ နူးညံ့ခြင်းတွေနှင့်အတူ ရှိနေဆဲ ..။

"ငါ .. ငါ .. ဘယ်တော့မှ .. ဘယ်လိုမှ .. ဟသ်ာ ကို ရင်ထဲ
ဖျောက်ပစ်လို့ မရနိုင်တော့ပါလား .. အဲဒါဟာ .. ရွှေအိမ်သူ ကို အရှုံး
ပေးတာ ဖြစ်မနေဘူး .. ငါဟာ ဘယ်တော့မှ ရွှေအိမ်သူ လို မိန်းမ
တစ်ယောက်ကို ချစ်မှာလည်း မဟုတ်ဘူး .. ဟသ်ာ ကို ချစ်နေတဲ့စိတ်
ကို ငါ .. မပြောင်းလဲနိုင်ဘဲ ရှိနေခြင်းဟာ .. ငါ့ရင်ထဲက အဲဒီကောင်မ
လေးဟာ ရွှေအိမ်သူ ရဲ့ အစေခိုင်းခံ .. အသုံးချခံ .. ဖန်တီးရာ .. ဆေးစက်
အချခံလိုက်ရတဲ့ ပုံလေးတစ်ခုပဲ ဖြစ်နေတယ် .. အခုထိ အဲသလို ငါ
ခံစားနေရတုန်းပဲ .. ခံစားနေရတုန်းပဲ .."

သူ တွေးကာ အံခဲ၍ ကဗျာလေးကို ဖတ်မိရပါပြီ ..၊

သူ မျှော်လင့်ခဲ့သည်က .. ထိုကဗျာလေးကို သူ ပေးခွင့်ရချိန်မှာ
သူ့ရင်တွေ အရမ်းကို နူးညံ့ လှုပ်ရှားနေရလိမ့်မည်။ ဟသ်ာ ၏ မျက်နှာ
နုနုစင်စင်လေးကို တစိမ့်စိမ့်မျှ ချစ်စိတ်ဖြင့် ငေးကြည့်နေမိရလိမ့်မည်။
ကဗျာလေးကို မယူရဲစွာ သူ့ကို မော့ကြည့်ငြိမ်တွေနေမည့်သူသည်လည်း
သူ၏ ဟသ်ာ ပဲ ဖြစ်နေသည်။

"ဖတ်လိုက်ပါ ကောင်မလေးရယ် .. အဲဒါ .. ကိုယ့်ရင်ထဲက စီး
မျောလာတဲ့ အေးမြမြ ကဗျာလေးတစ်ပုဒ်ပေါ့ .. မင်းရဲ့ ရင်ကို အေးမြ
စေနိုင်မယ့် ကဗျာလေးတစ်ပုဒ် ဖြစ်လာလိမ့်မယ်လို့ ကိုယ် မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ထားတယ် ဟသ်ာ .. လောလောဆယ်မှာ .. တခြား ဘာကို မတွေးဘဲ .. ကိုယ်နဲ့ မင်း တို့နှစ်ယောက်တည်းရဲ့ ဘဝတစ်ခုအတွက်ပဲ တွေးပါ ဟသ်ာ .."

ဟု သူ နူးညံ့ညင်သာစွာ ဟသ်ာ ကို ပြောမိလိမ့်မည်။ ထိုအခါမှာ ဟသ်ာ သည် အားငယ်သော ညှိုးဖျော့ဖျော့အကြည့်လေးတွေဖြင့် သူ့ကို မော့ကြည့်နေရာမှ လက်ဖျားလေးတွေ တုန်ခါနေရင်းဖြင့် ကဗျာလေးကို ယူလိုက်ပါချေလိမ့်မည် ..။ ကဗျာလေးကို ဖတ်နေချိန်တစ်ခုကို တမြတ်တနိုး စောင့်ဆိုင်းနေရပါသည့် သူ့ရင်သည်လည်း အရမ်းကို အေးချမ်းနေလျက် ..၊ ကြည်နူးခြင်းတွေဖြင့် ထုံမွှမ်းထားရာ နှလုံးသားကို ပိုင်ဆိုင်ခွင့်ရသူတစ်ယောက်၏ ခံစားချက်တွေဖြင့် သူ့ဘဝသည် အလှပဆုံးသော ဘဝ ..၊ အလှပဆုံးသော အချိန်တစ်ခုထဲ ရောက်ရှိနေရပေလိမ့်မည် ..။ ကဗျာလေးကို ဖတ်ပြီးသည့်နောက်မှာ သူ့ကို ဟသ်ာ မော့ကြည့်လာမည့်အချိန်တစ်ခုသည် မလွဲမသွေ ရောက်လာကာ သူ့အချစ်တွေကို ယုံကြည်နေသည့် ဟသ်ာ အဖြစ်လည်း ရှိသွားချေလိမ့်မည်ဟု သူ ရင်ကို နှစ်၍ မျှော်လင့်ထားမှုများ ..။ မျက်ရည်လေးတွေ စိမ့်ခနဲ ဖြာကျလာရင်း သူ့ကို ချစ်မြတ်နိုးစွာ မော့ကြည့်လာချေမည့် မျက်ဝန်းနက်နက်လေးတွေကို သူ သိမ်မွေ့သောအကြည့်ဖြင့် ကြည့်မိရရင်းမှ မျက်ရည်ဥလေးတွေကို သုတ်ပေးမိရချေလိမ့်မည် ..။

ထိုအရာတွေသည် .. တကယ်တမ်းကျတော့ ဖြစ်မလာနိုင်တော့ပြီတည့် ..။ ဘယ်သောအခါတွင်မှ ဖြစ်တည်လာနိုင်တော့မည်လည်း မဟုတ် ..၊ သူ့ရင်ထဲမှာ .. နာကျင်နေသည်။ နှမြောနေသည်။ ဟသ်ာကို ဆက်ခံနဲနိုင်စွာ ပုံရိပ်ဖျောက်ပစ်လိုက်ဖို့ စီစဉ်ခဲ့သူသည် ရွှေအိမ်သူပဲ ဖြစ်နေသည်။ သူ့ရှေ့မှာ မရှိစေရတော့ ..၊ သူ .. မတွေ့စေရတော့..။ ရွှေအိမ်သူ ဆိုတာပဲ .. ခေါင်းကိုမော့၍ မာနမျက်ဝန်းတွေဖြင့် သူ့ကိုကြည့်ကာ လှောင်ရယ် ရယ်ပြသည့် မိန်းမတစ်ယောက်အဖြစ် ရပ်တည်





ခဲ့ပြီ ..။ သူ့ရင်ထဲမှာ ဟသ်ာ ရှိနေတာကို သိများသိချေလျှင် .. ရွှေအိမ်သူ ပို၍ ရယ်မောနေပေလိမ့်မည် ..။

ကဗျာလေးကို သူ ငုံ့မိုး၍ တိတ်ဆိတ်စွာ ဖတ်လိုက်မိရပါပြီတည်း..။

သံယောဇဉ်ကို ဖွဲ့
ချစ်လွန်းတဲ့ ခင် ...။

သူ့သဏ္ဍာန် သူ့အဆင်း
ရွှေအဆင်းနဲ့ အစဉ်သာ
ရင်တွင်းမှ ဘယ်မခွာ
လွမ်းမိုးပါတဲ့ ခင် ...။

သနားရာ စိတ်အစဉ်နဲ့
မြတ်နိုးရာ ကမ္ဘာကိုဖွဲ့
မောင့်ရဲ့ သံသရာအဝန်းမှာ
ချစ်လွန်းပါတဲ့ ခင် ...။
ဪ ...
ချစ်လွန်းပါတဲ့ ခင် ...။

ကဗျာ၏ အဆုံးပိုဒ်လေးမှာ အကြည့်သည် အတန်ကြာမျှ တန့်နေ၏။ သူ မျက်ရည်ကျလာနေတာကို တအံ့တသြ သိနေရပြီ ..။ ဤမျှထိ.. ဟသ်ာ သည် .. သူ့ရင်ကို နှောင်ဖွဲ့လေသည်လားလေ ..၊ သူ .. ဘယ်သောအခါကမှ .. မိန်းမတစ်ယောက်အတွက် .. ချစ်မြတ်နိုးခြင်းဆိုတာကို ရင်မှာ အဖြစ်တည်မခံခဲ့စဖူး ..။

ခု.. ရင်မှာ ပထမဆုံး ရှင်သန် ဖြစ်တည်လာရပါသည့် သူ့ချစ်ခြင်းတွေသည် .. အလှည့်စားခံရသူတစ်ယောက်အဖြစ် ရပ်တည်နေရင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ဥလာစေသည်အထိ .. ဟသ်ာ သည်.. သူ့ရင်ကို သိမ်းပိုက်ထား နိုင်နေဆဲ ဖြစ်နေသည်။

ကဗျာစာရွက်လေးကို သူ မျက်တောင်မခတ် ကြည့်နေမိရဆဲ .. နောက်တော့ အံဆွဲတွင်းမှ ဒိုင်ယာရီစာအုပ်ကို သူ ယူသည်။ ဤကဗျာ လေးကို ဤနေ့မှာ သူ ပေးရမည်ဟု မျှော်လင့်ခဲ့ပေမယ့် .. လက်ခံမည့်သူ မရှိတော့သည့် ကဗျာလေးကို ဒိုင်ယာရီရှိ ဤနေ့စွဲနေရာလေးမှာ ကော် ဘူးလေးယူ၍ သေချာကပ်ထားလိုက်ရပါချေပြီ တကား ...။

ဒိုင်ယာရီကို ပြန်ပိတ်လိုက်ချိန်မှာ သူ့ မျက်ဝန်းတွေ တဖြည်းဖြည်း လက်တောက်လာသည်။ နာကြည်းသောခံစားချက်က အားကောင်းသော မိုးသက်မုန်တိုင်းကြီးတစ်ခုနှယ် ရွှေအိမ်သူ အတွက် ရင်မှာ ဖြစ်တည်၏

"သူက .. သူက .. ငါ့ဘဝတစ်ခုလုံး ကြွေမွ ပျက်ပြုန်းအောင် ပိုင်းပိုင်းစစ .. ကျိုးကျေစေမယ်လို့ ကြွေးကြော်ထားတယ် .. ငါက .. သူ့ဘဝတစ်ခုလုံးကို .. မုန်တိုင်းသင့်ခံလိုက်ရတဲ့ ဘဝမျိုးနဲ့ .. အရာ မြေမှာ ပြားပြားမှောက် .. တစ်စစီ .. ပျက်သုဉ်းကုန်အောင် လုပ်ပြမယ် .. သူက .. သူ့မာနက ဖြစ်တည်လာတဲ့ အဆိပ်ပြင်းပြင်းနဲ့ ငါ့ကို ဘဝသေ အောင် လုပ်ပြမယ်တဲ့ .. မြွေဟောက်လို ရိုင်းစိုင်းတဲ့မိန်းမ .. သူ ပေါက် တဲ့အဆိပ်ကို .. သူ ပြန်လာပြီး ငါ့နှလုံးသားထဲဆီက ပြန်နုတ်ယူရလိ မယ် .. မြွေဆိုတာ သူ့အဆိပ်ကို သူ ပြန်လာနုတ်ယူရတဲ့အခါ .. စုတ် ယူလိုက်ရတဲ့အခါ .. သူ့အဆိပ်ကြောင့် .. သူ ပြန်သေရသတဲ့ ... သူ - သူ့အမုန်းဆိပ်ကြောင့် .. အဲဒီ အဆိပ်ပြင်းထန်သလောက် .. သူ .. ပြ ခံစားရလိမ့်မယ် .. ဒီနေ့မှာ သတိုးနေခ ကို မင်းက အဆိပ်သင့်အောင် လုပ်လိုက်နိုင်ပြီလို့ မမောက်ကြွားနေစမ်းပါနဲ့ ရွှေအိမ်သူ .. အဲဒီအဆိပ် ဟာ .. မင်းကိုယ်ထဲကို ပြန်စီးမျောတဲ့ အဆိပ်ပဲ ပြန်ဖြစ်တည်ရလိမ့်မယ် ဆိုတာ .. တစ်နေ့ မင်း ထိတ်လန့်ရင်း .. သိစေရလိမ့်မယ် .."

သူ အံခဲထားသည်။ သူ့ကို လှျော့တွက်ခဲ့သည့် ရွှေအိမ်သူ သည်





ဆိုအမှားတစ်ခုကြောင့် .. တစ်သက်လုံး နာလန်မထူနိုင်အောင် ခံစားရ သည့်အလှည့် ကြုံရချေမည်သာ ..။

"ငါက .. ငါ လက်မထပ်ချင်တဲ့ မိန်းမကို မြင်ဖူးအောင် မကြည့် ခဲ့ဘူး .. ကြည့်စရာလည်း မလိုဘူးလို့ မှတ်ယူတယ် .. သူက .. သူ့ကို လက်မထပ်ဘူးလို့ ပြောတဲ့ ငါ့ကို .. သေသေချာချာ လေ့လာ .. ကြည့် လည်း ကြည့် .. ခုလို .. ငါ့ကို အနိုင်ယူပြတာ .. သူ့ကို မမြင်ဖူးတဲ့ ငါ - ဟသ်ာ ဆိုတာလေးကို .. သူမှန်း မသိခဲ့ရဘဲ ဖြစ်ကုန်ရတာ .. အဲဒါတွေဟာ .. ဒီမိန်းမရဲ့ ကောက်ကျစ်စဉ်းလဲမှုတွေပဲ .."

ဟု တွေးကာ ဖေဖေ့ထံ သူ ဖုန်းဆက်လိုက်မိရပါပြီတည်း ..။

ဖေဖေ ထူးသံ ပေါ်လာတော့ သူ တည်ငြိမ်စွာ ပြောလိုက်မိရပါပြီ..။

"သား .. ဖေဖေ့ကို .. ပူဆာပါရစေ ဖေဖေ .. ရွှေအိမ်သူ ကို သား လက်ထပ်ပါရစေ .. သူ့ကို လက်ထပ်ခွင့်ရမှ ဖြစ်မယ် .. ဖေဖေ.. အခု ညနေ .. သား ရန်ကုန်ကို ပြန်လာပါ့မယ် .. ဖေဖေ လိုချင်တဲ့ .. ချစ်တဲ့ .. ချွေးမတစ်ယောက်ကို .. သား လက်ထပ်ပါ့မယ် ဖေဖေ .. ပြီးတော့ - သားကိုယ်တိုင်ကလည်း .. လိုလိုလားလား .. လက်ထပ်ချင် နေပါတယ်.. ဖေဖေနဲ့ သားတို့ တူတူပြန်နေကြရအောင် ဖေဖေ .. အန်ကယ် ဦးထက်လူ ဆီမှာ .. ဖေဖေ .. ဒီနေ့ပဲ .. ရွှေအိမ်သူ နဲ့ သားကို စကားမြန်းပေးပါ ဖေဖေရယ် .. သူ့ကို .. သား လက်ထပ်ခွင့်ရမှ ဖြစ်မယ် ဖေဖေ .."

ဟု ပြောတော့ ဖေဖေ နားမလည်နိုင်သလို တစ်ချက်ငြိမ်နေသည်။ အပြောင်းအလဲတစ်ခု ဤမျှ မြန်ဆန်လွန်းစွာ ဖေဖေ့ဆီ ရောက်ရှိလာ လိမ့်မည်ဟု ဖေဖေ ဘယ့်နှယ်လုပ်၍ မျှော်လင့်ထားနိုင်ပါ့မည်တဲ့လဲလေ..။

"ရွှေအိမ်သူ ကို လက်ထပ်ရဖို့အတွက်ဆိုရင် .. အန်ကယ်ဦးထက် လူ ကို .. သား ဘယ်လိုပဲ တောင်းပန်ရ .. တောင်းပန်ရ .. တောင်းပန်ပါ့ မယ် ဖေဖေ.. မကြာသေးတဲ့အချိန် ရက်ပိုင်းအတွင်းက ရွှေအိမ်သူ ကို



www.burmeseclassic.com

www.burmeseclassic.com



သား ငြင်းခဲ့တဲ့အမှားကို .. အန်ကယ် ဦးထက်လူ ကျေနပ်အောင် သားတောင်းပန်ပါမယ်ဆိုတာကိုလည်း .. ဖေဖေ အန်ကယ့်ကို ပြောပြပေးပါ .. သားတို့မှာ ရှိသမျှ စည်းစိမ်အကုန် တင်တောင်းရမယ်ဆိုရင်တောင် .. တင်တောင်းပေးပါ ဖေဖေ .. သား .. ဖုန်းချလိုက်ပါတော့မယ် ..''

ဟု ပြောကာ သူ ဖုန်းချလိုက်ရပါပြီ ..၊ စားပွဲပေါ် လက်ကိုထောက်၍ သူ အတန်ကြာ ငြိမ်နေသည်။ ဖေဖေ ဘာတွေတွေးနေမည်မသိ ..၊ ဒါပေမယ့် .. ပျော်တော့ ပျော်နေပါလိမ့်မည်။ ဖေဖေက .. ရွှေအိမ်သူ ကို ချွေးမအဖြစ် ရွေးချယ်ခဲ့သူပေပဲလေ ..။

သူ့မျက်ဝန်းတွေက စားပွဲထက်မှ ဖိုင်တွဲတချို့ကို ငေးစိုက်ကြည့်နေပေမယ့် အာရုံထဲမှာက ရွှေအိမ်သူ ပဲ ရှိနေသည်။

မျက်ဝန်းတွေ ရှုးရှလက်တောက်လာလျက် .. အံခဲထားဆဲ ..။

''မင်း .. မင်းရဲ့ မျက်ရည်ဖြူဖြူထက်မှာ သွေးစက်စက်ကျရင်းငါ့ကို အရှုံးကြီး ရှုံးစေရမယ် ရွှေအိမ်သူ .. မင်း .. ပြင်ဆင်ထားပေတော့အဲဒီရှုံးပွဲအတွက် ပြင်ဆင်ထားပေတော့ ..''

အံကြိတ်ထားသည့်ကြားမှ ထွက်ကျလာသောအသံက လည်ချောင်းသံ ပါနေသည်။ လုံးဝ မာကျော ခါးသီးနေသည့်အသံ ...။





အခန်း(၁၂)

ငှက်သိုက်ကဒ်ဖာ .. အိုပါတင်း .. မိုင်လို .. မှန်ပုံးတွေပါသည့်ကန်တော့ခြင်းကြီးက စားပွဲထက်မှာ ရှိနေသည်။ ငှက်သိုက်ကိုက ကဒ်အလိုက် အထပ်လိုက် ရှိနေခြင်း ..၊ အိုပါတင်းနှင့် ဟောလစ်ပုလင်းတွေ .. မှန့်ပုံးတွေဖြင့် ပြည့်နေသည့် ကန်တော့ခြင်းသည် မောက်လျှံနေသည်ပါပဲ ..။

ကြမ်းပြင်ထက်မှာ သူ ထိုင်ကန်တော့နေတော့ အန်ကယ် ဦးထက်လူ မှာ မျက်နှာသိပ်မကောင်း ..၊

ခုလို .. သူ အရမ်းကို တောင်းပန်ခယ ကန်တော့ တောင်းပန်နေတာမို့လည်း အားနာစိတ် ဖြစ်နေတာ သိသာနေသည်။

''ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ရဲ့တန်ဖိုးကို ကျွန်တော်သားလည်ပြီမို့ .. အန်ကယ့်ကို ခုလို လာကန်တော့ခွင့်ရဖို့အတွက် ဖေဖေ့ကို အားကိုးခဲ့ရတာပါ အန်ကယ် .. ပူဆာခဲ့ရတာပါ ..၊ ရွှေအိမ်သူ ကို ကျွန်တော် ပြောမိဆိုမိခဲ့သမျှတွေကို .. ပြန်ရုပ်သိမ်းပါရစေ .. ခွင့်ပြုပေးပါ .. ခွင့်ပြုပါ အန်ကယ် .. သူ့ကို တခမ်းတနား လက်ထပ်ခွင့်ရမယ်ဆိုရင် .. ကျွန်တော်လောက် ကံကောင်းတဲ့သူ ရှိတော့မှာ မဟုတ်ပါဘူး..၊



www.burmeseclassic.com

www.burmeseclassic.com



သူ လုပ်ကိုင်ချင်တဲ့ လုပ်ငန်းကိုင်ငန်းတွေကိုလည်း ခုလိုပဲ ဆက်ပြီး လုပ်ကိုင်တာမျိုးကို ကျွန်တော် ဖြစ်စေချင်ပါတယ် .. လိုလားပါတယ်- ကျွန်တော် သူ့ကို မမြင်ဖူးခင်က .. ငြင်းမိတဲ့စကားမျိုး ပြောမိခဲ့လေသမျှ .. သူ့ကို မြင်ဖူးလိုက်ရပြီတဲ့နောက်မှာ .. ရွှေအိမ်သူ ကို ကျွန်တော် လက်ထပ်ခွင့်ရချင်တာ တစ်ခုကလွဲလို့ .. ဘာမှ အရေးတကြီး ဖြစ်မနေတော့တာကို .. သိလာရပါတယ် အန်ကယ် ..''

သူ ဆက်တိုက် ပြောနေသမျှ အန်ကယ် ဦးထက်လူ ငြိမ်သက်၍ နားထောင်နေသည်။

ပိတောက်မြိုင်မှသည် ဤ မြရတနာခံအိမ်ဆီသို့ ထွက်လာပြီဆိုကတည်းကလည်း ဖေဖေသည် သူ့ကို အကဲတခတ်ခတ်ဖြင့် ကြည့်နေခဲ့သည်ပါပဲ။

ဖြုန်းစားကြီး သူ လှိုင်ခမ်းမော်မှ ပြန်လာကာ ရောက်တာနှင့် ပိတောက်မြိုင်သို့ လိုက်ပို့ပေးပါဟု တပူဆာဆာ ပြောနေတာကိုလည်း ဖေဖေ လက်တွေ့ ရင်ဆိုင်တိုးနေရ၍သာ ယုံကြည်ပေးလိုက်ရသလိုကြီး ဖြစ်နေရကာ .. တကယ်တမ်းကျတော့ ယုံပင် မယုံတတ်ရဲနိုင်အောင် တအံ့တသြကြီး ဖြစ်နေတာ သူ သိနေရသည်ပါပဲ ...။

ခုလို .. အန်ကယ် ဦးထက်လူ ကို ကန့်တော့ခြင်းကြီးနှင့် တရိတသေထား၍ ကန်တော့ တောင်းပန်နေသမျှကို ငေးစိုက်ကြည့်နေသည့် အထဲမှာ ဖေဖေလည်း ပါနေသည်ပါပဲ ...။

''သား .. ရွှေအိမ်သူ ကို တွေ့ခဲ့တယ် ... ဘယ်မှာ ဘယ်လို တွေ့ခဲ့တာလဲ သား ..''

ဖေဖေလည်း ခုမှ သူ့ထံမှ ကြားရပါသည့်စကားကြောင့် မေးလာတော့ အန်ကယ် ဦးထက်လူ လည်း ခေါင်းညိတ်ပြသည်။ သူ့အဖြေကို စောင့်ဆိုင်းနားထောင်သည်ကိုက စိတ်ဝင်တစားတော့ နိုင်နေကြသည် ပါပဲ ...။





''ဘယ်လို တွေ့ဆုံဖြစ်ခဲ့တယ်ဆိုတာ .. အန်ကယ် ကိုယ်တိုင်ပဲ ရွှေအိမ်သူ ကို မေးကြည့်ပါ အန်ကယ် .. သူ ဖြေပြပါလိမ့်မယ်.. ဖေဖေ့ကိုတော့ .. ပိတောက်မြိုင် ပြန်ရောက်တော့မှ အကြောင်းစုံ ပြောပြပါမယ် ဖေဖေ .. လောလောဆယ်မှာကတော့ အန်ကယ့်ဆီက ခွင့်လွှတ်တဲ့စကားကို အရင် ကြားနေချင်တော့တာပါပဲ .. ကျွန်တော် လူ့မှုရေးဘက်မှာ အလွန် ညံ့ဖျင်းခဲ့လေသမျှ .. ခုကျတော့လည်း နောင်တတွေ အရမ်းရနေတာပါ အန်ကယ် .. ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် လူ့ဘဝနဲ့ ဘဲသက်ပြီး .. လူမှုအဝန်းအဝိုင်းနဲ့ ပတ်သက်ပြီး အလွန် သက်မြက်နားလည်တဲ့သူ .. ပြတ်သားရဲရင့်သူအဖြစ် မာနတလူလူနဲ့ ဂုဏ်မောက်ခဲ့မိပါတယ် အန်ကယ် .. အဲဒါတွေ အားလုံးဟာ ကသောင်းကနင်းနိုင်လောက်အောင် .. မှားနေတယ်ဆိုတာ ကျွန်တော် ရင်နဲ့ရင်းပြီး နားလည်အောင် သင်ပေးလိုက်သူဟာလည်း ရွှေအိမ်သူ ပဲ ဖြစ်ပါတယ် .. သူ့ကို ကျွန်တော် လက်ထပ်ပါရစေ .. သူ စိတ်ဆိုးနေရင်လည်း သူ ပြေကျေအောင် ကျွန်တော် တောင်းပန်ပါ့မယ် .. သူ ဘယ်လို ဖြစ်ချင်သလဲ .. သူ ဖြစ်ချင်တဲ့ပုံစံမျိုးနဲ့ကို ကျွန်တော် တောင်းပန်ဖို့ အသင့်ဖြစ်နေတာပါ အန်ကယ် .. အဲဒါတွေကိုလည်း .. အန်ကယ် .. သူ့ကို ပြောပြပေးပါ..''

သူ ဆက်တိုက် တောင်းပန်နေချိန်မှာ အန်ကယ် တွေငေး စိုက်ကြည့်နေသည်။

မျက်နှာကို ညှိုးငယ်နေစေလျက် နောင်တတွေဖြင့် ယူကျုံးမရ ဖြစ်နေသည့် သတိုးနေခ အဖြစ် သူ သေသေသပ်သပ် သရုပ်သကန်ဆောင်နေနိုင်ပြီဆိုတာကိုတော့ဖြင့် အန်ကယ့် မျက်နှာထက်မှ ကြင်နာ ရိပ်သမ်းနေသည့်အကြည့်တွေဖြင့်ပင် သူ သိနေရပါပြီ ...

''အမိက အမှားယွင်း ဆုံးဖြတ်ချက်ဟာ .. ကျွန်တော် မာနကြီးမိခဲ့တာပါပဲ .. ပြီးတော့ ကိုယ် ဖြစ်ချင်တာကိုပဲ အမိကထားခဲ့တာပါပဲ..



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်မြိုင်မှာ မေမေ့အရိပ်တွေ ကင်းခဲ့ကတည်းက အိမ်ရှင်မတစ်ယောက်ရဲ့ အေးမြတဲ့ အရိပ်တွေလည်း ပျောက်ဆုံး ခြောက်သွေ့ခဲ့တာမို့ .. ကျွန်တော် လက်ထပ်လိုက်တဲ့ဇနီးသည်ဟာ .. ပိတောက်မြိုင်မှာ လစ်ဟာ ခြောက်သွေ့နေစေတဲ့အရာတွေကို ဖယ်ရှားပြီး အေးမြလှပတဲ့အရိပ်တစ်ခုကို ဖန်ဆင်းပေးနိုင်လိမ့်မယ် .. အဲသလိုလည်း ဖြစ်နေလိမ့်မယ်လို့ .. ငယ်ကတည်းက မေမေ့အရိပ်ကို တမ်းတနေရတဲ့ သတိုးနေခ အဖြစ် .. ခံစား ဆုံးဖြတ်မိခဲ့တာပါ .. ဒါပေမယ့် အဲဒီ ခံစားချက်တွေကို တစ်ဖက်သား နားလည်လာအောင် ရှင်းပြဖို့ မကြိုးစားခဲ့တဲ့အပြင် .. မောက်မောက်မာမာ ပြောမိဆိုမိခဲ့တာမို့ .. အဲဒါကို တောင်းပန်ပါရစေ အန်ကယ်.. ခေါင်း အလွန်မာတဲ့ ကျွန်တော် .. အခု .. အန်ကယ့်ရှေ့မှာ ကန်တော့ တောင်းပန်နေရပါပြီ ခင်ဗျာ .. အရိုးသားဆုံး ပြောရရင် .. သူ့ကို ကျွန်တော် လက်ထပ်မှ .. ကျွန်တော့်ရင် အေးချမ်းရမယ့်အချက်ပါ အန်ကယ် .. ယုံကြည်ပေးပါ .."

သူ ပြောနေမိရင်းမှ ရင်ထဲမှာ နာကျင်လာသည်။

ရွှေအိမ်သူ ၏ ရက်ရက်စက်စက် တုံ့ပြန်ခဲ့သည့်အဖြစ်တွေကြားထဲမှာ အရှက်သည်း နာကျင်လွန်းစွာ လှည့်ပြန်ခဲ့ရသည့် ခြေလှမ်းတိုင်းကို သူ မမေ့ ..၊ ဘယ်သောအခါတွင်မှလည်း မမေ့ ..။

တတန်တက အိမ်တိုင်ရာရောက် သွား၍ အတော်ကားခံ .. အရှက်ကွဲခံပြီး ဇစ်တိုးရီးယားမှ တစ်ယောက်တည်း ပြန်ခဲ့ရသည့်နေ့ကို မေ့ပစ်လိုက်မည်ဆိုလျှင်ဖြင့် သတိုးနေခ ၏ ရာဇဝင် ရိုင်းသွားရချေမည်ပေါ့.. မိန်းမတစ်ယောက်၏ သရော်လှောင်ရယ်သည့်ရယ်သံကို မေ့ပစ်လိုက်နိုင်မည်ဆိုလျှင်ဖြင့် သတိုးနေခ ၏ မာနတွေကို အရေခွံဆုတ် ခွာလိုက်မည်။

သွေးသံတရဲရဲဖြင့် ကျန်ရစ်စေ..၊ အံခဲထားမိရင်းမှ ခံပြင်းမျက်ချေသည် မျက်ဝန်းဝယ် စိမ့်ခနဲ တိုး၏။





မော့ကြည့်တော့ ထိုမျက်ရည်ကို သနားစိတ်ဖြင့် ငေးငိုက်ကြည့်နေသည်က အန်ကယ် ဦးထက်လူ ..၊ နူးညံ့စာနာရိပ်တွေ ပြည့်လိပ်နေသည့် အကြည့်ကို မြင်ရတော့ ရင်ထဲမှာ ကျေနပ်နေရပြီ ..၊ ကြမ်းပေါ် ရှိုက်ရှိုက်လေး ထိုင်နေသည့် သတိုးနေခ ကို အန်ကယ် ယုံကြည်သွားပုံ ရပြီ။

လူကြီးသူမတစ်ယောက်ကို လိမ်ရသည့်အတွက် သူ စိတ်တော့မကောင်းပါ..။ ဒါပေမယ့် .. ရွှေအိမ်သူ ကို လက်စားချေခွင့် ရဖို့ ဆိုတာက .. ဤလမ်းပဲ ရွေးချယ်စရာ ရှိချေသည်မို့ မလွှဲမရှောင်သာပဲ အန်ကယ့်ကို ခုတုံးလုပ် အသုံးချရသည့်အတွက်တော့ ရင်ထဲမှာ မကောင်း ..၊ ဒါပေမယ့် .. ထိုသို့ ဖြစ်အောင် လုပ်ခဲ့သူသည်လည်း ရွှေအိမ်သူ ပဲ ဖြစ်နေချေတာမို့.. ရွှေအိမ်သူ ၏ ဖခင်တစ်ယောက် ဖြစ်နေပါလေသော အန်ကယ် ဦးထက်လူ သည် သတိုးနေခ ၏ ဟန်ဆောင်မှုကြီးတစ်ခုကို .. ရိုးသားစွာ ယုံကြည်ပေးလိုက်ရသူတစ်ယောက်အဖြစ် ရှောင်လွှဲခွင့်မရှိစွာ ရင်ဆိုင်တိုးရဖို့ပဲ ကျန်တော့သည်တည့် ..။

"သားဟာ .. သူ့မေမေရဲ့အရိပ်ကို အလွန် တန်ဖိုးထားတာပါကိုထက်လူ .. ပိတောက်မြိုင်ကို အိမ်ရှင်မတစ်ယောက်ရဲ့ တန်ဖိုးကြီးမှုတစ်ခုအောက်မှာ အေးချမ်း ရှင်သန်စေချင်တဲ့စိတ်တစ်ခုနဲ့ .. ခေါင်းမာနေတဲ့ သတိုးနေခ ဖြစ်နေတာပါ .. ခုကျတော့လည်း .. သူ့အမှားကို သူ မြင်ပြီး တောင်းပန်နေတာမို့ .. ဖြစ်နိုင်မယ်ဆိုရင်ဖြင့် .. ခွင့်လွှတ်ပေးပါလို့ ကျွန်တော်ကလည်း တောင်းပန်ပါရစေ ..၊ ဒီကလေး .. ပိတောက်မြိုင်ကို ညတွင်းချင်း ဟိုက ခရီးထွက် .. ဒီကိုရောက် .. ရောက်တာနဲ့ အလေးတောင် မနားဘဲ ဒီကို တန်းထွက်မယ်လို့ လုပ်တာပါဗျာ .. ကန်တော့ခြင်းကြီးလည်း တစ်ပါတည်း သူ ဝယ်ခဲ့လေရဲ့.. ဒီသလောက်အလောတကော်နိုင်နေတာ .. သူ့အမှားကို ပြင်နေတာပါ ကိုထက်လူရယ် .. ကျွန်တော့်သား ဘယ်လောက် ခေါင်းမာတယ် .. သူ မှန်တယ်ထင်ရင် နောက်ပြန်မဆုတ်ဘဲ ရှိတတ်တယ်ဆိုတာ ကျွန်တော် အသိဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပါ ..၊ ခု .. ရွှေအိမ်သူလေး ရဲ့ကျေးဇူးကြောင့် ဒီကောင့်ဆီက အကျင့်ဆိုး
တွေ ခဝါကျကုန်ရတော့တာပါပဲ ..၊ သမီးလေးဟာ ကျွန်တော့်သားကိ
ခုကဟည်းက လမ်းကြောင်းမှန်ကို ရောက်အောင် .. လမ်းပြ ဆုံးမပေ
လိုက်နိုင်တဲ့ ရွှေအိမ်သူ ဖြစ်နေတာပါ ခင်ဗျာ .. ကျေးဇူးတင်ရတာ
နှိုင်းမရအောင်ပါ ကိုယက်လူ ရယ် ..''

ဖေဖေ့ခမျာ .. သူ့ တကယ်ပဲ စိတ်တွေ ပြောင်းလဲကုန်ပြီထင်ကာ
ဝမ်းသာနေတာ အမှန်..၊ အန်ကယ့်ကိုလည်း ဖေဖေပါ ဝင်၍ တောင်းပန်
စကား ပြောသည်။

ရွှေအိမ်သူ ကိုလည်း အလွန်တော်သည့် မိန်းကလေးတစ်ယောက်
အဖြစ် သြဘာပေးနေသည်။ ချီးမွမ်းခန်း ဖွင့်နေသည်။

တကယ်တမ်း သူ့ရင်ထဲမှာ ဘာတွေ ရှိနေသည်ဆိုတာ သိလျှင်
ဤနေ့မှာ .. အန်ကယ့်ကို ဤစကားတွေ ဝင်ပြောပေးမိသည့်အတွက်
ဖေဖေ နောင်တဖြစ်ချေမည်တည့် ..။

တစ်နေ့မှာ သူ့အပေါ်လည်း အပြစ်တင်ခြင်းစကားတွေ တင်း
ကြမ်းပြည့်နေအောင် ဖေဖေ ရက်ရက်စက်စက်ပြောမှာ သေချာပေ
သည်။ ဒါပေမယ့် .. သူ မမှုပါ ..၊ ခံလိုက်မည်..။

ဟုတ်သည် ..၊ အဘယ်မျှထိ ပြင်းထန်ကြမ်းတမ်းသော စူးရှခါးသီး
သည့် စကားတွေ ဖေဖေ တစ်နေ့မှာ သူ့အပေါ် ပြောစေ .. သူ ခံမည်
သူ့ကို ရွှေအိမ်သူ ပစ်တိုးရီးယားအိမ်ကြီး၏ လှေကားထိပ်ဆီမှ မျက်ဝန်း
ကို မှေး၍ မေးကို မော့ကာ အောင်နိုင်သူအကြည့်ဖြင့် ကြည့်ခဲ့သော
အကြည့်နှင့် လှောင်ရယ်ခဲ့သော အရယ်တွေအတွက် .. သူ တုံ့ပြန်ပေး
မည့်အဖြစ်တစ်ခုအတွက် .. ဘာကိုပဲ ပေးဆပ်ရ ပေးဆပ်ရ .. သူ ပေးဆပ်
မည်။

ဖေဖေ့ထံမှ အထင်သေးခြင်းများကို ရင်နှင့်ရင်း၍ ခံယူရစေ -
သူ ခံယူမည်။





သူ့ရင်ထဲမှာ တင်းခံနေသည်က.. ထိုက်တန်သော တုံ့ပြန် လက်စား
ချေမှုကြီးတစ်ခုကို သတိုးနေခ ဆိုသူက လုပ်ကို လုပ်ရလိမ့်မည်။ ရွှေ
အိမ်သူ ကလည်း ထိုလက်စားချေမှု၏ဒဏ်ကို .. ခံကို ခံရမည်။

ပစ်တိုးရီးယားမှ အရှက်သည်းစွာ ပြန်ခဲ့ရသည့် သတိုးနေခ ကို
တုံ့ပြန်ပေးဆပ်ရမည့်အကြွေးကိုလည်း ရွှေအိမ်သူ သည် မျက်ရည်
လက်နှင့် ပေးဆပ်ရချေလိမ့်မည် ..။

အံခဲ၍ သူ ခေါင်းငုံ့ငြိမ်နေသည်က ခံပြင်း နာကြည်းခြင်းများ
နှင့်မဆံ့အောင် မတန်တဆကြီး ခံနေရပါသည့် ခံစားချက် အပြင်း
တွေဖြင့်ပဲ ဖြစ်လေသည်။

''မင်းရဲ့အဆိပ်ထက် ပြင်းတဲ့အဆိပ်ကို .. မင်း ငါ့ဆီက လက်ခံ
ရလိမ့်မယ် ရွှေအိမ်သူ .. အဲဒီအဖြစ်ကို ငါ မင်း လက်ထဲ မအပ်ရသေး
ရွှေ .. ငါဟာ လူဖြစ်ကျိုးမနပ်သေးတဲ့လူအဖြစ် .. မှတ်ယူထားတယ်..
း .. အကွက်ချပြီး စေ့စေ့စပ်စပ် .. ငါ့ကို အရှက်တကွဲဖြစ်အောင်
ခဲ့ခြင်းဟာ .. ကြီးမားတဲ့ အမှားကြီးတစ်ခုပဲ ရွှေအိမ်သူ .. မင်းက
ကို လှည့်လို့ ထင်ခဲ့တာကိုး .. မင်း မှားတာပေါ့ ..၊ မင်းက ငါ့ကို
လိမ်အညာတွေနဲ့ .. အရှက်တကွဲဖြစ်အောင် လုပ်ပြခဲ့တဲ့အတွက် ..
း ကိုလည်း ငါက အလိမ်အညာတွေနဲ့ပဲ ပြန်အနိုင်ယူပြမယ် ရွှေအိမ်
.. မင်း ငါ့ကို လှောင်ရယ် .. ရယ်ခဲ့စဉ်မှာ မျက်ရည်မကျပဲ ပျော်နေ
မယ့် .. အဲဒီ ကျေနပ်ပျော်ရွှင်မှုတွေဟာ .. တစ်နေ့မှာ ငါ့ရဲ့ လှောင်
ရယ်နေတဲ့အသံတွေအောက်မှာ သေဆုံးသွားကြရလိမ့်မယ် ရွှေအိမ်
.. မင်း တစ်ယောက်တည်းရဲ့ မာနဆီက ခါးသီးတဲ့အဆိပ်ပြင်းပြင်း
ဖြစ်တည်နိုင်တယ်လို့ မထင်လိုက်ပါနဲ့ .. ယောကျ်ားတစ်ယောက်
မာနကို မင်း မမေ့လိုက်ပါနဲ့ .. ငါ့မာနဆီက ဖြစ်တည်တဲ့အဆိပ်ဟာ
ည်း .. ပြင်းသောအဆိပ်ပါပဲ .. အဲဒီရဲ့အဆိပ်ဟာ ဘယ်လောက်ထိ
င်းကို နှလုံးသားအထိ ပျံ့နှံ့စေမယ် .. အဆိပ်သင့်စေမယ်ဆိုတာ ..



www.burmeseclassic.com

www.burmeseclassic.com



ခြောမလင့်မီမှာ သိရမှာပါ .. သိရမှာပါ ..''

သူ ဆက်တိုက် ရင်ထဲမှ ပြောနေမိရဆဲပါ ..။

''အန်ကယ်ကတော့ .. လူလေး သတိုးနေခ အပေါ် နားလည် ပါတယ် .. အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ .. အစပိုင်းမှာ သမီးရှင်ပဲကွယ် .. ရင်ထဲ ခံစားရတာပေါ့ .. နောက်တော့လည်း ပြည့် ခမျာ .. အန်ကယ့်ကို ရုံးခန်းထိ လာပြီး တောင်းပန် .. ရှင်း ရှိခဲ့တာပါ .. ဒါပေမယ့် .. သမီးက ခရီးထွက်တယ် .. ပြီးတော့ ပြန်လာတယ် .. အိမ်က သူ ခေါ်ချင်တဲ့သူတွေ ခေါ်သွားတယ် .. ဟို အိမ်ဝယ်မယ်ဆိုတာတွေလည်း ရှိနေတယ် .. သူ စိတ်ဆင်းရဲနေချိန် စိတ်ပြေလက်ပျောက် ဖြစ်ပါစေဆိုပြီး .. ဘာမှကို မမေးခဲ့တာပါ .. လုပ်ချင်တာ လုပ်ပါစေလို့ပဲ ထားခဲ့တာပါ .. ဖုန်းချင်းတော့ အဆ အသွယ် ရှိပါရဲ့ .. သမီးက သူ ဘယ်မှာရှိတယ်ဆိုတာ မမေးသေးနဲ့ဦး ပြောတယ် .. သူ ဝယ်တဲ့အိမ်ကို သူ ခေါ်တဲ့အခါ လာကြည့်ပါလို့လည်း ပြောတယ် .. အဲဒါကြောင့် .. သူ ရှိတဲ့နေရာကို သိကို မသိသေးတာ ဒေါ်စာနု တို့ .. ဦးညို တို့ .. ထူးထူး တို့လည်း ပါသွားတာဆိုတော့ စိတ်လည်း ချမ်းတာလည်း ပါတယ်လေ .. ပြီးတော့ .. သမီးက အ ထက်မြက်တဲ့ကလေးပေမို့ .. သူ့အတွက်ဆို .. အန်ကယ်က စိတ် ထားပြီးသားပါ ..''

ဟု အန်ကယ် ပြောနေသည်။ ဖေဖေလည်း သူ့ကို ကြည့်ကာ

''နေစမ်းပါဦး .. သား လှိုင်ခမ်းမော်က မိုးထက်နေဟိုတယ် ရောက်နေတာပဲဥစ္စာ .. ရွှေအိမ်သူ နဲ့ တိုးတယ်ဆိုတော့ .. တွေ့တယ် တော့ .. သမီး ရွှေအိမ်သူ .. လှိုင်ခမ်းမော် ရောက်နေတယ် ထင်တယ် ဟုတ်လား သား ..''

ဟု မေးလာတော့ သူ ခေါင်းပဲ ညိတ်ပြလိုက်ရပါပြီ ..။

ဖေဖေ ရယ်သည် ..။ အန်ကယ့်ကို ကြည့်သည်။





''နှမ္မူးစာဆိုတာ အဲဒါပဲ ထင်ပါရဲ့ ကိုထက်လူ ရယ် .. ဒီကောင် အပြောမလိမ္မာလို့ဆိုပြီး .. ကြည့်မရတာနဲ့ .. လှိုင်ခမ်းမော်က မိုး က်နေဟိုတယ်ကို လွှတ်လိုက်တာ .. ဒေါသဖြစ်ဖြစ်နဲ့လေ .. အဲဒါ.. အိမ်သူ ကလည်း လှိုင်ခမ်းမော်ကို သွားသတဲ့ ..။ အဲသလိုဖြစ်နေတာ း .. ဟိုမှာ သွားဆုံကြသလို ဖြစ်ကုန်တာဗျ .. နေစမ်းပါဦး .. ဘယ်လို ကြတာလဲ .. ခုမှ ရှက်မနေစမ်းပါနဲ့ .. ပြောစမ်းပါ .. အံမယ် .. ေ့သားက ရှက်တတ်နေသကိုး ..''

ဖေဖေ ရယ်၍ ချစ်စိတ်ဖြင့် သူ့ပခုံးကို ထုသည်။ သူ အလိုက်သင့် လိုက်ရပါ၏။

တကယ်ပဲ ရှက်အမ်းအမ်း ဖြစ်နေသည့်အပြုံး ..။

''ဗစ်တိုးရီးယားမှာ ဆုံတာပါ ဖေဖေ .. အဲဒီ ဗစ်တိုးရီးယားကို အိမ်သူ ဝယ်တာပါ .. မိုးထက်နေနဲ့ လမ်းလေးပဲ ခြားတာမို့ .. သူနဲ့ ခဲ့ရတာပါ .. မြင်ဖူးခဲ့ရတာပါ .. သိခဲ့ရတာပါ ..''

ဟု ဖြေတော့ ဖေဖေ ရယ်သည်။ အန်ကယ် ဦးထက်လူ လည်း ကို ကြည့်ကာ ...

''ဪ .. ဪ .. အဲသလို .. သိခဲ့ကြကုန်ပြီကိုး ..''

ဟု ကြည်နူးစွာ ပြောလာပါ၏။

သူ ခေါင်းငုံ့လိုက်သည်။ အတန်ကြာမှ ငြိမ်သက်နေရာမှ အန် ယ့်ကို မော့ကြည့်လိုက်ရပါ၏။

အရမ်းကို လေးနက်တည်ငြိမ်စွာ ခွင့်ပန်သည့်သူတစ်ယောက်အဖြစ် ကြည့်ခြင်း ..။

''အန်ကယ့်ကို .. ခွင့်ပန်ပါရစေ .. ရွှေအိမ်သူ ကို လက်ထပ်ခွင့်ပြု အန်ကယ် ..''

ဟု ခယယာနိုင်စွာ ပြောလိုက်မိရပါပြီတည်း။ အန်ကယ် ဦးထက် ၏ ခြေဖမိုးပေါ် ခေါင်းတင် မတောင်းပန်ရုံတစ်မယ် ပုံစံအချိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို ခဲယယ ပြောနေတော့လည်း အန်ကယ် မနေတတ်ရှာ နေရခက် အားနာပုံကြီးဖြင့် ..၊

"အန်ကယ့်ဘက်ကတော့ ပြောစရာ မရှိပါဘူးကွယ် .. လူလေ တကယ့်ကို ချစ်မြတ်နိုးတတ်လာတယ်လို့ပဲ မှတ်ယူပါတယ် .. ဒါ မယ့် .. သမီးဆန္ဒကိုတော့ မေးကြည့်ပါရစေဦး .. သူက .. ဘာ ပြန်ဖြေမလဲ မသိဘူးလေ .. လူလေး ပြောပုံအရဆိုရင်တော့ .. လူလေ သမီးတို့ သိကျွမ်းခဲ့ကြပြီဆိုတော့ တစ်ယောက်အပေါ် တစ်ယော စောစောက မြင်ထားတဲ့ အမြင်တွေလည်း ပြောင်းကုန်ကြမယ်လို့ ထ ပါရဲ့ .. ဒါပေမယ့် .. ထူးဆန်းတာတစ်ခုက အန်ကယ့်ဆီကို သ ဖုန်းဆက်လာတိုင်း .. လူလေးနဲ့ ဆုံကြ .. သိကြတယ်ဆိုတာ ထည့်မ လာဘူးကွယ့် .. ကြည့်ရတာ .. ရှက်လို့များလားလေ ..၊ သမီးက လူ ကို အရမ်းမုန်းဟယ်ဆိုတာမျိုး ပြောခဲ့တုန်းက ပြောခဲ့တာမို့ .. ခု ခင်မင်ကြတယ်ဆိုရင်ဖြင့် .. သိမှာကို ရှက်ပုံရနေတယ် ထင်ပါရဲ့ နေစေ .. နေစေ .. အန်ကယ် ခုလည်း သမီးကို ဖွင့်မမေးဘူး သိလာ ခဏတော့ .. စောင့်ကြည့်လိုက်ဦးမယ် .. ဖွင့်မေးလိုက်ရင် .. သ ရှက်သွားလိမ့်မယ် လူလေးရဲ့ .. အားတော့ နာပါရဲ့ .. လူလေးကို ပြမှ ဖြစ်မှာမို့သာ ပြောပြရမှာ .. ဒီက သမီး သွားလိုက်တုန်းက လူ ကို အရမ်း နာကြည်းမုန်းတီးနေတာကွယ့် .. အဲဒါ .. လူလေးကို ဟ ဆုံမယ်ဆိုတာ သိမယ်တောင် မထင်ဘူး .. မမျှော်မလင့် ဆုံမိကြ သိသွားကြတော့လည်း .. တစ်ယောက်အကြောင်း တစ်ယောက် သိ သလောက် သိလာကြ .. တစ်ယောက်စိတ်ထား တစ်ယောက် နား လာကြတဲ့ကိစ္စ .. အန်ကယ့်ကို သမီး ဖွင့်ပြောရမှာ ရှက်နေပုံရတ ကွယ့် .."

ဟု ရယ်၍ ပြောတော့ သူ ငြိမ်နေသည်။

"သူ ရောက်တဲ့အခါ .. ဘယ်လို ဆုံကြတယ်ဆိုတာ အန်က





မေးကြည့်ပါ အန်ကယ် .. အဲဒီအခါမှာ .. သေချာတာတစ်ခုက .. အန်ကယ် ကျွန်တော့်အပေါ် အံ့ဩနေမယ်ဆိုတဲ့ အချက်ပါပဲ .."

ဟုတ်သည် ..၊ မအံ့ဩဘဲ နေမည်တဲ့လား ..။

ရွှေအိမ်သူ ၏ ရက်ရက်စက်စက် လက်စားချေမှုကြီးကို သူ အဘယ်မျှထိ ပြင်းထန် ရူးနစ်စွာ ခံခဲ့ရသည်ဆိုတာ အန်ကယ် ဦးထက် လူ သိရမည်ကိုးလေ ..။

ရွှေအိမ်သူ က ထိုအဖြစ်တွေကို ဖွင့်ပြောမည်သာ ... ဘာကြောင့် ဆို .. သတိုးနေခ သည် ရွှေအိမ်သူ ကို လက်ထပ်ပါရစေဟု ခွင့်ပန်နေပြီ ဟု အန်ကယ် ဦးထက်လူ ပြောချေမည်ကိုးလေ ..။

ထိုအခါမှာ .. ရွှေအိမ်သူ ဘယ်လိုမှ လက်ခံမှာ မဟုတ် ..၊ ငြင်းချေ မည်သာ ..။ ငြင်းဆန်ရင်းဖြင့်လည်း .. ဟသ်ာ ဆိုသည့် မိန်းကလေးတစ် ယောက်အကြောင်းကိုပါ အန်ကယ့်ကို ပြောပြပေလိမ့်မည်။

ထိုမျှအထိ အရှက်တကွဲ ဖြစ်ခဲ့ရသည့် သတိုးနေခ က .. ရွှေအိမ်သူ ကို လက်ထပ်ချင်ပါသည်ဆိုတာမျှဖြင့် လက်ခံမှာ မဟုတ်သည်က ရွှေ အိမ်သူ ကိုယ်တိုင်ပဲ ဖြစ်နေရမည်သာတည် ..။

သူ့အပေါ် စိတ်ချမည် မဟုတ် ..၊ ယုံကြည်မည် မဟုတ် ..၊ ဒါကို သူ သိနေသည်။

ထိုအဖြစ်ကို သူ မည်သို့ ရင်ဆိုင်လိုက်နိုင်မည်ဆိုတာကိုလည်း ကြိုတင် တွေးထားပြီးသား ..၊ သူ ဘာဆက်လုပ်ရမည်ဆိုတာ ရှိနေပြီး ပြီ ..။

"သူ့ကို .. ကျွန်တော် .. နားလည်ပေးတဲ့စိတ် တစ်ခုနဲ့ .. သူ့ကို.. တန်ဖိုးထား မြတ်နိုးတဲ့စိတ်တွေနဲ့ .. သူ့ကို လက်ထပ်ခွင့်တောင်းတဲ့ စကားကို အန်ကယ့်ဆီမှာ .. အခုလည်း ဆက်ပြီး ပြောခဲ့ပါရစေ အန်ကယ် .. အဲသလို .. ကျွန်တော် ပြောခဲ့တယ်ဆိုတာ .. သူ့ကိုလည်း အန်ကယ် ပြောပြပေးပါ .. ပြန်ကြပါစို့ ဖေဖေ .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ သူ ကြမ်းပေါ်မှာ ထိုင်နေရာမှ ထရပ်သည်။

ဤနေ့မှာ သူ လုပ်ရမည့်ကိစ္စ ..၊ လုပ်ပြီးခဲ့ပြီ ..၊ ပြန်ဖို့ပဲ ရှိတော့သည်လေ ..၊

ရုတ်ခနဲ ရင်ထဲ တိုးဝင်လာသည်က .. ဟံသာ ..၊ ဟုတ်သည် - ဟံသာ ဖြစ်နေသည်။

သူ ဆုံးရှုံးခဲ့ရလေသော ဟံသာ သည် .. သူ့ရင်ထဲမှာ ခုထိ ရှိနေဆဲပါတကား ...။

သူ .. ဟံသာ ကို ဆုံးရှုံးရလေအောင် ရက်ရက်စက်စက်မှု .. ရင်ကို ချေခဲ့သူသည်လည်း .. ရွှေအိမ်သူ ပဲ ဖြစ်လေသည်တည့် ..။

သူ့ရင်သည် ကျေနေပြီ..၊ နာကြည်းခြင်းတွေဖြင့် ကျေနေပြီတည့်..။





အခန်း (၁၃)

"ဒီလောက်ထိ ဖေဖေ့သမီး အငြိုးအတေးကြီးလိမ့်မယ်လို့ ဖေဖေ ထင်မိခဲ့ဘူး သမီး .. ဒီလို ပြောမိတဲ့အတွက် မောင်သတိုးနေခ ဘက်က သမီးအပေါ်မှာ တင်တင်စီးစီး ပြောခဲ့တဲ့ကိစ္စကို မှန်နေတယ်လို့ပြောတာ မဟုတ်ဘူး နော် .. ဖေဖေဟာ သမီးရဲ့ ဖေဖေပါ .. ကိုယ့်သမီးဘက်က တဲ့စိတ်ပဲ ရှိပါတယ် ..၊ ဒါပေမယ့် ခုလို သမီးဘက်က တမင်တကာ အစီအမံချပြီး တစ်ဖက်သားကို အရှက်တကွဲ လုပ်တာကတော့ မှားနေတယ် သမီး .. သူ့ဘက်က ပြောခဲ့တာက သမီးနဲ့ သူ နှစ်ယောက်ပဲ ကြားရတဲ့စကား .. အခု သမီး တုံ့ပြန်ခဲ့တာက ဦးညို တို့ .. ဒေါ်စာနု တို့ .. ထူးထူး တို့ရှေ့မှာ ဖြစ်နေတယ် ..၊ သမီးကလည်း လှလှပပ လက်စားချေပြတာ .. သူ့ခများ ဟံသာ ကို အစေအပါးဖြစ်တယ်ဆိုတာ အသိကြီးနဲ့ .. တမြတ်တနိုး လက်ထပ်ခွင့်တောင်းတဲ့အထိ ဖြစ်ခဲ့တာကို သမီး ထည့်မစဉ်းစားခဲ့တာ ဖေဖေ အံ့သြတယ် ..၊ မောင်သတိုးနေခ ဟာ မာနကြီးတယ် .. ခေါင်းမာတယ်ဆိုတာ ဖေဖေလည်း သိပြီးနေပါပြီ - ဒီလောက် မာနကြီးပြီး ခေါင်းမာတဲ့သူတစ်ယောက်ရဲ့ နှလုံးသားဟာ ဟံသာ ကို လက်ထပ်ဖို့အထိ ဆုံးဖြတ်တယ်ဆိုတာ ဘာစခုဘည်းနဲ့ပဲ ဘယ်လောက်ထိ မွန်မြတ်တဲ့စိတ် ရှိတယ်ဆိုတာလည်း သမီး နားလည် ပေးရမှာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိမ်သူ ငြိမ်၍သာ နေလိုက်ရသည်ပါပဲ။ မြရတနာသို့ ရွှေအိ
သူ အမြန်ပြန်လာပါဟု ဖေဖေ ဖုန်းဆက်ခေါ်တာမို့ ချက်ချင်း ပြန်လာ
ခဲ့ခြင်းပါ။ တကယ်က ဗစ်တိုးရီးယားမှာ တစ်ပတ်လောက်နေဖို့ စိတ်
ကူးရှိခဲ့သည်ပါပဲ။ ပြန်သည့်အခါ ဗစ်တိုးရီးယားကို ဒီတိုင်း သော့ပိတ်
ချန်ထားခဲ့၍မှ မဖြစ်ချေသည်ကိုးလေ ..။

အရမ်းကို အလှအပတွေ ဆင် .. ဆေးသစ်တွေဘာတွေ သုတ်
ထားကာ ပရိဘောဂတွေကအစ သစ်လွင်နေသည့် ဗစ်တိုးရီးယား
ဒီတိုင်း သော့ပိတ်ချိတ်ခဲ့လျှင်ဖြင့် .. ဖုန်တွေ .. ပင့်ကူအိမ်တွေနှင့် အထ
မှာလည်း ဖြစ်ကုန်မည်။ လှပသော မြက်ခင်းစိမ်းနှင့် ဥယျာဉ်သည်လည်
အပြုအစုကင်းလျှင်ဖြင့် ပေါင်းမြက်တို့ကြားထဲမှာ ပျောက်ဆုံးသွား
မည်။ ဒါကြောင့် အလုပ်သမား လိုသည်လေ ..။

စိတ်ချရမည့် အလုပ်သမား လိုတာမို့ ဘဘညို နှင့် ဒေါ်စာနု နှ
ထူးထူး တို့ကို ခဏ ချန်ခဲ့မှ ဖြစ်မည်။ နောက်တော့မှ ရွှေကြိုးကြာ
လုပ်သည့် ဝန်ထမ်းတွေထဲမှ စိတ်ချရသူကို ဗစ်တိုးရီးယားသို့ လွှတ်မည
ဟု ဆုံးဖြတ်ထားခဲ့ပေမယ့် .. လောလောဆယ်မှာတော့ ဖေဖေ လှမ်းခေ
တာမို့ ဘဘညို နှင့် ဒေါ်ကြီးစာနု နှင့် ထူးထူး တို့ကိုပဲ ဗစ်တိုးရီးယား
စောင့်ရှောက်ဖို့ ထားခဲ့ရကာ ..၊ ရွှေအိမ်သူ ကိုယ်တိုင်လည်း ကားန
မပြန်တော့ဘဲ လေယာဉ်နှင့် ပြန်ခဲ့ခြင်းပါတည့် ..။

ပြန်ရောက်တော့ ခရီးရောက်မဆိုက်ပင် ဖေဖေသည် စကား
တည့်တိုးပဲပြောခဲ့ပါ၏။ သတိုးနေခ မှ လာတောင်းပန်တာတွေရော
လက်ထပ်ခွင့်ပန်တာတွေရော .. ဖခင်ကိုပါ ခေါ်လာကာ တခုတယ
တောင်းပန်တာတွေကအစ ပြောလာတော့ ရွှေအိမ်သူ မျက်လုံးမျက်
ပြူးသွားရကာ .. မပြောမဖြစ်တော့ပြီမို့ ဗစ်တိုးရီးယားမှာ ဟသာ ဆိုတာ
ကို ဘယ်လို ရွှေအိမ်သူ အသွင်ပြောင်းအဖြစ် ရှိစေခဲ့သည်မှအစ ..၊ ဟသာ
ကို လက်ထပ်ခွင့်ပန်ပါသည့် သတိုးနေခ ကို ဘယ်သို့ဘယ်နှယ် အနိ





ယူပြခဲ့သည်အဆုံး .. အားလုံးကို ရွှေအိမ်သူ ပြောပြခဲ့ပါပြီ။ ဖေဖေ
အလွန်တရာကိုမှ ငြိမ်ကျသွားကာ အတန်ကြာတော့ ဖေဖေ့မျက်နှာ
ထက်မှာ စိတ်ထိခိုက်ရိပ်တွေ ဖွန်းထင်း ဖြစ်တည်လာခဲ့ ကြရာမှ ဖေဖေ
ရွှေအိမ့် ကို အပြစ်တင်စကား ပြောလာခဲ့ပါပြီတည်း ..။

"သူ .. ခုလို .. ဖေဖေ့ဆီမှာ လက်ထပ်ခွင့် လာတောင်းမယ်လို့
မထင်ခဲ့တာ အမှန်ပါပဲ ဖေဖေ .. သူ့လို အလွန်မာနကြီးတဲ့ လူတစ်
ယောက်ဟာ ရွှေအိမ့် ကို ဒီလောက် မြန်မြန်ဆန်ဆန်ကြီး နားလည်
ခွင့်လွှတ်ပေးနိုင်မှာလည်း မဟုတ်သလို .. ချစ်လည်း ချစ်နိုင်မှာ မဟုတ်
ဘူး ဖေဖေ .. သူ့ဆီမှာ လျှို့ဝှက်ကြံစည်မှုတစ်ခု ရင်ထဲမှာ ကိန်းအောင်း
နေတယ်လို့ သမီး ထင်တယ် .. သူက .. သူ့ကို လှောင်ရယ်ရယ်ပြီး
အနိုင်ယူခဲ့တဲ့ ရွှေအိမ့် ကို ချန်ခဲ့ပြီး အမြန်ဆုံး ရန်ကုန်ပြန်ရောက်လာ
တာကိုး ..၊ သူ့ရဲ့ မိုးထက်နေ ဟိုတယ်အလုပ်ကို ချက်ချင်း ထားရစ်ခဲ့ပြီး
ဒီလောက် အမြန်ကြီး ရန်ကုန်ကို ရောက် .. ရောက်တဲ့နေ့မှာပဲ ချက်ချင်း
မဆိုင်း ဒီကိုရောက်လာပြီး ဖေဖေ့ဆီမှာ ခယယကြီး အဲဒီ လက်ထပ်ခွင့်
ကို တောင်းတယ်ဆိုတာကိုက .. မယုံကြည်နိုင်စရာ ဖြစ်နေတယ်
ဖေဖေ.."

ရွှေအိမ်သူ ရင်ထဲ ရောက်လာနေသည့်စကားတွေကို ဖေဖေ့နှယ်
ပင် တည့်တိုး ပြောပြလိုက်မိရသည်ပါပဲ။ သားအဖနှစ်ယောက် ဧည့်ခန်း
မှာ မျက်နှာချင်းဆိုင် ထိုင်ရင်း တစ်ချက် ငြိမ်နေကြပြန်သည်။ ဖေဖေ
သက်ပြင်းရှိုက်ကာ ခေါင်းယမ်းသည်။

"အဲသလို .. သတိုးနေခ ရဲ့ စိတ်တွေ အောက်တန်းမကျနိုင်ဘူး
သမီး .. အထူးသဖြင့် မာနအလွန်ကြီးတဲ့ ယောကျ်ားတစ်ယောက်ဟာ..
ပိုပြီးတော့ အောက်တန်းမကျနိုင်ဘူးလို့ ဖေဖေ ယုံကြည်တယ် ..၊ သူ
အဖေကိုပါ ခေါ်လာပြီး ဖေဖေ့လို လူကြီးတစ်ယောက်ကို .. လာပြီး
လှည့်ဖြားလိမ်ညာစရာကို မရှိတာဘဲ .. သူ့သိက္ခာကို ခင့်ချင်တောင်မှ



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေရဲ့ သိက္ခာကိုတော့ ချမယ့်သားတစ်ယောက် မဖြစ်နိုင်ဘူး သမီး..''

ဖေဖေသည် သတိုးနေခ အပေါ် အတော်ကြီး အထင်တကြီးဖြင့် ယုံကြည်နေပြီဆိုတာ ရွှေအိမ်သူ သိနေရပြီ ..၊ ရင်ထဲ ပို၍ ထိတ်လန့်လာ၏။ ရွှေအိမ့် ကို သတိုးနေခ နှင့် ဖေဖေသည် သဘောမျှနေချေပြီတဲ့လား ..။

''သမီးလည်း မာနကြီးတဲ့ ရွှေအိမ်သူ ပါပဲ ဖေဖေ .. မာနကို ထိပ်တိုက် စော်ကားခံရတဲ့အခါမှာ သမီးလည်း သူ့ကို တုံ့ပြန် လက်စားချေခဲ့တာပဲ မဟုတ်လား ..၊ အဲသလို သူ့ကို အနိုင်ရဖို့အတွက် .. ဟသ်ာ ဆိုတဲ့ ကောင်မလေးတစ်ယောက်အဖြစ် သူ့ကို ရွှေအိမ် လှည့်စားခဲ့ခြင်းဟာ ရွှေအိမ် ရဲ့မာနကို ထိခိုက်တယ်လို့လည်း မထင်သလို .. ရွှေအိမ့် သိက္ခာကိုလည်း မထိခိုက်စေနိုင်ဘူးလို့ လိပ်ပြာသန့်သန့်နဲ့ကို ခံယူခဲ့တာပါ ဖေဖေ .. သမီးရဲ့မာနကို ချိုးဖွဲ့တဲ့လူတစ်ယောက်ကို အနိုင်ရဖို့ အတွက်ဆိုရင် ..သမီး ဘာကိုမဆို လုပ်ပိုင်ခွင့်ရှိတယ်.. အဲသလို တုံ့ပြန် ခြင်းဟာလည်း မျှတတယ်လို့ သမီး သဘောထားသလို .. သူကလည်း သူ့မာနအတွက် .. သမီးအပေါ်မှာ အနိုင်ရဖို့အတွက် ကြိုးစားခြင်းဟာ သူ့သိက္ခာကို တက်စေတယ်လို့ပဲ သူ့မာနနဲ့သူ .. ဆုံးဖြတ်ထားမှာပါ ဖေဖေ ..''

ရွှေအိမ်သူ ဆက်တိုက် ဖေဖေ့ကို ပြောတော့ ဖေဖေ ခေါင်းပဲရမ်း နေသည်။ ဖေဖေသည် သတိုးနေခ ကို လုံးဝ အထင်တကြီး ရှိနေပြီဆို တာကို ပို၍ ရွှေအိမ် သိလာရလေ .. ထိတ်လန့်လာရလေပါ ..။ ရွှေအိမ့် ရင်ထဲမှာ ပျောက်မရနိုင်စွာ ထင်ဟပ်မြဲ တည်နေသည်က အရမ်းကို မာနတွေဖြင့် ပြည့်ဝနေသူတစ်ယောက်၏ မျက်ဝန်းတွေပဲ ဖြစ်လေသည်။

ထိုမျက်ဝန်းတွေ၏ အရှင်သခင်ကို ရွှေအိမ် လျှော့မတွက်နိုင် .. မယုံကြည်ပေးလိုက်နိုင် ..။





''သူနဲ့ ရွှေအိမ့် မှာ တူညီတဲ့မာနနဲ့ အရည်အချင်းတွေ ရှိကြတယ် ဖေဖေ .. အဲဒီ အရည်အချင်းတွေနဲ့ .. သူ့ကို ရွှေအိမ် အနိုင်ယူခဲ့ပြီး ရွှေအိမ့် မာနကို အညွန့်တလူလူနဲ့ သူ့ရှေ့မှာ ရှိစေခဲ့ပြီးပြီ ..၊ အခု .. သူ့အလှည့်အဖြစ် သူ ရွေးချယ် ခံယူပြီး.. အဲဒီအရည်အချင်းတွေနဲ့ ရွှေအိမ့် ကို သူ အနိုင်ယူပြီး သူ့မာနကို အညွန့်တလူလူ တက်ဖို့ သူ ကြိုးစားလိမ့် မယ် ဖေဖေ .. အဲဒါကို .. သမီးတို့ဘက်က လျှော့တွက်လို့မရတဲ့ အဓိက အချက်ပဲ ..''

ရွှေအိမ်သူ အလေးအနက်ထား၍ ပြောလာတော့ ဖေဖေ ပြုံး၍ ကြည့်လာသည်။ ဖေဖေ့အပြုံးသည်ပင်လျှင် လှောင်ရိပ် သဲ့သဲ့ ပါလာနေ ကြတာကို ရွှေအိမ် တုန်လှုပ်ချောက်ချားစွာ မြင်လာရပါပြီ ..။

''ဖေဖေ့သမီး ခုကျတော့ သွေးကြောင်နေတယ် ဆိုပါတော့ .. တစ်ဖက်သားကို အနိုင်ယူချင်ဇောနဲ့ မတရား လှည့်ဖြားပြီး အနိုင်ယူခဲ့ တာတွေ မလုပ်ခင်မှာ အဲဒီလို ဆင်ခြင်တွေးတွေ တွေးနေဖို့ လိုတယ် သမီး .. လူတစ်ယောက်ကို အနိုင်ယူဖို့ ကြိုးစားတယ်ဆိုရင်တောင်မှ မှတ်ကျောက်အတင်ခံရဲနိုင်တဲ့နည်းလမ်းမျိုးနဲ့ ဖြောင့်ဖြောင့်မတ်မတ် လမ်းကို ရွေးချယ်ပြီး အနိုင်ယူတတ်မှ .. သိက္ခာနဲ့ မာနကို အညွန့် တလူလူ ဖြစ်စေနိုင်တာပါ သမီး ..၊ ခုလို .. ဟသ်ာ ဆိုတဲ့ ကောင်မလေး တစ်ယောက်ကို မသနား သနားအောင် လုပ်ပြ .. ချစ်ဟာအောင် ကြိုး စား .. တစ်ဖက်သားက တကယ်တမ်း လက်ထပ်မယ်ဆိုတာအထိ ဆုံး ဖြတ်လာချိန်ကျတော့မှ အနိုင်ယူတာဟာ သတိုးနေခ ရဲ့အချစ်ကိုလည်း စော်ကားတယ် .. သူ့မာနကိုလည်း ချိုးဖွဲ့တယ် .. အဆိုးဆုံးက လူပုံ အလယ်မှာ အရှက်တကွဲ ဖြစ်စေတာပဲ သမီး .. ဦးညို တို့ .. ထူးထူး တို့ .. ဒေါ်တာန တို့ကလည်း သမီး ခိုင်းသမျှ အားလုံး လိုက်လုပ်ကြ တာကိုး .. အေးလေ .. သမီးဘာ မြီရတနာရဲ့ အရှင်သခင်ပေပဲလေ .. သူတို့ခမျာ သမီး ခိုင်းတာ လုပ်ကြရပေမပေါ့ ..''



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ညည်းသည်။

"ဒါပေမယ့် .. သမီးဘက်က ဒီလောက်ထိ သံသယကြီးနေတဲ့ ကိစ္စ .. ဖေဖေ ဖွတ်မတိုက်တွန်းပါဘူး .. အိမ်ထောင်တစ်ခုကို တစ်ဖက်က ဘယ်လောက်ပဲ တမြတ်တနိုး ထူထောင်နေချင်ပါစေ .. သမီးဘက်က သူ့အပေါ် မယုံမကြည်ရှိနေတယ်ဆိုရင် .. မထူထောင်ကြတာပဲ ကောင်းပါတယ် ..၊ ဖေဖေ ဖုန်းဆက်ပြီး ကိုမိုးပြည့် ကို သမီးဘက်က အဲဒီကိစ္စ ငြင်းတယ်ဆိုတာ အကြောင်းပြန်လိုက်ပါ့မယ် .. သူ့သားကို သူပဲ ပြောပြတာ ကောင်းပါတယ် .."

ဟု ပြောကာ ဖေဖေ ခြံထဲ ဆင်းသွားတော့ ရွှေအိမ်သူ စိတ်ညစ်လက်ညစ်ဖြင့် ကျန်ခဲ့ရပါ၏။ ဗစ်တိုးရီးယားမှာ အစဉ်တစိုက်ကြီး ကျေနပ်ပီတိဖြစ်ခဲ့ရပါသည့် အနိုင်ရမှု၏ အပ်နှင်းရာ ခံစားချက်တွေသည် လောလောဆယ်မှာ ငုပ်လျှိုးကုန်ရပြီ။ စိတ်ညစ်နေတာက ထိပ်ဆုံးမှာ နေရာယူလာနေပါသည့်အဖြစ် ..၊ ဖေဖေကတော့ ရွှေအိမ့် လုပ်ရပ်တွေအပေါ် အပြစ်တင်ခဲ့ပြီးပြီ ..။ ရွှေအိမ် ဘက်က မှန်သည်ဟု ဩဘာမပေး ..၊ နှစ်ထောင်းအားရ မရှိ ..၊ မျက်နှာ မကောင်း ..။

"ဒါဆို .. ရွှေအိမ် က ဘယ်လိုနည်းနဲ့ သူ့ကို အနိုင်ယူရမှာလဲ ဖေဖေရဲ့ .. သူ ရင်တွေကျေကုန်အောင် ဒီနည်းနဲ့ပဲ ရွှေအိမ် လုပ်နိုင်တယ်လေ .. ရွှေအိမ် ဟာ သူ့မာနတွေအောက်မှာ ငြိမ်သက် အရှုံးပေးလိုက်တဲ့ မိန်းမတစ်ယောက်အဖြစ် .. ရှိပေးနေရမှာလား ဖေဖေရဲ့ .."

ဟု ဖေဖေ့နောက်မှ ပြေးလိုက်သွားကာ အော်မေးလိုက်ချင်သည်။ ပေါက်ကွဲ ငိုယိုပစ်လိုက်ချင်သည်။

"ဒီလူဟာ .. ဖေဖေနဲ့ ငါ့ကိုတောင် အမြင်ချင်း မတူအောင် .. ခုကတည်းက သွေးခွဲနေတဲ့လူတစ်ယောက် ဖြစ်ပြီးနေပြီ .."

ဟု အံခဲ၍ တွေးကာ အမုန်းတရားသည် သတိုးနေခ အပေါ် ပို၍ သက်ဆင်း၏။





ပြတင်းအနီးမှာ ရွှေအိမ် သွားရပ်၍ ဖေဖေ့ကို ကြည့်တော့ ပန်းခြံထဲမှာ လမ်းလျှောက်နေရင်း ဖေဖေ ဖုန်းပြောနေတာကို မြင်နေရပါ၏။

"ဘာပဲဖြစ်ဖြစ် .. ဖေဖေ ခုလို အမြန်ဆုံး အဖြေတစ်ခုကို ပေးလိုက်တာ ကောင်းပါတယ်.. သူ့ကို ငါ ငြင်းတယ်ဆိုတာ သူ ကောင်းကောင်းကြီး သိသွားဖို့ သူ့အဖေက သူ့ကို ပြောပြပါလိမ့်မယ် .."

ဟု တွေးကာ ရင်ထဲ ဖြုတ်ခနဲ တိုးဝင်လာသည်က အောင်နိုင်မှု၏ ခံစားချက်တွေပဲ ဖြစ်နေသည်တည့် ..၊ ရွှေအိမ်သူ ၏ ရင်ထဲမှာ သူနှင့် ပတ်သက်လာလျှင် အနိုင်ယူလိုသည့်စိတ် .. အနိုင်ရသည့်ခံစားချက်တွေဖြင့်သာ ရှင်သန် ကြည်နူးနေချင်သည်။ မပျောက်ဆုံးသွားနိုင် .. မတန့်ရပ်သွားနိုင် ..။

အပေါ်ထပ်သို့ အဝတ်အစားသေတ္တာကို ဆွဲ၍ ရွှေအိမ် တက်ခဲ့ရပါ၏။ ခုမှ ခရီးရောက်ခဲ့ရတာမို့ လောလောဆယ်မှာ တစ်ချက်လောက် နားလိုက်ချင်သည်။ ကော်ဖီပြင်းပြင်းတစ်ခွက်လောက်လည်း သောက်လိုက်ချင်သည်။ ဒါပေမယ့်.. မီးဖိုထဲမှာ ချက်ပြုတ်နေသည့် လေးလေးစံ ကို ထပ်၍ မခိုင်းချင်တာမို့ အပေါ်ထပ်သို့သာ တက်လာခဲ့ရသည်ပါပဲ။

စိတ်မောလက်မော ဖြစ်နေတာမို့လည်း ကော်ဖီကို ကိုယ်တိုင်ဖျော်ချင် ..၊ စိတ်လက် ပင်ပန်းနေရသည်ကိုးလေ ..။ လေးလေးစံများမှာလည်း ရွှေအိမ် မှ ဘဘသို့ ကိုရော .. ဒေါ်ကြီးစာနု ကိုရော ဘုရားထူး ပါမကျန် ခေါ်သွားချိန်ကတည်းက အိမ်မှာ ဒရိုင်ဘာအလုပ်အပြင် ထမင်းချက်အလုပ်ပါ တွဲလုပ်နေရတာမို့ ရွှေအိမ် ကော်ဖီဖျော်ခိုင်းတာတွေ မလုပ်ရက်ပါ။ အားနာရသည်လေ ..။

အခန်းထဲရောက်တော့ စိတ်လက်လျှော့လိုက်ကာ ခုတင်ထက်မှာ ထိုင်ချလိုက်သည်ပါပဲ။ နောက်တော့ မေ့ဖွဲ့သေတ္တာထဲမှ ဖုပုလင်းကို ထုတ်ကာ ပုလင်းလိုက်ပဲ မော့သောက်ပစ်လိုက်မိသည်။ ရင်ထဲ ပူနေသည်လေ ..၊



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဖုန်းဆက်၍ အမြန်ပြန်လာဖို့ ခေါ်တုန်းကတော့ ရွှေ ကြာမှာ အရမ်း အလုပ်များနေ၍ ဖေဖေ တစ်ယောက်တည်း မနိုင်ေ တာမို့ လှမ်းခေါ်ခြင်းဟု ထင်မိခဲ့သည်။ ခုကျတော့ သတိုးနေခ ဖြစ်နေသည်တည့် ...၊ ရွှေအိမ်သူ ခုတင်ထက်မှာ လှဲလိုက်မိကာ ဖက် လေးကို ဖက်၍ မျက်တောင်တွေကို မှေးပိတ်ထားလိုက်မိရပါ၏။

လေအေးစက်ဖွင့်ထားရာ အခန်းကျယ်ကြီးသည်လည်း အေး နိုင်နေတာမို့ .. ရွှေအိမ် မျက်ခွံတွေ လေးလာသည်။ ငိုက်မျဉ်းလာသ နောက်တော့ တစ်ချက် သမ်းလိုက်မိပြန်သည်။ ခေါင်းထဲ ရောက် သည့် သတိုးနေခ ပြဿနာထုပ်ကြီးကို ခဏ ဖျောက်ထားလိုက်မ ဖေဖေ့ထံမှ အပြစ်တင်ခံရပါသည့် ခံစားချက်တွေကြောင့် ရင်ထဲ တ နေသမျှကို ပြေကျ သက်သာလာစေနိုင်ဖို့ဆိုတာ လောလောဆယ် အိပ်မောကျသွားခြင်းသည် အကောင်းဆုံးပဲ ဖြစ်နေသည်ဟု ရွှေ တွေးကာ .. စိတ်ကို လွှတ်ပေးလိုက်သည်။ အိပ်ချင်စိတ်ကို လွှတ် ခြင်း ...။

ရွှေအိမ့် ပခုံးကို ဖွဖွပုတ်၍ နိူးလာနေတာမို့ ရွှေအိမ် မျက်ခွံ တွေ ပွင့်လာရပါ၏။ ငုံ့မိုးကြည့်နေသည့် ဖေဖေ ...၊ ဖေဖေ မျက် မကောင်း ...၊ စားပွဲတင်နာရီကို ရွှေအိမ် ကြည့်မိလိုက်ရပါပြီ ...၊ ရွှေ တစ်နာရီနီးပါးမျှ အိပ်ပျော်သွားသည်ပဲလေ .. ဖေဖေ ဘာကြောင့် ရွှေ ကို နိူးရပါသတဲ့လဲ ...။ အကြောင်းမဲ့ မဖြစ်နိုင် ...၊ ဖေဖေသည် ရွှေ ကို တော်ရုံကိစ္စဖြင့်တော့ မနှိုးနိုင် .. ခရီးပန်းလာသည့် သမီးလေး အိ စေ .. ဟု ဆုံးဖြတ်မည်သာ ...။

"ဖေဖေတို့ တစ်နေရာကို အခုပဲ .. သွားကြမှ ဖြစ်မယ် သမီး လာ .. လိုက်ခဲ့ .."

ဟု ဖေဖေ အသံတွေ အက်ကျနေရင်း မျက်နှာပျက်ပျက်ဖြင့် တော့လည်း ရွှေအိမ် ထထိုင်ကာ ...





"ဘယ်ကို သွားမှာလဲ ဖေဖေ .."

ဟု မေးမိရစဉ်မှာ ဖေဖေ ခေါင်းခါသည်။

"မမေးနဲ့ .. လိုက်ခဲ့ .. လိုက်ခဲ့ပါ သမီး .."

ဟုသာ ပြောသည်။ ရွှေအိမ့် ကို လက်ဆွဲ၍ ခေါ်သည်။

ဖေဖေ့နောက် ရွှေအိမ် ပါခဲ့ရပါပြီ ...၊

ဖေဖေ အရမ်းမျက်နှာမကောင်းဘဲ ရှိနေတာကိုတော့ မသိ၍ကို မရ ...၊ အရမ်းကို သိသာနေသည်ပဲလေ ...၊ တစ်ခုခု .. ဆိုးဆိုးဝါးဝါး .. ဖြစ်နေသည်လား ...။


ရွှေကြိုးကြာမှာများ .. အရမ်းကို အရေးတကြီးကိစ္စတစ်ခု .. ရုတ် ခနဲ ပေါ်လာ၍များလား ...၊ ရွှေအိမ်သူ ဖေဖေ ခေါ်ရာအတိုင်း ကားပေါ် ပါလာရသည်ပါပဲ ...။



www.burmeseclassic.com

www.burmeseclassic.com





မင်းအမုန်းတွေ
ကမ္ဘာမြေတည်သရွေ့
ရှည်ကြာပါစေကွယ် ...။

ချစ်ပင်ထိပ်ဖျားမှ
အမြစ်ကျရာ မြေလွှာအထိ
တည်မြဲသည့် ငါ့အချစ်
မင်းအတွက်သာ ဖြစ်စေမည် ...။

အရွက်ပြည့်သိပ်
အေးအရိပ်မှာ
မင်းနားခိုရာ ဖြစ်စေမည် ...။

အပွင့်ဖွေးမြ
ပန်းလှများမှာ
မင်း သီကုံးရာ ဖြစ်စေမည် ...။

ငါ၏အချစ်
ဤသစ်ပင်သည်
မြတ်နိုးကြည်သာ
အမြစ်ဖြာယှက်
မင်းအတွက်သာ ဖြစ်စေမည် ...။
ဪ...
မင်းအတွက်သာ ဖြစ်စေမည် ...။







အခန်း ( ၁၄ )

ပိတ်ထားသော အခန်းတံခါးရှေ့မှာ ရွှေအိမ်သူ ရပ်နေရစဉ်ခိုက်မှာ နေရခက်ခြင်းနှင့် မျက်နှာမထားတတ်ခြင်းတို့က အပြစ်မကင်းသူတစ်ယောက်၏ ခံစားချက်များအဖြစ် တစ်ကိုယ်လုံး ဝါးမျိုထားသည့်နှယ် ရှိနေရပါပြီ ..။

အပြစ်တင်ကြည့်ဖြင့် စိုက်ကြည့်နေသည့် ဖေဖေ့ မျက်ဝန်းတွေကို ရင်မဆိုင်ရဲသူသည်လည်း ရွှေအိမ်သူ ပဲ ဖြစ်နေသည်။

တစ်ဖက်ခန်းဆီမှ တစ်ခုခုတို့ နံ့ရှုံကို လာထိ၍ ကျွဲသံတွေက ရွှေအိမ်သူ ရပ်နေသည့်အချိန်မှာပင် ပြတ်တောင်းပြတ်တောင်း ဖြစ်ပေါ်နေဆဲ ..၊

အခန်းထဲရှိ ပစ္စည်းတွေလည်း ကုန်သလောက် ရှိနေပြီထင့်..။ ကျွဲစရာ လက်ကျန်ပင် ရှိပုံ မရတော့ပြီ ..။

"ကိုထက်လူ ဆီက အဖြေရလိုက်ချိန်ကတည်းက အခန်းထဲ သားဝင်သွားတာပဲ .. ကျွန်တော် ကိုထက်လူ ရဲ့အဖြေကို ဖုန်းထဲက ကြားကြားချင်း .. သားက ဘေးမှာ ရှိနေတော့ ဒီစည့်ခန်းထဲမှာပဲ အဲဒီအဖြေ



www.burmeseclassic.com

www.burmeseclassic.com



ကို သား သိအောင် ပြောပြလိုက်တာပါ .. ဒါပေမယ့် .. ဒီလောက်ကြီး
သားဟာ ပြင်းပြင်းထန်ထန် ကြေကွဲ ခံစားရလိမ့်မယ်လို့တောင် မထင်
ခဲ့တာပါ .. အလွန် စိတ်ဓာတ်အရာမှာ မာနကြီးတဲ့ သားဟာ မိန်းကလေ
တစ်ယောက်ကို လက်ထပ်ခွင့်မရတဲ့အဖြေကို သိရချိန်မှာ ငြိမ်ကျသွား
တယ် ကိုယက်လှ .. ငိုင်ကျသွားတယ် .. မျက်ရည်တွေ ကျလာတယ်
ဘာတစ်ခုမှလည်း မပြောတော့ဘူး .. အပေါ်ထပ်ကို တန်းတက်သွား
တာပဲ .. အခန်းထဲရောက်တော့ တံခါးပိတ်ပစ်လိုက်ပြီ ..၊ ကျွန်တော်
သူ့နောက်က လိုက်ပေမယ့် မမီလိုက်ဘူး .. ပြီးတာနဲ့ အတော်ကြ
အောင် တစ်ချက် ငြိမ်နေသေးတယ် .. နောက်တော့မှ ပစ္စည်းတွေ နံရံ
ထိ .. ကျကွဲသံတွေ ပေါ်လာတာပဲ ..၊ ဒီ တစ်နာရီဝန်းကျင်အတွင်း
နာရီဝက်လောက် ငြိမ်ကျလွန်းနေရာက .. နောက်ပိုင်းမှာ ခုလိုပဲ ပစ္စည်း
တွေ ထိသံ .. ကျကွဲသံတွေ ပေါ်နေတာ .. ကျွန်တော် သားကို တံခါး
ပေးဖို့ .. သူ အခန်းထဲဝင် တံခါးပိတ်လိုက်ပြီဆိုကတည်းက တော
လျှောက် ပြောနေတာပါ .. လုံးဝ ဖွင့်မပေးဘူးဗျာ ..၊ အခုတော့ ကျ
တော် စိတ်ထဲ ပူလွန်းလာတာနဲ့ ကိုထက်လှ ကို ဖုန်းဆက်ပြီး အ
အကြောင်း ပြောပြရ .. ဒီက သမီးကို ခေါ်လာပေးဖို့ အကူအညီတော
ရတော့တာပါပဲ ..၊ သားက သူ့ဘာသာသူသာ အခန်းထဲမှာ ဖြစ်ချင်
ဖြစ်နေပေမယ့် ဒီက သမီးကို ခေါ်ပေးဖို့ မတောင်းဆိုခဲ့ရှာပါ
ကိုထက်လှ ရယ် ..''

ဦးမိုးပြည့် ၏အသံတွေ ကြေကွဲခြင်းဖြင့် လှိုက်ခါနေသည်။ သ
အတွက် စိတ်ပူနေတာလည်း အရမ်းကို သိသာနေသည်။ ရွှေအိမ်
ကိုလည်း အပြစ်တင်ကြည့်ဖြင့် မကြည့်ရှာပါ ..။

''ခုလို သားကို ငြင်းတယ်ဆိုတာက .. သမီးမှာလည်း ငြင်းပိုင်
ရှိနေတာပါပဲ .. ဒါပေမယ့် သမီးရယ် .. သူ့ကို လောလောဆယ်
ထိန်းပေးပါ .. သမီးက တံခါးဖွင့်ပေးဖို့ ပြောတယ်ဆိုရင်ဖြင့် –





းတောင်မယ် ထင်ပါရဲ့..၊ သူက သမီးကို ချစ်နေတဲ့သူကိုး .. အန်ကယ့်
အနေနဲ့ကတော့ဖြင့် သား ခုလို တစ်ယောက်တည်း အခန်းဘံခါးပိတ်
ပေါက်ကွဲနေတာကို ကြာရှည် ဒီတိုင်း မထားရဲဘူး သမီးရယ် .. သား
ာစ်ခုခု ပေါက်ကွဲပြီး လုပ်လိုက်မှာကို စိုးရိမ်တယ် .. အန်ကယ့်ဘဝမှာ..
ီလောက်ထိ သား ပေါက်ကွဲ ခံစားတာမျိုး တစ်သက်နဲ့တစ်ကိုယ်
ာစ်ခါမှကို မကြုံဖူးတာပါ သမီးရယ် ..''

ဦးမိုးပြည့် ပြောနေတော့ ရွှေအိမ်သူ ငိုင်၍ ရပ်နေရပါ၏။ ရွှေအိမ့်
ကို အပြစ်လည်း မတင်ရက်နိုင် ..၊ အပြစ်တင်ခွင့်လည်း မရှိသည့်နေရာ
ာ အန်ကယ် ရှိနေတာကိုလည်း ဖွင့်ပြောရှာသည်ပါပဲ။ တစ်ခုပဲ ရှိသည်..
အခန်းတံခါးကို ဖွင့်ပေးဖို့အတွက် သတိုးနေခ ကို ပြောပေးဖို့ ရွှေအိမ့်
ကို အကူအညီတောင်းခြင်းတစ်ခုပဲ အန်ကယ့်ဘက်က တောင်းတောင်း
န်ပန်နိုင်စွာ ပြောနေခြင်းပဲ ရှိနေသည်။

''တွေ့တယ်မဟုတ်လား ရွှေအိမ် .. သမီးဘက်က တေးတေးမှတ်
တ် လုပ်လိုက်တဲ့ အရာတစ်ခုဆီက ပွင့်ကန်ထွက်လာတဲ့အသံ .. ခံစား
ချက်တွေဟာ ဘယ်လောက်ထိ ပြင်းထန်တယ်ဆိုတာ သမီး သိပြီ
ဟုတ်လား .. အဲဒီအသံဟာ မောင်သတိုးနေခ ရဲ့ ရင်ထဲက ပဲ့တင်သံ
ဖြစ်နေတယ် .. သမီး .. သူ့ရင်ထဲက မနိုင်ရင်ကန် ခံစားနေရတဲ့ အရှိန်
အဟုန်တွေကို .. အတန်မျှလောက်တော့ သက်သာရာရအောင် ကူညီပေး
လိုတယ် သမီး .. သူ့အတွက် သမီးလည်း စိတ်ပူပေးဖော်ရနေတယ်
ဆိုတာလေးလောက်တော့ .. သူ သိအောင် သမီး လုပ်ပေးရလိမ့်မယ်..၊
သူ တံခါးမဖွင့်ပေးမချင်း စိတ်ပူနေကြတဲ့သူတွေအထဲမှာ ဒီက ကိုမိုး
ပြည့် နဲ့ ဖေဖေတို့ပဲ ရှိနေတာ မဟုတ်ဘဲ .. သမီးလည်း ပါဝင်နေတယ်
ဆိုတာလေးလောက်တော့ သူ့ကို သိအောင် လုပ်ပေးလိုက်ပါ သမီးရယ်..
သူ မလွဲမသွေ တံခါးဖွင့်ပေးလိမ့်မယ်လို့ ဖေဖေ ယုံတယ် ..''

ဖေဖေ ပြောလာတော့ ရွှေအိမ်သူ မျက်လွှာချ၍ ငြိမ်နေရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သတိုးနေခ ခုလို အခန်းတံခါးပိတ်၍ ပေါက်ကွဲ ခံစားနေခြင်းသည် ရွှေအိမ့် ပယောဂမကင်းဘာကိုဟော့ အမှန်အတိုင်းပြောဟော့ .. ဆိုလျှင်တော့ ထိုအဖြေပဲ ထွက်လာမည်သာ ..။ သတိုးနေခ ကို ဟာသာ အဖြစ် ကောင်းကောင်းကြီး လှည့်စား၍ လက်စားချေပြခဲ့သည့် ရွှေအိမ်သူ ကို သတိုးနေခ မှ လက်ထပ်ခွင့် တောင်းလာသည်။ ရွှေအိမ်သူ က ငြင်းသည် ..၊ ဒါကြောင့် သတိုးနေခ ပေါက်ကွဲ ခံစားနေရပြီ ..၊ ဤအတွက် တာဝန်အရှိဆုံးလူသည် လောလောဆယ် ပြဿနာမှာတော့ဖြင့် ရွှေအိမ်သူ ပဲ ဖြစ်နေသည်။

ဤသို့သော နောက်ဆက်တွဲအဖြစ်တွေ ပိတောက်မြိုင်မှာ ဖြစ်လာလိမ့်မည်ဟု ရွှေအိမ် မစဉ်းစားမိခဲ့ ..၊ မတွေးမိခဲ့ ..။ ရွှေအိမ် အနိုင်ရလိုက်သည့် ဟာသာ ဆိုသည့် ကောင်မလေးတစ်ယောက်ဆိုတာ သတိုးနေခ ငြင်းခဲ့သည့် ရွှေအိမ်သူ ပဲ ဖြစ်သည်ဆိုသည့် ခံစားချက်တွေ၏ နောက်ကွယ်မှာ .. ၊ ဤအဖြစ်တွေ ဆက်၍ ဖြစ်တည်လာမည့် အငွေ့အသက်တွေက ထိုစဉ်ကတည်းက ရှိနေပြီဟု မည်သို့ ရွှေအိမ်သူ ထင်ထားပါ့မည်တဲ့လဲလေ ..။

မခံချိ မခံသာစိတ်ဖြင့်သာ သတိုးနေခ ခံပြင်းရင်း အသက်ရှင်ရမည်ဟု တေးထားသမျှ ..၊ ခုကျတော့ ကြေကွဲ လောင်မြိုက်နေသည့် အချစ်ဇောတွေဖြင့် ပေါက်ကွဲနေသည့် လူတစ်ယောက်၏ အခန်းတံခါးရှေ့မှာ အပြစ်မကင်းသူတစ်ယောက်အဖြစ် ရွှေအိမ်သူ ရပ်နေရပြီ ..၊ ရွှေအိမ်သူ အခန်းတံခါးကို ခေါက်လိုက်မိရပါပြီတည်း ..။

"ကိုသတိုးနေခ .. ရွှေအိမ်သူ ပါ .."

တံခါးခေါက်သံ ပေါ်လိုက်ချိန်မှာပင် နံရံကို တစ်ခုခု ထိလိုက်ကာ ကျကွဲသံ ပေါ်လာသည်။ ဒါပေမယ့် .. ရွှေအိမ်သူ ၏ခေါ်သံ ပေါ်လာပြီးတာနှင့် အခန်းသည် တစ်ဖက်ဆီမှာ ငြိမ်သက်သွားပါ၏။ အခန်းထဲ၌နေ၍ သတိုးနေခ သည် နားစွင့်နေချေသည်လား ..၊





ရွှေအိမ်သူ ဆိုသည့် ပြောသံကြောင့် နားစွင့်လာချေပြီလား ..။

ရွှေအိမ့် အာရုံထဲမှာ အခန်းထဲ၌ ငြိမ်သက် ရပ်နေလျက် ရွှေအိမ့်ထံမှ စကားကို စောင့်ဆိုင်းနေသည့် သတိုးနေခ ကို မြင်ယောင်လာမိရပါ၏။

"ကျေးဇူးပြုပြီး အခန်းတံခါးကို ဖွင့်ပေးပါ ကိုသတိုးနေခ .."

ရွှေအိမ်သူ ကိုယ်တိုင်လည်း မျက်နှာမကောင်းပါ ..၊ ဘေးမှာ ရပ်နေသည့် အန်ကယ်လ်ဦးမိုးပြည့် ကို အားနာနေမိရသည်ပါပဲ။ ဖေဖေ ခေါ်လာသည့်နောက်ကို လိုက်ပါလာခဲ့ရပေမယ့် ဘယ်ကို ဖေဖေ အရေးတကြီး ခေါ်လာသည်ဆိုတာ ရွှေအိမ်သူ မသိခဲ့ရပါ။

ပိတောက်မြိုင်သို့ ဖေဖေကိုယ်တိုင် ကားမောင်း၍ ရွှေအိမ့် ကို ခေါ်လာကာ ..၊ ပိတောက်မြိုင်သို့ ရောက်တော့လည်း သား၏အခန်းတံခါးရှေ့မှာ တခေါ်ခေါ်ဖြင့် စိတ်ပူနေသည့် အန်ကယ် ဦးမိုးပြည့် ထံသို့ ဦးဇွ ဆိုသူမှ ခေါ်လာပေးခဲ့တာမို့ ရွှေအိမ် တို့ သားအဖ ရောက်ခဲ့ရသည်ပါပဲ ..။

ခုကျတော့ ရွှေအိမ်သူ ဆိုတာ ကိုသတိုးနေခ ကို အခန်းတံခါးဖွင့်ပေးဖို့ ပြောနေသည့် မာနတွေကို ခဏ မေ့ထား[illegible]က်ရသည့် မိန်းမတစ်ယောက် ဖြစ်နေရပါပြီ ..။

အခန်းတံခါးဆီသို့ လျှောက်လာသည့် ခြေသံကို စိတ်လှုပ်ရှားစွာ ရွှေအိမ်သူ ကြားလာရပြီ ..၊ အခန်းတံခါးသည် ရုတ်ခနဲ ပွင့်၏။ သန်မာသော လက်တစ်ဖက်က ရွှေအိမ်သူ ၏လက်ကို ဆွဲယူလိုက်ကာ .. အခန်းထဲသို့ မြန်ဆန်လွန်းစွာပဲ ဆွဲခေါ်လိုက်တာ ခံလိုက်ရလျက် ..၊ ရွှေအိမ် အခန်းထဲ ရောက်တာနှင့် အခန်းတံခါးရွက်ကို ခုန်ချင်း ပိတ်လိုက်သူက သတိုးနေခ ပဲ ဖြစ်လေသည်။

ရွှေအိမ် လန့်ခနဲ မော့ကြည့်ချိန်မှာ မျက်တောင်မခတ် ငုံ့မိုး စိုက်ကြည့်နေသည့် သတိုးနေခ ၏ မျက်ဝန်းတွေကို ရင်ဆိုင် တိုးရသည်



www.burmeseclassic.com

www.burmeseclassic.com



ဝါဲ ... သတိုးနေခ ၏ ရွှေးတို့ စိုနစ်နေသည့် နဖူးပြင်ဆီသို့ ဆံပင်တွေ ပြိုကျနေသည်။ မျက်နှာထက်မှာ ကြေကွဲ ထိခိုက်နေသည့်အရိပ်တွေ သို့ဆင်း စွန်းထင်နေကြပါ၏။

လူတစ်ယောက်၏ ညှိုးမှု ချုန်းချုန်းကျ ကြေကွဲနာကျင်နေသည့် မျက်နှာကို ရွှေအိမ် မမြင်စဖူး ...။

မှိန်ဖျော့နေသည့် မျက်ဝန်းတွေမှာ မျက်ရည်တွေ ပြည့်နေသည်။ စိတ်ကိုလွှတ်၍ ရွှေအိမ့် ကို မျက်တောင်မခတ် စိုက်ကြည့်နေတာက လည်း မာနတွေ ကင်းနေသည့် လူတစ်ယောက်အဖြစ်ပဲ ရှိနေသည်ဟု ရွှေအိမ် သိလာနေရသည်။

ရွှေအိမ့် ပခုံးပေါ် တင်ထားသော လက်တစ်ဖက်သည် ဆတ်ဆတ် ခါနေသည်။ ရွှေအိမ့် လက်မောင်းကို ခုထိ ဆုပ်ကိုင်ထားဆဲ လက်ဖဝါး သည်လည်း တုန်ခါနေဆဲ ...။ အဘယ်မျှထိ ပြင်းထန်သော စိတ်ထိခိုက် ကြေကွဲရှိန်တွေ သတိုးနေခ ၏ တစ်ကိုယ်လုံးအနှံ့မှာ နှိပ်စက်နေကြချေ ပြီလဲ .. ဟု စတင်၍ စာနာစိတ်တွေ ဖြစ်လာရသည်က ရွှေအိမ်သူ ပါ..။ ရွှေအိမ်သူ ၏ တုံ့ပြန်လိုက်သော လက်စားချေမှုတစ်ခုသည် ညှိုးမှုအထိ လူတစ်ယောက်၏မာန[illegible]ကို ချေမှုန့် ပြိုဆင်းသွားစေနိုင်လောက်အောင် အထိနာသွားစေလိမ့်မည်ဟု မထင်ထားလိုက်မိ ...။

"မဟုတ်ဘူး .. အခု နင် မျက်ဝါးထင်ထင် မြင်တော့မှ .. ခုလို .. နင် တွေးနေတာပါ .. အစတုန်းကတော့ သူ့ကို ရှင်ရက်နဲ့ သေနေတဲ့ လူတစ်ယောက်အဖြစ် .. ရှိစေရမယ်ဆိုတဲ့ လက်စားချေချင်စောနဲ့ လုပ် ခဲ့တာ မဟုတ်လား .. ကဗျာတောင် ပေးလိုက်သေးတာပဲလေ ...။ ခုမှ .. နင် .. ရင်ဆိုင်တိုးကြုံတဲ့အခါကျတော့မှ စိတ်တွေ ထိခိုက်လာတာ မဟုတ်လား .. မိရွှေအိမ်သူ ..။ အခု သူ လူးလဲနေအောင် ခံစားနေရတာ ကို မထူးဆန်းနေနဲ့လေ .. နင် .. အဲသလိုဖြစ်အောင် .. တမင် အပင်ပန်း ခံပြီး အကွက်ချ လုပ်ခဲ့တာပဲလေ .. အခု .. သူ့ခံစားချက်တွေကို နင်





ခံနေရာက ချောင်းကြည့်နေစရာတောင် မလိုတော့ဘူး.. နင့်ကို တကူး တကခေါ်ပြီး ပြသလိုကြီးတောင် ဖြစ်နေပြီ .. နင် .. ကျေကျေနပ်နပ်နဲ့ အစ်ဝကြီး စိုက်ကြည့်လိုက်စမ်းပါ .. စိုက်ကြည့်နေစမ်းပါ .. အခုမှ .. ဘာလို့ .. စိတ်ထဲ အပျော်တွေ ခုန်မြူးပြီး စီးမလာနိုင်ဘဲ နင် ဖြစ်နေ ရတာလဲ .."

ရွှေအိမ်သူ ဆက်တိုက် တွေးနေရာမှ သူ့ကို မော့ကြည့်နေမိရဆဲ ပါ ...။ သူကလည်း ခုထိ ဘာမှ ပြောမလာသေး ...။ ရွှေအိမ့် မျက်နှာလေး ကိုသာ မျက်တောင်မခတ် တောက်လျှောက် ကြည့်မဝနိုင်သလို စိုက် ငေးကြည့်နေသည်။

နောက်တော့မှ သတိဝင်လာသည့်နယ်ဖြင့် ရွှေအိမ့် လက်မောင်းကို ဆုပ်ထားသည့်လက်ကို ရုပ်သည်။ ပခုံးပေါ်မှ လက်ကို ရုပ်သည်။ ခပ်သဲ့ သဲ့ ပြုံးပြသည်။

"မင်း ထင်တဲ့အတိုင်း အားလုံး ဖြစ်နေပြီ ရွှေအိမ်သူ .. ငါ့ကို ရှင်ရက်နဲ့ သေတဲ့လူအဖြစ် မြင်ချင်တယ် မဟုတ်လား .. အခု .. ဖြစ်နေ ပြီလေ .. မင်း .. ပျော်ပါတော့ .."

သူ့အသံတွေ အက်ကျနေသည်။ တစ်ခန်းလုံးလည်း ပန်းအိုးကွဲ တွေ .. ဖန်ခွက်ကွဲတွေ ...။ ပန်းချီကားတွေ ဆွဲယူ လွှင့်ပစ် ကွဲရှပျက်စီး နေတာတွေ .. မှန်တင်ခုံကြီးဆီမှ မှန်ကြီးကွဲနေတာတွေ .. လဲကျနေ သော ကုလားထိုင်တွေ .. တုံးလုံးလဲနေသည့် စားပွဲဆက်တီတွေနှင့် တစ်ခန်းလုံးသည် မုန်တိုင်းမွှေထားသလို အပျက်အစီးပုံကြားထဲမှာ ရှိ နေ၏။

"ငါ .. မင်းကို ငြင်းမိခဲ့ဖူးပါတယ် ရွှေအိမ်သူ .. မင်းကို မမြင်ဖူး ခဲ့တဲ့ သတိုးနေခ .. ငြင်းမိခဲ့ဖူးပါတယ် .. မင်းကို မြင်တဲ့အခါကျတော့ လည်း ဟသ်ာ အဖြစ် မြင်ခဲ့ရပြန်တယ် .. အဲဒီ ဟသ်ာ ကို ငါ ချစ်မိခဲ့ တယ် .. ငါဟာ ဘယ်မိန်းကလေးကိုမှ ချစ်ဖူးခဲ့တာ မဟုတ်ဘူး ရွှေအိမ်



www.burmeseclassic.com

www.burmeseclassic.com



သူ .. ဟသ်ာ ဟာ ငါ့ဘဝပဲ .. ငါ့နှလုံးသားထဲက မိန်းကလေးပဲ...၊ အဲဒီ ဟသ်ာ ဟာ ရွှေအိမ်သူ ဖြစ်နေတယ်ဆိုတာ ငါ သိရချိန်မှာ .. ငါ့ရင်ထဲ ဘယ်လောက် မယုံရဲနိုင်တဲ့ ခံစားချက်တွေ အုံကျင်းဖွဲ့ပြီး ဝင်ခဲ့ .. ရင်ကို ချေမွစေခဲ့တယ်ဆိုတာ မတွေးရက်စရာပဲ ရွှေအိမ်သူ .. ငါ့နှလုံးသား ဘယ်ထိ ကြေမွသွားရတယ်ဆိုတာ ဒိုးယိုပေါက် ဖောက်ဝင်သွားတဲ့ မင်းရဲ့ လက်စားချေခြင်း မြားတစ်စင်းရဲ့ဒဏ်ရာကို မတိမ်းရှောင်သာပဲ ငြိမ်ခံပေးလိုက်ရတဲ့ အပြစ်မဲ့ ငါ့နှလုံးသားပဲ သိနေတာပါ .. အချစ်ဆိုတာ ဘယ်အထိ နက်ရှိုင်းစွာ ရင်ထဲမှာ ရှင်သန်ဖြစ်တည်လာရတယ်ဆိုတာ ငါ သိရချိန်မှာ .. ငါ့အချစ်ဟာ အသတ်ခံလိုက်ရသလို ဖြစ်ခဲ့ရတယ်..၊ ဒါပေမယ့် ခက်တာက .. အဲဒီ အသတ်ခံလိုက်ရတဲ့အချစ်ဟာ .. တစ်ဖန် ပြန်ပြီး အသက်ရှင် နိုးထလာတယ် .. ငါ့ရင်ကို သွေးစက်စက် ကျနေစေတယ် .. ငါ့မျက်ရည်တွေ .. အဲဒီ သွေးစက်ပေါ် တဖျောက်ဖျောက် ကြွေနေကြပြီ ရွှေအိမ့်သူ .. မင်း ကျေနပ်ပါတော့ .. ကျေနပ်ပါတော့.."

ဆက်တိုက်မှု ပြောနေသည့် စကားလုံးတိုင်းသည် ကြေကွဲရိုန်ဖြင့် ရောထွေးနေသည်။ ခွဲမရဘဲ ဖြစ်နေသည်။ အသံတွေ တုန်ခါ အက်ကျ နေသည်။

"မင်းဟာ ငါ့ရဲ့ ဟသ်ာ အဖြစ် ရှိနေမှာပဲ ရွှေအိမ်သူ .. အဲဒီ ဟသ်ာ ဟာ ရွှေအိမ်သူ အဖြစ်လည်း ရှိနေရင်း .. ငါ့ရင်ထဲမှာ ရှိနေမှာပါပဲ .. ငါဟာ မင်းရဲ့မျက်နှာလေးကို မြင်ခဲ့မိကတည်းက ချစ်ခဲ့တာပါ.. ဒီမျက်နှာလေးကို .. ငါ ချစ်ခဲ့တာပါ .. ဟသ်ာ ဟာလည်း ဒီမျက်နှာ .. ရွှေအိမ်သူ ဟာလည်း ဒီမျက်နှာ .. ဒါကို .. မင်း ငြင်းလို့ မရနိုင်ပါဘူး... ဒီမျက်နှာလေးဟာ ငါ့နှလုံးသားကို ပိုင်စိုးသွားပြီးခဲ့ပြီ .. အဲ့ဒါကို မင်း လည်း မောင်းထုတ်လို့ မရသလို .. ငါကလည်း ရင်ထဲက နှင်ထုတ်လို့ မရနိုင်တော့ဘူး .. အားလုံး .. ဖြစ်ပြီးသွားပြီ .. ဖြတ်သန်း ဖြစ်တည် ပြီးသွားပြီ .."





တောက်လျှောက် ပြောနေပေမယ့် သတိုးနေခ ၏စကားတွေက ရွှေအိမ့် ကို မထိ..၊ ကိုယ်ကို တစ်ချက်ပင် နောက်ဆုတ်လိုက်သေးသည်။

"အခု .. ငါ ခြေတစ်လှမ်း နောက်ကို ဆုတ်လိုက်တယ် .. ဒါပေမယ့် .. ငါ့အချစ်က နောက်ထပ် ခြေတစ်လှမ်းတိုးပြီး မင်းကို ဆက်ချစ်နေတာပါပဲ .. တကယ် ချစ်လာရင် .. အချစ်ကို နောက်ဆုတ်ခိုင်းလို့ ရတော့ဘူး .. ရွှေအိမ်သူ .. သူက နောက်မဆုတ်ဘဲ ရှေ့ဆက်တိုးတတ်တာ .."

ရွှေအိမ်သူ အံ့ဩလာသည်။ ထိုမျှ လေးနက်သော နိုင်ဘည်သော စကားတွေ ဆက်တိုက်မှု သတိုးနေခ ပြောနေတာကို အံ့ဩလာသည်။ ထိုမျှအထိ ထိုသူသည် ရွှေအိမ့် ကို ချစ်မြတ်နိုးနေလိမ့်မည်ဟု မထင်ထား ခဲ့..။ ထိုမျှ နက်ရှိုင်းလေးနက်သော စကားလုံးများသည် ဘိုသူ့ နှလုံး သားဆီမှာ ခံစားချက် မရှိလျှင်ဖြင့် စီးမျောကျလာနိုင်ဖွယ် မရှိ ..။

"ဘုရားရေ .. ငါ့ကို သိပ်ချစ်တဲ့လူတစ်ယောက်ရဲ့ရှေ့မှာ ငါ ရပ်နေရပါလား .. သူ့ကို ရက်ရက်စက်စက် ကလဲ့စားချေခဲ့တဲ့ ငါ့ကို .. သူက ဒီလောက်ထိ ချစ်နေရသတဲ့လား ..၊ ငါ .. မယုံနိုင်သလို ဖြစ်နေရင်း သူ့ကို ယုံကြည်နေမိတဲ့ ရွှေအိမ်သူ အဖြစ်လည်း ရှိရှိလာနေရပါလား ..၊ အဲသလို .. သူ့ကို ယုံကြည်ဖို့အတွက် .. သူ့စကားလုံးတွေ .. သူ့ခံစားချက်တွေ .. သူ့ရဲ့ ထိခိုက်ကြေကွဲမှုတွေက .. ငါ့ကို တိုက်တွန်းနေကြပြန်ပါရောလား .."

ဟု တွေးကာ ရွှေအိမ် နှုတ်ဆိတ်ငြိမ်ကျနေရင်း သူ့စကားတွေကို ငြိမ်သက် နားထောင်သူသက်သက် ဖြစ်နေရပါ၏။

"မင်း .. ငါ့ကို မုန်းပါ .. ငါ တားလို့မရတဲ့ အရာထဲမှာ မင်းရဲ့ အမုန်းတွေ ပါပါတယ် ...ငါ့ရဲ့ ရှင်သန်ရာ အချစ်တွေကို ရွှေလင်ပန်းလို သဘောထားပြီး အဲဒီ အမုန်းတွေကိုပဲ တန်ဖိုး တရရနဲ့ .. နှလုံးသား ရွှေလင်ပန်းမှာ တစ်သက်တာ ထားသိုထားပါမယ် ရွှေအိမ်သူ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောကာ တစ်ခုတည်းသာ မကွဲမရှ နေရာမယွင်း ယခုတိုင် နံရံမှာ ရှိနေသည့် မှန်ဘောင်သွင်း ကဗျာတစ်ပုဒ်ရှိရာရှေ့မှာ သွားရပ်သည်။

"တစ်ချက် ဖတ်ကြည့်ပေးပါလား ရွှေအိမ်သူ .."

သူ တိုးဖွဖွ ပြောလာကာ .. သူ ရှိနေလျှင် ရွှေအိမ် အလာခက်မှာ စိုးသည့်ဟန်ဖြင့် နောက်သို့ အလိုလို ဆုတ်ပေးတာမို့ .. ရွှေအိမ် အားနာစိတ်ဖြင့် နံရံရှေ့မှာ သွားရပ်လိုက်ရပါပြီ ..၊ ငွေဘောင်ကွပ်ထားပါလေသော မှန်သား၏နောက်ဆီမှာ ကဗျာတစ်ပုဒ်သည် လက်ရေးအဖြစ် သေသေသပ်သပ် ရှိနေ၏။

"အဲဒါ .. ကိုယ် ရေးထားတဲ့ ကဗျာပါ ရွှေအိမ်သူ .. ကိုယ့်လက်ချောင်းတွေနဲ့ရေးတဲ့ အဲဒီကဗျာဟာ မင်း အနိုင်ယူချင်လွန်းသူတစ်ယောက်ရဲ့ .. အရှုံးတွေ .. ရှုံးပွဲတွေကို .. ကျေကျေနပ်နပ်နဲ့ .. အကြေကွဲခံ .. ရင်ကျေခံပြီး ရေးထားတာပါ .. မင်း နားလည်ရဲ့လား မသိဘူး ရွှေအိမ်သူ .. အဲဒီရှုံးပွဲ ဖြစ်ရလေခြင်းလို့ .. ကိုယ် မခံစားရဘူး ရွှေအိမ်သူ .. ရင်ကျေနေတာကိုလည်း ကျေနပ်တယ် .. ရင်ကွဲနေတာကိုလည်း ကျေနပ်နေတယ် ..၊ အဲဒါ ဘာကြောင့်လဲဆိုတော့ .. မင်းကို ချစ်လွန်းနေလို့ပါပဲ ရွှေအိမ်သူ .. သိပ်ချစ်တတ်ရင် .. ကြေကွဲ ရင်ကျေနေစေတဲ့ ရှုံးပွဲကို ကျေနပ်နေစေတဲ့သူတစ်ယောက် .. မာနတွေ ကင်းစင်နေတဲ့ လူတစ်ယောက်အဖြစ် .. အဲဒီအချစ်က .. ပြောင်းလဲစေလိုက်နိုင်တာပါပဲ .."

သူ ပြောနေသမျှ ရွှေအိမ် ငြိမ်၍ နားထောင်နေရတာတစ်ခုဖြင့်ပင် အပြစ်မကင်းသည့် လူတစ်ယောက်နှယ် ပို၍ ခံစားလာနေရစေပြီ ..။ နေရခက်သော ခံစားချက်က ပြင်းပြင်းထန်ထန် လူကို ဖိစီး၏။ သူ ချစ်လေလေ .. ရွှေအိမ် အပြစ်မကင်းတာ ပို၍ ကြီးမားလာလေလေ .. ရွှေအိမ် နောင်တ ရလာရလေလေ ဖြစ်လာနေရပြီ ..။





ကြီးမား ပြင်းထန်သော အမုန်းတစ်ခုဆီမှ ပေါက်ဖွားလာသော လက်စားချေမှုတစ်ခု၏ နိဂုံးသည် နောင်တအဖြစ် ရင်ကို မွှေနှောက်ချေမှုတတ်ချေလိမ့်မည်ဟု ဘယ်တုန်းကမှ ရွှေအိမ် မထင်ခဲ့ဘူး ..။

ခုကျတော့ ထိခိုက် ကြေကွဲနေသည့် နောင်တသည် အင်အားဖြင့် ရွှေအိမ့် ကို အုပ်စီးထားနေပြီ ..။

ရွှေအိမ့် အကြည့်သည် ကဗျာထက်မှာ တန့်နေ၏။

မင်းအမုန်းတွေ<br>ကမ္ဘာမြေတည်သရွေ့<br>ရှည်ကြာပါစေ့ကွယ် ..။

ချစ်ပင်ထိပ်ဖျားမှ<br>အမြစ်ကျရာ မြေလွှာအထိ<br>တည်မြဲသည့် ငါ့အချစ်<br>မင်းအတွက်သာ ဖြစ်စေ့မည် ..။

အရွက်ပြည့်သိပ်<br>အေးအရိပ်မှာ<br>မင်းနားခိုရာ ဖြစ်စေ့မည် ..။

အပွင့်မွှေးမြ<br>ပန်းလှများမှာ<br>မင်း သိကုံးရာ ဖြစ်စေ့မည် ..။

ငါ၏အချစ်<br>ကျိုးသစ်ပင်သည်<br>မြတ်နိုးကြည်သာ



www.burmeseclassic.com

www.burmeseclassic.com



အမြစ်ပြာယှက်
မင်းအတွက်သာ ဖြစ်စေမည် ..။

ညှော် ...
မင်းအတွက်သာ ဖြစ်စေမည် ..။

ရွှေအိမ်သူ မျက်ရည်လည်တက်လာနေရပါပြီ။ ကဗျာလေး ကြေကွဲသံသည် ရွှေအိမ့် နှလုံးအိမ်ကို လာ၍ ထိခတ်လာနေသည် ရွှေအိမ် ပေးခဲ့လေသော အဆိပ်ပြင်းသည့် ကဗျာတစ်ပုဒ်သည် ယခု သတိုးနေခ ထံမှာ ရှိနေမည်။ ရွှေအိမ့် ကဗျာက မာကျောနေသည် လောင်မြိုက်နေသည်။ အနိုင်ရသူတစ်ယောက်၏ ကြွားဝင့်သော ရ မောမှုတွေကို ဖော်ကျူးနေသည်။ မာန၏အရိပ်တွေ ပြည့်နေသည် လက်စားချေလိုမှုတွေ ပြွမ်းတီး မောက်လျှံနေသည်။ ယခု သူ့ကဗျာ ဆန့်ကျင်ဘက်တွေ ဖြစ်နေသည်။

ရွှေအိမ့်အပေါ်မှာ တေးမှတ်ခြင်းတွေ မရှိ ..။ ခွင့်လွှတ်ခြင်း ပြည့်နေသည်။ ချစ်မြတ်နိုးခြင်းတွေနှင့် သိမ်မွေ့နက်ရှိုင်းသော နူး ညင်သာနေသည့် စာသားတွေ ဖြစ်နေသည်။ သူ့ဘဝမှာ စတင်ဖြစ်တ ရာ အချစ်သစ်ပင်သည် ရွှေအိမ့် တစ်ယောက်တည်းအတွက် အသက် ရပ်တည်နေခြင်း ဖြစ်နေသည်။

သူ့ကို မုန်းသော ရွှေအိမ့် ကို အေးမြသောအရိပ်ကို ပေးချင်သည် မွှေးမြသော ပန်းလေးတွေကို သီကုံးဖို့ရာ ပွင့်ဝေပေးနေသော အချ သစ်ပင်တစ်ပင်အဖြစ် သူက ရပ်တည်ချင်နေသည်။

တကယ်က .. သူသည် ဤကဗျာလေးကို ရွှေအိမ့် အတွ ကြေကွဲစွာ စပ်နေဖို့ မသင့် ..။ ရွှေအိမ် ပေးခဲ့သော ကဗျာလေးကို မီးရှို့ပစ်ဖို့ ကောင်းနေသည်။

သူ ဤကဗျာလေးကို တစ်ယောက်တည်း ကြေကွဲစွာ ရေးစပ်





ချိန်မှာ ရွှေအိမ် က အောင်နိုင်သူတစ်ယောက်၏ ကျေနပ်ပီတိတွေဖြင့် သူ့ကို အနိုင်ရသူတစ်ယောက်၏ ခံစားချက်တွေကို အားရစွာ ရင်မှာ ပိုက်ထားချိန် ဖြစ်နေသည်။

ရွှေအိမ့် ကို ရက်စက်လေသော မိန်းမသားတစ်ယောက်အဖြစ် သတ်မှတ်ကာ သူ့နှလုံးသားမှ ခါထုတ်ပစ်ဖို့ မကြိုးစားဘဲ ..။ သူ့နှလုံး သားမှာ သိမ်းဆည်းထားဖို့သာ ဆုံးဖြတ်ခဲ့သည်။

နာကြည်းဖို့ထက် ကြေကွဲစွာ ချစ်နေသည်။

''ငါ .. မှားခဲ့ပါပေါ့လား ..''

ယူကျုံးမရသည့် အတွေးသည် ဝန်ခံခြင်းဘက်ကို နှယ်နေသည်။ ဟုတ်သည် ..။ ဝန်ခံခြင်း ..။ ရွှေအိမ် အမှားကြီး မှားခဲ့ပြီဟု ဝန်ခံနေမိ ခြင်း ..။

''ငါ ထင်ထားတာက .. ဟသ်ာ အဖြစ် သူ့ကို ငါ လှည့်စားခဲ့နိုင် ခဲ့တဲ့နောက်မှာ သူဟာ ဟသ်ာ အဖြစ် ချစ်သွားတဲ့အခါ .. ငါဟာ ရွှေအိမ်သူ ဖြစ်တယ်ဆိုတာကို ပြောပြပြီး သူ့ကို လက်မခံနိုင်ဘူးလို့ ငါ ငြင်းလိုက်တဲ့အခါ .. အရှုံးကို ရှက်တဲ့ဒဏ်ကို ခံရမယ် .. အဲဒီ အရှက်သည်းခြင်းဒဏ်ရာတွေကို မနိုင်မနင်း တစ်သက်လုံး ထမ်းထား ပြီး ငါ့ကို အကြွေးဆပ်နေရလိမ့်မယ်လို့ မှတ်ယူခဲ့တာ .. သူဟာ ခုလို.. ငါ့ကို ချစ်ခြင်းမက ချစ်နေလိမ့်မယ်လို့ မထင်မိခဲ့ဘူး .. အဲဒီ စိတ်တွေနဲ့ ကြေကွဲနေတဲ့ ကဗျာတစ်ပုဒ်ကို .. ခုလို .. ညှိုးဖျော့ချုန်းကျနေသူတစ် ယောက်အဖြစ် ငါ့ကို ဖတ်နိုင်းနေလိမ့်မယ်လို့ မထင်ထားမိခဲ့ဘူး ..။ သူဟာ အလွန်မာနကြီးသလို .. အလွန် အချစ်ကြီးသူတစ်ယောက် ဖြစ် နေလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မမျှော်လင့်ထားမိခဲ့ဘူး .. ငါ မျှော် လင့်ထားတဲ့ သတိုးနေခ ဖြစ်မနေဘဲ .. ငါ့ကို ဖွဲ့လမ်းမြဲဘဲနှိုးနေတဲ့ .. ခွင့်လွှတ်နေတဲ့ .. သတိုးနေခ ဖြစ်နေပါပေါ့လား ..''

ရွှေအိမ်သူ ရင်ထဲမကောင်းနိုင်တော့ပြီ ..။ သူ့ကို လှည့်ကြည့်မိတော့



www.burmeseclassic.com

www.burmeseclassic.com



နောက်ပါးမှာ မလှမ်းမကမ်းနေရာလေးမှာ ရပ်နေရင်း ရွှေအိမ့် တောက်လျှောက်ကြည့်နေသည့် သူ၏ ချုန်းချုန်းကျနေသည့်ဟန် မြင်ရတော့ ရင်ထဲ ပိုမကောင်းနိုင်တော့ ..။

"ဟသ်ာ .."

သူ့ခေါ်သံက တိုးလျှတုန်ခါနေ၏။ ရွှေအိမ်သူ ၏ နှလုံးအိမ်သ နောင်တဖြင့် မွန်းကျပ်လာနေရပြီ။ ဟသ်ာ သည် ခုထိ .. သူ့ကို ဒုက္ခ နေဆဲပါတကား ..၊ ချစ်ဒုက္ခကို ပေးခြင်း ..၊ ရွှေအိမ် က ထိုသို့သေ ချစ်ဒုက္ခကို မပေးလိုခဲ့ ..၊ အရှက်သည်းသော ဒုက္ခကိုသာ ပေးလိုခြင်း ထိုသို့ ပေးလိုခဲ့သည်ကလည်း မာနနှင့် ကလဲ့စားချေလိုဇောမှ ပေါက် လာခဲ့ရခြင်းပါတည့် ..။

ခုကျတော့ ရွှေအိမ့် မှာ ထိုမာနတွေ ပြိုလဲကုန်နေကြပြီဟု သိ လာနေရပါသည့်အဖြစ် ..။

"ရွှေအိမ်သူ .."

နောက်ထပ် သူ ခေါ်လာသည်။ နောက်သို့ ခြေတစ်လှမ်းဆု သည်။ အကြည့်သည် ရွှေအိမ့် ထံမှာပဲ တန့်နေသည်။ စားပွဲကို သူ့ကို ကြီး ထိတော့ ခြေလှမ်းတန့်သွားသည်။ စားပွဲထက်မှာ ရှိနေသည့် ရေ ချိုင့်ကြီးကို ကိုင်မြှောက်လိုက်ကာ ကြမ်းပေါ် ပစ်ချလိုက်တော့ နော ထပ် ကွဲရှသံ ပေါ်လာပြန်၏။ အံ့ခဲထားရာမှ သူ ရွှေအိမ့် ကို စတေ ပြုံးပြလာသည်။

အပြုံးသည် အသက်မပါ ..၊ ထိနိုက်နာကျင်နေခြင်းတွေပဲ ထင်းနေသည့်အပြုံး ..၊ အပျော်တွေ ပျောက်ဆုံးနေသည့်အပြုံး ..

"မင်း .. ငါ့ကို မုန်းပါ ရွှေအိမ်သူ .. ဘယ်တော့မှ မချစ်ပါနဲ့ တကယ်က .. ငါဟာ မင်းနဲ့ မထိုက်တန်တဲ့ လူတစ်ယောက်ပါ.. တွေနဲ့ တည်ဆောက်ထားမိခဲ့တဲ့ ငါ့ဘဝကို .. ငါ တသသနဲ့ ကျေ ထားခဲ့မိခဲ့ရာက .. မင်းဆီက အမုန်းတွေနဲ့ပဲ ထိုက်တန်တဲ့ လုပ်ရပ်





ငါ လုပ်မိခဲ့တဲ့အတွက် .. ငါ့ကို မုန်းပါ ..၊ ဒါပေမယ့် .. ငါကတော့ င်းကို ချစ်နေမှာပါပဲ ရွှေအိမ်သူ .. ငါ့ကို ပြန်ချစ်ပါလို့ မပြောတော့ပါ ဘူး.. မင်း.. ဘယ်တော့မှ ငါ့ကို မချစ်နိုင်ဘူးဆိုတာ ဒီနေ့မှာ ငါ ပိုပြီး သိခဲ့ရပြီလေ .. မင်းရဲ့အဖြေကို အန်ကယ် ဦးထက်လူ က ငါ့ဖေဖေ့ကို ဒီနေ့မှာ အဖြေပေးခဲ့ပြီးပြီလေ .. ဒါပေမယ့် ငါ .. မင်းကို အပြစ်မတင် ရက်ပါဘူး ဟသ်ာ .. ငါ မှားခဲ့တာကို: ..၊ မိန်းမတစ်ယောက်ရဲ့ မာနကို ငါ စော်ကားမိခဲ့တာကို: ..၊ ငါဟာ .. မင်းအတွက် အချင်သစ်ပင်ကြီး တစ်ပင်ရဲ့ အရိပ်အဖြစ် ရှိချင်နေပေမယ့် .. ငါ့နှလုံးသားက ပွင့်လာတဲ့ န်းတွေကို မင်း သီကုံးဖို့ရာအတွက် ပွင့်ဝေပေးချင်ပေမယ့် .. အို .. ငါကိုယ်တိုင် သီကုံးပေးချင်ပေမယ့် .. အဲဒီအခွင့်အရေးတွေအားလုံးကို ဖျက်ချိုးခဲ့မှုးသူဟာလည်း ငါကိုယ်တိုင်ပဲ ဖြစ်နေတာမို့ .. ငါ .. ခုလို .. ကြွေကွဲနေရတာဟာ .. ငါ့အတွက် ထိုက်တန်ပါတယ် .."

သူ တစ်ချက် အသံတွေ တိမ်ဝင်လာသည်။ ခေါင်းငိုက်စိုက်ချ လိုက်ရာမှ အံ့ခဲပစ်သည်။ ရွှေအိမ်သူ ဘာပြန်ပြောရမှန်း မသိဘဲ မျက် ည်ဝဲ၍ သူ့ကို ငေးကြည့်နေမိချိန်မှာ ရွှေအိမ် ကိုယ်တိုင်သည်လည်း နတွေ ကင်းစင်နေသည့် ရွှေအိမ်သူ ဖြစ်လာနေတာ ..၊ သူ့အပေါ် ဘောင်းပန်ချင်နေသည့် ရွှေအိမ် ဖြစ်လာနေရတာ ..၊ အလိုလို သိသိလာ နေရပါ၏။

ထိုစဉ်ခိုက် မထင်မှတ်သည့်အဖြစ်တစ်ခုကို ရွှေအိမ် ရင်ဆိုင်တိုး လိုက်ရပါပြီတည်း ..၊ သူသည် ..၊ သူသည် .. ကြမ်းပေါ်ရှိ ရေတွေလည်း င်နေရာ ဖန်ကွဲစများအပေါ် ခြေလှမ်းတွေ တစ်လှမ်းပြီးတစ်လှမ်း ချေ နင်းဖြတ်လိုက်ချေသည်တကား ..။

ရွှေအိမ် ထင်မထားမိ ..၊ ထိုသို့ သူ လုပ်လိုက်လိမ့်မည်ဟု ထင် ထားမိ ..။ အလန့်တကြား အော်သံသည် ရွှေအိမ့် နှုတ်ဆီမှ ပွင့်ထွ ည်။ သူ့ထံ လျှောက်သွားမိကာ သူ့လက်မောင်းကို အတင်းဆွဲ၍ ဖန်



www.burmeseclassic.com

www.burmeseclassic.com



ကွဲစတွေနှင့် ဝေးရာသို့ ဖွတ် ဆွဲခေါ်လာမိတော့လည်း ကလေးလို သူသည် မငြင်းမဆန် ဘေးမှ ပါလာရှာပါ၏။ လာနေရင်းလည်း ရွှေအိမ် ကို မျက်တောင်မခတ် ငုံ့မိုး၍ အစဉ်တစိုက်ကြီး တကြည့်ကြည့်ဖြင့် ရှိနေသည်ပါပဲ ..။

ရွှေအိမ် ဆတ်ခနဲ မော့ကြည့်ကာ အပြစ်တင်သံ တိုးသဲ့သဲ့က နှုတ် ဖျားဆီမှ မဆဲ့ရင်ကန် ပွင့်ကျလာရပြီး ...

"အခု.. ရှင် .. ကျွန်မကို ကလဲ့စားချေနေတာလား ကိုသတိုးနေခ- ဟင် .. ကျွန်မကို ချစ်တယ်လို့ပြောပြီး .. ကျွန်မရှေ့မှာ .. ခုလို .. ရှင် - ဒဏ်ရာအနာတရဖြစ်အောင် လုပ်ပစ်လိုက်တာကို ကျွန်မ မြင်နေရ ကျေနပ်နေမယ် .. ပျော်နေမယ်လို့ ရှင် ထင်နေသလား .."

ဆူညံပူညံကို ကြားတော့ သူ စတင်၍ ပြုံးသည်။ ရွှေအိမ် ထိုင်နိုင် သည့် ဆိုဖာထက်မှာ ကလေးလိုပဲ နာနာခံခံပုံစံဖြင့် ထိုင်သည်။ မျက် မျက်နှာပျက်နေရင်း ရွှေအိမ် ၏လက်လေးတွေက ဖန်စတွေကို ဆွဲနုတ် နေတော့လည်း တစ်ချက် မညည်းဘဲ ခံသည်။

"ရှင် .. ခုထိ တစ်ချက် ညည်းသံထွက်မလာဘူး နော် .. ဘာလဲ- ရှင့်ခြေဖဝါးတွေ ထုံနေပြီလား .."

မော့ခနဲ မေးသံသည် ရန်တွေ့သံ ပါနေပြီ။ စိတ်ပူလက်ပူ ဆန် သည်။ မျက်နှာထက်မှာ ချွေးတွေ စိုလာရင်း ရွှေအိမ်သူ စိတ်လှုပ်ရှာ ပင်ပန်းလာတာလည်း အမှန် ..၊ ရင်ထဲမှာ ကောင်းကို မကောင်းနိုင်တော့ သည့်အဖြစ် ..။

"ဒီခြေထောက်တွေ မဆိုထားနဲ့ .. ဒီလက်တွေ .. ဒီရင်ဘတ်တွေ ဒီမျက်နှာတွေကိုတောင် .. ကိုယ် .. ခုလို အပြစ်ပေးမှုမျိုးကို အချိန်မရွေး လုပ်ရဲပါတယ် ရွှေအိမ်သူ .. အဲဒီ နာကျင်မှုတွေက .. ဟောဒီ နှလုံးသား ထဲက ဆောက်တည်ရာပျောက်နေအောင် ခံစားနေရတဲ့ .. ချစ်ဒဏ် ဒဏ်ရာတွေဆီက နာကျင်မှုတွေကို ဘယ်တော့မှ .. လိုက်မမီနိုင်ပါဘူ





သော် .. ငါ .. ငါ့ဘဝမှာ .. မိန်းကလေးတစ်ယောက်ကိုပဲ ချစ်မူးခဲ့ တယ် .. စွဲလမ်းခဲ့ရတယ် .. လက်ထပ်ဖို့အထိ .. ဆုံးဖြတ်ပြီး .. ဘဝတစ် ဆက်တာ လက်တွဲဖော်အဖြစ် .. လက်တွဲဖို့အထိ မြတ်နိုးခဲ့ရတယ် ..၊ အဲဒီ မိန်းကလေးကို .. ငါ ဆုံးရှုံးလိုက်ရချိန်မှာ .. ငါ့ရင်ထဲက ဒဏ်ရာ ဟာ .. ပြင်းတယ် ရွှေအိမ်သူ .. ငါ့အပြစ်တွေအတွက် .. ငါ့ကိုယ်ငါ .. ဆုံးခတ်ရဲတဲ့စိတ်တွေကလည်း ရင်ထဲမှာ အရှိန်ပြင်းတဲ့ ရေတံခွန် တစ်စင်းလို အမြဲ ရှိနေမှာပဲ .."

ဟု ပြောကာ သူ့လက်တွေက ရုတ်ခနဲ ခြေဖဝါးကို ရိုက်ပစ်တာမို့.. ခြေဖဝါးမှာ ကျန်နေသေးသည့် ဖန်စသည် ပို၍ ခြေကိုလည်း စူး၏။ လက်ဖဝါးကိုလည်း စူး၏။ သူ့ခြေဖဝါးမှာ စောစောကထက် သွေးတွေ ရဲလာသည်။ သူ့လက်ဖဝါးဆီမှလည်း သွေးတွေ စီးလာပြီ ..။

"ဟင် .. ရှင် .. အဲသလိုလုပ်လို့ မရဘူးလေ .."

"အဲဒါ .. ငါ့ ကိုယ်ပိုင်အခွင့်အရေးပဲ ဟသ်ာ .. မင်း မတားနဲ့.."

သူ အံခဲ၍ တစ်ချက် ပေါက်ကွဲ အော်ပစ်တော့ တံခါးပြင်ဘက်မှ တံခါးကို ပုတ်၍ ခေါ်သံတွေ ပေါ်လာနေပြီ ..၊ ဦးမိုးပြည့် နှင့် ဦးထက်လူ တို့ အခန်းပြင်ဘက်မှာ ရှိနေကြသည်မို့ .. ခုလို .. အော်ပြောသံ ပေါ်လာ သော့ ပို၍ စိတ်ပူလာကြပုံဖြင့် တံခါးကို ပုတ်၍ ခေါ်နေကြခြင်း ..၊ သူကတော့ တံခါးဖွင့်ပေးမည့်ပုံ မရ ..၊ အံခဲ၍ ရွှေအိမ် ကို မျက်တောင် ခတ် စိုက်ကြည့်ပြီးရင်း စိုက်ကြည့်ရင်းဖြင့် ရှိနေဆဲ ..၊

ရွှေအိမ် လက်ကိုင်ပဝါလေးဖြင့် ခြေဖဝါးမှ သွေးတွေကို သုတ်ပေး နေမိသည်။ ဖန်စတွေကို ဆက်တိုက် ဆွဲထုတ်နေမိသည်။ ထွက်လာ သည့် သွေးကိုလည်း တောက်လျှောက်မှ လက်ကိုင်ပဝါဖြင့် သုတ်နေရ ပြန်သည်။ လက်ဖဝါးကိုလည်း ယူကြည့်သည်။ ဖန်စတချို့ ကူးစက် ခံဝင်လာသမျှကို မျက်ရည်တွေ ကျလာနေရင်းမှ နုတ်ပေးနေမိရသည် ပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



"မင်း .. ကိုယ့်ကို သနားလို့ ငိုနေတာလား ရွှေအိမ်သူ .. ဟင်.."

သူ ခေါင်းငုံ့ချလိုက်ကာ ကြေကြေကွဲကွဲ မေးတော့ ရွှေအိမ် ခေါင်း ညိတ်ပြမိသည်ပါပဲ ..။

"ကျွန်မ .. ကျွန်မ .. ရှင့်ကို .. တောင်းပန်ပါရစေ .. ရှင်.. နောက်ကို .. ဒီလို မလုပ်ပါဘူးဆိုတဲ့ ကတိမျိုး ပေးပါ .. ကျွန်မကို ပေးပါ.."

သူ ရယ်သည်။ ခေါင်းခါသည်။

"ဟင့်အင်း .. အဲသလို ရင်ထဲ ပေါက်ကွဲလာတဲ့အခါ .. အို .. ငါ့ကိုယ်ငါ သိပ်ပြီး မုန်းတီးလာတဲ့အခါတွေမှာ .. ငါ .. ဒီလိုပဲ .. ငါ့ခြေထောက်တွေ .. ငါ့လက်တွေကို .. တစ်နည်းနည်းနဲ့တော့ ဒဏ်ခတ်နေမှာပဲ ဟသ်ာ .. မင်း တားလို့ရမှာ မဟုတ်သလို .. ငါ့ကိုယ်ငါလည်း တားလို့ရမှာ မဟုတ်ဘူး .. ငါ့ ခံစားချက်က ငါ့ကို နိုင်းတာ .. နိုင်းနေမှာ..၊ ကဲ .. ကဲ .. ပြန်တော့ .. ပြန်တော့ .. ဒီဒဏ်ရာကို .. ငါ့ဘာသာ ငါ .. ဒီတိုင်း တစိမ့်စိမ့် ကြည့်လိုက်ချင်နေသေးတယ် .."

ရွှေအိမ်သူ ကိုယ်လေးကို မတ်လိုက်သည်။ ရုတ်တရက် ထရပ်လိုက်ကာ နောက်ဘက်ဆီသို့ ခြေနှစ်လှမ်းစာမျှ ဆုတ်လိုက်ကာ ...

"ကျွန်မ .. ရှင့်ကို .. ပြောခဲ့ပါရစေ .. ရှင် .. ဟသ်ာ ကို ပေးတဲ့ ဆွဲပေးခဲ့တဲ့ .. လက်စွပ်ကွင်းလေး လျှိုထည့်ထားတဲ့ ဆွဲကြိုးလေးကို အိမ်ပြန်ရောက်တဲ့အခါ .. ကျွန်မ ဆွဲလိုက်ပါ့မယ် .. အဲဒီပုံလေးကို ဟန်းဖုန်းကင်မရာလေးနဲ့ ရိုက်ပါ့မယ် .. ရှင့်ဆီကို .. ရှင့်ဖုန်းလေးဆီကို ကျွန်မ အဲဒီပုံလေး ပို့ပေးလိုက်ပါ့မယ် .. မက်ဆေ့(ချ်)ဝင်တဲ့အခါ ရှင် .. ရှင့်ဖုန်းလေးကို ဖွင့်ကြည့်လိုက်ပါ .. ရှင့်ဟန်းဖုန်းနံပါတ်လေး ထူးထူး ကို .. ခင်ပြည့်စုံသာ အဖြစ် သိထားရစဉ်က .. ရှင် ပေးခဲ့တာမို့ ကျွန်မဆီမှာ အဲဒီဖုန်းနံပါတ်လေး ရှိနေပါတယ် ..၊ ရှင် .. ကျွန်မကို ကတိတစ်ခုပဲ ပေးပါ .. ဒီလို .. ဘယ်တော့မှ .. အနာတရဖြစ်အောင် ရှင့်ကိုယ်ရှင် မလုပ်ပါဘူးလို့ .. အကယ်၍ ရှင် ဒီလိုလုပ်လိုက်မယ်ဆိုရင်





လည်း .. ရှင့်နည်းတူ ကျွန်မ ဆက်လုပ်မယ်ဆိုတာ .. ရှင့်ကို အသိပေးခဲ့ပါရဲ့ ..၊ ကျွန်မတို့နှစ်ယောက်စလုံးဟာ ကိုယ့်မာနတွေကို ပိုးမွေးသလို မွေး .. အထင်တကြီးနဲ့ မြင့်မားသည်ထက် မြင့်မားအောင် လုပ်မိတုန်းက လုပ်မိခဲ့ကြပြီ .. အခု .. အဲဒီ မာနတွေကို ရှင်နဲ့ ကျွန်မကြားမှာ.. ဘယ်တော့မှ မရှိလာပါစေနဲ့တော့ .."

ရွှေအိမ်သူ ပြောခိုက်မှာ သူ့မျက်နှာထက်တွင် ရုတ်ခြည်း တိုးဝင်လာသည်က ကြည်လင်ခြင်း ..၊ မှိုင်းညို့ ကြေကွဲနေသည့်အရိပ်တွေ စွန်းထင်းနေသည့်မျက်နှာ မဟုတ်တော့ပြီ ..။ ရုတ်ခနဲ သူ ထရပ်သည်။ လျှောက်လာသည်ကလည်း ခြေထောက်မှာ ဘာဒဏ်ရာမှ ရှိမထားသည့် နှယ်ပင် အရာရာကို မေ့လျော့နေကာ ပေါ့ပါးနေပြန်သေးသည့်အဖြစ်..။

ခြေလှမ်းတိုင်းမှ သွေးကွက်ရာတွေ စွန်းထင်းနေတာကို ရွှေအိမ်သူ ရင်တနင့်နင့်ဖြင့် မမြင်ရက်ဘဲ မြင်နေရချိန်မှာ ..၊ သူက ပေါ့ပါးလန်းဆန်းနေသည်မှ ကလေးတစ်ယောက်နှယ်ပင် ဖြစ်နေသေးသည်တည့်..။

"ကိုယ် .. ကိုယ် .. ဝမ်းသာလိုက်တာ ဟသ်ာ ရယ် .. ဟင် .."

စိတ်လှုပ်ရှားစွာ သူ ပြောလာသည်က ခေါင်းကို ငိုက်ချ၍ ရွှေအိမ့်မျက်နှာလေးနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ကြိုးစားနေရင်းဖြင့်ပါ။ ရွှန်းလဲ့နေသည့် မျက်ဝန်းတွေသည် ကြည်စင်တောက်ပနေကြပါချေ၏။

"ကိုယ့်ကို .. ကတိတစ်ခု ပေးပါ ဟသ်ာ .. အဲဒီ လက်စွပ်လေးပါတဲ့ ဆွဲကြိုးလေးကို .. မင်းကိုယ်တိုင် ဆွဲပြီးချိန်မှာ .. ငါ့ကို .. မင်းရှေ့မှာ ရှိနေခွင့် ပေးပါ .. အသက်မပါတဲ့ ဓာတ်ပုံလေးကို .. ကိုယ် စောင့်ကြည့်ချင်ဘူး ဟသ်ာ .. ကိုယ် .. မင်းရဲ့ချစ်ခြင်းတွေနဲ့ ကြည့်နေတဲ့ မျက်ဝန်းလေးတွေကို .. ငါ့မျက်ဝန်း မျက်ဆံရှေ့မှာ ထားရင်း .. အသက်ဝင် လှုပ်ရှားနေတဲ့ ချစ်ခြင်းတွေနဲ့အတူ .. ငါ ကြည့်ပါရစေ .. အဲဒီကတိတစ်ခု .. ငါ့ကို ပေးပါ ရွှေအိမ်သူ .."

သူ ပြောလာချိန်မှာ ရွှေအိမ်သူ မျက်လွှာလေး ချလိုက်မိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ခုထိ .. သူ့လက်တွေက ရွှေအိမ် ၏ လက်လေးကိုသော်မျှ ဖေးကိုင်လ
တာ မရှိသေး ..၊ စိတ်လှုပ်ရှားစွာပဲ အဖြေကို ငြိမ်သက် စောင့်နေသည့်
တစ်ယောက်အဖြစ်ပဲ ရှိနေသည်။

"ကျွန်မ .. ကျွန်မ .."

တစ်ချက် ထစ်နေ .. တန့်နေသည့် စကား၏အဆက်ကို .. သူ
လည်း အနှောင့်အယှက်မပေးဘဲ .. မျှော်လင့်တကြီး စောင့်နေသည့်ဟ
ဖြင့် ငြိမ်သက်နေကာ ရွှေအိမ့် မျက်နှာလေးကိုသာ အမိအရ အကဲခ
ကြည့်ဖြင့် ရှိနေဆဲ ..၊

"ကျွန်မ .. ရှင့်ကို .. တစ်ခု ကတိတောင်းရလိမ့်မယ် .."

"ဘာကတိလဲ ဟသ်ာ .."

ဟသ်ာ ..၊ ခုထိ .. ဟသ်ာ သည် သူ့ရင်ထဲက ထွက်မသွားနိုင်သ
အမည်တစ်ခုအဖြစ် တည်မြဲနေဆဲပါလားဟု သိလာရလေ ..၊ ပိပိ
လည့်ဖြားမိရလေခြင်းဟု ရွှေအိမ် နှောင်တ ဖြစ်ရလေ ..၊ သူ့ကို သနာ
လေပါပဲ ..။

ယခု ရပ်နေသည့် လူတစ်ယောက်သည် သူ့ရှေ့မှာ ရှိနေသ
မိန်းကလေးမှာ .. ရွှေအိမ်သူ ဆိုတာ တိတိပပ သိထားသူတစ်ယော
အဖြစ် ရှိနေရင်း .. ရွှေအိမ့် ကို လက်ထပ်ခွင့်ပန်နေသူတစ်ယောက်လ
ဖြစ်နေတာ ရွှေအိမ် သိထားရပြီးခဲ့ပြီ ..၊ သူသည် .. ဟသ်ာ ကိုလ
ချစ်နေသည်။ ဟသ်ာ ဖြစ်သော ရွှေအိမ်သူ ကိုလည်း မြတ်နိုးနေသ
တစ်ဖန် .. ရွှေအိမ်သူ ဖြစ်သော ဟသ်ာ ကိုလည်း မခွဲနိုင်သည့်သူတ
ယောက် ဖြစ်နေသည်။

"ရှင့်ခြေထောက်နဲ့ လက်က ဒဏ်ရာတွေကို .. ကျွန်မ ဆေးထ
ပတ်တီးစည်းခွင့်ရဖို့ ခွင့်ပြုတဲ့ကတိပါပဲ .. ကျွန်မကြောင့် ရှင့်ဘ
ဘယ်တော့မှ ခုလို ကိုယ့်ကိုယ်ကိုယ် ဒဏ်ရာအနာတရဖြစ်အောင် မ
ပါဘူးဆိုတဲ့ ကတိကိုလည်း ပေးရလိမ့်မယ် ကိုသတိုးနေခ .."





ပြောနေရင်း ရွှေအိမ်သူ တစ်ချက် ငေးခနဲ ကြည့်မိသည်က စော
စောက သူ လျှောက်လှမ်းလာခဲ့ရာ သွေးကွက်စွန်းထင်းနေသည့် ခြေရာ
များကိုပါ ..၊ ကြမ်းပြင်တွင် ခြေရာသည် သွေးနှင့် ခင်းကျင်းထားသည့်
နှယ် ရှိနေခြင်း ..။

ထင့်ခနဲ ရင်ထဲ ရွှေအိမ်သူ ဖြစ်ရပါပြီ ..၊

သြော် .. ချစ်အဖြေတစ်ခုကို စောစောက ရွှေအိမ် ပေးမိခဲ့ပြီ ..။
ထိုအခိုက်မှာ သူ ရွှေအိမ့် ထံ လျှောက်လှမ်းလာရာ ခြေလှမ်းတို့သည်..
သွေးစွန်းနေချေသည်တကား ..။

"ကိုယ် .. ကတိပေးတယ် ဟသ်ာ .."

ဟု သူ ကတိပေးချိန်မှာ ရွှေအိမ့် အကြည့်သည် ကြမ်းပြင်ထက်မှ
ခြေရာထက်မှာ တန့်နေဆဲ ..၊ သြော် ... သွေးစွန်းသော ခြေလှမ်း ..၊
အတိတ်နိမိတ်ဦးသည် .. သွေးစွန်းသော ခရီးတစ်ခုအဖြစ် .. ရှိလာတာ
မျိုးဖြင့် နိဒါန်း မစပါစေနှင့် ..၊ နိဂုံးမလှ မဖြစ်ပါစေနှင့် ..၊

ရင်ထဲမှာ ရုတ်ခနဲ လေးသွားရသည်က ရွှေအိမ်သူ ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၁၅ |

"ဆေးခန်းကို အရင်ဝင်မယ်ဆိုတော့လည်း လက်မခံ .. အိမ်မှာ နေခဲ့ပါဆိုတော့လည်း မရ .. မင်း ခေါင်းမာလွန်းတယ် သတိုးနေခ - ခုကျတော့လည်း ရွှေအိမ်သူ သွားလေရာ တကောက်ကောက် ပါနေဖို့ပဲ ခေါင်းထဲ ထည့်ထားတဲ့သူ ဖြစ်နေတယ် .. မင်းဟာလေ .. အစကတည်း က.. ရွှေအိမ်သူလေး ကို တစ်ချက်လောက်ပဲဖြစ်ဖြစ် မြရတနာမှာ သွားတွေ့ဖူးလိုက်ရင် ခုလို မင်း အသုံးမကျတဲ့ ဘဝမြင့်တဲ့စကားတွေရဲ့ ဒဏ်ရာတွေကို ခံနေဖို့ကို မလိုတာ ..၊ ဖေဖေ အစကတည်းက ပြောခဲ့တာပဲ- ဖေဖေ မျှော်လင့်ဖြစ်တည်ရာ ရွှေအိမ်သူလေး ဟာ အလွန်လှပ ထက်မြက်လိမ္မာတဲ့ မိန်းကလေး ဖြစ်ပါတယ်ဆိုတာ တဖွဖွ ပြောခဲ့ပါရက် ကယ်နဲ့ .. အဲဒီတုန်းကတော့ လေတကျယ် မိုးတကျယ် .. ကိုယ့်ကိုယ်ကိုယ် ဘဝင်တခါခါ .. လေသံတစာစာနဲ့ .. ငါ့သမီးလေးကို မင်း ဖုန်းနဲ့ မဆင်မခြင် ပြောပစ်ခဲ့တဲ့ဒဏ် ..၊ ခု .. ရင်ကျေအောင် ခံခဲ့ရပြီ မဟုတ်လား .. အဲဒါ သင်ခန်းစာ ယူ .. သင်ခန်းစာ ယူ .."

ရွှေအိမ် မြရတနာသို့ ပြန်လျှင် သူပါ တူတူ လိုက်ပါမည် တကဲကဲဖြင့် ရှိနေတော့ အန်ကယ် ဦးမိုးပြည့် မှ စိတ်မောလက်မောကြီးလည်း ညည်း ..၊ သား၏ခေါင်းကိုလည်း တစ်ချက် ထု ..၊ ရွှေအိမ် နှင့် ဖေဖေ့ကိုလည်း ကြည့်လာရှာသည်။





ခွင့်ပန်ကြည့် ..၊ ဟုတ်သည် ..၊ သားဖြစ်သူကို ခေါ်သွားပေးပါဟု ခယ တောင်းပန်ကြည့် ..၊

အန်ကယ်နှင့် ဖေဖေတို့ ရွှေအိမ် ဖွင့်ပေးလိုက်သော အခန်းတံခါး၏တစ်ဖက်မှာ စိတ်ပူလက်ပူ ရပ်နေကြရာမှ .. နှစ်ယောက်စလုံး အခန်းထဲ ဝင်လာကြ .. သူ့ခြေထောက်မှ ဒဏ်ရာကို ကြည့်ကြ ..၊ ဆေးခန်းပို့မည် ဆိုကြပြောကြနှင့် ရှိကြချိန်မှာ သူသည် အလွန်တရာကိုမှ အေးအေးဆေးဆေးဖြင့် ဒဏ်ရာကို တစ်ချက်မှ ဂရုမစိုက်သည့်လူတစ်ယောက်ဖြစ်နေသည်။ ရွှေအိမ့် ကို ကြည့်ကာ ...

"ရွှေအိမ်သူ ပြန်တဲ့အခါ သူနဲ့တူတူ .. ကျွန်တော် လိုက်သွားမှဖြစ်ပါလိမ့်မယ် ဖေဖေ .. ဘာကြောင့် လိုက်သွားရတယ်ဆိုတာ .. ဟိုရောက်ရင် .. ဖေဖေနဲ့ အန်ကယ်ထက် တို့ သိကြမှာပါ ..၊ ကိုယ် .. ခင်းနဲ့ တူတူ လိုက်ပါရစေ ရွှေအိမ်သူ .. မင်း ဆွဲကြိုးဆွဲလာတဲ့အခါ .. ငါ ဒီနေ့ တစ်နေ့လေးကို .. ဘယ်တော့မှ မေ့မရနိုင်တဲ့ ခံစားချက်တွေ ရင်ထဲမှာ သိမ်းဆည်းထားခွင့်ရနိုင်ဖို့ .. ငါ .. တူတူ မင်းနဲ့ အဲဒီအချိန်မှာ ရှိနေပါရစေ .."

ဟု လူကြီးတွေ ရှေ့ထား၍ ပြောချလိုက်သည်မို့ ရွှေအိမ့် မှာ ရှက်အမ်းအမ်းပင် ဖြစ်ကုန်ရသည်ပါပဲ။ ခုလည်း .. အန်ကယ် ဦးမိုးပြည့်မှ သူ့ကို ခေါင်းထု ကျောထုဖြင့် ခပ်ညည်းညည်း ပြောနေပေမယ့် .. သားကို ခေါ်သွားပေးပါဟုတော့ တောင်းပန်ကြည့်ဖြင့် ကြည့်နေရှာသည်ပါပဲ။ လူကြီးတွဆိုတော့လည်း သူနှင့် ရွှေအိမ် တို့ နှစ်ယောက်ကြားမှာ ပြေလည် အေးချမ်းခြင်းတွေ ရှိနေကြပြီဆိုတာလောက်ကိုတော့ သိနေကြပုံ ရသည်။ အထူးတလည်ကြီး ရင်ထဲ အေးချမ်းကြည်နူးသွားရှာသည်ကလည်း အန်ကယ် ဦးမိုးပြည့် ဖြစ်နေရှာသည်ပါပဲ။ သားဖြစ်သူ ရှိုင်းပျခဲ့ဖူးချေသမျှကို အဖေတစ်ယောက်အနေဖြင့် ခုထိ အနေခက်နေရှာတာလည်း သိသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ရွှေအိမ့် ဆက်ဆံရေး ပြေပြစ် ချောမွေ့လာချေသည်ဟု နား လည်လိုက်ရပုံဖြင့်လည်း ပျော်နေ ကြည်နူးနေရှာသည့်အဖြစ် ..၊ ခက် သည်က .. မကြာမတင်မှာ ဖေဖေရော အန်ကယ်ပါ သိသွားကြရတော့ မည့်ကိစ္စပဲ ဖြစ်နေသည်။ သူ့ကို ချစ်အဖြေတစ်ခု ပေးခဲ့ပြီဆိုတာ မြ ရတနာမှာ ရွှေအိမ်သူ ဆွဲကြိုးလေး ဆွဲလိုက်သည့်အဖြစ်တစ်ခုကြောင့် သိသွားကြချေတော့မည်။

သူ ဘာကြောင့် ထိုမျှအထိ ခေါင်းတမာမာဖြင့် မြရတနာသို့ လိုက် ဖို့ ဇောတင်နေသည်ဆိုတာကိုလည်း သိသွားပါချေလိမ့်မည်။ ထိုအခါမှာ အန်ကယ်လ်ရော ဖေဖေပါ ကြည်နူးစွာ ရယ်မောကြချေမှာကတော့ သေချာနေသည်တည့် ..။ ရွှေအိမ် ကတော့ သူ့ကို အဖြေတစ်ခု ပေး လိုက်ရပါသည့်ကိစ္စ မြန်မြန်ဆန်ဆန်ကြီး လူကြီးတွေနားထဲ ပေါက်ကုန် မှာကိုတော့ ရှက်သည်ပေါ့ ..။

"ခက်တော့တာပါပဲ .. ခါတ်ပုံလေး မြင်ရရင် တော်ရောပေါ့ - သူ့ဖုန်းကို ပုံလေး ပို့ပေးလိုက်တာကို မြင်ရပါစေတော့ဆိုတာ သူက - ခုလို ဇွတ်တရွတ် လုပ်နေတော့ .. ရှက်စရာကြီး ဖြစ်နေပြီ ..၊ ဓာတ်ပုံ လေးဆိုတာက .. သူတစ်ယောက်တည်း ကြည့်လို့ ဖြစ်တယ် .. ခုလို - ငါ ဆွဲကြိုးလေး ဆွဲပြရမှာက သူတစ်ယောက်တည်းရဲ့ရှေ့မှာ မဟုတ်ဘဲ - ဖေဖေနဲ့ အန်ကယ်တို့ပါ ရှိနေကြမှာ .. သိပ်ခက်တာပဲ .. စိတ်များရယ် နော် .. ညစ်လိုက်ပါရဲ့ .."

ရွှေအိမ် မျက်နှာလေး ပျက်နေကာ ရှက်သည့်ဇောဖြင့် ရွှေးစို့ေ တော့လည်း သူ တပြုံးပြုံးဖြင့် လှမ်းကြည့်နေသည်။ ရွှေအိမ် အနေခက် ရှက်နေမှန်းလည်း သိနေပုံ ရပါ၏။

"အဲသလို .. ဆွဲကြိုးလေး မဆွဲပြရင်လည်း .. သူ စိတ်ဆင်းရဲသွား မှာ .. အဲသလိုလည်း ငါ အဖြစ်မခံနိုင်ပြန်ဘူး .."

ဩော် .. အချစ်ဆိုသည်မှာ ချစ်မိပြီဆိုတော့လည်း စာနာ နားလည်





စိတ်သည် နှလုံးအိမ်မှာ အလိုလို နေရာယူလိုက်နိုင်ကြသည်တည်း ..။ အလွန် ကြီးမားသော အမှန်းတစ်ခုသည် အချစ်ဆိုသည့်အရာကြောင့် လွင့်ပြယ်သွားနိုင်သည်ဆိုတာ သိလာရချိန်မှာ အချစ်၏စွမ်းအားနှင့် အရှိန်ဩဇာကို ရွှေအိမ် က တအံ့တဩ နားလည်လိုက်ရသည်ပါပဲ ..။

အန်ကယ့်ထံမှာ ဆေးသေတ္တာတောင်းကာ ရွှေအိမ် ကိုယ်တိုင် သူ့ကို ဒဏ်ရာတွေ သန့်စင်ပေးနေတော့လည်း ကလေးလိုပဲ သူ ငြိမ်၍ ခံသည်။ အရက်ပြန်ဝွမ်းစနှင့် သန့်စင်ခဲ့စဉ်ကလည်း တပ်ချက် မညည်း..၊ အမြင်ကပ်ကပ်ရှိပုံဖြင့် တချို့ပုလင်း ရွှေအိမ့် ကို အန်ကယ်မှ ပေးလာစဉ် မှာ ...

"တခြားဆေးရည် မရှိဘူးလား အန်ကယ် .. တချို့က အရမ်းစပ် တာပဲ .."

ဟု ရွှေအိမ် မော့မေးမိစဉ်မှာ သူ ရယ်သည်။ ရွှေအိမ့် ခေါင်းလေး ကို လှမ်း၍ ပုတ်သည်။ တကယ့်ကို ကလေးလေးတစ်ယောက်ကို ချစ် စနိုး ပုတ်လိုက်သလိုပင် ဆန်နေသေးသည့်အဖြစ် ..၊ အန်ကယ်နှင့် ဖေဖေကလည်း ရယ်သည်။ ထိုအခါမှ ရွှေအိမ် ရှက်သွားရသည်ပါပဲ။ သူ့ဒဏ်ရာတွေမှာ တချို့ဆေးရည်ကို မထည့်ရက်နိုင်ဘဲ ဖြစ်နေတာ လူသိသူသိ ဖြစ်ကုန်ရသည်ကိုးလေ ..၊ အန်ကယ်မှ ဆေးဝါရည်ပုလင်း ထပ်ယူလာပေးသည်မို့ ရွှေအိမ် ရှက်ရှက်နှင့် ယူလိုက်ရသည်ပါပဲ ..။ တစ်ခန်းလုံး ပစ်ပေါက် လွင့်စင်ကွဲရှတွေ ဖြစ်နေသည့် အခန်းရှုပ်ပွပွကြီး ထဲမှာ ခုကျတော့လည်း ရယ်သံတွေဘာတွေပင် ဖြစ်တည်လာနေကုန် ကြပြီ ..။

"အရက်ပြန်ဝွမ်းစနဲ့ သုတ်တာတောင် မညည်းတာပဲ သမီးရယ် .. တချို့လောက်တော့ အော်ရမှန်းတောင် သိမှာ မဟုတ်ပါဘူး .. သမီး လက်နဲ့ ထိထားတာမို့ .. ဒီကောင် .. ရင်ထဲ အေးနေပြီလေ.."

ဟု အန်ကယ် တိုးဖွဖွ ပြောကာ ဖေဖေ့ကို ခေါ်၍ အခန်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သည်။ လူကြီးတွေပဲလေ .. အခြေအနေကို ရိပ်စားမိကုန်ကြချေပြီ ပေါ့ ..။

ရွှေအိမ် ပတ်တီးစည်းနေရင်းမှ သူ့ကို မျက်စောင်းထိုးပစ်တော့ သူ ရယ်သည်။ ရွှေအိမ့် ခေါင်းလေးကို နောက်တစ်ကြိမ် ထပ်၍ ခပ်ဖွဖွ ပုတ်သည်။

''သိပ်ချစ်ဖို့ ကောင်းတာပဲ ကောင်မလေးရေ .. ကလေးလေးလို အရမ်း အပြစ်ကင်းနေတာဗျ .. အဟုတ် ..''

သူ့ ပြောဟန်က ချစ်စနိုးနိုင်နေသည်။

''ရှင် ဣန္ဒြေမရ ဖြစ်နေတာနဲ့ .. ဖေဖေရော အန်ကယ်ရော သိကုန်ကြပြီ ..''

''အဲဒါ ကောင်းတာပေါ့ကွ .. သူတို့လည်း မြန်မြန်ပျော်ကုန်ကြရတာပေါ့ .. အဲဒါ .. ဘာများ အရှုံးရှိနေလို့လဲ ရွှေအိမ်သူ .. ဆုံးရှုံးမှု တစ်စုံတစ်ရာ မရှိပဲ အပျော်တွေကို မြန်ဆန်စွာ အပ်နှင်းနိုင်တဲ့အရာထဲမှာ .. စစ်မှန်တဲ့ အချစ်ဆိုတာ ပါဝင်တယ် ဟသ်ာ ..''

သူ ပြုံး၍ ပြောလာချိန်မှာ ရွှေအိမ်သူ သူ့ကို မော့ခနဲ ကြည့်မိလိုက်ရပါပြီ။ ဘာတဲ့ ..၊ ဆုံးရှုံးမှု တစ်စုံတစ်ရာမရှိဘဲ မြန်ဆန်စွာ အပျော်တွေကို အပ်နှင်းနိုင်သောအရာသည် စစ်မှန်သောအချစ် ဖြစ်လေသည်တဲ့..။ သူသည် .. သူ့ရင်ထဲမှာ မြဲတည်နေပါသည့် စစ်မှန်သော ချစ်ခြင်းတို့ကို တိုင်တည်၍ ပြောနေချေသည်တကား ..။ ရွှေအိမ် က သူ့ကို ရက်ရက်စက်စက် လက်စားချေခဲ့ဖူးသည်။ အောင်နိုင်သူတစ်ယောက်အဖြစ် လှောင်ပြောင်ရယ်မောပြခဲ့ဖူးသည်။ သူသည် .. ရွှေအိမ့် ကို စစ်မှန်သည့် အချစ်၏ နက်ရှိုင်းလေးနက်မှုကို ပြောပြနေသည့်သူတစ်ယောက် ဖြစ်နေချေသည်ကော်လေ ..။

ရွှေအိမ် ခေါင်းလေး ငုံ့ချလိုက်ကာ မျက်တောင်ခတ်နေပေမယ့် မရ ..၊ မျက်ရည်ကျလာသည်။





ထိုအခါကျတော့လည်း သူ တစ်ချက် ငြိမ်သွား၏။ မျက်တောင်မခတ် ရွှေအိမ့် ကို ငေးကြည့်ရာမှ ...

''မင်း .. ငိုတယ် .. ဟုတ်လား ..၊ ငါ .. မှားပြီ ထင်တယ် ..''

ဟု တစ်ချက် ညည်းသည်။ ပြောမိသည့်စကားကို နောင်တဖြင့် ပြောညည်း ပြစ်တင် ကိုယ့်ကိုယ်ကိုယ် လုပ်နေခြင်းဟု ရွှေအိမ် သိနေရပါ၏။

''နေ .. နေ .. ကိုယ် စည်းမယ် ..''

ပတ်တီးစည်းနေသည့် ရွှေအိမ့် လက်လေးတွေ တုန်ခါနေကြတာမို့ သူ ရွှေအိမ့် လက်ကို ဖယ်ကာ ကိုယ်တိုင် စည်းနေတော့ သူ့လက်ကို ရွှေအိမ် ဖယ်လိုက်မိရပါ၏။ ကိုယ်ကြီး ကိုင်း၍ ခါးကိုင်း ခါးညွတ်ဖြင့် ဒဏ်ရာတစ်ဖက်ဖြင့် ပတ်တီးစည်းနေတာကို ရွှေအိမ် က ငြိမ်ကြည့်နေရက်မည်တဲ့လားလေ ..၊ ရွှေအိမ် ပတ်တီးစည်းတာ ပြီးသွားသည်အထိ သူ ငြိမ်၍ ခံသည်ပါပဲ ..။

''ခြေထောက်နှစ်ဖက်လုံး ပတ်တီးနဲ့ .. ရှူးဖိနပ်ဖြူ စီးထားတာကျနေတာပဲ .. ရှင်ဟာ .. မဆင်မခြင် အရမ်းလုပ်တဲ့သူပဲ .. နှင့်ခြေထောက်တွေကို သံမဏိတွေများ ထင်နေသလား ..''

''အသည်းနှလုံးက သံမဏိနဲ့လေ .. အချစ်သံမဏိ ..''

သူ ပြုံး၍ ပြောကာ ရွှေအိမ့် ကို မျက်တောင်မခတ် တစိမ့်စိမ့် ကြည့်ပြန်သည်။ သူ ဆတ်ခနဲ ထရပ်လိုက်တာမို့ ရွှေအိမ် လန့်ခနဲ ဖြစ်သွားရကာ ...

''ဟင် .. ခြေထောက်မှာ ဒဏ်ရာတွေ ဗရပွနဲ့ဥစ္စာ .. ဘာလို့ ဖြည်းဖြည်းသာသာ မရပ်ရတာလဲ .. ပြန်ထိုင်ပါဦး .. ပြန်ထိုင်စမ်းပါဦး .. ရှင့်လက်က ဒဏ်ရာကိုလည်း ဆေးလေးဘာလေး ထည့်စမ်းပါရစေ .. ရှင်ဟာ ခြေထောက်မှာ စူးနေတဲ့ ဖန်စတွေရဲ့နေရာမှာ လက်ကို အပ်ရိုက်ပြီး ဒဏ်ရာကူးတတ်တဲ့လူပဲ .. သိပ်ခက်တာပဲ .. သိပ်ခက်တာပဲ ..''



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိမ် ညည်းတော့ သူ ခုမှ သူ့လက်ကို သတိရသလို ငုံ့ကြည့်ကာ ...

"ဟုတ်သားပဲ.. ဒီနေရာမှာ ကျန်နေသေးတာကိုး .. ကဲဗျာ.. ဆေးလူးစေဗျား .. လူးစေဗျား .. ဒါပေမယ့် အရင်ရက်တွေမှာ .. ဟင့်အင်း.. မဟုတ်သေးဘူး ...မင်းဆီက အဖြေလေး မရမီအချိန်အထိ.. ငါ့နှလုံးသားမှာ နောင်တ ဖန်ကွဲစတွေ စူးနေတာကွ .. အဲဒီ ဖန်စလေးတွေကို မင်းတစ်စချင်း ဘယ်လို နုတ်ပေးမလဲ .. ဒီလက်လေးတွေနဲ့လေ .."

ရွှေအိမ့် လက်လေးကို နူးညံ့လွန်းစွာ တစ်ချက် ခပ်ဖွဖွထိပြီး ခေါင်းငိုက်ချ၍ ငုံ့မိုးမေးလာတော့ ကြမ်းပေါ်တွင် ထိုင်ချကာ သူ့လက်ကို ဆေးထည့်ပေးနေပါသည့် ရွှေအိမ်သူ မျက်ရည် ဝဲလာရသည်။

"ရင်တွင်းဒဏ်ရာဆိုတာ .. ပျောက်ခဲပါတယ် ကိုသတိုးနေခ - ရှင့်ရင်ကို နောင်တဖန်စတွေ စူးနစ်ဝင်နေသလို .. ကျွန်မ ရင်ထဲမှာလည်း အဲသလိုပဲ စူးနစ်ဝင်နေတာပါပဲရှင် .. တကယ်တော့ .. ရှင်ရော ကျွန်မရော .. မာနတွေ အရှမ်းကြီးမိခဲ့ကြတာ အမှားဆုံးပါပဲ .."

ဟု တိုးတိုးလေး ပြောကာ ဆေးသေတ္တာကို ရွှေအိမ် စနစ်တကျ ပြန်သိမ်းသည်။ ရွှေအိမ် ပြောတာကိုလည်း သူ ငြိမ်သက်၍ နားထောင်သည်။ ရွှေအိမ် ဆေးသေတ္တာလေးကို မှန်ကွဲစတွေ တချို့ တင်နေသေးသည့် မှန်တင်ခုံထက်မှာ သွားတင်တော့လည်း လိုက်ကြည့်နေသည်။

"သေချာ ဂရုစိုက် လျှောက်ဦး.. ဖန်ကွဲ မှန်ကွဲတွေ နင်းမိလိမ့်မယ်.."

"အဲဒါတွေ ရှင် လုပ်ခဲ့တာပဲလေ .."

သူ စိတ်ပူစွာ လှမ်းပြောချိန်မှာ ရွှေအိမ် ကလည်း မျက်စောင်းခဲ၍ ပြောမိသည်ပါပဲ။ အခန်းထဲမှ သူ ထွက်လာပုံကလည်း သွက်လက်နေသည်။

"ကိုယ် .. မင်း အိမ်ကို ရောက်ချင်ပြီကွ .. မြန်မြန် လာစမ်းပါ - မြရတနာကို သွားကြပါစို့ရဲ့ .."





ဟု လောနေပြန်သေးသည့်အဖြစ် ...၊ အပေါ်ထပ်ဆီမှ လှေကားထစ်တွေကို နင်း၍ ဆင်းနေသည်ကလည်း ဘာဆိုဘာမျှ ခြေထောက်မှာ နာကျင်မှုမရှိသည့်နှယ် ဖြစ်နေတော့ ရွှေအိမ်သူ ရင်ထဲမကောင်းနိုင်ကော့ပြီ ...၊ သူသည် နာကျင်တာတွေအားလုံးကို ဂရုမစိုက်နိုင်လောက်အောင်ပဲ ရွှေအိမ် ဆီမှ ရွှေအိမ့် ကို ချစ်နေသည့်အချစ်တွေဖြင့် ရင်သန်နေသည့်နှယ်ပါတကား ...။

ပေါ်တီကိုအောက်မှာ ရပ်ထားသည့်ကားကို စီးတော့လည်း ရွှေအိမ် စီးမည့် မြရတနာမှ ကားကိုပဲ ဇွတ်ခနဲ နေအောင် တံခါးဖွင့်၍ ဝင်ထိုင်ပစ်လိုက်သည့်အဖြစ် ...၊ အန်ကယ် ဦးမိုးပြည့် ကတော့ သားတော်မောင်၏ ကလေးတစ်ယောက်နှယ် ဟန်မဆယ်နိုင်လောက်အောင် ရွှေအိမ့် အပေါ် ချစ်နေတာကို တပြုံးပြုံးဖြင့်သာ လက်ပိုက်၍ ကြည့်သည်ပါပဲ။ ဖေဖေ ကားမောင်းသူနေရာမှာ ဝင်ထိုင်ကာ ...

"သမီး နောက်ခန်းမှာပဲ လူလေးနဲ့ တူတူ ထိုင်လိုက်လာပါကွယ်.."

ဟု ပြောလိုက်တာနှင့် သူက သွက်လက်လွန်းစွာပဲ နောက်ခန်းတံခါးကို ဖွင့်ပေးနေပြီ ...။ ခြေထောက်နှစ်ဖက်မှာ ပတ်တီးဖြူတွေနှင့် ရှိနေကာ အိမ်စီးဖွပ်ဖိနပ်ကို စီးထားပါသည့် သူ့မှာ လက်မှာလည်း ပတ်တီး .. ခြေထောက်မှာလည်း ပတ်တီးဖြင့် ရှိနေတာပေါ့နှင့် ဆန့်ကျင်စွာ ရွှင်လန်း သွက်လက်နေသည့်အဖြစ် ...၊

ကားနောက်ခန်းမှာ ရွှေအိမ် ဝင်ထိုင်ရသည်။ သူ တပြုံးပြုံးဖြင့် ရှိနေသည်ပါပဲ ...။ ရွှေအိမ် ရှက်နေတာမို့လည်း သူ့ကို စကားမပြောဖြစ်...၊ သူကလည်း ရွှေအိမ် ရှက်နေမှန်း သိ၍ ဖြစ်မည်။ ဖေဖေ့ရှေ့မှာဆိုတော့လည်း အလိုက်တသိဖြင့်ပင် ငြိမ်သက်လိုက်လာတာကိုပဲ သူ့ကို ရွှေအိမ် ကျေးဇူးတင်မိရသည်ပါပဲ။ အပျော်လွန်ပြီး လေတွေ တဝေါဝေါဖြင့် ရှိနေမှာကို ရွှေအိမ် စိုးရိမ်ခဲ့သည်ကိုးလေ ...။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ ကားနောက်မှ အန်ကယ် ဦးမိုးပြည့် ၏ ပရာဒိုကားကြီး မောင်းလိုက်လာသည်ပါပဲ။ အိမ်ရောက်တော့ ပေါ်တီကိုအောက်မှာ ကားရပ်လိုက်တာနှင့် သူက ဆင်းနေပြီ ..၊ ခြေလှမ်းသုတ်သုတ်ဖြင့် လှမ်းလာနေတာကိုက ရွှေအိမ် ကားပေါ်မှ ဆင်းနိုင်ဖို့ရာအတွက် ကားတံခါး ဖွင့်ပေးဖို့ အလောတကြီးနိုင်နေတာ ရိပ်မိရသည်မို့ .. ရွှေအိမ်လည်း ကားတံခါး မြန်မြန်ဖွင့်ရ .. ဆင်းရနှင့် ဖြစ်ကုန်ရသည်ပါပဲ ..။

"ဟာ .. ခဏ စောင့်တာ မဟုတ်ဘူး .. ကိုယ့်ကို ချစ်အဖြေတစ်ခု လူကြီးတွေရှေ့မှာ ဒီကောင်မလေး ပေးရတော့မယ့်အခါ .. အဖြေပေးသူရဲ့ခြေလှမ်းအစ .. ဒီတံခါးကို ဖွင့်ပေးတဲ့သူဟာ ကိုယ် ဖြစ်ချင်နေတာလေ .. ဘာလို့ .. ဒီလောက် အမြန်ကြီး ဆင်းပစ်ရတာလဲ .."

ဘေးမှာ ရပ်ရင်း သူ ခပ်တိုးတိုး ပြောနေတော့ ရွှေအိမ် ရှက်စနိုးလေး ဖေဖေ့ကို ကြည့်မိရပါ၏။ ဖေဖေ ပြုံးနေသည်ပါပဲ။ ကလေးနှစ်ယောက် ခုလို .. ချစ်ချစ်ကြင်ကြင် ရှိကြတာကို မြင်တော့လည်း ဖေဖေ စိတ်လက်ချမ်းမြေ့သွားတာ သိသာနေသည်။ သူ အရမ်းကို ပေါက်ကွဲ ခံစားချေသမျှ ဖေဖေလည်း မြင်ခဲ့ရတာမို့ ကရုဏာသက်ခြင်းသည် သူ့ အပေါ်မှာ ဖြစ်တည်နေတာလည်း သိသာနေသည်ပါပဲ ..။

ဧည့်ခန်းမှာ အားလုံး ရောက်ကြနိုက်မှာ သူ ဆိုဖာထက်မှာ ထိုင်သည်။ ရွှေအိမ် အပေါ်ထပ်သို့ တက်လာရချိန်မှာ ရှက်စနိုးဖြစ်စိတ်သည် ရင်နှင့်အပြည့် ပါလာသည့်နှယ် ..၊ ကြည်နူးအေးချမ်းသည့်စိတ်သည်လည်း ပါလာရသည်ပါပဲ။ သူ့ကို ချစ်စိတ်ဖြင့် သူ စိတ်ချမ်းသာဖို့ ဆွဲကြိုးလေး ဆွဲပြရမည့်အဖြစ်သည် .. ရွှေအိမ့် နှလုံးသား၏ စေခိုင်းရာအတိုင်း လိုက်ပါ စီးမျောသည့်အရာပဲ ဖြစ်နေလေသည်တည့် ..။

အခန်းရောက်တော့ ရွှေအိမ် ဗီရိုကိုဖွင့်လိုက်မိကာ ဗီရိုအံဆွဲထဲမှ ယွန်းဘူးငယ်လေးကို ထုတ်ယူလိုက်မိရပါပြီ ..၊ ဩော် .. တစ်ချိန်က ဤဘူးလေးကို ဖွင့်ကာ ဆွဲကြိုးနှင့် လက်စွပ်လေးကို ထည့်စဉ်မှာ ခါးသီး





ပြင်းထန်သော အမုန်းတရားတွေ ပြည့်ဝနေသည့် တေးမှတ် နာကျင်နေသော မာနခပ်ကြီးကြီး အမျိုးသမီးတစ်ယောက်၏ တခဲဖက်သားကို အောင်နိုင်ရလိုက်ပြီဖြစ်သည့် ခံစားချက်တွေဖြင့် ထည့်မိခဲ့ဖူးသည်။

ခုကျတော့ .. ထို ဆွဲကြိုးနှင့် လက်စွပ်လေးကိုပင် ချစ်မြတ်နိုးစွာသော နူးညံ့သိမ်မွေ့သည့် ခံစားချက်များဖြင့် ပြည့်ဝနေသည့် မိန်းမသားတစ်ယောက်၏ မာနတွေကင်းစင်နေသော ချစ်ခြင်းတို့၏ စေခိုင်းရာအတိုင်း ဤဘူးလေးကို ဖွင့်ယူရချေတော့မည် တကား ..။

ဤဘူးလေး၏ အပိတ်တံခါးသည် အမုန်းတရားတို့နှင့်အတူ ရှိခဲ့ပြီးလျှက် ..၊ ဤဘူးလေး၏ အဖွင့်တံခါးသည် ချစ်ခြင်းများဖြင့် ဖြစ်တည်နေပြန်ချေသည်တည့် ..။

တုန်ခါနေသော လက်လေးဖြင့် ဘူးလေးကို ဖွင့်မိသည်၊ လက်စွပ်လေး လျှိုသွင်းထားရာ ဆွဲကြိုးလေးကို ဖွဖွညင်ညင် ယူမိသည်။

"ငါ .. ငါ့ရဲ့ အောင်နိုင်မှု အထိမ်းအမှတ်တစ်ခုအဖြစ် .. သူ့အပေါ် ပြင်းထန်တဲ့ အမုန်းအဆိပ်တွေပဲ ဖြစ်တည်နေတဲ့ မိန်းမတစ်ယောက် အဖြစ် .. ခံစား ကျေနပ်နေရင်း .. ဒီ ဆွဲကြိုးနဲ့ လက်စွပ်လေးကို သိမ်းထားမိခြင်းဟာ .. ဒီနေ့မှာ သူ့ကို ချစ်တဲ့အဖြေတစ်ခု ပေးရဖို့အတွက် သိမ်းထားသလို ဖြစ်ကုန်ပါရောလား .."

ရွှေအိမ်သူ သည် မမြင်နိုင်သော ကံကြမ္မာဆိုတာကို ပို၍ နားလည်လာရပါပြီ ..၊ ချစ်သူနှစ်ယောက် ဖြစ်ဖို့ရာအတွက် မုန်းသူနှစ်ယောက် အဖြစ် ရပ်တည်ခဲ့ရသည့် ကံကြမ္မာသည် အံ့သြဖို့ ကောင်းလပါချေသည် တကားလေ ..။

ဆွဲကြိုးချိတ်လေးကို ဖြုတ်လိုက်မိကာ ဆွဲလိုက်မိစဉ်မှာ မှန်ထက်၌ ထင်နေသည့် ပုံရိပ်လေးကို ကြည့်မိရပြန်သည်။ ပတ္တမြားကို စိန်ရံထားသော လက်စွပ်သည် လျောခနဲ လည်တိုင်အလယ်အောက်အထက်ဆီမှ ချပ်လှုပ်လှုပ်လဲ့ရှိချေသည်။ ဩော် .. တစ်ချိန်က သူကိုယ်တိုင် ဆွဲပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေသော ဆွဲကြိုးလေး ..၊ သူ့ပုံရိပ်တွေသည်လည်း ထိုစဉ်ကနယ်ပင် မြင်လာနေစေပြန်သည်။

"ကိုယ် .. ကိုယ် အသက်ကို တိုင်တည်ပြီး သစ္စာဆိုတယ် ဟသ်ာ- ယုံပါ .. မင်းကို ကိုယ် ချစ်မြတ်နိုးလို့ .. သနားလို့ .. သံယောဇဉ်ရှိလို့- လက်ထပ်မှာပါ .. လက်ထပ်ချင်တာပါ .."

သူ ပြောခဲ့ဖူးလေသော စကားများ ..၊ အိမ်ဖော်မိန်းကလေး ဟသ်ာ အဖြစ် သူ ချစ်မြတ်နိုးစွာ ပြောခဲ့ဖူးလေသော စကားများ ..၊

"ကိုယ့်ကို ကြည့်စမ်း ဟသ်ာ .. ကိုယ့်မျက်လုံးတွေကို ကြည့် - မင်းကို မွန်မွန်မြတ်မြတ် ချစ်တဲ့ ကိုယ့်အချစ်တွေ .. မင်းအပေါ် သနား စိတ်နဲ့ မျှဝေ နားလည်ပေးတဲ့စိတ်တွေ အားလုံးကို .. မင်း မြင်ရမှာ ဟသ်ာ .. ကိုယ့်သိက္ခာနဲ့ ကိုယ့်အသက်ကို ရင်းပြီး သစ္စာဆိုတဲ့ စကား တွေကို .. အကြွင်းမဲ့ ယုံကြည်ပေးပါ ဟသ်ာ .."

သူ့အချစ်တွေသည် ဟသ်ာ အပေါ်မှာ ရှိးသားခဲ့သည်။ မရိုးသား က ရွှေအိမ် ဖြစ်ခဲ့ဖူးပါ၏။ ဤအတွက် ရက်စက်သူတစ်ယောက်အဖြ ရွှေအိမ် လိပ်ပြာမရဲဘဲ ရှိနေရချေတော့မည်သာ ..။

ရွှေအိမ် မျက်ရည်ကျလာသည်။ လက်ဖမိုးလေးဖြင့် မျက်ရည် သုတ်မိပြီးမှ အပေါ်ထပ်မှ ဆင်းလာမိရပါပြီ ..၊ သူ.. ထိုင်မနေ..၊ စိတ် စွာ လှေကားရင်း၏ လက်ရန်းပွတ်လုံးတိုင်ကြီးအနီးမှာ ရပ်စောင့်နေ သည်တကား ..၊ ရွှေအိမ့် ကို မျက်တောင်မခတ် ကြည့်နေသည်။ တစ်လှမ်းတိုင်း တစ်လှမ်းတိုင်း လှေကားထစ်တွေကို နင်းဖြတ်လာ အတိုင်း လိုက်၍ ကြည့်နေသည်။ သူ့လက်တွေ မသိမသာ တုန်နေ ကိုလည်း လက်ရန်းပွတ်လုံးတိုင်ထက်မှာ တင်ထားသည့် လက် လက်ချောင်းတွေကို မြင်နေရရင်း ရွှေအိမ် တွေ့နေရသည်ပါပဲ။

ရွှေအိမ် သူ့ဆီမှာ ရပ်လိုက်သည်အထိ သူ ကြည့်နေဆဲ..၊ ရွှေ လည်တိုင်မှာ ဆွဲထားသည့် ဆွဲကြိုးလေးကိုလည်း တယုတယ သူ





ကြည့်နေသည်။ လက်စွပ်လေးကိုလည်း ကိုင်လိုက်ကာ မလှမ်းမကမ်းမှာ ရပ်ရင်း မြင်ကွင်းကို ကြည်နူးစွာ ကြည့်နေသည့် ဖေဖေနှင့် အန်ကယ် ဦးမိုးပြည့် ကို ကြည့်ကာ ...

"ဒါ .. ဟသ်ာ ကို လက်ထပ်ခွင့်တောင်းတုန်းက .. သားကိုယ်တိုင် ဒီလက်စွပ်လေးကို ဒီဆွဲကြိုးလေးမှာ လျှိုသွင်းပြီး .. ဟသ်ာ ကို ဆွဲပေးခဲ့ တာပါ ဖေဖေနဲ့ အန်ကယ် .."

ဟု ပြောနေသည်။ သူ့မျက်ဝန်းမှာ မျက်ရည်တွေ လည်နေ၏။ အပျော်တွေ ပိတ်ဖုံးနေ၏။ ရွှေအိမ့် ကို ဆံစလေးတွေ သပ်ပေးသည်။

"ကျေးဇူးတင်ပါတယ် ဟသ်ာ .."

ဟု တိုးဖွဖွ ပြောလာပါ၏။ ရွှေအိမ် တစ်ခါတစ်ခါ နာခံခဲ့ ခံစား လာရသည်က မနာလိုခြင်းတွေ ဖြစ်နေပြန်သည်။ ရွှေအိမ် .. ရွှေအိမ် .. ဟသ်ာ ကို မနာလိုနေတတ်ချေသည်တကား ..၊ ကိုယ် ဖန်ဆင်းရာ ကောင်မလေးကို .. ကိုယ်ကိုယ်တိုင် မနာလိုစိတ်တွေ ပေါက်ဖွားလာ ကြရအောင် အချစ်သည် ဖန်ဆင်းပေးတတ်သည်တည့် ..၊ ဤအရာကို ခုမှ ရွှေအိမ် နားလည်လာတတ်ချေသည်။ ထိုသို့ နားလည်လာရအောင် လည်း .. သူက သင်ပေးလိုက်သည့်နှယ် ဖြစ်နေရပြီ ..၊ ဟသ်ာ ဆိုသည့် ဆံပင် နှစ်ခွကျစ်နှင့် နွမ်းမွဲမွဲ ပွင့်ရိုက်ထည်လေးတွေကို ဝတ်ထားရှာ ကောင်မလေးကို သူ့ရင်ဘတ်ထဲက လုံးဝ ပျောက်ကွယ်သွားအောင် ဆွဲနုတ်ပစ်ချင်စေသည် အံ့ဩဖို့ကောင်းလောက်အောင်ပင် ရင်ထဲမှာ ရုတ်ခြည်း ဖြစ်တည်လာရချေသည်။

"ကိုယ် .. ရှေသောက်ချင်လိုက်တာ ရွှေအိမ် .. ခုမှ ရေဆာရမှန်း သိလာရတော့တယ် .."

တစ်လျှောက်လုံး အရမ်းကို ကြေကွဲ ပေါက်ကွဲ ခံစားခဲ့ရလေ သမျှ..၊ အခန်းထဲ အရှုံးအမူး ဟိုသည် သွားလာရင်း ပစ္စည်းတွေ သပ် ဟယ် ပစ်ဟယ် တွန်းဟယ်နှင့် ရှိခဲ့ရလေသမျှ ..၊ ခုမှ .. ခြောက်သွေ့နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် လည်ချောင်းတွေဆီမှ ရေဆာမှုကို သူ သတိထားမိလာပုံဖြင့် ပြောလာတော့ ရွှေအိမ် ထမင်းစားဆောင်သို့ ဝင်ခဲ့ရကာ ဖန်ခွက်ထဲ ရေခဲသေတ္တာထဲမှ ရေပုလင်းကို မှင့်၍ ရေလောင်းထည့် ..၊ သူ့ထံ ယူလာတော့ စောစောက နေရာမှာပင် သူ ရပ်စောင့်နေဆဲ ..၊ ရွှေအိမ့် လက်ထဲမှ ဖန်ခွက်ကို သူ ဆီးကြို၍ ယူသည်။ နောက်တော့ .. ရွှေအိမ့် ကို အရင် တိုက်ပါ၏။

''ရွှေအိမ်လေး ပင်ပန်းလှပါပြီ .. အရင် သောက်လိုက် နော် ..''

ဟု ပြောလာတော့ ရွှေအိမ် ရှက်နေမိရသည်က ဖေဖေနှင့် အန်ကယ့်ကိုပါ ..၊ သူကတော့ ရွှေအိမ် ရေဆာနေမှာကို သိနေပုံဖြင့် လက်ကြီး မရပ်စတမ်း ဖန်ခွက်ကြီး နှုတ်ခမ်းမှာ တေ့ပေးနေရင်း ရေတိုက်နေတာမို့ ရွှေအိမ် သောက်လိုက်ရသည်ပါပဲ ..။ ထိုအခါမှ သူ ကျေနပ်သွားကာ ကျန်သည့်ရေကို တစ်ကျိုက်ကျိုက် သောက်ပစ်လိုက်သည်မှ အရမ်းကို ရေငတ်နေသည့်နှယ်ပါ..၊ သူသည်.. ရေဆာလွန်းနေပေမယ့်.. လည်ချောင်းတွေ ခြောက်သွေ့နေပေမယ့် .. ရေကို အရင် မသောက်.. ရွှေအိမ် ရင်ထဲ ပူနေမှာ .. ရေဆာနေမှာ တွေးပေးသူတစ်ယောက် ဖြစ်နေသည်။ ရွှေအိမ့် ကို ရေ အရင်တိုက်သူတစ်ယောက် ဖြစ်နေသည်။ ပြီးတော့ .. ရွှေအိမ် သောက်ပြီး ကျန်နေသည့် လက်ကျန်ရေကို ဖေဖေနှင့် အန်ကယ့်ရှေ့မှာ သောက်နေသူလည်း ဖြစ်နေသည်။ ဖန်ခွက်ကို ကိုင်ထားသောလက်သည်ပင်လျှင် မတ်တီးနှင့် ဖြစ်နေလျက် ..၊ ဒဏ်ရာအနာတရရှိနေသည့် လက်တွေဖြင့် ရွှေအိမ့် ကို ရင်အေးစေဖို့ ရေတိုက်သူတစ်ယောက်လည်း ဖြစ်နေချေသည်တကား ..၊ သူ .. ဖန်ခွက်ကို ကိုင်ထားလျက်ဖြင့်ပင် ရွှေအိမ့် ကို ကြည့်ကာ ဆံစကို သပ်ပေးသည်။ တယုတယ နိုင်သည် ..၊ သိမ်သိမ်မွေ့မွေ့ ရှိသည်။ နောက်တော့ သူ ထိုင်လိုက်သည်က လေ့ကားရင်းရှိ လှေကားထစ် အဆုံးနေရာမှာပါ ..

''လူလေးရယ် .. ဒီမှာ ထိုင်ပါ .. ဒီမှာ ထိုင်ပါကွယ် .. မဟုတ်တာ





ဗျာ .. လှေကားထစ်မှာ ထိုင်ရတယ်လို့ .. သမီး .. လူလေးကို ဒီဆိုဖာထိ တွဲလာပါကွယ် .. ရပ်နေရတာ ကြာတော့ .. ခြေထောက်တွေ မလှမ်းနိုင် ဖြစ်နေပုံ ရတယ် ..''

ဟု ဖေဖေ ပြောလာတာမို့ ရွှေအိမ် သူ့ကို ကြည့်တော့ လှေကားထစ်မှာ ထိုင်နေရင်းဖြင့်ပင် ခေါင်းယမ်းသည်။ လက်က ဘေးဘက် လှေကားထစ်နေရာကို ပုတ်ပေးသည်။

''ဒီမှာ ခဏ ထိုင်ပါ ရွှေအိမ်သူ .. ခဏ ထိုင်ပါ .. တူတူ ထိုင်ကြတာပေါ့ ..''

ဟု ပြောတာမို့ ရွှေအိမ် မငြင်းရက် ..၊ ဘေးတွင်ထိုင်လိုက်ရသည်ပါပဲ ..၊ သူ ပြုံး၍ ရွှေအိမ့် ကို ကြည့်သည်။ နောက်တော့ ဖေဖေနှင့် အန်ကယ် ဦးမိုးပြည့် ကို ကြည့်သည်။ ရွှေအိမ် ၏ လက်ထဲသို့ ရေမကျန်တော့သည့် ဖန်ခွက်ကို ဖွဖွ ထည့်ပေးလာသည်။ လှေကားထစ်တွေကို မော့ကြည့်ကာ ...

''ကျွန်တော် ဒီမှာပဲ ထိုင်ပါရစေ အန်ကယ် .. ကျွန်တော် ရောက်ချင်တဲ့ ပန်းတိုင်ခရီးကို ရောက်အောင် လှေကားထစ်တွေကို နင်းဖြတ်တက်ရတယ်လို့ မှတ်ယူပါတယ် .. အခု .. ပထမဆုံးသော လှေကားထစ်ကိုတော့ ကျွန်တော် ရောက်ပါပြီ အန်ကယ် .. နောက်ထပ် လှေကားထစ်တွေကို ကျွန်တော် တက်ရပါဦးမယ် ..''

ဟု ပြောကာ သတိုးနေခ တစ်ချက် ပြုံးလိုက်သည်။ ရုတ်ခနဲ မျက်ဝန်းတွေကို ပိတ်ချလိုက်ပြီ ..။

ဟုတ်တယ် ရွှေအိမ်သူ.. မင်း ရင်ဆိုင်ရမယ့် အနာဂတ်ခရီးအတွက် ပထမဆုံးသော လှေကားထစ်မှာ မင်းဟာ .. ငါနဲ့ အတူထိုင်နေတဲ့ ရွှေအိမ်သူ ဖြစ်နေရချေပြီကောလေ..၊ နောက်ထပ် နင်းတက်သွားရချေမယ့် လှေကားထစ်များစွာကိုလည်း မင်းဟာ အနာဂတ်ကို မမြင်နိုင်သော ခရီးမှာ ကံဆိုးစွာ ပါလာနေတဲ့ ရွှေအိမ်သူ ဖြစ်နေရပါလိမ့်မယ် ..။



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းမရနိုင်သော တုန်လှုပ်ချောက်ချားခြင်းကြီးစွာဖြင့် ကြေကွဲ ဆုံးရှုံးနေရချေမည့် ခံစားချက်များအတွက် .. ယခုကတည်းက ကြိုတင်၍ မင်း ပြင်ဆင်ထားပါလေ ရွှေအိမ်သူ ..။

ငါသည် မင်းကို အနိုင်ရမည့်အတွက်ဆိုလျှင် .. ခြေထောက်တွေ ဖန်စရူးသည့်ဒဏ်ရာ မဆိုထားနှင့် .. ငါ၏ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေကိုပင် အဆုံးရှုံးခံရဲသော သတ္တိနေခဲ ဖြစ်နေပါလိမ့်မည်။

ငါ့ကိုယ်ခန္ဓာမှ ဒဏ်ရာအနာတရဖြစ်ကာ သွေးကျသည်ထက် - ငါ၏မာနသွေးတို့ အကျခံရတာ ပို၍ ဆိုးပါသည် ရွှေအိမ်သူ ..။

ငါ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းတို့ ကျိုးကျေ ပြတ်တောက်ခံရတာထက် ငါ့မာနတို့ ဖြတ်တောက်ကျိုးကျေ ခံရတာက ပိုဆိုးပါသည်။

ယခု .. ငါ၏ ဟန်ဆောင်ခြင်းများစွာထဲမှာ .. မင်း လူးလဲ မျောနေခြင်းဖြင့် မကြာမတင် လက်ခံရချေတော့မည့် အနာဂတ်ဆိုးကြီး တစ်ခုကို ငုံ့လင့် စောင့်ဆိုင်းနေပါလေ ..။

သူ မျက်ဝန်းတွေကို ပိတ်ထားဆဲ ..။

နောက်တော့မှ .. ဖျတ်ခနဲ မျက်ဝန်းကို ဖွင့်လိုက်ကာ ရွှေအိမ်သူကို တယုတယနိုင်စွာ ပြုံး၍ ကြည့်မိလိုက်ရပါပြီ ..။

ရင်ထဲမှာကဖြင့် .. ခါးသီးသောအမုန်းသည် .. မာနအဆိပ်တွေဖြင့် ရှိနေကြချေသည် တကား ..။







မင်းအတွက် ငါ ပျိုးတဲ့ပန်း

အမုန်းပန်းခင်းတွေသာ

ဖြစ်တည်လာစေရင်း

ချစ်ပန်းခင်းတွေရယ်လို့

မင်း ယုံကြည်စေဖို့ ကြိုးစားကာ

အမုန်းမာနရဲ့ ဖောင်ပေါ်မှာ

ပန်းလောင်စာ ငါ တိုက်ခဲ့ ..။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၆ ]

မနက်စာအတွက် မီးဖိုခန်းထဲမှာ အလုပ်ရှုပ်နေချိန်လေးမှာပင် ခြံတံခါးဆီမှ ကားဟွန်းသံ ကြားလိုက်ရပါသည့် ရွှေအိမ်သူ မှ ...

"လေးလေးစံ ရေ .. ခြံရှေ့ တစ်ချက် သွားကြည့်လိုက်ပါဦး .."

ဟု စိုက်ခင်းလေးကို ရေဖျန်းနေသည့် လေးလေးစံ ကို ပြောမိလိုက်ရသည်ပါပဲ။ ဖေဖေ အိပ်ရာမှ မနိုးသေး ..၊ ဖေဖေ နိုးလာလျှင် အသင့်ရှိနေဖို့ ရွှေအိမ်သူ မနက်စာအတွက် ချက်ပြုတ်နေရချိန်မှာ ..၊ မနက်လင်းစ အချိန်လေးမှာပင် ဟွန်းသံပေးနေပါသည့် ကားသည် အဘယ်က ဖြစ်ချေမည်လဲဆိုတာကိုလည်း ရွှေအိမ် တွေးမိရသည်ပါပဲ ..။ ကြော်လှော်နေတာမို့ သော်နံ့တွေ ထမင်းစားခန်းနှင့် ဧည့်ခန်းဘက်ကို မရောက်နိုင်အောင် မီးဖိုဆောင်ကူးတံခါးကိုလည်း ပိတ်ထားကာ .. ပန်ကာဖွင့်ထားသော မီးဖိုဆောင်ကျယ်ကြီးထဲမှာ အလုပ်များနေရင်း ခြံတံခါးရှေ့မှာ ဟွန်းသံပေး ရပ်နေသည့် ကားအကြောင်း ကြာကြာမတွေးမိရဘဲ ရှိသွားသည်က ရွှေအိမ်သူ ပါ ..။ ဖေဖေ့မိတ်ဆွေ ဖြစ်နေချေလျှင်လည်း လေးလေးစံ မှ ဧည့်ခန်းမှာ ထိုင်နိုင်းထားချေမည်သာ ..၊ ဧည့်ဝတ်စကား ပြောချေမည်သာ ..၊ မနက်စာကို ဖေဖေနှင့်အတူ စားနိုင်ဖို့ ဧည့်သည်ကိုလည်း ထမင်းစားဆောင်သို့ ဖေဖေမှ ခေါ်လာပါလိမ့်မည်..။





ဖေဖေ အိပ်ရာမှ နိုးချိန်အထိတော့ လေးလေးစံ ဧည့်ခန်းမှာ ဧည့်သည်ကို စကားပြော ဧည့်ခံနေပါလိမ့်မည် ..။

"ဒီမြူဆွမ်အိုးလေး ရရင်လည်း အားလုံး ပြီးပါပြီလေ ..၊ ငါ .. အဲဒီတော့မှပဲ အဲဒီဧည့်သည်ကို တွေ့လိုက်ပါ့မယ် .."

ဟု တွေးကာ မြူဆွမ်အိုးလေး၏အဖုံးကို ဖွင့်၍ ကြည့်သည်။ ကြက်သားမြူဆွမ်အိုးလေးက ငုံ့ဥလေးတွေဖြင့် မွှေးနေသည်ပါပဲ။ မီးခလုတ်ကို ပိတ်ကာ ရွှေအိမ်သူ ဧည့်ခန်းသို့ ထွက်လာမိရသည်ပါပဲ ..။

ဧည့်ခန်းသို့ကူးသည့်တံခါးရွက်ကို ဖွင့်ကာ ရွှေအိမ် ခန်းဆီးလေးကို ဖေးကိုင်၍ ဝင်စဉ်ခိုက်မှာ မြင်ကွင်းကြောင့် မှင်တက် ငေးကျသွားရသည်ပါပဲ ..။

ဧည့်ခန်းဆောင်ကျယ်ကြီးဆီသို့ ဥယျာဉ်ကြီးတစ်ခု နေရာယူလာသည့်နှယ်ပါတကား ..၊ အရောင်အသွေး စုံသော နှင်းဆီဘို့သည် ပန်းခြင်းများ၊ ပန်းစည်းများအဖြစ် ဧည့်ခန်း၏ကြမ်းပြင်တွေထက်မှာ .. စားပွဲထက်မှာ.. ဗီရိုပုထက်မှာ ထူထပ် သိပ်သည်းစွာ ရှိနေကြသည်။ ပြီးတော့.. အသွေးစုံ .. အမယ်စုံ .. လှပလွန်းစွာသော သစ်ခွတို့သည်လည်း ပန်းခြင်း ပန်းစည်းတွေဖြင့် ဧည့်ခန်းထဲ ရောက်နေကြပြီ ..။ စောစောက ဟွန်းသံပေးသည့် ကား ..၊ ယခု ပန်းတွေ သယ်နေဆဲဖြစ်သည့်သူ နှစ်ယောက်ကလည်း ရှိနေတာမို့ ရွှေအိမ်သူ နားလည်လိုက်ရသည်က ပန်းတွေကို ကားစီးတိုက် ပို့လာခြင်းဆိုသည့်အသိ ..၊

မနက်ဦး နေသည်ပင် အရှိန်မပြင်းနိုင်သေး ..၊ နုနုဝါဝါလေးပဲ အရောင်လင်းနေသည့် ဤအချိန် စောစောကြီးမှာ အဘယ်သူသည် ဤမျှ များပြားလှစွာသော ပန်းတွေကို ပို့လာသည်တဲ့လဲ ..။

ပန်းသယ်သူတို့ကလည်း သယ်နေဆဲ ..၊ တဖြည်းဖြည်း ဧည့်ခန်းဆောင်ကျယ်ကြီးထဲမှာ ပန်းတွေ ပြည့်သိပ်သည်ထက် ပြည့်သိပ်လာနေကြပြီ ..။ ပန်းတို့၏ရနံ့ကလည်း မွှေးထုံနေပါသည့်အဖြစ် ..၊ နှင်းဆီ၏



www.burmeseclassic.com

www.burmeseclassic.com



ရန့် .. သစ်ခွ၏ရန့်တို့သည် ခန်းလုံးကြိုင်မျှ ဖြစ်နေသည်။ ပန်းဗိုသည် သူသည် တစ်ယောက်ပဲဖြစ်ဖို့ ရှိသည်ဟု ရွှေအိမ်သူ စတင်၍ နားလည်လာစ ပြုချိန်လေးမှာပင် အခန်းတံခါးမှာ ရပ်လာသည်က အနီရောင်နှင်းဆီပန်းစည်းကြီးကို ကိုင်၍ ပြုံးကြည့်နေပါသည့် သတိုးနေခ ဖြစ်ချေသည်တကား ..။

အနောက်တိုင်းဝတ်စုံ မီးခိုးရောင်ကို သပ်သပ်ခပ်ခပ် ဝတ်ထားကာ အဝါရောင်ပန်း ချည်ဖဲသားကြိုးဖြင့် လှပစွာ စည်းနှောင်ထားရာ နှင်းဆီပန်းစည်းကြီးနှင့် ရပ်နေရင်းမှလည်း ကြည်နူးကျေနပ်စွာ ပြုံးကြည့်နေသည့် သတိုးနေခ ၏ မျက်ဝန်းတွေသည် ရွှန်းလဲ့လွန်းနေကြပါသည့်အဖြစ် ..။

''မောနင်းပါ ငါ့ရဲ့ ရွှေအိမ်သူလေး ရေ ..''

သူ ခပ်တိုးတိုး ပြောကာ ထပ်၍ ပြုံးကြည့်လာသည်ပါပဲ ..၊ ပန်းတွေက ဧည့်ခန်းထဲမှာ ပြည့်လာပြီမို့ .. အိမ်အဝင်တံခါးရှေ့ ပေါ်တီကိုနေရာ၏ အတွင်းဘက်အနားတွေမှာ .. ပေါ်တီကိုမှ ဧည့်ခန်းသို့ ကူးသည့် လှေကားထစ်နေရာတွေမှာကအစ ပန်းခြင်းတွေ ရှိကုန်ရပြီ ..။

လိုက်ထရပ် ကားနှစ်စီးတိုက်မျှ ပန်းတွေ သယ်လာခြင်းဆိုတာကြီး ဖြင့် ပန်းတွေ အားလုံးကုန်မှ မောင်းထွက်သွားသော ကားကို မြင်နေရရင်းမှ ရွှေအိမ် သိလိုက်ရပါ၏။ သူကတော့ ဧည့်ခန်းရှိ ပန်းတို့၏ အလယ်မှာ ရပ်နေပြီ ..၊ အရမ်းကို ချစ်မြတ်နိုးသည့် အကြည့်တွေဖြင့်လည်း ရွှန်းရွှန်းစားစား ရွှေအိမ့် ကို ကြည့်နေဆဲ ..၊

နောက်တော့ .. ရွှေအိမ့် ထံ လျှောက်လာပါ၏။ ရင်ထဲ ကြည်နူးလွန်း၍ တသိမ့်သိမ့် လှုပ်ရှားစွာ သူ့လှုပ်ရှားမှုတိုင်းကို ငြိမ်သက်ကြည့်နေပါသည့် ရွှေအိမ် ၏ရှေ့မှာ သူ မျက်နှာချင်းဆိုင် ရပ်လိုက်ကာ အနီရောင်နှင်းဆီပန်းစည်ကြီးကို ကမ်းပေးလာရင်းမှ ...

''ကိုယ် .. မင်းဆီက ချစ်ခြင်းတွေကို ငါ့အတွက် ပေးအပ်ခဲ့





နေ့တစ်နေ့ဆီကနေပြီး .. နောက်တစ်နေ့အကူးမှာ .. မနက်ခင်းတစ်ခုဟာ အခုလို အလွန်လှပ လန်းဆတ်နေတဲ့ ပန်းတွေနဲ့ စဟင်ဖြတ်သန်းမှု ဖြစ်လိမ့်မယ်လို့ .. ဆုံးဖြတ်မိတဲ့အတွက် .. ကိုယ် .. မင်းအတွက် .. ဒီပန်းတွေ အားလုံးကို ပန်းဈေးခင်းက ပန်းဆိုင်တွေဆီက ကားနဲ့ အပို့ခိုင်းခဲ့တာပါ ရွှေအိမ်သူ .. ဦးစံ ခြံတံခါး ဖွင့်ပေးကတည်းက ခုလို .. ပန်းတွေ ဧည့်ခန်းထဲ ရောက်ရတော့မယ့်အဖြစ်တွေ မင်း မသိသေးပါစေနဲ့ဦးလို့ .. ကိုယ် ကားထားရတယ်လေ .. မင်း ရုတ်တရက် မြင်တဲ့အခါ .. ဘယ်လို ကြည်နူးသွားမလဲဆိုတာ .. ကိုယ် စောင့်ကြည့်ချင်နေတာကိုး ..''

ဟု ပြောလာစဉ်မှာ ရွှေအိမ် မော့ကြည့်မိရင်းမှ မျက်ရည်တွေ လည်လာနေမိရပါပြီ ..၊

ရွှေအိမ့် ကို ဤမျှ ချစ်မြတ်နိုး ခွင့်လွှတ်ပေးနိုင်လွန်းပါသည့် သူ့အချစ်တွေကို ပိုင်ဆိုင်ခွင့်ရခြင်းသည် ကြီးမားသော ကံကောင်းခြင်းတစ်ခုဟု ရွှေအိမ် ခံယူပါသည်။

''သူ့ကို ငါ ရက်ရက်စက်စက် အနိုင်ယူပြခဲ့မိလေသမျှ .. ခုကျတော့လည်း ယူကျုံးမရ ဖြစ်စရာတွေချည်း ငါ့ရင်ထဲမှာ နေရာယူလာနေရပါပေါ့လား ..၊ သူ့လောက် မာနကြီးတဲ့သူ .. ဘယ်မှာ ရှိနိုင်ပါ့မလဲ..၊ ဒီလောက် ခေါင်းမာပြီး မာနကြီးတဲ့သူတစ်ယောက်ဟာ .. ငါ့ကို ဒီလောက်ထိ ခွင့်လွှတ်ပေးနိုင်စွမ်းခဲ့တယ်ဆိုတာ .. သူ .. သူ .. ငါ့ကို .. အရမ်းချစ်လွန်းလို့ပေါ့ .. အို .. သူ .. ဟသ်ာ ကို မမေ့နိုင်တာ ဖြစ်သလို ငါ့ကို.. ဟသ်ာ နဲ့ တစ်ယောက်တည်းဆိုတာ သိနေရင်း .. ငါ့ကို ဆက်ချစ်လာစေနိုင်စွမ်းတဲ့ နှလုံးသားကို မြင့်မြင့်မြတ်မြတ် ပိုင်ဆိုင်နေသူ တစ်ယောက် ဖြစ်နေတာပါလား .. ဖြစ်နေတာပါလား ..၊ ဒါတွေကို ငါ မြင်နေရလေလေ .. သိနေရလေလေ .. ငါ ရှိုင်းခဲ့သမျှ နောင်တရလေလေ ဖြစ်နေရပြီ ..''



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိမ် မျက်လွှာချလိုက်မိပြန်သည်။ မျက်ရည်က ဖျောက်ဖျောက် စက်စက် ကြွေ၏။

"ဟာ!..."

ရွှေအိမ် မျက်ရည်ကျတာကို မြင်တော့ မအီမချင့် ထိခိုက်သံတစ်ချက် သူ့နှုတ်ဆီမှ ပွင့်ကျလာသည်။ ရွှေအိမ့် ဆံစလေးတွေကို သပ်ပေးလာသည်။

"ပျော်ဖို့ .. ကြည်နူးဖို့ .. ပန်းတွေပို့တာပါ ရွှေအိမ်သူ .. မျက်ရည်ကျအောင် ကိုယ် .. ဒီပန်းတွေ ပို့လာတယ်လို့များ ထင်နေသလား .."

သူ မေးလာတော့ ရွှေအိမ်သူ ခေါင်းလေး မော့ကာ ...

"ကျွန်မကို ရှင့်အချစ်တွေ ပုံအောပြီး ဒီလောက် ချစ်နေတာ မြင်ရ သိနေရလေလေ .. ရှင့်အချစ်နဲ့ ကျွန်မ .. မထိုက်တန်ဘူးဆိုတာ ခံစားလာရလေလေပါ ..၊ ရှင့်ကို .. ကျွန်မ .. ကျွန်မ .. ရက်ရက်စက်စက် အနိုင်ပိုင်းပစ်ခဲ့ဖူးတယ်လေ .. အဲဒါကို ကျွန်မ မေ့ပစ်လိုက်လို့ ရနိုင်ပါ့မလား .."

ရွှေအိမ် အသံလေးတွေ တိမ်ကျရင်း ပြောလာတော့ သူ ပြုံးသည်။ ရွှေအိမ့် မျက်ရည်ကို ဖွဖွ သုတ်ပေးနေသည်ကလည်း ကလေးတစ်ယောက်ကို အလိုလိုက်သည့် အစ်ကိုကြီးပင် ဆန်နေသေးသည့်အဖြစ်..၊ ရွှေအိမ် လည်း ငြိမ်သက်ခံနေမိသည်ပါပဲ။ သူသည် ရွှေအိမ့် ပါးပြင်ထက်မှ မျက်ရည်စက်ကို ပထမဆုံး သုတ်ခွင့်ရသည့်သူတစ်ယောက် ဖြစ်နေသည်။

ဟုတ်သည် ..၊ မြရတနာမှာ ဖေဖေသည်သာ ရွှေအိမ် မျက်ရည်ကျတာ ရှိခဲ့လျှင် သုတ်ပေးခွင့်ရသည့်သူ ..၊ ခုကျတော့ တစ်ယောက် တိုးလာပြီ ..၊ သူ .. ဖြစ်နေချေသည်တကား ..။ ထိုသူသည် ရွှေအိမ့် ကို အရိပ်တကြည့်ကြည့်မှ ချစ်နေသည့် ချစ်သူလည်း ဖြစ်နေသည်။

"ဦးစံ က ပြောတယ် .. ရွှေအိမ်သူ မနက်စာ ချက်ပြုတ်နေတယ်





ဆိုပဲ .. ကိုယ်က .. ရွှေအိမ် ဟာ စီးပွားရေးတစ်ခုကလွဲပြီး မီးဖိုဆောင်ကိစ္စ ဘာမှမလုပ်တဲ့ ကောင်မလေးလို့ ထင်မိတာကွ .."

အာရုံပြောင်းအောင် သူ ပြောလာမှန်း ရွှေအိမ် သိနေပေမယ့် မျက်စောင်းလေး ခဲ၍ ...

"ရွှေအိမ် ဆယ့်ငါးနှစ်သမီးမှာမှ မေမေ ဆုံးခဲ့တာပါ ကိုသတိုးနေခ .. မေမေက မီးဖိုချောင်ကိစ္စ သေချာသင်ခဲ့တာပါ .. ပြီးတော့ ဒေါ်ကြီးစာန လည်း သင်ပေးတာပါပဲ .. ရွှေအိမ် အလုပ်တွေ ဦးစီးလုပ်ကိုင်ရတဲ့အခါကျတော့မှ .. အလုပ်တွေဘက် ဖောင်းပေးလုပ်နေရတာမို့ .. မြရတနာရဲ့ မီးဖိုဆောင်ကိစ္စအားလုံး ဒေါ်ကြီးဘာန လက်ထဲအပ်လိုက်ရတော့တာပါပဲ ..၊ ရွှေအိမ့် မှာ မီးဖိုဆောင်ထဲ ဝင်ဖို့ အချိန်တွေ ပေးစရာ မရှိလို့ .. အလုပ်ကိစ္စတွေနဲ့ နစ်နေလို့ပါ ကိုသတိုးနေခ .."

"ကိုကြီးလို့ ခေါ်လေ .. ဟသ်ာလေး ရဲ့ .."

မီးဖိုဆောင်ကိစ္စတွေ ရုတ်ခနဲ ဖြတ်ချလိုက်ကာ ဖြတ်၍ ပြောလာသည့် သူ့စကား ..၊

ဟသ်ာ သူ့ကို ခေါ်ခဲ့ဖူးပါသည့် .. ကိုကြီး ဆိုသည့် ခေါ်သံလေးကို သူ တမ်းတနေချေသည်လားဟု အကဲခတ်ကြည့်လေးဖြင့် ရွှေအိမ် မော့ကြည့်လိုက်မိရပြန်သည်ပါပဲ...။

"ဘာလဲ .. မခေါ်ချင်လို့လား ခေါ်ရွှေအိမ်သူ .. ရပါတယ် .. ကိစ္စမရှိပါဘူး .. ကိုကြီးလို့ ခေါ်တာ ရင်ထဲ မပါလို့လား .. ဟုတ်လား.."

ဟု အကဲခတ်သလို မော့ကြည့်နေပါသည့် ရွှေအိမ့် ကို ကြည့်ကာ ပြုံး၍ မေးလာတော့ ...

"မဟုတ်ပါဘူး .. ကျွန်မ .. ကိုကြီးလို့ ခေါ်ရမှာ ဘာမှ .. ဝန်လေးစရာ မရှိပါဘူး .."

လွှတ်ခနဲ ဖြေလိုက်မိတော့ သူ ရယ်သည်။ ရွှေအိမ့် ခေါင်းလေးကို ပွတ်ပြန်သည်။ ကလေးလေးကို ခေါင်းလေးပုတ်၍ ချစ်ရနိုးလေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည့်နှယ်လည်း ကြည့်သည်။ ခုလို .. ရွှေအိမ့် ကို ချစ်သည့်သူ တစ်ယောက်၏ ချစ်စနိုးဆန်စွာ ခေါင်းလေးပုတ်လိုက်တာကို ခံလိုက်ရသည့် ခံစားမှုလေးတစ်ခုသည် ကြီးမားသော ကြည်နူးခြင်းတွေကို ရင်မှာ အပ်နှင်းနိုင်စွမ်းလောက်အောင် အရှိန်ကြီးမားသည်ပဲဟု စတင်သိလာနေရရင်း .. ရွှေအိမ့် ရင်ထဲမှာ ကြည်နူးရသည်။ ပျော်လာရသည်။ စိတ်တွေလည်း လှုပ်ရှား တိမ်းမူးသွားရသည်ပါပဲ။ အလုပ်တွေထဲမှာ နစ်နေရင်း အချိန်တွေကို တစ်နေ့ပြီးတစ်နေ့ မငြီးငွေ့စတမ်း ဖြတ်သန်းနေရသည့် ကျန်ခဲ့ရာဘဝတစ်ခုသည် စက်ရုပ်ဆန်နေလျက် ..၊ ခုလို - ပန်းတို့ ပြည့်သိပ်စွာ ဘေးမှာ ပြည့်လျှံနေသည့် ဥယျာဉ်ခန်းဆောင်တစ်ခုမှာ ရပ်နေရင်း ပန်းရနံ့တို့ကို တဝတဝ ရှူရှိုက်ကြရကာ .. ရွှေအိမ့် ရှေ့မှာ ရပ်နေသည့်သူသည် အလွန်တရာကိုမှ ချစ်တတ်သောသူတစ်ယောက် အဖြစ် ရှိနေသည့်ဘဝလောက် ကြည်နူးချမ်းမြေ့စရာ မရှိတော့ပြီဟု သိနေရင်း .. ချစ်ရသူနှင့် ရှိနေရပါသည့် ဘဝသည် မက်မောတန်ဖိုးထားဖွယ်ရာ ဖြစ်သည်ဆိုတာ ရွှေအိမ် ပို၍ ပို၍ နားလည်လာရပါ၏။ သူ ခြေထောက်ကို ရွှေအိမ် ကမန်းကတမ်း ကြည့်မိသည်။ ခြေအိတ်စွပ်ထားကာ အိမ်စီး ခြေစွပ်ဖိနပ် ဖြူဖြူကျယ်ကျယ်ကြီးကို စီးထားတာ မြင်ရသည်။

"ဘာလဲ .. ခြေထောက်က နာနေသလား .. သက်သာရဲ့လားလို့ - မေးမလို့ မဟုတ်လား.. မနာဘူး .. မနာဘူး .. ဘာမှ စိတ်ထဲ အဲဒီဒဏ်ရာ ပုစိကွေးလေးကို ခေါင်းထဲ ထည့်မထားနဲ့ .. ထုတ်ပစ်လိုက် .. အလကား ကိုယ့်ကောင်မလေး စိတ်ပင်ပန်းနေပါ့မယ် .."

ရွှေအိမ် မမေးရသေးခင်မှာပင် သူ လက်ဦးအောင် ဝင်ပြောတော့ ရွှေအိမ် ပို၍ ရင်ထဲမကောင်းနိုင် ..၊ ကြမ်းပြင်တွင် ဆောင့်ကြောင့်ထိုင်ကာ သူ့ခြေထောက်ကို လက်ဖြင့် ဖွဖွ ထိကြည့်တော့ သူ အမ်းအမ်းဖြစ်သည်။





ထိုသို့ ရွှေအိမ်သူ ခြေထောက်ကို ထိကိုင်လာလိမ့်မည်ဟု ထင်ထားပုံ မရ ..။

"ဟာ ... မဟုတ်တာ .. ဒီကောင်မလေးတော့ ခက်ပါပြီ .. ပန်းခြည်းကို ဟောဒီ လက်လေးတွေ မယူသေးဘဲ .. ကိုယ့်ခြေထောက်ကို.. ဟောဒီ လက်လေးတွေက ကိုင်နေရသတဲ့လား .. ထ .. ထ .."

သူ မျက်နှာမကောင်းဘဲ ရွှေအိမ့် ကို ဆွဲထူမတော့ ရွှေအိမ် ၏ ပျောင်းနွဲ့နွဲ့ကိုယ်လေးသည် သူ ဆွဲထူရာအတိုင်း အရုပ်လေးနှယ် ပါသွားရသည်ပါပဲ ..။ သူ့ခြေထောက်ကို ကိုင်ခဲ့ပါသည့် ရွှေအိမ့် လက်လေးကို လက်ကိုင်ပဝါ ထုတ်ကာ သူ သုတ်ပေးနေပြန်၏။

"ဟင်.. ဘာလုပ်တာလဲ .. ရှင့်ခြေထောက်ကို ကိုင်လိုက်တာ ဘာမှ ညစ်ပတ်သွားပါဘူး ကိုသတိုးနေခ ရဲ့ .. ဘာလို့ .. ရှင့်လက်ကိုင်ပဝါနဲ့ လက်ကို လာသုတ်နေရတာလဲ .."

ရွှေအိမ်သူ မကျေမနပ် ရန်တွေ့သလို ပြောတော့ နောက်တစ်ကြိမ် ရွှေအိမ့် ကို အံ့သြကြည့်ဖြင့် ကြည့်လာသည်က သတိုးနေခ ပါ ..၊ နောက်တော့ မျက်ဝန်းတွေ ပို၍ ရွှန်းလဲ့လာသည်။ ပြုံးလာသည်၊

"အံမယ် .. စွာတာတာလေးပါလားကွ .. ဟေ .."

ပြောသံက ပို၍ တရင်းတချာဖြင့် ကလေးကို မှတ်ချက်ချနေသံမျိုး ဖြစ်လာနေသည်။

"ခြေထောက်ဟာ ခြေထောက်ပဲ ရွှေအိမ်သူ .. ဖုန်တွေ .. အမှုန်တွေ မကင်းတဲ့ ခြေထောက်ကို ကိုင်မိ ထိမိရင်တော့.. အနည်းဆုံး အဲဒီ လက်ကို အဝတ်တစ်ခုခုနဲ့တော့ သုတ်ပစ်ရမှာပေါ့ကွ .. အကောင်းဆုံးကယ်တမ်း ဖြစ်သင့်တာက ဆပ်ပြာနဲ့ သေချာ ဆေးရမှာ .. ရေစက်ခေါင်းလေး နှင့်ချပြီးတော့ပေါ့လေ .."

"ရှင် .. ပြောပြန်ပြီလား .. ဒီခြေထောက်လေး တစ်ခုက် ထိမိပါ တယ် .. သန့်ရှင်းရေးစကားက ကြီးကျယ်လွန်းနေပြီ .. ကျွန်မ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပေါက်နဲ့ ရှင့်ခြေထောက်ကို လက်သီးဆုပ်နဲ့ ထုပစ်လိုက်မိလိမ့်မယ် နော် ..''

''ကြောက်ပါတယ်ဗျာ .. ဒီကောင်မလေး တကယ်စွာတတ်တာကိုး ..''

နောက်တစ်ကြိမ် သူ ပြောကာ ခပ်တိုးတိုး ရယ်သည်။ ချော့မော့ခြင်းဘက်ကိုနွယ်သည့် ရယ်မောမှုသည် ချိုသာနေသည်ပါပဲ။ အလွန်တရာကိုမှ လေကြောမာလျက် .. ကိုယ် ထင်ရာကို မှန်သည်ထင်သည့်အတိုင်း နောက်မဆုတ်စတမ်း လုပ်တတ်သူအဖြစ် ရွှေအိမ် သိထားရဖူးလေသော လူတစ်ယောက်သည် ..၊ ထိုမျှအထိ ရွှေအိမ့် အပေါ် စိတ်ရှည်စွာသော အစ်ကိုကြီးတစ်ယောက်၏ ဟန်ပန်တွေဖြင့် ရှေ့မှာ ရပ်နေမည်ဟု ထင်မထားမိ ..၊ ချစ်သူတစ်ယောက်၏ ချိုသာပြုံးတွေဖြင့် ကြည့်နေလိမ့်မည်ဟုလည်း မမျှော်လင့်ထားမိ ..။

''အန်ကယ် မနိုးသေးဘူးလို့ ဦးစံ ခြံတံခါးဖွင့်ပေးတုန်းက အန်ကယ်ကို.. ကိုယ် မေးတုန်းက ဖြေခဲ့တယ်လေ.. အန်ကယ့်ဆီမှာ ကိုယ် တစ်ခုခွင့်ပန်စရာ ရှိနေလို့ .. ရွှေအိမ် ကိုလည်း ကိုယ် အဲဒါ ပြောချင်တယ်ရော .. အရင်ဆုံး ပန်းစည်းကြီး လက်ခံပေးပါဦး ကောင်မလေးရဲ့ လက်ဆောင်းလှပြီဗျ ..''

ဟု ပြောကာ ပန်းစည်းကြီး ပေးလာတာမို့ ပွင့်ဖတ်လေးတွေ မနာအောင် နူးညံ့ညင်သာ ယူလိုက်ရသည်က ရွှေအိမ် ပါ ..။

''ကိုယ်တို့ရဲ့ စေ့စပ်ပွဲကို ဖေဖေက ဒီရန်ကုန်မှာ လုပ်ချင်တယ် ကိုယ် .. ဖေဖေ့ကို ပြောခဲ့တယ် ရွှေအိမ်သူ .. ကိုယ်နဲ့ မင်း .. စဆုံဖြစ်ခဲ့တဲ့ ဗစ်တိုးရီးယားမှာပဲ စေ့စပ်ပွဲကို လုပ်ပါရစေလို့ .. အဲဒီနေ့မှာ .. ရွှေလွှန်းလေးကိုတောင် .. ရှိနေစေချင်တာကွ .. ယုန်ဖြူလေးလေ .. ဟသ်ာရဲ့ ယုန်ဖြူလေး ဆိုပါတော့ ..''

သူ ပြောလာတော့ ရွှေအိမ်သူ တစ်ချက် ငိုင်ခနဲ ဖြစ်သည်။





သူ့ကို လှည့်စားခဲ့သည့်အထဲမှာ ရွှေလွှန်းသည်လည်း နေရာတစ်ခုမှာ ပါဝင် ပတ်သက်ခဲ့ရသည်ပဲလေ ..၊ ဟသ်ာ အပေါ် သူ့မေတ္တာတွေ.. သံယောဇဉ်နှင့် ကြင်နာခြင်းတွေ ဖြစ်တည်လာစေဖို့အတွက် ရွှေလွှန်းကိုလည်း အသုံးချခဲ့ဖူးသည်ကိုး ..။

''ဗစ်တိုးရီးယားမှာ စေ့စပ်ပွဲလုပ်ဖို့ .. သဘောကျရဲ့လား ရွှေအိမ်သူ .. ဖြေပါဦးကွ ..''

ဟု သူ ထပ်မေးလာတော့မှ မော့ခနဲ ကြည့်မိရသည်၊ ဗစ်တိုးရီးယားသည် သူ့အတွက် မမေ့နိုင်ရက်စရာတွေ ပြည့်သိပ်နေသည့် နေရာတစ်ခု ဖြစ်နေချေသည်ကော .. ဟု ရွှေအိမ်သူ တွေးနေမိရင်းမှ ပန်းတွေကို ကြည့်မိရပြန်သည်။

''ကျွန်မအတွက် .. ရှင် .. ဒီလောက်များတဲ့ ပန်းတွေလို .. ချစ်တဲ့စိတ်တစ်ခုကြောင့် .. ဒီမနက်မှာ ပို့လာတဲ့အတွက် .. ကျေးဇူးတင်ပါတယ် ကိုကြီးရယ် .. အဲဒီအတွက်ကြောင့်လည်း .. ရွှေအိမ် .. ကိုကြီးကို အဲဒီ ဗစ်တိုးရီးယားမှာ .. လက်ဆောင်တစ်ခု ပေးရလိမ့်မယ် .. ကိုကြီး လက်ခံရလိမ့်မယ် ..''

ဟု ရွှေအိမ် ပြောလာတော့ သူ တစ်ချက် ငြိမ်ခနဲ ဖြစ်၏။ ရွှေအိမ့်ကို ကြည့်နေရင်း သူ့ရင်ထဲမှာ မွန်းကျပ်စွာ နေရာယူ .. ခြေကုပ်စွဲထားသည့်အရာတွေက မောက်ကြွ ရုန်းကန်လာကြပြန်သည်။ ခါးသီးသော ခံစားချက် .. သြော် .. ရွှေအိမ်သူ ပြောခဲ့ဖူးလေသော ပြင်းထန်သော အဆိပ်၏ ပြင်းထန်သော ခံစားချက် ..၊

''ဟုတ်တာပေါ့ ရွှေအိမ်သူ .. မင်း .. ကိုယ့်ကို .. အဲဒီ ဗစ်တိုးရီးယားမှာ လက်ဆောင်တစ်ခုကတော့ ပေးကို ပေးဖြစ်မှာပါ ..''

ဟု ပြောသံသည် ရတ်ခြည်း ရတတနိုင်နေသောအသံဖြင့် မှင့်ကာ ..တာမို့ မော့ခနဲ ကြည့်လာသည့် ရွှေအိမ်သူ ၏ အကြည့်[illegible] ..တို့ပြန်ကြည့်လိုက်မိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရေငတ်လာသလိုလိုပဲ ရွှေအိမ်သူ .. အသံတွေ ကပ်ကုန်ပြီကွဲ .. မနက်အစောကြီး ပန်းအဝယ်ထွက်ရတဲ့ ပန်းတော်ဆက်ကြီး .. ခုမှ ရေ ဆာရမှန်း သိစပြုလာတာ ရွှေအိမ်သူလေး ရေ .."

ဟု မှင်သေသေဖြင့် ပြောတော့ ရွှေအိမ် အားနာသလိုလေး ငေး ကြည့်ကာ ...

"ရွှေအိမ် .. ရေ ယူလာပါ့မယ် .. ခဏ ထိုင်နေနော် .."

ဟု ပြောလာသည်ပါပဲ ..။ သူ ချက်ချင်း ခေါင်းယမ်းကာ ...

"ဘေးက တူတူ လိုက်မှာပေါ့ ရွှေအိမ်သူ .. တကူးတက ဒီထိ လာပို့ပေးတာကို စောင့်နေရမှာလား .. ကိုယ့်ရဲ့ လက်တိုလက်တောင်း ခိုင်းရာ ကောင်မလေးတစ်ယောက်လို .. နေရတာမျိုး .. ကိုယ် အဖြစ် မခံနိုင်ဘူး ရွှေအိမ်သူ .."

သူ ပြောကာ ရွှေအိမ် နှင့် တူတူ ထမင်းစားဆောင်ဘက်ဆီသို့ လျှောက်လာခဲ့ပါ၏။ သူ စည့်ခန်းကျယ်ကြီး၏ အလယ်လောက်ဆီ လျှောက်နေရင်း ရွှေအိမ်သူ ကို ကြည့်မိသည်။ ရင်ထဲတွင် ကျေနပ်နေ၏။ နောက်တစ်ဆင့်သော လှေကားထစ်တွေကို နင်းဖြတ်ရသည့်ကာလ တစ်ခုကိုတော့ လတ်တလောမှာ ဖြတ်သန်းနေရပြီ ..၊ မကြာမီ လှေကား၏ထိပ်ဖျားဆီသို့ ရောက်ရချေတော့မည်တည့် ..။ လှေကားထိပ်နေရာ ရပ်နေရင်း မျက်ဝန်းမျက်တောင်တွေကို မေးယှက်၍ လှောင်ရယ်ရယ် ပါသည့် ရယ်မောသံတစ်ခုသည် သူ့နှာစည်ထဲမှ မထွက်နိုင်ဘဲ ဖြစ်နေ သည်။

ပန်းရောင်စုံတို့ကတော့ မွှေးရနံ့တို့ ဝေနေသည်။ အဆင်းအလှ ဖြင့် မောက်ကြွားနေကြသည်တည့် ...၊

"မင်းအတွက် ငါ ပျိုးတဲ့ပန်းဟာ အမှန်းပန်းတွေပဲ ရွှေအိမ်သူ .. အနေ .. မင်း မြင်နေရတဲ့ပန်းတွေ ပြည့်သိပ် များပြားနေသလောက် ငါ့ရင်ထဲက အမုန်းတွေဟာလည်း ပြည့်သိပ်နေကြတယ် .. ဒီထ





လည်း ပိုပြီး များနေကြတယ် .. ငါ့အမုန်းပန်းတွေအပေါ်မှာ ချစ်ပန်းပွင့် တွေ .. ချစ်ပန်းခင်းတွေလို့ မင်း ယုံကြည်သွားအောင် ငါ ကြိုးစားခဲ့ပြီး ပြီ .. အဲသလို မင်း ယုံကြည်လိုက်တဲ့ ပန်းပွင့်တွေဟာ ငါ့ရဲ့ အမုန်းမာန ဆိုတဲ့ ဖောင်ပေါ်မှာ .. အမုန်းမြစ်တစ်စင်းရဲ့အထက်မှာ မျောနေကြရ လိမ့်မယ် ရွှေအိမ်သူ .. အဲဒီပန်းတွေ ဘယ်လို မျောကြရမယ်ထင်သလဲ..၊ အဲဒီပန်းတွေ အားလုံးကို လောင်စာတိုက်ပစ်မှာ .. ပန်းလောင်စာတိုက် ခံရတဲ့ အမုန်းမာနရဲ့ ဖောင်ပေါ်က အပူတွေ ဘယ်လောက်ဟာပ်မယ်ဆို တာ .. မင်းရဲ့မာန အပြင်းစားရှိတဲ့ နှလုံးသား .. အဆိပ်ပြင်းတဲ့ နှလုံး သား .. မကြာခင် .. သိစေရမှာပါ .. သိနေရမှာပါ .."

အံခဲ၍ ရင်ထဲမှ ပြတ်သားစွာ တွေးနေချိန်မှာ ...၊

ပန်းတို့၏ရနံ့ကတော့ဖြင့် .. ပန်းတို့၏သဘာဝအတိုင်း .. ရိုးသား စွာဖြင့် မွှေးမြနေကြသည်။ ထို မွှေးမြသောရနံ့ကို .. ပြင်းပြသော အဆိပ် ၏ရနံ့အဖြစ် .. သူ ပြောင်းလဲပစ်နိုင်မည်ဟု မှတ်ယူထားမိလိုက်ရသည် ပါပဲ။

ဒါပေမယ့် သူ့မျက်နှာထက်မှာ တည်ငြိမ်အေးချမ်းသောအပြုံးတစ် ပွင့်ကိုတော့ဖြင့် နိုင်နင်းစွာ ဖြစ်တည်ထားစေနိုင်ခဲ့သည်တကား ...၊ ဟန် ဆောင်ပြုံးတစ်ခု .. အဲဘယ်သူက ထိုအပြုံးအပေါ်မှာ သံသယဝင်နိုင်ပါ မည်တဲ့လဲလေ ...။



www.burmeseclassic.com

www.burmeseclassic.com





ငါ့ဆီက ရစေမယ်လို့
မင်း ထင်ခဲ့တဲ့ အကြွေးတွေ
မင်း မရလေပဲ
ငါ့ကို ပြန်ပေးဆပ်ရလေတဲ့အခါ
မင်း ပြုံးနေနိုင်ပါစေ ..။

ငါ့လိုလူတစ်ယောက်အပေါ်
အနိုင်ယူချင်တဲ့ မင်းဟာ
အရှုံးတစ်ခုကို ရင်ဆိုင်ရတဲ့အခါ
တည်ငြိမ်နိုင်ပါစေ ..။

နိုင်ပွဲတစ်ခုနဲ့
အဆုံးသတ်သွားပြီလို့
မင်း ထင်ခဲ့ဖူးတဲ့
အတိတ်ဆိုတာ ကျန်ခဲ့ပြီ ..။

အခု မင်း ရင်ဆိုင်ရတဲ့
ပစ္စုပ္ပန်ဟာ
ရှုံးပွဲကြီးတစ်ခုကို
မင်းဆီမှာ အပ်နှံပါလိမ့်မယ် ..။
မင်း .. လက်ခံလိုက်ပါ ..။







## အခန်း [၁၇]

"ရွှေအိမ် ရေမကူးတတ်ဘူးနော် ကိုကြီး .."

ကန်ရေထက်ဆီမှ ကြာတစ်ပွင့်ကို သူ့ကိုယ် ကိုင်း၍ ချိုးစဉ်မှာ ရွှေအိမ် လန့်ခနဲ တစ်ချက်ပြောမိရသည်ပါပဲ။ လှေက လူးခနဲ တစ်ချက် ဖြစ်သွားသည်ကိုးလေ ..။

"ကိုယ် ရှိနေသမျှ .. ရွှေအိမ်သူ ရေထဲမကျစေရပါဘူးကွ .. လန့်တတ်လိုက်တာကွာ .. ခဏ နော် .."

သူ ရယ်၍ လှမ်းပြောလိုက်ချိန်မှာ သူ့လက်တွေက ကြာဆစ်ကြိုး တစ်ကုံးဖြစ်အောင် ကြာရိုးတံကို လက်ဖြင့် လှပစွာ ဆစ်သီနေပါသည့် အဖြစ် ..။

အနီရောင်ကြာပွင့်သည် ကြာဆစ်ကြိုးတစ်ကုံး၏ သဘာဝ ဆွဲသီး တစ်ခု ဖြစ်သွားရသည်တည့် ..။

"ခေါင်းလေး ညွှတ်လိုက်ပါဦး ကောင်မလေး ရ .."

သူ ပြုံး၍ ပြောလာတော့ ရွှေအိမ်သူ ကြည်စင်စွာ လွှတ်ခနဲ ရယ်လိုက်မိရသည်။ ဤမျှထိ နူးညံ့သောစိတ်ကူးတွေဖြင့် ပြည့်ဝနေသည့် ချစ်သူတစ်ယောက်အဖြစ် .. ရွှေအိမ့် ရှေ့မှာ သူ ရှိနေလိမ့်မည်ဟု တစ်ချိန်က မထင်နိုင်ခဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည် .. မထင်နိုင်ခဲ့ ..။

ဒါပေမယ့် ..၊ သြော် .. ဒါပေမယ့် ခုကျတော့ သူ့ထံမှ အပ်နှင်းခဲ့ပါလေသည့် သိမ်မွေ့နက်ရှိုင်း နိုင်တည်သော ချစ်ခြင်းတွေက ရွှေအိမ့်နှလုံးသားမှာ ချစ်အားကိုးခြင်းများကိုပင် သူ့အပေါ်မှာ ဖြစ်တည်လာစေနိုင်စွမ်းခဲ့ပြီ ..။

သူ ပြောရာကို ကလေးလေးနှယ်ပင် မဆိုင်းမတွ နာခံပေးလိုသော စိတ်လေးတွေလည်း ရှိနေစေခဲ့ပြီ ..၊ ခုလည်း .. သူ ပြောသည့်နှယ်ပင် ရွှေအိမ် ခေါင်းလေးညွှတ်ပေးလိုက်တော့ ကြာဆစ်ကြိုးကို သူ ဆွဲပေးလာပါသတည်း ..။

"ကိုကြီးက လှေလည်း လှော်တတ်တယ် နော် .."

"ဗစ်တိုးရီးယားဘေးက ဒီရေကန်ကြီးကို .. ကိုယ် သိပ်ချစ်တာ.. ဒီမှာပဲ လှေလှော်တတ်အောင် သင်ခဲ့ဖူးတာလေ .. မိုးထက်နေ ဟိုတယ်ကြီး စဆောက်တယ်ဆိုတုန်းကတည်းက ဒီရေကန်ကြီးက ကိုယ့်မိတ်ဆွေပေါ့ .. ဒီကန်ကြီးနဲ့ ကိုယ် ရင်းနှီးခဲ့တာ ကြာပြီ .. ရေကူးတတ်တာလည်း ဒီရေကန်ကြီးမှာပဲကွ .. ကိုယ့် ဟိုတယ်ဝန်ထမ်းထဲက ကိုဗလ ဆိုတာ ရေကူးသင်ပေးတဲ့ ကိုယ့်ဆရာ ဆိုပါတော့ .."

သူ အေးအေးဆေးဆေး ပြောနေသမျှ ရွှေအိမ် ငေးကြည့် နားထောင်နေမိရပါ၏။

စိတ်ရှည်လက်ရှည်ကြီးဖြင့်ပင် ရေကူးတတ်တာတွေကအစ လှေလှော်တတ်ပုံတွေအထိ ရွှေအိမ့် ကို ရှင်းပြ ပြောပြနှင့် ရှိနေသည့် ထိုသူသည် အမြဲအစဉ် .. ခုလိုပင် .. ရွှေအိမ့် ကို အလေးတယူ အ[illegible]ထားမည့်သူဆိုတာ ရွှေအိမ် အကြွင်းမဲ့ ယုံကြည်ရသည်ပါပဲ ..။

ရွှေအိမ့် အကြည့်က ပတ်တီးဖြူနှင့် ရှိနေသော သူ့ခြေထောက်တွေဆီမှာ တစ်ချက် ထိထိနိုက်နိုက် ကြည့်မိသွားရသည်ပါပဲ ..။

"ရှင်ဟာလေ .. သိပ်ခေါင်းမာတာပဲ .."





ရွှေအိမ် ခပ်ညည်းညည်း ပြောတော့ သူ ရယ်သည်။ ခေါင်းလည်း ညိတ်သည်။

"အဲဒါတော့ .. မှန်တယ်ကွ .. ကိုယ်က ခေါင်းသိပ်မာတာ .."

ဟု ခေါင်းကို တစ်ချက်ထုပြပြီး ပြောလာသည်။ ရွှေအိမ့် ရှေ့မှာ သူသည် အပျော်တွေဖြင့် လူးနေသည့်လူတစ်ယောက် ဖြစ်နေသည်။ အပျော်တွေကို လိမ်းကျံထားသူတစ်ယောက်လည်း ဖြစ်နေသည်။ အပျော်ဆုံးလူတစ်ယောက် ဖြစ်နေသည်တည့် ..။

ခုလည်း .. ကလေးတစ်ယောက်နှယ်ပင် ခေါင်းကို ထုပြနေသေးသည့်အဖြစ် ..၊ ခုလိုကျတော့လည်း ရွှေအိမ် ငေးကြည့်နေမိရင်းမှ ...

"ငါ .. သူ့ကို ချစ်လိုက်တာလေ .."

ဟု ဝန်ခံနေမိရသည်ပါပဲ ..၊ သူ ပျော်နေခြင်းသည် ရွှေအိမ့် ထံမှ ချစ်ခြင်းတွေကို ပိုင်ဆိုင်ခွင့်ရ၍ ဆိုတာလည်း သိနေရသည်မို့ .. သူ့ကို ချစ်မိသည့်အတွက် .. ချစ်ရပါသည့်အတွက် .. ရွှေအိမ် ကြည်နူးရသည်ပါပဲ ..။

သူ့အပျော်တွေသည်လည်း ရွှေအိမ့် နှလုံးအိမ်ဆီသို့ ကူးစက်လာသည်ချည်း ..။ သြော် .. အချစ်ဆိုတာ နှလုံးသားဆီမှ အပျော်တွေကို ချစ်သူချင်း တူညီ ခံစားစေနိုင်သည့်စွမ်းအားလည်း ရှိနေစေတတ်သည်ပကား ..။

"ရှင် .. ဒီဒက်ရာကြီး လေးရက်မြောက်တဲ့နေ့မှာ ဒီ လှိုင်ခမ်းမော်ကို သွားဖို့ လေယာဉ်လက်မှတ် ဖြတ်ထားပြီတဲ့သူအဖြစ် ကျွန်မကို လာခေါ်တာကိုက ဘယ်လောက် ခေါင်းမာသလဲ .. လှိုင်ခမ်းမော်ကို ရောက်ရင် ရှင်က မိုးထက်နေမှာ နေမယ် .. ရွှေအိမ် က ဗစ်တိုးရီးယားမှာ နေ .. စေ့စပ်ပွဲဆိုတာ .. ဗစ်တိုးရီးယားမှာပဲ ဖြစ်စေရမယ်ဆိုတာ ပေဖေရော .. အန်ကယ် ဦးမိုးပြည့် ရော.. လက်ခံပေးခဲ့ရဘယ် ..၊ ရှင်.. ခြေထောက်များ နာနေလို့ သိလား .. ခြေထောက်များကောင်းနေရင်



www.burmeseclassic.com

www.burmeseclassic.com



ခြေဖွေပါအောင် .. ဒီ စေ့စပ်ပွဲအတွက် အလုပ်များနေမှာ သေချာတယ်.. အခု .. ဖေဖေနဲ့ အန်ကယ်မိုး တို့ .. နှစ်ပတ်နေရင် ဒီကို လိုက်လာရတော့မှာ .."

ရွှေအိမ် ပြောတော့ သူ ရယ်သည်။ ရေပြင်ကို လက်ဖဝါးဖြင့် ထိလိုက်ရာမှ လက်ခုပ်ဖြင့် ရေကို ခတ်သလို လုပ်ကာ ကန်ရေပြင်ပေါ် ရေတွေ လှမ်းလှမ်းပက်နေပြန်သည်။

တကယ့်ကို ပေါ့ပေါ့ပါးပါး ပျော်နေသည့် ကလေးတစ်ယောက်၏ဟန် ..၊ စိတ်ကို လွှတ်ထားသည့်ဟန်..၊

"ကိုယ်က .. သိပ် အချိန်မဆိုင်းချင်တော့ဘူးလေ .."

ရုတ်ခနဲ ရွှေအိမ် ကြားလိုက်ရသည်က အေးစက်စက်လေသံတွေ ဖြစ်နေသည်။

သူ့ကို ကြည့်မိတော့ ရေပြင်ကို ငေးကြည့်နေတာနှင့် ကြုံ၏။ မျက်ဝန်းတွေပါ အေးစက်နေကြချေသည်လားဟု ရွှေအိမ် မြင်နေရသည့် မြင်ကွင်းကို မယုံတတ်တော့သလို ကြည့်နေချိန်မှာ သူ ဖျတ်ခနဲ သတိဝင်လာသည့်နယ် ရွှေအိမ် ကို ကြည့်လာသည်။

ချက်ချင်း တောက်ပစွာ ပြုံးလာသည်။ လက်ခုပ်ဖြင့် ရေကို ခတ်၍ ကန်ရေပြင်ထက်မှာ ရေကို ရေက ထိခတ်ကျသံမျိုး ဆက်တိုက် ပေါ်နေအောင် ရေဆော့နေသည့် ကလေးနယ် ရှိနေပြန်၏။

"ကိုယ်က ဒီကန်ကြီးကို သိပ်ချစ်တာ .. ကိုယ်ချစ်တဲ့ ကန်ကြီးမှာ .. မင်းနဲ့တူတူ ခုလို လှေစီးရတဲ့နေ့ကို သိပ်ရောက်ချင်တာကွ - ဒီနေ့ ဆိုပါတော့ .. ဒီနေ့ကို အမြန် ရောက်ချင်နေတာလေ ..၊ ပြီးရင် ဗစ်တိုးရီးယားကို ပြန်မယ် .. ဟောဒီက ရွှေအိမ်သူလေး ကို လက်ဆောင်ပေးရမယ် .. ဒါတွေ .. ရောက်ချင်လှပြီလေ .. အချိန်မဆိုင်းချင်ဘူးဆိုတာ အဲဒါကို ပြောတာကွ .."

ဟု ရယ်၍ ပြောလာတော့ ရွှေအိမ် ပြုံးလိုက်မိရပြန်၏။





ဗစ်တိုးရီးယားသို့ ဤနေ့မှာ ရွှေအိမ် ရောက်ရသည်။ လေဆိပ်မှာ အသင့်လာကြိုသည်က မိုးထက်နေဟိုတယ်မှကား ဖြစ်ပါ၏ ။ သူ လှမ်းမှာထားသည်လေ ..၊ ရောက်တာနှင့် ဗစ်တိုးရီးယားမှာ ရွှေအိမ့် ကို ဝင်ပို့ပေးခဲ့ကာ သူက မိုးထက်နေသို့ နောက်မှ သွားသည်။

သူ့ကားနှင့် ပါလာသည့် ရွှေအိမ့် ကို မြင်ကတည်းက အံ့သြမဆုံး ဖြစ်နေကြသည့် ဒေါ်ကြီးစာန၊ အဘညို နှင့် ထူးထူး တို့ကို .. ရွှေအိမ် အဖြစ်စုံ ပြောပြခဲ့ရသည်က .. သူ .. မိုးထက်နေသို့ ကားဖြင့် ပါသွားချိန်မှာပါ ..။

သူနှင့် ရွှေအိမ် တို့ ဗစ်တိုးရီးယားမှာပဲ မကြာမလင့်မီမှာ စေ့စပ်ပွဲ ဖြစ်မြောက်ကြမည်ဆိုတာ သိကုန်ကြရစဉ်မှာ အားလုံး ဘအံ့တသြလည်း ဖြစ်ကုန်ကြ ..၊ နောက်ဆုံးတော့လည်း ရွှေအိမ့် ကို အရမ်းချစ်သည့်သူနှင့် ဘဝလက်တွဲကြရမည်ဆိုတာမို့လည်း ကြည်နူးကြ ..၊ ပျော်ကြသည်ပါပဲ ..။

မကြာလိုက်.. ဟိုတယ်မှကားဖြင့်ပင် သူ ရောက်လာသည်။ သေချာ ကျကျလှလှဖြင့် ထုပ်ပတ်ထားရာ ခပ်ပြားပြားအရာတစ်ခုကို သူ့ဒရိုင်ဘာမှ ဗစ်တိုးရီးယား၏ ဧည့်ခန်းရှိ ဗီရိုရှည်ပုလေးထက်မှာ ဘင်ထားခဲ့မို့ သူ ပြောသည့်အတိုင်း ထားခဲ့ရသည်။ နောက်တော့ ကားထဲမှာ ပြန်စောင့်နေသည်ပါပဲ။ သူက ရေကန်သို့ သွားမည်ဟု ရွှေအိမ့် ကို ဘစောင့်ခေါ်ခေါ် လုပ်နေတာမို့ .. သူ့ကားဖြင့်ပင် ရွှေအိမ် လိုက်ခဲ့ရသည်တည့် ..။

ဩော် .. ခုကျတော့လည်း သူနှင့်တူတူ လှေလေးစီးနေရသည်ကောလေ ..၊ သို့သည် .. ရွှေအိမ် နှင့် ပတ်သက်လာလျှင် အရမ်းကို လှပသော စိတ်ကူးများဖြင့် ပြည့်ဝနေသူတစ်ယောက် ဖြစ်နေဘတ်သည်တည့် ..။

ခုလည်း ကြည့် ..၊ ရောက်တာနှင့် ကြာတောအလယ်မှာ လှေစီးရသည့် နေ့လေးတစ်နေ့ကို .. အမှတ်တရ ဖြစ်စေရာ သူ ပြင်ဆင်ပြီးစေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီ ..၊ ရန်ကုန်မှ မနက်လေယာဉ်ဖြင့် ထွက်ခဲ့တာမို့ .. ဗစ်တိုးရီးယားသို့ မနက် ကိုးနာရီဆိုလျှင် ရောက်နေပြီ ..၊ နေမပြင်းသေးချိန်မှာပင် သူသည် လှပသော ကြာပွင့်တို့ ခရောင်စုံဝေယှက်ရာ ဉာကန်ရေပြာဆီသို့ ရောက်အောင် ခေါ်လာခဲ့သည်။ လှေလေးကို စီးစေခဲ့ပြီ ..၊ ပန်းကြာဆစ်ကြိုး တစ်ကုံးကိုလည်း ဆွဲပေးခဲ့ပြီ ..။ ဉာနေ့လေးကို ရွှေအိမ် မည်သို့ မေ့နိုင်စွမ်းပါမည်တဲ့လဲလေ ..၊ အရမ်းကို လှပသည့် ဉာနေ့လေးတစ်နေ့၏ပုံရိပ်သည် မကြာမလင့်မီမှာ ရွှေအိမ် ရေးဆွဲရာ ပန်းချီကားတစ်ချပ်အဖြစ် .. ဗစ်တိုးရီးယား၏နံရံမှာ ရှိလာစေလိမ့်ဦးမည်။

ရေးဆွဲသည်ကိုက သာမန် မဟုတ် ..၊ မချစ်စဖူး ချစ်ရလေသော ချစ်ခြင်းတို့၏ ခံစား စေခိုင်းရာအတိုင်း .. ရွှေအိမ့် လက်ချောင်းတွေက စီးမျောရေးဆွဲရာ ပန်းချီကားအဖြစ် ရှိနေရချေမည် ..။ ရင်ထဲမှ အချစ်ဆိုရင်း၍ ဆွဲရာ ပန်းချီကား ဖြစ်ပါချေမည် ..။

တစ်ခုတော့ ရှိသည် ..၊ အလွန်လှပသော ကြာပန်းတို့ ပွင့်ဝေရာ ဉာရေကန်မှာ လှေတူတူစီးဖို့ရာ ခေါ်လာခဲ့ချေသော သူ့ထံမှာ ကင်မရာလေးတစ်လုံးပင် ပါမလာခဲ့ ..။ ဓာတ်ပုံရိုက်ဖို့ စိတ်ကူးမရှိလေသည်လား ..၊ အနည်းဆုံး ဟန်းဖုန်းကင်မရာလေးဖြင့်ပင် ရိုက်တာမျိုး မရှိခဲ့ဘဲ ကန်စပ်ဘက်ဆီသို့ လှေကို ပြန်လှော်နေသည့်သူတစ်ယောက် ဖြစ်နေပြန်သည်။ လှေဆိပ်တံတားနေရာလေးမှာ လှေကိုကပ်ကာ လှေချည်တိုင်ကြိုးကို တံတားတိုင်မှာ သူ ချည်သည်။ အရင် လှေပေါ်မှ တံတားဆီသို့ သူ ကူးပြီးမှ ရွှေအိမ့် လက်လေးကို သေချာ လှမ်း၍ ထိန်းကိုင်ကာ တံတားလေးဆီသို့ ကူးစေပါ၏။

အပျော်စီးလှေစောင့်ကို သူ ငွေရှင်းကာ ခပ်လှမ်းလှမ်းမှာ ရပ်ဆောင်နေပါသည့် ကားရှိရာသို့ သူ ဦးဆောင်၍ လျှောက်ပါ၏။

လတ်တလောမှာ သူ စကားသံ ဆိတ်လွန်းနေသည်။ စောစောအရမ်းကို ပျော်နေသည့်သူတစ်ယောက်၏ ပေါ့ပါးကြည်စင်သောအရို





တွေ မျက်နှာထက်မှာ ခိုအောင်းနေကြတာမျိုးလည်း ရှိမနေတော့ပြီ ..။ တစ်ခုခုကို တွေးနေသည့်ဟန်ဖြင့် ငြိမ်နေခြင်း ..၊

"ကျွန်မ .. ရှင့်ကို ဗစ်တိုးရီးယားမှာ လက်ဆောင်ပေးဖို့ ရှိနေတယ်သိလား .. ရှင် အံ့ဩမယ်ဆိုတာကိုတော့ ကျွန်မ အသေအချာ ပြောရဲလိုက်ပါရဲ့ .."

ရွှေအိမ် ပြောချိန်မှာ သူ ငုံ့ကြည့်လာသည်။ ပြုံးသည်။

"ကိုယ်လည်း .. ရွှေအိမ်သူ ကို ပေးစရာ ရှိနေတယ် .. အဲဒီမှာပေါ့ .."

ဟု ပြောလာသည်။ ပြောပြီး ရွှေအိမ့် ကို တစ်ချက် အတန်ကြာအောင် ကြည့်သည်။ သူ့နှုတ်ခမ်းထက်မှာ အလွန်တရာကို မှ ကျေနပ်နေသည့်အရိပ်တွေ စွန်းထင်း အုပ်မိုးထားပါလေသော အပြုံးသည် တောက်တောက်ပပ ဖြစ်တည်နေချေ၏။

"စောစောက မင်း ပြောတဲ့အထဲမှာ .. မင်း ပေးမယ့်လက်ဆောင်ကို ကိုယ် မြင်ရတဲ့အခါ အံ့ဩမယ်ဆိုတာလေ .. အဲ့ဒါကတော့ သိပ်သေချာလှဘူးကွ.. ကိုယ်က အလွယ်တကူ အံ့ဩတတ်တဲ့သူမှ မဟုတ်တာ ..၊ ဒါပေမယ့် အဲဒီ ပေးမယ်ဆိုတဲ့ လက်ဆောင်ကိုတော့ ကိုယ်ကလည်း သိချင်ပါတယ် ရွှေအိမ်သူ .. ကြည့်ချင်ပါတယ် .. ကိုယ့်ကို အံ့ဩစေနိုင်စွမ်းလိမ့်မယ်လို့ ရွှေအိမ်သူ ယုံကြည်ထားတဲ့လက်ဆောင်ဆိုတော့ .. ကိုယ် စိတ်ဝင်စားပါတယ် .. ဒါပေမယ့် .. သေချာတာတစ်ခုကတော့ ကိုယ် ပေးတဲ့ လက်ဆောင်ကိုတော့ဖြင့် ရွှေအိမ်သူ .. ရင်မှာ ခိုက်ထားရလိမ့်မယ် .. အံ့ဩရလိမ့်မယ်ကွ .."

ဟု တောက်ပသောအပြုံးဖြင့် ပြောလာတော့ ရွှေအိမ် ကြည်နူးရသည်ပါပဲ။ ကားနောက်ခန်းမှာ သူသည် ရွှေအိမ် နှင့်တူတူ ထိုင်ဖို့ ဆိုးဖြတ်ထားသူလည်း ဖြစ်နေသည်။ ရွှေအိမ့် ဘေးမှာ သူ ယှဉ်တွဲ၍ထိုင်နေခဲ့ဘာ ဘယ်တော့မှ ရွှေအိမ့် ကို အဝေးမခံတော့သည့်နယ်ပါလားဟု



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိမ် ခံစားရင်း ကြည်နူးရပြန်သည်ပါပဲ။ ကားဒရိုင်ဘာမှ ကား ဇစ်တိုးရီးယားသို့ ပြန်မောင်းလာသည်။

"တကယ်က .. ကိုယ့်ခြေထောက်တွေမှာ ဒီဒဏ်ရာတွေ ရှိမနေဘူး ဆိုရင် .. ဒီနေ့ဟာ .. ဒီရေကန်ကို ကိုယ်တို့နှစ်ယောက် တူတူ လ လျှောက်ရင်း ရောက်ကြရမှာကွ .."

ဟု ပြောလာတော့ ရွှေအိမ် ပြုံး၍ ရေကန်ဘက်ကို လည်ပြန်လေ ကြည့်မိသည်။ ရောင်စုံပွင့်ဝေရာ ကြာပန်းတို့ ပျော်မြူးရာ ကန်ကြီး တော့ ကျန်ခဲ့ပြီ ..။

ဇစ်တိုးရီးယားသို့ ရောက်တော့ ပေါ်တီကိုအောက်မှာ ကား သူ မရပ်နိုင်း ..၊ ကားကော်ပင်ရိပ်မှာ ရပ်နိုင်းသည်။ အစကတည်း သူ မှာထားခဲ့ပုံ ရပါသည့် လက်ဆောင်ပစ္စည်းထုပ်တချို့ကို ကားနောက် ခန်းအံဖုံးကို ဖွင့်၍ ဒရိုင်ဘာမှ ယူနေတာကို ရွှေအိမ် မြင်ရတော့ ရင် အားနာရသည်ပါပဲ။ နောက်ထပ် ဘာလက်ဆောင်တွေ ထပ်သယ်လာ ပြန်သည် မသိ ..။

"ငါ့အတွက် .. သူဟာ အမြဲ စဉ်းစားနေတဲ့သူတစ်ယောက် ဖြစ် ပါလား .."

ဟုပင် ရင်ထဲမှာ ကြည်နူးချမ်းမြေ့ရသည်ပါပဲ။ သူ ခြေလှမ်းမှန် ဖြင့် လျှောက်သည်မို့ .. ရွှေအိမ် လည်း ဘေးမှ ခြေလှမ်းလေး နှေးချလို ရင်း တူတူ လျှောက်လာရသည်ပါပဲ။ အရေးထဲမှာ သူသည် အရမ်း နှုတ်ဆိတ်ကျသွားသည့်လူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာနေသည် ကောလေ ..။

ဧည့်ခန်းသို့ဝင်တော့ လက်ဆောင်ထုပ်တွေ ဆက်တီစားပွဲပေါ် တင်ခဲ့ကာ ဒရိုင်ဘာမှ ပြန်ထွက်လာချိန်နှင့် တိုးပါ၏။

"ကားထဲမှာ စောင့်နေပါ ကိုငွေ .."

ဟု သူ ပြောပြီးတာနှင့် ရွှေအိမ့် ကို ခေါင်းငုံ့၍ ကြည့်သည်





အရမ်းကို လေးနက်နေသော ခံစားချက်တွေဖြင့် ပြည့်လျှမ်းနေသော တည်ငြိမ်ကြည့် ..၊

"ထူးထူး .. ကော်ဖီလေး လုပ်ပါဦး .."

ဧည့်ခန်းမှာ ရှိနေပါသည့် ထူးထူး ကို ပြောသည့် ရွှေအိမ့် ကို သူ လက်ကာ၍ ...

"နေပါစေ .. နေပါစေ .. ကိုယ် မဆာဘူး .. စားထားတာ ရင်ထဲ ပြည့်နေတယ် .. ဟိုတယ်မှာ စားခဲ့ပြီးနေပြီ ရွှေအိမ်သူ .."

ဟု ပြောပြီးတာနှင့် ထူးထူး ကို ကြည့်ကာ ...

"မခင်ပြည့်စုံသာ ရဲ့ ဖေဖေနဲ့ မေမေကို ခေါ်လိုက်ပါဦး .."

ဟု ရယ်၍ လှမ်းပြောတော့ ရွှေအိမ် တစ်ချက် အနေရခက်သည် ပါပဲ ..။ သူက ရယ်စရာလုပ်၍ ပြောပေမယ့် .. ရွှေအိမ် က ဘဘညို နှင့် ဒေါ်ကြီးစာနု တို့ကို သူဌေးလင်မယား ဦးမျိုးသက် နှင့် ဒေါ်ထားခင် လုပ်ခဲ့သည်ကိုးလေ ..။ ထူးထူး ကိုလည်း သူဌေးသမီး ခင်ပြည့်စုံသာ လုပ်ခဲ့သည်ကိုး ..။

ထူးထူး လည်း သူ့စကားကြောင့် အနေခက်ပုံဖြင့် မျက်နှာလေး တော့ အမ်းခနဲ ဖြစ်ရှာသည်ပါပဲ။ နောက်တော့လည်း အတွင်းခန်းဘက် ဆီသို့ ထူးထူး ဝင်သွားပါ၏။ ဘဘညို နှင့် ဒေါ်ကြီးဇာနု တို့ကို သွား ခေါ်တာ ဖြစ်ချေမည်သာ ..။

"ကိုကြီးကလည်း .. အဲသလို ခင်ပြည့်စုံသာ လို့ မပြောနဲ့လေ .. ထူးထူး ရှက်သွားမှာပေါ့ .."

ဟု တိုးတိုးလေး ရွှေအိမ် မောပြောတော့ သူ ရယ်သည်။ အရမ်းကို နှပ်နေသည့် ရယ်မောမှု ..၊

"ဒီမှာ ကြည့် .."

ရွှေအိမ် ခေါ်လာသည်က နံရံမှာ ချိတ်ထားသော ပန်းချီကားတစ် ဆီသို့ပါ ..၊ ရွှေအိမ် ရေကန်သို့ သွားနေရချိန်မှာ ဤပန်းချီကားကို



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ထားဖို့ ဘဘညို ကို မှာခဲ့သည်လေ ..။ ပန်းချီကားထက်မှာ ဖဲသား နဲ့သာရောင်ကို အုပ်မိုးထားပါ၏။ သူနှင့်ယှဉ်၍ ရွှေအိမ် ရပ်လိုက်က ပြုံး၍ ပန်းချီကားပေါ် အုပ်ထားပါသည့် ဖဲစ၏အဆွဲကြိုးကို ဆွဲလိုက် တော့ ပိတ်စသည် တစ်ဖက်ဆီသို့ စုခနဲ ရောက်၏။

"ဟာ!..."

သူ့မျက်နှာထက်မှာ အံ့သြရိပ် ထင်သည်။ ငေးခနဲ ကြည့်သည် ရွှေအိမ် ရင်ထဲမှာ ကြည်နူးချမ်းမြေ့နေရသည်ပါပဲ ..။ နံရံမှာရှိနေသည် ရွှေအိမ် ဆွဲခဲ့ပါလေသော ပန်းချီကား ..၊ ဗစ်တိုးရီးယားသို့ လာရပါသည် ဤခရီးမှာ လေယာဉ်ပေါ် ပါလာသည့် အရေးအကြီးဆုံးသော ပစ္စည် တစ်ခုသည် သေချာ ထုပ်ပတ်ထားခဲ့ရာ ဤပန်းချီကားပဲ ဖြစ်လေသည်

"ဒီနံရံမှာ .. ဗစ်တိုးရီးယားရဲ့ပိုင်ရှင်တွေရဲ့ပုံကို ချိတ်ထားတာလေ ဟောဒီ ရွှေအိမ် ရေးဆွဲခဲ့တဲ့ .. ရှင့်ရဲ့ ပုံတူဟာ ဒီနေရာမှာ ချိတ်ဖြစ်သွာ ခဲ့ပြီ .. ရွှေအိမ့် ရင်ကို နှစ်ပြီး ရှင့်ပုံတူကို ဆွဲခဲ့တာပါ ..၊ ဒီ ဗစ်တိုးရီးယာ ကို မိုးထက်နေဟိုတယ်ရဲ့ ကိုယ်ပွားတစ်ခုလို ရှင် အရမ်းတောင့်တခဲ့တာ တွေ ကျွန်မ သိခဲ့ရပြီမို့ .. ရှင့်ကို ဒီ ဗစ်တိုးရီးယားကို လက်ဆောင်ပေ တာပါ ..၊ ရှင်ဟာ ဗစ်တိုးရီးယားရဲ့ အရှင်သခင်အသစ် တစ်ယော ပါပဲ .."

ဟု ပြောရင်း ရွှေအိမ့် ရင်ထဲမှာ ပီတိဖြစ်နေရသည်။ ချစ်ရ မြတ်နိုးရာ ဤအိမ်ကြီးကို လက်ဆောင်ပေးခွင့်ရသည့်အတွက် ရင်ထဲ ချမ်းမြေ့ခြင်းမက ချမ်းမြေ့ရသည်ပါပဲ ..။ သူကတော့ မလှုပ်မယှက် တောင့်မတ်လွှန်းစွာ ရပ်နေသည်။ ပန်းချီကားထဲမှာ ရှိနေသည့် သူ့ပုံ သည် အဖြူရောင် အီနောက်တိုင်းဝတ်စုံနှင့် ဖြစ်နေပါ၏။ အသား အရပ်မြင့်မြင့် မျက်ခုံးထူတန်းတန်းကြီးနှင့် အရမ်းကို တောက်ပသ မျက်ဝန်းများကို ပိုင်ဆိုင်သူတစ်ယောက်၏ ခန့်သန့်နေသောဟန် အပြုံးသည် အနည်းငယ် ထိန်းကွပ်ထားသော အပြုံးမျိုး ဖြစ်နေသ





မာနရှိသောသူတစ်ယောက်၏ အပြုံးမျိုး ..၊ ဆံပင်ကို နောက်လှန်ဖြီး ထားတာမို့ ပို၍ပင် ရင့်ကျက်ခြင်းဘက်ကို နွယ်နေသည့်လူတစ်ယောက် ၏ဟန်ပန် ..။

သူသည် တစ်ချက် အံ့သြပုံဖြင့် ငြိမ်နေသည်။ ရပ်ကြောကြည့်နေပုံ ကလည်း သက်သောင့်သက်သာဟန်မျိုး ဖြစ်မနေ ..၊ ကိုယ်သည် မာ ထောင့်ထောင့် ရပ်နေပုံမျိုးကြီး ဖြစ်နေသည်။ ပြီးတော့ .. ကြည်နူးပြုံး လည်း ဖြစ်တည်မလာ ..၊ အပျော်တွေလည်း သူ့မျက်နှာထက်မှာ ရှာ မတွေ့ရ ..။

"ဒါ .. ကိုကြီးအတွက် .. ရွှေအိမ် ဒီဗစ်တိုးရီးယားကို လွှဲပြောင်း ပေးတဲ့စာချုပ် .. ကိုကြီး လက်မှတ်ထိုးလိုက် နော် .."

ဟု ပြောတော့ သူ ခေါင်းခါသည်။ စာချုပ်ကို ဗီရိုရှည်ပုလေး၏ အံဆွဲမှ ရွှေအိမ် ထုတ်ပေးတာကို ယူ၍ပင် မကြည့် ..။

"အရင်က .. ကိုယ် ဗစ်တိုးရီးယားကို အရမ်း မက်မောခဲ့တာပါ..၊ ဒါပေမယ့် အခုအချိန်မှာတော့ ဗစ်တိုးရီးယားကို မက်မောစိတ် လုံးဝ မရှိတော့ပါဘူး .. အဲဒီစိတ်တွေ လွင့်ပြယ်ကုန်ကြပါပြီ ရွှေအိမ်သူ .. ခင်းရဲ့စာချုပ်ကိုလည်း ပြန်သိမ်းလိုက်ပါ .. မင်း ပေးတဲ့ လက်ဆောင်ကို လက်မှတ်ထိုးပြီး ယူမယ့်သူဟာ .. ငါ ဘယ်တော့မှ ဖြစ်မလာနိုင်လို့ ပါပဲ .."

သူ တည်ငြိမ်စွာ ပြောကာ ပန်းချီကားကြီးကို ကျောခိုင်းလိုက် ချိန်မှာ ဘဘညို တို့ ဧည့်ခန်းသို့ ရောက်လာတာနှင့် ကြုံသည်။

"လာပါ .. သူဌေးကြီး ဦးမျိုးသက် နဲ့ သူဌေးကတော်ကြီး ဒေါ်ခင် သား ခင်ဗျာ .. ဟောဒီက သူဌေးသမီးလေး မခင်ပြည့်စုံသာ အပါအဝင် အားလုံးအတွက် .. တန်ဖိုးကြီး ပိုးထည်လက်ဆောင်တွေ ဟောဒီအိတ်ထဲ မှာ တစ်ယောက်ချင်းအတွက် ပါလာပါတယ် .. တန်ဖိုးက မသေးဘူး ခင်ဗျ .. တစ်စုံစီအတွက် သုံးသိန်းကျော်ပါတယ် .. ဒီလောက် နူးညံ့သာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူဌေးမင်းတို့ရဲ့ မိသားစုကို ဒီလောက် တန်ဖိုးကြီးတဲ့ လက်ဆော င်မျိုးပဲ ပေးမှ သင့်ကာကျမှာမို့ပါ ..''

ဟု ငေါ့ထေ့ထေ့ လေသံတွေဖြင့် ပြောလာတာကို မယုံကြည်နိုင်လောက်အောင်ပဲ ရွှေအိမ်သူ ရင်ဆိုင်လိုက်ရပါချေပြီတကား ..၊ သူ့မျက်ဝန်းတွေ တောက်ပနေကြသည်မှ ဖိတ်ဖိတ်လက်နေကြပြီ ..၊ အရှင်းကို မာနတွေဖြင့် တောက်ပနေသည့် မျက်ဝန်းများ ..။ အချစ်ဆိုသည့် အရာကို ဘယ်မှာမှ ရှာဖွေ မတွေ့နိုင်လောက်အောင်ပဲ ပြောင်းလဲကုန်ပြီ ဖြစ်သည်။

မာကျောသော မျက်ဝန်းများ .. စောစောက ကန်ရေပြင်ထက်မှာ လှေလှော်နေသည့် သတိုးနေခ နှင့် ယခု သတိုးနေခ သည် လုံးဝ ဆန့်ကျင် ခြားနားနေသည်။ အေးချမ်းကြည်စင်သောအရိပ်တွေ ယခု မရှိတော့ပြီ ..၊ ရွှေအိမ်သူ အံ့သြတုန်လှုပ်လာသည်။ ဘာတွေလဲ.. ဟု စတင်၍ တွေးလာရင်း ရင်ထဲမှာ မကောင်းနိုင်တော့ပြီ ..။

''ဟောဒီက ဟသ်ာ အတွက် .. ကိုယ် ပေးမယ့် လက်ဆောင်က.. ဒီမှာလေ .. ကြည့် ..''

သူ ပြောကာ ဗီရိုပုလေးထက်မှာ စက္ကူဖြင့် ထုပ်ပတ်ထားရာ လက်ဆောင်ထုပ်ပြားပြားကို ဖွင့်သည်။ စက္ကူပတ် ရွှေရောင်တွေကို ဆွဲခွာသည်က ခပ်ကြမ်းကြမ်းနိုင်နေ၏။

''ဘုရားရေ ... သူ .. သူ .. ဘီလူး သရဲ စီးနေသလိုပါလား .. မျက်နှာကြီးကလည်း မာကျောနေလိုက်တာ ..''

ရွှေအိမ် ရင်ထဲမှာ ခုထိ မယုံနိုင်သေးပဲ ဖြစ်နေသည်။ နားမလည်နိုင်အောင် ခံစားနေရဆဲ ..။

သူ့လက်ထဲမှာ ရှိနေသည်က .. ငွေဘောင်ကွပ် ကဗျာတစ်ပုဒ်တကား ..၊ သြော် .. ပိတောက်မြိုင်ရှိ သူ့အခန်းနံရံမှာ ချိတ်ထားခဲ့ဖူးသော ကဗျာ ..၊





ရွှေအိမ့် ကို အလွန်ချစ်ကြောင်း ရေးဖွဲ့ရာ ကဗျာပေါ့တကား ..၊ ထိုကဗျာလေးသည်ပင် သူ့ကို တုံ့ပြန်ချစ်မြတ်နိုးဖို့ ရွှေအိမ့် နှလုံးသားကို လှုံ့ဆော်ပေးခဲ့သည်။ ... မိုးနိုင်စွမ်းခဲ့သည်ပဲ ..၊ သူ့အချစ်တွေကို သက်ဝင် ယုံကြည်စေနိုင်စွမ်းခဲ့သည်ပဲလေ ..။

''ငါ့ဘဝမှာ .. မိန်းကလေးတစ်ယောက်ကို တကယ့်ကို မြတ်မြတ်နိုးနိုး ချစ်ခဲ့ရတယ် .. တစ်ခါဆိုမှ တစ်ခါ .. တစ်ယောက်ဆိုမှ တစ်ယောက် .. ငါ ချစ်မြတ်နိုးရတဲ့သူဟာ ဂုဏ်ရှိန်ချမ်းသာ မရှိတဲ့သူ .. အလွန်ရိုးသားပြီး သနားစရာကောင်းနေတဲ့သူ .. အရာရာ ကြောက်ရွံ့ထိမ်ငယ်နေရတဲ့သူ .. သူဟာ ဟသ်ာ ပဲ ရွှေအိမ်သူ ..၊ အဲဒီ ဟသ်ာ ကို ... လွန်းလို့ ငါ ချစ်ခဲ့တာ .. အဲဒီ ဟသ်ာ ဟာ ရွှေအိမ်သူ အဖြစ် ငါ့ကို ရက်ရက်စက်စက် အနိုင်ယူပြခဲ့တယ် .. လှည့်စားခဲ့တယ် .. ဟသ်ာ ကို စေခိုင်းခဲ့တယ် .. အဲဒါကို ငါ မေ့ပစ်ရမလား .. ဟင် .. ဟင် ..''

သူ ဆက်တိုက် ပြောနေသမျှ ရွှေအိမ်သူ မယုံကြည်ရဲနိုင်သေးပဲ ရှိနေဆဲ ..၊ အံ့သြမှင်သက်နေမှုများဖြင့် ငြိမ်ကျကြည့်နေမိရဆဲပါ ..။ သူ့နှုတ်ခမ်းတွေ ဆတ်ဆတ်ခါနေကြတာကို ရွှေအိမ် မြင်နေရသည်။ သူ့လက်မောင်းတွေ တုန်ခါနေကြချေသည်က ကြွက်သားမြောင်းတွေထိမှ ဖြစ်နေတာကို မြင်နေရသည်။

နောက်ဆီသို့ သေသပ်စွာ လှန်ဖြီးထားသော ဆံပင်တချို့သည် ... ဖြင့် ဆက်တိုက်ပြောနေရင်း လည်တိုင်၏ အလှုပ်အခါတို့ကြောင့် .. ခေါင်း၏ အဆတ်အခါတို့ကြောင့် နဖူးပြင်ပေါ် ပြိုကျနေကြသည်တည့် ..။

ရွှေအိမ့် ကိုယ်လေး နောက်သို့ ဖြည်းဖြည်းချင်း ဆုတ်နေသည်။ ... ရည်ဝဲနေသည်။ မျက်တောင်မခတ်လည်း သူ့ကို ကြည့်နေမိရဆဲ..၊ ... ဆန်လွန်းနေသည့် အကြည့်ရူးရူးတွေကို လက်တွေ့မှာ မြင်နေရပေ ... .. နှလုံးသားက ယုံကြည်ပေးလိုက်ရမှာကို ခက်ခဲနေဆဲ ..။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ရွှေအိမ့် ကို အရမ်းစွဲလမ်းလွန်းစွာ ချစ်မြတ်နိုး တန်ဖိုး ထားသူ တစ်ယောက်ဟု သံသယမရှိစွာ ယုံကြည်မိရလေသော စိတ် သည် ချက်ချင်း လွင့်ပြယ်မသွားနိုင်သေးပဲ ခေါင်းမာနေဆဲ ..။

သူ့လက်အစုံ မြောက်တက်သွားတာကို မြင်နေရသည်။

ကြမ်းပေါ်သို့ ဆောင့်ချပစ်ရ ခံလိုက်ရပါသည့် ကဗျာပါရာ မှ ဘောင်နှင့် ကြမ်းပြင် ထိသည်။ မှန်သားပြင်နှင့် ကြမ်းပြင် ထိသည့် အရှိန်ပြင်းသော ထိတွေ့ခြင်း ..၊ ခွမ်းခနဲ ကွဲသွားသော မှန်ကွဲသံ ..။ ဒါပေမယ့် ထိုမျှပြင်းပြင် သူ မတင်းတိမ်နိုင်သေးစွာ ငွေသားမှန်ဘောင် တွေကို ကောက်ယူ၍ ကြမ်းပြင်မှာ ကိုင်ပေါက် ရိုက်နေပြန်သေးသည်။ နုးညံ့ပါးလွှာသော ငွေသားဘောင်တို့သည်လည်း တွန့်လိမ် ကောက် ကွေး ပျက်စီးကုန်ကြပြီ ..။

သူ့လှုပ်ရှားမှုတိုင်းသည် အမုန်းတွေနှင့် ပြည့်နှက်လာနေသည်။ အငြိုးအတေးတွေဖြင့် ပွန်းတီးမော်ကြွနေသည်။ သူ့မျက်နှာထက်မှာ ချွေးတွေ သီးနေ၏။

ချစ်မြတ်နိုးခြင်းဆိုသည့် နုးညံ့သောအရာများ အငွေ့အသက်မျှပင် မကျန်သော မျက်နှာတစ်ခု ..၊





## အခန်း | ၁၈ |

သူ့ခါးတွေ ကိုင်းကျသွားကာ လက်ဖြင့် ယူလိုက်သည်ကဖြင့် ကဗျာလေးပါတည့် ..၊ သူ့လက်ရေးဖြင့် ရေးခဲ့ရာ ကဗျာစာရွက် ..၊

ရွှေအိမ်သူ ကို သူ ကြည့်လာပြီ ..၊ ပြုံးရိပ်သည် လှောင်ရိပ်တွေ ပါနေမှန်း ရွှေအိမ် ဝန်ခံလိုက်မိရပါပြီတည်း ..။ ခပ်တိုးတိုး သူ စတင်၍ ရယ်သည်။

"မင်းကို ငါ ပြောခဲ့ဖူးတယ် ရွှေအိမ်သူ .. ဟောဒီ ကဗျာလေးဟာ.. မင်း အနိုင်ယူချင်လွန်းသူတစ်ယောက်ရဲ့ အရှုံးတွေ .. ရှုံးပွဲတွေကို ကျေ ကျေနပ်နပ်နဲ့ .. အကြေကွဲခံ .. ရင်ကျေခံပြီး ရေးထားတာပါလို့ ပြောခဲ့ တယ်လေ .. ဒါပေမယ့် .. တကယ်က ငါ .. အမုန်းတွေနဲ့ ရေးခဲ့တာကွ.. အရှုံးကို ကျေနပ်နေတဲ့သူတစ်ယောက်အဖြစ် မဟုတ်ဘဲ .. မင်းကို ပြန် အနိုင်ယူပြမယ့် သတိုးနေခ အဖြစ် ရေးခဲ့တာ ..၊ အဲဒါ .. မင်း သေသေ ချာချာ ယူရမယ့် သင်ခန်းစာပဲ .. ယောက်ျားတစ်ယောက်ရဲ့ မာနကို မင်း သွားပြီး ထိပ်ပုတ်ခေါင်းပုတ်ပုံစံမျိုးနဲ့ မဆွမိစေနဲ့ .. ကံ့ပြန်ချက်ဟာ ပြင်းထန်တတ်တယ်ကွ ..၊ မင်းက .. ဟသ်ာ အဖြစ် .. ဟန်ဆောင်ခြင်း တွေနဲ့ ငါ့ကို ကလိုစားချေခဲ့တာ .. ငါက .. သတိုးနေခ အဖြစ်ပဲ နေခဲ့ တာ .. မင်းကို သိပ်ချစ်နေတဲ့ သတိုးနေခ အဖြစ် ဟန်ဆောင်ပြီးရင်းနဲ့ ပေါ့ပါတော့ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ဆက်တိုက် ပြောနေသည်။ ရွှေအိမ့် မျက်နှာကို တစိမ့်စိမ့် ပါအောင် အရသာခံ၍ ကြည့်နေသည်။

"ရင်ထဲ .. ကျေနပ်လိုက်တာကွာ .. မင်း .. အခုလို .. ခံစားနေရတာကို ငါ မြင်နေရတာလောက် .. ငါ့ဘဝမှာ .. ပြည့်ဝသွားတာ မရှိခဲ့ဖူးဘူး ..၊ ဒီမှာ ရွှေအိမ်သူ .. သတိုးနေခ ဆိုတာ .. မိန်းမတစ်ယောက်က အကွက်ကျကျ .. သေချာစီစဉ်ပြီး .. ငါ့ကို အရှက်တကွဲ လုပ်လိုက်တာကို .. ငြိမ်ခံပြီး မင်းကို ရှုံးကြေးတွေ တစ်သက်လုံး အရှက်သည်းစွာ ပေးဆပ်နေလိမ့်မယ်လို့ ထင်တာ မင်း မှားတာပဲ .. ဒီပွဲက မိန်းမတစ်ယောက်ကို ယောကျ်ားတစ်ယောက်က စိန်ခေါ်ပွဲ ကျင်းပပြီး အနိုင်ယူခဲ့တာ မဟုတ်ဘူး .. မင်းက မိန်းမသားဖြစ်ပြီး ယောကျ်ားတစ်ယောက်ရဲ့မာနကို စိန်ခေါ်တာ .. အထင်သေးတာ ..၊ ရှုံးကြေးကို ဆပ်ခိုင်းတယ်ဆိုတာ .. ငါတို့လို ယောကျ်ားတွေမှာလည်း အခွင့်အရေး ရှိတယ်ကွနားလည်လား ..၊ သတိုးနေခ ဟာ မင်းကို အချိန်တိုလေးအတွင်းမှာ ကောင်းကောင်းကြီး တုံ့ပြန်နိုင်ခဲ့တယ်လေ .. ဟောဒီ ကဗျာလေး တစ်ပုဒ်ကို ငွေဘောင်ကွပ်ပြီး နံရံမှာ ရှိစေရုံနဲ့ .. ဟောဒီ ခြေထောက်တွေ မှန်ကွဲစတွေ နင်းကျေခံပြီး သွေးတွေ စွန်းထင်းထွက်လာစေရုံနဲ့.. အရှ[illegible] ကို စိတ်ထိခိုက်နေတဲ့ .. ချွန်းချွန်းကျအောင် ထိခိုက်ခံစားနေရတဲ့ သတိုးနေခ အဖြစ် နေပြလိုက်ရုံနဲ့ .. မင်း .. ငါ့ကို လက်ထပ်ဖို့ .. ခေါင်းညိတ်ခဲ့ပြီပဲလေ .."

စကားလုံးတိုင်းသည် ရှုးရှုပြတ်သားနေကြသည်။ မာကျောနေကြသည်။ သူ့မျက်ဝန်းတွေမှာ ရှိနေကြသည်ကလည်း အမုန်းများပဲ ဖြစ်နေသည်။

"ဒီကဗျာထဲမှာက မင်း ဘယ်လောက်ပဲ မုန်းနေစေ .. ငါ့ရဲ့ အချစ် သစ်ပင်ဆီက ချစ်ပန်းတွေ .. ချစ်တဲ့ အေးအရိပ်တွေ ဖြစ်တည်နေစေမယ်လို့ ရေးထားပေမယ့် .. ငါ့ဆီမှာ တကယ် ရှိနေတာက .. အချစ်





သစ်ပင်ပဲ ရွှေအိမ်သူ .. သစ်ပင်ထိပ်ဖျားကနေ အမြစ်ဒေါ်ထိ အမုန်းတွေနဲ့ပဲ ရှင်သန်နေတဲ့ သစ်ပင်ပဲကွ .."

သူ ပြောလည်း ပြော ..၊ ကဗျာစာရွက်ကို အစိတ်စိတ်အမြွှာမြွှာ ဆုတ်ဖြဲပစ်နေတာကို ငြိမ်သက်စွာပဲ ရွှေအိမ် ကြည့်နေရမြဲ ..၊ ရွှေအိမ့် မျက်ဝန်းမှာ မျက်ရည်လည်နေသည်။ နှုတ်ခမ်းလေးကို သွားလေးဖြင့် ဖေးကိုက် ထိန်းနေပေမယ့် နှုတ်ခမ်းသားနုနုတို့သည်လည်း ဆတ်ဆတ် ခါနေကြ၏။ ဒေါ်ကြီးစာနု တို့ သုံးယောက်သည်လည်း အခန်းထောင့် နေရာမှာ ငြိမ်သက်စွာ ရပ်နေကြရင်း သူ့ပေါက်ကွဲပွဲကြီးကို မှင်တက် ကြည့်နေကြပါသည့်အဖြစ် ..၊ တစ်စစီ စုတ်ပြဲသည့်အပြင် လက်ဖြင့် ဆုတ်ချေ လုံးထွေးပစ်ပါသည့် စက္ကူအစအနတို့ကို ရွှေအိမ် လိုက်ကြည့် နေမိသည်။ ကြမ်းပြင်ပေါ်မှာ မြင်ရက်စရာ မရှိတော့ပါသည့် ကဗျာ စာရွက်လေးပါတကား ..။ ရွှေအိမ့် နှလုံးသားတို့သည်လည်း ဘာထူး ဆောမည်တဲ့လဲလေ ..။ အစစအမျှင်မျှင်မျှ ဆုတ်ချေခံနေရသည့်အဖြစ်..။

ဤကဗျာလေးကို ရွှေအိမ် ဖတ်နိုင်ဖို့အတွက် သူ နောက်သို့ အလိုလို ဆုတ်ပေးခဲ့ပါလေသော အတိတ်က ဖြစ်ရပ်မြင်ကွင်းသည် ရင်မှာ ဟာမှန်၏။ ထိုစဉ်က အရမ်းကိုနူးညံ့နေသော သူ့ဟန်တွေ ယခု ပျောက်ဆုံးကုန်ကြချေပြီကောလေ ..။

ထိုကဗျာလေးသည် ရွှေအိမ့် ကို တောင်းပန်ခဲ့ပါ၏။ သူ့အချစ်ကို ယုံကြည်ပေးဖို့ .. သူသည် အရမ်းကို ခွင့်လွှတ်တတ်သူတစ်ယောက် အဖြစ်လည်း နားလည်ပေးဖို့ ..၊ ရွှေအိမ့် ကို စွဲလမ်းစွာ ချစ်နေသည့်သူ တစ်ယောက်အဖြစ် စာနာပေးဖို့ရာ အတိတ်ဆီမှာ ပြောပြခဲ့ပါလေသော ကဗျာလေးသည်လည်း ယခု မရှိတော့ချေပြီ တကား ..။

"ဒါပေမယ့် .. ငါ .. အချိန်အကြာကြီး မဆိုင်းခဲ့ဘူး ရွှေအိမ်သူ .. မင်္ဂလာဆောင်ပွဲတွေဘာတွေ ဖြစ်မြောက်ပြီးချိန်ကျတော့မှ .. မင်းကို .. အနိုင်ယူပြီး .. ပွဲဖျက်လိုက်တာမျိုး ငါ မလုပ်ဘူး ..၊ မင်း .. ဒီအိမ်ကြီးမှာ ..



www.burmeseclassic.com

www.burmeseclassic.com



ဒီဧည့်ခန်းမှာ .. တစ်ချိန်က ငါ့ကို အနိုင်ယူ လှောင်ရယ်ရယ်ခဲ့ဖူးတယ်.. ဟောဒီက လူသုံးယောက်ရဲ့ရှေ့မှာ ဆိုပါတော့ .. သူဌေးကြီးလင်မယား နဲ့ သမီးတွေရဲ့ ရှေ့မှာလေ ..''

အံ့ခဲ၍ သူ ပြောလာသည့် လေသံတွေထဲမှာ ခံပြင်းခြင်းနှင့် ခနဲ့တဲ့တဲ့နိုင်ခြင်းတို့သည် လှောင်ထေ့ထေ့လေသံတွေဖြင့် ရှိနေကြသည်။

''အခု .. ငါ့အလှည့် ရောက်ပြီ ရွှေအိမ်သူ .. မင်း နားထောင်ပါ..''

အံ့ခဲ၍ မျက်သားတွေ နီတက်လာအောင် ပြင်းထန်သော ခါးသီးသည့်အမုန်းတွေဖြင့် သူ ကြည့်လာသည်။

''ဟောဒီ လူသုံးယောက်ထံမှာ .. ဟသ်ာ ကို .. ငါ .. လက်ထပ်ခွင့်တောင်းခဲ့စဉ်မှာ .. မင်းဟာ ဟသ်ာ ဆိုတဲ့ ကောင်မလေး မဟုတ်တော့တဲ့ ရွှေအိမ်သူ အဖြစ် .. ငါ့ရှေ့မှာ ရောက်လာခဲ့ဖူးတဲ့ နေ့တစ်နေ့ဆီက အဖြစ်တွေကို ပြန်မြင်ကြည့်ပါ ..''

သူ့အသံတွေ အတန်မျှ ကျယ်လောင်လာသည်။ ဩရှရှကြီး ဖြစ်လာနေသည်။ ဧည့်ခန်းမှာ ရှိနေသည့် အဘသို .. ဒေါ်ကြီးစာနု နှင့် ထူးထူး ကိုလည်း ဝေ့၍ ကြည့်သည်။ နောက်တော့ ရွှေအိမ် ကို မျက်တောင်မခတ် စိုက်ကြည့်လာပါ၏။

''ငါ .. မင်းကို လက်မထပ်နိုင်ဘူး ရွှေအိမ်သူ ..''

တစ်ချိန်က ရွှေအိမ် မှ အနိုင်ပိုင်း၍ သူ့ကို မော့ကြည့်ကာ အညှာအထောက်မရှိစွာ ပြောမိခဲ့ဖူးလေသော စကားလုံးနှယ်ပင် သူကလည်း ယခု ရွှေအိမ့် ကို ပြောလာချေပြီတကား ..။ ရွှေအိမ့် ကိုယ်လေး နောက်သို့ တစ်ချက်ယိုင်၏။ ချက်ချင်း ပြန်ထိန်းသည်။ တစ်ခွန်းသော်မျှ သူ့ကို မပြောရက်နိုင်တော့ပါ။ တကယ်က .. ရွှေအိမ် ကိုယ်တိုင်က ဤမီးကို မွေးခဲ့သူ ဖြစ်နေသည်ဟု ခံယူလိုက်မိပြီပဲလေ ..။

သူ ရှေ့သို့ တိုးလာသည်။ ရွှေအိမ့် ကို ငုံ့မိုး၍ မျက်တောင်မခတ် နှုတ်ခမ်းကို တင်းတင်းစေ့၍ စိုက်ကြည့်ရာမှ သူ့လက်တွေက ရွှေအိမ်





ထားရာ ဆွဲကြိုး ..၊ ဩော် .. တစ်ချိန်က .. ဟသ်ာ ကို သူ ပေးခဲ့ရာ ကြိုးကို လက်ဖြင့် ရစ်ပတ်သုပ်ယူနေသည်။ နောက်တော့ ကြမ်းတမ်းပင် ဆွဲဖြတ်ယူလိုက်ချေသည်တကား ..၊ လည်တိုင်၏ ဟချို့နေရာင် နာကျင်သောဝေဒနာကို ခံစားလိုက်ရသည်က ရွှေအိမ်သူ ..၊

''ငါ ဒီဆွဲကြိုးလေး ပေးခဲ့တာက .. အရမ်းကို ဖြူစင်တဲ့ ဟသ်ာ တဲ့ အစေအပါး ကောင်မလေးကွ .. မင်းလို .. မာနတွေ တလူလူတက် အငြိုးအတေးကြီးကြီးနဲ့ .. မိန်းမသားတန်မဲ့ ယောကျ်ားတစ်ယောက် မာနကို စိန်ခေါ်ရဲတဲ့ မိန်းမမျိုး မဟုတ်ဘူး .. ယောကျ်ားတစ်ယောက် အရှက်တကွဲဖြစ်အောင် ဉာဏ်ဆင်တတ်တဲ့ မိန်းမမျိုး မဟုတ်ဘူး..၊ င်းဟာ ထက်မြက်တဲ့မိန်းမတစ်ယောက် ဖြစ်ပေမယ့် ယောကျ်ားတစ်ယောက်ကို အရှက်တကွဲဖြစ်အောင် လုပ်တတ်တဲ့ ခပ်ညံ့ညံ့မိန်းမတစ်ယောက် ဖြစ်ရဲခဲ့တယ်ဆိုရင် .. ငါက ယောကျ်ားပဲကွ .. ဘာလို့ မင်းလို လုပ်ပြရဲရမှာတဲ့လဲ.. ဟောဒီဆွဲကြိုးဟာ .. ဟသ်ာ နဲ့ပဲ ထိုက်တန်တယ်.. င်းနဲ့ မထိုက်တန်ဘူး ..''

ဟု ပြောကာ ဆွဲကြိုးကို အိတ်ကပ်ထဲ ထည့်နေစဉ်မှာ ရွှေအိမ်သူ ခေါင်းငုံ့ချလိုက်သည်။

''ငါ့ဆီက ရမယ်လို့ မင်း ထင်ခဲ့တဲ့အကြွေးတွေ မင်း မရဘဲ .. ကို မင်း အခု ပြန်ပေးဆပ်ရပြီ .. မင်း တစ်ချိန့်တုန်းက .. ဟိုလှေကားပ်ပေါ်ကနေပြီး .. ငါ့ကို မျက်စိတွေ မှေးရင်း လှောင်ရယ်ရယ်ပြခဲ့ဖူးယ် မဟုတ်လား .. အခု .. မင်း ပြုံးစမ်းပါ ..''

သူ အံ့ခဲ၍ ဆက်တိုက်ပြောနေချိန်မှာ ရွှေအိမ် တစ်ခွန်းမျှ မပြော..၊ ပြန် ..၊ ရန်လည်း မတွေ့ ..၊ တိတ်ဆိတ်စွာ ရှိနေသည်။ မျက်ရည်နေသည်။ မျက်ရည်လည်နေသည်။ ကျနေသည့်မျက်ရည်ကို မထိန်း.. ကျခံသည်။ လည်နေသည့် မျက်ရည့်ကို မထိန်း ..၊ မျက်ရည်တွေ င်းခုလည်တက်လာပြီးချိန်မှာ ပြန်၍ ပြိုကျစေ ..၊ အားလုံးကို လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ တားလည်း မတားနိုင်စွမ်းတော့ပြီ .. ရွှေအိမ့် ရှေ့မှာ ရပ်နေ
သူသည် ရွှေအိမ် အလွန်တရာကိုမှ ချစ်မိသွားခဲ့ပြီဖြစ်သောသူတင်
ယောက်ဆိုတာကိုတော့ ရွှေအိမ် မငြင်းနိုင် ..၊

သူ မုန်းနေပေမယ့် .. အံ့သြစရာကောင်းလောက်အောင်ပဲ .. သူ့ကို
ဘာကြောင့် ဆက်၍ ချစ်နေမိရသည်ဆိုတာ အဖြေလည်း မထုတ်ချင်
တော့ပါ။ ရင်ထဲမှ ဖြစ်တည်လာသော တည်မြဲသည့်အချစ်ဆိုတာကို
ဘာကြောင့် ထိုသို့ တည်မြဲစွာ ဆက်၍ ဖြစ်တည်နေရပါသလဲ .. ဟု
မေးခွန်းထုတ်ရန် မလို ..၊ အချစ်အတွက် .. မလိုအပ် ..။

"ငါ့လိုလူတစ်ယောက်အပေါ် အနိုင်ယူချင်တဲ့ မင်း .. အခု
အရှုံးတစ်ခုကို ရင်ဆိုင်ရပြီ .. မင်းကြောင့်ဖြစ်လာရတဲ့ ဒီအကျိုးဆက်ကို
မင်း တည်တည်ငြိမ်ငြိမ် လက်ခံနိုင်အောင် ကြိုးစားယူဖို့ပဲ လိုတော့
တယ် ..၊ မင်း ...ငါ့ကို နိုင်ခဲ့ပြီလို့ နိုင်ပွဲတစ်ခု အဆုံးသတ်သွားတယ်လို့
ထင်ခဲ့ဖူးတဲ့ အတိတ်ဟာ ကျန်ခဲ့ပြီ ရွှေအိမ်သူ .. အခု မင်း ရင်ဆိုင်နေ
ရတဲ့ .. ပစ္စုပ္ပန်ဟာ မင်းကို ရှုံးပွဲကြီးတစ်ခု အပ်နှံပြီ .. မင်း လက်ခံရမှာ
ပဲ .."

သူ ဆက်တိုက် ပြောနေသမျှ ရွှေအိမ် နားနှင့် နားထောင်နေရတာ
နှင့် မတူ ..၊ နှလုံးသားကို အချေခံ၍ နားထောင်နေခြင်း ..၊ နှလုံးသား
၏ငိုကြွေးမှုနှင့်အတူ .. ရင်ကိုရင်း၍ နားထောင်နေရခြင်း ..။

"မင်းကိုချစ်တဲ့ ပန်းတွေ ပေးခဲ့လေတယ်လို့ မထင်နဲ့ ရွှေအိမ်သူ
အမုန်းတွေချည်းပဲကွ .. အဲသလို ချစ်ပန်းတွေလို့ မင်း ယုံကြည်ရာ
ပန်းတွေကို ငါ လက်စလက်နတောင် မချန်လိုဘူး .. အားလုံးကို
ငါ့ရဲ့ အမုန်းဖောင်ပေါ်မှာ တင်ပြီး ပန်းလောင်စာတိုက်ပစ်မယ် သိရဲ့
လား .. အမုန်းမြစ်ပေါ်မှာ အဲဒီ ပန်းလောင်စာတိုက်ထားတာတွေ
အမုန်းဖောင်နဲ့ မျောပါသွားစေမယ် .."

ဟု ပြောလာချိန်မှာ ရွှေအိမ်သူ မျက်ရည်တွေ ဆက်တိုက်ကျလာ





နေသည်။ အကြည့်က နံရံမှာ မကြာမတင်ချိန်လေးကမှ ရောက်ရှိ ချိတ်
ဆွဲထားရာ သူ့ပုံတူပန်းချီကားဆီမှာ တန့်၏။ ထိုပုံတူကို ရွှေအိမ် ဤမျှ
တူအောင် ဆွဲနိုင်ခဲ့ခြင်းသည် .. သူ့ကို ချစ်လွန်း၍ .. သူ့ဆီမှ ဓာတ်ပုံလေး
သော်မျှ မလိုဘဲ ရေးဆွဲနိုင်ခဲ့သည်ဆိုတာကို သူ ဘာကြောင့် မတွေးပေး
နိုင်ခဲ့ပါသတဲ့လဲဟု ကြေကြေမွမွမျှ ရွှေအိမ်သူ တွေးမိရပေမယ့် ..
သူ့ကို ဖွင့်လည်း မမေးတော့ပါ။ မေး၍လည်း မထူးတော့သည်ပဲလေ..
သူ .. ဆက်တိုက်မျှ လှောင်ရယ်ရယ်နေ၏။

ရွှေအိမ် ရှေ့သို့ ရုတ်ခနဲ ပြေးထွက်သွားတော့ .. ခဏစောက သူ
ရိုက်ခွဲချရာ မှန်စတွေ စူးနစ်ကုန်ကြသည်။ ရွှေအိမ် မသိနိုင် ..၊ နာရ
ကျင်ရမှန်းလည်း မသိနိုင်တော့ပြီ ..။ ကြေကွဲထိခိုက်ရှိန်က ရင်ကို မွမွချေ
နေပြီ .. လှိုက်ခါနေသည့် ရင်သည် အရှိန်ပြင်း၏။ အိမ်ရှေ့ ပေါ်တီကို
အောက်မှာ ရပ်ထားပါလေသော ဗစ်တိုးရီးယား၏ကားပေါ်သို့ ရွှေအိမ်
တက်ချိန်မှာ ခြေထောက်တွေ သွေးချင်းချင်းနီနေပြီ ..၊ ရွှေအိမ် ဖြတ်ခဲ့
ရာ ဧည့်ခန်းရှိ ကော်ဇောထက်မှာလည်း သွေးတို့ စွန်းကွက် စိုကျန်ခဲ့
ပြီ ..၊ စောစောက ဆက်တိုက်ရှိခဲ့သော လှောင်ရယ်သံသည်လည်း ခဏ
တော့ တိတ်ကျကျန်ခဲ့ပြီ ..။

ရွှေအိမ် ကားစက်နှိုး၍ ထွက်လာချိန်မှာ ခြေထောက်နှစ်ဖက်စလုံး
သည် မှန်စတို့ စူးနစ်ပါလာကြဆဲ ..၊ သွေးတွေ ယိုစီးကျနေဆဲ .. လီဗာ
ဘွင် တင်ထားသော ခြေထောက်သည်လည်း သွေးတွေ နစ်နေသည်။
ဘယ်ညာနှစ်ဖက်စလုံးသည် .. သွေးစွန်းနေသော ခြေရာတွေကို ခြေချရာ
ဘိုင်းမှာ ထင်ဟပ် ကျန်ရစ်နေစေခဲ့ပြီ ..၊ စိုနစ် တည်ရှိနေစေခဲ့ပြီ ..။
ရွှေအိမ့် အာရုံထဲ တိုးဝင်လာသည်က ပိတောက်မြိုင်အိမ်ကြီးရှိ သူ့အခန်း
၏ ကြမ်းပြင် ..၊ ဟုတ်သည် ..၊ သူ့ခြေရာသွေးကွက်တို့ စွန်းထင်းရာ
ကြမ်းပြင် ..။

ဪ .. ထိုစဉ်က .. ရင်မှာ ထင်ခဲ့ဖူးသည်တည့် ..၊



www.burmeseclassic.com

www.burmeseclassic.com



သွေးစွန်းသော နိမိတ်ဦး .. ဖြစ်ချေမည်လား .. ဟု ..။

ခု .. ရွှေအိမ် သည် .. သွေးစွန်းနေသော ကိုယ့်ခြေရာတွေကို .. ကိုယ့်နှလုံးအိမ်မှာ ထင်ကျန်စေရင်း .. ကြေကွဲရိုက်ငင်ခြင်းတွေဖြင့် .. ထွက်ခွာလာရသူသက်သက် ဖြစ်ရချေပြီကောလေ ..။

"ရှင် .. ယုံသည်ဖြစ်စေ .. မယုံသည်ဖြစ်စေ .. ကျွန်မ .. ရှင့်ကို.. တကယ့်ကို ချစ်တာပါ ကိုသတိုးနေခ .. ဒါပေမယ့် .. ကျွန်မ .. ရှင့်ကို.. ကျွန်မရဲ့အချစ်တွေအကြောင်း .. မပြောပြချင်တော့ပါဘူး .. ရှင့်အမုန်းတွေနဲ့ ရှင် .. နေခဲ့ပါ .. အောင်နိုင်ခြင်းတွေနဲ့ .. နေခဲ့ပါ ..။ ကျွန်မ .. ရှင့်ကို အရှုံးပေးခဲ့ရတယ်လို့ မထင်ပါဘူး .. အချစ်တွေ ပေးခဲ့ရတယ်လို့ပဲ မှတ်ယူပါတယ် .."

ရွှေအိမ့် နှလုံးအိမ်မှ ပြောနေသော စကားများသည် အပြင်သို့ ပွင့်ကျလာနိုင်ခြင်း မရှိမီမှာပင် .. ကားလေးသည် အရှိန်နှင့် ခြံပြင်သို့ ထွက်ခွာခဲ့ရချေပြီတည့် ..။ အတော်ကြီးကို မြန်ဆန်ပြင်းထန်လွန်းနေသော အရှိန်တစ်ခု ..။





## အခန်း | ၁၉ |

"ကျွန်မ .. ရှင့်ကို ချစ်နေတယ်ဆိုတာ သနားသောအားဖြင့် .. ယုံကြည်ပေးပါလို့ .. မပြောထွက်နိုင်တော့ပါဘူး ကိုသတိုးနေခ ..။ ရှင် .. ကျွန်မကို မုန်းတာ မမှားပါဘူး .. ကျွန်မဟာ .. ကျွန်မရဲ့ မာနဆီက ဖြစ်တည်ခဲ့ဖူးတဲ့ အဆိပ်ပြင်းပြင်းရဲ့ဒဏ်ကို ခံနေရတာပါ .. ရှင့်ရဲ့ ခါးသီးတဲ့အကြည့်စူးစူးတွေကို အပြစ်မမြင်ရက်နိုင်ပါဘူး .. ရှင့်ရဲ့ ကြမ်းရှတဲ့စကားလုံးတွေကိုလည်း မခါးသီးရက်နိုင်ပါဘူး ..။ ရှင် .. အနိုင်ရပြီ မဟုတ်လား .. ရှင် စိတ်ချမ်းမြေ့ရပြီ မဟုတ်လား .. ရှင့်ရင်ထဲမှာ ဝန်ထုပ်ဝန်ပိုးကြီးအဖြစ် ဒုက္ခပေးနေတဲ့ ကလဲ့စားချေလိုခြင်းဆိုတဲ့အရာ .. လျှော့ချနဲ့ ပျောက်ကွယ်သွားပြီ မဟုတ်လား .."

ကားမောင်းနေရင်း ရွှေအိမ် ငိုနေမိသည်။ တစ်ယောက်တည်း ပြောနေမိသည်။ ခြေထောက်ဆီမှ သွေးတို့သည် ထွက်နေဆဲ ..။ ဒဏ်ရာဆီမှ စူးနစ်နာကျင်သော ခံစားချက်တွေကို အံခဲ၍ ရွှေအိမ် ခံပစ်လိုက်မိသည်။

တချို့ သွေးတို့က စေးကပ်ခဲနေပြီ ..။ လီဘာနင်းတံနေရာမှာလည်း သွေးတို့ စွန်းထင်းနေ၏။ ရွှေအိမ် နှပြေးထွက်လာမိစဉ်မှာ ဖိနပ်ပင် ပါမလာ ..။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့မျက်နှာကို မြင်ယောင်လာမိရပြန်ပြီ ..၊ ဓေ့စပ်ပွဲ မဖြစ်မြောက်သည့်ကိစ္စ ဖေဖေ ကြားလျှင် .. ထိခိုက် ခံစားရချေဦးတော့မည်။ ပြီးတော့ .. သူ့အပေါ် နာကျင်ဒေါသတွေ သင့်ချေဦးတော့မည်။

ဤအဖြစ်တွေကို ဖေဖေထံ မရောက်စေချင် ..၊ မသိစေချင် .. ဒါပေမယ့် ဖုန်းကွယ်ထား၍မှ မရချေသည်ပဲလေ .. ဖေဖေ သိချိန်မှာ ဖြစ်ပေါ်လာမည့် ကြေကွဲဒေါသသင့်နေမည့်အရိပ်တွေ ပြည့်သိပ် စွန်းထင်းနေလေမည့်မျက်နှာကို ရွှေအိမ် စိတ်ပင် မကူးရက်နိုင် ..၊ မမြင်ရက်နိုင် ..။

''သူ .. သူက .. နိုင်ချင်တာ .. သူ စိတ်ချမ်းသာအောင် .. ငါ ပြောခဲ့ဖို့ တာဝန်တော့ ရှိတာပေါ့ ..၊ ကိုသတိုးနေခ .. ရှင့်ကို ကျွန်မ ရှုံးခဲ့ပါပြီ ဆိုတာလေးလောက်တော့ ပြောခဲ့သင့်တာပေါ့ .. ဒါမှ .. သူ သူ .. လုံးဝ ကျေနပ်သွားမှာ ..''

အရှုံးအမှုး ခံစားနေရခြင်းသည် ဆောက်တည်ရာ ပျောက်နေသူတစ်ယောက်၏ ခံစားချက်မျိုး ဖြစ်နေပြန်တာမို့ .. ရွှေအိမ် ငိုနေရင်း သူ့ထံကို ဖုန်းခေါ်မိပြန်၏။ ကားက ရိပ်ရိပ်ပြေးနေသည်။ အဆင်းလမ်းက ရှည်မျောမျောကြီး ဖြစ်နေတာကို စတင်၍ ဂရုထားမိလာရသည်က ရွှေအိမ် ပါ ..။

ကားကို ဘရိတ်နင်းမိရပြီ ..၊ အရှိန်လျှော့ မရနိုင် ..၊ ဘရိတ်မမိ ဘရိတ်မှာ ပြဿနာတက်ပြီဆိုတာကို သိရချိန်မှာ ကားက အရှိန်ဖြင့် အဆင်းရှည်ကြီးတစ်ခုကို ဆင်းနေပြီ ..။ အရမ်းကို မြန်ဆန်လွန်းနေသော ကားတစ်စီးကို ထိန်းကွပ်နိုင်ခြင်း မရှိစွာ ရွှေအိမ် ဘရိတ်ကို ထပ်နင်းမိပြန်၏။ လုံးဝ မမိတော့ပြီကောလေ ..။

ရွှေအိမ့် လက်ထဲမှ ဟန်းဖုန်းလေး လွတ်ကျသွားပြီ ..၊ လက်တစ်ဖက်နှင့် မထိန်းနိုင်သည့် ကားလက်ကိုင်ဘီးကို ကယောင်ကတမ်းနိုင်စွာ ရွှေအိမ် လက်နှစ်ဖက်ဖြင့် ထိန်းနေရပြီ ..။





တောင်ယာခင်းတွေဘက်ဆီမှ ကတ္တရာလမ်းဆီသို့ လာနေကြသည့် ယာခင်းအလုပ်သမလေးများ၏ သီချင်းသံကို ရွှေအိမ် ကြားလိုက်ရစဉ်မှာ ကားဟွန်းရှည်ကြီး တီးလိုက်ရသည်ပါပဲ။ တက်မလာပါနဲ့ .. လမ်းပေါ် တက်မလာပါနဲ့ .. ဟု တားနေသည့် ဟွန်းသံ ..၊

''ဟယ်လို .. ဘာလဲ .. မင်း .. ငါ့ကို ရန်တွေ့မလို့လား ရွှေအိမ်သူ ..''

သူ့ကို ဖုန်းခေါ်စဉ်ကတည်းက စပီကာခလုတ်လေးကို နှိပ်ခဲ့တာမို့ သူ ဖုန်းထူးလာတော့ ရွှေအိမ် သူ့အသံကို ကြားလိုက်ရပါပြီ၊ ကြောက်လန့်တကြားဖြင့် မျက်ရည်ကျနေပါသည့် ရွှေအိမ့် ရင်ထဲသို့ အားတစ်ခု တိုးဝင်လာသည့်နှယ်ပါတကား ..၊ သူ့အသံကို .. ရွှေအိမ် ကြားလိုက်ရပြီကောလေ ..။

''ဟွန်းသံပါလား .. ဘာဖြစ်တာလဲ ..''

ကားဟွန်းသံရှည်ကြီးကို သူလည်း ကြားနေပုံ ရသည်၊ ရုတ်ခနဲ အေးလာသံကို ကြားရစဉ်မှာ ရွှေအိမ် အလန့်တကြား ဖြစ်သွားရသည်က .. ယာခင်းသို့ တူတူပါခဲ့ပုံရပါလေသော ခွေးသိုကြီးတစ်ကောင်သည် ကားလမ်းပေါ် လွှားခနဲ ပြေးတက် .. မြူးတူးစွာ တစ်ဖက်ဆီသို့ ကူးချေသည့်မြင်ကွင်း ..၊ ကြည့်ရတာ လမ်း၏တစ်ဖက်မှာ ရွာသွားလမ်း ရှိပေလိမ့်မည်။ လက်တွေ့မှာတော့ တစ်ဖက်မှာက နွားစားကျက်ခင်းသည် အပြန့်တလျား ဖြစ်နေသည်။ ထိုစားကျက်ခင်းကို ဖြတ်ကာ .. ရွာသို့ သွားချေသည့်ခရီးသို့ ရောက်ချေမည်လား မသိ ..။

ရွှေအိမ် ခွေးကို ရအောင် ရှောင်သည်။ ကားခေါင်းတစ်ချက် လည်သွားက်သည်။ လမ်းကလည်း အဆင်းရှည်လမ်း ဖြစ်နေရာမှ လမ်းကွေ့တစ်ခုဆီသို့ ရောက်နေပြီ ..၊ ယာအလုပ်သမလေးများ၏ အော်သံတွေနောက်မှာ ကျန်ခဲ့သည်။ စိတ်ပူလတ်ပူဖြင့် ရွှေအိမ် တစ်ချက် လှည့်ကြည့်မိရပေမယ့် ခွေးကို မတိုက်မိဟုပဲ ထင်မိသည်ပါပဲ..



www.burmeseclassic.com

www.burmeseclassic.com



ပြန်၍ ခေါင်းကို ရှေ့ဘက်အလှည့်မှာ ဘွားခနဲ မြင်လိုက်ရသည်က သစ်သားတံတားတစ်ခု ..၊ တံတားသည် ချောင်းတစ်ခုကို ဖြတ်၍ တည်ဆောက်ထား၏။ ကားကို ထိန်းပေမယ့် မရတော့ပြီ ..၊ ကားခေါင်းက တံတားလက်တန်းဘောင်တွေကို တစ်စစီ ခွင်း၍ တိုက်၍ သွားနေ၏။

ရွှေအိမ် ချောက်ချားစွာ စတင်၍ သိလာနေပြီ ..၊ ဒါ.. ဒါ.. နောက်ဆုံးအချိန်ဟု သိလာနေသည်။ လူ့ဘဝတစ်ခုဆိုသည်မှာ .. နိဂုံးအဖြစ်မည်သို့ ရှိမည်ဆိုတာ ကံကြမ္မာစေရာအတိုင်း ..၊ ကံကြမ္မာ ပါရာအတိုင်း ဖြစ်တတ်သည်ပဲလေ ..။

ဘဝတစ်ခုကို ထက်မြက်ခြင်းများဖြင့် ..၊ ချမ်းသာခြင်းများဖြင့် အောင်မြင်ခြင်းများဖြင့် .. မိန်းမသား၏ မာနတို့ဖြင့် ဖြတ်သန်းခဲ့ရပြီ ..။ ထိုမာနဆီမှ ဖြစ်တည်သော အမုန်းတရားတစ်ခုကြောင့် .. ပြင်းသောအဆိပ်သည်လည်း ရင်မှာ ဖြစ်တည်ခဲ့ဖူးသည်။

ခုကျတော့လည်း ကြေကွဲလှိုက်ခါနေသော ... နောင်တတွေဖြင့် လူတစ်ယောက်ကို ချစ်ခြင်းမက ချစ်နေမိသည့် ရွှေအိမ်သူ လည်း ဖြစ်နေရပြီ ..၊

ဘယ်လိုမှ .. နောက်ဆုတ်ယူ၍ မရနိုင်တော့သည့် အန္တရာယ်သည်လည်း အသက်ဝိညာဉ်ကို နုတ်သိမ်းဖို့ လက်တစ်ကမ်းအကွာလောက်မှာ နီးကပ်စွာလည်း ရှိနေပြီ ..။

ရွှေအိမ် ပြုံးလိုက်သည်။ မျက်ရည်တွေ ပါးပြင်ထက်မှာ .. အဆက်မပြတ် စီးကျနေရင်း .. ကျေနပ်စွာ ပြုံးလိုက်သည်။

"ဟာသ်ာ ကို ကယ်ပါဦး .. ကိုကြီး ရေ .."

ကားခေါင်းက တံတားလက်ရန်းတွေကို ဆက်၍ ဖြောင်းဖြောင်းပါအောင် တိုက်နေချိန် ..၊ ကားခေါင်းသည် .. တစ်ခုသော တံတားလက်ရန်းတိုင်ကို တိုက်အပြီးမှာ စောင်းသွားပြီ..၊ ကားခေါင်းက တံတားထက်မှာ မရှိတော့ပြီတည့် ..။





ချောင်းဘက်ကို ငိုက်ဆင်းကျသွားချေသည့်နောက်ဆီသို့ ရွှေအိမ်သည် အတူပါသွားရရင်းမှ အသံကို ဖွင့်၍ အော်လိုက်မိရပါပြီတည်း..။

မြန်ဆန်လွန်းစွာပဲ ကားသည် ချောင်းရေပြင်နှင့် ထိ၏။ မှန်ချထားသော ကားတံခါးဆီမှ ရေတွေ တလဟော ဝင်လာသည်၊ ထိုင်ခုံခါးပတ်လေး သိုင်းပတ်ထားရာ ကိုယ်လေးကို ရွှေအိမ် ပျော့ပျော့ပျောင်းပျောင်းနိုင်အောင် ပြင်၍ ထိုင်လိုက်မိရပါ၏။ မျက်ဝန်းကို စုံမှိတ်ထားလိုက်မိပြီ ..။

အေးမြသော ရေတွေသည် မြန်ဆန်လွန်းစွာပဲ ကားတစ်စီးလုံးကို ဝါးမျိုပစ်လိုက်ပြီ ..၊ အေးမြသောရေ၏ အထိအတွေ့ကို ရွှေအိမ် ခံစားနေရရင်းမှ ...

ဆံပင် နှစ်ခွကျစ်လေးနှင့် ဟာသ်ာ ကို မြင်လာသည်။ ရွှေလွန်းလေးကို ပွေ့ထားသော ဟာသ်ာ ..၊

"ရှင် .. ကျွန်မကို မုန်းပေမယ့် .. ဟာသ်ာ ကိုတော့ ချစ်ခဲ့တာပါ.."

ရင်ထဲမှ ပြောမိသံ ..၊ လက်က .. ကြာဆစ်ကြိုးလေးကို ထိ၏။ ကြာပွင့်လေးကို အသေဆုပ်ထားမိပြီ ..။

ဖေဖေ ..၊ ဖေဖေ့အရိပ် ..၊ ဖေဖေ့ဘဝတစ်ခု ..၊ ဖေဖေ ပုံ၍ ချစ်ရသည့် သမီး ရွှေအိမ် ..၊ ဖေဖေ့ထံမှာ .. နှစ်များစွာ ဆက်နေခွင့် မရတော့သည့်အတွက် .. ရင်ထဲ မကောင်းပါ ဖေဖေ ..၊ ဖေဖေ့အကြောက် နောက်ဆံငင်ရပါသည် ဖေဖေ ..၊ သက်တမ်းစေ့၍ .. ရွှေအိမ် .. မေမေ့ထံသို့ သွားလိုက်ရသည်ဟု မှတ်ယူ ဖြေသိမ့်ပါလှည့် ဖေဖေ ..။ ဖေဖေ့ကို ကန်တော့ပါသည် ဖေဖေ ..။

ရေတွေက ပါးစပ်နှင့် နှာခေါင်းတွေဆီမှ ဝင်လာနေကြတာကို သိနေရသည်။ တား၍ မရတော့ပြီ..၊ ရင်ဘက်ထဲမှာ ပေါက်ကွဲလုမတတ် ခွန်းကျပ်ခြင်းတွေ .. အရှိန်ပြင်းသည်ထက် ပြင်းလာနေကြသည်တည့်..။

သေလုမြောပါး .. ဆိုသည့် ခံစားချက်၏ ပြင်းထန်မှုကို သိနေ



www.burmeseclassic.com

www.burmeseclassic.com



ရရင်း .. လက်ခံနေရရင်း .. အာရုံထဲ ထပ်ဝင်လာသည်က .. ရွှေအိမ် နောက်ဆုံး ရေးဆွဲခဲ့ရပါလေသော သူ့ပုံတူပန်းချီကားကြီးပဲ ဖြစ်နေသည်။ အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် သူ့ပုံထဲမှ အပြုံးသည် .. ခါးသီးသောအပြုံးတစ်ခု ဖြစ်သွားရပြီ ..။ ရယ်မောသံတစ်ခုကို ကြားရသည်သို့ ရှိလာ၏။

ခါးသီးပြင်းရှသော ရယ်မောမှု ..၊ သူ ရယ်ခဲ့ပါလေသော .. ဇစ်တိုးရီးယားဆီမှာ ကျန်ရစ်ခဲ့ပါလေသည့် .. ရယ်မောမှု ..၊ ရွှေအိမ် သည် ထိုရယ်မောမှုတွေကို ချန်ရစ်ခဲ့ရင်း ပြေးထွက်လာမိခဲ့သည်လေ ..၊ ပလုံစီနေသော ရေလုံးသေးသေးလေးတွေ နှာခေါင်းနှင့် ပါးစပ်ဆီမှ တဖြည်းဖြည်း သေးငယ် ဝေးလွင့်လာကြပြီ ..။

ရွှေအိမ် လက်အုပ်ချီလိုက်မိပြန်၏။ ဘုရားကို အာရုံပြုခြင်း .. စိတ်ကို နိုင်အောင် ထိန်းနေခြင်း ..၊ နောက်ဆုံးတော့ .. ကြာပွင့်လေးကို ပြန်၍ ဆုပ်ကိုင်ထားလိုက်မိပြန်သည်။ ရွှေအိမ့် မျက်ဝန်းလေးတွေ မျက်တောင်ခတ်ဖို့ ကြိုးစားနေသည်။ ပါးစပ်လေး ဟထားသည်။ လည်တိုင်လေးက မိန်ဖျော့စ ပြုလာနေပြီဖြစ်သော မျက်ဝန်း၏ မိတ်အကျမှာကား၏ ထိုင်ခုံဇက်မှီကျရာ နေရာသို့ လန်ခနဲ ထိ၏။ အာရုံထဲမှာ ထပ်မြင်လာသည်က ရောင်စုံကြာပန်းများ ..၊ ကြာဆစ်ကြိုး ချိုးနေသည့် သူ့ပုံရိပ် ..၊

"ရွှေအိမ် ရေမကူးတတ်ဘူး ကိုကြီး .."

ရေတွေ၏ လှုပ်ခတ်မှု အထိအတွေ့တွေကြားထဲမှာ ရွှေအိမ် ပြန်၍ မြင်ယောင်လာမိနေဆဲ အာရုံမမိတမိ ..၊ ဝိုးတဝါး အမြင်ပုံရိပ်တွေက တဖြည်းဖြည်း ဝေးသွားနေကြပြီ ..။

"ကိုယ် ရှိနေသမျှ .. ရွှေအိမ်သူ ရေထဲ မကျစေရပါဘူးကွ .."

ရယ်မော၍ ပြောလိုက်ပါသည့် သူ့ပုံရိပ် ..၊

ရွှေအိမ် ၏နှုတ်ခမ်းလေး .. သဲ့သဲ့ ပြုံးလာသည်။





ဟုတ်သည် ..၊ ယခု .. သူမှ .. ရွှေအိမ့် ဘေးမှာ မရှိသည်ပဲလေ ..။

ဘာမျှ ရုန်းရင်းဆန်ခတ် ရွှေအိမ့် လက်လေးတွေ မလှုပ်ရှား ..၊ ခြေထောက်တွေ ရုန်းကန်နေတာတွေ မလုပ် ..၊ အရာရာသည် .. တည်ငြိမ်နေသည်။ အေးမြသောရေပြင်ထက်မှာ တငြိမ့်ငြိမ့် ဆက်၍ ဆင်းနေသည့်ကားနှင့်အတူ ရွှေအိမ် ပါသွားစဉ်မှာ .. ရွှေအိမ့် လက်ချောင်းလေးတွေက ကြာပွင့်လေးတစ်ပွင့်ကို .. အားကိုးစွာ ဆုပ်ကိုင်ထားဆဲပါတကား ..။

ရွှေအိမ့် ဆံနွယ်လေးတွေ ရေရှိန်အတိုင်း မျောခတ် လှုပ်ရှားနေသည်။ ဒါပေမယ့် .. ပွင့်နေသော နှုတ်ခမ်းလေးဆီမှ ရေပလုံစီလေးတွေ မရှိတော့ပြီ ..။ မျက်ဝန်းလေးတွေ ပိတ်ထားလျက် ..၊ လည်တိုင်လေးက ကျောမှီဆီမှ ငိုက်ခနဲ ကျသွားရာ ကိုယ်နွဲ့နွဲ့လေးအတိုင်း အောက်သို့ လိုက်၍ ငိုက်ကျသွားရပါပြီတည်း ..။



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့ရမည့်ပန်းကို ဆောင်းဓာတ်တိုက်

အေးမြရမည့်မြစ်ပေါ်ဆောင်းဓာတ်ခင်

နီးမျော့ခေချင်သည့် ဤ ခရီး

အမှားကြီး မှားလေသမျှ

နောင်တပြင့် ငါ သိရတဲ့အခါ ...

ဆောင်မြိုက်ကာဆူ

ဤအပူမာနတွေနဲ့

နောက်ကျခဲ့ချေပြီကောကွယ် ..။







အခန်း | ၂၀ |

ဖုန်းခေါ်သံကြောင့် သူ့ဟန်းဖုန်းကို ကြည့်လိုက်တော့ ရွှေအိမ်သူ၏ ဖုန်းနံပါတ် ဖြစ်နေတာမို့ ချက်ချင်း သူ မထူးမိခဲ့သေး ..။ နောက်တော့မှ စိတ်လက်မရှည်စွာ .. စိတ်ပျက်လက်ပျက်နိုင်စွာ သူ ဖုန်းခလုတ်လေးကို နှိပ်လိုက်ကာ ...

''ဟယ်လို .. ဘာလဲ .. မင်း ငါ့ကို ရန်တွေ့မလို့လား ရွှေအိမ်သူ..''

ဟု တိုဆတ်စွာ ပြောမိချိန်မှာ သူ့နားစည်တွင်းဆီသို့ တိုးဝင်လာသည်က ကားဟွန်းသံရှည်ကြီး ဖြစ်နေတာကို မှင်တက်စွာ ကြားခဲ့ရပြီးသည့်နောက်မှာ ...

''ဟွန်းသံပါလား .. ဘာဖြစ်တာလဲ ..''

ဟု အလိုလို မေးမိသည်က စိတ်ပူခြင်းများဖြင့်ပါ ..။ ဖြေသံ မကြားရ ..။ ကားဟွန်းသံသည်လည်း ဆက်၍ ကြားနေရဆဲ ..။ နောက်တော့.. ဘစ်စုံတစ်ရာကို တိုက်နေသံမျိုးတွေ ကြားလာနေရသည်။

သူ့ရင်တွေ ဆောက်တည်ရာမရ ယောက်ယက်ခတ်ကုန်ရကာ ...

''ဘာဖြစ်နေတာလဲကွ .. ပြောစမ်းပါဦး ..''

ဟု အော်မေးတော့မည့်အချိန်မှာပင် ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟသ်ာ ကို .. ကယ်ပါဦး .. ကိုကြီး ရေ .."

ဟူသော တမ်းတစွာ အားကိုးတကြီး အော်လိုက်သံလေးကို သူ ကြားလိုက်ရချေသည်တကား ..၊ သစ်သားတိုင်တို့ကို ချိုးချေနေသည့် အသံမျိုးကို သူ ကြားနေရသည်။ ဟွန်းသံလည်း ပျောက်သွားပြီ .. ဝုန်းခနဲ .. ရေထဲသို့ ကျသည့်အသံကြီးကို သူ နောက်ဆုံး ကြားလိုက်ရပြီးသည့်နောက်မှာ အရာရာသည် ငြိမ်သက်သွားချေပြီတကား ..၊ ဘာမှ မကြားရတော့ ..။

ဟွန်းသံလည်း မကြားရ .. တစ်စုံတစ်ရာကို ကားခေါင်းပိုင်းက တိုက်သွားနေသည်ဟု သူ ထင်နေရပါသည့် သစ်သားစတို့ ကျိုးကျေနေသံမျိုးနှင့်တူနေသော အသံတွေကိုလည်း မကြားရတော့..။

ကားတစ်စီး၏ မြန်ဆန်ဆူညံလွန်းစွာ သွားနေသံမျိုးလည်း မရှိတော့ ..၊ အားလုံး တိတ်ကျသွားပြီ ..၊ သူ့မျက်နှာမှာ ချွေးတွေ ချက်ချင်း စိုနစ်ကုန်ကြပြီ ..။

"ဟယ်လို .. ဟယ်လို .."

သူ ဆက်တိုက် ခေါ်နေပေမယ့် လုံးဝ ဆိတ်ငြိမ်ခြင်းဆိုတာကိုသာ သူ လက်ခံပေးလိုက်ရချေသည်တည့် ..၊ ရတ်ခြည်းပင် စိုးရိမ်ဇောက သူ့တစ်ကိုယ်လုံးကို အုပ်စီးထားပြီးနေပြီ ..၊ သူ့အခန်းဆီမှ ပြေးထွက်လာမိကာ ဦးနောက်က အရမ်း အလုပ်လုပ်နေရပါသည့်အဖြစ် .. ရွှေအိမ်သူ တစ်ခုခု ဆိုးရွားစွာ ကြုံနေရပြီဟု ရင်ထဲမှ အလိုလို သိနေရင်း ရင်သည် ဖြောင်းဆန်နေချေ၏။

ဗစ်တိုးရီးယားမှ သူ မထွက်ခွာမီလေးမှာပင် ရွှေအိမ်သူ ကားဖြင့် ထွက်သွားခဲ့သည်။ ခြေထောက်မှာ သွေးတွေ နီရွှေးနေရင်း ပြေးထွက်သွားပါသည့် ရွှေအိမ်သူ သည် ကားပေါ်သို့ တက်၍ တောက်လျှောက် ခပ်ကြမ်းကြမ်း မောင်းနှင်သွားချိန်မှာ သူ့ရယ်သံတွေ ပြတ်ကျ ကျန်ခဲ့ကြတာကိုတော့ ဝန်မခံဘဲ မနေနိုင် ..။





သူ .. ဆက်၍ မရယ်ရက်နိုင်ဘဲ ဖြစ်ခဲ့ရသည်ပဲလေ ..။ နောက်ဆုံးတော့ .. သူ ဟန်ကိုပြန်ဆယ်ခဲ့ကာ ဘဘညို ကို ကြည့်၍ သူ့ပုံတူပန်းချီကားကြီးကို လက်ညှိုးထိုးကာ ...

"ကျွန်တော့် ပုံတူကြီး ဒီအိမ်ထဲမှာ အရှိမခံနိုင်ဘူး အဘ .. ဖြုတ်လိုက်စမ်းပါ .."

ဟု ပြောမိစဉ်ခိုက်မှာ ဘဘညို မှ ...

"ပုံတူပန်းချီကို ချိတ်ခိုင်းခဲ့တာက ရွှေအိမ်သူလေး ပါကွယ် .. သူ ဘာမှ မပြောဘဲနဲ့ .. ဘဘ သဘောတစ်ခုနဲ့ မဖြုတ်နိုင်ပါဘူး .."

ဟု တည်ငြိမ်စွာ ပြန်ဖြေခဲ့သည်ကိုက သူ့အပေါ် ခံပြင်းနေသည့်ဒေါသကို ထိန်း၍ဆိုတာ သိခဲ့ရသည်ပဲလေ ..။

ရွှေအိမ်သူ အပေါ်မှာ သူ ရက်ရက်စက်စက် တုံ့ပြန်သည်ဟု ဘဘညို ရင်ထဲ ခံပြင်းနေတာကိုလည်း သိနေရသည်မို့ သူကိုယ်တိုင် ခုံတစ်လုံးကို ဆွဲယူကာ ပန်းချီကားကြီးကို ဖြုတ်ခဲ့စဉ်က ..၊ သူ့လက်တွေ ပန်းချီကားကို ယူအချ .. လွှတ်ကျသွားခဲ့ရကာ .. မှန်စတွေ ပြန့်ကျဲကုန်ကြတာကို ခုထိ မမေ့နိုင် ..။

"အဲဒီကတည်းက .. ငါ ရင်လေးသွားခဲ့တာ .. ထင့်သွားခဲ့တာ..၊ ဘာမှန်းမသိတဲ့ နိမိတ်ဆိုးကြီးတစ်ခုလို့ ငါ အဲဒီတုန်းကတည်းက ရင်ထဲမှာ အလိုလို သဘောပေါက်သွားမိခဲ့တာ .. ငါ .. ဟိုတယ်ကို ပြန်ရောက်တော့လည်း .. ငါ့ရင်တွေ လေးလံနေခဲ့တာပဲ .. ငါ .. မပျော်နိုင်ဘဲ ရှိနေခဲ့ရတာပဲ .. တကယ်က .. ငါ ထင်ထားတာက .. ရွှေအိမ်သူ ကို ငါ အနိုင်ရလိုက်ရင် .. ကလဲ့စားချေလိုက်နိုင်ရင် .. ငါ့ရင်ဘတ်မှာ ပေါ့ပါးသွားရလိမ့်မယ်လို့ ထင်ထားတာ .. အဲဒီအဖြစ်ကို ငါ တောင့်တနေတယ်လို့ သဘောပေါက်ထားတာ .. ဒါပေမယ့် .. အဲသလို ဖြစ်မနေတာ ဘာကြောင့်လဲ .. ဘာကြောင့်လဲ ..၊ အခန်းထဲ ရောက်ချိန်မှာ ခုတင်ပေါ်မှာ ငူငူကြီး ထိုင်ရင်း .. ရင်ထဲမှာ ပေါ့ပါးမလာနိုင်ဘဲ ဖြစ်နေတာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လဲ ..''

သူ ဆက်တိုက် တွေးနေရင်းဖြင့်ပင် ဟိုတယ်ရှိ ကားပါကင်နေရာသို့ ရောက်လာခဲ့ရခြင်းပါ။ ကားကို စက်နှိုး၍ သူ မောင်းလာမိခဲ့ပေမယ့် ဘယ်ကို လိုက်ရမှန်း မသိသေး ..၊ ရွှေအိမ် ဗစ်တိုးရီးယားမှ ထွက်သွားချိန်သည် ကားက မြို့တွင်းဘက်ဆီသို့ မောင်းတာမျိုး မဟုတ် ..၊ မြို့ပြင်ဘက်သို့ သွားရာလမ်းဘက်ကို ကားခေါင်းတည်၍ မောင်းထွက်သွားခြင်း ..။

ပြီးတော့ .. ဖုန်းထဲမှာ သူ ကြားခဲ့ရသည်က .. သစ်သားတို့ကို တိုက်သံမျိုး ..၊ ရေထဲ တစ်စုံတစ်ရာ .. အရှိန်ဖြင့် အသံကျယ်စွာ ကျသွားသံ ..၊

ဘုရားရေ ... သူ .. သူ .. အလိန့်တကြား ဖြစ်သွားရပါပြီ ..။ မြို့ပြင်ဘက်မှာ .. လှိုင်ခမ်းမော်ချောင်းတစ်ခု ရှိသည်။ ထိုချောင်းကို သစ်သားချောင်းကူးတံတားတစ်ခုက ဖြတ်သန်း တည်ရှိ၏။

သူ့ခေါင်းတွေ ပူထူကုန်ပြီ ..၊ သွေးတွေ ဆူတက်ကုန်ပြီ .. သူ့လက်တွေ ဆတ်ဆတ်ခါနေ၏။

ဟင့်အင်း ..၊ မဖြစ်ပါစေနှင့် .. မဖြစ်ပါစေနှင့် ..။ ဆိုးရွားလွန်းနေသော မုန်းဆ နားလည်ပေးလိုက်ရမှုတစ်ခုသည် တကယ် အမှန်ဖြစ်မလာပါစေနှင့် ..။ ခုကျတော့ .. သူ .. အရှုံးတစ်ပိုင်း ဖြစ်နေချေသည်တကား ..။

''ဟသာ .. ဟသာ .. မင်း .. ငါ့ကို တမ်းတခဲ့သလား .. ငါ့ကို ခေါ်ခဲ့သလား ..၊ ဘာတွေ ဖြစ်ကုန်ပြီလဲ ကောင်မလေး ရေ ..''

သူ တုန်လှုပ်စွာ မေးနေမိခြင်း ..၊ တစ်ယောက်တည်း ပြောနေမိခြင်း ..၊ ကားက လှိုင်ခမ်းမော်ချောင်းဘက်ဆီသို့ ဦးတည်၍ မောင်းနေပြီ ..၊ ကားနောက်ခန်းမှာ ဒရိုင်ဘာဦးထုပ်လေး ဘေးချ၍ ထိုင်နေသောကိုဌေး လည်း ပါလာရသည်ပါပဲ ..။ သူ့ကိုလည်း ဘာမှ မမေးရဲ ..။





မြန်နှုန်းမြင့် မောင်းနေပေမယ့် ကားပြေးနေသည်က နှေးနေသေးသည်ဟု သူ ထင်နေမိရဆဲ ..၊ စိတ်ဆောင်ရာအတိုင်း ကား၏ အရှိန်သည် င် လိုက်မမီနိုင်ပဲ ဖြစ်နေသည်။ အဆင်းရှည်ကြီးတစ်ခုကို မောင်းရချိန် ကျတော့ ကားအရှိန်ကို သူ ပြန်ထိန်းယူရသည်။ ဤအရှိန်ဖြင့်ကြီးဖြင့် မောင်း၍ မရ ..၊ အန္တရာယ်ရှိသည်လေ ..၊ ဒါပေမယ့် .. ကားသည် လို ဘာထက် ပို၍ မြန်နေသေးသည်တည့် ..။

သူ .. ချောင်းဘက်ကို ရောက်လာချိန်မှာ လူတွေ အုပ်အုပ်ကျက် ကျက် ဖြစ်နေကြတာကို စတင် မြင်လိုက်ရတာနှင့် ရင်သည် ဒိန်းခနဲ ဆောင့်၏။ မျက်စိတွေ ပြာကုန်သည်။

မြင်ကွင်းကို သူ တုန်လှုပ်စွာ ချောက်ချောက်ချားချားကြီး ကြည့်နေရာမှ ကားကို အမြန်ဆုံး မောင်းလာမိရသည်ပါပဲ ..။ ကားရပ်လိုက်ပြီးဘာနှင့် သူ ကမန်းကတန်းနိုင်လွန်းစွာ ဆင်းလိုက်မိသည်က .. ပူပန်သလဲ နိုင်နေသည်။ ကသောကမျော နိုင်နေသည်။

ချောင်းဘက်မှာ လူတွေ ပို၍ အုံခဲနေ၏။

''ဘာဖြစ်တာလဲ .. ဘာဖြစ်တာလဲ ..''

သူ တွေ့ရာ မိန်းကလေးတစ်အုပ်ကို မေးမိရခြင်းပါ ..။

''ကားတစ်စီး .. ချောင်းထဲ ကျသွားတာ .. မောင်းသွားတာက .. အမျိုးသမီးတစ်ယောက်ဆိုတာကိုတော့ အရမ်းကို မြန်နေတဲ့ ကား ကျွန်မတို့ရှေ့က ဝိုးခနဲပါအောင် မောင်းသွားချိန်မှာ မြင်လိုက်ရတယ်..၊ ကားက တောက်လျှောက်အရှိန်နဲ့ သွားနေတာ .. ကျွန်မတို့လည်း အဲဒီကို လိုက်သွားတာပဲ .. ဟိုကိုရောက်တော့ ကားက ချောင်းထဲ ကျသွားပြီ .. ရေထဲ မြုပ်သွားတယ် .. အဲဒါပဲ မီလိုက်တယ် ..၊ အခု .. ရွာက လူငယ်တွေကို .. ဟန်းဖုန်းနဲ့ လှမ်းဆက်လိုက်တာမို့ .. သူတို့ ရောက်လာကြပြီး .. ကားမြုပ်ကဲ့နေရာကို ရှာဖွေနေကြတယ် .. လူကို .. ဆယ်မို့လေ ..''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောနေသံကို ကြားရစဉ်မှာ ခေါင်းသည် မိုက်ခနဲ ဖြစ်၏။ ပြောပြနေသည့် ကောင်မလေး၏လက်ထဲမှာ ဟန်းဖုန်းလေး ကိုင်ထားတာ သူ မြင်နေရသည်။

အာပဲဖြစ်ဖြစ် .. ထိုဖုန်းလေးကြောင့်ပင်လျှင် ရွှေအိမ့် ကို .. ရေထဲမှ ဆယ်နိုင်ဖို့အတွက် အမြန်ဆုံး လှမ်း၍ ရွာမှလူငယ်တစ်ယောက်ယောက်ထံ ဖုန်းဆက်နိုင်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ခုကျတော့ .. လူစု၍ လူငယ်တွေ ရောက်နေကြပြီဟု သူ သိနေရပါ၏။

သူ့ခြေထောက်တွေက တရွတ်တိုက်နီးပါးမျှပင် မြန်ဆန်လွန်းစွာ ချောင်းကမ်းဘက်ဆီသို့ ပြေးလွှားသွားနေကြပါပြီ ..၊ သူ့ခြေထောက်မှာ အိမ်စီးဖိနပ်သည် လမ်းနှင့် ပွတ်တိုက် ပွန်းပဲ့နေကြချေ၏။

ကမ်းစပ်သို့ သူ ရောက်ချိန်မှာ စိတ်ဇောက ရေထဲ ဆင်းဖို့ပဲ ရှိနေသည်။ ရွှေအိမ့် ကို သူ ရေငုပ်၍ ရှာရမည် ..၊ သူ့မှာ ရွှေအိမ် ပဲ ရှိနေသည် ..၊ ရွှေအိမ့် ဇောပဲ ရှိနေသည်။ စိုးရိမ်ပူပန်ခြင်းတွေက လောင်မြိုက်ခြင်း၏ အရှိန်ပြင်းပြင်းကို ရင်စည်း၍ ခံစားနေစေပြီတည့် ..။

ကမ်းစပ်သို့ သူ ပြေးနေချိန်မှာလည်း သူ့နှုတ်ဆီမှ ...

"ရွှေအိမ် ရေ .. ရွှေအိမ် ရေ .."

ဟုလည်း ခေါ်နေမိသည်။

"ဟသ်ာလေး .."

ဟုလည်း အဆက်မပြတ် အော်ခေါ်နေမိရပါသည့်အဖြစ် ..၊

ရေထဲသို့ သူ ဝုန်းခနဲ ခုန်ချလိုက်ကာ အရှူးတစ်ပိုင်းပင် သူ ရေထဲ ငုပ်၍ ဟိုဟိုသည်သည် ရှာနေမိရပါ၏။ တစ်ချက် ပြန်ပေါ်လာရင်းမှ တံတားကို မော့ခနဲ ကြည့်မိတော့ .. တံတားတိုင်တွေ ကျိုးနေတာ သူ မြင်လိုက်ရသည်။ လက်ရန်းတချို့ တွဲရရွဲ ချောင်းဘက်ဆီသို့ လန်ကျနေတာလည်း သူ တွေ့နေရသည်။

တံတားတိုင်အကျိုးတွေကို သူ လိုက်၍ ကြည့်တော့ ချောင်းလယ်





မကျတကျနေရာထိ ဖြစ်နေတာမို့ ချောင်းလယ်ဘက်ဆီသို့ သူ ရေငုပ်မည့်ဟန် ပြင်စဉ်မှာ ချောင်းလယ်ဆီမှ လူငယ်တစ်ယောက် ရေထဲမှ ခေါင်းကို ဖော်လာကာ ...

"တွေ့ပြီ .."

ဟု အော်သံကို သူ သွေးပျက်အောင် ခံစား ချောက်ချားနေရင်းမှ ကြားလိုက်ရပါ၏။ ရွှေအိမ် မဟုတ်ပါစေနှင့် ..၊ ရွှေအိမ် မဖြစ်ပါစေနှင့် ဟု ကယောင်ကတမ်းဆန်စွာ သူ ဆုတောင်းနေပေမယ့် .. သူ့ဆုတောင်း မပြည့်နိုင်ဟု အလိုလိုလည်း သိနေရသည်။

သူ.. ရေလယ်ဘက်ဆီသို့ ကူးသွားမိရပါပြီ ..၊ လူငယ်တစ်ယောက်၏လက်ဖြင့် ပွေ့ရာမှာ ဖြူဥဥ ပျောင်းနွဲ့နွဲ့ပုံရိပ်လေးတစ်ခုသည် ရေထဲ ခေါင်းလေးဖော်နိုင်ရုံမျှ လက်လေးပေါ်လာရုံမျှ ..၊ ကိုယ်လေး တစ်ချက်တစ်ချက် .. ရုတ်ခနဲ ရိပ်ခနဲ ပေါ်လာရုံမျှဖြင့် ပါလာနေရသည့်မြင်ကွင်း..၊ မည်းနက်နေသော ဆံမျှင်များက မျက်နှာမှာ တချို့ ..၊ ပခုံးပေါ် တချို့..၊ ရေနှင့် ဖေးကပ်နေကြသည်။

လက်ဖြူဥဥလေးသည် ဖြုတ်ခနဲမျှ အပေါ်ဘက်ဆီသို့ တန်းခနဲ မြောက်၍ ပေါ်လာသည်က ကောင်လေးမှ ပခုံးဘက်ကို မြှင့်၍ ထိန်း၍ ကူးလာချိန်မှာ ဖြစ်ပါ၏။

"ရွှေအိမ် ရယ် .. ရွှေအိမ် ရယ် .."

သူ့နှုတ်ဆီမှ မချိမဆံ့ ပွင့်ကျလာသံ ..၊ ရွှေအိမ့် ကို ဆယ်ယူလာနေသည့် ကောင်လေးဆီသို့ ကူးသွားကာ ဘေးမှ ထိန်းပွေ့၍ သယ်လာရချိန်မှာ .. သူ့မျက်ရည်တွေ ဆည်မရနိုင် ..။

အရုပ်ကို ပျောင်းနွဲ့စွာ ပါလာပါသည့် မိန်းကလေး ..၊ ကမ်းစပ်ဆီသို့ ရောက်ချိန်မှာ သူ့ရင်ခွင်ထဲ သိမ်းကြုံးပွေ့မိကာ ...

"ရွှေအိမ်သူ .. ရွှေအိမ်သူလေး .. ဟော့ .. ဟသ်ာ .. ကောင်မလေး.. ကိုကြီး လေ .. ကိုကြီး လေ .. ရောက်လာပြီလေ .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပါးလေးကို ပုတ်ကာပုတ်ကာ သူ အရှုးတစ်ပိုင်း ပြောနေမိသည်။ ရေတို့ စိုစွတ်နေသည့် မျက်တောင် မျက်ခုံးလေးတွေက မည်းနက်နေသည်။ ဆံပင်တွေက ကျောထက်မှာ တချို့ .. ရင်မှာတချို့ ဖေးတင်နေသည်။ သူ့အကြည့်က ရုတ်ခနဲ တစ်နေရာမှာ တန့်၏။

ရွှေအိမ့် လက်ထဲမှာ ဖေးဆုပ်ထားရာ ပစ္စည်းလေးတစ်ခု ..၊ ကြာပွင့်လေးပါတကား ..။ မကြာမတင်လေးကပင်လျှင် သူကိုယ်တိုင် ကြာဆစ်ကြိုးလုပ်၍ ရွှေအိမ့် လည်မှာ ဆွဲပေးခဲ့ရာ ကြာဆစ်ကြိုးလေးသည်လည်း ဘေးဘက်မှာ ပြတ်တချို့ဖြင့် ရှိနေပြီ ..။ ရွှေအိမ့် ကို ဆယ်လာချိန်မှာ ပွတ်တိုက်ဆွဲငင်ရင်းမှ မျှင်မျှင်လေး ဆစ်သီရာ ကြာဆစ်ကြိုးသည်လည်း ပြတ်သွားရချေမည်သာ ..။

ဒါပေမယ့် .. ကြာပွင့်လေးကို ဆုပ်ခဲကိုင်ထားရာ ရွှေအိမ့် လက်ဖဝါးလေးကတော့ဖြင့် အဆုပ်အခဲ မပျက်တာမို့ .. ကြာပွင့်လေးသည် လက်နုနုဖြူလေးတွင်းမှာ ရှိနေဆဲ ..၊ ရှိနေမြဲ ..။ ကြာဆစ်ကြိုးပြတ်လေးသည်လည်း ပါလာနေဆဲ ..၊ မျက်တောင်မခတ် ရွှေအိမ့် လက်လေး ထွေးဆုပ်ထားရာ ကြာပွင့်လေးဆီမှာ အကြည့်သည် ငြိမ်ကျနေရာမှ နှလုံးသားသွေးကြောမျှင်တို့ ဆတ်ခနဲ ဆတ်ခနဲ ပြတ်တောက်နေသည်သို့ သူ ခံစားနေရချေပြီတကား ..။

လက်ကောက်ဝတ်လေးကို သူ ဖေးကိုင်၍ သွေးတိုးစမ်းနေမိသည်။ အဖြေကို သိနေရပေမယ့် နှလုံးသားက လက်ခံဖို့ ငြင်းဆန်နေချေ၏။ ဟင့်အင်း .. ရွှေအိမ် ရှိနေရမည်။ သူ့အတွက် ရွှေအိမ် ရှိကို ရှိနေရမည်။ ဤအဖြစ်တစ်ခုကို ချန်ထားခဲ့ရစ်လျက် ရွှေအိမ် ထွက်ခွာသွား၍ မရ ..၊ သူ .. ရူးကျန်ခဲ့ရမည်။ ရှင်လျက်နှင့် သေသူတစ်ယောက်အဖြစ် ကျန်ရစ်ခဲ့ရချေလိမ့်မည်။

သူ အရူးအမူးပင် ရွှေအိမ့် ကို ပခုံးပေါ် မှောက်လျားထိုး တင်ကာ ကမ်းစပ်မှာ ပြေးနေမိပြန်သည်။ ရေတွေ ပြန်အန်ကုန်ကာ ရွှေအိမ်





အသက်ပြန်ရှင်လာချေမည်လားဟု သွေးရူးသွေးတန်းဆန်ဆန် ပြေးနေမိခြင်း ..၊ နောက်ဆုံးတော့ သူ အပြေးရပ်သွားကာ ပခုံးပေါ်မှ ရွှေအိမ့် ကို ပွေ့၍ ကမ်းစပ်မှာ ထိုင်မိလိုက်ပြန်ပါပြီ ..၊ လူစုလူအုပ်သည် မြင်ကွင်းကို ထိထိခိုက်ခိုက် ကြည့်နေကြဆဲ ..၊ သူ့ဘေးမှာလည်း လူတွေဝိုင်းဝိုင်းစုစု ရှိနေကြပါသည့်အဖြစ် ..။

သူ .. ဘယ်သူ့ကိုမှ မကြည့်နိုင် ..၊ ရွှေအိမ့် မျက်နှာလေးကို ငုံ့စိုက်၍ မျက်တောင်မခတ် ကြည့်နေမိရဆဲ .. ရေတို့ စိုရွှဲနေသည့် ဆံပင်တွေ သူ့နဖူးပေါ်မှာ ရေစက်လက်ဖြင့် ကျနေ ကပ်နေကြပါ၏၊ ရွှေအိမ့် နဖူးပြင်ပေါ်မှ ဆံစလေးကို သူ ဖွဖွညင်ညင် သပ်ပေးနေမိသည်။ လက်လေးကို ထွေးဆုပ်ထားမိပြန်သည်။ အားလုံး အရမ်းကို ညင်သာနေ၏။

"မဟုတ်သေးဘူး .. မဟုတ်သေးဘူး .. ရွှေအိမ့် ကို ဆေးရုံပို့ရမယ် .. သူ ရှိနေတယ် .. သူ ရှိနေတယ် .. သူ့ကို ကယ်နိုင်မှာပါ .."

သူ့အသံတွေ အက်ကွဲ လှိုက်ခါနေရင်း တောက်လျှောက် ပြောနေပြန်သည်။ ရေထဲမှ ရွှေအိမ့် ကို ဆယ်လာသည့် လူငယ်လေး၏ မျက်နှာထက်မှာ စိတ်ထိခိုက်ရိပ်တွေ ပိတ်ဖုံးနေ၏။ သူ့ရင်ခွင်ထဲမှ ရွှေအိမ့် ကို ကယ်တင်နိုင်ခြင်း မရှိတော့ပြီဆိုတာ ကားထဲမှ ဆယ်ထုတ်ခဲ့စဉ်ကတည်းက ကယ်သည့်လူငယ်လေးက သိနေခဲ့သည်ကိုးလေ ..၊ ထိုင်ခုံခါးပတ်ကို ခက်ခက်ခဲခဲ ဖြုတ်ယူရသည်။ အစကတည်းက ခါးပတ်လေးကို ချည်ထားတာမို့သာ အလောင်းကို ကားနှင့်တစ်ဆက်တည်း တွဲလျက် ရှာဖွေတွေ့နိုင်ခြင်းပဲ ဖြစ်လေသည်။

"ကိုငွေ .. ကိုငွေ .."

သူ ကားရှိရာဘက်ကို လှမ်းကြည့်ကာ အသံတွေ အက်ကျနေရင်း သံကုန် အော်ပစ်လိုက်မိရင်းမှ ကျုံး၍ ထသည်။ ရွှေအိမ့် ကို သူ ပွေ့ထားတာ မလွှတ် ..၊ ဘေးမှ လူနှစ်ယောက် ကြည့်မနေရက်နိုင် ..၊ ဘေးမှ သူ့ကိုယ်ကြီးကို ထိန်းပေးရှာပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ရှိနေပါတယ် အစ်ကိုလေး .."

သူ့ပခုံးကို ရှေ့မှာ ထိန်းပေးနေရင်း ဖြေလာပါသည့် ကိုဌေး ကို ထိုအခါမှ သူ မြင်သည်။ လူတွေ အများကြီးထဲမှာ သူ့အာရုံသည် စိတ်ထိခိုက်ရှိန်ကြောင့် အရာရာ မှုန်ဝါးဝါး ဖြစ်နေသည့်နှယ် ရှိနေပါချေသည်တကား ..၊ ကိုဌေး ကို သူ ရှေ့ထားပြီး မမြင်နိုင်ဘဲ ဖြစ်ခဲ့ချေသည်တည့် ..။

"ဆေးရုံသွားမယ်လေ .. ဆေးရုံ .. လုပ် .. လုပ် .."

သူ အော်နေသည်။ ကိုဌေး မျက်ရည်ကျလာ၏။

"အစ်ကိုလေး .."

ခေါ်သံက တုန်အက်အက် ..၊

"မထူးတော့ပါဘူး အစ်ကိုလေးရယ် .. မထူးနိုင်တော့ပါဘူး .. မမလေး မရှိတော့ပါဘူး .."

ကိုဌေး စကားက သူ့ကို အလဲထိုးလိုက်သည့်နှယ်ပါ ..၊ မိုက်ခနဲ ဖြစ်၏။ မျက်တောင်မခတ် ရွှေအိမ် ကို သူ ကြည့်နေမိရဆဲ ..၊ မည်းနက်ထူသိပ်သော မျက်တောင်ထူကော့ကော့သည် ရေတို့ဖြင့် စိုစွတ်နေ၏။ အနည်းငယ် ဟနေသည့် နှုတ်ခမ်းလေးမှာ ပြုံးရိပ်ထင်နေသည်။ ပါးချိုင့်လေးက ပါးနှစ်ဖက်မှာ ဖေးဖေးတင်တင် ..၊ ရွှေအိမ် သည် ကွယ်လွန်ချိန် နီးကပ်လာချိန်လေးမှာ ကျေနပ်စွာ ပြုံးသွားခဲ့ချေသည်တကား ..။

သူ့အကြည့်က ရွှေအိမ့် လက်ထဲမှာ မလွှတ်စတမ်း ခုထိ ဆုပ်ခဲကိုင်ထားရာ ကြာပန်းလေးဆီသို့ ရောက်ပြန်၏။ သူ ဆွဲပေးခဲ့သော ကြာဆစ်ကြိုးလေး ..၊ အနီရောင် ကြာပွင့်လေး ..၊ ထိုပန်းလေးကို ဆုပ်ခဲကိုင်၍ ရွှေအိမ် သည် သေခြင်းတရားကို တည်ငြိမ်စွာ အပြုံးဖြင့် ရင်ဆိုင်သွားခဲ့ချေသည်တည့် ..။

"မင်း .. မင်း .. ငါ့ကို ဒီလို ချန်ခဲ့လို့ မရဘူး ရွှေအိမ်သူ .. မင်း ဆွဲခဲ့တဲ့ ငါ့ပုံတူပန်းချီကားကို .. မင်း ရှေ့မှာ ငါကိုယ်တိုင် ပြန်ချိတ်ပါ





ရစေ .. မင်း ကြည့်ရုံလေးပဲ ကြည့်နေပေးပါ ရွှေအိမ် ရယ် .. မင်းနဲ့ ငါ လက်ထပ်ကြမယ်လေ .. လက်ထပ်ကြမယ်လေ .. မင်းကို ငါ သိပ်ချစ်နေတာကွ ..၊ အခု .. ငါ သိနေရပြီလေ .. မင်းကို ငါ သိပ်ချစ်နေတာကွ .. မင်းလည်း .. မင်းလည်း .. ငါ့ကို သိပ်ချစ်တာပဲ မဟုတ်လား...၊ ငါ ပေးခဲ့တဲ့ .. ပန်းကြာဆစ်ကြိုးလေးကို မင်း နောက်ဆုံးအချိန်ထိ ဆွဲခဲ့တာလေ .. ဒီပန်းလေးကို ကိုင်ထားခဲ့တာလေ .. မင်း .. မင်း .. ငါ့ကို .. ဖုန်းထဲမှာ ပြောခဲ့တယ်လေ .. ဟသ်ာ ကို ကယ်ပါဦး ကိုကြီး.. ဆို .. ဟင် .. ကယ်ပါဦး ဆို .. ကယ်ပါဦး ဆို .."

သူ ရွှေအိမ့် ကို ပွေ့ငင်ကာ ပြောနေရင်း ရှိုက်ကြီးတငင် ငိုချလိုက်မိရပါပြီ ..၊ သူ ချစ်သော မိန်းကလေးတစ်ယောက်ကို ရင်မှာ သိမ်းကျုံးပွေ့ငင်ရချိန်သည် .. နှလုံးသည်းခိုင်တွေအားလုံး ပြိုလဲကုန်ကြရင်း .. ရင်တွေ ဖြုန်းဖြုန်းကျေအောင် ဖြစ်နေရချိန်ပဲ ဖြစ်နေသည်။

သူ့အာရုံထဲ ပေါ်လာသည်က မကြာမတင်လေးမှာ ဇစ်တိုးရီးယားတွင် သူ အနိုင်ပိုင်း၍ ပြောခဲ့လေသော စကားလုံးများ ဖြစ်နေသည်။ စကားလုံးတိုင်းသည် သူ့နှလုံးသားကို မြားတွေနှင့် ပြန်စူးနစ်စေသည့်နှယ် ရှိနေစေကုန်ကြပြီ ..။ သူ ပြောခဲ့သောစကား မြားဦးမြားဖူးတို့သည် ရွှေအိမ့် နှလုံးသားကိုလည်း ရက်ရက်စက်စက် ထွင်းဖောက်ခဲ့သည့်နှယ်.. သူ့နှလုံးသားဆီသို့လည်း တစ်ဆက်တည်း ထိုးဖောက်ပစ်ခဲ့ချေသည်ကောလေ ..၊ ခုကျတော့ အနိုင်ကို မက်သည့် သူ့အတွက် နှလုံးသားဆီမှ ကြေကွဲနောင်တဖြင့် သွေးစက်စက်တို့ ကျကျန်ခဲ့ရချေပြီတည့် ..။

"နိုင်ပွဲတစ်ခုနဲ့ အဆုံးသတ်သွားပြီလို့ ထင်ခဲ့တဲ့သူဟာ ငါကိုယ်တိုင် ဖြစ်နေခဲ့တာပါ ရွှေအိမ်သူ .. အခု .. အဲဒီ အတိတ်ဟာ ကျန်ခဲ့ပြီ.. ငါ .. ရင်ဆိုင်နေရတာက .. ပစ္စုပ္ပန်မှာ ရင်တွေ ဖြုန်းဖြုန်းပါအောင်ကျေနေရင်း .. ရှုံးပွဲကြီးတစ်ခုကို .. လက်ခံလိုက်ရခြင်းပဲ ရွှေအိမ်သူ .. ငါ ရှုံးပြီ ရွှေအိမ် .. မင်းကို ငါ ဆုံးရှုံးလိုက်ရခြင်းဟာ .. ငါ့ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်လျက်နဲ့ သေစေတဲ့ဘဝမျိုးကို လက်ခံလိုက်ရခြင်းပဲ .. လက်ခံလိုက်ရ ခြင်းပဲ ..၊ ငါဟာ .. ငါ့အမုန်းပန်းတွေကို အချစ်ပန်းပွင့်လေးတွေလို့ မင်းကို ယုံကြည်စေခဲ့ဖူးတယ် .. အဲဒီ အထင်ခံရတဲ့ ပန်းတွေ မင်းဆီမှာ မရှိစေရအောင် ပန်းလောင်စာအဖြစ် ငါ့အမုန်းဖောင်ပေါ်မှာ တင်ပြီး အမုန်းချောင်းမှာ စီးမျောစေမယ်လို့ ငါ ပြောခဲ့ဖူးတယ် .. အခု .. ငါ ဟာ .. နူးညံ့ရမယ့်ပန်းကို လောင်စာတိုက် .. အေးမြရမယ့် မြစ်ပေါ် လောင်စာတင်ပြီး .. စီးမျောစေချင်တဲ့ ဒီခရီးဟာ .. အမှားကြီး မှားပြီ ဆိုတာ သိနေရပါပြီ ကောင်မလေးရယ် ..''

သူ ရင်ထဲမှ တစာစာ ပြောနေမိရဆဲ ..၊ ရွှေအိမ့် ခေါင်းလေးကို ရင်ခွင်ထဲ မချိသောရင်ဖြင့် ပွေ့ငင်ထားရင်းမှ ...

''ဒီအပူ .. ဒီမာနတွေနဲ့ .. ကိုကြီးရဲ့ နှောင်တတွေ .. နောက်ကျ ကုန်ကြပြီကော ဟသ်ာလေး ရေ .. ဟသ်ာလေး ရေ ..''

ဟု ခေါင်းလေးပေါ် သူ့နှုတ်ခမ်းတွေ ဖေးငိုက်ထိနေရင်း တတွတ်တွတ် ပြောနေမိရစဉ်မှာ .. ကြာပွင့်လေးကို ကိုင်ထားရာ လက်လေးသည် မြ ခင်းထက်မှာ ဖေးတင်နေ၏။ ရေထဲမှ ကားကို ကြိုးတုတ်ခဲခဲကြီးတွေ ဖြင့် ချည်ကာ ကြိုးအင်အားများများ .. လူအင်အားနိုင်နိုင်ဖြင့် ချောင်းထဲ မှ ဆယ်တင်ဖို့ လူအုပ်က ကြိုးစားနေကြသည်။

သူ့ဘဝမှာဖြင့် .. ကြီးမားစွာသော အမှားကြီးတစ်ခုကို .. ဖြစ်တည် စေခဲ့လေသမျှ .. အဘယ် နှောင်တကြိုးတွေ ..၊ အဘယ် အင်အားတွေ ဖြင့်ပင် .. ကြေကွဲခြင်းချောင်း .. အထီးကျန်ခြင်းချောင်းဆီမှ .. ဆယ်တ နိုင်ချေတော့မှာ မဟုတ် ..။

သူ .. ကားရှိရာသို့ ခြေလှမ်းကြဲကြီးဖြင့် သွားနေမိရဆဲ ..၊ ဘာ ဖြစ်ဖြစ် .. ရွှေအိမ့် ကို ဆေးရုံသို့ ပို့ကို ပို့ရမည်။ အသက်ငွေ့ငွေ့ ကျ နေသေးသည်ဆိုတာမျိုး ဖြစ်လိုက်ချင်သည်။ ကယ်တင်လိုက်နိုင်သည် ဆိုတာမျိုးကို ပိုင်ဆိုင်လိုက်ချင်သည်။





ထိုစဉ်နိုက် ..၊ ချောင်းရေဆီမှ ဆွဲယူ၍ ပေါ်လာနေပြီဖြစ်သည့် ကားခေါင်းပိုင်းကို သူ ကားတံခါးဖွင့်ပေးနေသည့် ကိုငွေ့ ပခုံးပေါ်ကို ကျော်ကာ လှမ်းမြင်လိုက်ရပါချေ၏။ ကားနောက်ခန်းမှာ သူ ရွှေအိမ့် ကို ပွေ့ရင်း မျက်ရည်ကျနေရင်းမှ ...

''ဆေးရုံကို မောင်းပါ ကိုငွေ ..''

ဟု ငိုသံပါကြီးဖြင့် ပြောမိရပါ၏။ မျက်ရည်စက်က ရွှေအိမ့် မျက်နှာလေးပေါ်သို့ တစက်စက် ကြွေနေချေ၏။ တစက်စက် .. ကျနေ ချေ၏။ ရွှေအိမ့် ကိုယ်လေးသည် နွေးမနေ ..၊ ပို၍ ပို၍ အေးစက်လာ နေကြတာကို သူ ချောက်ချားစွာ သိသိလာနေရင်းမှ သိမ်းကျုံး၍ ပွေ့ငင် ထားမိရ ..၊ ရွှေအိမ့် နှုတ်ခမ်းလေးပေါ် သူ့နှုတ်ခမ်း ထိထားမိရင်း ထိန်းသိမ်းမရ နိုင်စွာ ဤတစ်ကြိမ်မှာတော့ ရင်ကိုလှစ်၍ .. ချကျေနေစေ၍ .. အော်ငို ချလိုက်မိပါပြီ ..။

''ဟသ်ာ ကို .. ကယ်ပါဦး .. ကိုကြီး ရေ ..''

သူ .. သူ .. ဟသ်ာ ကို မကယ်လိုက်နိုင်တော့ပြီကောလေ ..၊ မကယ်နိုင်တော့ပြီကောကွယ် ဟသ်ာလေး ရေ ..၊

မင်း နောက်ဆုံး .. ခေါ်ခဲ့တဲ့ .. စကားသံလေးတွေ .. ငါ့ရင်ထဲက ဘယ်တော့မှ ထွက်ခွာသွားနိုင်ကြတော့မှာ မဟုတ်ဘူး ကောင်မလေး ရယ်လေ ..။



www.burmeseclassic.com

www.burmeseclassic.com



အမုန်းမြစ်တစ်စင်း
နာကြည်းခြင်းဖြင့်
စီးဆင်းနေစေခဲ့ ..။

မင်းအတွက် ငါ ပျိုးတဲ့ပန်း
အမုန်းပန်းခင်းတွေသာ
ဖြစ်တည်လာစေရင်း
ချစ်ပန်းခင်းတွေရယ်လို့
မင်း ယုံကြည်စေဖို့ ကြိုးစားကာ
အမုန်းမာနရဲ့ဖောင်ပေါ်မှာ
ပန်းလောင်စာ ငါတိုက်ခဲ့ ..။

နူးညံ့ရမည့်ပန်းကို လောင်စာတိုက်
အေးမြရမည့်မြစ်ပေါ် လောင်စာတင်
စီးမျောစေချင်သည့် ဤခရီး
အမှားကြီး မှားလေသမျှ
နောင်တဖြင့် ငါ သိရတဲ့အခါ ...
လောင်မြိုက်ကာဆူ
ဤအပူမာနတွေနဲ့
နောက်ကျခဲ့ချေပြီကောကွယ် ..။



ခြွေပါရစေတော့လေ
ကြွေပါရစေတော့လေ
ဘဝနှစ်ခု ကြေမွ
ငြိမ်းမရသည့် ဤအပူ
ရင်ကျွမ်းဆူပွက်
လေပွေရိုင်းရဲ့လက်တွေ
မာနကို ခြွေကြွေပစ်စေရင်း
အထီးကျန်ခြင်းရဲ့ တောင်ထိပ်များမှာ
ပြင်းသောအဆိပ် တိတ်တဆိတ်ကြွေရသည် ..။
ခြော် ...
ပြင်းသောအဆိပ် တိတ်တဆိတ် ကြွေရပြီ ..။





## အခန်း [ ၂၁ ]

လှမ်းလင့်မြင်နေရရာ ကန်ရေပြင်နှင့် ပန်းကြာတောဆီမှာ သူ့အကြည့်က မရွေ့မလျား တန့်နေသည်။ နောက်ပါးဆီမှ ခြေသံသဲ့သဲ့ကို ကြားရ၏။ သူ ဝိုးလ်ချဲကျောမှီနေရာကို လက်ဖြင့် ဖေးကိုင်လိုက်တာကိုလည်း သိနေရသည်။ ဒါပေမယ့် .. သူ လှည့်မကြည့် ..၊ ကန်ရေပြင်နှင့် ပန်းကြာတောဆီမှာပဲ အကြည့်က ငြိမ်တန့်နေဆဲ ..၊ ဤမြင်ကွင်းကို .. သူ .. အချိန်များစွာ ကြည့်နေတတ်သည်။ နေကုန်နေခန်းလည်း ဖြစ်နေနိုင်သည်။ လှေလေးထက်မှာ တူတူ စီးခဲ့သောကာလ .. ပန်းကြာဆစ်ကြိုးလေး သူ ဆွဲပေးခဲ့သောကာလ ..၊ အားလုံးကို .. သူ .. ရင်ထဲက ဖြတ်၍ မရနိုင် ..၊ လွမ်းဆွတ်လှသည်ကောလေ ..။

"လူလေး .."

အန်ကယ် ဦးထက်လူ ၏ ခေါ်သံ ..၊ သူ ငြိမ်နေသည်ပါပဲ။ ငြိမ်သက်နေခြင်းဆိုတာက သူ့အတွက် အသားတကျ ဖြစ်နေပြီ။ မေးလာလျှင် ဖြေချင်မှလည်း ဖြေသည်။ ကျွေးလာလျှင်လည်း စားချင်မှ စားသည်။ စားဖြစ်လျှင်လည်း နည်းနည်းသာ စားနိုင်သည်၊ လည်ချောင်းဆီမှ အစာကို မျိုပင် မချချင် ..၊ စားချင်သောက်ချင်စိတ်သည် သူ့ထံမှာ ပျောက်ခဲ့တာ ကြာပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိမ် မရှိတော့သည့်နောက်မှာ .. ဤကာလ ခြောက်လတာ ကျော်လာအောင် အထီးကျန်စွာ နေလိုက်ရသည်ကလည်း .. သူကိုယ်တိုင် ရှောင်လွှဲချင်စိတ် ကင်းနေသော ရင်ဆိုင်ရမှုတစ်ခုပဲ ဖြစ်လေသည်။ ဤသို့ ရင်ဆိုင်ဖို့လည်း အထိုက်တန်ဆုံး ဖြစ်သည်ဟု သူ မှတ်ယူသည်။

"လူလေးရဲ့ ထက်ထက်မြက်မြက်နဲ့.. အမြဲတမ်း အနာဂတ်အတွက် မျှော်လင့်ချက်တွေနဲ့ ရင်သန်နေတဲ့ လူတစ်ယောက်အဖြစ် .. အန်ကယ် ပြန်မြင်ပါရစေကွယ် .. ဒီလောက်ထိ လူလေး ခံစားနေရတာတွေကို မြင်နေရတဲ့ အန်ကယ်ရော.. လူလေးရဲ့ ဖေဖေရော .. ရင်ထဲ မကောင်းနိုင်ကြတော့ပါဘူးကွယ်.. နွားနို့တစ်ခွက်လောက် သောက်လိုက်ပါ လူလေး.. ပေး .. ပေး .. မစာနု .. ပေး .. လူလေးကို ငါပဲ တိုက်လိုက်မယ် .."

ဟု ပြောနေသံကိုလည်း ကြားနေရသည်။ သူ ကြေကွဲစွာ တစ်ချက်ပြုံး၏။ လူ့ဘဝကြီးကို အငြိးငွေ့ကြီး ငြီးငွေ့နေသူတစ်ယောက်အတွက် အနာဂတ်ဆိုတာ ဘာမှ အရေးတကြီးနေရာမှာ ရှိမလာနိုင်တော့တာကို အန်ကယ်ရော ဖေဖေရော ခုထိ မသိနိုင်ဘဲ ဖြစ်နေကြသည်ကိုးလေ..

ရွှေအိမ် မရှိရခြင်းသည် သူ့ကြောင့်ဟု အန်ကယ် ဦးထက်လူ ကိုယ်တိုင်ကလည်း အသေစွဲမှတ်ကာ စိတ်အနာကြီး နာခဲ့ ..၊ သူ့ကို ဆွဲထိုးခဲ့သည်အထိ ဖြစ်ခဲ့ဖူးသည်ပဲ ..။ ဒါပေမယ့် .. ရွှေအိမ် သူ့ကို ပေးခဲ့ရာ ဗစ်တိုးရီးယားအိမ်ကြီးကိုတော့ သူ နေဖို့အတွက် အန်ကယ်မှ အိမ်စာချုပ်ကအစ ထားပစ်ခဲ့သည်။ သမီးဖြစ်သူ၏ နောက်ဆုံးဆန္ဒတစ်ခုအဖြစ် မှတ်ယူ၍ သူ့ကို ပေးခဲ့ခြင်း ..၊ ထိုစဉ်က သူ .. မငြင်းရက်နိုင်ခဲ့ ..။ အရမ်းကို ပျော်ရွှင်လွန်းစွာဖြင့် .. သူ့ကို ဤ ဗစ်တိုးရီးယားအိမ်ကြီးကိုပင် ရက်ရက်ရောရော ပေးခဲ့ပါလေသည့် ချစ်ရသူ၏ဆန္ဒ - သူ မငြင်းရက်နိုင်ခဲ့ပါ ..။ လက်ခံခဲ့သည်ပါပဲ ..။ သူ ဗစ်တိုးရီးယားမှာ နေသည်။ ရွှေအိမ့် အခန်းထဲမှာပဲ နေဖို့ ဆုံးဖြတ်ခဲ့သည်။ သူ့အပေါ် မေတ္တာပျက်နေကြသည့် ဒေါ်ကြီးစာနု သည် သူ့အတွက် ဟက်ဟက်





ပက်ပက် ဘာမျှကို လုပ်ပေးကိုင်ပေးခဲ့တာ မရှိ ..။ စားစရာကို သူ့အခန်းထဲ လာပို့သွားသည်။ မစားလျှင် ပြန်သိမ်းသွားသည်၊ ဒါပေမယ့် .. ရက်တွေကြာလာတော့ ဒေါ်ကြီးစာနု လန့်စပြုလာသည်။ စိတ်ပူစ ပြုလာသည်။

ဗစ်တိုးရီးယားတွင် ဖေဖေက သားမိုက်ကို မေတ္တာပျက်ရင်း ချန်ရစ်ခဲ့သည်။ အန်ကယ် ဦးထက်လူ က .. လူရိုင်းတစ်ယောက်ကို ချန်ထားခဲ့သည်ဟု သဘောပိုက်ကာ ချန်ရစ်ခဲ့သည်။ ဒေါ်ကြီးစာနု မှ ဘဘသို့ ဖြင့် နှစ်ဖက်မိဘအိမ်သို့ ဖုန်းဖြင့် သူ့အခြေအနေကို ပြောလာတော့မှ နှစ်ယောက်သား ဗစ်တိုးရီးယားသို့ ရောက်လာကြပါ၏၊ ထို အချိန်မှာ သူ .. ဖြူဖျော့ဖျော့ ဖြစ်နေပြီတည့် ..၊ ဘယ်လိုကျွေးကျွေး .. သူ စားချင်သောက်ချင်စိတ် မရှိဘဲ ဖြစ်နေတာပဲ ရင်ထဲမှာ ရှိနေသည့်ကိစ္စ ..၊

ထိုအချိန်ကတည်းက .. ဖေဖေသည် ဗစ်တိုးရီးယားမှာ လနှင့်ချီ၍ ကြာခဲ့သည်။ အစားအသောက်ကို ဂရုစိုက်ကျွေးနိုင်ဖို့ ကြိုးစားခဲ့သည်။ မရနိုင် ..၊ သူ စား၍ကို မရနိုင် ..၊ အန်ကယ် ဦးထက်လူ သည်း လာလိုက်သွားလိုက်ဖြင့် ရှိနေရပြီ ..။ သူ .. မနေ့ညက ဖေဖေ့ကို ပြောခဲ့ပါ၏။ ရန်ကုန်သို့ ပြန်နေဖို့ .. သူ အေးအေးချမ်းချမ်း တစ်ယောက်တည်း နေပါရစေဟု ..၊ သူ့အတွက် သောကဗျာပါဒများနေသည့် ဖေဖေ့ကို သူလည်း မမြင်ရက်ပါ။ သူကိုယ်တိုင်သည်လည်း .. လမ်းတွေ ကောင်းကောင်း မလျှောက်နိုင်တော့ပြီ ..၊ ခြေထောက်တွေ ခရိုခယိုင် ဖြစ်စပြုလာနေပြီ ..၊ ဆေးတွေ သွင်းလည်း မနိုင်တော့ပြီတည့် ..။

ဖေဖေ ဤနေ့မှာ ပြန်သွားပေမယ့် ..၊ ဤနေ့ လေယာဉ်ဖြင့်ပင် အန်ကယ် ဦးထက်လူ ဗစ်တိုးရီးယားသို့ ရောက်လာပါ၏။ ဖေဖေ လှမ်းခေါ်တာပဲ ဖြစ်မည်။ ခုလည်း နွားနို့တစ်ခွက်ကို ချော့မော့၍ တိုက်နေရှာပါ၏။ သူ .. ဤတစ်ကြိမ်မှာတော့ အားနာစိတ်ဖြင့် လှည့်ကြည့်မိရုံပြီ ..၊ အန်ကယ် ရပ်နေသည်။ လက်ထဲမှာ မလိုင်ကာစ်မှုနေသော



www.burmeseclassic.com

www.burmeseclassic.com



နွားနို့ဖန်ခွက်ကို ကိုင်ထားပါ၏။ နွားနို့သောက်ဖို့ တစ်ခုခု ထပ်ပြောမည့်ဟန် ရှိနေပါသည့် အန်ကယ့်လက်ထဲမှ ဖန်ခွက်ကို သူ လှမ်းယူလိုက်ပါ၏။ သောက်လည်း သောက်လိုက်သည်။ ထိုအခါကျတော့လည်း အန်ကယ့်မျက်နှာ ကြည်စင်သွားသည်ပါပဲ ...။

"အဲသလိုမှပေါ့ လူလေးရယ် .. အန်ကယ် ကိုမိုးပြည့် ဆီ ဖုန်းဆက်လိုက်မယ် သိလား .. လူလေး .. ဒီနေ့ နွားနို့ဖန်ခွက်ကို .. ကိုယ်တိုင်ယူပြီး တစ်ခွက်ပုံးကုန်အောင် သောက်လိုက်တယ်လို့ .. သူ ပျော်သွားလိမ့်မယ် .. ဒီလိုလုပ်ပါ လူလေးရယ် .. သွားတဲ့သူလည်း သွားပြီ .. ပြန်လည်းမလာနိုင်တော့ဘူး .. ကျန်တဲ့သူက .. အသက်ရှည်အောင် နေရမှာလေ.."

ဟု ပြောလာတော့ သူ အန်ကယ့်ကို ကြည့်မိရပါ၏။ ဝိုးလ်ချဲလ်ကို အန်ကယ့်ဘက် လှည့်လိုက်မိကာ ...

"ထိုင်ပါ အန်ကယ် .."

ဟု ဆိုဖာထက်ဆီသို့ ကြည့်၍ ပြောမိရသည်။ သူ ခုလို စကားပြောဖော် ရလာတာမို့လည်း အန်ကယ် ပို၍ ရင်ထဲ ပျော်သွားပုံ ရသည်ပါပဲ။ ချက်ချင်း ထိုင်လိုက်ပါသည့်အဖြစ် ...။ သူ .. ပြတင်းဘက်ကို ဘီးတပ်ကုလားထိုင်လေး မစောင်းတစောင်း ရွှေ့ယူလိုက်ရင်းမှ ...

"ရွှေအိမ့် စကားသံတွေ .. ပုံရိပ်လေးတွေ .. ကျွန်တော့် ရင်ထဲကထွက်ခွာမသွားနိုင်ကြပါဘူး အန်ကယ် .. အခု ကျွန်တော် ရှိနေတာကိုက .. ရွှေအိမ် ရဲ့လက်ဆောင်ကြီးတစ်ခု ဖြစ်တဲ့ ဒီအိမ်ကြီးထဲမှာပါ .. သူ့အငွေ့အသက်တွေ ရှိနေတယ် .. သူ့မေတ္တာတွေ ရှိနေတယ် ..၊ ကျွန်တော်ဟာ သတိုးနေခ ဆိုတဲ့ မာနခပ်ကြီးကြီးနဲ့ သွေးနားထင်တတ်နေတဲ့လူတစ်ယောက်အဖြစ် အသက်ရှင် ကျန်နေရတဲ့သူ ဖြစ်မနေတော့ပါဘူး .. ရွှေအိမ့် ကို ချစ်တဲ့စိတ်တွေနဲ့ .. တမ်းတရင်း .. အသက်ရှင်နေတဲ့သူတစ်ယောက်အဖြစ် ရှိနေရတာပါ .. ကိုယ့်မှားကြေးကို ဆပ်နေရတဲ့သူတစ်ယောက်အဖြစ်နဲ့ .. ရှိနေရတဲ့သူပါ အန်ကယ် .. အချစ်တစ်ခ





အပေါ်မှာ ရက်ရက်စက်စက် .. တိုက်ခိုက်တဲ့ပြန်မိခဲ့တဲ့ မှားကြေးကို.. ဆပ်နေရတဲ့သူဟာလည်း .. ဒီလောက်ထိတော့ .. ကြေမွနေတဲ့ရင်ကို.. ပိုင်ဆိုင်ထားသင့်တာပေါ့ .. ခံစားနေရမှာပေါ့ဗျာ ..၊ ရွှေအိမ် ရဲ့အချစ်ကို ကျွန်တော်က .. တိုက်ခိုက်ခဲ့တဲ့ လူမိုက်တစ်ယောက်ပဲလေ .. အဲဒီလိုလုပ်မိခဲ့တဲ့အဖြစ်တစ်ခုကို .. ကျွန်တော့်ဘဝပုံရိပ်ထဲက ဘယ်လိုအင်အားနဲ့ ထုတ်နုတ် ဖျက်သိမ်းလိုက်နိုင်မှာတဲ့လဲ .. ကျွန်တော့်အသည်းတွေကြေမွ ပျက်စီးပြီး ကျားဆွဲ .. ခွေးဆွဲ .. ဖြစ်ရင်တောင်မှ .. ကျွန်တော်ဟာ သနားစရာကောင်းနေတဲ့ဘဝကို မရောက်နိုင်သေးဘူး အန်ကယ်"

သူ အံခဲ၍ ပြောသည်။ ပြုံးသည့်အပြုံးသည် ကိုယ့်ကိုယ်ကိုယ်လှောင်သည့်အပြုံး ဖြစ်နေသည်။ မုန်းတီးသည့်အပြုံး ဖြစ်နေသည်။ သူ.. အန်ကယ့်ကို လက်အုပ်ချီ၍ ...

"အန်ကယ့်မေတ္တာနဲ့ ကျွန်တော် မထိုက်တန်ပါဘူး အန်ကယ်.. ရွှေအိမ့် မေတ္တာနဲ့လည်း မထိုက်တန်တဲ့ကောင်ပါ .. ဒီအိမ်မှာ ကျွန်တော်ရှိနေတာဟာ တစ်ခုတည်းသော အကြောင်းကြောင့်ပါ .. ရွှေအိမ် က.. ဒီအိမ်ကြီးကို ကျွန်တော့်အတွက် ထားရစ်ခဲ့တာလေ .. သူ့ဆန္ဒ .. ကျွန်တော် .. နာခံပေးဖို့ တစ်ခုအတွက် သက်သက်ပါ..၊ ဒါပေမယ့် သိပ်တော့အချိန်ကျန်တော့မှာ မဟုတ်ပါဘူး အန်ကယ် .."

ဟု ခပ်သဲ့သဲ့ ပြုံးရင်း သူ ပြောသည်။ အန်ကယ် မျက်ရည်ဝဲ၍ကြည့်နေသည်ပါပဲ။ နောက်ဆုံးတော့ သူ့ဘေးမှာ ရပ်နေကာ ဆံစကို သပ်ပေးပြီး အပြင်သို့ ထွက်သွားပါ၏။ လူတစ်ယောက်မှာ ဤမျှ တိုတောင်းသောကာလအတွင်းမှာ အလွန် ဆိုးရွားသည့် နှလုံးရောဂါတစ်ခု ဖြစ်တည်လာစေနိုင်သည့်ကိစ္စကို .. အန်ကယ် အံ့သြနေပုံ မရ ... သူ့အတွက် နားလည်ကြေကွဲနေတာကိုလည်း သူ သိနေသည်။ သူ့ကို ဆေးရုံတက်ဖို့ အကြိမ်ကြိမ် ဒေါက်တာ သူရ မှ ပြောခဲ့ပေမယ့် .. သူ လက်မခံခဲ့ ...။ ဗစ်တိုးရီးယားမှာ အခါမလပ် သူ နေကို နေရမည် ...။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ သူနေသည့်အတွက်လည်း ရွှေအိမ်သူ ဝမ်းမြောက်ပါလိမ့်မည်..။ သူ .. ဝိုးလ်ချဲမှ ထရပ်သည်။ တစ်ချက် ကိုယ်ကို မတ်သည်။ ထုံးစံအတိုင်း သူ လျှောက်ခဲ့သည်က ဗီရိုရှိရာသို့ပါ ..။ ဗီရိုကို ဖွင့်ပြီး ရွှေရောင်ယွန်းဘူးလေးကို သူ ထုတ်မိရပါ၏။ နောက်တော့ အောက်ထပ်သို့ သူ ဆင်းလာသည်ပါပဲ။ ခြေလှောက်တွေကို အားတင်း၍ နိုင်အောင် ထိန်းသည်။

"ဟာ .. အစ်ကိုလေးရာ .. ခေါ်ရောပေါ့ .."

ကိုငွေ မျက်နှာမကောင်းဘဲ ပေါ်တီကိုဘက်ဆီမှ ပြေးလာရင်း လှေကားတစ်ဝက်မှာ သူ့ကို လာတွဲပါ၏။ ရင်ထဲမှာ လှိုက်နေသည်။ ကိုငွေ့ လက်ကို သူ ဟန်ဆယ်၍ ပြုံးရင်း ဖယ်ဖို့ ကြိုးစားပေမယ့် မရ..၊ ကိုငွေ ဖွတ် ထိန်းခေါ်ဆင်းလာပါ၏။

"ခဏ .. ခဏ ကွာ .."

သူ ခပ်တိုးတိုး ပြောကာ ရွှေအိမ့် ပုံတူပန်းချီကားနှင့် သူ့ပုံတူပန်းချီကားတို့ ယှဉ်၍ ချိတ်ထားရာ နံရံရှေ့မှာ သွားရပ်မိပါ၏။ ကိုငွေ ပြေး၍ ရေတစ်ခွက် ယူလာကာ သူ့ကို တိုက်တော့ ဤတစ်ကြိမ်မှာ သူ မငြင်း ..၊ အသာတကြည်ပဲ ရေကို တစ်ဖန်ခွက်ကုန်အောင် သောက်လိုက်တာမို့ ကိုငွေ ပင် ဝမ်းသာသွားသည်ပါပဲ ..။ ပန်းချီကားကို ဘောင်ခတ် ချိတ်ထားရာ မှန်သားကြည်ကြည်ထက်မှာ သူ့ပုံရိပ်သည်လည်း ထင်နေသည်။ ဗစ်တိုးရီးယားဏ် ကြမ်းပြင်မှာ ရပ်နေသည့် လူတစ်ယောက် ..၊ သြော် .. ပန်းချီကားရှေ့မှာ ရပ်နေတာမို့ .. ရပ်သူ၏ပုံရိပ်သည်လည်း မှန်ကြည်ထက်မှာ ထင်၏။ အလွန်တရာ ပိန်ချုံးကျနေလျက် မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေ ထူထပ်စွာဖြင့် ရှိနေသည့် ဖြူဖတ်ဖြူရော်နိုင်လွန်းသူတစ်ယောက်၏ပုံရိပ် ..၊ အဝတ်အစားတွေက အဆမတန်အောင် ပွချောင်နေသည်။ အမြဲ ခပ်မတ်မတ်ဖြင့် ကိုယ့်ကိုယ်ကိုယ် အထင်တကြီးနိုင်နေသော လူတစ်ယောက်၏ ပခုံးသည်လည်း ခပ်လျှော





လျှော ဖြစ်နေ၏။

ပန်းချီကားထဲမှ ရွှေအိမ်သူ သည် .. မဟာဆန်နေ၏။ ဟန်ထည်နေ၏။ တော်ဝင်မင်းသမီးတစ်ပါး၏ ဟန်မျိုး ဖြစ်နေသည်။ တစ်ချိန်က ထိုပန်းချီကား ချိတ်ထားရာကို ရွှေအိမ် လက်ညှိုးညွှန်၍ .. သူ့ကို အနိုင်ပိုင်းသည့်စကားတွေ ပြောခဲ့ဖူးသည်။ ထိုပန်းချီကား၏ဘေးမှာ ရှိနေပါသည့် သူ့ပုံရိပ်သည်လည်း မာနခပ်ကြီးကြီးဖြင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု ပြည့်သိပ်နေသည့် လူတစ်ယောက်၏ဟန်မျိုးတွေ ရှိနေကြပါ၏။ ဒါပေမယ့် .. ပန်းချီကားထဲမှ ရွှေအိမ်သူ နှင့် မတူတော့သည့် ရွှေအိမ်သူ တစ်ယောက်အဖြစ် .. သူ့ကိုချစ်သော ရွှေအိမ်သူ .. ဟူ၍ .. ရှိခဲ့ရဖူးပြီ ..။ သူသည်လည်း .. ရွှေအိမ့် ကိုချစ်သော သတိုးနေခ အဖြစ် ရှိနေရပြီ။ ပန်းချီကားထဲမှ ပုံရိပ်တွေနှင့် ဆန့်ကျင်နေသူ နှစ်ယောက်သည် .. သူနှင့် ရွှေအိမ်သူ တို့ပဲ ပြန်၍ ဖြစ်တည်နေကြချေသည်တကား။ ထိုသို့ မာနတွေကို ဖယ်ရှားလိုက်နိုင်သည်က .. အချစ်ပဲ ဖြစ်လေသည်။

သူ .. ခေါင်းညိတ်ပြသည်။ သူ့လက်ထဲမှ ယွန်းဘူးကို ကြည့်ရင်း ကိုငွေ လည်း သဘောပေါက်သည်ပါပဲ။ သူ့ကို ဘယ်ဗိုလ်ရမည်ဆိုတာ နားလည်သွားပုံဖြင့် ကားရှိရာသို့ တွဲပို့စဉ်မှာ ...

"ဆေးသောက်လိုက်ပါဦး လူလေး .."

ဒေါ်ကြီးစာနု ရောက်လာရင်း ဆေးတိုက်တော့ သူ လက်ကာသည်။ ပြုံး၍လည်း ကြည့်သည်။

"မလိုတော့ပါဘူး ဒေါ်ကြီး .. ကဲ .. ကိုငွေ .. သွားစို့ဗျာ .."

သူ တည်တည်ငြိမ်ငြိမ် ပြောကာ ရှေ့ဆက်ဖို့ပြင်တော့ သူ့ကို ဘေးမှ ကိုငွေ တွဲ၍ ခေါ်လာသည်ပါပဲ..။ ကားပေါ်မှာ သူ ထိုင်နိုင်အောင် ဘေးမှ ကိုငွေ ထိန်းပေးသည်။ ကိုငွေ အပေါ်ထပ် တက်သွားသည်။ ပြန်ဆင်းလာတော့ ခေါက်၍ရသော ဝိုးလ်ချဲကို ထပ်ခေါက်လျက်ပုံဖြင့် လက်မှာ ဆိန်းကိုင်၍ ယူဆင်းလာတာ သူ မြင်နေရသည်ပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



ကားနောက်ခန်းမှာ ဝိုးလ်ချဲကို ထားလိုက်သည်က ကိုငွေ ပါ ..။

ကားမောင်းထွက်လာတော့ သူ ကားကူရှင်ကျောမှီမှာ ခေါင်းကို မှီတင်၍ မျက်စိကို စုံမှိတ်လိုက်လာပါ၏။ ကားက တောက်လျှောက် ပုံမှန်အရှိန်ဖြင့် သွားလိုရာဆီသို့ မောင်းနေပြီ ..၊ တစ်ပတ်လျှင် အနည်းဆုံး ငါးကြိမ်လောက်တော့ ထိုနေရာလေးဆီသို့ သူ ရောက်တတ်စမြဲ ..၊ ကိုငွေ သူ့ကို ကားဖြင့် လိုက်ပို့ရတတ်စမြဲ ..။

ကားက ရှည်လျားသော အဆင်းတစ်ခုမှာ မောင်းနေပြီ ..၊ တစ်ဖက်မှာက ယာခင်းတွေ ရှိနေသည်။ တစ်ဖက်မှာက စားကျက် မြက်ခင်း စိမ်းမြမြ ..။ မကြာလိုက် ..၊ ပြုပြင်ပြီးသော တံတားတစ်ခု ဖြတ်ကူးရာ ချောင်းကို သူ လှမ်းလင့်၍ မြင်လိုက်ရပါပြီတည်း ..။ ကားက တံတား ထိပ်နှင့် မဝေးလှသော လမ်းဘေးသစ်ရိပ်အောက်မှာ ရပ်သွားပြီ ..၊ ကား ပေါ်မှ သူ ဆင်းတော့ ကိုငွေ ဘေးမှ တွဲထိန်းပါ၏။ လမ်းပေါ် ခြေချ လိုက်ချိန်မှာ သူ လက်ကာ၍ ...

"တံတားထိ ကျွန်တော် ဒီနေ့မှာတော့ ခပ်ဖြည်းဖြည်း လျှောက် သွားချင်တယ် ကိုငွေ .."

ဟု တည်ငြိမ်စွာ ပြောလာတော့ ကိုငွေ ခေါင်းခါသည်။ အရှမ်း ကို ဖြူဖျော့ပိန်ကျသွားကာ ပါးငေါ်နားငေါ်ဖြင့် နားထင်နားရင်းတွေက အစ ကျနေသည့် အလုပ်ရှင်သူဌေးလေးကို မချိသောရင်ဖြင့် ကိုငွေ ကြည့်သည်။ တစ်ချိန်က သပ်သပ်ခပ်ခပ် ဝတ်စားတတ်ကာ .. လမ်း လျှောက်ပုံကအစ အရာရာ ကိုယ့်ကိုယ်ကိုယ် စိတ်ချယုံကြည်မှုအပြည့် ဖြင့် ရှိနေတတ်ပါသော အလွန်ကြည့်ကောင်းသည့် လူတစ်ယောက်.. မြင်သူတို့ အားကျယောက်အောင် ဘဝမှာ အစစ ပြည့်စုံချမ်းသာကြွယ်ဝ လျက် ..၊ လုပ်ငန်းကိုင်ငန်းများစွာကို နိုင်နင်းစွာ လုပ်ကိုင်နိုင်စွမ်းပါ သည့် လူရွယ်တစ်ယောက် ..၊ ခုကျတော့ ချုန်းချုန်းကျနေသည့် လူတစ် ယောက် ဖြစ်နေပြီ ..။ နလုံးရောဂါဝေဒနာသည်တစ်ယောက် ဖြစ်နေ





ပြီ ..။ ဆံပင်တွေက ကုပ်ထောက်အောင် ရှည်လျားနေသည်။ ဖြီးဖြီးသင် သင် မရှိသော ဆံပင်တွေက ဖွာလန်ကျဲနေသည်။ စိမ်းမှောင်နေသည့် ပါးမြိုင်းမွေးနှင့် နှုတ်ခမ်းမွေးတို့သည်လည်း ထူထူထပ်ထပ် ..၊ အရာရာ ပစ်စလက်ခတ်နိုင်လွန်းနေသည့် လူတစ်ယောက်အဖြစ် ယခင် သတိုး နေခ နှင့် လုံးဝ ခြားနားနေသည့် လူတစ်ယောက် ..၊

"ထိုင်လိုက်ပါ အစ်ကိုလေးရယ် .. ဝိုးလ်ချဲ ကျွန်တော် တွန်းသွား ပါရစေ .."

ဟု ပြောတော့ သူ ခေါင်းခါသည်။ လက်ထဲမှ ယွန်းဘူးလေးကို လည်း ပြုံး၍ ကြည့်သည်။ ဤ ယွန်းဘူးလေးသည်လည်း ဤတံတားဆီ သို့ သူ ရောက်လာတိုင်း သူနှင့်အတူ အမြဲ ပါလာနေကျ ..။

သူ .. ခပ်ဖြည်းဖြည်း လျှောက်သည်။ တစ်ချက် တစ်ချက် တန့် နား၍ ချောင်းဘက်ကို ငေး၏။ တံတားလက်ရန်းတွေ ရှိရာဘက်ကို ကြည့်၏။ နောက်တော့ ဆက်လျှောက်ပြန်သည်။ ဘေးမှာ တောက် လျှောက် ဝိုးလ်ချဲလေးကို တွန်းလာရင်း လိုက်လာသည်က ကိုငွေ ပါ ..။

သူ့မျက်နှာထက်မှာ မောလွန်းသည့် သင်္ကေတတွေဖြစ်သော ချွေး သီးတွေ အစဉ်မပြတ် စီးကျလာတော့ ကိုငွေ မနေနိုင်တော့ ..၊ အတင်း သူ့လက်ကို ဆွဲ၍ ထိုင်ခိုင်းရပါ၏။

"ထိုင်ပါ အစ်ကိုလေးရယ် .. မောလှပါပြီ .. ခဏနော် .. ကျွန် တော် .. ရေသွားယူလိုက်မယ် .. အစ်ကိုလေး မောနေတာ .. ရေသောက် လိုက် နော် .."

မျက်နှာထက်မှ ချွေးတွေကို သူကိုယ်တိုင်ပဲ အိတ်ကပ်ထဲမှ လက် ကိုင်ပဝါကို ထုတ်၍ သုတ်နေရင်းမှ ကိုငွေ့ ကို ပြုံးကြည့်သည်။ အရှမ်း ကို စိတ်ပူနေမှန်း သိပုံဖြင့်လည်း ဝိုးလ်ချဲမှာ ထိုင်လိုက်သည်ပါပဲ ..။ ကိုငွေ့ လက်ကို သူ ကိုင်ကာ ... ~

"အေးဗျာ .. ကိုငွေ လည်း ကျွန်တော့်အတွက်ကြောင့် ကာင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း ပိုလှပါပြီ .. စိတ်ပူရတာတွေလည်း ပင်ပန်းလှပါပြီ .. အားနာတယ် ဗျာ ..''

သူ မျက်နှာမကောင်းဘဲ ခပ်တိုးတိုး တောင်းပန်စကား ပြော၏။ ကိုငွေ မျက်ရည်လည်နေသည်ပါပဲ။ ကားဘက်ကို သွားမည်ပြုတာ သူ မြင်သည်မို့ ...

''ရေ သွားယူမလို့လား .. နောက်မှ ယူပါဗျာ .. တံတားဘက်ကို အရင် ဒီဝှီးလ်ချဲလေး တွန်းလိုက်ပါဦး .. ကျွန်တော် ထိုင်ကြည့်နေကျ နေရာလေးအထိ ဆိုပါတော့ ..''

ဟု ပြောလာတော့ ကိုငွေ သူ ပြောသည့်အတိုင်း ပို့ပေးရှာ၏။ တံတားအလယ် မကျတကျနေရာမှာ ဝှီးလ်ချဲလ်ကို ရပ်လိုက်သည်က ကိုငွေ ပါ ..၊ ကားရှိရာသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ကိုငွေ လျှောက်သွားပါ၏။ သူ့အတွက် ရေသွားယူခြင်း ..၊ ကားထဲမှာ ရေသန့်ပုလင်း ပါသည်လေ ..။

သူ .. ရေပြင်ကို ငေးကြည့်နေမိသည်။ တစ်ချိန်က လက်ရန်းတန်းတွေ စောင်းရွဲ၍ ငိုက်ကျနေရာ နေရာ ..၊ ဩော်.. တစ်ချိန်က .. လက်ရန်းတိုင်တွေ ဟိုဘက်အစဆီမှာ ကျိုးကျေပါကုန်ရာ နေရာ ..၊ တချို့နေရာတွေမှာ လက်ရန်းတိုင်ရော လက်ရန်းတန်းတွေရော ကျိုးကုန်ကြသည့်မြင်ကွင်းတွေ ..၊ အားလုံးကို သူ တိတ်ဆိတ်စွာ ထိုင်နေရင်း ပြန်၍မြင်ယောင်လာနေမိသည်။ မျက်ရည်ဝဲတက်လာနေပေမယ့် နှုတ်ခမ်းကို တင်းနေအောင် စေ့ပိတ်ထိန်းထားဆဲ ..။

ဗစ်တိုးရီးယားဆီမှ မြင်ကွင်းတွေ အစီအရီ ထပ်ထပ် ပြန်ပြန်ပေါ်လာနေသည့်အဖြစ် ..၊ သူ .. ရက်ရက်စက်စက် ပြောနေချိန်မှာ .. မယုံနိုင်သည့်နှယ် သူ့ကို ငေးစိုက်ကြည့်ခဲ့ရာ အရမ်းကို အပြစ်ကင်းစင်နေသော မျက်နှာလေးတစ်ခု ..၊ သူ့ကို အပြစ်မမြင်ရက်စွာ ကြေကြေကွဲကွဲကြည့်နေခဲ့ပါသည့် မျက်နှာလေးနှင့် မျက်ဝန်းလေးများ ..၊ မျက်တောင်





ရှည်ကော့ကော့လေးတွေ ပုတ်ခတ်ပုတ်ခတ်ဖြင့် အနိုင်နိုင် မျက်ရည်ကို ထိန်းရင်း သူ့ကို မျက်တောင်မခတ် ငေးစိုက်ကြည့်ခဲ့ရှာပါသည့် မိန်းကလေး ..၊ တစ်ခွန်းလေးသော်မျှ သူ့ကို အပြစ်မပြောရစ်ခဲ့ ..၊ အပြစ်မတင်ရက်ခဲ့ ..၊ သူ ပေါက်ခွဲပစ်ချခဲ့ရာ ကဗျာပါသည့် ငွေသားဘောင်ကွပ်တို့ကို ရိုက်ချိုးနေချိန်မှာလည်း ထိုမျက်ဝန်း မျက်နှာနုနုလေးသည် ကြေကြေမြွေမြွေမျှ ငေးကြည့် ငြိမ်သက်ခဲ့သည်တည့် ..၊ မှန်ကွဲစတွေကို ဖြတ်နင်းပြေးလိမ့်မည်ဟု သူ မထင်ထားမိခဲ့တာမို့ .. လှောင်ရယ်ကြီးတစ်ခုကို သူ ပက်ပက်စက်စက် ရယ်ချနေချိန်မှာ မှန်စတွေ နင်းဖြတ်ပြေးထွက်သွားတာကို ကြုံခဲ့ရပါသည့် အတိတ်ဆီမှ အဖြစ်တစ်ခု ..၊ ထိုစဉ်က သူ့ရယ်သံတွေ တိခနဲ ပြတ်ကျသွားရတာ အမှန် ..။ ရွှေအိမ်သူကို အနိုင်ရပြီဟု ရင်ထဲ ကျေနပ်နေရမည်ဟု ထင်ခဲ့လေသမျှ ထိုစဉ်တုန်းကလည်း သူသည် .. သူ မျှော်လင့်ထားသလို ရင်ထဲမှာ မပျော်နိုင်ခဲ့ ..။ မကျေနပ်နိုင်ခဲ့ ..၊ ကြေကွဲတုန်လှုပ်နေသော ရွှေအိမ်သူ ၏ မျက်နှာနုနုလေးသည် သူ့ရင်ထဲမှာ ထိခိုက် ခံစား ကျန်ရစ်စေခဲ့သည်ပဲလေ ..။

အားလုံးသည် .. မြင်ကွင်းများအဖြစ် သူ့ရှေ့မှာ ပေါ်လာနေသမျှ.. တစ်ခုမှ သူ့ရင်ကို မချေမွဘဲ နေနေတာ မရှိ ..၊ အားလုံးသည် တစ်ခုချင်းတိုင်းမှာ သူ့ရင်ကို .. သူ့နှလုံးသားတွေကို .. ပိုင်းပိုင်းစစ ကျိုးကြေနေစေပြီ ..။ နောင်တသည် ရင်ကို ယူကျုံးမရစိတ်ဖြင့် ပြင်းပြင်းထန်ထန်ဆောင့်နေသည်။ တိုက်ခိုက်နေသည်။ ဆူးအောင့် နာကျင်စေပြီ ..။

သူ့လက်တွင်းမှ ယွန်းဘူးလေးကို ဖွင့်ကြည့်မိပြန်၏။ အမြဲ.. ဤနေရာလေးမှာ သူ ရောက်လာရလေတိုင်း ဖွင့်ကြည့်မိရပါသည့်ဘူးလေး..၊ ဘူးတွင်းမှာ .. ကြည်လင်သော ပလတ်စတစ်ဖစ်ဆွဲအိတ်ငယ်လေးတစ်ခုရှိနေသည်။ ထိုအိတ်လေးအတွင်းမှာ ကြာပွင့်ခြောက်တစ်ပွင့် ..၊ ပြီးတော့ လက်စွပ်လေး လျှိုသွင်းထားရာ ဆွဲကြိုးလေးတစ်ကုံး ..၊ ဩော် .. တစ်ချိန်က .. ရွှေအိမ့် လည်တိုင်ဆီမှ .. သူ ရက်စက်စွာ ဆွဲဖြတ်ခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကြိုးလေး တစ်ကုံး ..၊ ခုတော့ .. ထိုအရာတို့သည် တစ်နေရာတည်းမှာ ရှိနေကြပြီ ..။ အတိတ်ဆီမှ ကြေကွဲဖွယ်အဖြစ်များကို .. ထို ပန်းကြာပွင့် ခြောက်လေးနှင့် .. ထို ရွှေကြိုးကုံးနှင့် လက်စွပ်လေးတို့သည် .. ညအချိန်များမှာ .. ဤဘူးလေးအတွင်း၌ .. တိုးသံက်စွာ ပြောနေကြချေလိမ့်မည်သာ တကား ..။

သူ... မျက်ဝန်းကို စုံပိတ်လိုက်မိပြီ ..၊ ရင်သည် လှိုက်လာ၏။

ရေထဲမှ ဆယ်ယူလာပါသော ရွှေအိမ်သူ ၏ ပျောင်းနွဲ့နွဲ့ကိုယ်လေးနှင့် ပါလာပါသည့် ပန်းကြာဆစ်ကြိုးလေး ..၊ ပန်းကြာပွင့်လေးဆုပ်ထားရာ လက်ဖြူဥဥလေး ..။ သြော် .. ကြွေရုပ်လေးနှယ် လှလိုက်ပါသည့် မိန်းကလေး ..၊ သူ့ကို ချစ်လျက် .. သူ့ကြောင့် ကွယ်လွန်ခဲ့ရပါလေသော မိန်းကလေး ..၊

အားလုံးသည် .. သူ့အာရုံထဲမှ မပျောက် .. မလွင့် .. မမှိန်မဖျော့အမြဲနှင်နှင် ကြေကွဲရိပ်ထင် .. ရင်ကို ဆို့နင့်နေစေသည့်အဖြစ် ..၊

"ရွှေအိမ်သူ .."

သူ ခပ်တိုးတိုး ခေါ်မိသည်။ ရေပြင်ကို ငေးစိုက်ကြည့်နေမိရဆဲကြည်စင်သော ရေပြင်က အေးမြမြ စီးနေမြဲ ..။

"မင်းကို .. ငါ သိပ်မုန်းနေတယ်လို့ နားလည်ထားရင်းနဲ့ .. မင်းကွယ်လွန်သွားခဲ့တယ် နော်.. တကယ်တော့.. ငါလေ .. မင်းကို သိပ်ချစ်နေတဲ့ သတိုးနေခ ပါကွာ .. မင်းကို သိပ်ချစ်နေတဲ့သူပါ ..၊ မင်း မရှိတဲ့အခါ .. ငါ .. နေလို့ မရတော့ဘူး ရွှေအိမ်သူ .. မင်းကို သိပ်မုန်းတဲ့သူတစ်ယောက်လို့ မင်း ထင်ခဲ့တဲ့ ငါဟာ .. မင်းကို သိပ်ချစ်နေတဲ့သူတစ်ယောက်အဖြစ် ကျန်ရစ်ခဲ့ရတယ်ဆိုတာကို .. မင်း သိစေချင်ပါတယ်ဟာသံ ရယ်.. ငါ့ကို .. မင်း အားကိုးတကြီးနဲ့ .. ကယ်ပါဦးလို့ .. ခေါ်ခဲ့တယ် နော် .. အခု .. ငါလေ .. ငါ့ကိုယ်ငါတောင် မကယ်နိုင်တဲ့သူလုံးလုံး ဖြစ်နေပါပြီ ..၊ ကြေကွဲနေတဲ့ နောင်တတွေကိုလည်း မဆယ်နိုင်





မကယ်နိုင်တော့ဘူး ..၊ မွမွကြေနေတဲ့ ငါ့နှလုံးသားကိုလည်း ငါ မကယ်နိုင်တော့ဘူး .. ငါ .. မင်းကို .. တောင်းပန်ချင်နေတာ ဘစ်ခုပဲ ရှိပါတယ် .. ငါ့ကို .. ငါ့ကို .. စိတ်နာလိုက်ပါ ရွှေအိမ်သူ ရယ် .. ပြီးတော့.. မင်းကို ငါ သိပ်ချစ်တာ .. မင်း ယုံကြည်ပေးပါ .. သနားသောအားဖြင့်.. ယုံကြည်ပေးပါ ရွှေအိမ်သူ .."

သူ တိုးသက်စွာ ပြောနေမိသည်။ ရေရနံ့ပါသော ချောင်းရေ၏ လေငွေ့သည် သူ့နာဖျားကို ဖြတ်သန်း တို့ထိ၏။ သူ့အဝတ်တွေကို ဘို့ထိ ကျီစယ်၏။

"မာနရဲ့ ပြင်းတဲ့အဆိပ်တွေဟာ .. မြင့်မားလွန်းတဲ့ ခမောက်လျှံနေတဲ့ အထီးကျန်ခြင်းတောင်ထိပ်များမှာ ဝေဒနာတွေ အရှိန်မြှင့် ခံစားနေရင်း .. တိတ်တဆိတ် ကြွေနေရပါပြီ ကောင်မလေးရယ် .. ငါ့ကို .. မင်း ကြည့်လှည့်ပါ .. ငါ့ဝေဒနာကို မင်း မြင်လှည့်ပါတော့ .."

သူ့လက်တွေ ဆတ်ဆတ်တုန်ခါစ ပြုလာသည်။ ရင်ထဲမှာ မွန်းကျုပ်လာနေပြီ။ မျက်စိတွေ ပြာဝေစ ပြုလာနေမှန်း သူ့ကိုယ်သူ သိလာနေရပြီ ..။

"ခွေပါရစေတော့ .. ကြွေပါရစေတော့ ရွှေအိမ်သူ .. ငါ .. ပင်ပန်းလှပါပြီ .. မင်းဆီကို လာလိုက်ပါရစေတော့ .."

သူ မျက်ရည်ကျလာသည်။ အသံတွေ အက်ခါနေရင်း ပြောနေမိရာမှ ရေပြင်ကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိရဆဲ ..၊ ခပ်ကြဲကြဲ အလျားလိုက် ရိုက်ထားရာ သစ်သားတံတား လက်ရန်းပေါင်နှင့် လက်တစ်ကမ်း မကွာ့တကွာမှာ သူသည် ပိုးလ်ချဲတစ်ခုယက်မှာ ယိုင်နေသည့် အဖြစ်ကို ရွှေအိမ်သူ မြင်နေပါလိမ့်မည်ဟု ထင်နေမိစိတ်က လွန်ကဲဖြစ်ပေါ်လာနေသည်။ သူ့လက်ထဲမှ ယွန်းဘူးလေး [illegible] သွားသည် တရက် လက်ထဲမှ လွတ်၏။ လွင့်အကျတွင် ဘူးက သံတားကြမ်းခင်းထက်မှာ တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ်ဇစ်ပိတ်အိတ်လေးက ချောင်းရေဆီသို့ လွင့်ဝဲကျချေ၏။ ကြာပန်းခြောက်လေးနှင့် လက်စွပ်လေးပါရာ ဆွဲကြိုးကုံးတို့သည် မနွဲ့မနှာ .. ရေပြင်ဆီသို့ လုလုပပ .. ဝဲလွင့် ကျသွားချေသည်တကား..။

သူ .. မြင်ကွင်းကို ငေးစိုက်ကြည့်နေသည်။ မျက်ဝန်းတွေ ပြုးလာ၏။ နှုတ်ခမ်းလည်း ပြုးလာသည်။ အတူတူ ရေပြင်မှာ ရှိကြလေတော့ ပန်းကြာပွင့်နှင့် လက်စွပ်လေးရေ .. ရွှေကြိုးကုံးလေးရေ .. မခွဲကြလေနဲ့တော့ ..။

သူ့ရင်တွေ လှိုက်ခါနေ၏။ လက်တစ်ဖက်က ဝိုးလ်ချဲ လက်ရန်းထက်မှ ဘေးဘက်ဆီသို့ ဖြုတ်ခနဲ လျှောကျ လှုပ်ခါလျက် ရှိ၏။ ခေါင်းသည် နောက်မှီဘက်ကို အနည်းငယ် မေးမှီတင်လျက် ရှိနေသည်။ အကြည့်က .. ချောင်းရေသို့ ဝဲလွင့်ကျရာ ပန်းကြာပွင့်နှင့် ရွှေကြိုးမျှင်၊ လက်စွပ်လေးတွေဆီသို့ မရွေ့မလျားနိုင်စွာ လိုက်၍ ကြည့်နေဆဲရှိရာမှ မျက်တောင် တစ်ချက် နှစ်ချက် သူ ခတ်သည်။ တိုးသဲ့သော ခေါ်သံသည် နှုတ်ဖျားဆီမှ ပီပီသသ ထွက်လာနေသေးသည့်အဖြစ် ..၊

"ရွှေအိမ်သူ .. ချစ်လိုက် .. ရ .. တာ .. လေ .."

ဟူသော အသံ ..၊ နောက်တော့ .. ခေါင်းသည် တစ်ချက် ငိုက်ခ

ကျချေသံတည်း ..။ ကိုငွေ ရောက်လာချိန်မှာ သူ မရှိတော့ပြီ ..၊ ဒါ

မယ့် .. ရေပြင်ဘက်ကို ငေးစိုက်ကြည့်နေဆဲဖြစ်သည့် မျက်ဝန်းတွေ

ပြုးရိပ်ထင်ကျန်နေခဲ့လျက် ..၊ နှုတ်ခမ်းမှာလည်း .. အပြုံးသည် တွဲ

လျက် ရှိနေဆဲ ..၊ ပြီးတော့ .. နောက်ဆုံးအကြိမ်အဖြစ် .. တွဲခိုနေ

မျက်ရည်စက်သည်လည်း မျက်ဝန်းထောင့်ဆီမှ ဖျောက်စက်စက် 

၏။ ကိုငွေ မျက်ရည်ကျချေသတည်း ..၊

တွဲရရှဲ ဘေးဘက်မှာ ကျနေရာ သူ့လက်တွေကို ညင်သာစွာ

ပေါင်ထက်မှာ ကိုငွေ ဖေးတင်ပေးနေသည်။

သူ့ခြေရင်း တံတားကြမ်းခင်းပြင်ထက်မှာ .. သူ့လက်ထဲမှ





ကျခဲ့ရာ .. ယွန်းဘူးလေးသည် .. အဖုံးပွင့်လျက်သားဖြင့် ရှိနေ၏။

ဘူးလေးကို ကောက်ယူ၍ သူ့ကိုယ်ထက်မှာ ကိုငွေ ညင်ညင်သာသာ တင်ပေးမိပြန်သည်။ သူ့ဆံစတို့ကို .. ချောင်းရေပြင်ဆီမှ .. ဖြတ်တိုက်ရာ လေပြည်အေးတို့က .. ခပ်ဖျော့ဖျော့ .. တို့ထိ တိုက်ခတ်သွားချေသည်တကား ..။

အမုန်းမြစ်တစ်စင်း
နာကြည်းခြင်းဖြင့်
စီးဆင်းနေစေခဲ့ ..။

မင်းအတွက် ငါ ပျိုးတဲ့ပန်း
အမုန်းပန်းခင်းတွေသာ
ဖြစ်တည်လာစေရင်း
ချစ်ပန်းခင်းတွေရယ်လို့
မင်း ယုံကြည်စေဖို့ ကြိုးစားကာ
အမုန်းမာနရဲ့ ဖောင်ပေါ်မှာ
ပန်းလှော်တစ ငါတိုက်ခဲ့ ..။

နုးညံ့ရမည့်ပန်းကို လှော်တတိုက်
အေးမြရမည့် မြစ်ပေါ် လှော်တတင်
စီးမျောစေချင်သည့် ဤခရီး
အမှားကြီး မှားလေသမျှ
နောင်တဖြင့် ငါ သိရတဲ့အခါ ...
လှော်မြိုက်ကာဆူ
ဤအပူမာနတွေနဲ့
နောက်ကျခဲ့ချေပြီကောကွယ် ..။




www.burmeseclassic.com

www.burmeseclassic.com



ခြွေပါရစေတော့လေ
ကြွေပါရစေတော့လေ
ဘဝနှစ်ခု ကြွေမှ
ငြိမ်းမရသည့် ဤအပူ
ရင်ကျွမ်းဆူပွက်
လေပွေရိုင်းရဲ့လက်တွေ
ဟာနကို ခြွေကြွေပစ်စေရင်း
အထီးကျန်ခြင်းရဲ့တောင်ထိပ်များမှာ
ပြင်းသောအဆိပ် တိတ်တဆိတ် ကြွေရသည် ...၊
ခြောက် ...
ပြင်းသောအဆိပ် တိတ်တဆိတ် ကြွေရပြီ ...။

မျှဝေခံစားခြင်း များစွာဖြင့် ...



မဟူရာ (လှိုင်ကော်)
(၁၄-၆-၂၀၁၄)

အမှတ်-၉၀၊ အုန်းတောလမ်း
ဒေါ်ဥရှုရပ်ကွက်၊ လှိုင်ကော်မြို့
ကယားပြည်နယ်။
ဖုန်း-၀၈၃-၂၁၃၂၃

ရွှေသမင်စာပေ

BURMESE CLASSIC
www.burmeseclassic.com